www.burmeseclassic.com

ပြစ်မှု

မဂ္ဂဇင်း

- ကျော်မြသန်း ၏ သိဒ္ဓိရှင်နေအေး (စာ-၅၈)
- ခင်မောင်အေး(မန္တလေး) ၏ မုဆိုးစည်း တောစည်း (စာ-၇၄)
- ဒါရိုက်တာမျိုးဇော်အောင် ၏ တောင်ကုန်းပေါ်က အိမ်ကလေး (စာ-၉၀)
- ဘနင်း မြန်မာပြန်တဲ့ အာသာမပြေ လူသတ်ချေ (စာ-၁၄၆)
- လေးမောင် ၏ တောတို့မာယာ (စာ-၁၆၀)

www.burmeseclassic.com

www.burmeseclassic.com

31 JUL 2013

ဒို့တာဝန်အရေး သုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့ သဘောထား

- ပြည်ပအားကို ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သောပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန် ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုး တက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ တူထောင် ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီး နိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာ ရည် မြင့်မားရေး။

မဂ္ဂဇင်း

(*) မောင်မောင်မြင့်အေး စီစဉ်ပွမ်းမံတည်းဖြတ်သည်။

အယ်ဒီတာအဖွဲ့

ဦးသန့်

နန္ဒာမိုးကြယ်

ကေလတ်

ထုတ်ဝေသူ

ဒေါ်ပြုံး(မြဲ-၀၂၉၆၀)

အမှတ်-၁၀၃(ပ)၊ တိုက်-၂/၄၊ (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ

ဝင်းထွန်းပုံနှိပ်တိုက်(မြဲ-၀၄၈၃၉)

အမှတ်-၃၇၊ ရေကျော်လမ်းမကြီး (၉)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အယ်ဒီတာအဖွဲ့ နှင့် ဖြန့်ချိရေး

လာဘ်မိုးစွေစာပေ

အမှတ် - ၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၁၀၀၅၉၂၅

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

၁၉၆၁ ခုနှစ်မှ စတင်၍ စာရေးဆရာ ပုလိပ်အရာရှိတစ်ဦး တည်ထောင်ခဲ့သည်။

ပြစ်မှု မဂ္ဂဇင်း

BURMESE CLASSIC .com

မာတိကာ

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ၊ အမှတ်(၂၁၆)

ကဗျာ ပြစ်မှု

ဘုန်းလျှံ၊ ကြည်တင့်နိုင်၊ လုချော(တောင်ခွန်း)၊ မောင်သင်းမိုး၊ မောင်ခေတ်ထွန်း၊ ဆုမွန်ဦး(ဟသ်ာတ)၊ ပန်းတနော်နောင်လတ်၊ နွေတမာ။

ကာတွန်း ပြစ်မှု

မြေဇာ၊ ကော့မှူးဖိုးကျော်၊ ရာဇာသာစည်၊ ပေါက်ကျိုင်း၊ ကျီးမနီးတင်ဝင်း(ပေါင်းတည်)၊ ကိုငယ်၊ ရန်ကြီးအောင်၊ တွံတေးတွတ္တပတ်။

ရယ်စရာ ပြစ်မှု

ပြစ်မှုဆိုင်ရာ ရယ်စရာ
ကိုရွှေတောသား ---------- ၂၉

ဥပဒေ ပြစ်မှု

အမှုတွေပြေအေးစေမယ့် ဥပဒေအမေးအဖြေ
ဦးစောလှိုင် ---------- ၈၇
မှားမှန်ရောထွေး အမှန်ရွေးနိုင်ပါစေ
စလင်း-ဦးအောင်သိန်း ---------- ၁၇၃
နောက်အိမ်ထောင်နှင့် အကျိုးဆက်
ဦးဝင်းလှိုင်(တရားရုံးချုပ်ရှေ့နေ) ---------- ၂၀၅

စာပေသုခုမ သတင်းလွှာ

ပြစ်မှုစာအုပ်စင်
ကသစ်နီ ---------- ၂၅
သုခုမသတင်းလွှာ
အမ်ကေ ---------- ၂၇

www.burmeseclassic.com

www.burmeseclassic.com

ရသ ပြစ်မှု

သာထူးချစ်တဲ့ဝေး
ခင်မောင်ထွန်း(လမ်းမတော်) ---------- ၄၂

တုံ့မယူလို
ဝင်းသောင်(ရမည်းသင်း) ---------- ၆၈

မုဆိုးစည်း တောစည်း
ခင်မောင်အေး(မန္တလေး) ---------- ၇၄

တောင်ကုန်းပေါ်က အိမ်ကလေး
ဒါရိုက်တာမျိုးဇော်အောင် ---------- ၉၀

သူ့ရဲကောင်းနှင့် ကျွန်တော်
မောင်တော်ထိန် ---------- ၁၅၄

တောတို့မာယာ
လေးမောင် ---------- ၁၆၀

ဆယ်ယောက်မြောက် သားကောင်း
သုန်ပဒိန်းထက် ---------- ၁၇၆

ဆေးလိပ်အတုရိုက်နှင့် ကျွန်ုပ်မောင်စံပျော်
မြသိန်း ---------- ၁၈၄

သတင်းထောက်ဒီပဇော်နှင့် ဓားသွားပေါ်ကအချစ်မီး
ညားဦး(အိမ်မဲ) ---------- ၁၈၈

ပန်းချစ်သောရဲ
တိုးထက် ---------- ၁၉၆

ပန်းဝတ်မှုန်ကောက်ကြောင်း
တက္ကသိုလ်ရက္ခဗျာလ ---------- ၂၁၀

စွင့်ထားသောနား အားကောင်းသောမျက်စိ
ဝင်းဇော်(သုံးဆယ်) ---------- ၂၁၆

သည်လွန်းသောဘီးနှင့် လူပါးဝသောပုလင်း
မောင်ဆွေ(တောင်ငူ) ---------- ၂၂၄

ကျွန်တော့်ညီမကြီး ခံလိုက်ရပုံက
မောင်မောင်(ပီတောက်မြိုင်) ---------- ၂၃၂

ဆည်း
ဦးနှန်းကို ---------- ၂၃၆

နိုင်ငံရပ်ခြား ရသပြစ်မှု

အတိတ်မှ ဖြစ်ရပ်မှန်မှုခင်းများ
လှမိုး(ပညာရေး) ---------- ၉၇

အာသာမပြေ လူသတ်ချော်၏
ဘနင်း(မြန်မာပြန်) ---------- ၁၇၆

လက်ညှိုးသေနတ်နဲ့ပစ်ပြီးတော့ အနကြမ်းစီးသွားတဲ့ ဝိညာဉ်ပူးကပ်ခံ လူဆန်းကြီး
ထုံးပါးလုံ ---------- ၂၅၂

ဖြောင့်မတ်တဲ့ • • •ဖေဖေ
နန်းထိုက်စိုး(နိုင်ငံခြားဘာသာသိပ္ပံ) ---------- ၂၆၄

နိုင်ငံရပ်ခြားသတင်းပြစ်မှု

BURMESE CLASSIC .com

တရုတ်ပြည်တွင်း လုံခြုံရေးနှင့် ကမ္ဘာ့အကြမ်းဖက်မှု
ကေတီအောင်သိန်း ---------- ၅၀

ဝမ်းရေးအတွက် အသုဘများတွင် အငှားလိုက်၍
ဦးဦးသိန်း ---------- ၅၁

နိုင်ငံတကာ ကလေးဖြားယောင်းသွေးဆောင်မှု ဥပဒေ
ကေတီ-အောင်သိန်း ---------- ၅၂

နောက်ယောင်ခံဝံပုလွေများ(သို့)ရှေးဟောင်းခြေရာခံပညာရှင်များ
မောင်မောင်စန်းထွေး ---------- ၅၃

တောင်တက်သမားများ ချီတက်အခမ်းအနားကျင်းပစဉ်
မောင်ကောင်းယဉ် ---------- ၅၇

"ဝီရေခဆင်ဂါ" သည် ဝန်ကြီးအား တောင်းပန်
လေးဝတီကျော် ---------- ၈၀

မလေးရှားခြေနင်းစက်ဘီးသူခိုးဂိုဏ်း ပေါ်ပေါက်လျက်ရှိနေ
ကေတီအောင်သိန်း ---------- ၂၃၃

အသက်နှင့်ရင်း၍
စိန်ဝင်းမော် ---------- ၂၀၁

တစ်နှစ်လျှင် ကလေးသူငယ် ၆၃၀၀၀ ပျောက်ဆုံးနေသောနိုင်ငံ
ဦးဦးသိန်း ---------- ၈၈

www.burmeseclassic.com

www.burmeseclassic.com

အခန်းဆက် ရသပြစ်မှု

သိဒ္ဓိရှင်နေအေး(၈)
ကျော်မြသန်း ---------- ၅၈
ထောင်မှူးများ အလိုရှိသည်(၇၈)
ဗဟိုစော ---------- ၈၂
အတိအကြောင်း ပေါင်းသည်မရှိ(၃)
မင်းဟိန်းထိပ် ---------- ၁၀၀
သွေးချောင်းကလျှံ(၁)
မြဝငီ ---------- ၁၁၂
ယမ်းဘီလူးအောင်ဒင်နှင့် နှင်းဆီမမ(ဇာတ်သိမ်း)
ရွှေမြိတ်သောင်းတင် ---------- ၁၂၆
ဆင်ရိုင်းမောင်မောင်နှင့် ရေဘဝဲအမှုကြီး(၃)
မောင်မောင်(မြန်မာပြည်) ---------- ၁၃၆

တစ်မျက်နှာ ပြစ်မှု

ကျွဲပွဲနဲ့မှတ်သူများ
ထက်ရှား ---------- ၃၃
ကျွန်တော်တို့ရွာထဲမှာ သည်လိုပဲ
ပိုက်မင်းဝေ ---------- ၃၄
ခွေးဥပမာ ပွဲစားလည်းပါ
မိုးသီကျွာ ---------- ၃၅
အရောင်မဲ့တံလျှပ်
မင်းသစ္စာ(ကံမ) ---------- ၃၆

အယ်ဒီတာအဖွဲ့နှင့် ကြော်ငြာဖြန့်ချိရေး

လာဘ်မိုးဧွှ စာပေ

အမှတ် - ၂၁၂၊ (ပထမထပ်)၊
၃၆ လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၁၀၀၅၉၂၅

အုပ်ရေ - ၁၀၀၀၊ တန်ဖိုး - ၁၀၀ ကျပ်

မြေးဒုက္ခ
ရှစ်ခွင်ကျော်(ဖောင်တော်သီ) ---------- ၈၉
ပြေးမလွတ်သည့် ဒုစရိုက်လုည်းဘီး
မှူခင်းသတင်းထောက်စိုးအောင် ---------- ၁၁၁
လမ်းရဲ့အပြစ်လား
ကိုမွန်(လျှပ်စစ်) ---------- ၁၃၅
ညည်းချင်းသစ်
အောင်သျှင်သူ(မဟာမြေ) ---------- ၁၄၅
မှန်းချက်က
အသခ်ယာ ---------- ၁၅၃
စိတ်အဝီစိ
ပိုက်မင်းဝေ ---------- ၂၂၃
နေရာ
ကိုကိုသန်းဝင်း(တမာရွက်ပြုတ်) ---------- ၂၄၇

ဆောင်းပါး ပြစ်မှု

မျောက်မျိုးနဲ့ စုန်းမျိုး
သန်းထွန်း(ဂျေဂျေ) ---------- ၃၇
မဝေးကွာသည့် အတိတ်၏အရိပ်များ
ရေကျော်စိုးအောင် ---------- ၃၉

ဗေဒင် ပြစ်မှု

သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း
ဒေါက်တာ စောယုနွယ် ---------- ၂၇၂

မျက်နှာဖုံးဂရပ်ဖစ် - အောင်မျိုးသန့်
အတွင်းဖလင် - မျိုးဝင်းကျော်
ကွန်ပျူတာစာစီ - အလင်းရောင်၊
မယု(သင်းနိုင်)၊
အောင်မျိုးသန့်၊ တင်မိုးခိုင်။
စာအုပ်ချုပ် - ရကီး(၁၁၄) လမ်း၊
အတွင်းပန်းချီ - ကေလတ်၊ KN၊ ကျော်ဦး၊
ဖိုးအောင်၊ ပညတ်၊ ရန်နိုင်၊
သန်းဇော်သစ်၊ လှသစ်အောင်
စက္ခု၊ ကျော်ဝင်းမောင်။

www.burmeseclassic.com

www.burmeseclassic.com

"ဝေး...ဒီဖိုင်တွဲကို
လုံခြုံမယ်ထင်တဲ့နေရာမှာသိမ်း
မဖြစ်မနေ
လိုချင်တဲ့ လူတစ်စုရှိတယ်"
ခင်မောင်ထွန်း(လမ်းမတော်) — ၄၂

BURMESE CLASSIC .com

သူပြောင်းရွှေ့ရမည့်အမိန့်
ထွက်လာသည့်အထိ
သင်ယူလာနေသည့် အဟောပညာမှာ
ဆုံးခန်း မရောက်သေး။
ကျော်မြသန်း — ၅၈

"ဒီမှာ...မနီမ
ခင်ဗျားတို့သားအမိကို
ပြဿနာဖြစ်တိုင်း ပညာပေးရတာများပြီ၊
ဒီတစ်ခါတော့ မရတော့ဘူး"
ဝင်းသောင်(ရမည်းသင်း) — ၆၈



"ဟာ...ကိုရင်
အမဲတစ်မျိုးတည်း လစ်သွားပါကလား၊
မုန့်ချက်...
မကောင်းဘူးထင်တယ် မုဆိုးရ"
ခင်မောင်အေး(မန္တလေး) — ၇၄



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ရော ဟုတ်ရဲ့လား စောနန်းရယ်၊
ကိုသူရိန် နားရှိလို့သာ ကြားရတယ်၊
သေရှာပါတယ်နော်...ကိုသူရိန်
မယုံရဲဘူး စောနန်း...မယုံရဲဘူး"

ဒါရိုက်တာမျိုးဇော်အောင် ——— ၉၀

"မျက်စိထဲမှာ
ဦးလေးကို မြင်ယောင်ပြီး သတိရနေတယ်၊
ပြီးတော့ ဦးလေးကြီး ကားနဲ့ ရောက်လာတယ်ဆိုပြီး
အိပ်မက်,မက်တယ်"

မင်းဟိန်းထိပ် ——— ၁၀၀

"မပေးနိုင်ဘူး...မပေးနိုင်ဘူး၊
ဒီလူတွေကို အတင်းသာတင်
သေချင်တဲ့သူ သေပေစေ
သွား...သွား"

မြဝဇီ ——— ၁၁၂

"ငါတို့ဆီကို
သတင်းထူးတစ်ခု ရောက်နေတယ်၊
မင်း အမြန်လာခဲ့ပါလား၊
မင်း ဘာသတင်းမှ မရဘူးမဟုတ်လား"

ရွှေမြိုတ်သောင်းတင် ——— ၁၂၆

www.burmeseclassic.com

www.burmeseclassic.com

"သင်္ဘောမထွက်သေးခင်
တစ်ရက်အလိုအထိ
ခင်ဗျား ဟိုတယ်မှာပဲ
ဆက်တည်းခိုနိုင်ပါတယ်"

မောင်မောင် (မြန်မာပြည်) —— ၁၃၆

"အချစ်ရယ်
ကျွန်မ အတော်မိုက်တာပဲ၊
ဓာတ်ငွေ့ပိုက်ကိုဖွင့်ပြီး
မပိတ်ဘူးနဲ့ထင်တယ်"

ဘနှင်း (မြန်မာပြန်) —— ၁၄၆



"ဒါနဲ့ ... နေပါဦး၊
ဒီဗိုလ်ပီတာ ဆိုတဲ့လူဟာ
မစ္စတာတေလာရဲ့ညီလား၊
ဒါမှမဟုတ် သူ့မိန်းမရဲ့မောင်လား"

မောင်တော်ထိန် —— ၁၅၄

"အေး...
လိုက်လာကြပါစေ ဆုတောင်းတယ်ကွာ၊
သေနတ်ကြီးတွေက
သူတို့ဆီမှာဆိုတော့..."

လေးမောင် —— ၁၆၁

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

"ဘုရားရေ…
ကြောက်စရာကောင်းလိုက်တာ
သူ ဘာအပြုံးကြောင့်
ဒီလိုလိုက်သတ်နေတာလဲ"
ဝသုန်ဟိန်းထက် —— ၁၇၆

"ဒါက လျှို့ဝှက်ချက်
အရေးကြီးတယ်၊
အခုလည်း ကျုပ်တို့က
အရုပ်ဝတ်နဲ့ဆိုတော့…"
မြသိန်း —— ၁၈၄

"ပြည့်ပြည့်အဖေ အသတ်ခံရတယ်ဟုတ်လား၊
ဒါတွေကို ထားလိုက်စမ်းပါ၊
မနက်ဖြန်
ပြည့်ပြည့်နဲ့ တွေ့ချင်တယ်"
ဗညားဦး(အိမ်မဲ) —— ၁၈၈

"ဒီအတိုင်းသာ ပူနေလို့ကတော့
လယ်ထဲက ပြန်မဆင်းနိုင်တဲ့
ငါးတွေ…
တဖျတ်ဖျတ် ခုန်နေမှာပဲ"
တက္ကသိုလ်ရက္ခဗျာလ —— ၂၀၀

www.burmeseclassic.com

www.burmeseclassic.com

သံတို့၏ သမိုင်း

- တူဖြစ်လျှင် 'နံ'
  ပေဖြစ်လျှင် 'ခံ'တဲ့
  ထုနံ့တဲ့ တူပဲဟာလည်း
  သံပါပဲလေ။

- ထုသမျှ ဒဏ်ကိုဖြင့်
  အံကြိတ်ကာ တင်းခံနေမယ့်
  ပေဆိုတာမျိုးကလည်း
  သံပဲဖြစ်နေ။

- တူနှင့်ပေ နှစ်လွှာကြားကိုဖြင့်
  ရောက်သွားတဲ့ သံအခြေ
  နောက်ဆုံးအပြေ ကြည့်ပါတော့။

- အထုခံသူ
  ထုနံ့သူ အလယ်ကြားမှာ
  မီးအစားခံ သံဟာပြားလို့
  'ဓား'ဖြစ်ပြီပေါ့။

www.burmeseclassic.com

www.burmeseclassic.com

သုည

- သုညတဲ့ ...
  ကိုယ့်ဘဝက သုညမှာတစ်နေတဲ့
  သုညတစ်ဆို ပိုမှန်ရဲ့။

- သုညတစ်မှ တစ်ဆယ်ဖြစ်ဖို့အရေး
  ကံကြမ္မာက မျက်နှာသာမပေးသေးဘူး။

- မောင်းပြီးပြေးနေတဲ့
  ဘဝကားတွေပေါ်မှာ
  နံပါတ်လှလှလေးတွေနဲ့
  တချို့သူတွေဆို
  ရွှေလိုရွှေရ ငွေဆိုငွေရ
  ဘာမဆို လိုတာရ
  ဥစ္စာစည်းစိမ် ဂုဏ်ရှိန်ပြည့်ဝ
  မြတ်ဗုဒ္ဓလက်ထက်က
  အနုရုဒ္ဓါမင်းသားလို
  မရှိဆိုတဲ့စကား
  မကြားရ၊ မသိရ
  မမြင်ရ၊ မတွေ့ရ
  ဣန္ဒြေသယပြည့်စုံ
  လူ့ဘုံရဲ့သုခ
  အနိစ္စ ဒုက္ခတရားပင်
  အမှားပြင်ရတော့မလို ...။

- ဪ ... အသစ်တတတ်
  မြတ်လှတဲ့ နိဗ္ဗာန်
  နိဗ္ဗာန်သည် သုည
  ဘာမှမရှိတဲ့ သန္တိသုခ ...။

- သံသရာမှာ ဘဝသစ်တစ်ခု
  ပြန်မဖြစ်ရေး သုညကိုအရေးထား
  သုညကိုပဲ ချစ်တတ်တဲ့ငါ
  တစ်ကနေပြန်စ သုညကိုပဲ
  ငါ နှစ်သက်လာတတ်ခဲ့ပြီ ...။

www.burmeseclassic.com

www.burmeseclassic.com

ညို့သည်ဆိုး

- လက်ပံပွင့်က
  ဆက်ရက်ကျသည်
  လောဘစဉ်လာ မဟုတ်ဘာ ...။

- နေ့စဉ်ရက်ဆက်
  အခက်တွေနှင်း
  အကင်းတွေခြွေ
  ညက်ညက်ကြေမှ
  ပျံထွက်လေသည့် ညို့သည်ဆိုး ...။

www.burmeseclassic.com

ရဲတိုက်ခေါင်မျှား

- အိပ်မက်ထဲ အနမ်းချိုမြ
  လမင်းဟာ လင်းနို့ငှက်လို
  လမင်းဟာ မြင်းတစ်ကောင်ပမာ
  လည်ဆံမွေး တဖွားဖွား
  ခွာသံပြင်းလှ။

- တောအုပ်ညို့ညို့စိမ်း
  လက်မောင်းသွေးဖောက် သွေးကိုသွေးနဲ့သောက်ကြ
  မြှုပ်နှံထားရှိ ရတနာပစ္စည်းများ
  လွတ်လပ်ရေးရပြီးမှ
  တိုင်းပြည်ကောင်းကျိုး
  သုံးစွဲခွဲဝေရန်သဘောမျှ။

- ဝိညာဉ်ကျိန်စာ အရိုးပြာ
  ရတနာမြေပုံ နှင်းမှုန်ဖြူဖြူ
  ပန်းတွေပွင့်မယ့်နေ့
  ဦးချိုထိပ်ဖျား
  လ သွားပြားချွန်
  ဘာတွေ ချိတ်ဆွဲထားစ။

- မဆုံးသောတေးသွား
  သည်းဖျားရိုးခြင် ဖိနှိပ်ကျင်ရှင့်
  မီးတောက်မီးလျှံထဲ
  ရဲတိုက်နီနီ
  ချစ်သူနှစ်ဦးသား
  ပွေ့ဖက်နမ်းရှုံ့ကြ။ ။

www.burmeseclassic.com

- ရေလွှာအမြင့်မှာ
ရွှေကြာတင့်သည် ဆိုသော်ငြား။

လေအပင့်မှာတော့
ကြွေလွင့်ကာ ကြမ်းပြင်အောက်
ရောက်ခဲ့တကား။ ။

www.burmeseclassic.com

www.burmeseclassic.com

မိုးလိုလူ

ကျွန်ုပ်ဦး(ဟာမ်ကာ)

- သူ့အသွင်
ရုမြင်နေတုန်းကတော့ အကောင်းသား
ခဏကြာတော့
ခြသေ့်တစ်ကောင်လို မွေဖောက်
ဟိုဟိန်း,သည်ဟောက် ပြောင်းလဲလာ
မှိုင်းအုံ့ညှို့မှိုင်း
မိုးတံတိုင်းတွေကာရံဆင့်
အခေါ်ပင့်ချီရောက်လို့
ဝသာန်ဟာရင့်ကျူး
ထွန့်ထွန့်လူးရင်း သွန်းလို့ဖွေ ...။

- ခဏနေပြန်တော့
မိုးတွေဘယ်ရောက်
ခြေရာပျောက်သွားကြသလဲ
မေးရမယ့်သူမရှိ
မြင်လိုက်တဲ့သူမရှိ
တွေ့လိုက်တဲ့သူမရှိ
အပူမိတဲ့သူမှာသာ
မချိအောင်ခံစား
တကယ်ရွာသွားသလား ...
မရွာသလား ...
ကိုယ့်သံသယမှာ ကိုယ်နှစ်
ကိုယ့်အဖြစ်ကိုယ် မကာယ်နိုင်။

- မိုးတစ်မ
အစိုးမရ
လူလည်း ဘာထူးလဲ ...
ညဉ့်ဆိုးနဲ့
မထင်ရင် မထင်သလိုပါပဲလား ...။

www.burmeseclassic.com

www.burmeseclassic.com

မျောက်လူ

- မကောင်းမှုလျှင်၊ မတွေ့ချင်၍
  မမြင်လုံးလုံး၊ လွှန်စွာမုန်းကာ
  မျက်လုံးပိတ်သော မျောက်တစ်ကောင် ...။

- မကောင်းစကား၊ ထွက်မသွားအောင်
  ဟန့်တားလုပ်ရပ်၊ သော့ဖြင့်ခတ်သို့
  ပါးစပ်ပိတ်သော မျောက်တစ်ကောင် ...။

- မကောင်းမှုများ၊ ဆိုသံများကို
  မကြားလို၍၊ နားကိုပိတ်သော မျောက်တစ်ကောင်။

- မကောင်းမှုရှောင်၊ ကောင်းမှုဆောင်ခြင်း
  ပြုမှုကင်းထား၊ မျောက်အများလျှင်
  နားကိုလည်းပိတ်၊ မျက်လုံးပိတ်၍
  ပါးစပ်ပိတ်ထား၊ နေသော်ငြားလည်း
  ဟားတိုက်ပျယ်ဖွယ် ဖြစ်တော့သည်။ ။

www.burmeseclassic.com

ပုထုဇဉ်၏ စိတ်တိမ်လွှာ

● ရုပ်ပင်လယ်ကြီးထဲ
စိတ်ငြိမ်မြစ်က စီးဝင်
ရောသမမွှေပါရော •••။
အဖွဲ့ဥဿသဏ္ဍာန်ရဲ့
ရင်လိုဏ်ခေါင်းထဲမှာ
စိတ်ရုပ်ပုံလွှာများ
နာဂစ်က ဆူနာမီကို စိန်ခေါ်
နပန်းလုံး •••
စိတ်နဲ့ရုပ်ရဲ့
တည်ငြိမ်လိုက်,တုန်လှုပ်လိုက်
ထော့လိုက်,ငေါ့လိုက်
မှန်လိုက်,မှားလိုက်
ပြုံးလိုက်,မဲ့လိုက်
ဝမ်းနည်းလိုက်,ဝမ်းသာလိုက်
ကြောင့်ကြပူပန်လိုက်,မာန်တက်လိုက်

● သောက ဗျာပါဒ
လောဘ ဣဿာ
ဒေါသ မစ္ဆရိယ
မောဟ အမှောင်ဖုံး
နောက်ဆုံးတော့ 'မရဏ'
နိဂုံးချုပ်တော့ 'သုည'။ — ။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

သနားပါတယ်...

ကျီးမန်းတင်ဝင်း၊ပေါင်းတည်၊

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ငွေးမောင်လွင်(လမ်းမတော်)စီစဉ်သည့် ကျွန်တော်-ကျွန်မတို့၏အပေ ယောက်ျားတံခွန်

ရောဝတီတိုင်းသားတစ်ဦးဖြစ်သော ဆရာကြီးဦးခသည် "ယောက်ျားတံခွန်"စာအုပ်ဖြင့် စာပေသမိုင်း၌ ကမ္ဘည်းထိုးခံခဲ့ရသော ပုဂ္ဂိုလ်ကြီးဖြစ်၏။ ထိုစာအုပ်ကို ရေးထုတ်နိုင်သော ဆရာကြီးဦးခသည် သူကိုယ်တိုင်လည်း ယောက်ျားတံခွန်ဖြစ်အောင် ကျင့်ကြံအားထုတ်ခဲ့သူဖြစ်သည်။ မိမိဘဝ တိုးတက်မြင့်မားအောင်၊ မိသားစုအခြေအနေ ဂုဏ်တင့်အောင်၊ ဇာတိရပ်ရွာဖွံ့ဖြိုးအောင် လုပ်ဆောင်နိုင်ခဲ့သော၊ တာဝန်ကျေခဲ့သော ပုဂ္ဂိုလ်ကြီးလည်း ဖြစ်ပါသည်။

သည့်အတွက် ဆရာကြီး၏ တူအရင်းအချာဖြစ်သော ကောသီပန်ဦးလှမြင့်(အမျိုးသားစာပေဆု)အပါအဝင် သားသမီးများဖြစ်ကြသည့် သတိုးဆွေ၊ တက္ကသိုလ်ဝမ်းဖေ၊ မောင်အေးသန်း၊ လေးရီခ၊ စိုးမူခနှင့် နေပုညတို့က ဖခင်ကြီး၏ ကျေးဇူးဂုဏ်ကို ပေးဆပ်သည့်အနေဖြင့် ဤစာအုပ်ကို ရေးထုတ်လိုက်ခြင်းဖြစ်ရာ သားသမီးများ၏ ကျေးဇူးဆပ်ပွဲဖြစ်သကဲ့သို့ လူငယ်မျိုးဆက်သစ်တို့အတွက် စံထားအတုယူစရာ စာအုပ်ကောင်းတစ်အုပ်လည်း ဖြစ်ပေသည်။ ဤစာအုပ်ကို ဆရာကြီးဦးခ၏ ရုပ်ပုံလွှာဖြင့် ဖော်ကျူးထားပြီး အရှေ့ဘက်ကောင်းကင်စာပေမှ တန်ဖိုး ၁၅၀၀/- ကျပ်ဖြင့် ဖြန့်ချိလိုက်ပြီဖြစ်၏။

နန္ဒာမိုးကြယ်ပြုစုသည့် ခေတ်မီဓမ္မပဒ ဇာတ်ဝတ္ထုများ(၄)

သီလဝစာပေမှ စီစဉ်၍ မြတ်ပန်းရဂုံစာပေမှ ထုတ်ဝေဖြန့်ချိလျက်ရှိသော ဆရာနန္ဒာမိုးကြယ်၏ ခေတ်မီဓမ္မပဒဇာတ်ဝတ္ထုများမှာ အတွဲ(၄)သို့ ရောက်ရှိလာပြီ ဖြစ်သည်။

ဤစာအုပ်တွင် ရှင်အာနန္ဒာ၏ အမေးပုစ္ဆာဝတ္ထုမှသည် ရာဓမထေရ်ဝတ္ထုအထိ ဇာတ်ဝတ္ထုပေါင်း ပုဒ်ရေ ၂၀ တိတိ ပါဝင်သည်။ ဓမ္မပဒဟူသည် တရားတော်အစိတ်အပိုင်းများဖြစ်ပေရာ ဖတ်ရှုကြသူတို့အတွက် တရားအရသာကို ခံစားကြရမှာ သေချာသည်။ အထူးသဖြင့် ကလေးသူငယ် လူငယ်လူရွယ်တို့အတွက် ရည်ရွယ်ထုတ်ဝေလိုက်ခြင်းဖြစ်ပေရာ ဗုဒ္ဓဘာသာဝင်များအဖို့ မိမိတို့၏ ရင်သွေးများ ဘာသာရေးနှင့် အကျွမ်းတဝင်ရှိစေရန်၊ တရားဓမ္မ၏အနှစ်သာရကို ခံစားသိရှိနိုင်ရန်အတွက် မဖြစ်မနေ ဝယ်ယူသင့်သည့် စာအုပ်ဖြစ်ပေသည်။ မျက်နှာဖုံးပန်းချီ သန့်ဇော်သစ်က ဖန်တီးပေးထား၍ အဖိုးနည်းဝန်ပါ တန်ဖိုး ၃၀၀/-ကျပ်ဖြင့် ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

ဓမ္မဒိုင်ဂျက် အမှတ်(၁)

သေသပ်သော အပြင်အဆင်၊ သင့်တင့်သော နှုန်းထား၊ အနှစ်သာရပြည့်ဝသော ဓမ္မစာကောင်းစာသန့်များဖြင့် မန္တလေးမှ ထုတ်ဝေလျက်ရှိသော ဓမ္မဒိုင်ဂျက်သည် ယခုအခါ အမှတ်(၅)သို့ ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။

ဤအမှတ်(၅)စာအုပ်တွင် မင်းကွန်းဆရာတော်ဘုရားကြီး၏ ဩဝါဒကထာကို ရှေ့တန်းတင်လျက် စာတည်းချုပ်၊ မဟာစည်ဆရာတော်၊ ပါရဂူ၊ ကိုမျိုး(သတ္တဗေဒ)၊ ရွှေကိုး(မန္တလေး)၊ အေးရွှေ(ကေတုမတီ)၊ ဇော်ကောင်းသစ်၊ တက္ကသိုလ်တေဇာလင်း။ မင်းစော(တောင်သမန်)၊ ရေနံ့သာအောင်ချမ်းဇော်၊ ကာတွန်းစိန်ကြီး၊ တင်ဦး၊ မြင့်စောလွင်၊ မောင်သာပို၊ ကြည်ညို(ပိုက်ကျူး)၊ သာကီနွယ်သွေး(မကွေး)၊ ထီလာသန်းနိုင်နှင့် သန်းထွန်း(စကု) တို့၏စာများ ပါဝင်ပြီး တန်ဖိုးမှာ ၁၂၀၀/- ကျပ် ဖြစ်ပေသည်။

သိခ်ၤသူ၏ ဂန္ဓလရာဇ်ချစ်သူ

ဂန္ထဝင်စာရေးဆရာ သိခ်ၤသူ၏ ရာဇဝင်နောက်ခံ ရသမြောက်အချစ်၊ စွန့်စားခန်း၊ သည်းထိတ်ရင်ဖိုဝတ္ထုစာအုပ်ဖြစ်၏။

ဤစာအုပ်တွင် အတိတ်ဘဝက ချစ်သူနှစ်ဦး၏ သံသရာဘဝတစ်ကွေ့၌ ဆုံတွေ့ပေါင်းဖက်ကြဖို့ ဆုတောင်းခဲ့ကြပုံ၊ ရှေးဟောင်းဂန္ဓာလရာဇ် မင်းသမီးကလေး၏ ဂူသချိုင်း၊ ရတနာသိုက်လိုက်ရှာကြသော လောဘသားလူတစ်စု၊ လူသူအရောက်အပေါက်မရှိသည့် နေရာတစ်ခုက

www.burmeseclassic.com

www.burmeseclassic.com

ရတနာများ၊ ဝိညာဉ်တို့၏ ဘုံဗိမာန်ကြီးတစ်ခု၊ သမိုင်းခြေရာခံရင်းက ဘဝပေးဟောင်းမှ ချစ်သူနှင့် ဆုံစည်းခဲ့ဖြစ်ခဲ့ရသည်၊ သမိုင်းသုတေသီလေးတို့၏ ထူးခြားဆန်းပြားသော အဖြစ်အပျက်များ…အစရှိသဖြင့် ဖတ်ရှုမိပါက လက်က မချနိုင်လောက်အောင် ဆွဲဆောင်မည့်စာအုပ်ကို ဇော်နိုင်ထွန်း၏ မျက်နှာဖုံးသရုပ်ဖော်ဖြင့် ပန်းခွေမွှန်စာပေမှ တန်ဖိုး ၁၅၀၀/-ကျပ် သတ်မှတ်ကာ ထုတ်ဝေလိုက်သည်။

ကိုရွှေအောင်သင်း၏ နေထိပန်းတို့၏ ကြယ်ကြွေအိပ်မက်

စက်ရုံအလုပ်သမလေး တူးမာကို မတွေ့ဖူးပြုလျက် ဖတ်ရှုသူတို့ နင့်ခနဲနေအောင် လက်စွမ်းပြထားသော ဆရာကိုရွှေအောင်သင်း၏ ဝတ္ထုကောင်းတစ်အုပ်ဖြစ်သည်။ ဤဝတ္ထုသည် အပျော်ဖတ်သက်သက် မဟုတ်။ ဘဝပညာပေးဆန်၍ မိမိတို့နိုင်ငံ၏ စီးပွားရေးအခြေအနေ၊ လူနေမှုစရိုက်၊ နိုင်ငံသားတို့၏ ဘဝအဆင့်အတန်းကို ကွက်ကွက်ကင်းကင်း မီးမောင်းထိုးပြနိုင်ခဲ့သည်။

ဝတ္ထုအမည်ပေးပုံက လွမ်းစွာမှ ရသမြောက်ပြီး ဇာတ်လမ်းနှင့် လိုက်လျောညီထွေစွာ ရှိလှသည်။ နောက်ဆုံးအခန်းပါ တူးမာ၏ ရင်တွင်းစကားများအနက်…

"ငွေကြေးတွေ၊ ကျွန်မရဲ့ ဂုဏ်သိက္ခာတွေထက် ဒီမြေကို ကျွန်မပိုချစ်တယ်။ ပိုပြီးလည်း တန်ဖိုးထားတယ်။ အထူးသဖြင့် ဖြူစင်ရိုးသားမှုတွေနဲ့ မြန်မာမိန်းကလေးတွေရဲ့ ဘဝကိုပါပဲ"

ဟူသော စကားက မြန်မာစစ်စစ် အမျိုးသမီးကလေး၏ အားမာန်ပင် ဖြစ်၏။ အဆိုပါ စာအုပ်အား ရဲခေါင်စိုး၏ အပြင်အဆင်ဖြင့် တန်ဖိုး ၁၅၀၀/-ကျပ် သတ်မှတ်၍ နန်းတော်ရာစာပေမှ ထုတ်ဝေလိုက်သည်။

မောင်မောင်နန်းနွယ်၏ မြတ်နိုးဖွယ်ရာ တောင်ဦးသဲကျောက် အနုပညာ

ဆရာမောင်နန်းနွယ်၏ "မြတ်နိုးဖွယ်ရာ တောင်ဦးသဲကျောက် အနုပညာ"စာအုပ်သည် ၂၀၁၂ ခုနှစ်၊ ပခုက္ကူစာပေဆု၊ သုတေသနစာပေ ပထမဆုရ စာအုပ်ဖြစ်သည်။

ဤစာအုပ်တွင် ကျောက်ဆစ်အနုပညာလက်ရာ၊ ပန်းတမော့ပညာ၊ သဲကျောက်ယဉ်ကျေးမှုဓလေ့၊ တောင်ဦးကျောက်၏ ပထဝီဝင်နှင့် ဘူမိဗေဒဆိုင်ရာ အချက်များ၊ ရေစကြို-ပုခန်းကြီး၊ တောင်ဦးသဲကျောက် အနုပညာလက်ရာများ၊ ကျောက်ဆစ်အတတ်ပညာရှင်တို့၏ ဖြတ်သန်းရာဘဝ၊ ကျောက်ဆစ်လုပ်ငန်းသုံး ပစ္စည်းကိရိယာများ၊ ယနေ့ကာလ မြန်မာနိုင်ငံ သဲကျောက်ယဉ်ကျေးမှုဓလေ့၊ တောင်ဦးသဲကျောက် ယဉ်ကျေးမှုဓလေ့၏ အနာဂတ်စသည်ဖြင့် ထဲထဲဝင်ဝင်လေ့လာသုတေသန ပြုထားသည်များကို စေ့စပ်သေချာစွာ ဖော်ပြထားရာ သုတေသနသမားများအတွက် များစွာမှ တန်ဖိုးရှိလှပေသည်။ ဤစာအုပ်ကို အမေ့သားထိုက်စာပေနှင့် မျိုးဆက်သစ်စာပေတို့မှ တန်ဖိုး ၂၀၀၀/-ကျပ် သတ်မှတ်လျက် ဖြန့်ချိလိုက်ပြီဖြစ်သည်။

ဝင်းဇော်(သုံးဆယ်)၏ လိုတရယတြာများ

လောကီကောင်းကျိုးရရှိစေရန်အတွက် ဆရာဝင်းဇော်(သုံးဆယ်)က သူလေ့လာတတ်ကျွမ်းထားသမျှ ပညာရပ်ဖြင့် ယတြာအစီအမံကောင်းများ ပေးထားသည့် စာအုပ် ဖြစ်ပေသည်။

ဤစာအုပ်တွင် အရောင်းအဝယ်ကောင်းအောင်၊ အရာရာအောင်မြင်စေရအောင်၊ သောကကင်းဝေးအောင်၊ ဆင်းသွားသူပြန်လာအောင်၊ သက်ရှည်ကျန်းမာအောင်၊ ဆုံးမည့်ထင်ရသော အကြွေးများ ပြန်လည်ရရှိအောင်၊ အကြွေးများဆိုင်းထားရနိုင်လေအောင်၊ သားဆုပြည့်ဝရလေအောင်၊ အန္တရာယ်ကင်းရလေအောင်၊ ယာဉ်တိုက်မှုများကင်းရလေအောင်၊ လာဘ်လာဘရွှင်လန်းရလေအောင်၊ ကလေးအငိုတိတ်ရလေအောင်…စသဖြင့် ကဏ္ဍစုံစုံ လင်လင် ဖော်ပြထားပေသည်။ ဤစာအုပ်အား ပင်မြင့်စာပေမှ တန်ဖိုး ၃၅၀/-ကျပ်ဖြင့် ဖြန့်ချိလိုက်လေသည်။

ကာသစ်နီ

www.burmeseclassic.com

www.burmeseclassic.com

မေတ္တာရှင်(ရွှေပြည်သာ)ဆရာတော်၏ ဆုပေးပွဲနှင့် စာအုပ်သစ်မိတ်ဆက်ပွဲ

မေတ္တာရှင်(ရွှေပြည်သာ)ဆရာတော်၏ ၂၀၁၃ ခုနှစ် နလုံးသားဝယ် ဘုရားတည်ခြင်း ဆုပေးပွဲနှင့် ရွှေပြည်သာ စာပေမှ ထွက်ရှိသော ခေတ်အမြင်၊ ခေတ်အတွေး။ မိုးရွာရင် မိုးရေချိုးမယ် ဖေဖေလာရင် ထမင်းစားမယ်၊ အင်္ဂလိပ်-မြန်မာ စတုတ္တစစ်ပွဲနှင့် ရသစုံဝတ္ထုတိုများ စုစည်းမှု၊ လူတော်လူဆိုး . . .စသည့် စာအုပ်သစ်မိတ်ဆက်ပွဲတစ်ရပ်ကို ၂၈.၅.၂၀၁၃ (အင်္ဂါနေ့) မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဆိပ်ကမ်းသာလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်ရှိ အာရှပလာဇာဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားမှူးအဖြစ် ဂီတစာဆို မောင်မျိုးသူက ပြုလုပ်ပြီး ဆရာတော် မေတ္တာရှင်(ရွှေပြည်သာ)က ဩဝါဒစကားကိုလည်းကောင်း၊ ဆရာလယ်တွင်းသားစောချစ်က မုဒိတာစကားကိုလည်းကောင်း ပြောကြားကြပြီး ဆရာညီမေတ္တာ၊ မနွယ်(ကလော)၊ နန္ဒာမိုးကြယ်၊ ဦးဘုန်း(ဓာတု)၊ ကျော်ခိုင်ခန့်တို့က စာအုပ်မိတ်ဆက်ခြင်းနှင့် စပ်လျဉ်းသည်တို့ကို ပြောကြားကြပြီး အနယ်နယ်အရပ်ရပ်မှ ဆုရရှိသူအသီးသီးကို ဆုများချီးမြှင့်ပေးအပ်ကာ အကျွေးအမွေးဖြင့် ဧည့်ခံခဲ့ကြောင်း သတင်းရရှိပါသည်။

ဇာတ်ညွှန်းသင်တန်း ဖွင့်တော့မည်

British Council နဲ့ Y.F.S တို့ ပူးပေါင်းပြီး ဖွင့်လှစ်မည့် ဇာတ်ညွှန်းရေးသားခြင်း အနုပညာသင်တန်းကို ဩဂုတ်လ ၁၉ ရက်နေ့မှ စတင်ပြီး ဩဂုတ်လ ၃၁ ရက်နေ့အထိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဟု သိရသည်။ သင်တန်းတက်ရောက်လိုသူများအနေနှင့် ဝင်ခွင့်လျှောက်လွှာများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှာ လာရောက်ထုတ်ယူနိုင်ပြီဖြစ်သည်။

သင်တန်းတက်ရောက်ခွင့် လျှောက်ထားသူများအတွက် လျှောက်လွှာတွင် ပြည့်စုံအောင်ဖြည့်စွက်ပြီး ပတ်စ်ပို့ဓာတ်ပုံ ကပ်ပေးရမည် ဖြစ်သည်။ သင်တန်းတက်ရောက်ခွင့်အတွက် အထောက်အကူပြုမည့် ဖန်တီးမှုလက်ရာတစ်ခုနှစ်ခု ဥပမာ ရုပ်ရှင်အဖြစ် ရိုက်ကူးထားသည့် ဇာတ်ညွှန်း(ဒီဗီဒီ၊ ဗီစီဒီ)အဖြစ် သို့မဟုတ် စာပေဖန်တီးမှုလက်ရာ (ဥပမာ ဇာတ်ညွှန်း၊ ဝတ္ထုတို၊ ကဗျာ၊ သတင်းစာ၊ မဂ္ဂဇင်းဆောင်းပါး)ကို ကွန်ပျူတာစာစီပြီး ဖြစ်နိုင်လျှင် အင်္ဂလိပ်ဘာသာနှင့် ပြန်ဆိုထားသည့် ဇာတ်ညွှန်းနဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူတို့ကို ပူးတွဲတင်ပြလျှောက်ထားရမည် ဖြစ်ကြောင်း သိရသည်။

စာအုပ်ဈေးပွဲတော်ကျင်းပခဲ့သည့် တော်ဝင်စင်တာရှေ့

မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းနှင့် တော်ဝင်မိသားစုကုမ္ပဏီ၏ စာပေမြှင့်တင်လှုပ်ရှားမှုစွမ်းအင် အခမ်းအနားတို့ ပူးတွဲကျင်းပသော စာအုပ်ဈေးပွဲတော်ကို မေလ ၂၄ ရက်နေ့မှ စတင်ပြီး တော်ဝင်စင်တာရှေ့ ကားပါကင်၌ ပြုလုပ်ခဲ့ပါသည်။

မိုးတဖွဲဖွဲကျနေသည့်အတွက် ပတ်ပတ်လည် မိုးကာတွေ အလုံအုပ်ပြီး ခင်းကျင်းခဲ့ရသော်လည်း လာရောက်ကြည့်ရှု ဝယ်ယူသူတွေ များပြားခဲ့သည်။ ယင်းစာအုပ်ဈေးပွဲတော်တွင် စာအုပ်တိုက်ပေါင်း ၅၀ ကျော်မှ ပါဝင်ပြသရောင်းချလျက်ရှိပြီး အနည်းဆုံး ၁၀ ရာခိုင်နှုန်းမှ အများဆုံး ၅၀ ရာခိုင်နှုန်းအထိ လျှော့ဈေးဖြင့် ရောင်းချခဲ့သည်။ စာအုပ်အသစ်များသာမက ရှေးဟောင်းရှားပါးစာအုပ်များပါ အလွယ်တကူ စိတ်ကြိုက်ရွေးချယ် ဝယ်ယူနိုင်သည့် အခွင့်အရေးဖြစ်ပြီး ထူးထူးခြားခြား ဂျာနယ်တိုက်တစ်ခုမှလည်း ပါဝင်ပြသရောင်းချခဲ့ကြောင်း၊ ယင်းစာအုပ်ဈေးပွဲတော်ကို မေလ ၂၄ ရက်နေ့မှ ၂၆ ရက်နေ့အထိ ပြုလုပ်သွားခဲ့ကြောင်း သိရှိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

စုံတွဲခွေထွက်တော့မည့် ပိုင်းစုခိုင်သိန်း

ပိုင်းစုခိုင်သိန်းက လတ်တလော အနုပညာလှုပ်ရှားမှုနှင့် ပတ်သက်၍ "ဒါရိုက်တာ ကျော်ဇောလင်း(အတွေးပုံရိပ်)ရဲ့ **အလုအယက်** ဆိုတဲ့ဇာတ်ကားကို ကိုပြေတီဦးနဲ့ ရိုက်ပြီးပါပြီ။ ပြီးရင် ကိုဖြိုးငွေစိုးနဲ့ ထပ်ရိုက်ဖို့ရှိတယ်။ ကိုမင်းမော်ကွန်းနဲ့လည်း တစ်ကားရိုက်ဖို့ စီစဉ်ထားတယ်"လို့ ပြောပါတယ်။ ပြီးတော့ ပိုင်းစုခိုင်သိန်းက "စုံတွဲခွေအပြင် **အာဘွား**ဆိုတဲ့ တစ်ကိုယ်တော်ခွေလေးလည်း လုပ်ထားတာရှိပါသေးတယ်။ ကိုဆောင်းဦးလှိုင်နဲ့လည်း တစ်ခွေလုပ်နေပါသေးတယ်။ စီးရီးကတော့ သုံးခွေလောက် လုပ်နေတာပေါ့။ စုံတွဲခွေက အရင်ထွက်မှာပါ"ဟု ပြောသွားခဲ့ရာ မကြာခင် နားသောတဆင်ရတော့မည် ဖြစ်သည်။

ပန်းနုရောင်စဉ် ဇာတ်လမ်းတွဲ လာဦးမည်

Laurel Art Academy ကို တည်ထောင်ထားသည့် ဒါရိုက်တာ သီတာလင်းက ၎င်း၏ ပထမဦးဆုံး ရုပ်/သံဇာတ်လမ်းတွဲဖြစ်သည့် **ပန်းနုရောင်စဉ်**ကို စတင်ရိုက်ကူးနေပြီ ဖြစ်သည်။ ရိုက်ကူးသည့် အစီအစဉ်ကို Laurel Academy သင်တန်းကျောင်းတွင်သာ ရိုက်ကူးခြင်းဖြစ်ပြီး သရုပ်ဆောင်များအဖြစ် နိုင်းနိုင်း၊ ကျော်စိုး၊ နော်လီဇာ၊ အေးသီတာတို့နှင့်အတူ Laurel Art Academy သင်တန်းသား၊ သင်တန်းသူများ ပါဝင်သရုပ်ဆောင်ထားကြသည်။

ပန်းနုရောင်စဉ်၏ ၆ ရက်မြောက် ရိုက်ကူးမှုတွင် Laurel ကျောင်းသို့ လာရောက်သင်ကြားပေးသည့် အင်ဒရူး(နိုင်းနိုင်း)က နိုင်ငံခြားကို အရမ်းအထင်ကြီးသည့်အတွက် အနုပညာနှင့် ပတ်သက်လျှင် မြန်မာပြည်မှာ ဘာမှမဖြစ်နိုင်ဘူးဟူ၍ ခံယူထားသည့်အတွက် နိုင်ငံခြားကို ထွက်ခွာသွားပြီး ပြန်လာသည့်အခါတွင်လည်း လေ့လာရေးအနေနှင့် ရောက်လာခြင်းပဲဖြစ်၍ ပြန်လည်ထွက်ခွာသည့် ဇာတ်ဝင်ခန်းကို ရိုက်ကူးဖြစ်ခဲ့သည်ဟု သိရသည်။

လှုပ်ရှားနေဆဲ ရာဇာနေဝင်း

ရာဇာနေဝင်းသည် တစ်ချိန်တုန်းက သူ့ဆံပင်ပုံစံ၊ သူ့အမူအရာတွေကို လူငယ်တချို့က ပုံစံတူတုပပြုလုပ်ခဲ့ကြသည်အထိ လူငယ်တွေအကြားမှာ အောင်မြင်မှုရရှိခဲ့သူ ဖြစ်ပါသည်။ ဇာတ်ကားများ မရိုက်ဖြစ်တော့ဘဲ ပရိသတ်ရှေ့က ပျောက်နေသည့် ရာဇာနေဝင်းက ယခုအခါ ဒါရိုက်တာ ညွှန့်မြန်မာညီညီအောင်နှင့် ဗီဒီယိုဇာတ်ကားနှစ်ကား ရိုက်ကူးခဲ့ပြီးဖြစ်သည်။ ပထမဇာတ်ကားက **ပူးတွဲချန်ပီယံ** ဖြစ်ပြီး လူမင်း၊ စံရတီမိုးမြင့်တို့နဲ့ သရုပ်ဆောင်ထားပါသည်။ ဒုတိယကားကတော့ **အရှေ့တောင်အာရှမှာ အချစ်တတ်ဆုံးယောကျ်ား** ဖြစ်ပြီး စိုင်းစိုင်းခမ်းလှိုင်၊ ရွှေမှုန်ရတီတို့နဲ့ သရုပ်ဆောင်ထားပြန်ပါသည်။ ၎င်းရဲ့ ဖက်ရှင်တွေနှင့် ပတ်သက်ပြီး ရာဇာနေဝင်းက "ဖက်ရှင်တွေကို ကျွန်တော်က အရင်ကတည်းက ဝါသနာပါတာပါ။ အခုလည်း အရင်လို ဝါသနာပါတုန်းပဲ။ ဖက်ရှင်ဆိုတာကတော့ ရုပ်ရှင်အနုပညာသမားတွေအတွက် အရေးအကြီးဆုံးပါပဲ။ ခုခေတ်ကျတော့ ပိုပြီးတော့တောင် အရေးကြီးလာတယ်။ ခုခေတ်ကလေးတွေက အရင်နဲ့မတူတော့ဘူး။ အကုန်နားလည်လာတယ်လေ"ဟု ပြောခဲ့သည်။

အမ်ကေ

www.burmeseclassic.com

www.burmeseclassic.com

ဒါလည်းပဲ ဟုတ်တုတ်တုတ်

တစ်နေ့သ၌ မုဆိုးအဖွဲ့တစ်ဖွဲ့သည် ဆတ်များပေါသော တောအုပ်သို့ အမဲပစ်ရန် ရောက်လာခဲ့ကြပြီး နှစ်ယောက်တစ်တွဲ စီခွဲကာ တောအုပ်အတွင်းသို့ ဝင်သွားကြလေ၏။

နောက်တစ်နေ့၌ စုရပ်တွင် ပြန်ဆုံကြ၏။ ထိုအခါ မုဆိုး ကိုမြင့်မားနှင့်အတွဲဖြစ်သော မုဆိုးကိုပိုက်သည် ဆတ်ပေါက် အသေကလေးတစ်ကောင်အား ထမ်းလာသည်ကို တွေ့ရလေ ၏ ဤတွင် အဖွဲ့သားများက –

"ဗျို့ . . . ကိုပိုက်၊ ကိုမြင့်မား ဘယ်ကျန်ခဲ့လဲ"

ဟု မေးလေ၏။

"ကိုမြင့်မားလား . . . သူ ဟိုတစ်မိုင်ခွဲလောက်က သစ်စိမ့်ပင်ကြီးအောက်မှာ သတိလစ်ပြီး ကျန်ခဲ့တယ်"

"ဟာဗျာ . . . ဘာဖြစ်လို့ သူ့ကို ထမ်းပြန်မလာဘဲ ဆတ်ကျတော့ ထမ်းလာရတယ်လို့"

ဤတွင် မုဆိုးကိုပိုက်က –

"ခင်ဗျားတို့ဘာသိလဲ။ သူ့ကိုထားခဲ့လို့ ဘယ်သူမှ ခိုး မသွားဘူးဗျ။ သည်ဆတ်ကိုထားခဲ့ပြီး သွားပြန်ယူတဲ့အခါ ဘယ်သူသမလို့ သမသွားမှန်းမသိ ဖြစ်ရမယ် . . . ဟွန်း"

ဟူ၍ ပြောလိုက်လေ၏။

• • •

အချဉ်မဟုတ်တဲ့ ရှောက်သီး

တရုတ်ကြီးနှင့် ရှောက်သီးတို့ သူငယ်ချင်းနှစ်ယောက် ယမင်းဘီယာဆိုင်၌ဆုံ၍ စကားတွေ ပြောဖြစ်ကြသည်။

"ဟေ့ကောင် ရှောက်သီး၊ မင်း မောင်သိုက်ကို တွေ့မိ သေးလား"

"ဟင့်အင်း . . . မတွေ့တာ သုံးလေးရက်လောက်ရှိ တော့မယ်။ ဒီကောင်မောင်သိုက် ဘာဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com

"ဘာဖြစ်ရမလဲ။ မနေ့က ငါ့ရဲ့ နဖာကလော်နဲ့ ခြေသည်းလက်သည်းညှပ်တဲ့ဆိုင်ကို ရောက်လာတယ်။ သူ့ကို တစ်သောင်းလောက် ချေးပါတဲ့။ အဲသည်အတွက် ချေးရင် ကောင်းမလား၊ မကောင်းဘူးလားဆိုတာ စဉ်းစားနေတာ"

"ဟာကွာ ... ဘာများလဲလို့၊ ကိုယ့်ချင်းကိုယ့်ချင်းတွေ ပဲဟာ ချေးသာချေးလိုက်ပါ တရုတ်ကြီးရာ"

"ဟုတ်ပါပြီ။ ငါကချေးလိုက်ပါပြီတဲ့။ ဒင်းဆီက ပြန်ရမယ်လို့ကော မင်းက အာမခံနိုင်လို့လား"

"ဟာ ... ဒါတော့ ဆောရီးပဲ တရုတ်ကြီးရာ။ မင်း မချေးလိုက်ဘူးဆိုရင် ငါ့ဆီလှည့်လာတော့မှာမို့ တိုက်တွန်းနေရတာ"

"တောက် ... မင်းတော့ကွာ"

•••

ဘဲစားဘဲချေ

အိမ်ထောင်သက်တမ်း ကြာမြင့်ပြီဖြစ်သော လင်မယား နှစ်ယောက် ကယောင်ကတမ်းညည်းတွားရင်း အိပ်ရာမှ ပြိုင်တူ နိုးလာကြသည်။

"ဟင် .. မင်း .. မင်း ဘာဖြစ်တာလဲ"

"ရှင် .. ရှင်ကကော ဘာဖြစ်နေတာလဲ ဝူးဝူးဝါးဝါးနဲ့"

"ဟာ ... မပြောချင်ပါဘူးကွာ"

"မရဘူး ... မပြောချင်လို့မရဘူး။ ပြောကို ပြောရမယ်။ မပြောရင် ရှင် ကျုပ်အကြောင်းသိတယ် မဟုတ်လား"

"ဟူး ... ခက်ပါလား။ ဒီလိုကွာ ... အိပ်မက်ထဲမှာ ချစ်သုဝေကလေးနဲ့ ငါ နိုက်ကလပ်သွားတယ်တဲ့"

"ဟင် ... ရှင်က ဒီအရွယ်ကြီးရောက်တာတောင် ချစ်သုဝေလေး ဘာလေးနဲ့"

"အေး ... ထားပါတော့။ ငါက မှန်တဲ့အတိုင်းပြောတာ။ မင်းကကော ..."

"ဟွန်း ... ကျုပ်လည်း အိပ်မက်ထဲမှာ မြင့်မြတ်နဲ့ ဟန်နီးမွန်းထွက်တယ်ဟဲ့လေ"

"ဟေ ... ဟုတ်လား။ ဒါဆို ဘဲစားဘဲချေပဲပေါ့။ မင်းနဲ့ ငါ ကျေပြီ"

သည်သို့ဆိုပြီးနောက် ပြန်လည်အိပ်ရာဝင်ကြပြန်လေသတည်း။

•••

ရိုးနေပြီ

နာမည်အတန်အသင့် ရနေပြီဖြစ်သော ဗီဒီယိုမင်းသ[...] တစ်ဦး လက်ထပ်သွားသည့်သတင်းကို ကြားသိရသည့်အတွ[...] ပေါ့(ပ်)သတင်းဦးစားပေး ဂျာနယ်တစ်တိုက်မှ အယ်ဒီတာ[...] သည် သတင်းထောက်တစ်ယောက်အား လက်ထပ်ပွဲရှိရာ[...] သတင်းယူရန်အတွက် လွှတ်လိုက်၏။

သတင်းထောက်လည်း လိုအပ်သည့် ဓာတ်ပုံမျာ[...] ရိုက်ပြီးသည့်နောက် ထူးထူးခြားခြားကလေး ဖြစ်ရလေအော[...] မင်းသမီးကို အင်တာဗျူးဘဲ မင်းသမီး၏ ဖခင်အား အင်[...] ဗျူးလေ၏။

"တစ်ခုလောက်သိချင်ပါတယ် အန်ကယ်။ အန်က[...] သမီးဟာ ခုလိုမျိုး လက်ထပ်သွားပြီဆိုတော့ကာ ဖခင်[...] ယောက်အနေနဲ့ စိတ်ထဲမှာ ဘယ်လိုမျိုးခံစားရမယ်ဆိုတာ သိ[...] ပါတယ်"

"ဘယ်လိုမှ မခံစားရပါဘူး မောင်ရင်"

"ဟာ ... မဟုတ်တာပဲ။ အတောင်အလက်စုံပြီ[...] တော့ ပျံချင်ရာပျံပေတော့ဆိုပြီး ဥပေက္ခာပြုလိုက်တာ[...] ခင်ဗျာ"

"မဟုတ်ရပါဘူးကွယ်။ အန်ကယ့်သမီးက ခဏ[...] လက်ထပ်နေတာ။ အခုဟာက ငါးကြိမ်မြောက်ရှိနေပြီဆို[...] ဘယ်လိုမှ မခံစားရတော့ဘူးလို့ ဆိုတာပါကွယ်"

"ဟိုက် ..."

•••

www.burmeseclassic.com

www.burmeseclassic.com

ဒါတော့ မကြိုက်ပါ

တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်သည့် အိမ်၏ အပေါ်ပ်သို့ စာရေးကြီးတစ်ယောက် အိမ်ငှားပြီး နေထိုင်သည်မှာ သိပ်မကြာသေး။

အိမ်ရှင်အဘွားကြီးက လွန်စွာ သဘောကောင်းရုံမက င်းကောင်းကျွေးကောင်းကလေးများ ချက်ပြီဆိုလျှင် ခြေရင်း အိမ်၊ ခေါင်းရင်းအိမ်သို့ ဟင်းတစ်ခွက်ကျ ပေးလေ့ရှိစမြဲ။ ယခု ဆိုလျှင် စာရေးကြီးတစ်ယောက် တိုးလာပေပြီ။

တစ်နေ့ ... အဘွားကြီးမွေးထားသော ကြက်ဖကြီး သေသွားလေရာ ကြက်သားဟင်းချက်ပြီး ဟင်းတစ်ခွက်ပို့ရာ ာရေးကြီးခမျာ လျှာလည်သွားသည်ဟူ၏။ သိပ်မကြာခင်တစ် က်မှာလည်း ဘဲတစ်ကောင်သေသွားပြန်သည့်အတွက် ဘဲသား န်ပြုတ် လာပို့ပြန်၏။ စာရေးကြီးမှာ အကြိုက်တွေ့သွားရပြန် သည်။

နောက်တစ်လလောက်နေသော် အဘွားကြီးမွေးထား သော ဝက်ဖျန်းသုံးကောင်မှ တစ်ကောင်သေသွားပြန်ရာ စာရေး ကြီးအဖို့ ဝက်သားပုန်းရည်ကြီးဖြင့် လျှာရင်းမြွက်ရပြန်ပါသေး၏။ ို့ရာတွင် တစ်နေ့မှာတော့ ထိုအိမ်မှ စာရေးကြီးတစ်ယောက် စ်ပတ်တိတိ တစ်နေရာသို့ တိမ်းရှောင်သွားရလေ၏။

အကြောင်းမူ အဘွားကြီး၏ အိမ်စောင့်ခွေးမကလေး းတိုက်သေဆုံးသွားသောကြောင့်ပါပေ။

• • •

သူ့တွက်ကိန်းနဲ့သူ

ပန်းချီဆရာတစ်ယောက် သူ့ပန်းချီကားများ ပြပွဲတင် ရာ ဂယ်လာရီသို့ရောက်ရှိပြီး အရောင်းဆိုင်ရှင်နှင့် စကား ည်ပြောဆိုလေ၏။

"ပြပွဲတင်ထားတဲ့ ကျွန်တော့်ပန်းချီကားတွေ ဘယ်လို ခြေအနေရှိပါသလဲခင်ဗျာ"

"အဲဒါနဲ့ပတ်သက်လို့ ပြောချင်လို့ ဆရာ့ကို စောင့်နေ "

"ဘာများပါလိမ့်ခင်ဗျာ"

"မနက်ဦးပိုင်းက လူတစ်ယောက် ရောက်လာတယ်။ တော့ ဆရာ့ရဲ့ ပန်းချီကားတွေကိုကြည့်ပြီး ဆရာကွယ်လွန် ရင် ဆရာ့လက်ရာ ပန်းချီကားတွေဟာ တန်ဖိုးတက်လာနိုင် းလို့ မေးတယ်။ ကျွန်တော်လည်း ကျိန်းသေပေါက်တက် လာနိုင်ကြောင်း ပြောလိုက်တော့ တစ်ကားမကျန် သိမ်းကျုံး ဝယ်သွားလေရဲ့"

"ဟာ ... တယ်ဟုတ်ပါလား၊ ဝမ်းသာဆရာပဲဗျာ"

"သိပ်လည်း ဝမ်းမသာနဲ့ဦးဆရာရေ"

"ဘာဖြစ်လို့လဲဗျာ"

"ဘာဖြစ်ရမှာတဲ့လဲ။ အဲသည်ဝယ်သွားတဲ့သူဆိုတာ ဆရာ့ရောဂါကို ကုပေးနေတဲ့ ဆရာဝန်ဆိုပဲ"

"ဟိုက် ... သေပြီဗျာ"

• • •

တစ်ခွန်းတည်း

စိန်ဘဲ့ရားသားကုမ္ပဏီပိုင်ရှင် ဦးစိန်လင်း၏ အသက်မှာ ၇၅ နှစ်သို့ ဝင်ပြီဖြစ်၏။ ၎င်း၌ တိုက်နှစ်လုံး၊ ကားနှစ်စီးသာမက အခြားသော ရှယ်ယာလုပ်ငန်းများပါ ရှိသေး၏။ သည်အသက် အရွယ်ရောက်ပါမှ ကောက်ကာငင်ကာ မိန်းမတစ်ယောက်ယူ လိုက်၏။ မုဆိုးဖိုတစ်ဦးအဖို့ ဆေးပေးမီးယူအဖြစ် တစ်ပင်လဲမှ တစ်ပင်ထူလိုက်ခြင်းမှာ အဆန်းတော့မဟုတ်။ သို့ရာတွင် သူယူ လိုက်သည့် 'ပပ'ဆိုသော မိန်းမချောလေးမှာ သူ့မြေးအရွယ် အသက် ၁၉ နှစ်သာ ရှိသေးရကား မိတ်ဆွေအပေါင်းအသင်းတို့ မှာ တအံ့တသြနှင့်။

"ဗျို့ ... ဆရာကြီး၊ ကွန်ဂရက်ကျူလေးရှင်း ... အားကျတယ်ဗျာ။ သိပ်ကို အားကျတယ်။ ခုလိုမျိုး မြေးအရွယ် လောက် ငယ်ငယ်ချောချောကလေးကို ဘယ်လိုနည်းနဲ့ အရယူ လိုက်တာလဲ။ မှတ်သားစရာ နည်းနာလေးတွေ ဝေငှပါဦး ဆရာ ကြီးရယ်"

ဤတွင် ဆရာကြီးဦးစိန်လင်းသည် ကွယ်ဝှက်မနေဘဲ အမှန်အတိုင်း ရင်ဖွင့်လိုက်ပါသတည်း။

"မခက်ပါဘူးဗျာ။ ကျုပ်အသက် ၈၅ နှစ်ကျော်ပြီလို့ တစ်ခွန်းတည်း ပြောလိုက်တာပါပဲ"

• • •

ကိုယ့်မိန်းမ ကိုယ်ပဲသိ

သူငယ်ချင်းနှစ်ယောက် လက်ဖက်ရည်ဆိုင်တစ်ဆိုင်၌ ဝင်ထိုင်ကြရင်း မိမိတို့သောက်လိုစားလိုရာကို မှာလိုက်ပြီးသည့် နောက် မာကြောင်း၊ သာကြောင်းမှသည် ရောက်တတ်ရာရာ စကားတို့ကို ပြောဆိုကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

"ဟော့ကောင် ... ညွှန့်တင်၊ မင်းမိန်းမ ခင်နှင်းကို မဆီမဆိုင်ကွာ ညတုန်းက အိပ်မက်မက်တယ်။ အံမယ် ... ဝတ်တာစားတာကလည်း တကာယ့်ကို မြန်မာဆန်လိုက်တာကွာ။ ပြုံးပြုံးရွှင်ရွှင်နဲ့"

"ဟုတ်လား ...၊ ဒါထက် သူက ဘာတွေများပြောသတဲ့လဲ"

"ဘာတစ်ခွန်းမှ မပြောဘူး။ ငါက မင်းနေကောင်းရဲ့လားလို့ မေးတာတောင် လေကို ချွဲတာတယ်နဲ့တူပါတယ်ကွာ။ ခေါင်းပဲ ညိတ်ပြတယ်"

"ဟာ ... ဒါဆို မင်းအိပ်မက်ထဲက မိန်းမဟာ ငါ့မိန်းမခင်နှင်းမဟုတ်ဘူး။ တခြားစီမှ တခြားစီပဲ"

"ဟေ ..."

●●●

သည်လိုဆိုရင် ...

သင်တန်းတစ်ခု၌ သင်တန်းဆရာဖြစ်သူက သင်တန်းသားတို့အား ဩဝါဒများ ပေးနေလေ၏။

"မင်းတို့ကို ဆရာပြောချင်တာက ဘယ်ကိစ္စမဆို

အောက်ခြေကစပြီးလုပ်မှ အောင်မြင်နိုင်မယ်ဆိုတာပဲ။ အောက်ခြေမခိုင်ရင် အပေါ်ထပ် အဆောက်အအုံဆိုတာ ဘယ်တော့မှ ဖြစ်မလာဘူး။ သည်တော့ အခြေခံကို ပိုင်ပိုင်နိုင်နိုင် တတ်ကျွမ်းအောင်လုပ်ပြီး အလုပ်ကို အောက်ခြေကစ လုပ်ကြပါ။ ကိုင်း ... ဘာများဆွေးနွေးချင်ကြသလဲ"

ထိုစဉ် သင်တန်းသားတစ်ယောက်က ဆွေးနွေးလိုကြောင်း လက်တစ်ချောင်းထောင်ပြရာ ဆရာလည်း ခေါင်းတစ်ချက်ညိတ်ရင်း ခွင့်ပြုကြောင်း အရိပ်အကဲ ပြသလေ၏။

"အလုပ်ကို အောက်ခြေကစရမယ်ဆိုတော့ ရေတွင်းတူးမယ်ဆိုရင် ဘယ်လိုလုပ်ရမှာတဲ့လဲ ဆရာ"

"ဟေ ..."

သင်တန်းဆရာခမျာ ပါးစပ်အဟောင်းသား ဖြစ်သွားရှာလေ၏။

●●●

ကောင်းလိုက်တဲ့ ဆင်ခြေ

အိပ်ရာထ နောက်ကျသည့်အတွက် ကျောင်းတက်လည်း နောက်ကျရသည်။ သည့်အတွက် ကျောင်းနောက်ကျသော မောင်ဖိုးချစ်အား ဆရာက အကျိုးအကြောင်း မေးမြန်းပါလေ၏။

"မင်းကျောင်းတက်နောက်ကျရတာ မနက်အိပ်ရာထနောက်ကျလို့ဆို ..."

"မှန်ပါတယ် ဆရာ။ အဲဒါကလည်း တခြားကြောင့်တော့ မဟုတ်ဘူး။ ဘောလုံးပွဲအကြောင်း အိပ်မက်မက်နေလို့"

"ဟာ ... မဆိုင်လိုက်တာ ဖိုးချစ်ရာ"

"ဆိုင်တာပေါ့ဆရာရယ်၊ သိပ်ဆိုင်တာပေါ့။ ကျွန်တော်မက်တဲ့ ဘောလုံးပွဲက သာမန်မဟုတ်ဘူး ဆရာ။ တစ်ဖက်နဲ့တစ်ဖက် ဂိုးမဝင်ဘဲ သရေကျနေလို့ အချိန်ပို ကန်ရတယ်။ ဒါတောင်မှ ဂိုးက မဝင်ပြန်ဘူး။ အဲဒါနဲ့ပဲ ပင်နယ်တီနဲ့ အဆုံးအဖြတ်ပေးလိုက်ရတာဆရာရဲ့။ ဒါကြောင့် အိပ်မက်က ရှည်သွားတာ ..."

"ဟေ ..."

မြို့မေတ္တာခံယူမယ်

■ ကိုရွှေတောသား

www.burmeseclassic.com

www.burmeseclassic.com



ကျွဲပွဲ နဲ့မှတ်သူများ

ထက်ရှား

ကိုစိုးသိုက်က သူ့အပေါင်းအသင်း တစ်စုကို ရွှေပင့်ကူစားသောက်ဆိုင်မှာ ကျွေးမွေးပြုစုဖို့ လူရွေးပြီးဖိတ်ခေါ်လာ တယ်။ ကိုစိုးသိုက်ရဲ့ သုဝဏ္ဏကဗြဲကို ရောင်းချခြင်းအထိမ်းအမှတ် တစ်ခုအနေ နဲ့ပေါ့။ အဲဒီဆိုင်ကို ရောက်လာကြတော့ စားသောက်ဖွယ်ရာတို့အပြင် ဘီယာပါ နည်းနည်းပါပါး သောက်ဖြစ်ကြတယ်ဆို ပါစို့။ သူတို့အဖွဲ့ဟာ ဘီယာရှိန်တက်လာ တာနဲ့အမျှ တစ်ယောက်တစ်ပေါက် ဆို သလို စကားပြောကြ၊ ဆွေးနွေးကြနဲ့ပဲ နောက်ဆုံးတော့ ဘီယာစံနှုန်း အမြင့်ဆုံး ရောက်တဲ့ ကိုမိုးဦးက ကိုမြင့်အေးကို စကားစတယ်။

"ကိုမြင့်အေး ... ကိုစိုးသိုက် လူ ရွေးပုံကလေးများ ကျွန်တော်နားမလည် လို့ ရှင်းပြနိုင်မလား"

ဆိုတော့ ကိုမြင့်အေးက –

"အဲဒီကိစ္စက ရှင်းရှင်းလေးပါ။ သူ့ မြေကွက်ကို ရောင်းတော့မယ်လို့ ဆုံးဖြတ် ပြီး သူငယ်ချင်းတွေကို တိုင်ပင်ခဲ့တယ် မဟုတ်လား"

"ဟုတ်ကဲ့ ..."

"ဒီဘက်ကသုံးယောက်က ထောက် ခံတယ်။ ဟိုဘက်ကသုံးယောက်က ကန့် ကွက်တယ်"

လို့ ကိုမြင့်အေးက စားပွဲရဲ့ ဘယ်၊ ညာထိုင်နေသူတွေကို ညွှန်ပြပြီး ရှင်းလင်း ပြောပြတာကို အားလုံးက စိတ်ဝင်တစား နားထောင်နေကြတယ်။ အဲဒီအချိန်မှာ ကော့မှူးသား အောင်ကျော်မင်းက ...

"ထောက်ခံသူက သုံးယောက် ရယ်၊ ကန့်ကွက်သူကသုံးယောက်ရယ်၊ သူဌေးလေး ကိုစိုးသိုက်ရယ်ဆိုတော့ အား လုံးပေါင်းမှ (၇) ယောက်ပဲရှိတယ်။ ကျန် တဲ့ (၇)ယောက်ကို ချန်ထားခဲ့ရတဲ့ အကြောင်းရင်းကိုတော့ ရှင်းစမ်းပါဦး"

လို့ ကိုမြင့်အေးကို မေးလိုက်တော့ ကိုမြင့်အေးက ကျွန်တော့်ဘက်လှည့်ပြီး

"ဆရာရေ ထုံးစံအတိုင်း"

ဆိုတော့ ကျွန်တော်လည်း ပုံပြင် ဥပမာလေးနဲ့ ပြောပြလိုက်ပါတော့တယ်။ ပုံပြင်လေးက ကျွဲပွဲနဲ့မှတ်သူများလို့ အမည်တွင်ပါတယ်။ ကျွဲပွဲဆိုတာ အဖြူ ရောင်ကျွဲနဲ့ အမည်းရောင်ကျွဲနှစ်ကောင်ကို သူနိုင်ကိုယ်နိုင် အနိုင်ခတ်စေတဲ့ပွဲကို ဆို လိုတာပါ။

ဒီပွဲမှာ အားပေးသူပရိသတ် နှစ်စု ကတော့ အဖြူအမည်းနှစ်ဖွဲ့ကွဲပြီး အား ပေးကြတယ်။ ကျန်နေသေးတဲ့ ပရိသတ် တစ်စုကတော့ ဖြူလည်းမဖြူ၊ မည်း လည်းမမည်း သဲသဲကွဲကွဲမရှိဘဲ ဘာသိ ဘာသာနဲ့ ကျွဲပွဲကိုအာရုံစိုက်ပြီး ကြည့် နေကြတယ်ပေါ့။ ကျွဲနှစ်ကောင်ဟာ ရေ ကုန်ရေခန်းခတ်ပြီးလို့ နိုင်ကျွဲအဖြူဖြစ် ကြောင်း ပြတ်သားသွားတော့မှ ဘယ် ကျွဲအဖွဲ့မှ အားမပေးခဲ့တဲ့ လူစုဟာ နိုင်ကျွဲ အဖြူရောင်အဖွဲ့နောက်ကို ခါးမှာဝှက်ယူ လာတဲ့ နှဲကြီးကို ထုတ်လို့မှုတ်ပြီး ကောက် ကောက်ပါအောင် လိုက်သွားကြသတဲ့။

"အဲသည်တော့ကာ သူငယ်ချင်း တို့ သိချင်နေတဲ့ ပုဂ္ဂိုလ်တွေဟာ ဘယ် လိုလူစားတွေ ဆိုတာကို သဘောပေါက် ကြပြီ မဟုတ်လား"

အားလုံးက တညီတညွတ်တည်း

"ပေါက်ပါပြီဆရာ။ သူတို့ဟာ ကျွဲ ပွဲနဲ့မှုတ်သူများပါပဲ"

"ချီးယား(စ်)"

ထက်ရှား

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ရွာထဲမှာ သည်လိုပဲ

■ ပိုက်မင်းဝေ

ဝါတွင်းကာလ အခါသမယသို့ ရောက်ပြီဆိုလျှင် ကျွန်တော်တို့ရွာကလေး တွင် လော်စပီကာအသံများမှာ မပြတ်တမ်း ကြားရပြီ။ အိမ်တိုင်းနီးပါး အပတ်စဉ် ဥပုသ်နေ့တိုင်းတွင် အရုဏ်ဆွမ်းကပ်၊ ဝါဆိုသင်္ကန်းကပ်လှူပွဲများ လုပ်ကြသည်။ ကုသိုလ်ရေးဆို တက်ကြွစွာ လှူဒါန်းကြသည်မှာ ကျွန်တော်တို့ရွာကလေး၏ ဇလေ့ပင်ဖြစ်၏။ နှစ်စဉ်နှစ်တိုင်း ပြုလုပ်ရွှတ်ဖတ်သော အသံမစဲမဟာပဋ္ဌာန်းပွဲနှင့် တကွ ပရိတ်တော်များကို အလှူ့အိမ်များမှ ရွတ်ဆိုကြသည်မှာ ကြည်နူးဖွယ်ရာ ကောင်းလှပေသည်။

"အစ်ကိုရေ ... ကျွန်မတို့လည်း ဝါဆိုသင်္ကန်းကပ် အလှူဒါနလေး ပြုလုပ်ရအောင်နော်"

ကျွန်တော့်ဇနီးသည်က အလှူ အတန်း လက်နေးသည်မဟုတ်။ ကျွန်တော့်အလုပ်က ရန်ကုန်မြို့တွင်ဖြစ်ပြီး အစိုးရရုံးပိတ်ရက်မှ ရွာတွင် ပြန်နားရသည်။ ယခုလည်း ပိတ်ရက်နှင့်ကြုံတုန်း ကျွန်တော့်ဇနီးက ဆိုလာခြင်းဖြစ်သည်။ ကျွန်တော်လည်း လှူရန်အကြံရှိသည်မို့

"ကောင်းတာပေါ့ကွ။ လုပ်လေ။ ဘယ်နေ့လုပ်မလဲ ..."

"သန်ဘက်ခါ အရုဏ်ဆွမ်းကပ်၊ ဝါဆိုသင်္ကန်းကပ်၊ ရွာထဲကလူတွေလည်း ဖိတ်ပြီး ဝက်သားကျွေးမယ်။ မနက်ဖြန် ဈေးသွားရုံပဲ"

"ဟ ... မင်းဟာ ပြန်လှချည်လား။ မင်းတစ်ယောက်တည်းနဲ့ ငါကလည်း ဘာမှလုပ်တတ်တာမဟုတ်ဘူး"

"ဟာ ... သည့်အတွက် မပူနဲ့။ ရွာထဲက ယောက်ျားလေးသုံးလေးယောက်၊ မိန်းကလေး လေးငါးယောက်လောက် ဝိုင်းလုပ်လိုက်ရင် ပြီးပါတယ်"

"သူတို့က အားရင်ကောင်းသား။ မအားရင် ဘယ့်နှယ်လုပ်မလဲ"

"ဘာမှမပူပါနဲ့ အစ်ကိုရယ်၊ မအားကြလည်း နေ့စားခပေးခေါ်လိုက်ရင် တစ်ပုံကြီးတော့ ..."

"ဟေ ... ဟုတ်ရဲ့လားကွာ"

"ဟုတ်သမှ သိပ်ဟုတ်။ ရွာထဲမှာ သည်လိုပဲ" ... တဲ့။

ဩော် ... ကျွန်တော်တို့ရဲ့ ရွာထဲမှာ ...။

ပိုက်မင်းဝေ

www.burmeseclassic.com

www.burmeseclassic.com



ခွေးဥပမာ ပွဲစားလည်းပါ

မိုးသိကျော်

မောင်ဖိုးအေး ၃၇ လမ်း လက်ဖက်ရည်ဆိုင်မှ စောင့်နေသည်မှာ နာရီဝက်ကျော်ပြီ။ မျှော်လင့်ချက်ရောင်ခြည်လေးများ ပျက်သွားလေမလားဟူသော စိုးရိမ်စိတ်ကြောင့် ချွေးပင်အလိုလို ပျံလာသည်။ စောင့်ရင်းက မိုးကုတ်ဆရာတော်ဘုရားကြီး၏ အာရုံငါးပါး ကာမဂုဏ်တရားတွေကို အန္တပုထုဇဉ်တို့ တပ်မက်စွဲသမ်းမှုကြီးမားပုံ ခွေးနှင့်ဥပမာပေးထားသည့် ပုံတိုပတ်စလေး သတိရနေမိသည်။

တစ်ခါတုန်းက ခွေးတစ်ကောင်ဟာ ရဲရဲနီအောင်ပွင့်နေတဲ့ ပေါက်ပင်ဟတ်ပင်အောက် ရောက်နေသတဲ့။ ခွေးဟာ အဲဒီပေါက်ပွင့်တွေကို အသားတစ်တွေလို့ ထင်နေတာပေါ့။ ပေါက်ပွင့်တွေကြွေကျလိုက် အသားတစ်တွေထင်ပြီး ဟပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပြေးလိုက်၊ အနားရောက်တော့ အသားတစ်မဟုတ်မှန်းသိတော့ ထပ်စောင့်နေလိုက်ပေါ့။ အဲဒီလိုပဲ နောက်ကြွေကျလာတဲ့အခါ ဟပ်ဖို့သွားလိုက်၊ မဟုတ်မှန်းသိလို့ ပြန်စောင့်နေလိုက် လုပ်နေတာ မိုးချုပ်လို့ တစ်နေသာကုန်သွားတယ် ဘာမှအကျိုးမရှိဘူး ဖြစ်နေတာပေါ့။

"တီ ... တီ ... တီ ..."

မောင်ဖိုးအေး လက်ကိုင်ဖုန်း တစ်ဖက်မှ ခေါ်သံဝင်လာသည်။

"ဟဲလို ... ကျွန်တော် မောင်ဖိုးအေးပါ"

"......."

"ဘာ ... ကားအရောင်းအဝယ်မဖြစ်တော့ဘူး ဟုတ်လား။ ဒီမှာ ... အရောင်းအဝယ်စာချုပ်တွေ အသင့်လုပ်ထားတာ ဘယ်လိုရှင်းမလဲ"

"......"

"နောက်မှကြည့်ရှင်းမယ်၊ စိုက်ထားဟုတ်လား။ ပြောတာလွယ်တယ်၊ ဘယ်သူကပြန်ရှင်းပေးမှာလဲ"

နှစ်ထောင့်ငါးရာတန် စာချုပ်ပေါ်မှာ ကွန်ပျူတာစာစီထားရတာ။ စာချုပ်က အပြင်ဆိုင်က ဝယ်ရတာဆိုတော့ မူရင်းတန်ဖိုး သုံးဆလောက်ပေးရတာ။ နည်းသည့်မဟုတ်။

"......."

"မင်းစိုက်မယ်ဆိုတာ ရှုံးနေပြီ။ ခုဟာဝယ်သူဘက်က ဖျက်ကွက်တာ ဝယ်လက်ဆီကတောင်းထားလိုက်"

"......"

ထင်ထားသည့်အတိုင်း ကားအရောင်းအဝယ်ဖြစ်ပါက ရရှိမည့်ပွဲခလေး ပျက်သွားလေပြီ။

ဒီနေ့တော့ မိုးကုတ်ဆရာတော်ကြီးပေးတဲ့ ခွေးပမာ ဖိုးအေးဖြစ်နေရလေပြီတကား။

မိုးသိကျော်

www.burmeseclassic.com

www.burmeseclassic.com



အရောင်မဲ့ တံလျှပ်

မင်းသစ္စာ(ကံမ)

တစ်နေ့ လုပ်ငန်းခွင်ထဲမှာရှိစဉ် ဖုန်းဝင်လာတယ်။ အဒေါ်ဖြစ်သူရဲ့ ဖုန်း။ ဖခင်ဖြစ်သူ ဦးနှောက်သွေးကြောယိုစိမ့်ပြီး ကိုယ်တစ်ခြမ်းလေဖြန်းကာ သတိလည်း လစ်သွားလို့ ဆေးရုံတင်ထားရတယ်လို့ ပြောလာတယ်။

ကိုမင်းတစ်ယောက် တစ်ကိုယ်လုံး ပူရှိန်းသွားပြီး ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားတယ်။ ဖခင်သတိမေ့နေတာကနေ ခဏသတိပြန်ဝင်လာလို့ရှိရင်

"ကိုမင်းပြန်လာရင် မြေတွေကို သက်နှံးစည်းပေးမယ်"

လို့ ပြောနေတယ်လို့လည်း သိလိုက်ရတယ်။ အတိုင်းမသိ ခံအားလိုက်ရတယ်။ ကိုမင်းမှာ ညီတစ်ယောက်၊ ညီမနှစ်ယောက်ရှိပြီး ညီဖြစ်သူက တောင်ယာအလုပ်လုပ်တယ်။ ညီမနှစ်ယောက်အနက် တစ်ယောက်က ဈေးရောင်းပြီး တစ်ယောက်က ဝန်ထမ်းလုပ်တယ်။ သူတို့(၃)ယောက်မှာလည်း ဖခင်ဆေးဖိုးဝါးခအတွက် အားကိုးအားထားပြုနိုင်မယ့် အနေအထားမရှိနိုင်။ အစ်ကိုကြီးဖြစ်တဲ့ ကိုမင်းမှာပဲ တာဝန်ရှိတယ်မဟုတ်ပါလား။

ကိုမင်းမှာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေလေရဲ့။ အဒေါ်တွေနဲ့ ညီအစ်ကို မောင်နှမတွေက ဖခင်ရှိရာကို ပြန်လာစေချင်လို့ ဖုန်းထဲမှာ စကားနာထိုးကြတယ်လေ။

ဖခင်၊ မိခင်ရဲ့ ပုံရိပ်တွေကို ပြန်လည်မြင်ယောက်လာတယ်။ ဖခင်ဖြစ်သူက တောင်ယာအလုပ်လုပ်၊ မိခင်ဖြစ်သူက အရောင်းအဝယ်လေးလုပ်ပြီး ကိုမင်းကို ဘွဲ့ရတဲ့အထိ ကျောင်းထားပေးခဲ့တယ်လေ။ ဘွဲ့ရတော့ တစ်နယ်တစ်ကျေးမှာ အလုပ်လုပ်နေတော့ နှစ်ပေါင်းအစိတ်လောက်မှာ အဖေ၊ အမေထံ (၃)ခေါက်ပဲ ရောက်တော့တယ်။ အသက် (၈၀)ဝန်းကျင်ရောက်နေတဲ့ အဖေနဲ့ အမေကို ဟုတ်တိပတ်တိလည်း ထောက်ပံ့မှု မပြုနိုင်ခဲ့။ ဘဝပေးအခြေအနေက ဒီလောက်ပဲ တတ်နိုင်တာကို။ ချက်ချင်းပဲ ငွေ(၃)သိန်းကို ဘဏ်ကနေလွှဲပို့လိုက်တယ်။

ငွေရောက်သွားပေမဲ့ အဒေါ်ဖြစ်သူက ပြန်မလာလို့ ဖုန်းထဲကနေ ဆူပူနေလေရဲ့။ ဖခင်ဆုံးပါးမသွားခင် နောက်ဆုံးမြင်တွေ့စေချင်တဲ့သဘော ဖြစ်ပါတယ်။ ခုပို့လိုက်တဲ့ ငွေ(၃)သိန်းကိုလည်း ချေးငှားပြီး ပို့လိုက်တယ်ဆိုတာ အဒေါ်ကို မပြောရက်ခဲ့ဘူး။ ကိုမင်းရှိတဲ့နေရာကနေ ဖခင်ဆီကိုပြန်ရင်လည်း လမ်းစရိတ်အနေနဲ့ (၃)သိန်းလောက်ကုန်မှာဖြစ်တယ်။ တကယ်လို့ ကိုမင်းသာပြန်ခဲ့ရင် ငွေပုံ့ပိုးနိုင်မှာမဟုတ်ဘူးလေ။ ကိုယ့်အခြေအနေပေါ်မူတည်ပြီး မပြန်ဘဲ ငွေပို့လိုက်တာက အကျိုးရှိနိုင်တယ်လို့ ကိုမင်းတစ်ယောက် တွေးမိပြီး ခြေသိမ့်နေရတယ်ပေါ့။

ဖခင်ကျန်းမာရေးအတွက် ငွေဘယ်လောက်ကုန်ပါစေ၊ အကုန်အကျခံလိုပါတယ်။ လက်ထဲမှာ ငွေမရှိပေမဲ့ ရင်ထဲမှာ ကိန်းဂဏန်းတွေရှိနေတယ်လေ။ ဒီကိန်းဂဏန်းတွေက ပေါင်းနှုတ်မြှောက်စားမရတာတွေ ဖြစ်နေပါလား။ မေတ္တာတွေ၊ စေတနာတွေနဲ့ ဖွဲ့တည်ထားတဲ့ ကိန်းဂဏန်းတွေ ဘယ်သောအခါမှ တန်ဖိုးရှိလာမှာလဲလို့ ကိုမင်းတစ်ယောက်တွေးမိရင်း ဝမ်းနည်းလာမိတော့တယ်။

မင်းသစ္စာ(ကံမ)

www.burmeseclassic.com

www.burmeseclassic.com



မျောက်မျိုး(နဲ့)စုန်းမျိုး

သန်းထွန်း(ဂျေဂျေ)

သာယာကုန်းရွာက ရိုးမတောင်ခြေမှာ ဦးတုတ်ကြီး၊ မငယ်တို့အိမ်နဲ့ ကိုဖိုးပိန်၊ မချစ်မယ်တို့အိမ်က ကပ်လျက် အိမ်နီးချင်းတွေ။ သူတို့တစ်တွေက တောင်ပေါ်တက်၊ ဝါးခုတ်၊ မီးသွေးဖုတ်ကာ ဝမ်းစာရှာနေကြသူတွေ ဖြစ်ပါတယ်။

တစ်နေ့တော့ ဦးတုတ်ကြီး၊ မငယ်တို့ရဲ့သား မောင်ကြီးမောင်နဲ့ ကိုဖိုးပိန်၊ မချစ်မယ်တို့ရဲ့သမီး မခင်မေတို့ဟာ လူငယ်ချင်း မေတ္တာမျှကြလေရဲ့။

ဦးတုတ်ကြီး တောင်ပေါ်ကပြန်လာတဲ့ တစ်နေ့မှာ ထန်းရည်မူးမူးနဲ့ ကိုဖိုးပိန်ရဲ့ ကြက်ဖကြီးကို လေးခွနဲ့ပစ်ပြီး ခိုးချက်စားတာကို ကိုဖိုးပိန်ရဲ့မိန်းမ ချစ်မယ်သိသွားတော့ မိန်းမချင်း ရန်ဖြစ်ကြလေရော။ သားသမီးချင်းလည်း ချစ်ကြိုက်ရည်ငံနေတာသိတော့ မချစ်မယ်က သူ့သမီး မခင်မေကို –

www.burmeseclassic.com

www.burmeseclassic.com

"သမီး ... မောင်ကြီးမောင်ကို လက်ထပ်လို့မရဘူး။ သူတို့က လူတွေ မဟုတ်ဘူး။ မျောက်မျိုးတွေ။ သူတို့ဖင်မှာ အမြီးတွေရှိတယ်။ ဝှက်ထားတာ"

"ဟုတ်ကဲ့ အမေ။ သမီးဖြတ်လိုက်တော့မယ်။ ကြောက်တယ်"

ဒီတော့ မငယ်ကလည်း သူ့သား မောင်ကြီးမောင်ကို –

"ငါ့သား မောင်ကြီးမောင်၊ သား မခင်မေကို ယူလို့မရဘူး။ သူတို့က စုန်းမျိုးတွေ။ အိမ်ထောင်ကျလို့ အတူတူအိပ်တာနဲ့ သားကို အူတွေနှိုက်စားလိမ့်မယ်"

"ဟုတ်လား အမေ။ ဒါဆို သား သူ့ကို အဆက်ဖြတ်လိုက်တော့မယ်။ ကြောက်တယ် ... အမလေး"

ဒီလိုနဲ့နေရင်းက ကြာလာတော့ ဘာမှမဟုတ်မှန်းသိတာနဲ့ လူငယ်ချင်း အချစ်မီးတွေ ထိန်းမရတော့ဘဲ မောင်ကြီးမောင်ကလည်း စုန်းမျိုးမကလို့ ကဝေမျိုးပဲဖြစ်ဖြစ် ချစ်မှာပဲပေါ့။ မခင်မေကလည်း မျောက်မျိုးမကလို့ အမြီးပါပါ၊ မပါပါ ခွေးမျိုးပဲဖြစ်ဖြစ် ချစ်မှာပဲဆိုပြီး ခိုးပြေးကြပါတော့တယ်။

မောင်ကြီးမောင်ရဲ့ သူငယ်ချင်းလယ်တဲမှာ ချစ်သူမောင်နှံတွေ ညအိပ်တော့ သူတို့အမေတွေပြောတဲ့စကားကို ပြန်သတိရပြီး မခင်မေကစ မောင်ကြီးမောင်ကို အသာစမ်းတော့ မောင်ကြီးမောင်ကလည်း သူ့အူတွေနှိုက်ပြီကိုကာ အစမ်းမခံပါဘူး။ ဒီလိုနဲ့ သုံးညလောက် တစ်ယောက်နဲ့တစ်ယောက် မအိပ်ဘဲနေကြတော့ မခင်မေက သေချာပါတယ်၊ အမြီးရှိလို့ အကိုင်မခံတာဆိုပြီး သူ့အိမ်သူ ပြန်သွားပါတော့တယ်။ အိမ်ကျတော့ သူ့အမေကို –

"သမီးမှားပါတယ်အမေ။ ခွင့်လွှတ်ပါ။ သူတို့ မျောက်မျိုးဆိုတာ ဟုတ်မယ်။ သမီးစမ်းတာ လုံးဝအစမ်းမခံဘူး အမေ"

"သမီးကို အမေ မဟုတ်ဘဲပြောပါ့မလား သမီးရယ်"

မောင်ကြီးမောင်ကလည်း သူ့အိမ်သူ ပြန်လာပြီး –

"သားမှားပါတယ် အမေရယ်။ သူတို့စုန်းမျိုးတွေ အူနှိုက်စားတာ ဖြစ်နိုင်တယ်။ သားကို အိပ်တာနဲ့ လာလာပြီး စမ်းတယ်၊ သုံးညလုံး မအိပ်ဘဲနေရတယ်"

"သားကို အမေက မဟုတ်ဘဲ ပြောမလား သားရဲ့"

ဒါနဲ့ ကြာတော့ ထန်းရည်ဆိုင်မှာ ဦးတုတ်ကြီးနဲ့ ကိုဖိုးပိန်တို့ ပြန်တည့်သွားကြရင်းက မကြာခင်မှာပဲ မငယ်နဲ့ မချစ်မယ်တို့ ပြန်ခေါ်ကြပါတယ်။ ဒီတော့ မောင်ကြီးမောင်နဲ့ မခင်မေတို့က ဘယ်လိုနေရမှန်းမသိတော့ မောင်ကြီးမောင်က သူ့အမေကို မေးပါတယ်။

"အမေ ... မခင်မေကပြောတယ်။ သားတို့က မျောက်မျိုးဆို"

လူကြီးချင်းမတည့်တုန်းက ပြောထားတဲ့စကားကို ဝန်မခံဘဲ ဝေ့လည်ကြောင်ပတ်နဲ့ မငယ်က –

"သားရဲ့အဖေဘက်က ဆွေမျိုးတွေဆီ အမေသွားမလည်ဖူးသေးဘူးသား။ သားငယ်ငယ်က သားအဖေရဲ့ညီမလာလည်တော့ သူနဲ့ပါလာတဲ့ သားကလေးနှစ်ယောက်ကတော့ ဆော့လိုက်တာ သစ်ပင်ပေါ်ကမဆင်းဘူး သားရဲ့"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

မခင်မေကလည်း သူ့အမေ မချစ်မယ်ကို –

"အမေ ... သမီးတို့က စုန်းမျိုးဆို။ အူနှိုက်စားတတ်တယ်တဲ့၊ က[illegible] မောင်က ပြောတယ်"

အဲဒီလိုပဲ ရန်ဖြစ်ထားတုန်းက [illegible] တဲ့စကားကို ဝန်မခံဘဲ အလိုက်သင့်[illegible] တာက –

"သမီးအဖေရဲ့ အမေတွေ၊ [illegible] တွေ၊ အစ်မတွေကတော့ ဝက်အူ[illegible] အမဲအူတို့မှ စားတာတွေ့တာပဲ။ [illegible] ကောင်သားရရင်လည်း အူမှစားတာ[illegible] ပြောတာပဲ။ သူတို့က အူတအားကြ[illegible] တယ်တဲ့"

"ဟုတ်ကဲ့ အမေ"

အဲဒါတွေကို ကလေးတွေက သူ[illegible] အဖေတွေ ထန်းရည်ဆိုင်က ပြန်[illegible] တော့ မေးတဲ့အခါ –

"ငါတို့က မျောက်မျိုးမဟုတ်[illegible] နင်သာခွေးမျိုး ... ဘုန်း"

"အောင်မလေး ... သေ[illegible] တော့"

"ငါတို့က စုန်းမျိုးမဟုတ်ဘူး[illegible] ဘုန်း ..."

"အောင်မယ်လေး၊ ကြောက်[illegible] ရှင်"

သန်းထွန်း(ရေ[illegible])

www.burmeseclassic.com

www.burmeseclassic.com

မဝေးကွာသည့် အတိတ်၏ အရိပ်များ

ရေကျော်စိုးအောင်

ဒီအကြောင်းအရာတွေက အဝေး
…ာ ကျန်ရစ်ခဲ့သလို ခုနှစ်သက္ကရာဇ်
…ကလည်း တစ်နှစ်ပြီးတစ်နှစ် ပြောင်း
…ဖြစ်ပါသည်။ ဒီဘဝခရီး ဇာတ်ခုံကြီး
…ာ ပါဝင်ကပြခဲ့ကြသူတွေက ခရီး
…တို့ ဘဝအလွမ်း သံသရာစခန်းတွင်
…ယူကြသူများကလည်း အပုံအပင်။
…သို့ပင်ဆိုစေကာမူ သမိုင်း၏ နေရာ
…င်းသည်ကဖြင့် ပြောင်းလဲခြင်းမရှိ
…က အမှန်ဖြစ်ခဲ့ပါတော့သည်။

ရေကျော်ဝန်းကျင်တစ်ခို၏ နံနက်
…အချိန်တွင် ဖြစ်သည်။ နံနက်တိုင်း
…တထပြီး ဗိုလ်တထောင်စေတီသို့
…ည်။ ခုနှစ်နေ့ရှိဘုရားဖြိုဟ်တိုင်များ
…ရေသပ္ပါယ်ကုသိုလ်ပြုနေကျ ဖြစ်
…ပြီးမှ ကမ်းနားဘက်လမ်းလျှောက်
…လှကျင့်ခန်းလုပ်၏။ နေ့စဉ်အလုပ်
…ဖြစ်ပါသည်။

နံနက်စောစောအထတွင် ညီလို
…ရသည့် မောင်ခင်မောင်တင်တစ်
ယောက် သူ့အိမ်ရှေ့တွင် (Indian Club)
တင်းပုတ်ကစားနည်းကို အမြဲလိုလို အား
ကစားလှုပ်ရှားမှု ပြုလုပ်လျက်ရှိသည်ကို
တွေ့ရသည်။ တွေ့ရသည်နှင့် မောင်ခင်
မောင်တင်၏ဖခင် ဦးစိန်ဟန်ကို သတိရ
၏။ သူသည် (၈/၆၇၄၂) ဒေါ်ဂျစ်ကား
မောင်း၏။ အထူးသဖြင့် ရုပ်ရှင်ကြော်ငြာ
ကားမောင်း၏။ ရုပ်ရှင်အသိုင်းအဝိုင်းများ
နှင့် ထိတွေ့မှုရှိ၏။ တစ်ခါတစ်ရံ ရိုက်
ကွင်းသို့ရောက်သွားတတ်သည်။ စာရေး
သူသည် ဆရာဦးစိန်ဟန်နေသည့် ရေ
ကျော်ရပ်၊ နှင်းပန်းလမ်းသို့ သွားရောက်
ပြီး မယ်ဒိုလင်တီးတတ်သည်ဖြစ်ရာ တစ်
နေ့တွင် …

''မောင်စိုးအောင် …မင်းညီ
မောင်ခင်မောင်တင်ကို မင်းတတ်သရွေ့
မှတ်သရွေ့ မယ်ဒိုလင်သင်ပေးပါ''

လို့ ဆိုလာခဲ့ရာ …

''ကျွန်တော်အားတဲ့အချိန် သင်ပေး
မယ်''

ဟု ကတိစကားပြုလိုက်သည်။

ဦးစိန်ဟန်သည် 'အလုံ–ကျင်စု'
ဇာရီယာဝိုင်းမှာ မယ်ဒိုလင်ထွင်းအိုးတစ်
လုံးဝယ်လာပြီး သားတော်မောင်အား
အသင်နိုင်းတော့သည်။ 'မြမာန်းဂီရိ'တေး
သွားကို သင်ပေးခဲ့သည့်အချိန်မှစ၍ သွား
သည့်နေရာတိုင်း အတူရောက်သည်။
ယင်းသို့ နေရာအနှံ့ ရောက်ခဲ့သည်တွင်
ရုပ်ရှင်ကြော်ငြာလည်း ကမ်းဖူး၏။ ရုပ်ရှင်
ရိုက်ကွင်းများသို့လည်း ရောက်ဖူး၏။
အထူးသဖြင့် ရွှေတောင်ကြားလမ်း ရုပ်
ရှင်ရိုက်ကွင်းတွင် ဇာတ်ဝင်ခန်းတစ်ခန်း
ရိုက်ကူးနေစဉ်က ဖြစ်သည်။ ဆရာဦးစိန်
ဟန်က

''မောင်စိုးအောင် …အခုရိုက်
မယ့်ကားက မင်းသားဖော်ဝမ်း မဂ်လာ
ဆောင်ခန်းဖြစ်လို့ ညှိသည်အနေနဲ့ ဝင်
ထိုင်ပေး''

ဆိုပြီး ပြောပြပါသည်။ လက်ဖက်
ရည်နဲ့ ကိတ်မုန့်ကလည်း အဆင်သင့်။

www.burmeseclassic.com

www.burmeseclassic.com

ဒါပေမင့် ဖာတ်လမ်းကမစသေးတော့ ဆာဆာနဲ့ ကိတ်မုန့်တစ်ချပ် ယူစားခဲ့ရာ

''မောင်စိုးအောင် ... ဇာတ်ဝင်ခန်းပြီးမှ စားရတာ''

ဟု ပြောပြခဲ့ဖူးပါသည်။

ရုပ်ရှင်ကိစ္စပင် ဖြစ်ပါသည်။ သူငယ်ချင်းကိုအေးသိန်းက 'ပန်းသာ'ရုပ်ရှင်ခြံထွက်။ စာရေးသူဝါသနာပါမှန်းသိတော့ ရုပ်ရှင်ရိုက်ကွင်းပြုလုပ်မည့် သာဓုခြံသို့ လေ့လာရန်ခေါ်၍ လိုက်သွားမိပါသည်။ ရုပ်ရှင်ကားက ''ရည်ရွယ်သည်မှာ''ဇာတ်ကား ဖြစ်ပါသည်။ အသံသွင်းဂီတဆရာက 'စန္ဒရားအောင်ကိုး'ဖြစ်ပြီး တေးသံတေးသွားကို 'ဒါဗင်'သွင်းနေစဉ် ဆရာသာဓုရောက်လာပြီး စာသားကလေးမှား နေသည်ကို ပြင်ခိုင်း၏။ အဆိုရှင်က 'ဆရာဦးမင်းနောင်' ဖြစ်ပါသည်။ အကြိမ်ကြိမ်ပြန်အသံသွင်းတော့ အချိန်ကလင့်နေပြီဖြစ်လို့ ဝိုင်းတော်သားများကို ထမင်းကြော်၊ ခေါက်ဆွဲကြော်ကျွေးသည်ကိုလည်း စားရဖူး၏။ ယင်းသို့ ထမင်းကြော်စားမည်ပြုစဉ် ဆရာဦးသာဓုက ကျွန်တော့်အား ...

''ငကောင်လေး ... မင်းအစ်မသွားခေါ်''ဟု ပြောပြောဆိုဆိုနှင့် ရေနွေးဖြင့်နောက်ပက်လိုက်သည်ကို မြင်လိုက်သည့် သူငယ်ချင်းကိုအေးသိန်းက ပြေးလာပြီး

''ဆရာ ... ဆရာ ... သူက အဖွဲ့ကလူ မဟုတ်ဘူး။ လေ့လာချင်တယ်ဆိုလို့ ခေါ်လာတာ''

ဟု ပြောပြလိုက်သည်နှင့် ဆရာသာဓုက ခေါင်းပန်ခဲ့ပါသည်။

ထိုစဉ်က 'အစ်မ'ဟုပြောခဲ့သည်က 'ကကြီးရေကာ' မင်းသမီး 'မြတ်မွန်' ဟု နောင်မှသိရပါသည်။ ကိုအေးသိန်းသည် နောက်ပိုင်း အကယ်ဒမီ 'ချစ်မင်းလူ'အဖြစ် အကယ်ဒမီရွှေစင်ရုပ်ဆု ရခဲ့ကြောင်း တွေ့ခဲ့ရပါသည်။

ကိုအေးသိန်း(ချစ်မင်းလူ)နှင့် တစ်ဝန်းတည်းမိတ်ဆွေ ကိုတင်လှ(မီးရထား)ကလည်း အဆိုကောင်း၏ အဆိုဝါသနာထုံ၏။ စာရေးသူနှင့် တစ်နေ့ ရေကျော်ရပ်ကွက်၊ မီးရထားသံလမ်းဘေးတွင် ဆုံကြစဉ် ...

''ကိုစိုးအောင် ... ခေတ်ဟောင်းတေး 'ပပဝင်း'လေး တီးစမ်းပါ''

ဟု ပြောလာရာ စာရေးသူက ပြောပြောဆိုဆိုနှင့် မယ်ဒိုလင်အသံစမ်းပြီး ရှေ့ဦးစွာ တေးထပ်ကို စလိုက်သည်နှင့် ကိုတင်လှက အသံသာသာဖြင့်

''ဆွတ်ချူရန် ခက်ပါရဲ့၊ မျက်ပါနဲ့ သက်လယ်''

တေးသွားအစအဆုံး ဆိုလိုက်သည်နှင့် ဆရာတော် ဦးဂန္ဓမာကျောင်းမှ ငှက်ပျောသီးလာကျွေး၍ စားခဲ့ရဖူးသည်။ ကိုတင်လှသည်လည်း အဆိုတော် 'တင်လှထွန်း' အမည်ဖြင့် 'ပန်းစိုက်သမား' တေးဆိုကာ နာမည်ကျော်ခဲ့ပါသည်။ စာရေးသူသာ အလုပ်တစ်ဖက်ဖြင့် ဝါသနာနောက်မလိုက်နိုင်ကာ ရုံးတာဝန်ထမ်းဝန်ထမ်းဘဝဖြင့် ပင်စင်ယူခဲ့သည်အထိ ဘဝခရီးလမ်း ခြေချခဲ့ရသည်။

ဆရာဦးစိန်ဟန်၏ ဂ/၆၇၄၂ ဒေါ့ဂျ်ကားဖြင့် ရွှေတောင်ကြားရှိ ရုပ်ရှင်ရိုက်ကွင်းများ၊ ဆရာဦးမောင်မောင်မြင့်တို့၏ သုခမရုပ်ရှင်ခြံများသို့ ရောက်ဖူး၏။ လေ့လာဖူး၏။ မောင်ခင်မောင်တင်ကိုလည်း မယ်ဒိုလင်သင်ပေးဖူး၏။ မောင်ခင်မောင်တင်လည်း အိမ်ထောင်ကျ၍ သားနှင့်သမီး မိသားစုဖြင့် အေးချမ်းစွာ ရှိနေပြီဖြစ်သည်။

နံနက်တိုင်း လမ်းလျှောက်နေသည့် ခင်မောင်တင့်နှင့် ဆုံ၏။ တစ်ခါတစ်ရံ (၄၉)လမ်းထိပ်ရှိ ကွမ်းယာဆိုင်ဘေးတွင် (Indian Club)တင်းပုတ် သစ်သားပုလင်းပုံစံ(၂)လုံးဖြင့် ကစားနေသည်ကိုသာမက လူငယ်တစ်ယောက်နှင့်ပင် အတူကစားနေသည်ကို တွေ့ရသည်။

အချိန်ရာသီတို့သည် မိနစ်၊ စက္ကန့်၊ နာရီတို့နှင့်အတူ ပြောင်းလဲနေ၏။ စာရေးသူတို့၏ ရုပ်ခန္ဓာကြီးသည်လည်း သ
သဘောအရ နေ့စဉ် ပျက်စီးချို့ယွင်းနေ
ရောသဘောသို့ရွေ့နေပြီဖြစ်သည်။ မပြေ
လဲသည်က နှလုံးသားပုံရိပ်အတွင်းရှိ
ထိခံစားခဲ့ရသည့် အတိတ်အကြောင်း
က မပျောက်နိုင်သည့်ပုံရိပ်များသဖွယ်
နေခဲ့လေသည်။

ယခု ဆရာဦးစိန်ဟန်တစ်ယော
သခါရနယ်မြေသို့ သက်ဆင်းခဲ့ရသ
သူငယ်ချင်း ကိုအေးသိန်း(အကယ်
ချစ်မင်းလူ)၊ ကိုတင်လှ(အဆိုတော်တင်
ထွန်း)သည်လည်း လူ့ဘဝမှ အနာ
သွားကြပြီ ဖြစ်၏။ ဆုံခဲ့၊ ကြုံခဲ့၊
လာဖူးခဲ့သည့်အကြောင်းအရာများက
စားတွေးမိလေလေ ဒီအကြောင်းအ
များက ဆွေးမပြေနိုင်ဖြစ်ခဲ့ရပေသည်

စာရေးသူ ပင်စင်ယူပြီးသည်
'ဦးဩဘာသ'၏ မယ်ဒိုလင်တစ်လုံး
ပညာစုံရ ငယ်သူချင်း ကိုသောင်း
(ဒိုဒို)ပြုပြင်ပေးခဲ့သည့် ပျက်စီးနေသ
ထွင်းအိုးမယ်ဒိုလင်ကလည်း တစ်
စုစုပေါင်း နှစ်လုံးက စာရေးသူအိမ်
ဘေးတွင် ထောင်လျက်သားရှိနေကြ
တစ်ခါတစ်ရံ စိတ်လက်ကြည်သာနေ
မယ်ဒိုလင်လက်သံစမ်း တီးတတ်သ

လူ့လောကနယ်ပယ်သည် ..
အကြောင်းအရာအဖုံဖုံ၊ အဖြစ်အပျ
အစုံစုံ ရှိနေတတ်သည်ဖြစ်ရာ အရာ
ကို ဆင်ခြင်တုံတရားတို့ဖြင့် လေ့လာ
ဖြတ်နိုင်ကြမည်ဆိုလျှင် အေးချမ်းသာ
မှုအပေါင်း သရဖူဆောင်းနေနိုင်ကြ
သာ ဖြစ်ပါတော့သည်။

နှစ်ပေါင်း(၃၀)ကျော်က ရေကျေ
သန့်ဖင်လမ်းတွင် ယင်း(Indian Cl
တင်းပုတ်ကစားနည်းကို တောင်တွ
ဦးကိုကိုကြီးနှင့် ရေကျော်၊ နှင်းပန်းလ
တွင် မောင်ခင်မောင်တင်တို့နှစ်ဦးသ
ကစားခဲ့ကြကြောင်း မှတ်သားရမိဖူ
သည်။

● ရေကျော်စိုးအော

www.burmeseclassic.com

www.burmeseclassic.com

လိပ်ခေါင်းရောဂါရှင်များ ဝမ်းမြောက်ဖွယ်

လိပ်ခေါင်းရောဂါမှန်လျှင် ဒိဋ္ဌပျောက်ကင်းရမည်။

- ဆရာ၏ဆေးခန်းတွင် လိပ်ခေါင်းရောဂါရှင်များအား မပူ၊ မစပ်၊ မနာ၊ မကျင်၊ မလှီးမဖြတ်၊ မြန်မာ့နည်း၊ မြန်မာ့ဟန်သက်သက်ဖြင့် အမြစ်ပါမကျန် လုံးဝပျောက်ကင်းအောင် ကုသပေးလျက်ရှိပါသည်။
- ကုသ၍ပျောက်ကင်းသွားသော ရောဂါရှင်ပေါင်းများ၏ ဓာတ်ပုံနှင့်ထောက်ခံစာပေါင်းများစွာတို့ကို လက်တွေ့လာရောက်လေ့လာနိုင်ပါသည်။ (နိုင်ငံခြားမှ ခွဲစိတ်ကုသဖူးသူများ အပါအဝင်)
- ရောဂါအတွက် ပျောက်ကင်းအောင် တာဝန်ယူသည်။
- သိပ်ခေါင်းရောဂါသည် အနားယူမှသာ အမြစ်ပြတ် ပျောက်ကင်းနိုင်ပါသည်။

မှတ်ချက်။ ။ လိပ်ခေါင်းရောဂါသည် စားဆေးသက်သက်ဖြင့် လုံးဝမပျောက်ကင်းပါ။

နိုင်ငံကျော် မန္တလေးမြို့ အဘိဓမ္မာတောင်သာဆရာကြီးဦးလှမောင်၊ ဆရာမကြီးဒေါ်သန်းဟန် (လိပ်ခေါင်းအထူးကုဝိဇ္ဇာ)

ရန်ကုန်ဆေးခန်းဌာနခွဲ
အမှတ်(၅၀)၊ (၅)လွှာ၊ (၁၂၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၀၉၃၉၁၊ ၀၉-၄၃၀၅၂၁၀၂
၁၃-၁၄လမ်းကြား၊ ၈၀-၈၁ လမ်းကြား၊ အကွက်-၅၄၊ ပြည်လုံးချမ်းသာ၊ မန္တလေး။ ဖုန်း-၀၂-၇၅၂၈၀၊ ၀၉-၉၁၀၄၄၀၂၅

ထောက်ခံချက် - ၈၁/ ၀၉၃၄၈/ထလ

®

Vital

ပိုက်တယ် သောက်ရေသန့်

Purified drinking water

20 Litre

Product of Myanma.

အိမ်မှတ် (၁၉)၊ အင်းဝ (၇)လမ်း၊ (၆)ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း။ ဖုန်း-၀၉ ၇၀၃၂၇၅၂

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

သာထူးချစ်တဲ့ ဝေး

ခင်မောင်ထွန်း(လမ်းမတော်)

(၁)

ငယ်ဘဝက စပြောရရင် . . .

ဝေး ၁၄ နှစ်သမီးအရွယ်မှာ ဖေဖေနဲ့ မေမေ ရှေ့ဆင့် နောက်ဆင့် ဆိုသလိုပဲ ကွယ်လွန်သွားခဲ့ကြတယ်လေ။

ဖေဖေက အရင်ဆုံးတာပါ။

ဟုတ်ပါတယ်။ ကိုးဆယ့်ခြောက်ပါး ရောဂါလို့ပဲ ပြောရမှာပေါ့။

ငယ်ငယ်ရွယ်ရွယ်နဲ့ မိဘနှစ်ပါးလုံး ဆုံးပါးသွားကြတော့ ပိုင်ဆိုင်မှုဆိုတာတွေ အားလုံးကို ဝေး ဘယ်လိုထိန်းသိမ်းတတ်မှာလဲ။ ကြွေးမြီတွေအားလုံးကို တောင်းလို့ ရကောင်းမှန်း မသိခဲ့ဘူး။ စာရင်းဇယားတွေဆိုတာ ဝေးမှ နားမလည်ဘဲ၊ အတွင်းပစ္စည်းတွေနဲ့ ဘဏ်အပ်ငွေပဲ ကျန်တယ်။

အဲဒီအချိန်က ဝေး ဘယ်သူ့ကို သတိတရရှိနေလဲဆိုတော့ ဝေးနဲ့ အဝေးကြီးကို ထွက်ပြေးသွားတဲ့ သာထူးကိုပေါ့။

www.burmeseclassic.com

www.burmeseclassic.com

သူက ဝေးရဲ့တစ်ဦးတည်းသော ငယ်သူငယ်ချင်းလေ။ ဝေးတို့ခြံဘေးနား ကပ်လျက်မှာနေတာ။ သူက ဆင်းရဲတယ်၊ မိထွေးနဲ့ နေရတာ။ မိထွေးဒဏ် မခံနိုင်လို့ အိမ်ကထွက်ပြေးသွားတယ်။

အဲဒါကြောင့် မိဘမဲ့ဘဝနဲ့ ဝေး ဒုက္ခရောက်နေတဲ့အချိန်မှာ ငယ်သူငယ်ချင်း သူ့ကို သတိရနေမိတာပေါ့။ ဘာပဲဖြစ်ဖြစ် သာထူးရှိရင် အားကိုးရမှာ။ သူငယ်ချင်းနှစ်ယောက်ဆိုတော့ ပိုအားရှိမယ်လို့ ဆင်တယ်လေ။

နောက်မှ ဖေဖေ့စီးပွားဘက် အစ်ကိုကြီး မြတ်ခေါင်က ဝေးကို စောင့်ရှောက်တာပါ။

ဩော်. . ဟုတ်ပါတယ်။ ဦးမြတ်ခေါင်က ဝေးရဲ့ ခင်ပွန်းပါ။ အားကိုးရာမဲ့တဲ့နောက်ပိုင်း အစ်ကိုကြီးနဲ့ လက်ထပ်လိုက်ပါတယ်။

ဒါကြောင့် ဝေးက ဇနီးတစ်ယောက် အနေနဲ့ တရားလိုလုပ်ပြီး အမှုဖွင့်တိုင်ရတာပေါ့။

အချိန်က ညတစ်နာရီခွဲလောက် ရှိမယ်။ အချိန်အတိအကျတော့ ဝေး မှတ်မထားမိဘူး။ အဲဒီအချိန်က ဝေး စိတ်တွေ သိပ်လှုပ်ရှားမိတယ်လေ။

ရှေ့ပိုင်း ဘာက ဘယ်လိုဖြစ်တယ် ဆိုတာတော့ ဝေး မပြောတတ်ဘူး။ ဝေး အိပ်နေရာကနေ လန့်နိုးတော့ အိပ်ရာထဲမှာ အစ်ကိုကြီးကို မတွေ့ရဘူး။

"ဝုန်း"

"ဒုန်း"

"အား"

ဆိုတဲ့ အသံတွေကို အပေါ်ထပ် အိပ်ခန်းထဲကနေ ဝေး ကြားရတာပေါ့။

အိုး. . . အသံတွေက ဆူညံနေတော့ ဝေး အိပ်ရာကနေ လန့်နိုးပြီး ကြားရတာပေါ့။ တစ်ယောက်တည်းဆိုတော့ ကြောက်စိတ်နဲ့ အခန်းအပြင်ကို မထွက်ရဲဘူး။ အတော်လေးကြာပြီး ဘာသံမှ မကြားရတော့မှ ဝေး အရဲစွန့်ပြီး အိမ်အောက်ထပ်ကို ဆင်းလာတာပါ။

"အစ်ကိုကြီး. . . အစ်ကိုကြီး"

ဦးမြတ်ခေါင်ကို ဝေး နှစ်ခွန်းသုံးခွန်း အော်ခေါ်မိပါတယ်။

အောက်ထပ်ရောက်တော့ ထမင်းစားခန်းဘက် မီးလင်းနေတယ်လေ။

မီးရောင်ရှိတော့ အားတက်မိတာပေါ့။ ထမင်းစားခန်းဘက်ကို ဝေး သွားကြည့်မိတယ်။

"အား"

ဝေး ကြောက်လန့်တကြား အော်လိုက်မိတယ်။

ဟုတ်ပါတယ်။ အစ်ကိုကြီးကို တွေ့ရတယ်။ တစ်ကိုယ်လုံး သွေးတွေနဲ့ လဲနေတယ်။ စခန်းမှူးကြီး မြင်တဲ့အတိုင်းပဲ။ ရေခဲသေတ္တာဘေးမှာ။

အဲ. . . ဒါပေမဲ့ အစ်ကိုကြီးလက်ထဲမှာ ဓား၊ ဟုတ်တယ် မီးဖိုချောင်မှာသုံးတဲ့ သားလှီးဓားကို လက်ကကိုင်လို့ လဲကျနေတာ။

ကျန်တာတွေ ဝေး ဘာမှမသိပါဘူး။

အစ်ကိုကြီးမှာလား. . .

အို. . . ဒီလောက် စိတ်သဘောထားကောင်းတဲ့လူ၊ ဘယ်သူနဲ့မှ ရန်ငြိုးရန်စ မရှိပါဘူး။

"ရှင်. . ."

ဝေးနဲ့လား။ အဆင်မပြေစရာ ဘာအကြောင်းမှ မရှိပါဘူး။ ဝေးက သူ့ထက် အသက်ငယ်တော့ ဇနီးမယားတစ်ယောက်လို၊ ညီမငယ်လေးတစ်ယောက်လို အစစအရာရာ မျက်နှာမညှိုးစေရပါဘူး။ အရိပ်တကြည့်ကြည့်နဲ့နေတာ။

ဝေးကို အစ်ကိုကြီး စိတ်ချတယ်။

ဝေးကလည်း အိမ်ထောင်ရှင်မကောင်း၊ ဇနီးကောင်းတစ်ယောက်အနေနဲ့ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူရပ်တည်ခဲ့တာပါ။

အစ်ကိုကြီးအပြင် ချစ်ရမယ့်လူလည်း မရှိပါဘူး။

ဝေးဟာ အိမ်ထောင်အပေါ် သစ္စာစောင့်သိရမယ့် ဗုဒ္ဓဘာသာဝင် အမျိုးသမီးတစ်ယောက်ပါ။

ဘယ်အခါမဆို ဝေး သစ္စာဆိုရဲပါတယ်ရှင်။

"ဣတ္ထိ ရူပံ ဓနံ"

မိန်းမတွေရဲ့ အချင်းဟာ လှပတဲ့အဆင်းသဏ္ဌာန်လို့ ဆိုထားသလို. . .။

◆

(၂)

မိန်းမတို့သည် မြစ်ကဲ့သို့ ကွေ့ကောက်သော သဘောရှိတယ်လို့ ဆိုထားတာပါ။

ကျောင်းနေတုန်း ဖတ်မှတ် လေ့လာထားတာပါ။

ကျောင်းလို့ပြောလို့ ဘွဲ့မရသေးပါဘူး။ ခုမှ တတိယနှစ်(ဥပဒေ)ပါ။

www.burmeseclassic.com

www.burmeseclassic.com

အဝေးသင်တက္ကသိုလ် ဆက်တက်နေတယ်လေ။

ရဲထဲဝင်တော့ ဆယ်တန်းကျ၊ ရဲထဲရောက်မှ ထပ်ဖြေ၊ အလုပ်တစ်ဖက်နဲ့ဆိုတော့ နှစ်,နှစ်ထပ်ဖြေမှ အောင်တယ်။

ဆယ်တန်းလည်းအောင်ရော လုပ်သက် ငါးနှစ်ကျော် ခြောက်နှစ်ထဲမှာဆိုတော့ ဒုရဲအုပ်သင်တန်း တက်ခွင့်ရတယ်။ သင်တန်းမတက်ခင်က လက်မောင်းမှာ အပြာနှစ်ရစ်နဲ့ ရဲတပ်ကြပ်ပေါ့။

နယ်ထိန်းရဲတပ်ကြပ်လေ။

ဆယ်တန်းအောင် လုပ်သက် ငါးနှစ်ပြည့်ပြီးတဲ့ တပ်ဖွဲ့ဝင်တစ်ယောက်အနေနဲ့ တပ်တွင်း ဒုရဲအုပ်လောင်းသင်တန်းတက်ဖို့ အခွင့်အရေး ရခဲ့တယ်။

ဟာ. . . အရည်အချင်းတော့ စစ်ရတာပေါ့။

ဒါမှ စံချိန်စံညွှန်းကိုက်မှာ၊ ရဲအရာရှိငယ်အဆင့်ပေမယ့် သေချာစိစစ်ပြီးရွေးတာ။

သင်တန်းဆင်းပြီးတော့ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ပြီးမှ မြို့သစ် ရဲစခန်းမှာ တာဝန်ကျတာ။ မြို့သစ် ရဲစခန်းမှာက စခန်းမှူးက ရဲအုပ်မင်းမောင်၊ သူက ဆရာရင်း။ ဒုရဲအုပ်မဖြစ်ခင် ကျောက်ဆည်မှာတုန်းက သူနဲ့က နယ်ထိန်းအရာရှိနဲ့ နယ်ထိန်းရဲတပ်ကြပ်။

ဟော. . . မြို့သစ်ရောက်တော့ သူက စခန်းမှူး။ ရောက်ရောက်ချင်းပဲ-

"ချစ်ခင်. . မင်း နယ်ထိန်းအရာရှိ လုပ်ရမယ်" တဲ့။

နယ်ထိန်းအလုပ်က အရာရှိမဖြစ်ခင်ကတည်းက လုပ်လာတာ။ သင်တန်းလား. . .။

နယ်ထိန်းမွမ်းမံသင်တန်းတို့၊ အမှုစစ် အမှုလိုက် သင်တန်းတို့ တက်ပြီးပြီ။

အခုလည်း မှုးယစ်သင်တန်းက ဆင်းလာကာစ လေးရက်ပဲ ရှိသေးတယ်။

"ကဲ. . . ဆားပုလင်းကြီးရေ လူသတ်မှုတဲ့"

စခန်းမှူး မင်းမောင်က ပြောပြောဆိုဆို မျက်ရိပ်မျက်ကဲပြတော့ ဘယ်နေခဲ့လို့ရမလဲ။ သူ့ကားနဲ့ အခင်းဖြစ်ရာ ဦးမြတ်ခေါင်အိမ်ကို လိုက်ခဲ့ရတာပေါ့။

တွန်းထိုးသတ်ပုတ်ထားတဲ့ အနေအထား။ ဖရိုဖရဲနဲ့ သေဆုံးသူ။ ဘယ်ဘက်ရင်အုံမှာ ဓားဒဏ်ရာတစ်ချက်တည်းရယ်။

အဲ. . . ဓားကတော့ သူ့လက်ထဲမှာ။ အသတ်ခံရတာက ထမင်းစားခန်း။ ဒါပေမဲ့ အောက်ထပ်စာကြည့်ခန်းမှာ အခြေအနေ ပျက်နေတယ်။ စင်တင်ပန်းအိုးက လဲကျနေတယ်။ မီးခံသေတ္တာက ပွင့်နေတယ်။ ခြေရာ လက်ရာတွေ ရှုပ်ယှက်ခတ်နေတာပဲ။ သက်သေခံပစ္စည်းနဲ့ လက်ဗွေ ရသလောက် ယူလာခဲ့တယ်။

ဒါတွေကို အင်းစိန် စီအိုင်ဒီ. . အဲ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က ဓာတ်ခွဲခန်းတို့၊ လက်ဗွေဌာနတို့ကို ပို့ရမှာပေါ့။

တရားလိုက ဦးမြတ်ခေါင်ရဲ့မိန်းမ ဝေးတဲ့။ အပြည့်အစုံက. . .

"ဝေးခက်မာ"

အပျံစား။ တော်တော်ချော၊ တော်တော်လှတဲ့ မိန်းမ။ အသက်က နှစ်ဆယ်ကျော် နှစ်ဆယ့်သုံးနှစ်တဲ့။ ဦးမြတ်ခေါင်က လေးဆယ့်ငါးနှစ်။ တရားလိုကိုတော့ စခန်းမှူး မင်းမောင်ကိုယ်တိုင် စုံစမ်းစစ်မေးနေတယ်။

အဲဒီကစ ဒီမိန်းမ 'ဝေး'ကို တွေ့ဖူးတာ။ ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမ ဖြစ်ရတာ သနားစရာလေး။

တွေးမိတုန်း အမှတ်မထင် သူ့ကို သေချာကြည့်လိုက်မိတယ်။

သူ့လည်တိုင်မှာ. . .

◆

(၃)

ကျွန်တော် ဝေးကို တကယ်ချစ်တာပါ။

မွေးချင်းမရှိတဲ့ ကျွန်တော်ဟာ ဝေးကို ညီမလေးတစ်ယောက်လို ချစ်ခဲ့တာပါ။ ပြီးတော့. . .

သူနဲ့ ကျွန်တော်က ငယ်သူငယ်ချင်းလေ။ သူငယ်ချင်း သံယောဇဉ်ကြောင့်လည်း အခုလိုဖြစ်ရတာပါ။

ဟုတ်တယ်လေ။ ကျွန်တော့်နာမည် သာထူး။

သူတကာထက် သာအောင် ထူးအောင် ကျွန်တော့်အမေ ပေးထားတဲ့ နာမည်။ အဲ. . . ဒါပေမဲ့ မိထွေးနဲ့ကျမှ ကျွန်တော့်နာမည် တာထူး ဖြစ်ရော။ မိထွေးဒဏ် မခံနိုင်တာနဲ့ ကျွန်တော် ဆယ့်နှစ်နှစ်သားမှာ အိမ်က ထွက်ပြေးတယ်။

နေစရာ၊ စားစရာ မရှိ ပေတေလေလွင့်ခဲ့တယ်။ ကျွန်တော့်ကို ကယ်တင် စောင့်ရှောက်ထားတာက 'ဦးမိုး'။

www.burmeseclassic.com

www.burmeseclassic.com

သူက သူခိုးအကြီးစား။ ဘာပဲဖြစ်ဖြစ် ကျွန်တော့်ကျေးဇူးရှင်လေ။

သူနဲ့ အနေကြာလာတော့ ကျွန်တော် ခိုးတာ၊ ဖောက်တာ ကျွမ်းကျင်လာတယ် ဆိုတာထက် ထူးချွန်လာတယ်ဆိုတဲ့စကားပဲ သုံးရမယ်ထင်တယ်။

ဩော်. . ဝေးနဲ့ ပြန်တွေ့တာလား။

သိပ်မကြာသေးပါဘူး။ လေးငါးခြောက်လလောက်ပဲ ရှိဦးမယ်။ သူက ဦးမြတ်ခေါင်နဲ့ အိမ်ထောင်ကျပြီးမှ ပိုလှလာတယ်။ အဲ. . . လူကြီးဆန်ပြီး တည်ငြိမ်လာတယ်။ ဣန္ဒြေရှိရှိနဲ့ ပိုကြည့်လို့ကောင်းလာတယ်။ ငယ်ရုပ်တော့ မပျောက်ပါဘူး။

ညကျတော့ လူခြေတိတ်ချိန်လောက်မှာ
ဝေးတို့ခြံထဲကို မှောင်ရိပ်ခိုဝင်၊
အိမ်ရှေ့တံခါးမကြီးက သော့ကိုဖွင့်၊
စာကြည့်ခန်းထဲကို တန်းသွား၊
မီးခံသေတ္တာဖွင့်ဖို့
ခဏလေး ကြိုးစားလိုက်ရတယ်။
ဘယ်ကျော်ပြောတဲ့ ဖိုင်အနီ
ကျွန်တော့်လက်ထဲရောက်ပြီ။
ဘာမှ မကြာဘူး။ ပြီးတော့
အိမ်အပေါ်ထပ်ကို တက်ခဲ့တယ်။
အိပ်ခန်းထဲမှာ ဦးမြတ်ခေါင်က
ဖက်လုံးကြီးကိုခွပြီး
အိပ်မောကျနေဟယ်။

ပြန်တွေ့ပြီး နောက်ပိုင်းလား၊ အဆက်အသွယ် ရှိကာပေ့ါ။

တစ်မျိုးတော့ မထင်ပါနဲ့ဗျာ။ ကျွန်တော်တို့က သူငယ်ချင်းချစ်၊ ရိုးရိုးရှင်းရှင်းပါ။

ဒါပေမဲ့ဗျာ. . . ဦးမြတ်ခေါင် မကောင်းဘူး။ ကျွန်တော်နဲ့ ဝေးကို သံသယမျက်စိနဲ့ကြည့်တယ်။ သက်ာမကင်းတဲ့သဘောပေ့ါ။

ဘယ်. . . ဗျာ။ ဒု သ န သော ဆိုတာ ခပ်ငယ်ငယ် ဘုန်းကြီးကျောင်းမှာ နေဖူးလို့ နားလည်နေတာ လင်ရှိမယား ဝေးကို စိတ်နဲ့တောင် မပြစ်မှားဘူး ယုံ။

ဝေးကို သူငယ်ချင်း သံယောဇဉ်နဲ့ သန့်သန့်စင်စင် ချစ်တာပါ။

ဆင်းဆင်းရဲရဲ ငတ်ငတ်ပြတ်ပြတ်နဲ့ ကျွန်တော့်လို ကလေးကို သူမို့လို့ အရောတဝင် သူငယ်ချင်းဖြစ်ခဲ့တာ။ ဝေးက ကျွန်တော့်အပေါ် ကောင်းပါတယ်။

ဒါနဲ့. . .

တစ်နေ့တော့ ဦးမိုး အပေါင်းအသင်း 'ဘယ်ကျော်' ဆိုတဲ့လူ ရောက်လာတယ်။ ထောင်ကလွတ်လာတာ နှစ်လတောင် မပြည့်သေးဘူးလို့ သိရတယ်။ အိမ်ဖောက်ထွင်းဖို့ အလုပ်ရှိလို့ ဦးမိုးကို လာအဖော်ညှိတာ။

ဟုတ်တယ်။ ဦးမြတ်ခေါင်တိုက်ကို ဖောက်မလို့တဲ့။ စာကြည့်ခန်း မီးခံသေတ္တာထဲက ဖိုင်တွဲအနီကို အမိက ယူပေးရုံတဲ့။ ငါးသိန်းပေးဝယ်တဲ့လူ ရှိတယ်။ ခက်ခက်ခဲခဲ ထုခွဲစရာ မလိုဘူးလို့ ပြောတယ်။ ကျွန်တော်ကတော့ ဘယ်သဘောတူမလဲ။ ဝေးတို့ အကျိုးစီးပွား ထိခိုက်မှာကိုး။ ဒီတော့ ဦးမိုးက. . .

"ဟာကွာ. . . တာတူးကလည်း မီးခံသေတ္တာက မင်းပါမှ ဖြစ်မှာ"

လို့ စိတ်ပျက်လက်ပျက် ပြောတယ်။ ဆက်ပြီး ပြောဆိုချင်စိတ် မရှိတာနဲ့ အိမ်ပြင်ထွက်လာခဲ့တယ်။

ပန်းခြံထဲ တစ်ယောက်တည်းသွားထိုင်နေတာပေ့ါ။

ညကျတော့ လူခြေတိတ်ချိန်လောက်မှာ ဝေးတို့ခြံထဲကို မှောင်ရိပ်ခိုဝင်၊ အိမ်ရှေ့တံခါးမကြီးက သော့ကိုဖွင့်၊ စာကြည့်ခန်းထဲကို တန်းသွား၊ မီးခံသေတ္တာဖွင့်ဖို့ ခဏလေး ကြိုးစားလိုက်ရတယ်။ ဘယ်ကျော်ပြောတဲ့ ဖိုင်အနီ ကျွန်တော့်လက်ထဲရောက်ပြီ။ ဘာမှ မကြာဘူး။ ပြီးတော့ အိမ်အပေါ်ထပ်ကို တက်ခဲ့တယ်။ အိပ်ခန်းထဲမှာ ဦးမြတ်ခေါင်က ဖက်လုံးကြီးကို ခွပြီး အိပ်မောကျနေတယ်။

ဝေးကတော့ ဘယ်အချိန်ကြည့်ကြည့် ကျွန်တော့်သူငယ်ချင်းက လှနေတာပဲ။

ဒါနဲ့ ဝေးကို တိုးတိုးသက်သာနှိုးပြီး အောက်ထပ် မီးဖိုခန်းထဲ ခေါ်ခဲ့တယ်။

"ဝေး. . . ဒီဖိုင်တွဲကို လုံခြုံမယ်ထင်တဲ့နေရာမှာသိမ်း၊ မဖြစ်မနေ လိုချင်တဲ့လူတစ်စု ရှိတယ်"

"တာတူးရယ်၊ ငါက ဘာများလဲလို့ ဒါ စာချုပ်စာတမ်းတွေ သိမ်းတဲ့ဖိုင်၊ ဒါထက် နေပါဦး၊ နင်က အချိန်မတော်ကြီး အိမ်ထဲ ဘယ်လိုလုပ် ဝင်လာတာလဲ"

www.burmeseclassic.com

"ဘာပဲဖြစ်ဖြစ် သေချာ. . ."

"ဒုန်း"

"ဂွမ်း"

ကျွန်တော့်စကား မဆုံးခင်မှာ ခြားအခန်းက အသံတွေ ကြားလိုက်တယ်။

ကျွန်တော်နဲ့ဝေး တစ်ခဏတော့ မ်နားထောင်နေမိတယ်။ ဘာသံမှ ပ်မကြားရတော့ ပြန်မယ်ဆိုပြီး ထွက်၊ ထမင်းစားခန်းအပေါက်ဝမှာ နေတဲ့ ဦးမြတ်ခေါင်ကို တွေ့လိုက်ရတယ်။

ဝေး တို့ အတူထွက်ပြေးမယ် ပြောတော့ 'ဥပဒေဘောင်အထဲက ပြေရှင်းမယ်' တဲ့။

ဝေးနဲ့ ကျွန်တော့်ကို ကြည့်တဲ့ ကြည့်က ကျွန်တော် အကဲခတ်တတ် တယ်။ အင်မတန် အထင်သေးတဲ့ ကြည့်၊ အင်မတန် စက်ဆုပ်ရွံရှာတဲ့ ကြည့်၊ မီးဝင်းဝင်းတောက်နေတဲ့ က်လုံးတွေ။

ကျွန်တော် ဘယ်က စရှင်းရမှန်း သိခင်မှာပဲ. . .

"သစ္စာမရှိတဲ့ မိန်းမယုတ် သေပေ တော့"

ပြောပြောဆိုဆို ဦးမြတ်ခေါင်ဟာ ဆီကို ပြေးသွားပြီး သူ့လက်နှစ်ဖက် သေးလည်ပင်းကို ညှစ်တယ်။

ကျွန်တော့်မျက်စိရှေ့မှာ ဝေးကို သတ်နေတာ မကြည့်ရက်တော့ဘူး။ ကျွန်တော် ဦးမြတ်ခေါင်ကို ပြေးကန်လိုက်တယ်။

ဝေး သူ့လက်ကလွတ်ပြီး အလဲလဲအပြိုပြို ဖြစ်သွားတာပေါ့။

ဦးမြတ်ခေါင် ပန်းကန်စင်ဘက် လဲကျသွားရာက ထလာတယ်။ ဟိုကြည့်ဒီကြည့်နဲ့ ဓားကို တွေ့သွားတယ်။ ယူတယ်။ ကျစ်ကျစ်ပါအောင် ဆုပ်တယ်။ ပြီးတော့ ကျွန်တော့်ကို ပြေးထိုးလိုက်တယ်။

ရင်ဖွင့်ပေးထားရာက ညာခြေကို တစ်လှမ်းဆုတ်၊ သူ့လက်ကို အမိဒ. ရကိုင် သူ့အား ကိုယ့်အားပေါင်းပြီး နံရံဘက် ဆွဲပစ်ချလိုက်တယ်။

"ဒုန်း"

"အား"

သွားပြီ။

ဆွဲပစ်လိုက်တဲ့အရှိန်နဲ့ နံရံကို အဆောင့်၊ သူ့ဓားနဲ့သူ ထိုးမိသွားတယ်။

ဘယ်ဘက်ရင်အုံအောက်ဘက် နှလုံးသားတည့်တည့် ပွဲချင်းပြီးသွားပြီ။

ကဲ ဘာလုပ်ကြမလဲ။

ဝေး တို့ အတူထွက်ပြေးမယ်ပြောတော့ 'ဥပဒေဘောင်အထဲက ဖြေရှင်းမယ်' တဲ့။

ဒါလူသတ်မှု။ ပေါ့သေးသေးမှတ်လို့ သူ အလွယ်ကလေး ပြောတယ်။

စောင့်တယ်။

ဝေး ရောက်မလာပါဘူး။ ရဲတွေ ဖိဖိစီးစီးလိုက်နေတယ် ကြားတယ်။

အခြေအနေ သိပ်မကောင်းဘူး။ လစ်မှ. . . ။

ဟာ. . . ဘယ်ကျော် ရောက်လာတယ်။

လေထဲ မိုးထဲ ဖိုင်အနီကို တောင်းတယ်။

မရှိဘူး၊ ယူမလာဘူး၊ မပေးနိုင်ဘူး လို့ပြောတော့ လက်မခံဘူး။ သူ့မှာပါတဲ့ မောင်းပြန်ဓားကို ထုတ်တယ်။ အကြမ်းနည်း သုံးမယ်ပေါ့။

ဒီလို တော့ လည်း ရမလား။

ယောကျ်ားချင်းပဲ၊ သူသေ ကိုယ်သေပေါ့။ ရင်ဆိုင်ဖို့ အသင့်ပြင်ထားတယ်။ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ သင်ထားတဲ့ ကိုယ်ခံပညာနဲ့ ခုခံရမှာ၊ လွယ်တော့ မလွယ်ဘူး။

သူက သတ်ပုတ်နေကျလူ၊ လက်ယဉ်နေတဲ့လူ၊ ဦးမြတ်ခေါင်လို အစိမ်းသက်သက် မဟုတ်ဘူး။

ဟော. . . စုတ်တရက် ပြေးထိုးတယ်။

ရှောင်တယ်၊ လွတ်တယ်၊ လက်ပြန်တွက်တယ်၊ တစ်ချက် ထိသွားပြီ။ သတိထားနေရင်း နောက်တစ်ချက်၊ နောက်တစ်ချက်၊ ဒဏ်ရာတွေ ပွနေပြီ။ ညာဘက်ရင်မှာ နက်နက်လေး စူးဝင်သွားတယ်။ ရှောင်ရတိမ်းရ၊ လှုပ်ရှားရနဲ့ သွေးတွေ တော်တော်ထွက်လာတယ်။

ဘယ်ကျော် အပိုင်တွက်ပြီး ပြေးတက်လာတယ်။ ခဲတစ်လုံး တက်နင်းပြီး ဟန်ချက်အပျက်၊ ရှိစုမဲ့စု အားကုန်သုံးပြီး ဝိုက်ကျလာတဲ့ သူ့မေးစေ့ကို ခြေဖျားနဲ့ ခတ်ထည့်လိုက်တယ်။

နောက်ကို လန်ထွက်သွားတယ်။

မထနိုင်တော့ဘူး။

ကားတစ်စီး ဝင်လာတယ်။

"တာတူး. . တာတူး. . ဘာဖြစ်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com

ဝေး ရောက်လာပြီး တွဲတယ်။ ကားပေါ်တင်တယ်။

"ဆေးရုံကို မောင်းရမလား"

"ဟာ. . . ဘယ်ဖြစ်မလဲ၊ မြို့ပြင်ကိုမောင်း"

ကြောက်အား လန့်အားနဲ့ ဝေး မောင်းထွက်လိုက်တယ်။

နောက်တော့. . .

ကျွန်တော် ဘာမှမသိတော့ဘူး။ တစ်လောကလုံး မှောင်အတိကျသွားတယ်။

◆

(၄)

ကျုပ် မညာတတ်တာ ဆရာ သိပါတယ်။

ဘယ်တုန်းက ညာဖူးလို့လဲ။ ခိုးရင် ခိုးတယ်၊ ဖောက်ရင် ဖောက်တယ်ပေါ့။

လုပ်ရဲရင် ခံရဲရတယ်၊ ဘာညာစရာရှိလဲ။

အဲဒီတိုက်ကိုဖောက်ဖို့ ကြံတာက ကျုပ်နဲ့ ဘယ်ကျော် နှစ်ယောက်တည်း။ ဟင့်အင်း၊ တာတူး မပါဘူး၊ ကျုပ်ပြောတာ အမှန်ပါ။

အဲ. . . ဟိုရောက်တော့ ကျုပ်တို့ ပင်ပင်ပန်းပန်း စာကြည့်ခန်းထဲမှာ မီးခံသေတ္တာက ပွင့်နေပြီ။ ဖိုင်အနီ မရှိတော့သလို တာတူးကိုလည်း မတွေ့တော့ဘူး။

ဒီကြားထဲ ဘယ်ကျော်က တစ်မှောင့်။

အိမ်ဝင်ခိုးပါတယ်ဆိုမှ ငြိမ်ငြိမ် မနေဘူး။ အလည်သွားသလို ဟိုသွား ဒီသွားနဲ့ ပန်းအိုးတင်ထားတဲ့ မင်ကလေးနဲ့ တိုက်မိတာ ဒီကောင် သူခိုးပါး မဝလို့ ဒီလိုဖြစ်ရတာ။

အိမ်အပေါ်ထပ်က မီးပွင့်လာတယ်။ ဆင်းလာတဲ့ ခြေသံလည်း ကြားရတယ်။

ကျုပ်နဲ့ ဘယ်ကျော် စားပွဲအောက်မှာ ဝင်ပုန်းနေကြတာပေါ့။

မကြာပါဘူး။ ထမင်းစားခန်းဘက်က တွန်းထိုးသတ်ပုတ်သံ ကြားရတယ်။

နောက်ကျတဲ့ခြေထောက် သစ္စာဖောက်ပေါ့။ ကျုပ်နဲ့ ဘယ်ကျော် သုတ်ခြေတင်ပြေးကြရတော့တယ်။ မြင်တာတော့ ဘာမှမမြင်ခဲ့ရဘူး။ အဲဒီအချိန်မှာ ပြေးနိုင်မှ လွတ်မှာကိုး။

ကျုပ်နဲ့ ဘယ်ကျော် တစ်ယောက်တစ်လမ်းစီ။ တာတူး အိမ်ပြန်ရောက်လာမှ အခြေအနေမှန်ကို သိရတာ။

သူငယ်ချင်း သံယောဇဉ် တော်တော်ကြီးတဲ့ကောင်။ ကြောက်တယ်လို့လည်း မပြောရက်ဘူး။ ခုမှတော့ မထူးတော့ဘူး ဆိုပေမယ့် ပြေးကြမှ ဖြစ်မယ် ထင်တယ်။

အနေအထားက သိပ်မကောင်းဘူး။

နောက်နေ့ညနေ ဘုရားပျက်ကုန်းမှာ ပြန်ဆုံဖို့ပြောပြီး လူချင်းခွဲခဲ့ကြတယ်။

နောက်တစ်နေ့. . .

မိုးသာ စုပ်စုပ်ချုပ်သွားတယ်။ ဒီကောင် ပေါ်မလာဘူး။

"ကျုပ်တို့ ဓားပြသွားတိုက်မလို့ ရဲတွေ ကြိုစောင့်နေပါတယ်"

လို့ ဘယ်ဓားပြကမှလည်း စခန်းကိုလာပြီး မပြောပါဘူး

အခုလို. . .

◆

(၅)

အပိုင်နယ်မြေ ရဲကင်းတွေ ခွဲ
တာဝန်ချထားတယ်။ လှည့်ကင်းဆို
တော့ မပြောနဲ့တော့။ တပ်ဖွဲ့ဝင်
အိပ်ချိန်ကို မရှိဘူး။

မှောင်ခိုပိုခို၊ မသင်္ကာ၊ ကြို
ကာကွယ်တဲ့ အမှုတွေ လက်မလည်ဘူး
နယ်ထိန်းတပ်ဖွဲ့ဝင်တွေ နားမှ မန
ရတာ။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဆိုတာ
ခန့်ခွဲမှုစနစ်အသစ်နဲ့။

- ရပ်ရွာအေးချမ်းသာယာရေး
- တရားဥပဒေစိုးမိုးရေး၊
- မူးယစ်ဆေးဝါးအန္တရာယ် တာ
ဆီးရေး၊
- ပြည်သူ့အကျိုးပြုလုပ်ငန်းများ
ဆောင်ရွက်ရေး

ရည်မှန်းချက်တာဝန်ကြီးက
ရပ်။ နောက်ပြီးတော့ စိတ်ဓာတ်၊ စည်
ကမ်း၊ သစ္စာ၊ စည်းလုံးမှု စွမ်းရည်
ရပ် ပြည့်စုံမှုဆိုတဲ့ အရည်အချင်း
ငါးရပ်နဲ့ ပြည့်မီရမယ်။

ကဲ. . ဒီအမှုမှာပဲကြည့်။ အမှု
ဖြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ လူသတ်

တရားလိုက ဒေါ်ဝေးခက်မ
သေဆုံးသူရဲ့ဇနီး။

ဖုန်းသတင်းနဲ့တိုင်တယ်။

အချိန်က ညဉ့်နှစ်နာရီ မိနစ်
ဆယ်။

အခုတင် ကင်းလှည့်စစ်ဆေး

www.burmeseclassic.com

www.burmeseclassic.com

ခန်းပြန်ရောက်ကာစ ရှိသေးတယ်။
တာဝန်ကျ စခန်းမှူးက သတင်းပို့တင်ပြတယ်။

အချိန်ဆွဲနေလို့ မရတော့။ ချက်ချင်းထလိုက်သွားရတယ်။

ဒါက တာဝန်။

အမှုအခြေအနေက ရှင်းသလိုလို နည်းနည်းတော့ ရှုပ်ထွေးနေတယ်။

လှည့်ကွက်၊ မြုပ်ကွက်၊ ဖုံးကွယ်ချက် တစ်ခုခုတော့ ရှိနေပြီ။

နယ်ထိန်းအရာရှိ ချစ်ခင်ကို အပ်တဲ့ ညွှန်ကြားချက်တွေ ပေးလိုက်တယ်။

စခန်းမှူးက တာဝန်ပေးတာဆိုတော့ ကားနဲ့ မြို့ပြင်ဘက်ကို ထွက်သွားတယ်။ အဆင်သင့်ပဲလေ။ နယ်ထိန်းချစ်ခင်က နောက်ကနေ အရိပ်ပမာ လိုက်သွားတယ်။

မြို့ပြင်မှာ ဝေး ကားခဏရပ်တယ်။ ပြီးတော့ ဆက်ထွက်သွားတယ်။

ဝေး ကားရပ်တဲ့နေရာမှာ လဲကျနေတဲ့ ဘယ်ကျော်(ခ)လင်းခက်(ခ)တင်ဝင်း၊ လူဆိုးမှတ်တမ်းဝင် ထွက်ကို တွေ့လို့ ကားပေါ်တင်ပြီးတော့ ဝေးကို မျက်ခြည်ပြတ်ပြီ။

နယ်ထိန်းအရာရှိ ချစ်ခင်ကတော့ မပျက်ပါပဲ။

ဘယ်ကျော်ကို လိုအပ်တာတွေ ပြီး အချုပ်ထဲ ထည့်ထားတယ်။

နောက်တစ်နေ့။

ဒုရဲအုပ် ချစ်ခင် စခန်းမှူးရုံးခန်းထဲ ကလေး ဝင်လာတယ်။

ထူးခြားဖြစ်စဉ် တင်ပြတယ်။ လိုအပ်တဲ့ ပံ့ပိုးမှုတွေ တောင်းဆိုတယ်။ သူ့အစီအစဉ်အတိုင်း ဆက်လုပ်ခိုင်းလိုက်တယ်။

နယ်ထိန်းအဖွဲ့က ကြိုရောက်နှင့်နေတယ်။ ကျန်အဖွဲ့က ဝေးရဲ့ ကားနောက်ကနေ လိုက်တယ်။

မြို့ပြင် ဘုရားပျက်ကုန်း။

ဝေးက ကားကို လမ်းဘေးကပ်ရပ်လိုက်တယ်။

ကားပေါ်ကဆင်းတော့ လက်ထဲမှာ လွယ်သူ့ပန်းခြင်းကလေးနဲ့ တစ်ကိုယ်လုံး အနက်ရောင် အဝတ်အစားနဲ့၊ ဝမ်းနည်းခြင်း အထိမ်းအမှတ်နဲ့ပေါ့။ ခေါင်းငိုက်စိုက်ချပြီး တစ်လှမ်းချင်း ဘုရားပျက်ကုန်းပေါ် တက်သွားတယ်။ နောက်ကပါတဲ့အဖွဲ့က အသာစောင့်ကြည့်တယ်။

မြေပုံအသစ်ကလေးပေါ်ကို ပန်းခြင်းတင်လိုက်တယ်။ ဗုဒ္ဓဘာသာဝင်ပီပီ လက်အုပ်ချီ ကန်တော့တယ်။ ပါးစပ်ကလည်း တတွတ်တွတ်နဲ့ ဆုတောင်းနေကြတာ။ နည်းနည်းလေးလှမ်းတော့ ဘာမှမကြားရဘူး။ ကိုယ်ကလေးလှုပ်ပြီး ရှိုက်ရှိုက်ငိုနေတာကိုတော့ ခန့်မှန်းလို့ရတယ်။

ခဏနေတော့ မတ်တတ်ရပ်တယ်။ နောက်လှည့်ပြီး လာတုန်းကလိုပဲ တစ်လှမ်းချင်းလှမ်းပြီး ကားဆီ ပြန်သွားတယ်။

ကားနားရောက်တော့ ရပ်ပြီး မြေပုံကို နောက်ပြန်တစ်ချက် ကြည့်တယ်။ နောက် ကားထဲဝင်၊ တံခါးပိတ်၊ စက်နှိုးပြီး ကားကို ဂငယ်ကွေ့ ကွေ့ပြီး မြို့ထဲဘက် ပြန်မောင်းတယ်။

နယ်ထိန်းအရာရှိ ချစ်ခင်။

လျှင်တယ်ဗျာ။

မြေပုံနဲ့ မလှမ်းမကမ်းက ကုက္ကိုလ်ပင်အောက်မှာ ဖျတ်ခနဲ ပြေးဝင်ပြီး လက်ထိတ်ခတ် ဖမ်းလိုက်တယ်။ လက်သိုင်း ပတ်တီးကြိုးစည်းနဲ့ ဒဏ်ရာ ရထားတဲ့ တာတူး။

ဘုရားပျက်နောက်မှာ ပေါက်ပြားတစ်လက်နဲ့ ယာယီ သုဘရာဇာ၊ လက်သစ်ဖောက်ထွင်း မိုးကြိုး(ခ)မိုးကောင်း(ခ)ဦးမိုးကို နယ်ထိန်းတပ်ကြပ်ကြီး တင်အောင်က ဖမ်းထားပြီးသား ဖြစ်နေတယ်။

ပြေးကာနီး သူငယ်ချင်းဖြစ်သူ ဝေးကို ခြေရာဖျောက်ပြီး သေကွဲ ကွဲဟန်ဆောင်တဲ့ သာထူး(ခ)တာတူးကို ခြေရာကောက်မိခဲ့တယ်။

သတိရတော့. . .

ကားမောင်းထွက်သွားတဲ့ ဝေးကို လှမ်းကြည့်လိုက်တယ်။ ဝေးရဲ့ကားကို တားပြီး ဝေးကို ရဲစခန်းအရောက် ဘေးရန်ကင်းကင်းနဲ့ ကားမောင်းပို့မယ့် တာဝန်မှူး ဒုရဲအုပ် လှဝင်း။

ကွင်းဆက်ကလေးတွေ တစ်ခုစီ ချိတ်လို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲ့ အစိတ်အပိုင်းလေးတစ်ခု။ မြို့သစ်ရဲစခန်းက တပ်ဖွဲ့ဝင်များ ရဲမှုခင်း ဖော်ထုတ်မှု။

ဥပဒေနှင့်အညီ တရားစွဲတင်ပို့နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရဦးမယ်။

ခင်မောင်ထွန်း(လမ်းမတော်)

www.burmeseclassic.com

www.burmeseclassic.com

တရုတ်ပြည် ပြည်တွင်းလုံခြုံရေးနှင့် ကမ္ဘာ့အကြမ်းဖက်မှုကာကွယ်ရေးစရိတ် တိုး မြှင့် လျ က် ရှိ ခြ င်း

ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

ယခုအခါ တရုတ်ပြည်တွင် ပြည်တွင်းလုံခြုံရေးနှင့် ကမ္ဘာ့အကြမ်းဖက်မှုကာကွယ်ရေးစရိတ် တိုးမြှင့်လျက်ရှိ၏။ ၂၀၁၃ ခုနှစ်တွင်မူ ပြည်တွင်းလုံခြုံရေးစရိတ်ကို ရင်မင်ဘီသန်းပေါင်း ၇၆၉,၀၀၀ သန်း သုံးစွဲရန် ဘတ်ဂျက်သတ်မှတ်ခဲ့သည်ဟု သိရသည်။ မကြာသေးမီက ပဥ္စမအကြိမ်မြောက် နိုင်ငံတကာအကြမ်းဖက်မှု လုံခြုံရေးပြပွဲ ခင်းကျင်းပြသခဲ့ရာ တရုတ်ပြည်သို့ ပြင်သစ်၊ ဂျာမနီ၊ ဟော်လန်(နယ်သာလန်)၊ အစ္စရေး(လ်)၊ အမေရိကန် အစရှိသော ၁၀ နိုင်ငံတို့က ၎င်းတို့၏ နောက်ဆုံးပေါ်လက်နက်များကို့ကို သယ်ဆောင်၍ ခင်းကျင်းပြသခဲ့သည် ဆိုသည်။

ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

Ref:- C.S.T. (Singapore)
(20.5.2013), Page(19)

www.burmeseclassic.com

www.burmeseclassic.com

ဝမ်းရေးအတွက် အသုဘများတွင် အငှားလိုက်၍ ပူဆွေးမှုကိုပြုလုပ်ပေးသော အမျိုးသမီး

ဦးဦးသိန်း

သူမအမည်မှာ လျူချန်လင်း။

သူမအသက်မှာ ၃၀ နှစ်။

သူမသည် အသုဘများတွင် အသုဘရှင်များကိုယ်စား ပူဆွေးမှုကို အငှားလိုက်၍ ပြုလုပ်ပေးခြင်းဖြင့် အသက်မွေးနေရသူ ထိုင်ဝမ်သူ ဖြစ်သည်။

တရုတ်လူမျိုးများနေထိုင်ရာ ကျွန်းတွင် ရှေးရိုးစဉ်လာအရ အသုဘများတွင် သေဆုံးသူများ၏ သားသမီးများနှင့် ဆွေမျိုးရင်းချာများက ငိုကြွေးကြရ၏။ သောကမီးကို ပြကြရ၏။

သို့သော် ခေတ်ကာလပြောင်းလာသောအခါ ထိုသို့ပြုလုပ်ရသော သောကမီးကို ပြုလုပ်သူ နည်းလာ၏။ ရှေးရိုးစဉ်လာကို လက်ခံသူအချို့သာလျှင် ထိုအလုပ်ကိုလုပ်နေကြသော်လည်း အချို့သော သားသမီးများ၊ ဆွေမျိုးများသည် ကိုယ်တိုင်ကိုယ်ကျ ငိုကြွေးခြင်း၊ ပူဆွေးခြင်း၊ တမ်းတခြင်းကို ကိုယ်တိုင်မပြုလုပ်ဘဲ ထိုအလုပ်မျိုးကို ဝမ်းရေးအတွက် အငှားလိုက်ပြုလုပ်ပေးသူများကို ငှားရမ်းကြ၏။

အသုဘအငှားလိုက် အလုပ်လုပ်သော လျူချန်လင်းသည် အသံကောင်း၏။ အဝတ်အစားကို သပ်သပ်ရပ်ရပ်ဝတ်ပြီး လက်တစ်ဖက်တွင် အသံချဲ့စက်စကားပြောခွက်ကိုကိုင်၍ လူသေထည့်ထားရာ အခေါင်းရှိရာသို့ ပေ ၃၀ ခန့် အကွာမှနေပြီး ဒူးထောက်သွားရ၏။

သေသူမှာ မစ္စတာရန်းဆိုသူဖြစ်၏။

မစ္စတာရန်း၏ သမီးကြီးသည် လျူချန်လင်းနှင့်အတူတူ လိုက်ပါလာ၏။

"ပြန်လမ်းမရှိတဲ့ ခရီးကိုသွားတဲ့သူရယ်"

www.burmeseclassic.com

လျူချန်လင်းသည် ငိုရှိုက်၍ သောကမီးကို စပြ၏။ လူဦးရေ ၃၀ ခန့်ရှိသော ခွေးမျိုးသားချင်းများကလည်း မလှုပ်းမကမ်းမှနေ၍ ဝမ်းနည်းစွာဖြင့် ကြည့်နေကြသည်။

လုပ်သက် ၁၂ နှစ်ရှိလာပြီဖြစ်သော လျူချန်လင်း၏ မျက်လုံးများမှ မျက်ရည်များ လိမ့်ဆင်းလာ၏။ (ကျွန်မက မျက်လုံးထဲကို ဘာမှမထည့်ဘဲ မျက်ရည်ထွက်လာအောင် လေ့ကျင့်ထားရတယ်ဟု လျူက သတင်းထောက်များကို အခမ်းအနားအပြီးတွင် ပြောပြသည်။)

လျူသည် ကွယ်လွန်သူ၏ စိတ်ထားသဘောထား ကောင်းကြောင်း၊ သားသမီးများအပေါ် အလွန်ချစ်ခင်ကြောင်း၊ ခွေးမျိုးများကိုလည်း စောင့်ရှောက်မှုရှိကြောင်းဖြင့် ဖွဲ့နွဲ့၍ ပြော၏။

ထိုင်ဝမ်ကျွန်း၏ မြို့ကြီးများတွင် အငှားလိုက် ပူဆွေးမှုကိုပြုလုပ်သူသည် တဖြည်းဖြည်း လျော့နည်းလာသည်ဟု သေမှုသေခင်းများ မှတ်တမ်းတင်ရေးဌာနမှ ဆရာဝန်တစ်ယောက်က ပြောပြသည်။

အငှားလိုက်ပူဆွေးမှုပြုလုပ်သူများစွာရှိရာတွင် လျူချန်လင်းသည် တစ်လလျှင် ရေးအခါက ၅၀ ခန့် အငှားလိုက်ရသော်လည်း ယခုအခါ ၃၀ ခန့်သာ လိုက်ရ၏။ အခြားသူများမှာ သူမလောက် အငှားမလိုက်ရဟု သိရသည်။

အသုဘတွင် အငှားလိုက်၍ ပူဆွေးမှုကို ၄၅ မိနစ်ခန့် ပြုလုပ်ပေး[...] ၏။ ရရှိသည့်အခကြေးငွေမှာ ထိုင်ဝ[...] သုံးဒေါ်လာ ၁,၅၀၀ (စင်ကာပူဒေါ်လာ ၆၀) ဖြစ်၏။

ငွေကြေးချမ်းသာသူများကမူ ထို့ထက် ပိုပေးလေ့ရှိသည်ဟု သိရသည်။

လျူချန်လင်းသည် ဇော်ပရ[...] မင်းသမီးဖြစ်သူ အဘွား၏ သွန်သင်ပေး[...] မှုကြောင့် ဤအလုပ်ကို ပိုင်ပိုင်နိုင်နိုင် လုပ်နိုင်၏။

ဦးဦးသိန်း

(Sunday times-21.4.2013)

နိုင်ငံတကာ ကလေးပြားယောင်းသွေးဆောင်မှုဥပဒေ

လွန်ခဲ့သော ၂၀၀၇ ခုနှစ်ခန့်က စင်ကာပူမြို့မှ တရုတ်လူမျိုး မှတ်ပုံတင်ရရှိသည့် ပြင်ပသူနာပြုဆရာမ တစ်ဦး ------သည် ဂျာမနီနိုင်ငံသား အမျိုးသားတစ်ဦးနှင့် မေတ္တာမျှကာ ချစ်သူဘဝသို့ ရောက်ရှိခဲ့၏။ သို့ရာတွင် အတူမနေဘဲ အမျိုးသားခင်ပွန်းသည်သည် ဂျာမနီနိုင်ငံသို့ ပြန်သွားခဲ့ပြီး ဇနီး(မယားလောင်း) အမျိုးသမီးမှာမူ စင်ကာပူမြို့၌ ကျန်ရစ်ခဲ့သည်ဆိုသည်။ နှစ်နှစ်ခန့်ကြာသောအခါတွင် အမျိုးသမီးသည် ခင်ပွန်းသည်လောင်းရှိရာ ဂျာမနီနိုင်ငံသို့လိုက်၍ အတူနေထိုင်ပေါင်းသင်းခဲ့ရာမှ ကိုယ်ဝန်ရရှိခဲ့သည်။ ထိုစဉ်အခါကျမှ ——ခုနှစ်၊ စက်တင်ဘာလတွင် ဒိန်းမတ်နိုင်ငံသို့ သွားရောက်ပြီး တရားရုံးတော်၌ တရားဝင်လက်ထပ်ခဲ့သည်ဆိုသည်။ ယင်းနောက် ၂၀၁၀ ပြည့်နှစ်၊ ဧပြီလတွင် သားယောက်ျားလေးတစ်ဦး မွေးဖွားခဲ့ပြီး ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ၌မူ တစ်ဖန် ဒုတိယသားယောက်ျားလေး တစ်ဦး မွေးဖွားခဲ့ပြန်လေသည်။ သူမသည် ဂျာမနီနိုင်ငံရှိ ခင်ပွန်းသည်၏နေအိမ်တွင် အတူနေထိုင်ခဲ့ရာ ယောက်ျားမနှင့် မတည့်သဖြင့် သားနှစ်ယောက်ကိုခေါ်ပြီး စင်ကာပူနိုင်ငံသို့ ပြန်လာခဲ့၏။ ၎င်းနောက် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလတွင် ဂျာမနီနိုင်ငံသို့ ပြန်ရန်ပြုလုပ်နေစဉ် ခင်ပွန်းသည်က ဂျာမနီနိုင်ငံသို့လာခွင့်မပြုပြည့်အပြင် ဂျာမနီနိုင်ငံရှိ တရားရုံးတော်တွင် ကလေးခေါ်ဂိုမှု၊ ကလေးအုပ်ထိန်းခွင့်လျှောက်ထားခဲ့ရာ အနိုင်ဒီဂရီရရှိခဲ့၏။ ဆိုလိုသည်မှာ ကလေးခေါ်လိုခွင့်နှင့် ကလေးအုပ်ထိန်းခွင့် ရရှိသွားသည်။ အမျိုးသမီးက ၎င်းအမိန့်ကို လုံးဝ မကျေနပ်သဖြင့် အထက်တရားရုံးတော်သို့ အယူခံဝင်ခဲ့ရာ အမှုပယ်ချခြင်းခံခဲ့ရသည့်အပြင် နိုင်ငံတကာ(အပြည်ပြည်ဆိုင်ရာ) ကလေးဖြားယောင်းသွေးဆောင်မှုဥပဒေအရ တရားစွဲဆိုခံရပြန်သည် ဆိုသည်။

ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

Ref:- C.S.T. (Singapore) (22.5.2013)

www.burmeseclassic.com

www.burmeseclassic.com

နောက်ယောင်ခံ ဝံပုလွေများ

သိမှတ်ဖွယ်

ရှေးဟောင်း ခြေရာခံနည်းပညာရှင်များ

မောင်မောင်စန်းထွေး

နောက်ယောင်ခံဝံပုလွေသည် လူသားဖြစ်သည်။ သူသည် သားရဲတိရစ္ဆာန်များကို လိုက်လံရှာဖွေခြင်း မတတ်။ သူရှာဖွေသည်က လူသားပဲဖြစ်သည်။ နောက်ယောင်ခံဝံပုလွေသည် ပူပြင်းသော သဲကန္တာရရှိ သဲသောင်ပြင်ကို ကျော်ဖြတ်ပြီး ဖြည်းဖြည်းစွာ လျှောက်သွားသည်။ သူ၏ မျက်လုံးများသည် သဲသောင်ပြင်ကို စူးစိုက်ကြည့်သည်ကြည့်လုပ်သည်။ သဲကန္တာရတွင် လူသားအများစုက သဲများ ကျောက်ဆောင်များနှင့် အပင်ခြောက်ကိုသာ မြင်တွေ့ပေလိမ့်မည်။ နောက်ယောင်ခံဝံပုလွေကမူ ဖြစ်ရပ်တစ်ခုကိုသာ မြင်၏။ သူသဲသောင်ပြင်ကို အနီးကပ်ကြည့်ရာ လမ်းကို လူငါးယောက် ဖြတ်သွားခဲ့ကြောင်း သူပြောနိုင်သည်။ ၎င်းတို့အနက် လေးယောက်က လေးလံသော အထုပ်များကို ထမ်းကြသည်။ သူတို့ တဖြည်းဖြည်း ရွေ့လျားနေကြသည်။ ယခုအချိန်ထိ သူတို့ထွက်မပြေးကြသေး။ သို့ရာတွင် အထုပ်ကြီးများကို ထမ်းလျက် မြန်နိုင်သမျှ အမြန်ဆုံး ရွေ့လျားကြသည်။ သူတို့ထဲမှတစ်ယောက်သောသူသည် အထုပ်ကိုမသယ်။ ထိုသူသည် ၎င်းအုပ်စု၏ ခေါင်းဆောင်ဆိုသူဖြစ်ကြောင်း နောက်ယောင်ခံဝံပုလွေက သိသည်။ နောက်ယောင်ခံဝံပုလွေသည် ပူပြင်းသော သဲကန္တာရကို ဖြတ်ကျော်ရာတွင် အမြန်နှုန်းတင်လာသည်။ မကြာခင် ထိုလူငါးယောက်ထွက်ပြေးနေသည်ကို မြင်ရ၏။ သူတို့က နောက်ယောင်ခံသူ လိုက်လာသည်ကို သိကြသည်။

အချိန်အနည်းငယ်အကြာ အဝေးရောက်ချိန်တွင် ငှက်တစ်အုပ် သဲသောင်ပြင်မှ ရုတ်တရက် ပျံသန်းကြသည်။ ထိုလူငါးယောက်က ငှက်များကို ခြောက်လှန့်ခြင်းဖြစ်သည်။ ထိုအခါ နောက်ယောင်ခံဝံပုလွေက သူ့အိတ်ထဲမှ ရေဒီယိုအသံအယာထုတ်ယူ

www.burmeseclassic.com

www.burmeseclassic.com



အကူအညီတောင်းလေသည်။ ထိုလူငါးယောက်ကို တစ်နာရီအတွင်း ဖမ်းဆီးရမိလေသည်။ ၎င်းတို့သည် အမေရိကန်ပြည်ထောင်စုအတွင်းသို့ တရားမဝင် မူးယစ်ဆေးဝါးများကို သယ်ဆောင်လာခြင်း ဖြစ်၍ အဖမ်းခံရခြင်း ဖြစ်သည်။ ယခုတစ်ကြိမ်တွင်လည်း နောက်ယောင်ခံဝံပုလွေများ အောင်ပွဲခံနိုင်ခဲ့သည်။

လွန်ခဲ့သည့် ရှေးနှစ်ပေါင်းများစွာကတည်းကပင် လူများသည် စုပေါင်းအမဲလိုက်ခဲ့ကြသည်။ ၎င်းတို့အမဲလိုက်ခြင်းဖြင့် တောရိုင်းတိရစ္ဆာန်အချို့နှင့် အစားအစာများကို ရှာဖွေကြရာမှ အချို့ကို အလွယ်တကူမတွေ့နိုင်သည့်အတွက် အသက်ရှင်ကျန်ခဲ့ကြသည်။ ထို့ကြောင့် ကျန်ရှိနေသည့် သားကောင်များကို ခြေရာခံကြသည်။ ထိုမှစ၍ အမဲလိုက်ရာတွင် ကျွမ်းကျင်မှုသည် အလွန်အရေးပါလာခဲ့သည်။ ရှေးမုဆိုးများသည် ကမ္ဘာ့ပညာရပ်တစ်ခုအဖြစ် ရရှိခဲ့သည့်ပညာမှာ သင်္ကေတ၊ သို့မဟုတ် အမှတ်အသားမှာ တိရစ္ဆာန်များ ဖြတ်သန်းသွားလာသည့် လမ်းကြောင်းတွင် ကျန်ရစ်ခဲ့သော အမှတ်အသားပင် ဖြစ်သည်။ ထိုကျွမ်းကျင်မှုကို နောက်ယောင်ခံခြင်းဟု ခေါ်ဆိုကြသည်။ ကောင်းသော နောက်ယောင်ခံသူတစ်ယောက်သည် ရက်ပေါင်းများစွာကြာအောင် တိရစ္ဆာန်များ၏ သွားရာလမ်းကြောင်းကို မတွေ့မချင်း၊ အောင်မြင်မှုမရမချင်း နောက်ယောင်ခံ လိုက်ခဲ့ကြသည်။

ဤကျွမ်းကျင်မှု ပညာရပ်များကို ယခုခေတ်သစ်ကမ္ဘာတွင် အတော်များများ ပျောက်ကွယ်ခဲ့လေပြီ။ သို့ဖြစ်သော်ငြားလည်း နောက်ယောင်ခံဝံပုလွေများသည် ၎င်းနည်းပညာရပ်များကို အသုံးပြုလျက် တရားမဝင်မူးယစ်ဆေးဝါးသယ်ဆောင်သူများကို ဖမ်းဆီးရာတွင် အသုံးပြုနေဆဲပင်။ နောက်ယောင်ခံဝံပုလွေအားလုံးသည်လည်း အမေရိကန်နိုင်ငံ၏ဇာတိဖွား ရက်အင်းဒီးယန်းများ ဖြစ်သည်။ ၎င်းတို့သည် အမေရိကန်ပြည်ထောင်စု၏ အမိမြေ လုံခြုံရေးဝန်ကြီးဌာနလက်အောက်ရှိ အကောက်ခွန်နှင့် နယ်စပ်ကာကွယ်ရေးဌာနမှ အထူးအမှုထမ်းများ ဖြစ်ကြသည်။ နောက်ယောင်ခံဝံပုလွေ အရေအတွက်အားဖြင့် ၂[illegible] ခန့်သာရှိသည်။ ၎င်းတို့သည် တိုဟိုနိုအိုအိုဒမ်းလူမျိုးစုဖြစ်ပြီး အခြားလူမျိုးစု ၁၀ ခုလည်း ရှိသေးသည်။

နောက်ယောင်ခံဝံပုလွေများသည် ရှေးဆိုရိုးစကားပုံအတိုင်း [illegible] ထိုင်လုပ်ကိုင်ကြသည်။ ၎င်းတို့၏ [illegible]

www.burmeseclassic.com

www.burmeseclassic.com

ဆိုရိုးစကားပုံမှာ "တောက်ပသော နေ့၏ မှောင်မိုက်သောည၊ ဘယ်မကောင်း ဆိုးရွားမှု ကျွန်ုပ်၏မြင်ကွင်းမှ မလွတ်နိုင်။ အကြောင်းမှာ ကျွန်ုပ်သည် နောက်ယောင်ခံဝံပုလွေဖြစ်သည်"ဟူ၍ ဖြစ်သည်။ နောက်ယောင်ခံဝံပုလွေများသည် ၎င်းတို့၏အထူးအလုပ်ကို ၁၉၇၂ ခုနှစ်မှစ၍ ထိုစဉ်က အကောက်ခွန်ဌာနဟု ခေါ်ဆိုသည့် ဌာနတွင် အလုပ်လုပ်ခဲ့ကြသည်။ တိုဟိုနိုအိုအိုဒမ်နယ်မှ အပျော်တမ်းအဖွဲ့ဝင်များဖြစ်ကြသည်။ တိုဟိုနိုအိုအိုဒမ်ဒေသသည် အမေရိကန်အင်ဒီးယန်းများ၏ အကျယ်ဝန်းဆုံးနေရာ ဖြစ်သည်။ ၎င်းသည် အရီဇိုနာပြည်နယ် တပ်စကန်းစီးတီး အနောက်တောင်ဘက်မှ ကီလိုမီတာ အနည်းငယ်အကွာတွင် တည်ရှိသည်။ ၎င်းဒေသသည် မက္ကဆီကိုနိုင်ငံနှင့် နယ်စပ်ချင်း ကီလိုမီတာ ၁၂၀၀ ဆက်စပ်လျက်ရှိသည်။ လူများသည် တရားမဝင် မူးယစ်ဆေးဝါးကို အမေရိကန်ပြည်ထောင်စုတွင် ရောင်းချရန် မူးယစ်ဆေးဝါးများကို ကျောပိုးအိတ်ထဲထည့်လျက် တိုဟိုနိုသဲကန္တာရကို ဖြတ်ကျော်ဝင်ရောက်လာသည်ကို သိကြသည်။

၎င်းတို့သည် နယ်စပ်ကို အနီးဆုံး ကီလိုမီတာ ၄၀ မှ ဖြတ်သန်းရန် အားထုတ်ခဲ့ကြသည်။ ပုံမှန်အတိုင်းဆိုလျှင် လူသုံးယောက်မှ လေးယောက်အထိ မူးယစ်ဆေးဝါးများကို သယ်ဆောင်လျက် ညဘက်တွင် ဖြတ်ကျော်လေ့ရှိသည်။ ထိုအခါ ၎င်းတို့၏ ဖိနပ်ရာများသည် သဲသောင်ပေါ်တွင် ထင်ကျန်ရစ်ခဲ့သည်။ နောက်ယောင်ခံဝံပုလွေများသည် ထင်ကျန်ရစ်ခဲ့သည့် ဖိနပ်ရာကို ခြေရာခံ၍ မူးယစ်ဆေးဝါးမှောင်ခိုသူများနောက် လိုက်ကြရာ နောက်ဆုံးတွင် ဖမ်းမိလေသည်။ နောက်ယောင်ခံဝံပုလွေများသည် လုပ်ငန်းတွင် အလွန်ကျွမ်းကျင်ကြသည်။

အမေရိကန် ကွန်ဂရက်လွှတ်တော်က နောက်ယောင်ခံဝံပုလွေများ၏ အကြိုဥာဏ်များကို အကြောင်းအမျိုးမျိုး အတည်ပြုပေးခဲ့သည်။ အရီဇိုနာပြည်နယ်မှ ရဲအေဂျင်စီများနှင့် အကောက်ခွန်ဌာနတို့သည် ခေတ်မီနည်းစနစ်များကို အသုံးပြုလျက် တရားမဝင် မူးယစ်ဆေးဝါးရောင်းဝယ်သူများကို ဖမ်းဆီးရန် အားထုတ်ခဲ့ကြသည်။ သို့ရာတွင် ၎င်းတို့မှာ ရှေးဟောင်းစပေါင်းအမဲလိုက်နည်းပညာ မရှိသည့်အတွက် သဲကန္တာရတွင် ဖြတ်သန်းသွားလာရာ၌ ထင်ကျန်ရစ်ခဲ့သော အမှတ်အသားကို မှတ်သားနိုင်သော အသိပညာ မရှိချေ။ အကောက်ခွန်ဌာနဝန်ထမ်းများကမူ တရားမဝင် မူးယစ်ဆေးဝါးရောင်းသူများသည် တိုဟိုနိုအိုအိုဒမ် အထူးဒေသ၏ နယ်စပ်မှ ဝင်ရောက်လာသည်ကို သိရှိကြသည်။ ထို့ကြောင့် အစိုးရသည် မူးယစ်ဆေးဝါးမှောင်ခိုမှု တိုက်ဖျက်ရန်အတွက် အင်ဒီးယန်းများ၏ အကူအညီတောင်းခံခဲ့သည်။

ပထမဆုံးသော နောက်ယောင်ခံဝံပုလွေများမှာ တိုဟိုနိုအိုအိုဒမ် အထူးဒေသရှိ အင်ဒီးယန်းများ ဖြစ်လေသည်။ ပြီးခဲ့သည့် နှစ်အနည်းငယ်က ပထမဆုံးသော နောက်ယောင်ခံဝံပုလွေအဖွဲ့ဝင်များသည် အနားယူပြီးဖြစ်သည်။ ၎င်းတို့က အခြားကျွမ်းကျင်သော နောက်ယောင်ခံဝံပုလွေအဖွဲ့ဝင်များကို အသုံးပြုရန် တောင်းဆိုခဲ့ကြသည့်အတိုင်း အစိုးရက သဘောတူခွင့်ပြုခဲ့သည်။ နောက်ယောင်ခံဝံပုလွေများသည် ၎င်းတို့၏ ရှေးဟောင်းနောက်ယောင်ခံ ကျွမ်းကျင်မှုကို အသုံးပြုကြသည့်ပြင် ခေတ်မီနည်းပညာနှင့် ကိရိယာများကိုပါ အမှောင်ထဲတွင် အသုံးပြုကြသည်။ ၎င်းတို့အသုံးပြုသည့် ခေတ်မီကိရိယာများတွင် လေယာဉ်ပျံ၊ ရဟတ်ယာဉ်များနှင့် အခြားပို့ဆောင်ရေးနည်းစနစ်များ ပါဝင်သည့်အပြင် လက်နက်၊ သောက်ရေ၊ အသက်ကယ် ကိရိယာများနှင့် မီးအချက်ပြတို့ ပါဝင်သည်။ နောက်ယောင်ခံဝံပုလွေများသည် သမိုင်းဝင်မှတ်တမ်းကောင်း တစ်ခု တင်နိုင်ခဲ့ကြသည်။ မကြာမီက အရီဇိုနာတွင် အကောက်ခွန်အဖွဲ့က တရားမဝင် မူးယစ်ဆေးဝါး ကီလိုဂရမ် ၄၆,၀၀၀ ဖမ်းဆီးရမိခဲ့ကြသည်။ သို့ရာတွင် ရက်အနည်းငယ်အကြာမှာပင် နောက်ယောင်ခံဝံပုလွေအဖွဲ့သည် ယခင် အကောက်ခွန်အဖွဲ့က ဖမ်းဆီးရမိသည့် အရေအတွက်ထက်ပိုသော ဆေးခြောက် ကီလိုဂရမ် ၃၅၀ ဖမ်းဆီးရမိခဲ့သည်။ နောက်ယောင်ခံဝံပုလွေအဖွဲ့၏ အဓိကအလုပ်မှာ တရားမဝင် မူးယစ်ဆေးဝါးရောင်းဝယ်သူများကို ရှာဖွေဖမ်းဆီးရန်နှင့် ရပ်တန့်သွားအောင် ပြုလုပ်ရန်တို့ဖြစ်သည်။ သို့ရာတွင် တစ်ခါတစ်ရံ သဲကန္တာရထဲ လမ်းပျောက်နေသူများကို အကူအညီပေးရသည့်ပြင် ကယ်ဆယ်ရေးအလုပ်ကိုလည်း လုပ်ပေးရသည်။ ဥပမာ ၂၀၀၁ ခုနှစ်က သဲကန္တာရထဲ လမ်းပျောက်နေသူကလေး၏အသက်ကို ကယ်တင်နိုင်ခဲ့သည်။

ပျောက်ဆုံးနေသည့် ကလေးနှင့်

www.burmeseclassic.com

www.burmeseclassic.com

သူ၏ခွေးတို့ အိမ်မှထွက်လာပြီး သဲကန္တာရတွင် လမ်းလျှောက်နေခဲ့ကြသည်။ ထို့နောက် ကလေးနှင့် ခွေးတို့ကို မည်သူကမျှ မတွေ့ကြတော့။ ၎င်းတို့ကိုရှာဖွေရန် အထူးလေယာဉ်အသုံးပြုရှာဖွေခဲ့ကြသည်။ ထို့ပြင် ကျွမ်းကျင်သူများနှင့် ခွေးများကိုပါ ခေါ်ယူလျက် အကူအညီပေးခဲ့ကြသည်။ လေယာဉ်နှင့် ကျွမ်းကျင်သော ခွေးများက ရှာဖွေခဲ့ကြသော်လည်း မတွေ့ကြ။ ထို့နောက်တွင် နောက်ယောင်ခံဝံပုလွေအဖွဲ့ဝင် သုံးယောက်နှင့် ရှာဖွေရေးအဖွဲ့တို့ ပူးပေါင်းရှာဖွေခဲ့ကြသည်။ ၎င်းတို့သည် ကလေးနှင့်ပတ်သက်သော သဲလွန်စအနည်းငယ်ကိုသာ သဲကန္တာရတွင် တွေ့ခဲ့ကြသည်။ သို့ရာတွင် မကြာမီအချိန်အတွင်း ကလေးကိုတွေ့နိုင်မည့် သဲလွန်စအထောက်အထားကို တွေ့ရှိခဲ့ကြသည်။ နောက်ဆုံးတွင် ဆက်လက်ရှာဖွေရာ ကလေးနှင့် ခွေးတို့ကို တွေ့ခဲ့ကြသည်။ ၎င်းတို့ကို လုံခြုံကောင်းမွန်စွာ နေအိမ်သို့ ပြန်ပို့ပေးနိုင်ခဲ့ကြသည်။ နောက်ယောင်ခံဝံပုလွေအဖွဲ့သည် အခြားနိုင်ငံများမှ တရားဥပဒေစိုးမိုးရေးအေဂျင်စီများကိုလည်း ၎င်းတို့၏ကျွမ်းကျင်မှုများကို မျှဝေပေးခဲ့ကြသည်။ ၎င်းတို့သည် ခါဇစ္စတန်၊ ဥဇဘက်စတန်၊ လစ်ဗီးယား၊ လစ်သူနီးယားနှင့် အက်စတိုနီးယားနိုင်ငံများသို့ သွားရောက်ခဲ့ကြပြီး ၎င်းနိုင်ငံများရှိ ရဲတပ်ဖွဲ့ဝင်များ၊ နယ်ခြားစောင့်တပ်များနှင့် အကောက်ခွန်အဖွဲ့တို့ကို လေ့ကျင့်သင်တန်းပေးခဲ့ကြသည်။ ထို့ပြင် နောက်ယောင်ခံဝံပုလွေအဖွဲ့ဝင်များသည် ဓာတုဗေဒပစ္စည်းများ၊ ဇီဝဗေဒပစ္စည်းများ၊ သို့မ [illegible] သယ်ယူပို့ဆောင်နေသူများကို ရှာဖွေတွေ့ရှိရေးတို့ကိုပါ သင်ကြားပေးခဲ့သည်။

ဖော်ပြပါနိုင်ငံများရှိ ရဲတပ်ဖွဲ့နှင့် နယ်ခြားစောင့်တပ်ဖွဲ့များသည် နောက်ယောင်ခံဝံပုလွေများ၏ ရှေးဟောင်းခြေရာခံစနစ် သင်ကြားပေးမှုကို တစ်ခါတစ်ရံ သံသယဝင်မိခဲ့ကြသည်။ နောက်ယောင်ခံဝံပုလွေများက ရဲတပ်ဖွဲ့နှင့် နယ်ခြားစောင့်တပ်ဖွဲ့များအား ခေတ်မီ အီလက်ထရွန်းနစ်ကိရိယာများကို အသုံးပြုရမည်ဟုလည်း ပြောကြားခဲ့သည်။ ဘရာယန်နက်ဖ်ဆိုသူသည် နာဗျာဂျိုလူမျိုးစုမှ ဖြစ်သည်။ ၎င်းသည် နောက်ယောင်ခံဝံပုလွေအဖွဲ့နှင့်အတူ ၁၅ နှစ်ခန့် လုပ်ကိုင်ခဲ့သည်။ ၎င်းသည် ကလေးဘဝကပင် ခြေရာခံနည်းကို လေ့လာခဲ့သည်။ မစ္စတာနက်ဖ်သည် အားလပ်ရပ်များတွင် သဲကန္တာရအတွင်း အနားယူအပန်းဖြေသူများ ပျောက်ဆုံးနေခြင်းကို လေ့လာခဲ့သည်ဆို၏။

အခြားသော အကောက်ခွန်နှင့် နယ်စပ်ကာကွယ်ရေးအဖွဲ့ဝင် အရာရှိများသည် မစ္စတာနက်ဖ်၏ လုပ်ကိုင်ပုံကို အလွန်စိတ်ဝင်စားဖို့ ကောင်းသည်ဟု ပြောကြသည်။ ဒေသရှိလူများက ဖြစ်နေကျမဟုတ်သည့် ဖြစ်ပျက်မှုကို တွေ့ရမည်မဟုတ်ဆိုသည်။ သို့တိုင်အောင် မစ္စတာနက်ဖ်သည် နယ်စပ်ကို လူများဖြတ်သန်းသွားလာနေသည့် အထောက်အထားကို သူက ညဘက်တွင်ပင်ဖြစ်ပါစေ သူနောက်ကလိုက်နိုင်သည်ဟု ပြော၏။ တစ်ခါတစ်ရံ လိုချင်သည့် အထောက်အထားသည် သူ [illegible]ဖြစ်နေသည့် ပစ်မှတ်ပင်ဖြစ်တတ်သည်[illegible] တခြားအချိန်များတွင် အထော[illegible] အထားသည် သူမမြင်သည့်အ[illegible] လည်း ဖြစ်တတ်သည်ဆို၏။ တစ်[illegible] တစ်ရံ သူ့စိတ်ထဲတွင် ခံစားရသည်[illegible] အတိုင်း ဖြစ်လာသည်ဆို၏။

နောက်ယောင်ခံဝံပုလွေများ[illegible] အလုပ်သည် အန္တရာယ်အလွန်မျ[illegible] သည်။ တစ်ခါတစ်ရံတွင် မူးယစ်ဆေ[illegible] မှောင်ခိုသူများ လက်နက်သယ်ဆော[illegible] လာကြ။ ၁၉၈၆ ခုနှစ်က နောက်[illegible] ယောင်ခံဝံပုလွေအဖွဲ့ဝင် ဂလင်းမိုင်[illegible] သည် မူးယစ်ဆေးဝါး တရားမဝ[illegible] ရောင်းဝယ်သူတို့၏ လက်ချက်ဖြ[illegible] သေဆုံးခဲ့သည်။

အခြားနောက်ယောင်ခံဝံပုလွေ[illegible] နှစ်ယောက်က လူသတ်သမားနောက်[illegible] သို့ ခြေရာခံ၍ မက္ကဆီကိုနယ်စပ်အထ[illegible] လိုက်ခဲ့ကြသည်။ ပစ်ခတ်မှုဖြစ်ပွာ[illegible] သည့်နေရာမှ ကိုးကီလိုမီတာအကွာ[illegible] တွင် ဖြစ်သည်။ နောက်ယောင်ခံ[illegible] ဝံပုလွေအဖွဲ့ဝင်များသည် တရားမဝ[illegible] မူးယစ်ဆေးမှောင်ခိုရောင်းဝယ်သူအာ[illegible] လုံးကို မဖမ်းမိနိုင်ကြောင်း သိကြ[illegible] သည်။ သို့ရာတွင် ၎င်းတို့၏ ရှေး[illegible] ဟောင်းကျွမ်းကျင်မှုနည်းပညာကို အသုံး[illegible] ပြု၍ ခေတ်သစ်ရာဇဝတ်မှုကို ဖြေရှင်း[illegible] နိုင်ခဲ့သည်။

မောင်မောင်စန်းထွေး

[SHADOW WOLVES B[illegible] Paul Thompson (America[illegible] Mosaic)ကို ဆီလျော်အောင် ဘာသာ[illegible] ပြန်ဆိုသည်။]

www.burmeseclassic.com

www.burmeseclassic.com

တောင်တက်သမားများ ချီတက်အခမ်းအနားကျင်းပစဉ် ကားဖြင့်အတိုက်ခံရ

အမေရိကန်ပြည်ထောင်စု၊ ဗာဂျီးနီးယားပြည်နယ်ရှိ အပလာချီယံတောင်အီးတွင် နှစ်စဉ်ကျင်းပသည့် တောင်တက်သမားများ၏ ချီတက်ပွဲကျင်းပစဉ် အသက်အရွယ်ကြီးရင့်သည့် ယာဉ်မောင်းတစ်ဦးမောင်းနှင်သည့်ကားက လှည့်ပတ်ကာ လူအုပ်ကို အကြိမ်ကြိမ်ဝင်တိုက်သည်။ ရပ်တန့်ရန်အော်ဟစ်သည့်ကြားက ဒဏ်ရာသူ ၅၀ မှ ၆၀ အထိ ဖြစ်သွားသည်။

အဆိုပါတောင်သည် တင်နက်ဆီပြည်နယ်အနီးတွင်ရှိကြောင်း၊ ဖြစ်ရပ်ကို ရဲတပ်ဖွဲ့က စစ်ဆေးလျက်ရှိကြောင်း သိရသည်။ ဒဏ်ရာရသူများကို ဟယ်လီကော့ပတာဖြင့် သုံးကြိမ်၊ သူနာပြုယာဉ်များဖြင့် ၁၂ ကြိမ်မှ ၁၅ ကြိမ်အထိ အနီးရှိဆေးရုံများသို့ တင်ပို့လိုက်ရသည်ဆို၏။

Tio ပွဲကော်ဖြစ်ပြီး နှစ်စဉ်ကျင်းပသည့် ပွဲတော်ဖြစ်ကာ တောင်တက်သမားများဆင်နွှဲကြချိန် ဖြစ်သည်။

မောင်ကောင်းယဉ်

The Star 20.5.13

ထိုင်ဝမ် ငါးဖမ်းသမားများ အသတ်ခံရမှု



ဖော်ပြပါပုံမှာ ထိုင်ဝမ်ရေတပ်အနေဖြင့် ဖိလစ်ပိုင်ရေပိုင်နက်အနီး စစ်ရေးလေ့ကျင့်မှု ပြုခြင်းဖြစ်သည်။ ယင်းသို့ စစ်ရေးလေ့ကျင့်မှုမှာ မကြာမီက ထိုင်ဝမ်ငါးဖမ်းသင်္ဘောသားများ အသတ်ခံရမှု ဖြစ်ပွားခဲ့ရာမှ လုံခြုံရေးအတွက် ဆောင်ရွက်မှုဟု တာဝန်ရှိသူတို့က ပြောဆိုသည်။

မောင်ကောင်းယဉ်

T.S. T-24.5.2013

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ကျောက်မြသန်း
ညွှန့်ရှင်ရေအေး
အပိုင်း(၈)

ယခင်လမှအဆက်

ပေသီးက သူကိုယ်တိုင် အဘညာဏ်၏ မိခင်ကြီးကို သေနတ်နှင့် နှစ်ချက်ဆင့် ပစ်လိုက်သည်။

ကိုယ့်ရှေ့မျက်မှာ ကိုယ့်ဇနီးဖြစ်သူအား ရက်ရက်စက်စက် သေနတ်နှင့် ပစ်သတ်လိုက်သည်ကို မြင်တွေ့လိုက်ရသည့် အဘညာဏ်၏ ဖခင်ကြီးမှာ လက်နက်ကြီးငယ် ကိုင်ဆောင်ထားသော ရက်စက်ယုတ်မာသည့် ဓားပြများဆိုသည်ကို အသိမေ့ပျောက်သွားပြီး ပေသီးကို ဝင်လုံးလိုက်သည်။

သေနတ်သံ သုံးချက်နှင့်အတူ အဘညာဏ်၏ ဖခင်ကြီးမှာ ဝမ်းလျားထိုး လဲကျသွားသည်။

ပေသီး၏ ညာလက်ရုံး တပည့်ကြီးငွေ၏ လက်ချက်။

အခြေအနေမဟန်သည်ကို သိသည့်အလျောက် ပေသီးက သူ့လူတွေကို ဆုတ်ခိုင်းလိုက်သည်။

ပေသီးကို ထွက်လမ်းနေရာယူ ပိတ်ဆို့ထားသည့် ပြည်သူ့ရဲတပ်ဖွဲ့ဝင်များနှင့် ပေသီးတို့အဖွဲ့ ထိပ်တိုက်တိုးမိကြသည်။

နှစ်ဘက်ပစ်ခတ်သည့် သေနတ်သံများ ဆူညံသွားသည်။ ပေသီးနှင့် တပည့်သုံးယောက်အား အသေဖမ်းမိသည်။ သုံးယောက်အား အရှင် ဖမ်းမိသည်။

ကျန်ဓားပြများ ထွက်ပြေး လွတ်မြောက်သွားကြသည်။

ဆူညံသွားသည့် သေ

www.burmeseclassic.com

www.burmeseclassic.com

နတ်သံများကြောင့် ရုပ်ရှင်ရုံထဲမှာ ရုပ်ရှင်ကြည့်နေသူများ ရှုတ်ရှုတ်သဲသဲ ဖြစ်ကုန်ကြသည်။

ရုံထဲမှာ ဝပ်သူကဝပ်၊ အပြင်ဘက်သို့ မဟာဒရားတိုးဝှေ့ ထွက်သူကထွက်ဖြင့် ဝရုန်းသုန်းကား ဖြစ်နေသောကြောင့် ရုပ်ရှင်ပြသခြင်းကို ရပ်လိုက်ရသည်။

အဘညဏ်တို့တိုက်ကို ဓားပြများ ဝင်စီးသည့်အချိန်တွင် အဘညဏ်မှာ အိမ်မှာ မရှိ။ သူငယ်ချင်းများနှင့် ရုပ်ရှင်ရုံထဲ ရောက်နေသည်။

အကယ်၍ သူသာ ရုပ်ရှင်ရုံထဲ ရောက်မနေဘဲ အိမ်မှာရှိနေခဲ့ရင် သုံးလောင်းပြိုင် ဖြစ်မှာ သေချာသည်။

သူတို့အိမ်မှာ အတူနေသူ သုံးယောက်ရှိသည်။

နှစ်ယောက်က အမျိုးသား၊ တစ်ယောက်က အမျိုးသမီး။

ယောက်ျားရင့်မာကြီး နှစ်ယောက်ရှိပေမယ့် သူတို့လည်း အာမှုမတတ်နိုင်။

သုံးတို့သုံးယောက်ကို ပါးစပ်အဝတ်ဆို့ပြီး ခြေချောလက်ချော ကြိုးနှင့်တုပ်နှောင်ထားကြသည်။

သူအိမ်ပြန်ရောက်သည့်အခါ မရှုမလှ သေဆုံးနေကြသည့် မိဘနှစ်ပါး၏ ရုပ်အလောင်းများကိုသာ တွေ့လိုက်ရသည်။

ဆို့နင့်ကြေကွဲဖွယ်ရာ မြင်ကွင်း။

ရှိုက်ကြီးတငင် ငိုကြွေးခြင်းနှင့် ဆုံစည်းလိုက်ရသည်။ ပူဆွေးသောကကို ပိုက်ထွေးလိုက်ရသည်။

ထိုမှတစ်ပါး မည်သို့မှ မတတ်နိုင်။

ဓားပြများ နောက်သို့ သူတို့ပိုင် အဖိုးတန်စိန်တွေ ပါမသွား။

မီးခံသေတ္တာထဲတွင် အလွယ်တကူ ထားသည့် သူတို့ပိုင်ရတနာပစ္စည်း အနည်းအကျဉ်းနှင့် အပေါင်ခံပစ္စည်းများသာ ပါသွားသည်။

သူတို့ပိုင် အဖိုးတန် စိန်ထည်များနှင့် ရွှေထည်ပစ္စည်းများ သီးခြားထားသည့် လျှို့ဝှက်နေရာကို သူသိသည်။ ထိုနေရာမှာ ခြေရာလက်ရာမပျက် ရှိနေသည်။

အသေအရှင် ဖမ်းမိဓားပြများထံမှ ပစ္စည်းအတော်များများကိုလည်း ပြန်ရလိုက်သည်။

ပစ္စည်းတွေ မဆုံးရှုံးသော်လည်း အစားထိုး၍ မရနိုင်သည့် မိဘနှစ်ပါးစလုံးလည်း ဆုံးရှုံးသွားသည်။

ထိုစဉ်က သူ၏အသက်မှာ ဆယ့်ခုနစ်နှစ်ကျော်ရုံပဲ ရှိသေးသည်။

အရွယ်နှင့်မလိုက်အောင် ပူဆွေးသောက အရှိန်တက်နေသောကြောင့် ဖြေအုံ့ဆဲဆဲ ဆယ်တန်းစာမေးပွဲကို မဖြေလိုက်ရ။

မိဘတွေ ချမ်းသာသမျှ ပစ္စည်းအားလုံးကို သူတစ်ဦးတည်း အမွေဆက်ခံပိုင်ခွင့် ရလိုက်သည်။

"လူတွေကတော့ ကျုပ်ကို သိပ်ကံကောင်းတယ်လို့ ပြောကြတာပေါ့လေ။ ဓားပြတွေ လက်ချက်နဲ့ အသက်ပါမသွားတာကို ရည်စူးပြီး ပြောတာတော့ ဟုတ်မယ် မထင်ဘူး။ မိဘအမွေအနှစ်တွေ တစ်ဦးတည်း ရလိုက်တာကို ရည်စူးပြီး သိပ်ကံကောင်းတယ်လို့ ပြောကြတာဖြစ်မှာပါ။ တကယ်တော့ ကျုပ်ကံဆိုးမိုးမှောင်ကျဖို့ ဖန်တီးလာတဲ့ အခြေအနေဆိုတာ ကျုပ်လည်း မသိခဲ့ပါဘူး။ ကျုပ်ဟာ လူကောင်းတစ်ယောက်ဘဝကနေ သူများ လက်ညှိုးထိုးခံ လူဆိုးကြီးတစ်ယောက် ဖြစ်ခဲ့ရတယ်။ အဓိက အကြောင်းကတော့ ကျုပ်ရဲ့မိုက်မဲမှုလို့ပဲ ဆိုရမှာပေါ့"

အဘညဏ်က ဤသို့ ပြောနေစဉ်မှာ ပြောလက်စစကားကို ရပ်ပြီး ရီဝေသောမျက်လုံးများဖြင့် အဝေးဆီသို့ လှမ်းမျှော်ကြည့်နေသည်။

အတိတ်၏ ပုံရိပ်များပြန်လည် ထင်ဟပ်လာသည့်သဘောဆောင်သည်လို့ ဆိုရမည်ထင်သည်။

သူကလည်း အလိုက်တသိ ငြိမ်သက်စွာပင် ထိုင်နေလိုက်သည်။

ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်လောက် ကြာတော့မှ သက်မကို ဖြည်းညင်းစွာချပြီး ပြောလက်စ စကားကို ဆက်ပြောခဲ့သည်။

"ကျုပ်ဟာ လူ့ကျင့်ဝတ်နဲ့ လူမှုရေးကို လွန်လွန်ကျူးကျူး ဖောက်ဖျက်ခဲ့တယ်လေ။ ကျုပ် ကျူးလွန်ခဲ့တဲ့ လူ့ကျင့်ဝတ်ဖောက်ပြန်မှုဟာ ကျုပ်ကိုသာမကဘူး တစ်သက်စာမက ပစ္စည်းတွေ ထားရစ်ပေးခဲ့ရှာကဲ့ မိဘတွေရဲ့ ဂုဏ်သရေကိုပါ ညှိုးနွမ်းစေခဲ့တယ်။ ဒါတွေက မိုးလွန်မှ ထွန်ချဆိုသလို နောက်မှသိခဲ့တာပါ။ ကျုပ် အပျော်ကျူး နေတုန်းကတော့ ဒါတွေကို ဘယ်သတိရမလဲ။ ငါလိုလူဆိုလည်း ဘာနဲ့ထောင်လွှားမှုနဲ့ မာန်ဟက်ခဲ့တာပေါ့"

မိဘနှစ်ပါး၏ အသုဘကိစ္စပြီးသည့်နောက် ဖခင်ကြီး၏ ညီအရင်းဖြစ်သူ ဦးလေးက ဆက်လုပ်ရမယ့် ဇိုဘ

www.burmeseclassic.com

www.burmeseclassic.com

ကော်ငုတ်လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး လပ်းညွှန်ဆွေးနွေးပြီး သူ့အကူအညီလိုအပ်ရင် အချိန်မရွေး ပြောဖို့ ပြောဆိုပြီး ပြန်သွားသည်။

ဦးလေးဖြစ်သူကလည်း သူ့ဖခင်ကြီးလောက် ပဟုတ်စေကာမူ သူလည်း လူချမ်းသာ ဓာရင်းဝင် တစ်ယောက်ဖြစ်သည်။

လောလောလက်လတ် သူ့အတွက် အဖော်ရစေရန် ဆိုပြီး ဦးလေးဖြစ်သူ၏ သားအစ်ကိုတစ်ဝမ်းကွဲကို ထားခဲ့သည်။

အစ်ကိုဝမ်းကွဲက သူ့ထက် အသက်ခြောက်နှစ်ကျော် ကြီးသည်။

သူက သောက်သောက်ချားစား၊ ပျော်ပျော်ပါးပါးနေတတ်သည့် အစုံသမား။

လောင်းကစားဘက်မှာ အတော်လေး ကျွမ်းသလို မိန်းမကိစ္စဘက်မှာလည်း အတော်ကြီး နံ့နံ့စပ်စပ်ရှိသည်။

အကောင်းဘက်မှာ မထွန်းပေါက်သော်လည်း ပကောင်းဘက်မှာ အတော်ကြီး ထွန်းပေါက်သူဟု ဆိုရမည့်သူမျိုး။

ဒါပေသည့် သူက ကေတေပေပေ နေသူတော့ မဟုတ်။

သူ့ဖခင်ကြီး ခိုင်းသမျှ စီးပွားရေး လုပ်ငန်းတွေကို လုပ်သည်။ ဖခင်ကြီးမျက်ကွယ်မှာ နေချင်သလို နေသည်။

အဘဉာဏ်က မရှုမလှ သေဆုံးသွားသည့် မိဘများအတွက် စိတ်ထိခိုက်ပြီး ဘယ်ကိုမှ မထွက်ဘဲ အိမ်တွင်းအောင်းပြီး တမှိုင်မှိုင်၊ တတွေတွေဖြစ်နေသည်။

ဦးလေးဖြစ်သူက တူတော်မောင်ကို ထိန်းပေးရန်အတွက် သားဖြစ်သူကို အဖော်အဖြစ် ထားခဲ့ခြင်း ဖြစ်၏။

သူ့အစ်ကိုတစ်ဝမ်းကွဲဖြစ်သူကို ထိန်ဝင်းက ဖိုးကျိုင်းတုတ်ဖြစ်သွားသည်။

ခွက်ပုန်း ဆွဲစရာ မလိုတော့။ လွတ်လွတ်လပ်လပ်ကြီး ပလောပ်ထင်းဖို့ အခွင့်အရေး ရသွားသည်။

တဖြည်းဖြည်း ညီဖြစ်သူအား သူ့ခွင်ထဲ ပါလာအောင် သွင်းခဲ့သည်။

စိတ်ညစ်နေသူကို စိတ်ရွှင်လာအောင် စိတ်အားငယ်နေသူကို တက်ကြွလန်းဆန်းလာအောင် စိတ်တွေးပြီး ရင်မလင်းဖြစ်နေသူကို စိတ်အေးကြည်မြပြီး ရင်ရှင်းအောင် အကျိုးဆောင်ပေးနိုင်သည့် သစ္စာရှိသော အဖော်မွန်မှာ အရက်မှ တစ်ပါး အခြားမရှိ ဆိုသည့် အရက်၏ အထာသဘောကို နားဝင်ပြီး နားကြောစိမ့်လာအောင် အာဝဇ္ဇန်းပေးခဲ့သည်။

ပေးလ်အေးဘီယာ တစ်ခွက်လောက် အမြည်း စမ်းကြည့်ဖို့ တိုက်တွန်းခြင်းဖြင့် စခဲ့သည်။

''ယောကျ်ားဆိုတာ အရွယ်ရောက်လာရင် မလုပ်ဖူးတာ မရှိအောင် လုပ်စမ်းကြည့်ရတယ်ကွ။ စွဲစွဲမြဲမြဲ မလုပ်ချင်နေ၊ အစမ်းအသပ်သဘောလောက်တော့ ကိုယ်တိုင်ခံစားဖူးမှ သူများ ဆရာလုပ်တာ သူများကြောတာကို မခံရတာကွ၊ အထူးသဖြင့် မင်းတို့လို အရွယ်ရောက်လာတဲ့ မနူးမနပ်တွေဟာ မိန်းမတွေရဲ့ အထာသဘောကို နောကြေထားမှ ကိုယ်က ခံကြောနဲ့လွတ်မှာ၊ အသည်းကွဲတယ်ဆိုတာ၊ သူတို့ကို စစ်တုဘုရင်ခုံပေါ်က အရုပ်ကလေးတွေကို ကိုယ်လိုချင်သလို အရွှေ့အပြောင်း လုပ်နိုင်ရင် မင်းတစ်သက်မှာ ဘယ်တော့မှ အသည်းမကွဲဘူး"

ကိုထိန်ဝင်းလေကြောက ပင့်ကူအိမ်သို့သဖွယ် ရှိခဲ့ရာ ယင်ကောင် အငယ်စားလေး မောင်ဉာဏ်ဖေမှာ ကိုထိန်ဝင်း၏ ပင့်ကူအိမ်ထဲမှ ပြန်လည်၍ ရုန်းမထွက်နိုင်တော့ပေ။ ပင့်ကူအိမ်၏ ရစ်ပတ်နှောင်ဖွဲ့မှုကို ခံလိုက်ရတော့၏။

► ► ► ► ►

"ကျုပ်ကလည်း ကျုပ်ပဲလေလို့ ဆိုရမလို။ ကိုထိန်ဝင်းက တစ်ထွာလောက် ပြလိုက်ရင် ကျုပ်က တစ်တောင်မကနှစ်တောင်သုံးတောင် လုပ်တောင် လုပ်ပစ်လိုက်တာ ထိန်းကွပ် ကြပ်မတ်မဲ့ လူကြီးမိဘတွေလည်း မရှိ။ ငွေကြေးကလည်း ပြည့်ပြည့်စုံစုံဆိုတော့ ဘာလုပ်ချင်သလဲ ဖြစ်နေတယ်လေ။ ဒီတော့လည်း သူ့ထက်ကဲဆိုသလို ဖြစ်ကုန်တော့တာပေါ့"

အရက်ဆို အကောင်းစားမှ သောက်သည်။ လောင်းကစားဆိုကြေးကြီးဝိုင်းမှ ထိုင်သည်။ မိန်းမနှင့် ပတ်သက်လာရင် တွေ့ရှောင်စည်းမစောင့်။ လူကျင့်ဝတ်ကိုမထိန်းသိမ်းတော့ဘဲ လူမှုရေး ဖောက်ဖျက်မှု မှန်သမျှကို အစွမ်းကုန်လုပ်ခဲ့သည်။

သူဌေးကလေးဆိုသည့် အခေါ်အဝေါ်ကို မိန့်မောပြီး ခြွေရံသင်းပင်း အပေါင်းအသင်းများနှင့် အပျော်အပါးဟူသမျှ သူပါမှ ပြီးဆိုသလို သုံးဖြုန်း နေထိုင်ခဲ့သည်။

မိဘဖြစ်သူများ၏ နှစ်

www.burmeseclassic.com

www.burmeseclassic.com

ပေါင်းသုံးလေးဆယ် ရှာဖွေ စုဆောင်းခဲ့သည့် ငွေကြေးများမှာ သူ့လက်ဘက်တွင် ငါးနှစ်ခံပါ့မလားဟု ပြောရမည့်တိုင်အောင် ကုန်ခမ်းလျော့နည်းလာသည်။

မိန်းကလေးဆို အတည်မထားတတ်သည့် သူ့ညာဉ်အတိုင်း ဆင်းရဲနွမ်းပါးသည့် ငယ်ချောလေးတစ်ယောက်ကို ငွေနှင့် ပေါက်ပြီး အပျော်ကြံခဲ့ရာ မိန်းကလေး၏ အစ်ကိုဖြစ်သူ သိသွားရာမှ ပြဿနာပေါ်ခဲ့သည်။

မိန်းကလေး၏ အစ်ကိုဖြစ်သူက မဟုတ်မခံသမား။

နှမဖြစ်သူ ကိစ္စအတွက် ပြဿနာရှင်းကြရင်း လက်ရောက်မှုတွေ ပါကုန်သည်။

ဟိုက တုတ်နှင့် သူက ဓားနှင့်။

သူက ခေါင်းကွဲသည်။ မိန်းကလေး၏အစ်ကို ဖြစ်သူမှာ သူ၏ ဓားချက်ဖြင့် ဆေးရုံသုံးရက်ပဲ ခံလိုက်သည်။

လူသတ်မှု။

ငွေကြေးအား၊ အသိုင်းအဝိုင်းအားနှင့် လိုက်သည့်တိုင် ထောင်ဒဏ်ဆယ်နှစ်ကျခံလိုက်ရသည်။

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပ်ကလေး တစ်ကျွန်းသို့ ရောက်သွားသည်။

တစ်ကျွန်းသို့ ရောက်သွားသည်မှာ ချမှတ်ခံရသော ပြစ်ဒဏ်ကြောင့် ရောက်သွားရသည် မဟုတ်ဘဲ၊ သူ၏ဆန္ဒသဘောအလျောက် သက်ဆိုင်ရာသို့ လျှောက်ထားပြီး ရောက်သွားရခြင်း ဖြစ်၏။

ရေခြားမြေခြား တစ်ကျွန်းခေါ် ပို့ဗလဲယားသို့ သွားလိုသည်မှာ အကြောင်းမဲ့တော့မဟုတ်။

သူ့မှာ အကြောင်းရှိသည်။

တစ်ကျွန်းမှာ လွတ်လွတ်လပ်လပ် နေရသည်။ နေ့တစ်ဝက် အစိုးရအတွက် အလုပ်လုပ်ပေးရသည်။ ကျန်နေ့တစ်ဝက် ကိုယ်ပိုင်ဝင်ငွေရသည့် အလုပ်ကို လုပ်နိုင်သည်။

ကိုယ့်အိမ်က ပိုက်ဆံပို့နိုင်ရင် မာမူနီ ကြေးခေါ် ထောင်ဝန်ထမ်းနှင့် အလုပ်ကြပ်များကို လာဘ်ထိုး၍ အလုပ်ခွင်သို့ သွားရပေမယ့် အလုပ်မလုပ်ဘဲ နေလို့ ရသည်။

ကိုယ့်မှာ ပိုက်ဆံရှိလျှင် ထောင်ထမင်းဟင်းကို မစားဘဲ အပြင်ထမင်းဟင်း ဝယ်စားလို့ရသည်။

အစားအသောက်ဆိုင်မျိုးစုံ ရှိသည်။ လူသုံးကုန်ပစ္စည်းမျိုးစုံရောင်းသည့် ဈေးကြီးရှိသည်။ ပိုက်ဆံရှိရင် စားချင်တာစား၊ ဝယ်ချင်တာ ဝယ်လို့ရသည်။ အိမ်က ပို့ပေးသည့်ငွေကို လွတ်လွတ်လပ်လပ် ကိုင်တွယ်သုံးစွဲနိုင်သည်။

တစ်ခွက်တစ်ဖလား မော့မလား အရက် ရောင်းသည့် ဆိုင်ရှိသည်။ ဝယ်လို့ရသည်။ သောက်လို့ရသည်။ ဘီစင်ခေါ် နေထိုင်သည့် တန်းလျားတွင် မာမုနီကြေးပေးပြီး ကစားသည့် ဖဲဝိုင်းတွေ ရှိသည်။ ပိုက်ဆံရှိရင် ဖဲရိုက်မလား၊ အရက်သောက်မလား ရသည်။ အိမ်က မိန်းမကို ခေါ်လို့ရသည်။ ဟိုက မိန်းမကိုလည်း ယူလို့ရသည်။

နောက်ဆုံး နတ်သမီးတစ်ဖက်ငါးရာနှင့် ဇိမ်ယစ်ချင်ရင် ရ၏။ ဘိန်းရှူမလား၊ ဘိန်းမျိုမလား ရသည်။

အိမ်ထောင်ရှိသူတွေအတွက် သီးခြားအိမ်ဆောက်ပြီး နေစေသည်။

ဒီလို တစ်ကျွန်းအကြောင်းသိကောင်းစရာတွေ ကြားတော့ ကိုညဏ်ဖေ ဘယ်နေနိုင်တော့မှာပ။

သူသုံးဖြုန်းတာနှင့် အမှုအတွက် ကုန်ကျတာတွေကြောင့် အတွင်းပစ္စည်းတွေ ကုန်လုခမန်း ရှိသွားသော်လည်း တိုက်ကြီးတစ်လုံးလုံး ကျန်သေးသည်။

ဦးလေးဖြစ်သူကို လွှဲပြောင်းပေးလိုက်လျှင် ငွေဖြစ်လာမည်။

သူ့မှာ တွယ်တာစရာ သံယောဇဉ်မရှိ။

တိုက်ကို လွှဲပြောင်း ပေးရာမှ ရရှိလာမည့် ငွေကြေးဖြင့် သူ၏ ထောင်ဒဏ်ကျခံရမည့်နှစ်ကို တစ်ကျွန်းတွင် ကုန်လွန်စေရန်အတွက် တစ်ကျွန်းသို့ သွားရောက်လိုကြောင်း လျှောက်လွှာတင်ခဲ့သည်။

ပေးစရာ၊ ကမ်းစရာ ရှိသူများကိုလည်း ပေးကမ်းခဲ့သည်။

ဤသို့ဖြင့် တစ်ကျွန်းမြေ ပို့ဗလဲယားရှိ စီလူလာအကျဉ်းထောင်သို့ ရောက်သွားခဲ့သည်။

စီလူလာထောင်တွင် တစ်ပတ်နေပြီးနောက် တစ်ကျွန်းရောက် အကျဉ်းသားများအား ထားရှိရာ ဘီစင်ခေါ် လွတ်လပ်စွာ နေထိုင်ခွင့် ရသည့် တန်းလျားသို့ ပြောင်းရွှေ့ခဲ့ရသည်။

'ရောက်ခါစ လူသစ်ဆိုတော့ အကြံအဖန် လုပ်လို့ မရသေး။

သစ်ခုတ်အလုပ်ခွင်သို့ ဝင်ခဲ့ရသည်။

သေချင်စော်နံအောင် ပင်ပန်းသည်ဟု ပြောရမည့် သော လုပ်ငန်းခွင် အတွေ့

www.burmeseclassic.com

www.burmeseclassic.com

အကြံ့ကြောင့် တစ်ကျွန်းသို့ ပြောင်းရွှေ့ခဲ့သည်မှာ အမှားကြီး မှားသွားပြီလားဟု အထင်ရောက်ခဲ့သည်။

မွေးကတည်းက လက်ကြောတင်အောင် ဘာမှ မလုပ်ခဲ့ဘူးသော သူ့အတွက် သေချင်စော်နံအောင် ပင်ပန်းသည်ဟု ဆိုရစေကာမူ အခြားသော တစ်ကျွန်းရောက် အကျဉ်းသားများမှာ မည်သို့မျှ မထူးခြားဘိသို့ သီချင်းတအေးအေး၊ စကားတပြောပြောဖြင့် လုပ်ငန်းခွင်ဝင်သည့် နေ့တစ်ဝက်သာ အချိန်ကို အလွယ်တကူပင် ကုန်လွန်စေကြသည်။

တစ်လလောက် နေပြီးနောက် အပြုံ့အဖန်ကိုစွ အဆင်ပြေသွားသောကြောင့် ကိတ္တိတစ်ယောက်လို မနေရ၊ မလုပ်ရတော့။

ဖရီးတစ်ယောက်လို နေရထိုင်ရသည်။

တစ်ကျွန်းမှာ ထောင်ကျလို့ ကိတ္တိလို့ခေါ်သည်။

အရှုပ်သားကို ဖရီးလို့ခေါ်သည်။

"ကျုပ်ရဲ့ တစ်ကျွန်းခံဘဝက အတော့်ကို ပြေလည်ပါတယ်။ စာရေးရော၊ နေရေးရော အကျဉ်းသား တစ်ယောက်လို မနေရ မစားခဲ့ရဘူး။ အဲဒီမှာ ထောင်ဒဏ်တစ်သက်တစ်ကျွန်း ကျပြီး ကျွန်းကို ရောက်နေတဲ့ ဆရာစံရဲ့ ဂဠုန်ဗိုလ်ဦးရွှေကျော်နဲ့ ခင်မင်ရင်းနှီးခဲ့ကြတယ်။ ကျုပ်ကလည်း အဘဦးရွှေကျော်ကို အများကြီး အကူအညီပေးခဲ့တယ်။ အဲဒီအတွက် ဦးရွှေကျော်က သူ တတ်ကျွမ်းတဲ့ ဗေဒင်ပညာနဲ့ အင်္ဂဝိဇ္ဇာအဟောပညာကို သင်ပေးခဲ့တယ်။ မောင်ရင့်ကို ကျုပ် ပြောလိုက်တာဟာ အင်္ဂဝိဇ္ဇာနည်းနဲ့ ကြည့်ပြီး ပြောလိုက်တာ၊ အကြားအမြင်တို့ ဘာတို့နဲ့ ပြောတာမဟုတ်ဘူး။ အဲဒါတွေကို ယုံလည်း မယုံနဲ့၊ သားမယားနဲ့ အတူနေတယ်။ သီလလည်း မစင်ကြယ်ဘူး။ လောကီရေးရာကိစ္စတွေနဲ့ ရှုပ်ထွေးရစ်ပတ်နေတယ်။ အဲဒီလိုလူသား တစ်ယောက်က တစ်နေ့တစ်နာရီလောက် ပုတီးစိပ်ရုံနဲ့ အကြားအမြင်ရပြီး ဟောတယ်ဆိုတာကို ဟိုဒင်းစားပြီး ပြောတောင် မယုံနဲ့၊ ကျုပ် ဟောဒီမှာ သီလဆောက်တည်ပြီး အချိန်မှန်အမှန် ပုတီးစိပ်တရားထိုင်ပြီး သမာဓိတည်ဆောက်နေတာ ခြောက်နှစ်ကာလထဲ ရောက်နေပြီ။ ဘာမှမဖြစ်သေးဘူး။ ဘာမှ မရသေးဘူး။ လူဟိုင်းမှာ အကြားနဲ့ အမြင် ရှိတယ်။ အဲဒါမွေးရာပါပဲ၊ နားကောင်းရင် ကြားတယ်။ မျက်စိကောင်းရင် မြင်တယ်။ ကျုပ် ဘယ်သူ့ကိုမှ ပုတ်ခက်တာ မဟုတ်ဘူးနော်၊ စဉ်းစားဖို့ တွေးခေါ်ဖို့ ပြောတာ၊ ဂန္ဓာရီဝိဇ္ဇာပညာနဲ့ ဟောတာပြောတာဟာ ဘယ်လိုမှ မဆက်နွှယ်ဘူး။ ဘယ်လိုမှလည်း မပတ်သတ်ဘူး။ ဂန္ဓာရီဝိဇ္ဇာပညာကျင့်စဉ်က မြင့်မြတ်တယ်။ ကျယ်ပြောတယ်။ နက်နဲတယ်။ ခက်ခဲတယ်။ ခုတော့ ဂန္ဓာရီဝိဇ္ဇာပညာကို အလွယ်ပြော၊ အလွယ်လုပ်ပြီး နဖူးစီးတပ်ရုံ မဟုတ်ဘဲ ဘိုးတော် အမည်ခံပြီး သူတို့ဘော်တိုးရေးအတွက် လိမ်လည် လှည့်ဖြားတဲ့ နည်းလမ်း အသွယ်သွယ်နဲ့ မဟုတ်မဟပ်တွေ လုပ်နေကြတယ်။ မောင်ရင် အဲဒါမျိုးတွေနဲ့ ပေါင်းစပ်ပြီး ပုတီးစိပ်ရင် ကုသိုလ်မဖြစ်ဘူး၊ အညောင်းပဲ အဖတ်တင်လိမ့်မယ်။

အဘဉာဏ်က သူ့ အမြင်နှင့် အတွေးအခေါ်ပိုင်းကို ဤသို့ ပြောပြခဲ့သည်။

သူက အဘဉာဏ်ကို စိတ်မဆိုးဖို့ တောင်းပန်ခွင့်ပန်ပြီး အဘဉာဏ်၏ လက်ရှိ ကျင့်ကြံအားထုတ်မှုနှင့် ပတ်သက်၍ ဂိုဏ်းဂဏ ဆိုင်ရာနှင့် ဆက်နွှယ်မှု ရှိ မရှိ မေးမြန်းကြည့်ခဲ့သည်။

အဘဉာဏ်က ဂိုဏ်းဂဏလိုင်း လုပ်ငန်းကို သူလုပ်နေခြင်း မဟုတ်ကြောင်း၊ သူ့အပေါ်မှာ တင်ရှိနေသည့် အကုသိုလ်ကြွေးများကို တတ်စွမ်းသမျှသော ကုသိုလ်မှုပြု၍ ပေးဆပ်နေခြင်း ဖြစ်ကြောင်း သီလကို လုံခြုံအောင် ထိန်းသိမ်းပြီး ဒါနလည်း မြောက်၊ သီလလည်း ဆောက်၊ သမထလည်း ပေါက်ဆိုသည့်လုပ်ငန်းကို ကိုယ်ပိုင်အသိ၊ ကိုယ်ပိုင်အတွေးအခေါ်ဖြင့် လုပ်နေခြင်းဖြစ်ကြောင်း ရှင်းပြသည်။

"ကျုပ် သီလဆောက်တည်နေတာကို လေးစားကြည်ညိုမှုတွေက ကျုပ်ရဲ့ စားသောက်မှုအတွက် လိုအပ်တဲ့ ဆန်၊ ဆီ၊ ဆား၊ မြေပဲ၊ လက်ဖက်၊ ငှက်ပျောသီး စတာတွေကို လောက်ပံ့ကြတယ်။ ကျုပ်က သူတို့ကို ဗေဒင်တွက်ပေးတယ်။ မေတ္တာပို့ပေးတယ်။ တခြား ဘာဖြစ်စေ၊ ညာဖြစ်စေဆိုတာမျိုး အပြုလုပ်ငန်းတွေနဲ့ လှည့်စားတာမျိုး၊ ဘာမှ မလုပ်ဘူး။ ကဲ. . . မောင်ရင် ဘာသိချင်သေးသလဲ"

"သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်၊ ဓာတ်စခန်း၊ ဘာညာဆိုတာတွေအကြောင်း အဘသိရင် ပြောပြပေးပါဦး။ ဗဟုသုတ

www.burmeseclassic.com

www.burmeseclassic.com

အဖြစ် သိချင်လို့ပါအဘ"

"သိဒ္ဓိရှင်၊ မဟာိဒ္ဓိရှင်ဆိုပြီး စားပေါက်ထွင်ဖို့ အတွက် ကိုယ့်ဟာကိုယ် နာမည်တပ်နေကြတာပါ။ သိဒ္ဓိ၊ မဟိဒ္ဓိ ပေါက်မြောက်မှတော့ နောက်တစ်ခန်း တက်ဖို့ပဲ ရှိတာပေါ့။ ဟောတာပြောတာတွေ ဘာလုပ်နေစရာလိုမလဲ။ ပြီးတော့ တစ်မျိုးလာပြန်တာက ဓာတ်စခန်း၊ မောင်ရင်အလွယ်နဲ့ သဘောပေါက်အောင် ပြောလိုက်မယ်။ နတ်နန်းဆိုတဲ့ အသုံးအနှုန်းက နိမ့်တယ်။ လူတွေ အထင်ကြီးပြီး အဆင့်ပိုမြင့်အောင် တီထွင်လိုက်တဲ့ ခေတ်ပေါ် အသုံးအနှုန်းက ဓာတ်စခန်း၊ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဓာတ်ကြီးလေးပါးက အမှန်ရှိတာ။ ဘုရားဟောမှာလည်း ပါတယ်။ အဲဒီဓာတ်ကြီးလေးပါး အပြင် ဘာဓာတ်မှ မရှိဘူး။ ဓာတ်မရှိရင် ဓာတ်စခန်းလည်း ဘယ်ရှိမလဲ။ မောင်ရင်ကလည်း အမေးထူး၊ ကျုပ်ကလည်း အဖြေကျူး ဆိုသလို များ ဖြစ်ကုန်ကလား မသိဘူး"

"ဟုတ်ကဲ့ပါ အဘ၊ ကျွန်တော် ထပ်မမေးတော့ပါဘူး။ အဘအတွက် ဝန်မလေးဘူးဆိုရင် ဗေဒင်နဲ့ အင်္ဂဝိဇ္ဇာ အဟော ပညာသင်ပေးဖို့ အနူးအညွတ် တောင်းပန်ပါရစေ အဘ"

အဘဉာဏ်က သဲ့သဲ့ ပြုံးဖြင့် ခေါင်းညိတ်လိုက်သည်။

တစ်ပတ်မှာ နှစ်ရက် အဘဉာဏ်ထံမှာ ပညာယူခဲ့သည်။

နှစ်နှစ်နီးပါး ကြာမြင့်အောင် ဗေဒင်နှင့် အင်္ဂဝိဇ္ဇာ အဟောပညာကို သင်ယူပြီးနောက်. . . .။

► ► ► ► ►

(ခုနစ်)

လွင်ဦး ရန်ကုန်သို့ ပြန်လည် ပြောင်းရွှေ့ရန် အမိန့်ထွက်လာသည်။

ထိုသို့ ပြန်လည်ပြောင်းရွှေ့ရန်အတွက် သူက မကြိုးစားခဲ့။ သူက လက်ရှိနေရာတွင် ပျော်မွေ့နေသည်။

ပုတီးစိပ်အားလည်း အတော့်ကို ကောင်းနေပြီ။

အဘဉာဏ်က လောကီရေးနှင့် အထိုက်အလျောက် ဆက်နွယ်နေသည့် ပုတီးစိပ်နှင့် လမ်းမဆုံးစေရန် တရားထိုင်ခိုင်းသည်။

တရားထိုင်သောအခါ ဦးစွာ ပထမပြုရမည့် ကိစ္စမှာ စင်ကြယ်သောသီလ ဆောက်တည်မှု ခိုင်မြဲရမည်။

သီလခိုင်မှ သမာဓိ ပိုင်မည်။

သမာဓိပိုင်မှ ဘာဝနာဉာဏ်ကို ခွဲခြမ်းစိတ်ဖြာနိုင်မည်ဆိုသည်ကို လမ်းညွှန်ပြောပြခဲ့သည်။

သူနှင့်အတူ တွဲ၍လည်း တရားအားထုတ်စေခဲ့သည်။

ထိုသို့သောအခြေအနေမှ မမျှော်လင့်ဘဲ ပြောင်းရွှေ့မိန့် ရောက်လာသောကြောင့် မပြောင်းလည်း ခက်၊ ပြောင်းလည်းခက် ဖြစ်သွားရသည်။

သူက မပြောင်းချင်။

နိုင်ငံ့ဝန်ထမ်းဆိုတာက ကိုယ့်ဆန္ဒဖြင့် လုပ်ပိုင်ခွင့် မရှိသောကြောင့် ပြောင်းရမည်။

အဘဉာဏ်ကလည်း ပြောင်းမိန့်အတိုင်း လိုက်နာဆောင်ရွက်ရန် တိုက်တွန်းသည်။

"ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာမှတစ်ပါး အခြား ကိုးကွယ်အားထားစရာ မရှိဆိုတာကို သေတစ်ပန် သက်တစ်ဆုံး နှလုံးပိုက်ပြီး လမ်းကြောင်းမှန်ကို လျှောက်ပေတော့" ဟု ဆုံးမဩဝါဒစကားပြော၍ သူစိပ်နေသည့် ပုတီးကို လက်ဆောင်ပေးလိုက်သည်။

သူကလည်း ယောဂီဝတ်စုံတစ်စုံနှင့် အဘဉာဏ်လိုအပ်သလို သုံးရန် ဆေးမျိုးစုံ ငါးရာဖိုးခန့် ဝယ်ယူကန်တော့ခဲ့သည်။

ရန်ကုန်သို့ ပြန်ရောက်ရောက်ချင်း ဦးကြည်မောင်ထံမှ စိတ်မချမ်းမြေ့ဖွယ်ရာ သတင်းစကားကို ကြားလိုက်ရသည်။

ချယ်ရီတစ်ယောက် နောက်အိမ်ထောင်ပြု၍ မန္တလေးသို့ ပြောင်းရွှေ့သွားပြီ ဆိုသော သတင်း။

သူ့အတွက် မကောင်း သတင်းဟု ဆိုနိုင်ရာသလို ကောင်းသတင်းဟုလည်း ပြောနိုင်ရာသည်။

ချယ်ရီတို့သားမယ သူ့ အပေါ်ထားသည့် သဘော ထား မဖြောင့်မတ်စေကာမူ ချယ်ရီအပေါ် ထားခဲ့သည့် သံယောဇဉ်မှာ သူ၏ နှလုံးသားတွင် ခိုင်ကျည်လျက်ပင် ရှိသေးသည်။

သို့တစေ သူတို့နှစ် ယောက်ပြန်လည် ပေါင်းစ ရန် အခြေအနေ မရှိတော့ ပြီကို သိပါလျက် ခုလိုကြား သိလိုက်ရတော့ ရင်ထဲမှာ နာကျင်သလို ခံစားလိုက် သည်။

ပြန်လည် ဆုံစည်းရန် မဖြစ်နိုင် သူနှင့် တွေ့ဆုံရန် အကြောင်းမရှိပြီ ဆိုသော အသိက သူ၏ စိတ်ကို သက် သာမှု ရစေပြန်သည်။

ရန်ကုန်မှာ ရှိနေလျှ တစ်နေ့မဟုတ် တစ်နေ့ မလွ

www.burmeseclassic.com

www.burmeseclassic.com

မသေ့ ဆုံစည်းရမည်။ ခုတော့ ဆုံစည်းစရာ မရှိတော့သလို ခံစားမှု အသစ်တစ်ဖန် ပြန်လည် ဖြစ်စရာလည်း အကြောင်း မရှိတော့။

ချယ်ရီက အလုပ်ထွက်ပြီး ဒုတိယအိမ်ထောင်ဖက်နောက်သို့ အပြီးအပိုင်လိုက်သွားပြီ။ ဟိုမှာ အခြေချ နေထိုင်ကြောင်းသို့ပါ သိလိုက်ရသည်။

မည်သူမည်ဝါနှင့် မည်သို့ မည်ပုံ၊ ဒုတိယအိမ်ထောင်ဆက် အကြောင်းဖက်လိုက်ပုံကို အပြည့်အစုံ သိလိုက်သည့်အခါ ဪ ဒါကြောင့်ကိုးလို့ မှတ်ချက်ပြုလိုက်ရသည်။

ချယ်ရီ၏ နောက်အိမ်ထောင်ဖက်မှာ ပညာအခြေခံ နည်း၍ ရုပ်ရည်မသားနားသော်လည်း ဘဝအခြေအနေ သားနားသည်။

သူက အစိမ်းကိုင်သမား။

အစိမ်းခေတ်ကောင်းကို မိလိုက်သလို ကံလည်းလိုက်သည်။

တကယ့် ကျောက်ပဂေးတွေက ဘယ်လိုမှ မပွင့်နိုင်ဟု ခါလိုက်သည့် ကျောက်မျိုး သူ့လက်ထဲရောက်ရင် ပွင့်ထွက်သွားသည်။

အောက်ဈေးနှင့်ရသည့် သောင်းကျောက်ကို သူ့လက်နှင့် ထိကိုင်ပြီး ခွဲလိုက်ရင် အနည်းဆုံး သိန်းကြီးကျောက်တန်း ဝင်သွားစမြဲရှိသည်။

လူပွဲစားမတစ်ယောက်နှင့် ချိတ်ဆက်မိခဲ့သူ ဒေါ်မေစီ၏ အစီအစဉ်ဖြင့် အလုပ်ဖြစ်သွားသည်။

သူ နယ်သို့ ရောက်နေစဉ် ချယ်ရီအဖေရောဂါသည်းဘအောင် ကွယ်လွန်သွားသည်။

ခု ဒေါ်မေစီပါ မန္တလေးကို လိုက်သွားပြီး သမက်ဆင်သည့် စိန်နားကပ်ကြီးနှင့် ပါးပြောင်နေပြီ။

ရန်ကင်းတိုက်ခန်းကို ချယ်ရီ့ယောက်ျားနှင့် ရန်ကုန်ဆင်းသည့်အခါ တည်းခိုနေထိုင်သည့် အခန်းအဖြစ် ထားပြီး မန္တလေးပြန်သည့်အခါ သော့ပိတ်ထားသည်။

ချယ်ရီနှင့် လုပ်ဖော်ကိုင်ဖက် ချယ်ရီတို့အကြောင်း အတွင်းသိအစင်းသိ နုနုရီ၏ ပြန်လည်ပြောကြားချက်အရ သိရခြင်းဖြစ်၏။

ဒေါ်မေစီတို့က သည်လိုအထာ၊ သည်လိုမျိုး အခြေအနေနှင့် အံဝင်မည့်သူတွေ။

ခုတော့ အံဝင်ခွင်ကျ ဖြစ်သွားကြပါပြီ။

မည်သို့ပင် ရှိစေ သူ့အတွက်လည်း တရားဝင်လွတ်လပ်ခွင့်ရသွားပြီဖြစ်၏။

သူက ဦးကြည်မောင်တို့အိမ်မှာပင် နေသည်။

ညပိုင်း ဘုရားတက်ပြီး ပုတီးစိပ်သည်။

မနက်အစောပိုင်း အိမ်မှာ စိပ်သည်။

အဘဉာဏ်ထံမှ သင်ယူခဲ့သည့် ဗေဒင်နှင့် အင်္ဂဝိဇ္ဇာ အဟောပညာကို လက်တွေ့အသုံးမချဖြစ်သေး ရှိနေသည်။

သူပြောင်းရွှေ့ရမည့် အချိန့်ထွက်လာသည်အထိ သင်ယူနေသည့် အဟောပညာမှာ ဆုံးခန်း မရောက်သေး။

သို့တစေ ဟောပြောနိုင်သည့်အဆင့်သို့မူ ရောက်နေပြီဖြစ်၏။

ဟောနည်းရတော့ ရပြီ။

လက်တွေ့ပိုင်းဆိုင်ရာ ပြောနည်းကိုတော့ မလေ့ကျင့်ရသေး။

ဗေဒင်လက္ခဏာဟောသည့်အခါတွင် ပညာပိုင်းဆိုင်ရာထက် အပြောအာဝဇ္ဇာန်းက ပိုအရေးကြီးသည်။

လမ်းလျှောက်ဗေဒင်ဆရာ၊ ဘုရားပေါ်က ဗေဒင်ဆရာနှင့် မဂ္ဂဇင်း တီဗွီတို့မှ ကြော်ငြာ အားပေးနိုင်သည့် တိုက်ကြီးပေါ်က ဗေဒင်ဆရာတို့မှာ ပညာအရာတွင် မကွာခြားသော်လည်း ဟိတ်ဟန်ထည်ဝင့်မှု ကွာခြားသည်။

ငွေကြေးရရှိမှု ကွာခြားသည်။

အပြောအာဝဇ္ဇန်းကောင်းပြီဆိုရင်တော့ ပစ်တိုင်းထိ လက်ဖျားငွေသီး ဗေဒင်လက္ခဏာဆရာဖြစ်ဖို့ သေချာသည်။

မေးမည့်သူကို မျှော်စရာမလို။

တစ်ယောက်ကို နာရီဝက်ထက် ပိုပြီး အချိန်မပေးနိုင်သည့် ဟိတ်ဟန်ထည်ဝင့်သော ဆရာကြီးအဖြစ် ရပ်တည်နိုင်ပြီ။

ကိုလွင်ဦးက ရန်ကုန်ပြန်ရောက်သည်နှင့် နိုင်ငံခြားထုတ် လက္ခဏာစာအုပ်များကို ဝယ်ယူ၍ လေ့လာခဲ့သည်။

နိုင်ငံရပ်ခြား တိုင်းပြည်များသို့ ခြေဆန့်ခရီးထွက်နိုင်သော တိုက်ခန်းကြီးကြီးနှင့် ဆယ်သိန်းအထက် ကိုယ်ပိုင်ကားကြီး စီးနိုင်သော ဆရာကြီး၏ သင်တန်းကိုလည်း တက်ခဲ့သည်။

ထောင်ကျော်သင်တန်းကြေးကို အရစ်ကျ ပေးနိုင်အောင် အတော်ကြီး ကြိုးစားရသည်။

ဗေဒင်လက္ခဏာဝါသနာမပါသူက ခပ်ရှားရှား။

www.burmeseclassic.com

www.burmeseclassic.com

လူတစ်ရာမှာ ကိုးဆယ့်ကိုးဝါသနာပါသည်ဟု ဆိုရမည်သို့ ရှိကြသည်။

မေးခွန်းအကုန်ခံပြီးသော်မှ ဗေဒင်ကို မေးဖို့ ဝါသနာထုံမွေ့ကြသည်။

သူက အလကားပဲတင်းဖရီးဟောသောကြောင့် မေးသူတွေ ဝိုင်းဝိုင်းလည်နေကြသည်။

သူက နည်းသုံးနည်းစလုံးကို အခြေပြုဟောသည့် အပြင် ပုတီးစိပ်သည့် သမာဓိအားလေးလည်း ထောက်ကူသောကြောင့် သူ၏ ဟောချက်ကို သဘောမတွေ့သူ မရှိသလောက် ဖြစ်လာသည်။

မေးသူ အင်အားလျော့မသွား။

အလေ့အကျင့်များလေ ရင့်ကျက်လေ ဆိုသည့်အတိုင်း သူ၏ဟောချက်မှာ ပစ်တိုင်းထိ ဖြစ်လာသည်။

အမျိုးသမီးပိုင်းကဆို အိမ်ကို ထမင်းစားပြီး တစ်အိမ်သားလုံးကို ကြည့်ရှုပေးဖို့ တောင်းပန်ဖိတ်ခေါ်သည့်အထိ ဖြစ်လာသည်။

စနေ၊ တနင်္ဂနွေအားရက်ဟူ၍ လွတ်လွတ်လပ်လပ် အနားမယူနိုင်။

သူကိုယ်တိုင်ကလည်း ဟောပြော နေရသည်ကို ကြည်နူးနှစ်သိမ့်နေသည်။

ဆရာလေး အခေါ် အဝေါ်လည်း တွဲစပ်လာသတည်း။

တချို့က ငွေမယူသောကြောင့် လုံ့ချည်အင်္ကျီစများ ကန်တော့ကြသည်။

တဖြည်းဖြည်းနှင့် သူ၏ နယ်ပယ် ပို၍ ကျယ်ဝန်းလာသည်။

"သူကဗေဒင်လက္ခဏာ ပညာသက်သက်နဲ့ ဟောတာ မဟုတ်ဘူး။ ပုတီးသိပ်စိပ်လို့ ရတဲ့ သမာဓိအာရုံနဲ့ တွဲစပ်ပေးတာ၊ ဒါကြောင့် သူ့ဟောချက်တွေ ထိထိမိမိ ရှိတာပေါ့"

ဆိုသည့် သူတို့ဟာ သူတို့ ထင်မြင်ချက်ပေးသည့် အတွဲအစပ် စကားများ ရိုက်ခတ်လာသည်။

တစ်နှစ်တာကာလအတွင်း ငွေကြေး မယူဘဲ စေတနာ အဟောကြောင့် ပေးသူကြည့်သူတွေ များသည့်အလျောက် အတွေ့အကြုံ ပြည့်ဝလာသည်။

ဆရာလေးဆိုသည့် အခေါ်အဝေါ်နှင့် တလေးတစား ခေါ်ဆိုလာသည့်အပေါ် သာယာမိန့်မောလာသည်။

ဤသို့ အပျော်တမ်း အဟောအပြော လုပ်နေရာမှ တစ်နှစ်ကျော် ကြာပြီးနောက် သူ့အောက်မှ လုပ်ဖော်ကိုင်ဖက် စာရေးကြီး ဦးမင်းသူက နည်းပေးလမ်းပြ အကြံပြုစကား ပြောလာသည်။

ခုလိုစေတနာအလျောက် ဟောပြောနေတာ ကောင်းတော့ ကောင်းပါတယ်။

ဒါပေမဲ့ ပညာတန်ဖိုး ယုတ်လျော့သည်။

အလကားဟောသည့်အတွက် အလေးအနက် မထားကြ။

တလေးတစားသဘော မထားကြ။

ပေါ့ပေါ့တန်တန် သဘောထားပြီး ပေါ့ပေါ့ပြောပေါ့ပေါ့မေး မေးနေကြသည်။

ဒီအတိုင်း ဆက်ဟောနေရင် ပေါ့ပျက်ပျက်ကနေ ပေါ်တောတော ဖြစ်သွားလိမ့်မည်။

ထိုက်သင့်သောနှုန်းထားဖြင့် ဟောသင့်ကြောင်း ပြောသည်။

သူက ဒီပညာကို အဘဉာဏ်နှင့် တွေ့ပြီး အခကြေးငွေယူပြီး ကြေးစားသဘော စီးပွားရေးသဘောမျိုးလုပ်ရန် မရည်ရွယ်ကြောင်း၊ ခုလိုပဲ ဟောနေတာက ကောင်းလိမ့်မည် ထင်ကြောင်း ကိုမင်းသူက ရှင်းပြရသည်။

ထိုကိစ္စနှင့် ပတ်သက်၍ ဦးကြည်မောင်ကလည်း ပြောသည်။

ခုလို ဟိုလိုက်ဟော ဒီလိုက်ဟော လုပ်နေသည်မှာ အဓိပ္ပာယ်ကင်းမဲ့သလို ဖြစ်နေကြောင်း၊ ပညာကို တန်ဖိုး မထားရာလည်း ရောက်ကြောင်း၊ ငွေကြေး မယူသည့်တိုင် မေးသူက ကိုယ့်ဆီလာရမည် ဖြစ်ကြောင်း မေးသူက ကိုယ့်ဆီ မလာဘဲ ကိုယ်က မေးသူနောက် လိုက်ဟောနေသည်မှာ အပေါစား ဆန်ကြောင်း၊ မလုပ်ရင် အရှင်း၊ လုပ်ရင် အပြက် သဘော မလုပ်သင့်ကြောင်း နှင့် ဟောပြောခ ... ကြောင်း၊ ထိုငွေကို ကိုယ်မသုံး လိုလျှင် သမ္မာအာဇီဝရသော ငွေဖြစ်သောကြောင့် အလှူ ဒါနပြုလျှင် ဒါမှမဟုတ် မိဘ ဆွေမျိုးဉာတကာများကို ကန် တော့လျှင် အကျိုးရှိကြောင်း ပြောသည်။

ကိုးခင်းသူနှင့် ပြန်ဆွေး နွေးရသည်။

ပထမကိစ္စက နေရာ ကိစ္စ၊ ဒုတိယကိစ္စက မေးမည့် သူများ ဘယ်နေရာတွင်ဟော ပြောနေသည်ကို အသိပေး ကိစ္စ၊ တတိယကိစ္စက နှုန်း ထား ဘယ်ရွေ့ဘယ်မျှ ယူ မည့်ကိစ္စ။

ရှေ့လဆက်ရန် . . . .

ကျော်ပြည်သန်း

www.burmeseclassic.com

မြန်မာနိုင်ငံရှိ တကောင်းအဘိရာဇာမင်းမှသည် သီပေါမင်းအထိ မင်းဆက်များ၊ ကိုလိုနီခေတ်၊ ဂျပန်ခေတ်၊ ဖ•ဆ•ပ•လခေတ်၊ အိမ်စောင့်အစိုးရခေတ်မှသည် ယနေ့အစိုးရခေတ်အထိတိုင် မြန်မာ့သမိုင်းဖြစ်ရပ်မှန်များကို ဓာတ်ပုံပေါင်းများစွာဖြင့် မှတ်တမ်းပြုစုထားသည့် စာအုပ်ဖြစ်သည်။

(စာမူခွင့်ပြုချက်အမှတ် - ၃၁၀၂၇၀၀၈၁၂)

ခေတ်အဆက် သမိုင်းဝင် မြန်မာ့မှတ်တမ်းပုံရိပ်များ

ဦးသန့်(လာဘ်မိုးစွေ) ပြုစုသည်။

မြန်မာ့သမိုင်းဖြစ်စဉ်များကို လေ့လာဖတ်ရှု မှတ်သားလိုသူများအတွက် ရေးသားထားခြင်းဖြစ်သည်။ အုပ်ချုပ်ရေး စနစ်သစ်များ အုပ်ချုပ်သူ လူတန်းစားတို့၏ အမည်များနှင့် ဖြစ်စဉ်အကြောင်းအရာများကိုလည်းကောင်း၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာများကိုလည်းကောင်း၊ တိုးတက်ပြောင်းလဲမှု ဖြစ်စဉ်များကိုလည်းကောင်း၊ ခေတ်စနစ်တို့အား တစ်ခေတ်ပြီးတစ်ခေတ် ပြုစုထားရှိသည်။

မြန်မာနိုင်ငံ သမိုင်းကို ဓာတ်ပုံများစွာဖြင့် စုစည်းဖော်ပြထားသည့် ဗဟုသုတစာအုပ်ကြီးဖြစ်ပြီး စာကြည့်တိုက်များအတွက်လည်းကောင်း၊ သမိုင်းသုတေသီများအတွက်လည်းကောင်း မဖြစ်မနေ ဝယ်ယူထားသင့်သည့် စာအုပ်လည်း ဖြစ်သည်။

ထွက်ပြီ

(တန်ဖိုး - ၁၀၀၀၀ ကျပ်)

<u>ဖြန့်ချိရေး</u>

လာဘ်မိုးစွေစာပေ

အမှတ်(၂၁၂)၊ ပ-ထပ်၊ ၃၆-လမ်း(အထက်)၊ ၀၉-၄၂၁၀၀၅၉၂၅၊ ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၅၀၉၂၄၇၇ ။

မန္တလေးမြို့ - ထွန်းဦး စာပေ၊ နဂါး စာပေ

ကျော်ကျော် စာပေ(မော်လမြိုင်)၊ သဇင် စာပေ(ပဲခူး)၊ စောဦး စာပေ(ရန်ကုန်)။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

တုံ့မယူလို

ဝင်းသောင်(ရမည်းသင်း)

"လာနော် ...လာကြ။ အဆီတဝင်းဝင်းနဲ့ ငါးပတ်ခုတ်သားကြီးတွေ"

"လတ်လတ်ဆတ်ဆတ်ကြီးတွေ"

"ပစ္စည်းမှန်၊ ဈေးမှန်၊ အလေးမှန်ရောင်းတာနော်"

"သူများလို ငါးသေးငါးမွှား မရောင်းဘူး။ အလေးမခိုးဘူး"

"ဟဲ့ ...နီမ၊ ညည်း ဘာစောင်းတာလဲ"

"အလိုလေးတော်၊ ငါ့ဟာငါ အော်ရောင်းနေတာ ညည်းက ဘာဖြစ်ရတာလဲ"

မြို့လယ်ကဈေး တစ်နည်းအားဖြင့် ယာယီပျံကျဈေးအတွင်းရှိ သားငါးဈေးတန်းတွင် ငါးသည် နီမဆိုသူနှင့် ပေါက်စဆိုသူတို့သည် တစ်ယောက်နှင့်တစ်ယောက် စောင်းနေကြခြင်းဖြစ်သည်။

အလေးမှန်၊ ဈေးမှန်၊ ပစ္စည်းမှန်မှရောင်းတယ်။ သူများလို ငါးသေးငါးမွှားရောင်းဘူး။ အလေးမခိုးဘူးဆိုသော နီမရဲ့ ဈေးခေါ်သံက တစ်ဖက်လူပေါက်စအား တိုက်ရိုက်ရည်ညွှန်းပြောသလို ဖြစ်နေပေသည်။ အကြောင်းမှာ မနေ့ကပင် မြို့နယ် ရဲစခန်းမှူးနဲ့အဖွဲ့သည် ဈေးအတွင်းဝင်ကာ အလေးတင်းတောင်းအချိန်အတွယ် ရှောင်တခင်ဝင်ရောက်စစ်ဆေးခဲ့ရာ မပေါက်စအပါအဝင် သားငါးရောင်းသူ ခြောက်ဦး အလေးချိန်ခွင်မမှန်သဖြင့် ရဲစခန်းမှ ဥပဒေနှင့်အညီ အရေးယူခဲ့သည်။

ထို့ကြောင့်ပင် နီမ၏ဈေးခေါ်သံသည် မပေါက်စအား အနာပေါ်တုတ်ကျသည့်နှယ် ဖြစ်ရပေသည်။

နီမ၏မိသားစုသည် ယာယီဈေးတွင် သားငါးရောင်းချရာ၌ အုပ်စုတောင့်တင်းသကဲ့သို့ ပေါက်စဘက်ကလည်း မခေ။ အားကောင်းမောင်းသန် ညီအစ်မလေးယောက် ရောင်းချနေခြင်းဖြစ်သည်။ ဒါကြောင့် တစ်ဖက်နှင့်တစ်ဖက် မခံသာအောင် စောင်းမြောင်းပြောဆို ရန်စောင်နေကြခြင်း ဖြစ်သည်။

ဈေးလုံခြုံရေးအဖွဲ့အနေဖြင့် စီခန်ညံ့ခနဲ ကြားလျှင်ကြားချင်း ရောက်လာကြသည်။ ဒီလောက်မြန်တာတောင် လူစုလူဝေးဖြစ်သွားသဖြင့် အတော်ရှင်းလိုက်ရသေးသည်။ ရန်ကုန်ဆိုတဲ့ ရွှေမြို့တော်ကြီးမှာက တစ်စုံတစ်ယောက်က မိုးပေါ်မော့ကြည့်တာကိုပင် ဘာမသိညာမသိ တစ်ယောက်ကစ တစ်ရာဆိုတာလို ဝိုင်းကြည့်တတ်တာမို့။ ပြီးတော့လည်း ဘာမသိ ညာမသိ ပြီးသွားတာပဲလေ။

တစ်ဖက်နှင့်တစ်ဖက် လက်ပံပင်ဆက်ရက်ကျသကဲ့သို့ ပြောကြဆိုကြ ဆဲကြအော်ကြ ကလော်ကြတာမျိုးဟာ နီမ၊ ပေါက်စတို့ပတ်ဝန်းကျင်တွင် ဖြစ်နေကျ ဖြစ်သည်။ နည်းနည်းဖြစ်ရင် ဈေးခေါင်း ဈေးတာဝန်ခံကရှင်း။ တုတ်တစ်ပြက် ဓားတစ်ပြက်ဆို မြို့နယ်ရဲစည်ပင်ရဲကပါရှင်း။ ပြီးတော့လည်း ပြီးစေမို့ ဘာမှ မဆန်းတော့ပါ။

အခြားဈေးသည်တွေကော နီမ၊ ပေါက်စတို့လို အမြဲရန်စောင် ရန်ဖြစ် ဆဲကြဆိုကြတာတွေ ရှိသလားဆိုတဲ့ အမေးရှိလာရင် ဒီဈေးမှာ သားငါး၊ ဟင်းသီးဟင်းရွက်၊ ငါးခြောက်ငါးခြမ်း၊ ပန်းမာလ်၊ လူသုံးကုန်နဲ့ အထည်မျိုးစုံရောင်းဝယ်တဲ့ ဆိုင်တွေလည်း ရှိပါတယ်။ တစ်ယောက်နဲ့တစ်ယောက် တစ်ဦးနှင့်တစ်ဦး ရောင်းရင်းဝယ်ရင်း ရောင်းသူနဲ့ဝယ်သူ အခန့်မသင့်တဲ့အခါ၊ စကားစမြည်ပြောရတဲ့ အခါမျိုးတွေရှိပါတယ်။ ဒါပေမဲ့ အေးအေးဆေးဆေး ဖြေရှင်းပြီးကြပါတယ်။ နီမနဲ့ ပေါက်စတို့လို ထမီစွန်တောင်ဆွဲ အော်ဆဲတဲ့အထိ မဖြစ်ကြပါ။ ဈေးကြီးကြပ်ရေးအဖွဲ့ ပညာပေးရတဲ့အကြိမ် များလှသလို

www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတစ်ရံ ရဲစခန်းအထိရောက်ပြီးမှ ပြီးပြတ်တာတွေလည်း ရှိပါတယ်။

× × × × ×

"စဉ်တာ ... သင်တန်းသူတွေက နက်ဖြန်နံနက်စာကို မုန့်ဟင်းခါးစားချင်တယ်လို့ သတင်းပို့ကြတယ်"

သင်တန်းရိပ်သာ ကော်မတီအတွင်းရေးမှူး နော်သဲဖြူက သင်တန်းအဆောင်မှူးဖြစ်သူ အထက်တန်းသူနာပြု ဆရာမကြီး ဒေါ်ကြည်သာထံ တင်ပြလိုက်သည်။

"မင်းတို့ရိပ်သာ ကော်မတီဝင်တွေနဲ့ အရင်ညှိလေကွယ်။ အများသဘောတူတယ်ဆို ချက်စားကြတာပေါ့"

"ဟဲ့ ... ဟဲ့ ... ချက်စားတာတော့ဟုတ်ပြီ။ ရိပ်သာကော်မတီရဲ့ တစ်နေ့ခွင့်ပြုငွေနဲ့ကော ကာမိကြရဲ့လား"

ဆရာမကြီး ဒေါ်ကြည်သာသည် ဆရာမလေးနော်သဲဖြူ တင်ပြစဉ်က ချက်စားကြတာပေါ့ဟု သဘောထားပေးလိုက်ပြီးမှ ခွင့်ပြုငွေနှင့် မကိုက်မှာစိုးသဖြင့် နော်သဲဖြူကို ပြန်မေးလိုက်သည်။

"ဟုတ်ကဲ့ ... လောက်ပါတယ်။ ဒေါက်တာဒေါ်မြလေးနွယ်ကိုယ်တိုင် တွက်ချက်ထားတာပါ"

"သြော် ... ဒေါက်တာမြလေးနွယ် နက်ဖြန် အဆောင်ကို လာမှာတဲ့လား။ ဟန်ကျတာပေါ့။ သူက ဖျာပုံသူကွဲ့။ မုန့်ဟင်းခါးချက်တဲ့နေရာမှာတော့ ရှာမှရှားပဲ။ သူ့လက်ရာ တို့များ ခဏခဏ စားဖူးတယ်"

ဆရာမကြီး ဒေါ်ကြည်သာသည် ဒေါက်တာဒေါ်မြလေးနွယ်ကိုယ်တိုင် ဦးစီးကာ မုန့်ဟင်းခါးချက်စားကြမည်ဆိုသဖြင့် ဝမ်းသာနေမိသည်။

ဒေါက်တာမြလေးနွယ်သည် (...) ဆေးရုံမှ လက်ထောက်ဆရာဝန်တစ်ဦးဖြစ်သည်။ တစ်ကိုယ်ရေတစ်ကာယ သမားမို့ ဆေးရုံဝင်းအတွင်းရှိ ဆရာဝန်များရိပ်သာတွင် နေထိုင်သည်။ အလုပ်နားရက်များတွင် သင်တန်းဆောင်သို့ လာရောက်လည်ပတ်ရင်း တပည့်သင်တန်းသူများနှင့် ချစ်ချစ်ခင်ခင်နေလေ့ရှိသည်။

သင်တန်းသူများကလည်း သင်တန်းကာလ ဒေါက်တာဒေါ်မြလေးနွယ်နှင့် လက်တွေ့သင်ယူရသည့်အခါ အစ်မနှင့် ညီမများအတိုင်း တကာယစေတနာ အရင်းခံနှင့် သင်ကြားပေးခြင်း၊ မိသားစုဆက်ဆံရေးမျိုးနှင့် ဆက်ဆံခြင်းတို့အတွက် ဒေါက်တာဒေါ်မြလေးနွယ်ကို ချစ်ခင်ကြသည်။ ရုံးပိတ်ရက်များတွင် ယခုလိုပင် သင်တန်းဆောင်သို့လာ၍ကာ မုန့်ဟင်းခါး၊ မုန့်တီ၊ အုန်းနို့ခေါက်ဆွဲ၊ အုန်းထမင်း,ကြက်သားဟင်းများကို ရိပ်သာခွင့်ပြုငွေနှင့်မလောက်က လိုငွေကို ဒေါက်တာဒေါ်မြလေးနွယ်က စိုက်ထုတ်ပံ့ပိုးကာ မတွက်မလိုက် စေတနာဖြင့် ချက်ကျွေးလေ့ရှိသည်။ ဒါသည်ပင် ဒေါက်တာမြလေးနွယ်၏ ချစ်စရာ၊ ခင်စရာ၊ လေးစားစရာကောင်းသော ဝါသနာတစ်မျိုးပင်ဖြစ်သည်။

လုပ်ဖော်ကိုင်ဘက် ဆရာဝန်များ၊ သူနာပြုဆရာမကြီးများ၊ အထူးကုဆရာဝန်ကြီးများကိုယ်တိုင် ဒေါက်တာမြလေးနွယ်ရဲ့လက်ရာ စားသော်ဖွယ်များ စားသောက်ဖူးကြသဖြင့် မချီးကျူးဘဲ မနေနိုင်အောင် ဖြစ်ခဲ့သည်။

× × × × ×

နံနက် ၅ နာရီအချိန်မှစ၍ ဟင်းရွက်ဟင်းသီး၊ ပန်းမာလ်၊ သစ်သီးဝလံနှင့် သားငါးဈေးတန်းသည် သက်ဝင်လှုပ်ရှားလာသည်။ ဈေးသည်များ၏ ဈေးခေါ်သံများကလည်း အသံစဲသွားသည် မရှိပေ။

နေ့လယ် ၂ နာရီခန့်တွင် ဒေါက်တာမြလေးနွယ် သူနာပြုဆရာမလေး နော်သဲဖြူနဲ့ အခြားသင်တန်းသူ နှစ်ဦးတို့သည် နောက်တစ်နေ့နံနက်စာ မုန့်ဟင်းခါးဟင်းချက်ရန်အတွက် လိုအပ်သော အဆာများဝယ်ရန် ဈေးအတွင်းသို့ ရောက်လာကြသည်။

"မနော် ... မင်းက ကိုယ်နဲ့လိုက်ခဲ့။ တို့များက ငါးဝယ်ကြမယ်။ စိုးစိုးနဲ့ တင်မမတို့က ကိုယ်ရေးပေးထားတဲ့ပစ္စည်းလေးတွေဝယ်။ အမည်တစ်မည်မှ မကျန်အောင် စိစစ်ပြီးဝယ်။ ကျန်ခဲ့ရင် ဈေးတခေါက်ပြန်လာဖို့ အချိန်ကုန်မယ်။ လူလည်းပန်းမယ်နော်"

ဒေါက်တာမြလေးနွယ်သည် မုန့်ဟင်းခါးဟင်းချက်ရာတွင် လိုအပ်သောဟင်းခတ်ပစ္စည်း အမည်များကို အမျိုးအမည် အချိန်အတွယ်ပါ တိတိကျကျရေးမှတ်လျက် စိုးစိုးတို့အဖွဲ့ကို တာဝန်ပေးလိုက်သည်။

"လာကြနော် ... လာကြ။ ရေငါးသလောက် လတ်လတ်ဆတ်ဆတ်တွေ"

ပေါက်စသည် ပုဆိုးကြမ်းတထည်ကို ခေါင်းပေါင်းလျက် ဒူးပေါ်ပေါ်ပေါ်ဖြင့် ဆောင့်ကြောင့်ထိုင်ကာ အဆက်မပြတ် ဈေးခေါ်လျက်ရှိသည်။

"ငါးခူတွေ၊ ငါးကျည်းတွေ လတ်ဆတ်တယ်နော်။ နောက်ကျရင် မရဘဲမယ်။ ခုမှ စည်သစ်ဖောက်တာ။ မနက်က ကုန်တဲ့ ငါးအသေမဟုတ်ဘူး။ အရှင်လတ်လတ်ဆတ်ဆတ်တွေ"

နီမသည် မိမိရှေ့က ငါးဗျပ်ထဲ တဖျပ်ဖျပ်လူးလွန့်လျက် ခုန်ဆွခုန်ဆွဖြစ်နေသော ငါးခူနှင့် ငါးကျည်းခေါင်းများကို လက်တွင်းက အစိတ်သားအလေးနှင့် အဆက်မပြတ်ထုနှက်ရင်းက ဈေးခေါ်သည်။

"မနော်ရေ ... မုန့်ဟင်းခါးဟင်းချက်ရင် ငါးခူ၊ ငါးကျည်းဟာ အကောင်းဆုံးပဲ။ ချိုလည်း သိပ်ချိုတယ်။ ငါးကျည်းက အနံ့တော့နည်းနည်းစူးင သ်။

www.burmeseclassic.com

...င်နဲ့ချင်း အချိုးကျကျ သုံးလိုက်ရင် ...လွန်ကောင်းပါတယ်''

''ငါးသလောက်၊ ငါးကြင်း ငါးမျက် ...နီ၊ ငါးရွှေဆိုတဲ့ ငါးတွေလည်း မုန့်ဟင်း ...ဟင်းချက်လို့ ကောင်းပါတယ်။ ဒါပေ... အနံ့စူးတယ်။ ငါးခူ၊ ငါးကျည်း မရရင် ...တော့ သုံးရမှာပေါ့ကွယ်''

''မနော်တို့အပါးကတော့ မုန့်ဟင်း ...ဆိုတာ အနံ့စူးမှ ကောင်းတာတဲ့။ ဒါ ...ကြောင့် အပါးက အိမ်မှာချက်စားပြီဆို ...သလောက်နဲ့ပဲ ချက်စားတယ်''

''ဟုတ်တယ်။ တချို့က မုန့်ဟင်း ...ဆို မုန့်ဟင်းခါးဟင်းနံ့ထွက်မှ ကြိုက် ...တယ်''

ဆရာမလေး နော်သဲဖြူနှင့် ဒေါက် ...တာမြလေးနွယ်တို့သည် စကားပြောရင်း ...သည်တန်းသို့ ရောက်လာကြသည်။

ဟော ... ဟိုမှာ ငါးခူ၊ ငါးကျည်း ...''

''ဟုတ်တယ်နော်။ ဈေးမေးကြည့် ...အောင်''

ဒေါက်တာမြလေးနွယ်နှင့် ဆရာမ ... နော်သဲဖြူတို့သည် ငါးခူ၊ ငါးကျည်း ...ရှေ့တွင် ရပ်လိုက်သည်။

''ငါးခူ ဘယ်ဈေးလဲ ... ဟင်''

''(---)ဈေး''

''ငါးကျည်းဈေးကော''

''(---)ဈေး''

''ဈေးနည်းနည်း လျှော့ပါဦး''

''ဟော့ ... ဈေးမဆစ်နဲ့။ တို့က ...မခိုးဘူး။ အလေးမှန်၊ ဈေးမှန် ...တာ''

ရောင်းသူနဲ့ ဝယ်သူဆိုတာ အပြန် ...န် ယဉ်ကျေးသိမ်မွေ့စွာ ပြောဆို ...သင့်၏။ သို့သော် ငါးသည်နီမ ... ချောင်စွာမပြော။ သံပြတ်နှင့် ပြော ...သည်။ အခြေအနေမကောင်းမှန်း ...တာမြလေးနွယ် သဘောပေါက် ... ဒါကြောင့် တခြားဆိုင်ပြောင်းရန်

ဟန်ပြင်ရင်း ..

''ညီမရေ တခြားမှာ ရှာကြသေးတာပေါ့ကွယ်။ ငါးကသေးတော့ အရိုးလည်းများမယ်ကွဲ့''

ဟု နှစ်ကိုယ်ကြား မပွင့်တစ်ပွင့်ပြောကာ ဆိုင်ရှေ့မှ ထွက်လိုက်သည်။

''ငါးပုပ်ငါးသိုး အောက်မေ့သလား။ ခြောက်ပြားတစ်ပဲနဲ့ ငါးကြင်းခေါင်းကိုင်ချင်လို့ရမလား။ အရိုးများသလေး၊ ဈေးခါးသလေးနဲ့ တောက် ... မပြောလိုက်ချင်ဘူး''

ဒေါက်တာမြလေးနွယ်အနေဖြင့် ဈေးနည်းနည်းလျှော့ရန် ထုံးစံအတိုင်း ယဉ်ကျေးစွာပြောသော်လည်း ဈေးသည်မှ ရင့်သီးစွာ ပြောလာသဖြင့် မခံချင်စိတ်ဖြစ်မိသည်။ သို့သော် မည်သို့မှ ပြန်လည်မတုံ့ပြန်ဘဲ ငါးသည်ရှေ့က ထွက်ဖြစ်အောင် ထွက်လိုက်သည်။ ဒါကိုပင် ငါးသည်က လက်ထိလက်ရောက် ရန်မူမည့်ကဲ့သို့ အလေးကိုလက်တွင် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ကာ ရန်ထောင်လျက်ရှိသည်။

''ဟဲ့ ... ဟဲ့ ... မိန်းကလေး။ ရောင်းသူနဲ့ဝယ်သူ ဒီလိုမပြောနဲ့လေကွယ်။ မင်းရောင်းနိုင်ရင်ရောင်း။ ဝယ်သူကလည်း ဝယ်ချင်မှ ဝယ်မှာပေါ့''

ဒေါက်တာမြလေးနွယ်ကို ငါးသည်က ရန်ထောင်နေတာ အစမှ ဆုံးတိုင်မြင်တွေ့နေသော ဒေါ်ခင်ထားသည် ငါးသည်ကို ကြားမှ ဝင်ဟန့်တားလိုက်သည်။

''ထွီ ... တော်နဲ့ဘာဆိုင်လဲ။ တော့်လင်ပါသမီးလား''

''ဘာမှမဆိုင်ဘူး။ ညည်းပြောတာဆိုတာ ရိုင်းလွန်းလို့ ဝင်ပြောတာ''

''မဆိုင်ပဲ ဝင်ပြောရအောင် တော်က ဘာကောင်မမို့လဲ''

ငါးသည် နီမနှင့် ဒေါ်ခင်ထား အချေအတင် စကားပြောဆိုနေစဉ်မှာပင် နှစ်ဆိုင်ကျော်တွင် ငါးရောင်းနေသော နီမ၏သမီး ခင်စိန်သည် ထဘီကို ဒူးထိပြင်ဝတ်ကာ ငါးခေါင်းထုသည့် နှစ်တစ်လက်မ သစ်သားတုတ်ကိုကိုင်လျက် မွေးလုမွေးဆဲ ဗိုက်ကြီးတကားကားဖြင့် အနီးသို့ရောက်လာသည်။ ပါးစပ်ကလည်း မကြားဝံ့မနာသာ ဆဲဆိုလျက်ရှိသည်။

သာမန်အားဖြင့်ဆိုလျှင် ခင်စိန်သည် မကြာမီရက်ပိုင်းအတွင်း သားဦးသို့မဟုတ် သမီးဦးရတနာမွေးဖွားမည့် ကိုယ်ဝန်ဆောင်တစ်ဦး ဖြစ်သည်။ ဒီအချိန်မျိုးသည် ကျန်းမာရေးကို ဂရုစိုက်ရမည်ဖြစ်သလို တစ်ဖက်ကလည်း ရတနာသုံးပါးကို ဦးထိပ်ထားရမည့် အချိန်မျိုးဖြစ်သည်။ ခင်စိန်ကား ရတနာသုံးပါး ဦးထိပ်ထားဖို့ ဝေလာဝေး။ တစ်ဖျပ်ဖျပ်လူးလွန့်နေသည့် ဗျပ်တွင်းက ငါးခေါင်းများကို လက်ကိုင်တုတ်နှင့် ထုနေရသဖြင့် ယားလို့ပင် မကုတ်အားပေ။

ဒေါက်တာမြလေးနွယ်နှင့် ဆရာမလေး နော်သဲဖြူတို့သည် မိမိတို့အပေါ် အနိုင်အထက် ပြောဆိုခြင်းကြောင့် ကြားမှ မခံနိုင်သဖြင့် ဝင်ပြောမိသော အမျိုးသမီးကြီးဘက် ငါးသည်၏မြားဦး လှည့်သွားသည်ကို စိတ်မကောင်းဖြစ်စွာ ကြည့်ရင်း ရှေ့မတိုးသာ မဆုတ်သာနှင့် အခြေအနေကို စောင့်ကြည့်လျက်ရှိသည်။

အချင်းဖြစ်ချိန်တွင် စခန်းမှ နယ်ထိန်းတပ်ကြပ်ကြီး ဖော်ထက်နှင့် ဈေးတာဝန်ခံများ အချိန်မီ ရောက်ရှိလာသည်။

''စီခနဲအသံကြားလို့ လာတာ။ ထင်တဲ့အတိုင်းပဲ ငပွကြီး သားအမိပဲ''

''ဒီမှာ မနီမ။ ခင်ဗျားတို့သားအမိကို ပြဿနာဖြစ်တိုင်း ပညာပေးရတာများပြီ။ ဒီတစ်ခါတော့ မရတော့ဘူး''

''မရတော့ ဘာလုပ်မလဲ။ ကြိုက်တာလုပ်လိုက်စမ်း နီမတဲ့ ... ဟော့''

''ကဲ ... ဆရာကြီးဖော်ထက် ခင်ဗျားကြားတဲ့အတိုင်းပဲ၊ ကျွန်တော် ဈေးဝယ်သူတွေရဲ့ကိုယ်စားကော ဈေးတန်း

www.burmeseclassic.com

www.burmeseclassic.com

တာဝန်ခံတစ်ယောက်အနေနဲ့ပါ စခန်းမှာ အမှုဖွင့်မယ်။ စခန်းခေါ်ပေတော့''

''ဒါနဲ့ အစ်မကြီးအမည် ဘယ်လိုခေါ်ပါလဲ''

''ဒေါ်ခင်ထားပါ''

''အစ်မကြီးကိုယ်တိုင် တရားလိုလိုက်ပြီး အမှုတိုင်မလား။ အစ်မကြီးကို ဒီသားအမိ ဆဲဆိုကြိမ်းမောင်းနေတာ ကျွန်တော်တို့မြင်တယ်၊ ကြားတယ်ဗျာ ဘယ်လိုလဲ''

''ကျေးဇူးတင်ပါတယ်။ ကျွန်မက ဝန်ထမ်းမို့ မအားလပ်ပါဘူး။ ရုံးရောက်ဂါတ်ရောက်လည်း မဖြစ်ချင်ပါဘူး။ တရားလွန် အနိုင်အထက် ပြောဆိုနေလို့ ကျေရာကျေကြောင်း ဝင်ပြောမိတာပါ''

''ဈေးဝယ်တဲ့ သူတော်ကောင်းတွေနဲ့တွေ့နေတော့ သူတို့တစ်တွေ ရောင့်တက်နေကြတာ။ ဒီတစ်ခါ မှတ်လောက်သားလောက်အောင် အရေးယူပါ့မယ် အစ်မကြီး''

ဈေးတာဝန်ခံသည် ဈေးအတွင်း မလိုလားအပ်သောပြဿနာ မဖြစ်စေလိုသဖြင့် ရန်စွယ်ငေါငေါနှင့် ပြောတတ် ဆိုတတ်၊ လုပ်တတ်ကြတဲ့ ငါးသည်နှစ်ဖက်အုပ်စုအား အမြဲထိန်းကာ စောင့်ကြည့်ခဲ့သည်။ ဒီကြားထဲ ဈေးဝယ်သူကိုပင် ရန်လုပ်လာခြင်း ဖြစ်သည်။

× × × × ×

''ဒေါက်တာ အရေးကြီးလူနာတစ်ယောက် ရောက်လာပါတယ်''

သူနာပြုဆရာမလေး မသူဇာသည် ဂျူတီခန်းတွင်းရှိ ဒေါက်တာမြလေးနွယ်ထံ သတင်းပို့လိုက်သည်။

''ကောင်းပြီ''

ဒေါက်တာမြလေးနွယ်သည် ယနေ့ တာဝန်ကျ ဆရာဝန်ဖြစ်သည်။ ဒေါက်တာမြလေးနွယ်အနေဖြင့် မွေးလူနာငါးဦးကို သူနာပြုဆရာမလေး မသူဇာ၊ ဆရာမလေးနော်သဲဖြူတို့နှင့်အတူ အောင်မြင်စွာ မွေးဖွားပေးခဲ့ပြီး ဖြစ်သည်။ နောက်ဆုံးလူနာအနေဖြင့် မီးဖွားစဉ် ကျန်းမာရေးမကောင်းလှသဖြင့် အတော်ဂရုစိုက် မွေးပေးခဲ့ရသည်။ ဆရာဝန်ကော သူနာပြုတွေပါ အတော်ပန်းသွားသဖြင့် ခဏနားနေစဉ် သူနာပြုဆရာမက သတင်းပို့လာသဖြင့် ဒေါက်တာမြလေးနွယ် ဆက်လက်အနားမယူတော့ပဲ ချက်ချင်းမွေးခန်းသို့ လိုက်လာခဲ့သည်။

''ဆရာဝန်မကြီးရယ် ... ကျွန်မသမီးကို ကယ်ပါဦး။ ဈေးထဲမှာ ချော်လဲပြီး သွေးတွေလည်း သွန်နေပါတယ်''

ဒေါက်တာမြလေးနွယ် မွေးခန်းထဲဝင်မည်အလုပ် အမျိုးသမီးကြီးတစ်ဦးက ဆီး၍ ကယ်ပါယူပါ တစာစာပြောနေသည်ကို တွေ့ရသည်။ ဒီအသံကိုရင်းနှီးနေသဖြင့် ကြည့်ပုံက်ရာ လွန်ခဲ့သော ၆ ရက်က ယာယီပုံကျဈေး၌ ငါးဈေးဆစ်မိသည့်အတွက် ကြမ်းတမ်းစွာ ပြောဆိုဆက်ဆံပြီး ကိုယ်ထိလက်ရောက် ပြုဖို့ရန်ကြံရွယ်ခဲ့ဖူးသည့် ငါးသည် ဒေါ်နီမဖြစ်နေသည်ကို အံ့သြစွာတွေ့လိုက်ရသည်။

ဒေါက်တာမြလေးနွယ်သည် ဒေါ်နီမ၏ ပြောကြားချက်များကို ခေါင်းညိတ် အသိအမှတ်ပြုခဲ့ပြီး မွေးခန်းအတွင်းသို့ သွက်သွက် ဝင်လိုက်သည်။ ဆရာမနော်သဲဖြူ၊ မသူဇာတို့သည် ဝါရင့် အတွေ့အကြုံရင့် သူနာပြုဆရာမတွေမို့ မွေးလူနာကို စင်ပေါ်သို့တင်ကာ လိုအပ်သည်များ အသင့်ပြင်ဆင်ထားပြီး ဖြစ်သည်။

ဒေါက်တာမြလေးနွယ်သည် လူနာ၏နှလုံးခုန်နှုန်း စစ်ဆေးခြင်းမှအစ မွေးလူနာအတွက် စစ်ဆေးရမည့် ကိစ္စအားလုံးကို စစ်ဆေးလိုက်ရာ ဆယ်မိနစ်အတွင်း စစ်ဆေးပြီးသွားသည်။

''စစ္စတာ ... အောက်ဆီဂျင်သွင်းရမယ်။ ဆီးရီးယား(စ်) ဖြစ်တယ်။ မြန်မြန်လုပ်''

''ဟုတ်ကဲ့ အသင့်ပါရှင့် ...
တာ''

ဒေါက်တာမြလေးနွယ်သည် ...
ကို အသေးစိတ်စစ်ဆေးပြီး ချော်လဲ...
ဒဏ်ကြောင့် ဗိုက်တွင်းမှကလေး ...
အထားမမှန်ကြောင်း၊ ဗိုက်ခွဲမွေးရမည့်...
မေ့ဆေးဆရာဝန်ကို အကြောင်းကြား...
မှာပြီး လူနာ သက်တောင့်သက်သာ...
ရန် ဆေးတစ်လုံးထိုးပေးလိုက်သည်...

× × × × ×

''ကဲ ... မွေးလူနာရှင် ဘယ်...
လဲရှင်''

သူနာပြုဆရာမလေး မသူဇာ...
မွေးခန်းရှေ့တွင် စောင့်နေ...
မေးလိုက်သည်။

''ကျုပ်တို့ပါ။ ကျုပ်က လူ...
အမေ။ သူက လူနာရဲ့ယောက်ျား...''

''ကောင်းပါပြီ။ တာဝန်ကျဆ...
နဲ့ တွေ့ရအောင် ရုံးခန်းထဲ ခဏကြွ...''

''ဟုတ်ကဲ့ ထိုင်ကြပါ။ လူ...
တွေပေါ့နော်''

ရုံးခန်းတွင်းရောက်ရောက်...
ဒေါက်တာမြလေးနွယ်သည် မိမိစ...
က ထိုင်ခုံလွတ်နှင့် ထိုင်ခိုင်းလိုက်...

ဒေါ်နီမ ခုချိန်ထိ ဒေါက်တာ...
နွယ်နှင့် ဆရာမလေးနော်သဲဖြူ...
မမှတ်မိသေးပါ။ အေးလေ ...။ ...
မှာတွေ့စဉ်က ဒေါက်တာတို့က ...
ဝတ်နဲ့ တွေ့ခဲ့တာပဲ။ ခုတော့ မြလေး...
ကလည်း ဂျူတီကုတ်နှင့်၊ နော်သဲ...
လည်း သူနာပြုဝတ်စုံနှင့် ဘယ်မှတ်...
လေ။

ဒေါက်တာမြလေးနွယ်နှင့် ...
ဖြူကို့သည် လူနာအတွက် အ...
ဆောင်ရွက်ရမည့် ကိစ္စတွေ ဆော...
ဆဲမို့ တစ်ယောက်နဲ့တစ်ယောက် ...
မပြောဖြစ်သေးသော်လည်း မျက်...
တော့ စကားပြောပြီး ဖြစ်သည်...

www.burmeseclassic.com

www.burmeseclassic.com

လူနာရှင်တွေဟာ ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတာ သိပေမဲ့လည်း စိတ် မှာ တစ်ချက်မှ မကွက်။ စေတနာ ည်း တစ်ပြားသားမှ မလျော့။ မိခင်နှင့် လေး အသက်ရှင် ကျန်းမာရေးသာ ကလေး ဆောင်ရွက်ခဲ့ပါသည်။

"ရှင်က လူနာရှင်ရဲ့ ခင်ပွန်းနော်။ နာက အလွန်အရေးကြီးတဲ့ အခြေ နေမှာရှိတယ်။ မွေးလုဆဲဆဲ ချော်လဲတဲ့ ကြောင့် ကလေးအနေအထား ပြောင်းသွားတယ်။ ဒါကြောင့် ဗိုက်ခွဲမွေး ယ်။ သဘောတူလား"

"ဟုတ်ကဲ့ သဘောတူပါတယ်"

"သဘောတူရင် ဟောဒီပုံစံမှာ က်မှတ်ထိုးပါ"

ဒေါက်တာမြတ်လေးနွယ်သည် တို ဟုတ်တုတ် ရှင်းပြပြီး မွေးခန်းထဲ ဝင် သည်။ ဒေါက်တာမြလေးနွယ်တို့အဖွဲ့ ပမ်းဆောင်ရွက်မှုကြောင့် ခင်စိန် ရုံရောက်ပြီး တစ်နာရီအတွင်း သား ယောက်ျားလေးတစ်ယောက်ကို ချော စွာ မွေးဖွားပေးနိုင်ခဲ့သည်။

"ဆရာဝန်မကြီး ... ကျုပ်သမီး ခြေအနေ ဘယ်လိုလဲဟင်"

ဒေါ်နီမသည် မွေးခန်းကထွက်လာ ာ ဒေါက်တာမြလေးနွယ်ကို မြင်မြင် ကသောကမြော မေးလိုက်သည်။

"သားယောက်ျားလေး ကောင်းမွန် မောစွာ မွေးပြီးပါပြီ ဒေါ်ဒေါ်။ မိခင် ကလေးပါ နေကောင်းကြပါတယ်"

"အမလေး ... အမလေး တော် သားရဲ့။ တို့တုန်းက ကလေးခြောက် က်မွေးခဲ့တာ ဘယ်သူဘယ်ဝါမှ ိလိုက်ဘူး။ လျှောခနဲ လျှောခနဲပဲ။ ာင်မကျမှ ကလေးတစ်ယောက်မွေး အရောင်းအဝယ်လည်းပျက်၊ စိတ် ည်းမောလိုက်ရတာ"

ဒေါ်နီမသည် ဒေါက်တာမြလေး ယ်ကို ကျေးဇူးတင်စကား တစ်လုံးတစ် ပါဒမျှ မပြော။ အော်ကြီးဟစ်ကျယ် ပြော ချင်ရာပြောပြီး ဒေါက်တာမြလေးနွယ် အပါးမှ ထွက်ခွာသွားသည်။

"မခင်စိန် ... အားလုံးအခြေ အနေစိတ်ချရပြီ။ ဒီနေ့ ဆေးရုံက ဆင်းရ မယ်"

"ဟုတ်ကဲ့။ ကျွန်မယောက်ျား ကြို ဖို့ ရောက်နေပါပြီ"

ခင်စိန်သည် မနီးမဝေးတွင် ရပ် စောင့်နေသော ၎င်း၏ယောက်ျားနှင့် မိခင် ဖြစ်သူ ဒေါ်နီမကို ညွှန်ပြ၍ ဆရာမလေး နော်သဲဖြူကို ပြောလိုက်သည်။

"ကဲ ... ကဲ ... မခင်စိန်နဲ့ အိမ် သားတွေ ဒေါက်တာ့ရုံးခန်းကို ခဏလိုက် ခဲ့ပါ။ ဆေးရုံဆင်းလက်မှတ်ပေးရင်း မှာ စရာရှိတာ မှာပါလိမ့်မယ်"

ဆရာမနော်သဲဖြူသည် တစ်ဆက် တည်း မခင်စိန်မိခင်ဒေါ်နီမာနဲ့ ယောက်ျား ဖြစ်သူတို့ကိုပါ ရုံးခန်းအတွင်း တစ်ပါ တည်း ခေါ်သွားသည်။

"ကဲ ... မခင်စိန်၊ အခြေအနေ အားလုံးကောင်းပြီ။ ၄၅ ရက် မကျော်ခင် မှာ လေးလေးပင်ပင်အလုပ်တွေ မလုပ် နဲ့ဦး။ ကလေးကို ကြိုတင်ကာကွယ်ဆေး ထိုးဖို့ ကျွန်မမှာထားတဲ့ရက်ကို မပျက် မကွက် လာခဲ့နော်"

"ဟုတ်ကဲ့"

"ဟင် ... ဆေးရုံကဆင်းတာ မပြီးသေးဘူးလား။ နောက်ထပ် ဘာလုပ် ရဦးမှာလဲ။ တကတဲတော် ... ရှုပ်ပ"

"မိခင်နဲ့ကလေး ရေရှည်ကျန်းမာ ရေးအတွက် သတ်မှတ်ထားတဲ့ ကြိုတင် ကာကွယ်ဆေးတွေ ထိုးပေးရဦးမှာပါ ဒေါ်ဒေါ်"

တာဝန်ရှိဆရာဝန်က ရှင်းပြနေ သည့်ကြားကပင် ဒေါ်နီမသည် သူ့ဖို့မှန်း မသိ ကိုယ့်ဖို့မှန်းမသိ ဝင်ကာ ဘုတော လိုက်သည်။ သို့သော် ဒေါက်တာမြလေး နွယ်က အပြုံးမပျက်ပါ။ စိတ်ကောင်း လည်းရှိ ပညာလည်းတတ်တဲ့ ဆရာဝန် တစ်ယောက်ကို။

"အားလုံး ပြန်နိုင်ပါပြီ"

"ကျုပ်တို့ပြန်ဦးမယ် ဆရာဝန်မ ကြီး"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

"ဒါနဲ့ ... နေစမ်းပါဦး။ ကျုပ် ဆရာဝန်မကြီးကို မြင်ဖူးသလိုပဲ"

"ဟုတ်ပါတယ် ဒေါ်ဒေါ်။ လွန်ခဲ့ တဲ့ လေးငါးဆယ်ရက်လောက်က ဈေးထဲ မှာ ငါးဝယ်ရင်း ဈေးဆစ်မိလို့ ..."

ဒေါက်တာမြလေးနွယ်သည် စကား ကို ဆုံးအောင်မပြောဘဲ အနီးရှိ သူနာပြု ဆရာမလေး နော်သဲဖြူကို ပြုံးကြည့်ကာ ခေါင်းတဆတ်ဆတ် ညိတ်ပြလိုက်သည်။

"အမလေး ... အမလေး။ ဘုရား ... ဘုရား ... ကျေးဇူးရှင်တွေကို စော် ကားမိခဲ့တယ်။ ကျုပ်တောင်းပန်ပါတယ် ဆရာဝန်မကြီးရယ် ... ကျုပ်တောင်းပန် ပါတယ်တော်"

ဒေါ်နီမသည် ခြေမကိုင်မိ လက် မကိုင်မိဖြစ်ကာ ဒေါက်တာမြလေးနွယ်နှင့် ဆရာမလေး နော်သဲဖြူတို့ကို တစာစာ တောင်းပန်လိုက်သည်။

"ဟဲ့ ... ခင်စိန်။ ညည်းလည်း အပြစ်ရှိတယ်။ ထိုင်ကန်တော့။ ကျုပ် လည်း ကန်တော့ပါတယ်တော်။ ဟို ကောင် ... ဘာငိုင်နေတာလဲ။ နင့်လက် ထဲက ကလေး ဟိုစားပွဲပေါ်ချထားပြီး ဒီလာထိုင်ကန်တော့"

ဒေါ်နီမသည် ရှက်လည်းရှက်၊ နောင်တလည်းရဆိုသလို ဖြစ်ကာ ဒေါက် တာမြလေးနွယ် တားနေသည့်ကြားမှပင် ကျုံ့ကျုံ့ထိုင်ကာ ကန်တော့ဖြစ်အောင် ကန်တော့လိုက်သည်။

ဤမြင်ကွင်းကိုသာ ဒေါ်ခင်ထား မြင်ရမယ်ဆိုလျှင် ဝမ်းမြောက်မိမှာမလွဲပါ။

ဝင်းအောင်(ရမည်းသင်း)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

မုဆိုးစည်း တောစည်း

ခင်အောင်အေး(မန္တလေး)

သုံးရက်လအကွေးလေး၏ မှုန်ဝါးအရိပ်သည် လေသာတောင်ကြောတစ်က်တွင် ဖိုးတဝါး ထွန်းလင်းလျက်ရှိသည်။ ညဉ့်၏ ဥတုက စိမ့်အေးချမ်းမြလှသည်။ ညှင်းညှံ့ညှံ့တိုက်ခတ်လျက်ရှိသည့် ဆောင်းလေကြောင့် သစ်ခက်သစ်ကိုင်းများ အချင်းချင်း ဖြိုးဖြိုးဖြောက်ဖြောက်မြည်အောင် ရိုက်ခတ်သွားသည်။ သန်းခေါင်သို့ နီးနေပြီဖြစ်သဖြင့် တောသည် တိတ်ဆိတ်လှ၏။ လူခြေတိတ်၍ အိပ်စက်ချိန်ဖြစ်သဖြင့် တောတစ်ခွင်တွင် အစာရှာထွက်သော အမဲသားကောင်များသာ လှုပ်ရှားကျက်စားနေမည် မုချ။ တောတွင်းသားကောင်တွေနှင့်အတူ လှုပ်ရှားနေတတ်သည်က မုဆိုး။

မတ္တရာကြိုးပိုင်းအစပ် လေသာတောင်ခြေ ကိုထွန်းအေး၏ နှမ်းခင်းအတွင်းရှိ ဆယ့်ငါးပေပတ်လည် ယာတဲပေါ်တွင် လက်ပန်လှရှာသား ကိုထွန်းအေး ဘိုးရနှင့် ကျွန်တော်တို့သုံးဦး ငြိမ်သက်တိတ်ဆိတ်စွာ လဲလျောင်းအိပ်စက်ကြသည်။ နှမ်းခင်းက ရွာနှင့် ရှစ်မိုင်ခန့်ဝေးကွာသော ကြိုးပိုင်းအစပ် တောင်ကြားရှိ ယာခင်းဖြစ်ရာ တစ်ဆက်စပ်တည်း ဖြစ်နေသည့်တောမှ အမဲသားကောင်များက အကာလညအချိန် လူခြေတိတ်တွင် ဖူးပွင့်စ နှမ်းပွင့်များကို ဝင်ရောက်စားသောက်တတ်သည်။ သုံးရက်ဆက်တိုက်ပင် နှမ်းခင်းအတွင်းသို့ ဆတ်မိသားစု ဝင်ရောက်စားထားခဲ့ခြင်းကြောင့် ကိုထွန်းအေးက နှမ်းခင်းအပျက်အစီးလွတ်အောင်၊ ဆတ်သားစိုစိုကလေးများလည်း စားရအောင် ကျွန်တော်တို့အား အကြောင်းကြားခေါ်ယူခဲ့ခြင်း ဖြစ်ပေသည်။

နတ်တော်ပြာသို နှင်းရည်ရွှဲစိုသည့်လများသည် အမဲသားကောင်များ မြူးထူးချိန်ဖြစ်သည်။ သို့တစေ သားကောင်ကို စောင့်ဆိုင်းရှာဖွေ ပစ်ခတ်ရသော မုဆိုးအတွက်မူ အအေးဒဏ်ကို ကြံ့ကြံ့ခံနိုင်ဖို့လိုသည်။ အနွေးထည် ထူထူလုံလုံဝတ်ထားသည့်တိုင် အရိုးထဲက စိမ့်နေအောင် ချမ်းတတ်သည်။ ဆောင်းလေသည် အကာအရံကင်းမဲ့သော တဲကလေးအား တဝီးဝီးဖြတ်သန်းတိုက်ခတ်လျက်ရှိသည်။ မီးရိပ်မီးရောင်မရှိဘဲ သားကောင်စောင့်နေရသည့် မုဆိုးများကိုတောခြင်ကြီးများက မခံမရပ်နိုင်အောင် ဝိုင်းဝန်းကိုက်ခဲ နှိပ်စက်နေကြသည်။ ဘာဘူစောင်တစ်ထည်စီဖြင့် မျက်နှာကိုသာ ဖော်လျက် တစ်ကိုယ်လုံး လုံနေအောင် ပတ်ထားသည့်တိုင် စောင်နှင့်လွတ်နေသော မျက်နှာကို တရကြမ်း ဝင်ရောက်ကိုက်ခဲ သွေးစုပ်နေသော ခြင်များကို အားရှိပါးရှိ ရိုက်ပုတ်လိုက်ချင်စိတ်များ ပေါ်လာနေသည်။ သို့သော် အသံတစ်ချက်ပြုလိုက်သည်နှင့် ယာခင်းအတွင်းသို့ ဝင်တော့မည့် တောကောင်များက တစ်ချိုးတည်း လှည့်ပြန်ထွက်ပြေးသွားတော့မည်ဖြစ်ရာ အသံမထွက်ရအောင် ကျိတ်မှိတ်အောင့်အီး သည်းခံနေရ၏။ တောကောင်ဆိုသည်များက လူ့အနံ့ကို သိသည်။ စားကျင်းသို့မဝင်မီ စူးစမ်းလေ့လာတတ်သည်။ သံသယရှိလျှင် စားကျင်းသို့မဝင်တော့ဘဲ လှစ်ခနဲ လစ်သွားတတ်သည်။ ဆတ်ဆိုသည့် သတ္တဝါသည် အချိန်တစ်ရာအထိရှိ၍ အမြင့်လေးပေ ခြောက်လက်မခန့် ရှိသည့်တိုင် အကောင်နှင့်မမျှအောင် လျင်မြန်သည်။ ကြီးမားသော ကိုယ်လုံးကြီးဖြင့် တောတွင်းမှ ခြေသံမကြားနိုင်အောင် ခြေသံလုံလုံနင်း၍ သွားတတ်သည်။ နံနက်ခင်းနေထွက်လာသည်နှင့် တောင်စွယ်တောင်ထွတ်လျှိုမြောင်တောင်ခါးပန်းများရှိ အိပ်ကျင်းတင် အိပ်နေတတ်သည်။ ညအကာလလူခြေတိတ်သည့်အခါမှပင် စားကျင်း၊ နှမ်းခင်းများသို့ ဝင်ရောက်တတ်သည်။ နှမ်းပွင့်ချိန်ဆိုလျှင် ဆတ်များမနေနိုင်။ လူနှင့်နီးသည့်အခင်းပင်ဖြစ်စေ ဝင်စားတတ်သည်။ ငွေးပင်၊ သဖန်းပင်၊ ဇင်ပြွန်းနှင့် ဖန်ခါးစသည့် စားပင်များသို့လည်း အချိန်မှန် ဝင်ရောက်စားလေ့ရှိသော်လည်း အနံ့ခံကောင်းပြီး စူးစမ်းမှု စေ့စပ်သေချာလွန်း၍ စောင့်ပစ်ရန် ခက်ခဲလှသည်။

www.burmeseclassic.com

www.burmeseclassic.com

စားကျင်းများအတွင်း [illegible] တဖြည်းဖြည်း စားနေချိန်မျိုးတွင် ယာခင်းအပြင်ဘက်မှ တောလိုက်မီးဖြင့်ရှာပြီး ထိုးလိုက်ပါက မျက်လုံးစိမ်းစိမ်းကြီးများဖြင့် ဝင့်၍ ကြည့်နေတတ်ရာ သည်အခါမျိုးတွင် အပိုင်ပစ်ခတ်ရရှိနိုင်သည်။ ကျွန်တော်တို့သုံးဦးစလုံး ညနေ နေမဝင်မီကပင် ယာတဲအတွင်း ဝင်ရောက်စောင့်ဆိုင်းနေခဲ့သည်မှာ ယခု သန်းခေါင်တိုင်လေပြီ၊ လူနံ့တွေလည်း တောနံ့၊ တောင်နံ့၊ ယာခင်းနံ့နှင့် ရောနှောပျောက်ကွယ်သွားခဲ့ပြီ။ ကိုထွန်းအေးက သူ့ယာခင်းကို တောင်ခြေ သစ်တောကို ခုတ်ထွင်စိုက်ပျိုးထားခြင်းဖြစ်၍ မီးမလောင်၍ ကျန်ခဲ့သည့် သစ်ငုတ်တိုလေးငါးခု ဟိုတစ်ငုတ်၊ သည်တစ်ငုတ် ကျန်ရှိနေသည်။ နေမဝင်မီကတည်းက သစ်ငုတ်တိုများနေရာကို မှတ်သားထားခဲ့သည်ဖြစ်ရာ မည်သည့်နေရာတွင် ရှိသည်ကို စိတ်ကသိနေပြီး ဖြစ်သည်။

တဲကလေးပေါ်တွင် သုံးယောက်သား ချမ်းချမ်းနှင့်ကွေးနေရာမှ ဘိုးရနှင့် ကိုထွန်အေးတို့ တိတ်ဆိတ်စွာ အိပ်ပျော်သွားကြပုံရ၏။ ကျွန်တော်သည်လည်း တစ်ချက်တစ်ချက် မျက်တောင်များစင်းကာ ငိုက်ခနဲ ငိုက်ခနဲ ဖြစ်သွားရ၏။ စိတ်အားတင်းလျက် မျက်လုံးကို အတင်းဖွင့်ပြီး ခါးလောက်မြင့်သော နှမ်းပင်များအကြား စေ့စေ့စပ်စပ် ရှာဖွေကြည့်နေလိုက်မိသော ကျွန်တော့်မြင်ကွင်းအတွင်း နှမ်းခင်း၏ အရှေ့မြောက်ဘက် ကတက်ပင်ငုတ်ဘေးတွင် မည်းမည်းရိပ် မြင်လိုက်သည်။ ညနေက ယင်းကတက်ပင်ငုတ်ကြီးဘေးတွင် နှမ်းပင်များ ကျဲပါးပါးသာရှိသဖြင့် ထိုနေရာမှာ ရှင်းနေသည်ကို တိကျစွာ စိတ်က မှတ်မိနေသည်။ သစ်ငုတ်ကလည်း ကတက်ပင်ငုတ်တစ်ခုတည်းသာရှိကြောင်း သေချာသည်။ ယခု မှုန်ဝါးဝါး ကြယ်ရောင်အောက်တွင် သစ်[illegible] မည်းမည်းကြီး ဖြင့်နေရသည်။ တစ်ခုက သစ်စတစ်ခုထောင်လျက် ရှုန့်ထွက်နေသော ကတက်ငုတ်အမှန်ဖြစ်လျှင် အခြားသစ်စသုံးလေးစ ထိုးထိုးထောင်ထောင်နှင့် သစ်ငုတ်သည် ဆတ်ဖားသာဖြစ်နိုင်သည်။ မည်းမည်းသဏ္ဌာန်သည် နှမ်းပွင့်ကလေးများကို ငြိမ်သက်စွာ ငုံ၍ စားနေပုံရ၏။

ကျွန်တော်က ခြုံထားသော စောင်အောက်မှ လက်နှစ်ဖက်ကို ဖြည်းဖြည်းချင်းထုတ်လျက် ဘယ်ဘက်လက်ဖြင့် တောလိုက်ဓာတ်မီးနှင့် ရိုင်ဖယ်သေနတ်၏ ပြောင်းဝိုင်း၊ ညာဘက်လက်ဖြင့် သေနတ်၏ ဒင်ကလေးကို ဆုပ်ကိုင်လျက် အိပ်နေရာမှ ထထိုင်ကာ သေနတ်ဒင်ကို ညာပခုံးပေါ်သို့ ထောက်လိုက်သည်။ သစ်ငုတ်သဏ္ဌာန် မည်းမည်းရိပ်ကို မှန်း၍ သေနတ်ကိုချိန်လျက် ရိုင်ဖယ်လုံခြုံရေးခလုတ်ကို လက်မဖြင့်တွန်းဖွင့်လိုက်ပြီး တောလိုက်မီးစေ့ကို လက်ခလယ်ဖြင့် တွန်းဖွင့်လိုက်သည်။ ရှစ်ခဲထိုး တောလိုက် ဓာတ်မီးရောင်သည် စူးရှလင်းထိန်သွားသည်။ မီးရောင်အောက်တွင် မူလက ကျွန်တော် မျှော်မှန်းထားခဲ့သည့်အတိုင်း နှမ်းပွင့်များကို တငုံ့ငုံ့စားလျက်ရှိသည့် ဆတ်ဖားကြီးတစ်ကောင်က ဆတ်ခနဲ ဦးခေါင်းကိုမော့၍ မီးရောင်ကို စူးစိုက်ကြည့်လျက်ရှိနေသည်။ ခြောက်စထောင် ဆတ်ချိုအစုံသည် လှပစွာ စွင့်ကားလျက်ရှိသလို တောက်ပြောင်စိမ်းလဲ့သော မျက်လုံးအစုံက ဝင်းနေသည်။

ဆတ်ဖားကြီး၏ ဦးချိုများသို့ တန်းလျက်ရှိနေသည့် ရိုင်ဖယ်ရှေ့ချိန်သီးကို ဝင်းလဲ့သော မျက်လုံးနှစ်လုံးကြားသို့ ရွှေ့ပြောင်းချိန်လိုက်ပြီး ခလုတ်ကို ညှစ်ဆွဲလိုက်သည်။ တိတ်ဆိတ်သောညဥ့်ယံအား ကျွန်တော်၏ သာတီးအိုစစ် ၃၀–၀၆ ရိုင်ဖယ်သေနတ်သံက လှုန့်နှိုးလိုက်လေသည်။ ဘိုးရနှင့် ကိုထွန်းအေးတို့ နှစ်ယောက်သား အိပ်နေရာမှ လူးလဲထ[illegible] လျက် ကျွန်တော့်လက်မှ ဓာတ်မီးနှ[illegible] ထိုးထားဆဲ မီးရောင်တန်းရှိရာသို့ လှမ်း[illegible] ကြည့်နေကြ၏။ မီးရောင်တွင် စိမ်းသဲ့သ[illegible] မျက်လုံးများက ဘယ်ဘက်သို့ နိမ့်ဆင်[illegible] သွားပြီး ဖျတ်ခနဲ ပျောက်ကွယ်သွား[illegible]

"ဟော ... ကိုရင် ပစ္စည်းလဲသွာ[illegible] ပြီထင်တယ်။ ထ ... ထ ... သွားကြည့်[illegible] စမ်းပါဦး"

အဘိုးရက ကျွန်တော့်လက်မောင်း[illegible] ကိုတွန်းရင်း ပြောလိုက်သည်။

"ဟုတ်တယ်ဗျာ။ မှဆိုးပစ်လိုက်[illegible] တာ မှန်သွားတယ်။ ကျွန်တော်လည်[illegible] လိုက်မယ်။ လာ ... လာ ... သွားစို့"

ကိုထွန်းအေးက စောင်ကိုပစ်[illegible] လျက် တဲပေါ်မှ ဆင်းသွားသည်။ ကျွ[illegible] တော်ကလည်း ကိုထွန်းအေ[illegible]ာက်[illegible] ဆင်းလိုက်လျက် ထိုးထိုးထောင်ထော[illegible] နှမ်းပင်များကို ဖြတ်သန်းကာ ကိုက်တ[illegible] ရှငါးဆယ်ခန့်အကွာရှိ ဆတ်လဲနေရာသ[illegible] အရောက်ပြေးသွားကြပြီး အနားသ[illegible] မရောက်မီပင် နှစ်ဦးစလုံး "ဟယ်"[illegible] ဖြစ်သွားရ၏။ အချိန်ရှစ်ဆယ်ကျော်ခန့်[illegible] မည့် ဆတ်ဖားကြီးသည် နှမ်းခင်းထဲတ[illegible] ယက်ကန်ယက်ကန်နှင့် လူးနေရာ[illegible] ဆတ်ခနဲထရပ်လျက် ခွာစုံပေါက် ပြေ[illegible] ထွက်သွားပြီးနောက် လေးပေခန့်အမြ[illegible] ယာစည်းရိုးကို လွှားခနဲ ခုန်ကျော်လွှား[illegible]

စည်းရိုးတစ်ဖက်သို့ အကျတွင်[illegible] ကောင်းစွာကျဟန် မတူ။ ဘုန်းခနဲ ဖွဲတ[illegible] အိတ်ပစ်ချလိုက်သလို အသံကြားလိုက်[illegible] ရပြီးနောက် တစ်ခဏအတွင်း ဝါးတော[illegible] များအတွင်းသို့ ဦးချိုနှင့် ဝါးကိုင်းမျာ[illegible] တိုက်ခတ်သွားသည့် တဖြောင်းဖြောင်[illegible] တရှောင်းရှောင်း အသံနှင့်အတူ ပျောက်[illegible] ကွယ်သွားသည်။

"ဟာ ... ကိုရင်၊ အမဲတစ်ချ[illegible] တည်းလစ်သွားပါကလား။ မှန်ချက်[illegible] မကောင်းဘူးထင်တယ် မုဆိုးရ"

www.burmeseclassic.com

www.burmeseclassic.com

အပါးသို့ရောက်လာသော ဘိုးရ[illegible] ပြောလိုက်၏။

"မီးထိုးပြီးကြည့်လာတာပဲ ဘိုးရရာ။ ထအပြေးမှုကြည့်လိုက်တော့ လည်တိုင်ဘေးကျကျ မှန်သွားတဲ့ ဒဏ်ရာဗျ။ သွေးတောင် တော်တော်ကျသွားတာ"

ကိုထွန်းအေးက ဆတ်လဲနေရာ မြေပြင်ကို လက်ညှိုးထိုး၍ ဘိုးရအား ပြလိုက်သည်။

"မှန်တော့မှန်တယ်နဲ့ တူပါတယ်။ ဒီဒဏ်ရာနဲ့ ဝေးဝေးတော့ မသွားနိုင်လောက်ဘူး။ မီးနဲ့ သွေးစက်လိုက်ကြည့်ကြရအောင်လား"

ကျွန်တော်က အချေအတင် ပြောမနေတော့ဘဲ ဆတ်နောက်သို့ လိုက်ကြည့်ဖို့ ဆော်ဩလိုက်၏။ ထို့နောက် ဆတ်ခုန်ထွက်သွားရာ ယာစည်းရိုးမ ဆူးကိုင်းများအား ဖယ်ရှားလျက် သွေးစက်များအတိုင်း လိုက်ကြည့်ကြ၏။ စည်းရိုးတစ်ဘက်တွင် ဆတ်သည် တစ်ချီလဲကျခဲ့ပြီးနောက် သွေးစက်များ တောက်လျှောက်တွေ့ရ၏။ ဝါးတောကိုဖြတ်၍ ပြေးသွားသည်ကို တွေ့ရ၏။ ဒဏ်ရာနှင့် ဆတ်ဖားသည် တောင်စောင်းတစ်လျှောက် မြောင်း၍ ပြေးသွားခဲ့သည်ဖြစ်၍ ကိုက်အစိတ်ခန့် ကိုက်ငါးဆယ်ခန့်နေရာများတွင် ခေတ္တနားသွားသည့် လက္ခဏာဖြင့် သွေးများက ပုံလျက်တွေ့ရ၏။ ခင်ကျောအတိုင်း မြေပြင်ကို မီးထိုး၍ သွေးစက်ကြောင်းအတိုင်း လိုက်ခဲ့ကြရာ ခပ်ပြေပြေဆင်ခြေလျှော တစ်နေရာတွင် ပေသုံးဆယ်ခန့် တောင်အဆင်း အောက်ခြေအထိ လျှောကျသွားဟန်တူသည်။ ကိုင်းမြက်များ ပိပြားပြတ်သတ်လျက်ရှိသည်။ ကိုင်းရွက် ကိုင်းတံများတွင် သွေးများပေလူးနေသည်။

ဤမျှအမြင့်မှ လျှောကျလာသော ဆတ်အား စမ်းချောင်းတွင်းမှာ တုံးလုံးလဲလျက် တွေ့ရလိမ့်မည်ဟု ယူဆထားပြီး [illegible] မြက်ဖုတ်များအား ခက်ခက်ခဲခဲ ဆွဲဂုတ်တွဲခို၍ ဆင်းလာခဲ့ကြသော ကျွန်တော်တို့ ဟိုက်ခနဲ ဖြစ်သွားကြရ၏။ စမ်းချောင်းတွင်းမှာ ဆတ်ကို အစအနမျှပင် မတွေ့ရ။

"ဟာ ... ဒီလောက်အမြင့်က ကျလာတဲ့ဆတ် ရှာလို့လည်း မတွေ့ပါလား"

ကျွန်တော်က မကျေမနပ် မေးလိုက်မိ၏။

"ဟုတ်ပါရဲ့ဗျာ။ အမဲသေချာပေါက်တွေ့ရမယ် အောက်မေ့တာ။ ဘယ်ကိုများ ထပြေးပြန်ပါလိမ့်"

ဘိုးရကလည်း သံသယဖြင့် ဖြေသည်။

"ဆရာ ... ကျုပ်ကတော့ တစ်မျိုးထင်နေတယ်။ စောစောက နှမ်းခင်းထဲမှာ ထပြေးကတည်းက ပြောမလို့ဟာ။ ဆရာတို့ကို အားနာနေလို့"

ကိုထွန်းအေးက ဆိုသည်။

"ဘယ်လို တစ်မျိုးထင်တာလဲ ကိုထွန်းအေး။ ကျွန်တော်တို့ကို အားနာစရာမရှိပါဘူး။ ပြောပါဦး ... ခင်ဗျား အထင်ကို"

"ကျုပ်တို့ စောစောက မြင်သားပဲ။ ဆတ်မှန်ထားတဲ့ဒဏ်ရာက တစ်ချက်တည်းနဲ့ လဲလောက်တယ်။ အသည်းမှာလို့ ထပြေးဦး။ ဒီနေရာလောက်ဆို ရွေ့ဆက်ဖို့ အခြေအနေကို မရှိဘူး။ တွေ့ကိုတွေ့ရမှာ။ ဒါပေမဲ့ ... ခုလို မတွေ့ရပုံထောက်ရင် ကေန္တ တောမှောက်ပြီ ထင်တာပဲဗျာ"

ကိုထွန်းအေး၏ စကားကြောင့် ကျွန်တော်နှင့် ဘိုးရပါ စိတ်ဘဝင်မကျဖြစ်သွားရ၏။

"ဘယ်ကလာ တောမှောက်ရမှာလဲ ကိုထွန်းအေးရာ။ သေကွင်းကိုမထိလို့ ထပြေးနိုင်တာ ဖြစ်မှာပေါ့။ တောမှောက်မှောက် ဘာမှောက်မှောက် မှောက်နေရင် [illegible] ကြည့်ဦးမယ်။ လာရော ... ဆတ်ရှာကြည့်ဦးမယ်။ ညမတွေ့ရင် မနက်ကျ ခွေးနဲ့ရှာကြတာပေါ့။ ကိုင်း ... ကိုရှင် လာ ... လာ"

ဘိုးရက ဒေါသဖြစ်ဖြစ်နှင့် ဆိုဆိုဆတ်ဆတ်ပြော၍ စမ်းချောင်းတစ်လျှောက် ပတ်လည်ကို ရှာကြည့်သည်။ ကျွန်တော်သည်လည်း တစ်ဖက်ကမ်းသဲပြင်တွင် ခြေရာနှင့်သွေးစက်များ တွေ့လိုတွေ့ငြား ရှာကြည့်လိုက်၏။ သို့တစေ မည်သည့်သွေးစ၊ သွေးနှင့် ခြေရာခြေကြောင်းများကိုမျှ မတွေ့ရသဖြင့် ချောင်းနံဘေးတွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်ရသည်။ နောက်ထပ် ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်ခန့် အနီးအပါးတွင် လိုက်လံရှာဖွေသော်လည်း အကြောင်းမထူးတော့ မနက်မှပင် မြင်မြင်ထင်ထင် ဆက်လက်ရှာဖွေကြရန် ဆုံးဖြတ်လိုက်ကြ၏။ ကိုထွန်းအေး၏ယာတဲသို့ ပြန်ရောက်သည့်အခါ အသီးသီးလဲလျောင်း၍ အိပ်စက်ရန် ပြင်ကြသည်။ လက်တစ်ကမ်းအလိုလောက်ကျမှ မျက်စိအောက်က ထပြေးသွားသည့် ကြီးမားသော ဆတ်ဖားကြီးကို နှမြောတသစွာ မြင်ယောင်လျက်ရှိသဖြင့် မျက်စိကြောင်ကာ ရုတ်တရက် အိပ်မပျော်နိုင်အောင်ရှိနေသည်။ မိုးလင်းလုပြီမို့ ဆောင်းည၏ အအေးဓာတ်သည် ပိုမိုလွန်ကဲလာသည်။ ဘာဘူစောင်ကို တင်းနေအောင် ခြုံထားရင်း မျက်စိကို ဖွတ်မှိတ်၍ အိပ်ကြည့်လိုက်၏။ လရောင်သည် ထူထပ်သော နှင်းငွေ့များကြောင့် အလင်းပင် မပြုနိုင်ပဲ ဝန်းကျင်တွင် မှောင်လျက်ရှိနေသည်။ မကြာမီ သုံးဦးစလုံး အကာမဲ့သော ယာတဲကလေးအတွင်း ခေါင်းချင်းဆိုင်၍ စောင်ခေါင်းမြီးခြုံလျက် မှေးစက်နေရာမှ အသီးသီး အိပ်မောကျသွားခဲ့ကြရလေသည်။

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လျက်ရှိသော ကျွန်တော့်နားထဲ၌ ဗလုံးဗထွေး

www.burmeseclassic.com

www.burmeseclassic.com

မပီမသ ဝူးဝူးဝါးဝါးအသံနှင့်အတူ တဲတစ်ခုလုံး သိမ့်သိမ့်ခါသွားသည်ကို သိလိုက်သည်။ စောင်ခြုံကို လှပ်၍ ရိုင်ဖယ်သေနတ်ကို ကောက်ဆွဲလျက် အိပ်ရာမှ ထလိုက်သည့်အခါ တဲပေါ်မှာ ကျွန်တော်တစ်ယောက်တည်းရှိတော့သည်ကို အံ့ဩစွာ တွေ့လိုက်ရ၏။ "ဒိုင်း"ခနဲ "ဒိုင်း"ခနဲ သေနတ်သံနှစ်ချက် ဆက်တိုက် ကြားလိုက်ရပြန်သည်။ အရုဏ်၏ နီကျင်ကျင် အလင်းရောင်အောက်တွင် တဲရှေ့ ကိုက်အစိတ်ခန့်အကွာ သစ်ငုတ်ဘေး၌ ဘိုးရနှင့် ကိုထွန်းအေးတို့အား ဝါးရုံတောဆီသို့ သေနတ်နှင့်ပစ်ခတ်လျက် ရှိနေသည်ကို တွေ့မြင်ရသည်။ ဘိုးရကိုင်ဆောင်သော ရိုင်ဖယ်သည် ဒသသမသုံးခုနစ်ငါး (. ၃၇၅) မက်ဂနမ် ဖြစ်သည်။ ကျွန်တော်လည်း စဉ်းစားမနေအားတော့ဘဲ တဲပေါ်မှ ငွားခနဲ ခုန်ဆင်းလျက် ဘိုးရအပါးသို့ ပြေးသွားလိုက်၏။ ဘိုးရပစ်လိုက်သော သေနတ်သံက ပဲ့တင်ထပ်၍ ပြန် လာသည့်နည်းတူ ဝါးတောဘဲမှလည်း ဝူးခနဲ ဝူးခနဲ ဆင်အော်သံများနှင့် ဝါးရုံများကို တဖြောင်းဖြောင်း ချိုးဖဲ့နင်းခြေလျက်ရှိသည့် အသံဗလံများ ဆူညံနေသည်။

"တောဆင် . . . တောဆင် . . ဝါးတောထဲမယ် မွှေနေတယ်။ တစ်ကောင်တည်းပဲ။ အေးလွန်းလို့ မီးဖိုမယ်လို့ ထလိုက်တာ ဝါးရုံဘက်က အသံကြားတာနဲ့ ကြည့်လိုက်တော့ ဒတာဆင်ထွက်လာတာ လှမ်းမြင်လိုက်တယ်။ မသက်ာလို့ မီးနဲ့ထိုးအကြည့် စည်းရိုးကိုနင်းပြီး အတင်းဝင်လာတာနဲ့ နှစ်ချက်ပစ်ထည့်လိုက်တယ်။ မှန်တော့မှန်သွားပုံပဲ။ လည်ထွက်သွားပြီး ချက်ချင်းလှည့်ပြေးတယ်။ သတိနဲ့ ကြည့်နေဦး"

ဘိုးရက သူ့အပါးသို့ ရောက်လာသည့် ကျွန်တော့်အား အခြေအနေကို တိုရှင်းလိုရှင်း ပြောပြသည်။

"ဟာ . . . ဘိုးရပစ်လိုက်တာ ဆင်လား။ သစ်ထုတ်လုပ်ရေးက ဆင်များ ဖြစ်နေမလားပဲ။ ဆင်ယဉ်ဖြစ်လို့ သေသွားရင်တော့ ဒုက္ခပဲဗျို့"

ကျွန်တော်၏ စိုးရိမ်ပူပန်မှုကို ကိုထွန်းအေးက ပြေပျောက်သွားစေသည်။

"ဆရာ . . . ဒါကိုတော့ မပူပါနဲ့။ ဒီက မိုင်နှစ်ဆယ်အတွင်း အလုပ်ဆင် တစ်ကောင်မှ မရှိဘူး။ နောင်ချိုဘက် တက်သွားတာ တစ်လလောက်ရှိသွားပြီ။ ဒါတောဆင်ဆိုတာ သေချာတယ်။ လွန်ခဲ့တဲ့အပတ်က နမြစ် နဂါးချောင်းဘက်မယ် တောဆင်ရိုင်းတစ်အုပ် တွေ့ခဲ့တယ်လို့ ကြားတယ်။ အဲဒီဆင်အုပ်က ဖြစ်မှာ"

"ကိုရင်နယ် ကျုပ်က တောလိုက်ခါတ်မီးနဲ့ သေသေချာချာထိုးပြီး သေချာမှ ပစ်လိုက်တာ။ ဝါးရုံကအထွက် ကန့်လန့်ကြီး တွေ့ရတာဗျ။ ဆင်က ဆင်ပေါက်စွယ်စုံ တစ်တောင်ကျော်လောက် ရှိသေးတယ်။ လက်ပြင်အထက်အရှေ့ နည်းနည်းကျသွားလို့ မလဲတာနေမှာ"

ဘိုးရက တိတိကျကျရှင်းပြ၏။ အသံဗလံများ ငြိမ်သွားပြီ။ အရုဏ်ကျင်း၍ အလင်းသို့ရောက်ပြီဖြစ်သဖြင့် လေသာတောင်ထွတ်သို့တိုင် လှမ်းမြင်နေရသည်။ သံစုံမြည်ကြွေးလျက်ရှိသော ငှက်ကျေးသာရကာတို့၏ အသံက မြိုင်ရဂုံဘွေဝယ် လွှင့်ပျံ့နေသည်။

"ကဲ . . . ဘိုးရ ဒီကောင်ကြီးမဝေးခင် လိုက်ကြစို့။ ၃၇၅ ကျည်ဆန်ဝင်သွားရင် တောက်လျှောက်ဝေးဝေးတော့ တစ်ချိုးတည်းသွားနိုင်မှာ မဟုတ်ဘူး"

ကျွန်တော်က ပြောလိုက်သဖြင့် ဘိုးရကော ကိုထွန်းအေးပါ ထရပ်လိုက်ကြသည်။ တောဆင်ပေါက်က ဒဏ်ရာရသွားသည့်တိုင် နောက်ထပ်တွေ့ကြုံရဦးမည့် အန္တရာယ်ကို ကြိုတင်သိနေပုံရ၏။ မှဆိုးကို ပြန်လည်ရင်မဆိုင်တော့ဘဲ နောက်ကြောင်းပြန်လှည့်သွားခဲ့သည်။ လမ်းတစ်လျှောက် နာမောင်းဖြင့် မီရာအကိုင်းအခက်များအား လိမ်ညှစ်ချိုးဖဲ့လျက် ဒေါသတကြီး ထွက်ပြေးသွားသည်။ ဆင်ပေါက်ထွက်ပြေးရာလမ်းကြောင်းမှာ ညဉ့်က ကျွန်တော်ပစ်လိုက်သော ဆတ်ဖား သွားရာလမ်းကြောင်းအတိုင်း ဖြစ်နေသည်။ ခင်ကျောအတိုင်း ခပ်ပြေပြေ ဆင်ခြေလျှောနေရာသို့ ကျွန်တော်တို့ မုဆိုးများ ရောက်လာသည်နှင့် အောက်ခြေ စမ်းချောင်းအတွင်းမှ ရေသံ တဘွမ်းဘွမ်းနင်း၍ ပြေးသွားသံကို ကြားလိုက်ရ၏။ ကျောတစ်ဝက်မှ အောက်ခြေသို့ လှမ်းကြည့်လိုက်ရာတွင်ကား တောဆင်၏ ကျောကုန်းမည်းမည်းကြီးကိုပင် တစ်ခဏမျှ မြင်လိုက်ကြရ၏။ ခင်ကျောမှ စမ်းချောင်းအတွင်းသို့ ကျွန်တော်တို့ ဆင်းလိုက်သွားကြသည်။ အခြေအနေက သိပ်အကောင်းကြီး မဟုတ်ချေ။ ပါးနပ်လျင်မြန်၍ အကောက်ကြံရန် အမြဲသတိရှိနေမည့် တောဆင်နောက်သို့ ဤအတိုင်း စမ်းတဝါးဝါး လိုက်နေရမည်ဆိုပါမူ ပင်မ တစ်မောင်းတော့ အန္တရာယ်ကောင်ကြီးနှင့် ရင်ဆိုင်ရတော့မည်ဖြစ်သည်။

ဒဏ်ရာရနေသော ဆင်ပေါက်ကို အပိုင်သာ ပစ်ခွင့်ရမည်ဆိုလျှင် တစ်ချက်တည်းနှင့် ကိစ္စတုံးသွားစေနိုင်သည့် လက်နက်များ ကိုင်ဆွဲထားလျက်နှင့် နောက်ကြောင်းကို မပြန်ချင်တော့။ မုဆိုးနှင့်သားကောင် ဦးရာလူ အနိုင်ယူစတမ်း မဟုတ်ပါလား။ ကျွန်တော်တို့က ဆင်ပေါက်ပြေးသွားသည့် စွပ်ကြောင်းအတိုင်း တဖြည်းဖြည်း သတိနှင့်တက်လာခဲ့ကြ၏။ ချောင်းကမ်းပါးအတိုင်း ကိုင်းမြက်များ ကျဲကျဲပါး ပေါက်လျက်ရှိရာ ကိုင်းတောအတွင်းသို့ ဆင်ပေါက်ဝင်သွားခြင်းမရှိ၊ တစ်ဖက်တွင်ကား လေသာတောင်ကြောက မြေပြေတစ်လှည့်၊ စောက်စောက်တစ်လှည့် ပိတ်ဆီးလျက်ရှိသဖြင့် တောင်ကြော ထက်သို့ ဆင်ကြီးလှမ်းတက်သွားခြင်းလည်း မဖြစ်နိုင်။ ကိုင်းတောကိုလွှမ်း

www.burmeseclassic.com

www.burmeseclassic.com

ခပ်ကျဲကျဲပေါက်လျက်ရှိသည့် အင်ပင်စုစု အနီးသို့ ကျွန်တော်တို့ တဖြည်းဖြည်းချဉ်းကပ်ရောက်ရှိလာသည်။ သည်မှာလည်း စွပ်ကြောင်းကိုမတွေ့ရ၊ ချောင်းဘက်ကမ်းတွင်မူ မတ်စောက်သည်။ ကမ်းပါးယံတစ်ခု ပိတ်ဆီးထားလျက်ရှိကာ ချုံနွယ်ပိတ်ပေါင်းများက ကမ်းပါးယံတစ်လျှောက် ထူထပ်စွာပေါက်ရောက်နေသည်။

တစ်ဖက်ကမ်းသို့ အကဲခတ်ကြည့်လိုက်ရာတွင် ရေစပ်သဲပြင်မှ ကမ်းပါးယံအထိ ကိုက်သုံးဆယ်ခန့်သာ ကွာလှမ်းရာ တရွတ်ဆွဲနေသော ဆင်ခြေရာများသည် ချုံနွယ်ထူထူ တစ်ခုစီသို့ ဦးတည်လျက်ရှိသည်ကို ကျွန်တော်တို့ ထူးဆန်းစွာ တွေ့မြင်ရသည်။

သုံးယောက်သား ဒူးဆစ်ခန့်သာ နက်သည့် ချောင်းကိုဖြတ်ကူးလျက် ခြေရာအတိုင်း တဖြည်းဖြည်းလိုက်သွားကြသည့်အခါ ချုံကြီးအတွင်းသို့ တောဆင်ကြီးတိုးဝင်သွားသည့် လက္ခဏာကို တွေ့မြင်ရ၏။ ချုံနွယ်များက ထူထပ်လှသဖြင့် တစ်ဖက်ကမ်းသို့ မမြင်ရချေ။ ဆင်ပေါက်တိုးဝင်သွားရာ နေရာတွင်ကား ချုံနွယ်များ ပြတ်သတ်ကျနေပြီး ဟောင်းလောင်းပေါက် ဖြစ်နေသည်။ ကျွန်တော်က ဘိုးရနှင့် ကိုထွန်းအေးတို့ကို ကမ်းပါးယံတွင်ကပ်၍ နေရာယူထားစေပြီး ဆင်သွားလမ်းကြောင်းအတွင်းသို့ တိုးဝင့်ကြည့်လိုက်သည်။ ဆင်ပေါက်တိုးဝင်သွားရာ ချုံနွယ်ကို ကျော်နင်းဝင်ရောက်သွားသည့်အခါ တောင်ကမ်းပါးယံသည် လိုဏ်ခေါင်းတစ်ခုသဖွယ်ဖြစ်၍ အနံ့ပေနှစ်ဆယ်ခန့်ရှိမည့် လိုဏ်ဂူတစ်ခုဖြစ်နေကြောင်း တွေ့ရှိရ၏။ လိုဏ်ခေါင်းအတွင်းသို့ တစ်ဖက်နံရံကိုကပ်လျက် သေနတ်ကို အသင့်အနေအထားဖြင့်ကိုင်ကာ ကျွန်တော်က [illegible]ဖြင့် စူးစမ်းအကဲခတ်၍ တဖြည်းဖြည်း ဝင်သွားသည်။ လိုဏ်ဂူအတွင်းမှာ လုံးဝမှောင်မိုက်နေခြင်းမရှိ၊ ဂူဝမှ အလင်းရောင်ဖြင့် အတွင်းပိုင်းကို ဗိုးတဝါး မြင်ရသည်။ ဂူဝမှ ပေအစိတ်ခန့်အကွာမှာ မည်းမည်းသဏ္ဍာန်တစ်ခု လှုပ်ရှားနေသည်။ ကျွန်တော်က လက်ထဲရှိ သေနတ်ဖြင့် ပြောင်းထိုးချိန်လိုက်သည်။ လှုပ်ရှားလျက်ရှိသည့် မည်းမည်းရိပ်သည် ဒဏ်ရာရသွားသော ဆင်ပေါက်ဖြစ်သည်။ ဆင်ပေါက်သည် ကျယ်ကျယ်လောင်လောင် စူးစူးရှရှ "ဂူး"ခနဲ အော်လိုက်ပြီး ဝပ်နေရာက ထရပ်လိုက်သည်။ အစွယ်ကိုပင့်လျက် နှာမောင်းကို ဦးခေါင်းပေါ်သို့ မြှောက်တင်လိုက်သည်။

သည်အခိုက်မှာပင် ကျွန်တော်၏ လက်တွင်းရှိ သေနတ်ပြောင်းဝမှ မီးပွင့်သွား၍ ဂူအတွင်းမှ ပြင်းထန်သော သေနတ်သံ ဟိန်းထွက်သွားသည်။ ဆင်ပေါက်သည် နေရာတွင်ပင် ငှက်ပျောပင်ကို အမြစ်မှ ဖြတ်ချလိုက်သည့်အလား ပြိုလဲသွားသည်။ သည့်နောက် တုတ်တုတ်ပင်မလှုပ်တော့။ တုံးလုံးလဲ၍ ငြိမ်သက်သွားသည်။ စိတ်ချသွားရပြီ ဖြစ်ရကား ဘိုးရနှင့် ကိုထွန်းအေးတို့ လိုဏ်ဂူတွင်းသို့ ဝင်ရောက်လာကြပြီး အလင်းရောင်ရရှိအောင် ထင်းမီးပုံကြီး ဖိုလိုက်သည့်အခါ လိုဏ်ဂူသည် ယခင်က ဆင်ကျစ်တစ်ခုဖြစ်ခဲ့ကြောင်း တွေ့ရှိရ၏။ ဆားဓာတ်ပါဝင်သည့် မြေငန်ကြောင့် ရှေးယခင်က ဆင်များအုပ်လိုက်ချီပြီး လာကာ မြေငန်များကိုလျက်ရင်း တစ်စတစ်စနှင့် လိုဏ်ဂူသဖွယ် ဖြစ်လာခဲ့ခြင်းဖြစ်၏။ ကျစ်တွင်းသည် တောဆင်များ လာရောက်ဖန်များလာ၍ အတွင်းသို့လှိုက်ကာ လိုဏ်ဂူတစ်ခု ဖြစ်လာသည်။ ဆားဓာတ်ကုန်ဆုံးသည်နှင့် ကျစ်ကို စွန့်ခွာသွားကြသည့်အခါ ကျစ်ဟောင်းသည် ချုံနွယ်ပိတ်ပေါင်းတို့ ပေါက်ရောက်ပိတ်ဆို့သွားခဲ့ခြင်း ဖြစ်လေသည်။

လက်ပန်လှရွာသား ကိုထွန်းအေး ကိုယ်တိုင်ပင် ထိုဆင်ကျစ်ကို မသိရှိခဲ့ခြင်းအား ထောက်ရှု၍ အချိန်ကာလ မည်မျှကြာညောင်းခဲ့ပြီဟု မခန့်မှန်းနိုင်။ မည်သို့ပင် ဖြစ်စေကာမူ ကျွန်တော်တို့ မုဆိုးနှစ်ယောက်အဖို့ကား ဆတ်သားစိုစိုအစား တစ်ပေခွဲ၊ နှစ်ပေခွဲခန့်အရှည် ဆင်စွယ်တစ်စုံကို မမျှော်လင့် မထင်မှတ်ဘဲ ရရှိလိုက်ပေသည်။

"ကိုင်း ... ကိုထွန်းအေး ခင်ဗျားက တောမှောက်တယ်ဆို ကျုပ်တို့လှန်ပစ်လိုက်တာ ဆတ်ကနေ ဆင်ဖြစ်သွားပါပြီကောလား။ ဟား .. ဟား .. ဟား .. ဟား"

ဘိုးရက တုံးလုံးလဲလျက်ရှိသည့် ဆင်ပေါက်ကြီးပေါ်တွင် ဟန်ကျပန်ကျ တက်ထိုင်ရင်း ကိုထွန်းအေးအား ရိလိုက်၏။ ဆက်လက်ပြီး လက်ပန်လှရွာသား လူရိုးကြီးကိုထွန်းအေးကို ရှင်းလင်းပြောပြသည်။

"ဒီမယ် ... ကိုထွန်းအေးရဲ့ တောမှောက်တယ်၊ တောစီးတယ်ဆိုတာက သေနတ်သမား မုဆိုးအမည်ခံတွေအနေနဲ့ တောထဲတောင်ထဲရောက်ရင် မဟုတ်တရုတ်လုပ်လို့ လုပ်ကိုင်ရင်း တောစီးချင်စီးမယ်။ မတောမှောက်ရင်လည်း မှောက်မယ်။ ရိုးရိုးသားသား မှန်မှန်ကန်ကန် တောစည်း၊ လူစည်း၊ မုဆိုးစည်း ခွဲခြားပြီး တောလိုက်မယ်ဆိုရင် ဘယ်တော့မှ တောမှောက်တာတို့ တောစီးတာတို့ မကြုံရဘူး။ အဲဒါ ခင်ဗျားမြဲမြဲမှတ်ထားပေတော့ဗျာ"

ဘိုးရ၏စကားများကို ကိုထွန်းအေးက လေးလေးစားစား ခေါင်းတညိတ်ညိတ်ဖြင့် စိတ်ဝင်စားစွာ နားထောင်နေသည်။ ကျွန်တော်ကမူ ဘိုးရပြောစကားများအား မည်သို့မျှ ဝင်မပြောဘဲ စိတ်တွင်း၌သာ အားပါးတရ ထောက်ခံလိုက်မိလေသည်။

ခင်မောင်အေး(မန္တလေး)

www.burmeseclassic.com

www.burmeseclassic.com

"ဝိဂျေဆင်ဂါ" သည် ဝန်ကြီးအားတောင်းပန်

လေးဝတီကျော်

ဒေါက်တာဝိဂျေဆင်ဂါ

ဝန်ကြီးတန်ချွန်ဂျင်

ခေတ္တလူ့စွမ်းအားဝန်ကြီး 'တန်ချွန်ဂျင်'အား Facebook တွင် အသရေဖျက်ရာရောက်သော ဆောင်းပါးတစ်ပုဒ် ရေးသားဖော်ပြခဲ့၍ ယခုအခါ နစ်နာမှုများစွာ ကြုံတွေ့နေရသဖြင့် အတိုက်အခံနိုင်ငံရေးသမား 'ဗင်းဆင့်ဝိဂျေဆင်ဂါ'က ယမန်နေ့က ဝန်ကြီးသို့ တောင်းပန်လိုက်သည်။

နစ်နာမှုများနှင့် တရားဝင်ကုန်ကျစရိတ်များကို တွက်ချက်လိုက်သောအခါ ဒေါ်လာထောင်ပေါင်းများစွာ ဖြစ်နိုင်ဖွယ်ရှိသည်။ မစ္စတာ'တန်'၏ ရှေ့နေက ယင်းနစ်နာကြေးများကို ချို့တဲ့သူများအဖွဲ့အစည်းသို့ လှူဒါန်းသွားမည်ဟု ပြောကြားလိုက်သည်။

အသရေဖျက်စေသော ထင်မြင်သုံးသပ်ချက်များကို စင်ကာပူဒီမိုကရက်တစ်ပါတီ(SDP) က ဘဏ္ဍာထိန်းက လွန်ခဲ့သောနှစ် ဒီဇင်ဘာလ (၂)ရက်နေ့တွင် ဖော်ပြခဲ့ခြင်း ဖြစ်သည်။ သူရေးသားခဲ့သော ဆောင်းပါးတစ်ပုဒ်တွင် တရုတ်ပြည်မှ SMART ဘတ်(စ)ကား ယာဉ်မောင်းများ တရားမဝင် သပိတ်မှောက်မှုကို ကိုင်တွယ်ရာမှာ မစ္စတာတန်၏ ရိုးသားမှုနှင့် ဂုဏ်သိက္ခာကို သံသယဖြစ်ဖွယ်များ ဖော်ပြခဲ့သည်။

မစ္စတာဝိဂျေဆင်ဂါသည် ယမန်နေ့နံနက်ပိုင်းက သူမှားယွင်းစွာ စွပ်စွဲဖော်ပြခဲ့သော အချက်သုံးချက်အပေါ် သူ၏ Facebook ၌ တောင်းပန်ကြောင်း အများသိအောင် ဖော်ပြခဲ့သည်။ ပထမအချက်မှာ သပိတ်မှောက်မှုသို့ ဦးတည်ခဲ့သော ဘတ်(စ)ကား ယာဉ်မောင်းများ၏ တိုင်တန်းချက်ကို သူသတိမမူခဲ့ပါဟု ပြောကြားချက်တွင် မစ္စတာတန်သည် ရိုးဖြောင့်မှုလည်းမရှိ (သို့) လှည့်ဖြားတတ်သည်ဟု ဖြစ်သည်။ ဒုတိယအချက်မှာ အလုပ်သမားအငြင်းပွားမှုကို တရားဝင်နည်းလမ်းဖြင့် ပြည်သူလူထုရှေ့မှောက်၌ အခိုင်အမာ သေချာစွာ ဖြေရှင်းရန်ကို ဝန်ကြီးသည် မှသားသုံးခဲ့သည်၊ မဖြောင့်မတ်ခဲ့ဘူး။ ၎င်းပြင် မစ္စတာတန်၏ ရိုးဖြောင့်မှုမရှိခြင်းနှင့် ဂုဏ်သိက္ခာမဲ့ခြင်းကြောင့် ငွေကြေးနှင့် ပစ္စည်းမက်လုံးများ ဝယ်ယူခဲ့ခြင်းရှိသည်ဟု ဒေါက်တာဝိဂျေဆင်ဂါက စွပ်စွဲပြောကြားလိုက်သည်။

ဒေါက်တာဝိဂျေဆင်ဂါက အထက်စွပ်စွဲချက်အားလုံးမှာ မှန်ကန်မှုမရှိ အမှားအယွင်းများသာ ဖြစ်သည်ဟု မိမိလက်ခံပါသည်။ ယင်းစွပ်စွဲချက်များသည် အခြေအမြစ်မရှိဘဲ ဝန်ကြီးအား အသရေဖျက်ရာရောက်ပါသည်ဟု ၎င်းက ဝန်ခံပြောကြားလိုက်သည်။ ယင်းသည် သပိတ်မှောက်ခြင်းကိစ္စအပေါ် သူရေးသားခဲ့သည့် ဆောင်းပါးနှင့် ပတ်သက်၍ တစ်လအတွင်း ဒေါက်တာဝိဂျေဆင်ဂါ၏ ဒုတိယအကြိမ် တောင်းပန်မှုဖြစ်သည်။ ယခင် 'PAP MP' ဖြစ်ခဲ့သူ SDP အကြီးအကဲ 'ချီဆွမ်ဂျွန်'၏ အသက်မွေးမှုခံစားခွင့်ကို ပိတ်ပင်ရန် စွပ်စွဲဖော်ပြခဲ့ခြင်းကြောင့် ဒီဇင်ဘာလ(၇)ရက်နေ့တွင် ဒေါက်တာအက်(စ်)ဗာဆို(S. Vasoo)သို့ တောင်းပန်ခဲ့ရသည်။

ဖလှယ်မှုများ သီတင်းတစ်ပတ်ကျော် ကြာပြီးနောက် ယမန်နေ့ တောင်းပန်မှုတစ်ခု ထပ်ခံပေါ်ထွက်လာခဲ့သည်။ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ဒေါက်တာဝိဂျေဆင်ဂါသည် မစ္စတာတန်၏ ရှေ့နေ မစ္စတာအက်ဝင်တောင်ထံမှ တောင်းခံစာတစ်စောင် လက်ခံရရှိခဲ့သည်။ အဆိုပါစာ၌ မစ္စတာတောင်က သူသည် အပြီးတားစွာ မဆင်မခြင် ရေးသားထုတ်ဝေခဲ့သည့် ထုတ်ပြန်ချက်မှ သူ၏ ဆောင်းပါးကို ဖယ်ရှားလိုက်ပြီဖြစ်ကြောင်း၊ ယင်းသည် မစ္စတာတန်အား အလွန်စိုးရိမ်ဖွယ်ကောင်းသော အသရေဖျက်မှုတစ်ခု ဖြစ်စေမည့်

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ကြောင်း ဖော်ပြထားသည်။

တရုတ်ဘတ်(စ)ကား ယာဉ်မောင်း များနှင့် အငြင်းပွားမှု စတင်ခဲ့သည်မှာ လကြာခဲ့ပြီဟု စွပ်စွဲဖော်ပြချိန်တွင် ဒေါက်တာဝီဂျေဆင်ဂါသည် အကြောင်း ခြင်းရာ အချက်အလက်များကို ပုံမှန်လွဲ မှားစွာ ဖော်ပြနေခဲ့သည်ဟု မစွတာ တောင်က ပြောကြားလိုက်သည်။ ဒေသ ခံ ဘတ်(စ)ကားယာဉ်မောင်းများ ပါဝင် ပတ်သက်သည့် စောစောပိုင်း အငြင်းပွား မှုကို လုံးဝကွဲပြားခြားနားသော ချဲ့ကား သည့် အငြင်းပွားမှုအဖြစ် ဒေါက်တာ ဝီဂျေဆင်ဂါ ဖော်ပြခဲ့သည်ဟု မစွတာ တောင်က ဆက်လက်ပြောကြားလိုက် သည်။

ဒေသခံ ဘတ်(စ)ကားယာဉ်မောင်း များနှင့် အငြင်းပွားမှုကို တာဝန်ရှိသူများ က ဖြေရှင်းခဲ့ပြီးဖြစ်ကြောင်းကို သူသည် မဖော်ပြဘဲ ချန်လှပ်ထားခဲ့ပြီး လူ့စွမ်းအား ဝန်ကြီးဌာနသည် အချိန်ကြာခဲ့ပြီဖြစ်သော အငြင်းပွားသည့်ကိစ္စကို လျစ်လျူရှုနေခဲ့ သည်၊ မိမိအမှုသည်ကလည်း မသိဟန် ဆောင်နေခဲ့သည်ဟု ထင်မြင်ချက်ကို ဖော်ပြခဲ့ကြောင်း မစွ'တောင်'က ပြော ကြားလိုက်သည်။

ဒေါက်တာဝီဂျေဆင်ဂါသည် စာ ဖတ်ရှုသူများ အထင်အမြင်လွဲမှားစေရန် ဖန်တီးသော လိမ်လည်ကောက်ကျစ် သော အချက်အလက်များကို ပုံမှန်ဖော် ပြခဲ့ကြောင်း၊ တရုတ်ဘတ်(စ)ကား ယာဉ် မောင်းများအတွက် ညီညွတ်မျှတစေရန် ဥပဒေနှင့် ညီညွတ်သောလုပ်ငန်းစဉ်ကို မဖော်ထုတ်ခဲ့ကြောင်း ရေးသားခဲ့သည်ဟု ဖော်ပြလိုက်သည်။

ဒေါက်တာဝီဂျေဆင်ဂါသည် SDP ၌ သူ၏ အနေအထားအဆင့်မှာ သူ၏ အစီရင်ခံချက်များ မမှန်ကန်ကြောင်းကို သိသင့်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် သူသည် နိုင်ငံခြားအလုပ်သမားအုပ်စု အမှုဆောင်ဒါရိုက်တာဟောင်း ဖြစ်ခြင်း ကြောင့်ဟု ဖော်ပြလိုက်သည်။

လေးဝတီကျော်

Ref: Wijeysingha apologises to minister, The Sundaytimes, January 6, 2013

မလေးရှား ခြေနင်းစက်ဘီးသူခိုးဂိုဏ်း ပေါ်ပေါက်လျက်ရှိနေ



ယခုအခါ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့ကြီးတွင်ပင် ခြေနင်းစက်ဘီးသူခိုးဂိုဏ်း ပေါ်ပေါက်သောင်းကျန်းလျက် ရှိရာ ခိုးယူသွားခဲ့သော စက်ဘီးများကို စပယ်ယာပတ် အစိတ်အပိုင်းများကို ဖြုတ်ပြီး ပြန်လည်ရောင်းချခဲ့သဖြင့် သဲလွန်စရှာမရဘဲ အမှုမပေါ်ပေါက်နိုင် ဖြစ်နေပေသည်။ ထို့ကြောင့် မလေးရှားရဲတပ်ဖွဲ့က ခြေနင်းစက်ဘီးများကို အိမ်ထဲ၌ ရပ်နားထားလျှင်ဖြစ်စေ၊ အိမ်ရှေ့၌ ရပ်နားထားလျှင်ဖြစ်စေ အသေအချာသော့ခတ်ထားရန် ပြည်သူများအား နှိုးဆော်သတိပေးလျက်ရှိ၏။ အမှန်စင်စစ် ခြေနင်းစက်ဘီးကို သော့ခတ်ထားသည့်တိုင်အောင် သော့ကိုရိုက်ချိုးပစ်ပြီး ခိုးယူ၊ မ,ယူသွားလေ့ရှိရာ မလေးရဲတပ်ဖွဲ့က စောင့်ကြပ်ကြည့်ရှုရန် ကြော်ငြာ ... တော်ခေါင်းကိုက်လျက်ရှိသည် ဆိုသည်။

ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

Ref: Sin Chew Daily (Malaysia), (18.1.2013), Page(6)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ထောင်မှူးများအလိုရှိသည်

အပိုင်း(၇၈)

ဗဟိုစည်အိမ်ရာမှ တောင်ပေါ်ထီးခမ်းသို့

တူးတူးတို့ရေ . . .

၁၉၉၂ ခုနှစ်ဟာ ကိုယ့်ဘဝမှာ အပြောင်းအလဲအတော်များတဲ့ နှစ်တစ်နှစ်လို့ ဆိုရမယ်ထင်တယ်။ ပထမဆုံးအနေနဲ့ နှစ်ခါပြန်နေခဲ့ရတဲ့ လမ်းမတော်မြို့နယ်၊ ဗဟိုရပ်ကွက်ထဲက အကျဉ်းစီးစီးဌာနပိုင်ဆိုင်တဲ့ ဝန်ထမ်းအိမ်ရာက အပြီးအပိုင်ပြောင်းရွှေ့ရခြင်းပါပဲ။

ဘာဖြစ်လို့ နှစ်ခါပြန်ဖြစ်ခဲ့ရသလဲဆိုတော့ ကိုယ် ၁၉၇၇ ခုနှစ်၊ အောက်တိုဘာလမှာ အင်းစိန်ဗဟိုအကျဉ်းထောင်ကနေ ရန်ကုန်ယာယီအချုပ်စခန်းကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရတာကစပြီး ရှင်းပြရပါလိမ့်မယ်။ ရန်ကုန်ယာယီအချုပ်စခန်းဆိုတာက ၁၉၆၄ ခုနှစ်က ဖျက်သိမ်းခဲ့တဲ့ ရန်ကုန်ဗဟိုအကျဉ်းထောင်ကြီးရဲ့ စစ်ကြောရေးနဲ့ တည်းခိုရေးစခန်းအဖြစ် အသုံးပြုနေတဲ့အိပ်ဆောင်သုံးဆောင်ထဲက တစ်ဆောင်မှာ ဖွင့်လှစ်ခဲ့တာပါ။

အဲဒါက အိပ်ဆောင်အမှတ်(၃)ဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်းလမ်းနဲ့ စိန့်ဂျွန်းလမ်း(ယခု မင်းရဲကျော်စွာ)ထောင့်မှာ တည်ရှိခဲ့ပါတယ်။ မြောက်ဘက်မှာ ကျန်နေတဲ့ အုတ်ရိုးဟောင်းတစ်ဖက်မှာ ထောင်ဘူဝတံခါးဖောက်လုပ်ပြီး တောင်ဘက်က စစ်ကြောရေးနဲ့ တည်းခိုရေးဝင်းနဲ့ သီးခြားဖြစ်သွားအောင် ပေအမြင့် သွပ်ပြားကာရံထားတဲ့ ယာယီစခန်း ဖြစ်ပါတယ်။

ဗဟိုစော

www.burmeseclassic.com

www.burmeseclassic.com

အင်းစိန်လို ကျယ်ဝန်းတဲ့ ဗဟို ထောင်ကြီး ရှိနေပါရက်နဲ့ ဘာလို့ ဒီလို မြို့လယ်ကောင်က ထောင်ဟောင်းနေရာ မှာ ယာယီစခန်းလာလဲလို့ မေးစရာရှိပါ တယ်။ အဓိကကတော့ ၁၉၇၅ ခုနှစ် လောက်ကစတင်ပြီး တဖြည်းဖြည်းမြင့် တက် တိုးပွားလာတဲ့ အချုပ်သားဦးရေ ပြဿနာကြောင့်ပါပဲ။

အဲဒီအချိန်က ရန်ကုန်မြို့တွင်း (၃၇)မြို့နယ်မှာရှိတဲ့ တရားရုံးတွေဆီ နေ့ စဉ်ရုံးထွက်ရတဲ့ အချုပ်သားတွေကို အချုပ်ကားပြာကြီး ဆယ်စီးလောက်နဲ့ တစ်နေ့ အသွားအပြန် တစ်ခေါက်စီ သယ်ယူပို့ဆောင်ပေးရပါတယ်။ ဒါပေမယ့် တစ်နေ့တခြား တိုးပွားလာနေတဲ့ အချုပ် သားဦးရေကြောင့် တစ်နေ့တစ်ခေါက်နဲ့ မရတော့ဘဲ ခေါက်ပြန်ဆွဲပေးရတာအထိ ဖြစ်လာပါတယ်။

အဲဒါကြောင့် ခါတိုင်း မနက် ၉ နာရီခွဲ ၁၀ နာရီမှာ ရုံးချိန်းအချုပ်သားစုံ နေလေ့ရှိတဲ့ခုတော့ ကားခေါက်ပြန်ဆွဲပေး ရတာမို့လို့ မနက် ၁၁ နာရီခွဲ ၁၂ နာရီ လောက်မှ လူစုံနိုင်ပါတော့တယ်။ အဆင် မပြေရင် နေ့ခင်း နာရီပြန်တစ်ချက်အထိ ရောက်သွားနိုင်ပါတယ်။

အဲဒီအခါ တရားရေးဌာနက အသံ ထွက်လာပါတော့တယ်။ "တရားစီရင်ရေး နှောင့်နှေးကြန့်ကြာတယ်"တဲ့။ အဲဒါ ကြောင့် ဒီအခက်အခဲကို ပြေလည်အောင် သက်ဆိုင်ရာ တာဝန်ရှိသူတွေ ညှိနှိုင်း တိုင်ပင်ပြီး ဒီရန်ကုန်ယာယီအချုပ်စခန်း ကို ဖွင့်လှစ်လိုက်တာပဲဗျ။

ရည်ရွယ်ချက်က တစ်ပတ်စာ ရုံး ထွက်မယ့်အချုပ်သားတွေကို စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်တွေမှာ အင်းစိန် ထောင်က ထုတ်ယူပြီး ရန်ကုန်ယာယီ အချုပ်စခန်းကို ကြိုတင်ပို့ပေးထားမယ်။ ဒါကြောင့် သက်ဆိုင်ရာရုံးချိန်းနေ့တွေမှာ ဒီအချုပ်စခန်းကနေ မြို့တွင်းတရားရုံးတွေ ကို ရုံးချိန်းအမီ ထုတ်ပေးနိုင်မယ်ပေါ့လေ။ မှန်ပါတယ်။ ဒီရည်ရွယ်ချက်အတိုင်း အတာတစ်ခုထိ အောင်မြင်ခဲ့ပါတယ်။

ဒီယာယီစခန်းဖွင့်ဖို့ ကိုယ်နဲ့ ဝန် ထမ်းဆယ်ယောက်ရယ်၊ ရိက္ခာပစ္စည်းတွေ ရယ် အောက်တိုဘာလ နောက်ဆုံးပတ် မှာ ရောက်နေကြတယ်။ လာမယ့်နိုဝင် ဘာလ(၁)ရက် အချုပ်စခန်းမဖွင့်မီထိ တော့ အိပ်ဆောင်မှာနေထိုင်လို့ ရပေမယ့် အဲဒီနောက်ပိုင်း နေစရာအိမ်လိုလာတယ်။

အဲဒီအချိန်က အကျဉ်းဦးစီးဌာနရုံး ချုပ်ဟာ ဗိုလ်ချုပ်အောင်ဆန်းလမ်းပေါ်က ရန်ကုန်ထောင်ဟောင်းကြီးထဲမှာ ရှိသေး တယ်။ ထောင်ဘူးဝဟောင်းနေရာမှာ စီမံ ကိန်းရုံး၊ သူ့ရှေ့ဘက် မော်တင်လမ်းထိပ် မှာ ဗဟိုပစ္စည်းသို~ ~င်ရေးရုံးနဲ့ ဝန်ထမ်း အိမ်ရာတချို့လည်း ကျန်နေသေးတယ်။

စုံစမ်းကြည့်တော့ ဝန်ထမ်းအိမ်ရာ မှာ နေအိမ်အလွတ်မရှိသေးပေမယ့် ကီလီ လမ်းနားက ဗဟိုစည်ရပ်ကွက်ထဲက နှစ် ထပ်အိမ်ရာက အောက်ထပ်နှစ်ခန်း လွတ် နေတယ်လို့ ကြားရတယ်။ အပေါ်ထပ် မှာ ရုံးချုပ်က စာရေးတွေ နေထိုင်ပြီး၊ အောက်ထပ်နှစ်ခန်းက ဗိုအိုင်ပီအတွက် တဲ့ဗျ။

အဲဒါ ကိုယ်က ဗဟိုပစ္စည်းရုံး ဝ ၁ဝန်ခံအရာရှိ ဒုတိယထောင်ပိုင် ဦးခင် မောင်လှကို ဝင်တွေ့တယ်။ ကိုယ်နဲ့ ဝန်ထမ်းတွေ နိုဝင်ဘာလ ၁ ရက်နေ့ ရန်ကုန်ယာယီအချုပ်စခန်း ဖွင့်လှစ်ဖို့ လာခဲ့တာဖြစ်ကြောင်း လောလောဆယ် အိပ်ဆောင်မှာနေလို့ရပေမယ့် ယာယီ စခန်းဖွင့်တဲ့နေ့ကစပြီး အခက်အခဲရှိမှာ

ဖြစ်ကြောင်း၊ အဲဒါကြောင့် ဗဟိုစည်
ကွက်ထဲက အားလပ်နေတဲ့ အိမ်ခ
ခန်းမှာ ဝန်ထမ်းတွေ ယာယီစုပေါင်
မယ်ဆိုရင် အဆင်ပြေနိုင်ကြောင်း
လင်းတင်ပြပါတယ်။

ဆရာဦးခင်မောင်လှက ကိုယ်
တာကို တပြုံးပြုံးနဲ့ နားထောင်ပြီး "ခ
ပြောတာ ကျိုးကြောင်းဆီလျော်မှု ရှိတ
လို့ ပြောပြီး ဗဟိုစည်အိမ်ခန်းသော့ ထ
ပေးတယ်။ အဲဒီအိမ်မှာ ခဏစုပေါင်
လိုက်ရပေမယ့် တကယ်ယာယီစခ
တဲ့အခါ ဝန်ထမ်းတွေအတွက် ရုံးချု
က အိမ်ရာမှာ အဆင်ပြေသွားတယ်

ဗဟိုစည်အိမ်ရာမှာတော့ ယာ
အချုပ်စခန်းအတွက် အသစ်ရောက်
တဲ့ ထောင်မှူးဦးစိုးသိန်းမိသာ ` က
မိသားစု တစ်ယောက်တစ်ခန်းစီ နေ
ကြတော့တယ်။ အဲဒါကတော့ ကိုယ်
စည်အိမ်ရာမှာ ပဌမအကြိမ် နေ
သွားတဲ့ အခြေခံအ ကြောင်းပါ။"

ဒီလိုနဲ့ ၁၉၇၂ ခုနှစ်မှာ ထောင်
ကြီးရာထူး တိုးမြှင့်ခြင်းခံရလို့ ရန်က
မန္တလေး အမြန်လမ်းဖောက်လုပ်ရေး
ကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်
တယ်။ ဗဟိုစည်အိမ်ရာမှာ နေထိုင်ခွင့်
တော့ဘူးဗျ။ ကိုယ့်ဇနီးသည်က လ
တော်မြို့နယ် အမက(၇)က ကျေ
ဆရာမ ဖြစ်နေတော့ ကိုယ်နဲ့အတူ အ
စခန်းမှာ လိုက်မနေနိုင်တာနဲ့ မ
တောင်ဥက္ကလာပမြို့နယ်က သူ့မိဘအိမ်
ခဏသွားနေရတယ်ဗျ။

ကိုယ် ၁၉၈၃ ခုနှစ် အင်းစိန်
ပစ္စည်းသိုလှောင်ရေးရုံးကို ပြောင်း
တော့ ဇနီးသည်က အင်းစိန်မှာ လ
မနေနိုင်သေးဘူး။ အဲဒါကြောင့် ကို
မိဘအိမ်ခဏလိုက်နေရတော့တာ

www.burmeseclassic.com

www.burmeseclassic.com

အဲဒီကနေပဲ အင်းစိန်ကို ကားနဲ့ ရုံးတက်ရတယ်။ ဇနီးသည်က လမ်းမတော်ကျောင်း သွားရတယ်။ ဗဟိုစည်အိမ်ရာကလည်း မအားဘူးလေ။

၁၉၈၄ ခုနှစ်ရောက်တော့ ဗဟိုစည်အိမ်ရာ အားလပ်သွားတာနဲ့ အထက်ကို တင်ပြပြီး အဲဒီအိမ်မှာ ပြန်နေခွင့်ရတယ်။ ဇနီးသည် ကျောင်းနဲ့နီးကပ်သွားသလို ကိုယ်လည်း အင်းစိန်(ဗပသ)ကို ကားနဲ့ ရုံးတက်ရတာပေါ့။ အဲဒါကတော့ ဗဟိုစည်အိမ်ရာနဲ့ ရေစက်မကုန်နိုင်ဘဲ ဒုတိယအကြိမ် နှစ်ခါပြန်နေဖြစ်ခဲ့ရတဲ့ အကြောင်း နောက်ခံပါပဲ။

ထူးခြားတာက ကိုယ့်သားသမီးသုံးယောက် ဗဟိုစည်အိမ်ရာမှာနေတုန်း မီးဖွားခဲ့ကြတာပါ။ ပထမအကြိမ် ၁၉၇၇ က ၁၉၈၂ နေခိုက်မှာ သားကြီး၊ ဒုတိယအကြိမ် ၁၉၈၄ က ၁၉၉၂ အထိ နေတုန်းမှာ သမီးလတ်နဲ့ သားငယ်။ အားလုံး ဗဟိုအမျိုးသမီးဆေးရုံမှာ မွေးခဲ့ကြတာဆိုပေမယ့် ဗဟိုစည်ရပ်ကွက်မှာ ကြီးပြင်းခဲ့ကြတာပါ။

နောက်ထူးခြားတာက ကိုယ်အဲဒီအိမ်မှာနေတုန်း အထက်တန်းရှေ့နေစာမေးပွဲ (H.G.P) ဖြေဆိုအောင်မြင်တဲ့ နေရာပါ။ အဲ・・・ဆရာထက်တပည့် လက်စောင်းထက် ဆိုသလို ကိုယ်က ရိုးရိုးအောင်ခဲ့ပေမယ့် ဇနီးသည်အောင်တော့ ပြစ်မှုဆိုင်ရာ ဂုဏ်ထူးတစ်ဘာသာတောင် ပါလိုက်သေးဗျ။

၁၉၈၅ ခုနှစ် (ဗပသ)မှာ အမှုဖြစ်လို့ ခေတ္တရာထူးချခံရပြီး နယ်ဘက်ရုံးမှာ အမှုရင်ဆိုင်ဖြေရှင်းနေရတဲ့ သုံးနှစ်နီးပါး အချိန်ကိုလည်း အဲဒီအိမ်မှာ ကုန်ဆုံးခဲ့ရတာပါ။ ပြီးတော့ အခု စာဖတ်သူတို့ ဖတ်ရှ[illegible] 'ဗဟိုစော'ဆိုတဲ့ ကလောင်ကိုလည်း အဲဒီဗဟိုစည်အိမ်ရာမှာပဲ မီးရှူးသန့်စင်ခဲ့တာပါ။

ဒါတင်မကသေးဘူး။ အဲလို အမှုဖြစ်နေတဲ့ ကာလအတွင်းမှာပဲ မှတ်ပုံတင်ရှေ့နေစာမေးပွဲကို ဂုဏ်ထူးတွေနဲ့ အောင်မြင်အောင် ဖြေဆိုနိုင်ခဲ့တာပါ။ နောက်ပြီး တရားရုံးတော်မှာ ရင်ဆိုင်ဖြေရှင်းခဲ့ရတဲ့ အမှုက ကွင်းလုံးကျွတ် တရားသေလွတ်မြောက်ပြီး မူလရာထူးနဲ့ အလုပ်ပြန်ဝင်နိုင်ခဲ့တဲ့ ဘုမိနက်သန်အိမ်ရာလည်း ဖြစ်ပါတယ်။

ဒါပေမယ့် အဲဒီလောက် ရေစက်မကုန်နိုင်အောင် ဆယ်စုနှစ် တစ်စုကျော်နေလာခဲ့တဲ့ အိမ်ရာကနေ အပြီးအပိုင်ထွက်ခွာရမယ့် အပြောင်းအလဲကြီးတစ်ရပ် ပေါ်ပေါက်လာပါတော့တယ်။ အဲဒါက တခြားတော့ မဟုတ်ပါဘူး။ နိုင်ငံတော်ရဲ့ စီမံချက်အရ ဗဟိုစည်ရပ်ကွက်ကြီးကို ဖျက်သိမ်းပြီး ရွှေပြည်သာမြို့သစ်ဆီကို ရွှေ့ပြောင်းပေးခဲ့လို့ပဲ ဖြစ်ပါတယ်။ အဲဒီအခါ ဗဟိုစည်ရပ်ကွက် ရေိယာထဲရောက်နေတဲ့ အကျဉ်းဦးစီးအိမ်ရာကိုပါ ဖျက်သိမ်းရတဲ့အတွက် ကိုယ်တို့ပါ ပြောင်းရွှေ့ခဲ့ရတာ ဖြစ်ပါတယ်။

ဒါဖြင့် ဘယ်ကိုပြောင်းရွှေ့ခဲ့ရတာပါလဲ။

တစ်နေ့ နေ့လယ်ပိုင်းတွင် ဖြစ်ပါတယ်။ စိုက်ပျိုးရေးလုပ်ငန်း ညွှန်ကြားရေးမှူး ဗိုလ်မှူးဆန်ဂျွန်က ကျွန်ုပ်အား ခေါ်နေသည်ဆို၍ သွားရောက်တွေ့ဆုံခဲ့ရသည်။

"ခင်ဗျား ထီးခမ်း ဘန်းကန် စိုက်ပျိုးရေးအလုပ်စခန်းကို စခန်းတာဝန်ခံအနေနဲ့ ပြောင်းရွှေ့ရလိမ့်မယ်။ ဒီနေ့ပဲ ဝန်ထမ်းရေးရာမှာ ဆုံးဖြတ်လိုက်တယ်။ လုပ်ငန်းကတော့ နည်းနည်း ဟဲဗီးဖြစ်တယ်။ ထီးခမ်းစခန်းနဲ့ စခန်းတစ်ခုတည်းဖြစ်အောင် ပေါင်းစည်းဖို့ပဲ။ ၈၆ နှစ်ကတည်းက လက်စမသတ်နိုင်သေးခဲ့တဲ့ ဘန်းကန်စခန်းက အမြဲတမ်းအဆောက်အဦတွေကို ဖျက်ပြီး ထီးခမ်းစခန်းမှာ ပြန်ဆောက်ပေးရမယ်။ ဘန်းကန်စခန်းက ကုန်းခေါင်ခေါင်ကျလို့ ရေမရနိုင်ဘူးဗျ။ ထီးခမ်းကတော့ နည်းနည်း အနိမ့်ပိုင်းကျလို့ ရေရနိုင်တယ်လေ။ အဲဒါကြောင့် လက်ရှိလည်း ကော်ဖီအစား လက်ဖက်စိုက်ခိုင်းထားတာပေါ့။ ပြီးတော့ ရွှေညောင်-ရပ်စောက် လမ်းမကြီးကနေ အတွင်းဘက် ထီးခမ်းအမြဲတမ်း အဆောက်အဦတွေအထိရောက်အောင် ကျောက်လမ်းခင်းပေးရမယ်။ လိုအပ်တဲ့ ကျောက်တွေကို ရွှေညောင်-ရပ်စောက် ရထားလမ်းဖောက်တုန်းက ကျန်ရစ်ခဲ့တဲ့ ကျောက်တွေကို ရှာပြီး ခင်းရလိမ့်မယ်။ အဲဒီနေရာတွေကို ဦးလှိုင်သိန်းပြလိမ့်မယ်၊ အဲဒါတွေပြီးရင် လက်ရှိယာယီစခန်းကို ဖျက်သိမ်းပြီး အတွင်းဘက် ထီးခမ်းအမြဲတမ်း အဆောက်အဦစခန်းသစ်နေရာကို လာမယ့်နှစ် မိုးမကျခင် ရွှေ့ပြောင်းဖွင့်လှစ်ရလိမ့်မယ်။ ကော်ဖီစီမံကိန်းမအောင်မြင်ခဲ့တဲ့စခန်းနှစ်ခုကို ပေါင်းပြီး စိုက်ပျိုးရေးစခန်းလုပ်ဖို့ အစည်းအဝေးဆုံးဖြတ်ထားတယ်ဗျ။ အဲဒါ ခင်ဗျားလုပ်နိုင်ပါ့မလား"

ဗိုလ်မှူးဆန်ဂျွန်က ရှည်လျားစွာရှင်းပြပြီးမှ ကိုယ့်ကိုမေးတယ်။

"ဒါကတော့ ဗိုလ်မှူး တာဝန်ပေးရင်တော့ ဖြစ်အောင်လုပ်ရမှာပေါ့"

ကိုယ်က ခိုင်ခိုင်မာမာ ဖြေလိုက်မိတယ်။

"ကောင်းပြီလေ။ ဒါဆို အလုပ်လွှဲပြောင်းတာတို့၊ ငွေစာရင်းကိစ္စတို့ လုပ်ထား။ ပြီးရင် ကျွန်တော့်ကို သတင်းပို့ပါ"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ ငိုသ်မှူး"

ကိုယ်စိုက်မွေးရုံးခန်းက ထွက်တာနဲ့ စီမံကိန်းလုပ်ငန်းက ဒုတိယညွှန်ကြားရေးမှူး ဦးစိန်ဌေးခေါ်သဖြင့် ဆက်သွားခဲ့ရတယ်။

"ခင်ဗျားသိတဲ့အတိုင်း ဒီစခန်းနှစ်ခုက ကော်ဖီစီမံကိန်း မအောင်မြင်တဲ့အပြင် ဖြစ်လိုက်တဲ့ပြဿနာတွေကလည်း ဖြေရှင်းလို့ကို မပြီးနိုင်ဘူး။ ဒီကြားထဲ နည်းနည်း အဖတ်ဆယ်နိုင်အောင်ဆိုပြီး စပါးလေးစိုက်ခိုင်းကြည့်ပါတယ်။ အရာရှိနဲ့ ဝန်ထမ်းတွေ လက်နက်တွေကို ညောင်ပင်ကြီးမှာထောင်ထားပြီး အရက်သောက်၊ ဖဲရိုက်နေကြလို့ အကျဉ်းသားရဲဘက်တွေ စတင်းနှစ်လက်လုယူပြီး ထွက်ပြေးသွားမှုတွေ ဖြစ်ခဲ့သေးတယ် မဟုတ်လား။ အကျဉ်းသားထက်မိုက်တဲ့ ဝန်ထမ်းတွေ ဖြစ်တာနည်းသေးတယ်။ ဟိုက စတင်းသေနတ်နဲ့ မွှေမသွားသေးတာကံကောင်း။ အဲဒါတွေကြောင့်လည်း စခန်း အမ်ဒီနဲ့ အိုအေ ငွေစာရင်းနှစ်ခုလုံးကို ပိတ်ထားပြီး ဦးလှိုင်သိန်းရဲ့ ကျောက်စခန်းငွေစာရင်းတွေကနေ ရိက္ခာနဲ့ အထွေထွေကုန်ကျစရိတ် ကျခံနေရတယ်။ ခင်ဗျားသွားရင်တော့ အမ်ဒီရော၊ အိုအေပါ ငွေစာရင်းနှစ်ခုလုံး ဖွင့်ပေးလိုက်မယ်"

"ဟုတ်ကဲ့ ဆရာ"

"ခင်ဗျားလုပ်ရမှာတွေကိုတော့ ဗိုလ်မှူးဆန်ဂွန်လည်း ပြောပြီးသားဖြစ်မှာပါ။ အဓိကက ဒီစခန်းတွေကို မဖျက်သိမ်းပစ်ချင်ဘူး။ စပါးနဲ့ ဒေသထွက်သီးနှံတွေ အရှုံးမပေါ်အောင် ကြိုးစားရင်း စိုက်ပျိုးရေးစခန်းအဖြစ် ရပ်တည်ကြည့်ချင်သေးတယ်။ အုပ်ချုပ်ရေးပိုင်းကောင်းလာအောင် စခန်းနှစ်ခုစာဖြစ်နေတဲ့ ဝန်ထမ်းတွေထဲက မကောင်းတဲ့ တစ်ဝက်ကို တခြားစခန်းတွေ ပြောင်းပစ်ဖို့ ခင်ဗျားတင်ပြရမယ်။ စခန်းသစ်တည်ဆောက်ဖို့ လိုအပ်တဲ့ စက်သုံးဆီတွေကို စီမံချက်ရေးဆွဲပြီး ကျွန်တော့်ဆီ အမြန်တင်ပြပါ။ လုပ်ရမယ့်လုပ်ငန်းက ဟဲဗီးဖြစ်ပေမယ့် ခင်ဗျားအောင်မြင်အောင် ဆောင်ရွက်နိုင်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်တယ်"

"စိတ်ချပါဆရာ။ ကျွန်တော်အောင်မြင်အောင် လုပ်မှာပါ"

ပြောလို့သာပြောနေရတာ။ လုပ်ရမယ့်လုပ်ငန်းက သာမန်ဟဲဗီး မဟုတ်ဘူး။ တကယ့် မဟာ့မဟာ ဟဲဗီးကြီးဗျ···။ တစ်ခုခု လွဲချော်သွားရင် အပျက်အစီးစာရင်းထဲ ကိုယ်ပါ ပါသွားနိုင်တယ်လေ။ အေးဗျာ···ဒီလောက်ကြီးလေးတဲ့ လုပ်ငန်းကြီးကို ကိုယ့်လိုထောင်မှူးကြီးအဆင့်ရှိတဲ့လူကိုမှ တာဝန်ခံပေးပြီး ခိုင်းရတယ်။ ကြည့်ရတာ ကိုယ်က သိပ်တော်၊ သိပ်တတ်နေလို့တော့ မဟုတ်တန်ကောင်းပေဘူး။ ဝန်ထမ်းရေးရာမှာ သူ့လူ ကိုယ့်လူ စစ်တုရင်ရွှေ့ကြရာက ကံဆိုးသူမောင်ရှင် အဖြစ် ရွေးချယ်ခံလိုက်ရတာများလား။

ကိုယ်ပထမဆုံးလုပ်ရတာက ကိုယ့်အလုပ်တွေကို လွှဲပြောင်းလက်ခံလုပ်တာပဲ။ ပြီးတော့ ထောက်ဌာနစုမှာ တောင်ကြီး မြန်မာ့စီးပွားရေးဘဏ်ခွဲမှာ ကိုယ့်နာမည်နဲ့ အမ်ဒီငွေစာရင်း ဖွင့်ရတယ်။ အိုအေငွေစာရင်းကိုတော့ စီမံကိန်းဌာနက ဖွင့်ပေးမယ်လေ။

အဲဒါတွေပြီးတာနဲ့ ကိုယ့်ဇနီးသည် ကျောင်းပြောင်းရွှေ့ကိစ္စ လုပ်ရတယ်။ ဇနီးသည်က ကိုယ်နဲ့ အိမ်ထောင်ကျချိန်မှ မင်္ဂလာတောင်ညွန့်မြို့နယ်က အမက(၉)မှာ ဖြစ်တယ်။ အဲဒီကနေ အင်းစိန်မြို့နယ် အမက(၁၆)ကို ပြောင်းရတယ်။ ပြီးမှ လမ်းမတော်မြို့နယ် အမက(၇)ကို ပြောင်းရွှေ့ခဲ့ရပြန်တယ်။

အခု ကိုယ်နဲ့အတူ မိသားစုအားလုံး ထီးခမ်းစခန်းကို ခေါ်သွားရမှာဆိုတော့ သူ့ကျောင်းကိုပါ ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နယ်ထဲကို ပြောင်းရွှေ့ဖို့ ကြိုးစားရတာပေ့ါ။ သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၊ မြို့နယ်ပညာရေးမှူး၊ တိုင်းပညာရေးမှူး ရုံးအဆင့်ဆင့် တင်ပြပြီးမှ ရှမ်းပြည်နယ်တောင်ပိုင်းကို ပြောင်းရွှေ့ခွင့် အမိန့်စာ ရလာတယ်။

အားလုံးပြီးမှ ရန်ကုန်-ရွှေညောင် မီးရထားလက်မှတ် ဝယ်ရတယ်။ မိသားစု ငါးယောက်အတွက် အထက်တန်းအိပ်စင်အတွက် အောက်တိုဘာလ ၆ ရက်နေ့ လက်မှတ်ရတယ်။ အဲဒါကြောင့် ထီးခမ်းစခန်းက ထောင်မှူးကျော်ကျော်စိုးဆီ ရွှေညောင်ဘူတာမှာ အောက်တိုဘာ ၇ ရက်နေ့ညနေ လာကြိုဖို့ ဖုန်းဆက်မှာရတယ်။

အဲ···အားလုံးပြီးမှ ညွှန်ချုပ်ရုံးချုပ်နဲ့ သက်ဆိုင်ရာ ညွှန်မှူးတွေ သတင်းပို့ပြီး လိုအပ်တဲ့ စာရွက်စာတမ်း အမိန့်ညွှန်ကြားချက် ညွှန်ကြားခံယူတာတွေ လုပ်ရတယ်။

နောက်ဆုံးမှာတော့ ကိုယ်တို့ မိသားစု ကိုယ့်အိမ်ကိုယ့်ရာလို နေထိုင်ခဲ့တဲ့ ဗဟိုစည်အိမ်ရာက အပြီးအပိုင် စွန့်ခွာပြီး တောင်ပေါ်သား ပအို့ဝ်တိုင်းရင်းသားတို့ရဲ့ ရှမ်းယောမြေမှာရှိနေတဲ့ ထီးခမ်း စိုက်ပျိုးရေးအလုပ်စခန်းဆီ ဦးမော့ပြီး ချီတက်ခဲ့ကြပါတော့တယ်။

(ဆက်လက်ဖော်ပြပါမည်။)

ဗဟိုစော

---

www.burmeseclassic.com

www.burmeseclassic.com

အမှုတွေပြေအေးစေမယ့် ဥပဒေအမေးအဖြေ

ဦးစောလှိုင် *[B.A (HIST:) H.G.P., R.L]*

သေသူကို အသရေဖျက် ပြောဆိုလို့ရသလား

ဆရာရှင့်···

မကြာသေးခင်က ကျွန်မရဲ့ မွေးစာမိခင် ကျေးဇူးရှင် လူကြီးရောဂါနဲ့ ဆုံးခဲ့ပါတယ်။ မေမေဟာ ငွေ့ကြေးချမ်းသာတဲ့ တစ်ဦးတည်းသော သမီးဖြစ်ပေမယ့် အိမ်ထောင်မပြုခဲ့ပါဘူး။ ကျွန်မအပါအဝင် မိဘမဲ့သားသမီးသုံးယောက်ကို မွေးစားပြုစု ပျိုးထောင်ရင်း ပရဟိတနဲ့ သာသနာ့အကျိုးပြုလုပ်ငန်းတွေနဲ့ မွေ့လျော်နေတဲ့ ရဟန်းအမ၊ ကျောင်းအမကြီးတစ်ယောက်ပါ။

အဲဒါကို ဆရာရယ်···ရေဝေးသုသာန်မှာ မေမေ့ရုပ်ကလာပ် ပြင်ဆင်ထားတုန်း အသုဘလာရှုတဲ့လူတွေထဲက ကျွန်မတစ်ခါမှမမြင်ဖူးတဲ့ စိန်နားကပ်တဝင်းဝင်းနဲ့ မိန်းမကြီး နှစ်ယောက်ပြောသွားလိုက်တာများ မကြားဝံ့မနာသာပါပဲရှင်။

"ဟင်း···ဟင်း···အပြင်ပန်းကကြည့်ရင်တော့ အပျိုကြီး၊ ရဟန်းအမ၊ ကျောင်းအမ သူတော်ကောင်းမကြီးပေါ့လေ။ တို့မသိရင် ခက်မယ်။ လူကြားကောင်းအောင် မိဘမဲ့တွေကို ကရုဏာသက်လို့ မွေးစားထားသတဲ့လား။ အဲဒါတွေဟာ တခြားဟာတင်ရှိုးလားတော်။ လင်ကောင်မပေါ်ဘဲ မွေးထားတာလေ။ အဲဒါကို တစ်ဖက်လှည့်နဲ့ မေတ္တာရှင်ယောင်ဆောင် ပြန်မွေးထားတာတွေကိုများ···ဟင်း···ဟင်း"

အဲဒီနေ့က ကျွန်မချက်ချင်း ထအော်ဟစ်ပြီး ပါးနားဆွဲရိုက်ပစ်ချင်လောက်အောင် ဒေါသငယ်ထိပ်ရောက်သွားမိတယ်။ ပြီးမှ ကိုယ်က အသုဘရှင်ဖြစ်နေလို့ စိတ်ကို အနိုင်နိုင် ချိုးနှိမ်ပြီး သည်းညည်းခံနေလိုက်ရတယ်ရှင့်။ အဲဒါက ပြန်တွေးမိရင် ခုထိ ရင်ထဲမှာ တနုံ့နုံ့နဲ့ မကျေမချမ်းဖြစ်နေတုန်းပဲ ဆရာ။

အဲဒါ ဆရာရယ်···ကျွန်မမေးချင်တာက ဒီလို ဘာမှမသိနိုင်၊ မကြားနိုင်တော့တဲ့ လူသေတစ်ယောက်ကို ဂုဏ်သိက္ခာကျဆင်းထိခိုက်အောင် စွပ်စွပ်စွဲစွဲ မပြောနိုင်အောင် ဥပဒေအရ တားဆီးကာကွယ်ပေးထားတာ မရှိဘူးလားရှင့်။

ရှိရင် ဘယ်ဥပဒေနဲ့ ဘယ်လိုအရေးယူခွင့်ရှိတယ်ဆိုတာ ဖြေကြားပေးဖို့ ခမ ္ဘာရပ်ခံအပ်ပါတယ်ဆရာ။

ရှိသေလေးစားစွာဖြင့်
မလှမြင့်
ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်။

မလှမြင့်ခင်ဗျား···

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ (၄၉၉) ရှင်းလင်းချက်(၁)မှာ "သေသူတစ်ဦးတစ်ယောက်ကို စွပ်စွဲချက်သည် ထိုသူအသက်ရှင်လျက်ရှိနေပါက ထိုသူ၏ အသရေကို နစ်နာစေမည်ဖြစ်လျှင်လည်းကောင်း၊ ထိုသူ၏ မိသားစုနှင့် ဆွေမျိုးအရင်းများအားလည်းကောင်း စိတ်နှလုံးထိခိုက်စေလျှင် အသရေဖျက်မှုမြောက်နိုင်သည်"လို့ ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ-၅၀၀ အရလည်း အဲဒီ

www.burmeseclassic.com

www.burmeseclassic.com

အသေရေဖျက်မှုကို နှစ်နှစ်အထိ ထောင်ဒဏ်တွေ၊ ငွေဒဏ်တွေ ချမှတ်နိုင်တာ တွေ့ရပါတယ်။

မလှမြင့်အနေနဲ့ မကျေနပ်လို့ အရေးယူချင်တယ်ဆိုရင်တော့ အဲဒီ မိန်းမကြီးနှစ်ယောက် ပြောတာကို သေသေချာချာ အမှန်တကယ် ကြားလိုက်တဲ့ ခိုင်လုံတဲ့သက်သေနှစ်ယောက်ရှာပြီး သက်ဆိုင်ရာတရားရုံးတော်မှာ တိုင်ကြားနိုင်ပါကြောင်း ဖြေကြားလိုက်ပါတယ်။

××× ××× ×××

ဥပဒေကို မသိလို့ ကျူးလွန်မိရင် အပြစ်က ကင်းလွတ်ခွင့်ရမလား

ဆရာခင်ဗျား…

လွန်ခဲ့တဲ့တစ်ပတ်လောက် ကျွန်တော့်ညီနဲ့ သူငယ်ချင်းနှစ်ယောက် လမ်းထိပ်မှာ ထိုင်စကားပြောနေတုန်း လမ်းထဲ လူရွယ်တစ်ယောက်က "လာ…တို့အိမ်မှာ စကားပြောရင်း လက်ဖက်ရည်နဲ့မုန့် လာစားကြ"လို့ လာခေါ်တယ်။ သူတို့က လူငယ်တွေပီပီ လက်ဖက်ရည်နဲ့ မုန့်စားရမယ်ဆိုတာနဲ့ စိတ်ဝင်စားပြီး လိုက်သွားကြတယ်တဲ့။

အဲဒီအိမ်ရောက်တော့ ဝိုင်းထိုင်စကားပြောနေတဲ့ လူနှစ်ဆယ်လောက်တွေ့ရတယ်။ သူတို့လည်း လာပေးတဲ့ လက်ဖက်ရည်နဲ့မုန့် စားကြရင်း ဟိုလူတွေ ဘာကိစ္စပြောနေကြတာလဲလို့ နားစွင့်နေမိကြတယ်။

အဲဒီအချိန်မှာ အိမ်ထဲကို ရဲတွေ ရုတ်တရက်ရောက်လာပြီး အိမ်ခန်းထဲရှိသမျှ လူတွေကို သိမ်းကြုံးဖမ်းကြပါလေရောတဲ့။ အဲဒီထဲမှာ ကျွန်တော့်ညီနဲ့ သူငယ်ချင်းနှစ်ယောက်ပါ ဘာမသိ ဘာမသိနဲ့ ရောယောင်ပါသွားတယ်။

အခု အချုပ်ထဲရောက်နေကြပါတယ် ဆရာ။

ကျွန်တော် စခန်းမှူးနဲ့ သွားတွေ့တော့ ဥပဒေဆန့်ကျင်တဲ့ အစည်းအဝေးလုပ်နေလို့ အရေးယူခံရတယ်လို့ ပြောပါတယ်။ ကျွန်တော်က ခုကိစ္စကို သူတို့ ဘာမှမသိဘဲ လက်ဖက်ရည်နဲ့ မုန့် စားရမယ်ဆိုလို့ လိုက်သွားမိကြတာပါလို့ ရှင်းပြမိတယ်။ စခန်းမှူးက ရုံးကျမှ ရှင်းပါလို့ ပြောပါတယ်။

ကျွန်တော် နားလည်မိသလောက် ကျွန်တော့်ညီနဲ့ အဖွဲ့ဟာ ဟိုလူတွေ ဘာလုပ်နေမှန်း မသိလို့ သွားမိတာပါ။ ဒီလို လူစုလူဝေးနဲ့ နိုင်ငံရေးဆန်ဆန် စည်းဝေးနေရင် အဖမ်းခံ အရေးယူခံရနိုင်တယ်ဆိုတာကိုလည်း သိကြရှာတာ မဟုတ်ပါဘူး။

ဒါကြောင့်မို့ သူတို့အနောင်အဖွဲ့ကလွတ်မြောက်အောင် ကျွန်တော့်အနေနဲ့ ဘယ်လိုဆောင်ရွက်သင့်တယ်ဆိုတာ အကြံ ပြုဖြေကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ် ခင်ဗျား။

လေးစားစွာဖြင့်

ဦးကျော်စွာ

ဒိုင်းဝန်းကွင်း၊ မော်လမြိုင်မြို့

ဦးကျော်စွာခင်ဗျား…

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၁၄၃ မှာ "မည်သူမဆို ဥပဒေနှင့်ဆန့်ကျင်သော လူငါးယောက် (သို့မဟုတ်) လူငါးယောက်ထက်ပို၍ လူများ စုဝေးတိုင်ပင်ခြင်းပြုလျှင်သော်လည်းကောင်း နိုင်ငံတော်ကို ဆန့်ကျင်မှု၊ အခြားသူများကို အကျိုးပျက်စီးမှု ရာဇဝတ်မှု စသည်တို့ကိုလည်းကောင်း ပြုလုပ်ဆောင်ရွက်လျှင် ထောင်ဒဏ် ၆ လမှ ၂ နှစ်ထိ ကျခံရနိုင်သည်"လို့ ပြဋ္ဌာန်းထားတာ တွေ့ရပါတယ်။

အခု ဦးကျော်စွာရဲ့ ညီတော်မောင်နဲ့ သူငယ်ချင်းနှစ်ယောက်ဟာ ဥပဒေနဲ့ဆန့်ကျင်တဲ့ အစည်းအဝေးကို တက်ရောက်ခဲ့မိလို့ သက်ဆိုင်ရာက သတင်းအရ ဖမ်းဆီးရာမှာ ပါဝင်ခဲ့ရတာပါ။

နိုင်ငံသားတိုင်းဟာ ပြဋ္ဌာန်းဥပဒေကို အလိုအလျောက် သိပြီးဖြစ်နေရပါမယ်။ ဥပဒေကို မသိလို့ ပြစ်မှုကျူးလွန်မိပါတယ် ဆိုပြီး ထုချေလို့ ပြစ်မှုက ကင်းလွတ်ခွင့်ရနိုင်မှာ မဟုတ်ပါဘူး။

ဒါပေမယ့် တရားဥပဒေမှာ ခြွင်းချက်တော့ ရှိစမြဲပါ။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၁၄၂ မှာ "မည်သူမဆို ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးဖြစ်မြောက်စေမည့် အကြောင်းခြင်းကို သိပါလျက် တမင်ပါဝင်လျှင်"ဆိုပြီး ပြဋ္ဌာန်းထားပါသေးတယ်။

အဲဒါကြောင့်မို့လို့ ဦးကျော်စွာအနေနဲ့ ညီနဲ့ သူငယ်ချင်းနှစ်ယောက်ဟာ ဥပဒေနဲ့ ဆန့်ကျင်တဲ့အစည်းအဝေးမှန်း မသိဘဲ လက်ဖက်ရည်နဲ့မုန့် စားရရုံသက်သက် တက်ရောက်ခဲ့မိတယ် ဆိုတာကို ရှေ့နေကောင်းကောင်းနဲ့ ထုချေရင်တော့ လွတ်မြောက်နိုင်ပါလိမ့်မယ်လို့ ဖြေကြားလိုက်ပါရစေ။

အောင်မြင်ပါစေ

ဦးစောလှိုင်[B.A(Fist:) H.G.P.,R.L]

www.burmeseclassic.com

www.burmeseclassic.com



မြေးခုက္က

● ရှစ်ခွင်ကျော်(ဖောင်တော်သီ)

ပြီးခဲ့တဲ့နှစ် သီတင်းကျွတ်လပြည့်နေ့က ကျုပ်မြေးဦး ဒီပါကျော်နဲ့ သူ့မိန်းမ ကျုပ်ကို ကန်တော့လေရဲ့။ မုန့်ပုံးလေးရှေ့ချ ပဆစ်တုပ် ထိုင်ကန်တော့ရင်း

"ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ ပြစ်မှားမိတာရှိရင် ခွင့်လွှတ်ပါ အဘိုးနဲ့ အဘွား"တဲ့။

အင်း ... ခွင့်လွှတ်ရတာပေါ့၊ ကျုပ်က အဘိုးအရင်းကြီးကိုး။ မှတ်မိသေးတယ်၊ ၁၉၈၈ ခုနှစ် မိုးတွင်းကြီး ဒီကောင် သုံးနှစ်သား၊ တွတ်တီးတွတ်တာ မပီကလာစကား လုံးလေးတွေကို သာယာနာပျော်ဖွယ် ဆည်းလည်းသံလေးလို ကျုပ်တို့ ဘိုးဘွားတွေ ကြည်နူးနေချိန် ဒီကောင်လုပ်ချလိုက်တာ အသက်နဲ့ကိုယ် အိုးစားကွဲဖို့ သီသီကလေးဗျာ။ တကယ့်ကောင်။

တတ်လွန်း အားကြီးတော့လည်း အတတ်ကြူးတော့ ဘီလူးဆုံသလိုပေါ့။

သိတယ်ဟုတ်လား။ ၈၈ တုန်းက တစ်တိုင်းပြည်လုံး မင်းမဲ့စရိုက် ဖြစ်ချင်တိုင်းဖြစ်နေလို့ တပ်မတော် အစိုးရက အာဏာသိမ်းလိုက်ရတဲ့အချိန်။

၁၉–၈–၁၉၈၈

အာဏာသိမ်းပြီးနောက် တစ်နေ့ညနေ ရေဒီယိုက စစ်ချီသီချင်းတွေ ထုတ်လွှင့်လို့ အရှိန်ကောင်းဆဲ ...

ပဲခူးဘက်ကလာတဲ့ စစ်သားတွေ၊ စစ်ကားတွေ၊ ပြည်ဘက်ကလာတဲ့ စစ်ကားတွေ၊ စစ်သားတွေ ကျုပ်တို့ ထောက်ကြံ့လမ်းဆုံမှာ ရပ်နားနေတာများ အစိမ်းရောင်တွေမှ ပြန့်ကြဲနေတော့တာ။

ပုဒ်မ–၁၄၄ ထုတ်ထားပြီးပြီ။ ထိန်းမရရင် ပစ်တော့မှာ။ ပစ်ပြီဆိုရင် လည်းတည့်တည့်ပစ်မှာ။ မိုးပေါ် ထောင်ဖောက်တော့မှာ မဟုတ်ဘူး။

ကျုပ်တို့မြေးအဘိုးလည်း တစ်မိုးတွင်းလုံး အိမ်ထဲမှာအောင်းနေရတာ ညောင်းချိလို့ လမ်းဆုံဘက်အထွက် တကယ့်စစ်သားတွေ။ သေနတ်တွေမှာ လှံစွပ်ကြီးတွေ တပ်ထားတဲ့ အစုအဝေးနေရာရောက်မှ ဒီပါကျော် ထအော်လိုက်တာ။ ကျုပ်ဖြင့် ငါ့ရင်ဘတ်နဲ့ ဂျီသရီးကျည်ဆံနဲ့ ဝမ်းဆက်ဖြစ်ပြီဆိုပြီး မျက်စိမှိတ်၊ နားပိတ်ပြီး "ဣတိပိသော ဘဂဝါ" ဂုဏ်တော်ကို ယောင်တိယောင်ကမ်းနဲ့ ရွတ်နေတာဗျို့ ...

"သပိတ် .. သပိတ် မှောက် ... မှောက်၊ ချချ ... မရရင်ချ"

တဲ့ခင်ဗျ။ နောက်ဆက်တွဲ အသံက စစ်ဗိုလ်ကြီးတွေဆီက အသံ။

"မမှောက်နဲ့တော့။ လှန်လိုက်တော့ ကလေးရ"

ပြုံးဖြီးဖြီး မျက်နှာတွေနဲ့မို့ တော်ပါသေးရဲ့။

ရှစ်ခွင်ကျော်(ဖောင်တော်သီ)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

တောင်ကုန်းပေါ်က အိမ်ကလေး

ဒါရိုက်တာ မျိုးဇော်အောင်

တောင်ကုန်းပေါ်က အိမ်ကလေးကို သီးခြားကမ္ဘာလေးတစ်ခုနှယ် ကျွန်တော့်စိတ်ထဲ၌ ထင်သည်။ အဘယ်ကြောင့်ဆိုသော် ရွာနှင့်အတန်လှမ်းနေသောကြောင့်ဖြစ်၏..

ကျွန်တော်သည် အလုပ်ကိစ္စတစ်ခုနှင့် ထိုရွာသို့ ရောက်လာခဲ့တာ(၂၀)ရက်ခန့်ရှိနေပြီဖြစ်သည်။ ခင်စစ်ထို ကျုံအင်းရွာလေးသည် ကျွန်တော်၏ ချက်မြုပ်ဇာတိအရပ်မဟုတ်ပေ။ ကျွန်တော်က ဖြူးမြို့ဇာတိ၊ ဖြူးမှာမွေးပြီး ရန်ကုန်မှာနေသူဖြစ်သည်။

ကျွန်တော်၏ အလုပ်မှာ စာရေးခြင်းအတတ်ပညာဖြင့် လုံးချင်းဝတ္ထုများရေး၍ ဘဝတစ်ခုကို အသင့်အတင့် တည်ဆောက်နေသူဖြစ်၏။ အောင်မြင်ကျော်ကြားသော စာရေးဆရာတစ်ယောက်တော့ မဟုတ်ပေ။

ကဗျာဆရာ..မောင်လွမ်းသူ၏ ဖိတ်ကြားချက်အရ ဖြူးမြို့အရှေ့ဖက် ကျုံအင်းရွာလေးသို့ ရောက်လာခဲ့ခြင်းဖြစ်သည်။ ၎င်း၏ အိမ်၌ပင် ကျွန်တော်တည်းခို၍ နေထိုင်ခဲ့သည်။

ကဗျာဆရာ မောင်လွမ်းသူမှာ ကျွန်တော်ကဲ့သို့ပင် လူပျိုလူလွတ်တစ်ယောက်ဖြစ်သည်။ သူသည် ကဗျာဆရာဖြစ်သောကြောင့် ကျွန်တော့်ထက်ပို၍ အနုပညာကို အသေးစိတ်စဉ်းစားသည်။ အနုစိတ်ပိုတွေးသည်။ ကဗျာဆန်ဆန်နေသည်။

သူ..တစ်ခုကံကောင်းလေသည်။ သူ့အမေ မုဆိုးမဒေါ်သွယ် ထားခဲ့သော အိမ်နှင့်အိမ်ဆိုင်လေးမှာ သူ့အတွက် ထမင်းတစ်အိုး ဟင်းတစ်အိုး အတွက် မပူပင်ရ။ ယင်းသည်ပင် သူပိုင်ဆိုင်သော သူ့အမေ၏ အမွေ ဖြစ်တော့၏။

"ကိုမျိုးက လုံးချင်းသမားဆိုတော့ ကျွန်တော့်ထက်စာရင် ဝင်ငွေကောင်းတယ်၊ ကျွန်တော်ကတော့ ကိုမျိုးသိတဲ့အတိုင်းပဲ ကဗျာရေးလို့ပါမှ စာအုပ်တစ်အုပ်နှင့် ငွေ ၃၀၀၀ိ/- လောက်ရကာ၊ တစ်ချို့ကျတော့ ငွေ ၅၀၀ိ/-ပေးတာက နည်းပါတယ်။ တစ်လ နေလို့ ဂျာနယ်၊ မဂ္ဂဇင်း(၁၀)ပုဒ်လောက်၊ ဆယ်စောင်လောက်ပါဖို့က လွယ်တာမဟုတ်ဖူး.."

သူပြောတာ ကျွန်တော်လက်ခံပါတယ်၊ ကျွန်တော်လည်း အစကနဦးက ကဗျာရေးဖူးပါသည်။ သူ့လိုတော့ ရွှဲရွှဲမြဲမြဲနဲ့ ခံယူချက်ကောင်းကောင်း၊ ယုံကြည်ချက်ပြင်းပြင်း မဟုတ်။ ကိုလွမ်းက ဇွဲကြီးသည်။ ကဗျာဆရာမောင်လွမ်းသူကို ကျွန်တော်က "ကိုလွမ်း"ဟု ခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com

သူကလည်း ကျွန်တော်ကိုမှ 'ကိုမျိုး' ဟုပင် ခေါ်လေသည်။

"ကိုလွမ်းလည်း..စကားပြေကောင်းတာပဲ လုံးချင်းလိုင်းဖက် ကူးလိုက်ပါလား.."

"အဖြစ်ဖူး..ကိုမျိုး ကျွန်တော်က ကဗျာလောက် စိတ်မရှည်ဖူး။ လနဲ့ချီပြီးလဲ စာမရေးချင်ဖူးဗျာ။ ကျွန်တော်က အနုပညာကိုချက်ချင်းခံစားမိရင် ချက်ချင်းပဲရင်ဖွင့်ချင်တာ၊ ကိုမျိုးပြောတာကို ကျေးဇူးတင်ပါတယ်.."

ဒါက အခုမှမဟုတ် အရင်ကလည်း သူပြောနေကြ၊ ဖြေနေကြ စကားဖြစ်သည်။ မေးလိုက်ရသည် သူသည်အတိုင်းပဲ ဖြေမည်ဆိုတာကို ကျွန်တော်သိသည်။

"ကိုမျိုး..ကျွန်တော့်ကို အားမနာနဲ့နော် ကိုမျိုးပျော်သလောက် ကျွန်တော့်အိမ်မှာ.. စိတ်ကြိုက်နေလို့ရတယ်။ ကိုမျိုး..မပြန်ခင် ဝတ္ထုတစ်ပုဒ် ကောင်းကောင်းရသွားနိုင်မယ်လို့ ကျွန်တော်ထင်နေတယ်"

နည်းနည်းတော့ သူ့စကားက ဆန်းနေပုံရသည်။ ကျွန်တော် ကိုယ်တိုင်ပင် အခုထိ ဘာအကြောင်းရေးရမှန်း စိတ်ကူးမရသေးတာ၊ သူက ကြိုတင်ပြီး ဝတ္ထုကောင်းတစ်ပုဒ်ရသွားမည် ဟု ပြောလာသောကြောင့် ကျွန်တော် သူ့ကို စိတ်ဝင်တစားဖြစ်မိသည်။

"ကိုလွမ်းက ကိုယ့်ကို ဘာအမြင် ဘာအတွေးနဲ့ ဝတ္ထုကောင်းကောင်း တစ်ပုဒ်ရသွားနိုင်တယ်လို့

စောနွန်းအပေါ် တကယ်ချစ်နေရင်.. ကိုသူရိန် အရက်မသောက်တော့ဖူးဆိုတာ စောနွန်းယုံတယ် ကိုသူရိန်။ အေး..သောက်လိုက်ရင်တော့ သစ္စာလွဲယူထားတဲ့ စောနွန်းနွယ် အပေါ်ကို သစ္စာကတော့ စူးမှာပါ

ပြောနိုင်တာလဲ.. ဆိုစမ်းပါဦးလေ" ဟု ကျွန်တော်က စိတ်ဝင်စားမိသောအကြောင်း သူ့ကို ပြန်၍မေးလိုက်မိလေသည်။

ထိုအခါ သူက ဟက်ခနဲ ပြုံးသည်။

"ကိုမျိုးက ဂမ္ဘီရ လျှို့ဝှက်သည်းဖို့ဝတ္ထုရေးတဲ့ဖက်မှာ အားသန်တော့ ဟိုတစ်နေ့က ကိုမျိုးကိုပြခဲ့တဲ့ တောင်ကုန်းပေါ်က အိမ်ကလေးအကြောင်း ရေးလိုက်ရင် ကိုမျိုးအတွက် ဝတ္ထုကောင်းတစ်ပုဒ်ရတာပေါ့ဗျာ" ဟု ဆိုလာသဖြင့် သည်တစ်ခါတော့ စိတ်ဝင်စားစရာက တောင်ကုန်းပေါ်ကအိမ်ကလေးဆီ ကျွန်တော် စိတ်က ရောက်သွား၏။

မှန်သည် မနေ့က ကိုလွမ်းနှင့် ကျွန်တော် အတူလမ်းလျှောက်ထွက်ရင်း ကိုလွမ်းပြခဲ့သော တောင်ကုန်းပေါ်က အိမ်ကလေးကို မြင်ခဲ့ရသည်။ ထိုအိမ်ကလေးကို ကျွန်တော်စိတ်ဝင်စားသည်။ ကျွန်တော်စိတ်ဝင်စားနေမှန်းသိ၍ ကိုလွမ်းတစ်ယောက်

နိမိတ်ပြေး စကားမျိုး ပြောလိုက်တာ လားတော့ မသိ။ ကျွန်တော် ထို တောင်ကုန်းပေါ်က အိမ်ကလေးကို စိတ်ဝင်စားမိတာတော့ အမှန်ပင်။

× × × × ×

သစ်ရွက် အကြိုအကြားထဲက ဖြတ်တိုက်လာသော လေခတ်သံသည် လူတစ်ယောက် ပြေးရင်းလွှားရင်း လေချွန်လိုက်သကဲ့သို့ ထင်ရသည်

'ရှီး'..'ရှီး'

ဟူသောအသံက ညာဥ့်ယံကို ဖောက်ခွဲလိုက်သလို ပြင်းထန်၏။

တောင်ကုန်းပေါ်က အိမ်ကလေး အတွင်း၌ မီးအလင်းရောင်ကို မြင် လိုက်ရသောကြောင့် သူရိန်၏ စိတ် ထဲ ပျော်သွားသည်။

သစ်ပင်အောက် မှောင်ရိ အကွယ်၌ ဝင်ကပ်လိုက်ပြီး ခဏအိမ် ကလေးဆီသို့ အကဲခတ်ကြည့်သည်။ သိပ်တော့ မကြာလိုက်ပေ၊ တောင်ကုန်း ပေါ်က အိမ်ကလေး၏ ဝရံတာ လူရိပ်သဏ္ဍာန် တစ်ခုကို ဝိုးတဝါး

www.burmeseclassic.com

www.burmeseclassic.com

မြင်လိုက်ရ၏။ စောနန်းနွယ်မှန်း· သူရိန် သိလိုက်၏။

ထိုအရိပ်သဏ္ဍာန်သည် တစ်စုံတစ်ယောက်ကို လိုက်ရှာနေပုံရ၏။ သူရိန် သစ်ပင်ရိပ်အကွယ်မှ ထွက်၍ ကိုယ်ရောင်ပြလိုက်သောအခါ ထိုအရိပ်သဏ္ဍာန်သည် လျင်မြန်စွာ လှုပ်ရှားသွားကာ ချက်ချင်းပင် ပြန်၍ ပျောက်သွားလေ၏။

ခဏကြာတော့ ထိုအရိပ်သဏ္ဍာန်သည် အိမ်အောက်သို့ရောက်လာသည်။ ထို့နောက် သူရိန်ဆီသို့ သုတ်သုန်ကလေး ပြေးသွားကာ နှစ်ယောက်သားဖက်လိုက်ကြလေ၏။

"ကိုသူရိန် ရောက်နေတာ စောနန်းသိတယ်။ ဒါပေမဲ့ ဖွားဖွားဘုရာ မအိပ်စက်သေးလို့ အခြေအနေစောင့်ကြည့်နေတာ"

"သိတယ်··စောနန်း၊ ခြံစောင့် ဦးအဂ္ဂကို တာဝန်ကျေပေးရင် သူကလည်း ပြန်ပြီးတာဝန်ကျေပေးတတ်လို့ ကိုသူရိန် စောနန်းတို့ခြံထဲဝင်လာလို့ရတာ၊ ခုလောက်ဆို ဦးအဂ္ဂကြီး တစ်ယောက် ဝက်သားကင် ရမ်ငါးစ် ပြားနဲ့ အကြိုက်တွေ့နေလောက်ပြီ"

"ကိုသူရိန်ကို သတိပေးရဦးမယ်"

"ဘာကိုလဲဟင်! စောနန်း··"

"ဖွားဖွားဘုရားက စောနန်းကို အိမ်ထောင်ချပေးဖို့ စီစဉ်နေတယ်လေ၊ နောက်ပြီး ကိုသူရိန်နဲ့ စောနန်းတို့ကိစ္စကိုလည်း ဖွားဖွားဘုရားက အကုန်လုံး သိနေတယ်··ကိုသူရိန်"

"ဟင်! သိနေတယ်ဟုတ်လား! စောနန်း"

"ဟုတ်တယ် သိနေတယ်၊ စောနန်းကိုလည်း စောနန်းနဲ့လက်ဆက်ရမယ့်လူ ဒီညလာလိမ့်မယ်တဲ့ အဲဒါ ငါ့မြေးစောနန်းသွားကြိုပြီး ဖွားဖွားဘုရားဆီ ခေါ်လာခဲ့တဲ့လေ"

"ဟင်! ဒါဆိုရင် ကိုသူရိန်တော့ ဒုက္ခရောက်ပြီပေါ့ စောနန်း··ကိုသူရိန်တို့ ဘယ်လိုလုပ်ကြမလဲဟင်!"

"ဘယ်လိုမှ မလုပ်နဲ့··၊ ဖွားဖွားဘုရားရဲ့ အမိန့်အမှာအတိုင်း စောနန်း ဆောင်ရွက်ပေးဖို့ တာဝန်ရှိတယ်လေ။ အဲဒါကြောင့် စောနန်းကိုယ်တိုင် ဆင်းလာကြိုတာပဲ ကိုသူရိန်၊ စောနန်းနဲ့ လိုက်ခဲ့"

ပြောပြောဆိုဆို သူရိန်၏လက်ကိုဆွဲပြီး ခေါ်သည်။ သူရိန်ထိန်လန့်စွာ ရုန်း၍···

"ဟာ··မဖြစ်ဖူး··စောနန်း၊ မဖြစ်ဖူး··ဖွားဖွားဘုရားကို ကိုသူရိန် ကြောက်တယ်။ စောနန်းဆက်ပြီး စောင့်နေရစ်ပါလေ၊ စောနန်းနဲ့လက်ဆက်မည့်သူ ရောက်လာမှာပေါ့။ ကိုသူရိန်ကို သွားခွင့်ပြုနော်··စောနန်း"

"အို···ကိုသူရိန်ကို စောနန်းသွားခွင့်လည်း မပြုနိုင်ဖူး၊ စောနန်းနဲ့အတူ လိုက်ခဲ့ရမယ် နောက်ပြီး စောနန်းနဲ့ လက်ဆက်မဲ့သူက ရောက်တောင်ရောက်နှင့်နေပြီ။ ကဲပါ··လာပါ ကိုသူရိန်ကိုလည်း ဖွားဖွားဘုရားက အလိုရှိနေတာ··ကိုသူရိန်သိတယ် မဟုတ်လား··ခုဆိုဖွားဖွားဘုရားက လျှောက်နိုင်၊ ထနိုင်တာမဟုတ်ဖူးလေ၊ ကဲပါ ခုလောက်ဆို ဖွားဖွားဘုရား မျှော်နေလောက်ပြီ၊ လာပါ လိုက်ခဲ့ပါ နောက်ပြီး ကိုသူရိန်ကို ဖွားဖွားဘုရားက အားလုံးခွင့်လွှတ်လိုက်ပြီ သိလား"

"ဟုတ်ရော ဟုတ်ရဲ့လား စောနန်းရယ်၊ ကိုသူရိန် နားရှိလို့သာ ကြားရတယ်။ သေချာပါတယ်နော် ကိုသူရိန် ဖွားဖွားဘုရားကို မယုံရဲဖူး စောနန်း မယုံရဲဖူး··"

"ယုံလိုက်တော့ ကိုသူရိန် လုံးဝဥဿုံယုံလိုက်တော့၊ အိမ်တော်ထဲ

သူ့ကို ဖျက်ဆီးနေတာက..အရက်။ အဲဒီနေ့က လပြည့်နေ့။ စောနန်းနွယ် မွေးနေ့၊ မွေးရက်၊ မွေးလနဲ့လဲ တိုက်ဆိုင်နေတယ်။ တောင်ကုန်းပေါ်က အိမ်ကလေးပေါ်မှာ ကိုသူရိန်ကိုယ်တိုင် ရေးဆွဲထားတဲ့ စောနန်းနွယ်ရဲ့ပုံတူ ပန်းချီကားတစ်ချပ်ရှိတယ်

www.burmeseclassic.com

www.burmeseclassic.com

ရောက်လို့ ဖွားဖွားဘုရားနဲ့တွေ့လိုက်ပြီးရင် ပိုတောင် ကိုသူရိန် ယုံသွားမယ်သိလား။ ကဲပါ..လာ လိုက်ခဲ့စမ်းပါ”

စောနန်းနွယ် သူရိန်လက်ကို အတင်းဆွဲခေါ်သဖြင့် သူရိန်တစ်ယောက် စောနန်းနွယ်ခေါ်ဆောင်ရာ အိမ်တော်ထဲသို့ လိုက်ပါသွားလေတော့၏။

× × × × ×

သူရိန်နှင့်စောနန်းနွယ်တို့ လက်အုပ်ချီလျက် ဖွားဖွားဘုရား၏ရှေ့မှောက်သို့ ရောက်နေကြသည်။ ဖွားဖွားဘုရားက မှီအုံးလေးမှီလျက် ခုတင်ပေါ်မှာပင် ပက်လက်အနေအထားနှင့်ရှိနေ၏။

“သူရိန်အမောင်ဟာ ငါတို့အနွယ်ဝင်တစ်ယောက်ဆိုလည်း မမှားပါဖူးလေ၊ နင့်ဖခင်..ငါ့သမက်မောင်သက္ကဟာလဲ ဖွားဖွားချစ်ရတဲ့သားရင်းတစ်ယောက်လိုပါပဲ။ သူရိန်အမောင်ဟာ မောင်သက္ကနဲ့ပါလာတဲ့ မောင်သက္ကသားရဲ့ဆိုပေမယ့် အမောင်ကိုလဲ ဖွားဖွားဘုရားက မြေးအရင်းတစ်ယောက်လို ချစ်မြတ်နိုးပါတယ်။ ဒါပေမဲ့ အမောင့်ကို ဖွားဖွားဘုရား မကြိုက်တာ တစ်ခုရှိတယ်၊ အဲဒီ ဖွားဖွားဘုရားမကြိုက်တာလေးကို အမောင်အနေနဲ့ ရှောင်နိုင်မယ်ဆိုရင်တော့ ဖွားဖွားဘုရားအနေနဲ့ အမောင်နဲ့ ဖွားဖွားဘုရားရဲ့မြေးလေး စောနန်းနွယ်တို့ လက်ဆက်ရေးကိစ္စကို အမြန်ဆုံးစီစဉ်ဆောင်ရွက်ပေးမယ်။ အမောင်နဲ့စောနန်းနွယ်တို့ ချိန်းချိန်းတွေ့နေတာကိုလည်း ဖွားဖွားဘုရားသိတယ်။ အဲဒါကိုလည်း မလိုလားဖူး။ ခု ဖွားဖွားဘုရားတောင်းဆိုတာကို အမောင်လိုက်နာဆောင်ရွက်ပေးနိုင်မလား ပြော..ပြောစမ်း”

“ဖွားဖွားဘုရား..အမိန့်ရှိပါ ကျွန်တော်မျိုးက ဘာအကြောင်း၊ ဘာကိစ္စများကို ဆောင်ရွက်ပေးရမှာလဲ..ဖွားဖွားဘုရား”

“အရက်..အရက်ပဲ ဒီမကောင်းတဲ့၊ ဘုရားမကြိုက်တဲ့ သေရည်အရက်ကို ဒီနေ့ဒီအချိန်ကစပြီး တစ်သက်လုံးရာသက်ပန် မသောက်တော့ပါဘူးဆိုပြီး ရှောင်လိုက်မယ်ဆိုရင် ဖွားဖွားဘုရားဘက်ကလည်း ကတိအတိုင်း အမြန်ဆုံး အမောင်နဲ့ စောနန်းနွယ်ကို ထိမ်းမြန်းလက်ထပ်ပေးတော်မူမယ်..”

သူရိန်..ငိုင်၍ စဉ်းစားသွားသည်။ စောနန်းနွယ်ဘက်သို့ လှည့်ကြည့်လိုက်သောအခါ စောနန်းနွယ်က နှုတ်ဆိတ်၍ နေသည်။ သူရိန်ဘာပြန်ဖြေမည်ကို ငံ့လင့် စောင့်ဆိုင်းနေသကဲ့သို့ ရှိ၏။

အတန်ကြာမှ..သူရိန်အဖြေပေးသည်။

“ဟုတ်ကဲ့..ကျွန်တော်မျိုး ဒီနေ့ဒီအချိန်ကစပြီး အရက်ဖြတ်ပါတယ်... ဖွားဖွားဘုရာ”

ဟု အဖြေပေးလိုက်သောအခါ စောနန်းနွယ်မှာ အလွန်ကျေနပ်ဝမ်းသာသွားပုံရလေ၏။ ဖွားဖွားဘုရား၏ မျက်နှာသည်လည်း သူရိန့်စကားကြောင့် ဝမ်းသာပီတိဖြစ်ရ၏။

× × × × ×

သူရိန်နှင့်စောနန်းနွယ်တို့ ..လက်ထပ်ထိမ်းမြားပြီး တစ်လကျော်ခန့်ကြာခဲ့ပြီးနောက်၌ သူရိန်တစ်ယောက် ကတိပျက်စပြုလာလေတော့၏။ ဖွားဖွားဘုရားရှေ့မှာ အရက်ကို ရာသက်ပန်တစ်သက်လုံးဖြတ်လိုက်ပြီ ဟူသော သူရိန်၏ ကတိစကားသည် ဖောက်ပြန်သော သဘော၊ လိမ်ညာသော ဘဘောသို့ သက်ရောက်နေသောကြောင့် စောနန်းနွယ်ကိုယ်တိုင် သတိပေးခဲ့သည်။

“ကိုသူရိန်..အရက် ခိုးခိုးသောက်နေတာကြာပြီ။ စောနန်းနွယ် သိတယ်။ ဒါပေမဲ့ ကိုသူရိန့်ကို ချ လို့ မပြောမဆိုနေခဲ့တာ..၊အခုဖွားဖွားဘုရားဆီ၊ ခြံစောင့်ကြီး ဦးအဂ္ဂ တိုင်လိုက်တာ..”

“ဟာ..ဒုက္ခပါပဲ..ဖွားဖွားဘုရား သိသွားပြီဆိုရင် ဒီကိစ္စမလွယ်ဖူး စောနန်း..ဖွားဖွားဘုရားအကြောင်းကို ကိုသူရိန်သိကယ်။ အချစ်ကြီးတဲ့ သလို အမျက်လဲကြီးတတ်တယ် စောနန်း..ကိုသူရိန်..ဘာလုပ်ရမလဲ ဟင်”

“သူရိန်..မျက်နှာ၌ သွေး တော့သလို..ကြောက်ရွံ့ထိတ်လန့် ကြောင်း သိသာလှသည်၊ စင် စောနန်းနွယ်၏ ဖခမည်းတော် ဦး

www.burmeseclassic.com

www.burmeseclassic.com

သည်ပင် ထိုအရက်ကြောင့်ပင် မူးပြီး လေ့ကားပေါ်က ပြုတ်ကျ..သေခဲ့၏။ ထို..အစွဲကြောင့်ပင် ဖွားဖွားဘုရားမှာ သားဆုံးပါးခဲ့ရ၍လည်း ထို အရက်ကို လွန်စွာမုန်းတီးနေကြောင်းကိုလည်း သူရိန်သိသည်။ ယခု မိမိအရက်ခိုးသောက်နေမှန်း ခြံစောင့်ဦးအဂ္ဂနှင့်ပတ်ဝန်းကျင်အေး ပြောစကားများကြောင့် ဖွားဖွားဘုရား သိသွားခဲ့ပြီ ဖြစ်သဖြင့် မိမိကို အပြစ်ပေးတော့မည်ဟု သူရိန့်စိတ်မှာ ထင်ကာ စိုးရိမ်ထိတ်လန့်နေခြင်းဖြစ်လေသည်။

"ဒီမယ်ကိုသူရိန့် ဖွားဖွားဘုရားကတော့ ပြောပါတယ်..ပထမတစ်ခါကိုသူရိန့် အရက်ခိုးသောက်တုန်းကလိုပဲ ဒုတိယအကြိမ်လဲ ခွင့်လွှတ်မယ်တဲ့။ အဲ တတိယအကြိမ်အရက်ကိုဆပ်မံမသောက်မိအောင် ဖွားဖွားဘုရားက ကိုသူရိန့်ကို သစ္စာဆိုခိုင်းမယ်တဲ့။ ကိုသူရိန့် သစ္စာဆိုဖို့ ဖွားဖွားဘုရားဆီသွားလိုက်ပါ။ ဖွားဖွားဘုရားကလည်း ကိုသူရိန့်ကို သူ့ဆီကိုလွှတ်လိုက်ပါလို့ စောနန်းကို မှာထားတယ်.."

"တော်ပါသေးရဲ့ စောနန်း၊ သစ္စာဆိုယုံလောက်နဲ့ ပြီးသွားလို့။ နင့်မှိုင် အရင်တစ်ခါကလို အိမ်ကနှင်ထုတ်လိုက်ရင် အခက်"

ဟု သူရိန်တွေးပြီး သက်သာသွားသလို သက်ပြင်းပူကြီးတစ်လုံးကို 'ဖူး'ကနဲ မှုတ်ထုတ်ဖြစ်သွား၏။

'တစ်ခုတော့ရှိတယ် ကိုသူရိန့် ဖွားဖွားဘုရားဆီက သစ္စာဆို၊ သန္နာခံပြီးရင်တော့ အရက်ကို လုံးဝသောက်လို့ မရတော့ဖူးနော်။ ဖွားဖွားဘုရားရဲ့ သစ္စာက အရမ်းစူးတာ ကိုသူရိန့် သစ္စာဆိုပြီး သောက်မိရင် ဖဘုရားလို လှေခါးပေါ်က ပြုတ်ကျသေမှာနော်..ဒါမှမဟုတ်ရင်လဲ သွေးအန်ပြီးသေမှာနော်။ အဲဒါ စဉ်းစားပါ ကိုသူရိန့်.."

"စောနန်း ကိုယ့်ကိုအကြံပေးပါဦး..စောနန်းရယ်။ ကိုသူရိန့် ဘာလုပ်ရမလဲဟင်..သစ္စာလဲ မဆိုရဲဘူး"

"ဒါဆိုရင် ကိုသူရိန့်က အရက်လဲမဖြတ်နိုင်ဘူးဆိုတဲ့ သဘောလား"

"အဲဒီလိုလဲ မဟုတ်ဘူး စောနန်းရယ်..ကိုသူရိန့် အရက်..အရက်ကို ဖြတ်နိုင်ပါတယ်။ ဒါပေမဲ့ သစ္စာတော့ မဆိုရဲဘူး..ကြောက်တယ်.."

"အဲဒါ..ဖွားဖွားဘုရား လက်ခံနိုင်မဲ့စကားမဟုတ်ဖူး ကိုသူရိန့်၊ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိရင် ကိုသူရိန့်သစ္စာဆိုရဲ ရမှာပေါ့..၊ မဆိုရဲဖူး ဆိုတာက၊ ကိုသူရိန့်..အရက်ကိုမဖြတ်နိုင်ဖူး..အရက်ခိုးသောက်နေဦးမယ်ဆိုတဲ့ သဘောမျိုးသက်ရောက်တယ်။ ကိုသူရိန့် ဆက်သောက်နေချင်သေးလို့လား..ဟင်"

"မ..မဟုတ်ပါဖူး..ဆက်လဲမသောက်ချင်တော့ပါဖူး..စောနန်းရယ် ကိုသူရိန့်သစ္စာမဆိုရဲလို့ပါ၊ နောက်ပြီး ဖွားဖွားဘုရားရဲ့ သစ္စာကလည်း စူးတတ်လွန်းလို့ ကိုသူရိန့်..ကြောက်နေတာပါ.."

"ဒါဆိုရင် စောနန်းတစ်မျိုးကြံကြည့်ဦးမယ်။ ဒါကလဲ..ကိုသူရိန့်ကို စောနန်းသိပ်ချစ်လို့ ချစ်လို့ကြံမိတာ"

"စောနန်းက ဘာအကြံရှိလို့လဲဟင်"

"စောနန်းမှာ အကြံနှစ်ခုနဲ့ သစ္စာနှစ်ခုရှိတယ်..။ အကြံနှစ်ခုနဲ့ သစ္စာနှစ်ခုက ကိုသူရိန့်အရက်ဘယ်တော့မှ မသောက်ဘူး သစ္စာဆိုမယ်လို့ ဖွားဖွားဘုရားရှေ့မှာ ခံဝန်ကတိပြုရမယ်..။ ဒုတိယက ကိုသူရိန့်အရက်သောက်မိလို့ စူးမဲ့သစ္စာကို စောနန်းခံမယ်ဆိုတဲ့ အကြံနှစ်ခုပဲ။ ကိုသူရိန့်..အဲဒါကလဲ စောနန်း ကိုသူရိန့်ကို ချစ်လွန်းလို့..နောက်ဆုံးအနေနဲ့ စောနန်း ကိုသူရိန့်ကို ကူညီလိုက်တာ..။ ကိုသူရိန့်မသောက်ပဲနေနိုင်ရင် ကိုသူရိန့်ရော စောနန်းရော ဘာမှ မဖြစ်ဘူး။ သေတပန်သက်တစ်ဆုံး ကိုသူရိန့်နဲ့စောနန်းတို့ ပေါင်းဖက်သွားနိုင်တယ် ဘယ်လိုလဲ..ကိုသူရိန့် စောနန်းကို တကယ်ချစ်တယ်မို့လား"

"ဘယ်လို..ပြောလိုက်တာလဲ စောနန်းရယ်။ ကိုသူရိန့်စောနန်းကို မျက်စိအောက်က အပျောက်မခံနိုင်လောက်အောင်ကို ချစ်တာပါကွယ်။ ဒါထက်..သစ္စာက အဲဒီလို ပြောင်းလဲပြီး ဆိုလို့ရလို့လား စောနန်းရယ်"

"သစ္စာဟာ..သစ္စာပဲ..ကိုသူရိန့်။ ပြောင်းလဲလဲ..၊ မပြောင်းလဲလဲ..၊ အဲဒီနှစ်ခုလုံးပေါ်..သစ္စာတည်နေရင်

www.burmeseclassic.com

www.burmeseclassic.com

ပြီးတာပဲ‥ မတည်ရင်တော့‥သွားပေါ့‥ သေပေါ့‥ကိုသူရိန်‥စောနန်းအပေါ် တကယ်ချစ်နေရင်‥ကိုသူရိန် အရက်မသောက်တော့ဖူးဆိုတာ စောနန်းယုံတယ် ကိုသူရိန်။ အေး‥သောက်လိုက်ရင်တော့ သစ္စာလွှဲယူထားတဲ့ စောနန်းနွယ်အပေါ်ကို သစ္စာကတော့ စူးမှာပဲ။ အဲဒါကလဲ ကိုသူရိန်‥အပေါ်မှာမူတည်တယ်‥၊ ယုံကြည်မှုအပိုင်းနဲ့လဲ ဆိုင်တယ်။ ကိုသူရိန်ရဲ့ အချစ်ကို စောနန်းနွယ် ယုံတယ် ကိုသူရိန်ကို ယုံလို့လဲ ဒီနေ့ပဲ ဖွားဖွားဘုရားရှေ့မှာ စောနန်းနွယ် သစ္စာဆိုလိုက်တော့မယ်‥ကိုသူရိန်"

"စောနန်းနွယ်‥ရယ်‥"

× × × × ×

အဲဒီလောက်ဆိုရင်‥ကိုမျိုး‥အနေနဲ့‥။ ဒီဇာတ်လမ်းက ဘယ်လိုသိမ်းမယ်လို့ ထင်လဲ။ ကြိုက်သလိုတွေးနိုင်တယ်နော် ကိုမျိုး ဒါပေမဲ့ ဇာတ်သိမ်းပိုင်းကတော့ အရေးကြီးတယ်။

ကိုလွမ်း‥ပြောပြခဲ့သော်‥

"တောင်ကုန်းပေါ်က အိမ်ကလေး" ဇာတ်လမ်းအဖြစ်အပျက်ကလေးကား စိတ်ဝင်စားစရာကောင်းနေပါသည်။ ကျွန်တော့်ကို သူကဘယ်လို‥ဘယ်လို‥ဇာတ်သိမ်းမှာလဲဟု ‥မေးနေသောကြောင့်‥

"ကိုလွမ်း‥ကျွန်တော်ဒီဇာတ်လမ်းဒီဝတ္ထုကို ဆက်ရေးရမယ်‥ဆိုရင်တော့ ကိုသူရိန်တစ်ယောက်‥အရက်ကိုမဖြတ်နိုင်ပဲ အရက်ခိုးသောက်မိလို့ စောနန်းနွယ်ခမျာ သစ္စာစူးပြီး သေသွားရှာတယ်လို့ ဇာတ်ကိုနင့်အောင် ရေးဖြစ်လိမ့်မယ်ထင်တယ်။ ကိုလွမ်း၊ တောင်ကုန်းပေါ်က အိမ်ကလေးရဲ့ဇာတ်ကြောင်း အမှန်ကိုတော့ ကျွန်တော်မသိဘူး"

ဟု ဖြေကြားလိုက်ရာ ကိုလွမ်းက ပြုံးလေသည်။

"ကိုမျိုး တွေးခေါ်နိုင်ပါတယ်။ ဒါကြောင့်လဲ စားရေးဆရာဖြစ်နေတာဖြစ်မယ်။ ကိုမျိုးထင်သလို‥တွေးသလို‥အတိအကျပဲဗျာ။ နောက်ဆုံးကိုသူရိန် အရက်ခိုးသောက်မိလို့ တကယ်ပဲ စောနန်းနွယ်တစ်ယောက် သစ္စာစူးပြီး လေ့ခါးပေါ်က ပြုတ်ကျသေသွားရှာတယ်"

"ဗျာ‥"

ကျွန်တော် ထိတ်လန့်စွာ 'ဗျာ' လိုက်မိလေသည်။

"ဟုတ်တယ်‥ကိုမျိုး‥ကိုသူရိန်ဟာ အင်မတန်တော်တဲ့ ပန်းချီဆရာတစ်ယောက်ပဲ‥။ သူ့ကို ဖျက်ဆီးနေတာက‥အရက်။ အဲဒီနေ့က လပြည့်နေ့၊ စောနန်းနွယ်‥မွေးနေ့၊ မွေးရက်၊ မွေးလနဲ့လဲ တိုက်ဆိုင်နေတယ်။ တောင်ကုန်းပေါ်က အိမ် ကလေးပေါ်မှာ ကိုသူရိန်ကိုယ်တိုင် ရေးဆွဲထားတဲ့ စောနန်းနွယ်ရဲ့ပုံတူ ပန်းချီကားတစ်ချပ်ရှိတယ်"

"အော်‥ဆက်ပြောပါဦး‥ကိုလွမ်း‥"

"ဆက်ပြောရမယ်‥ဆိုရင်တော့‥အဲဒီလပြည့်နေ့လွန်လို့‥နောက်လပြည့်နေ့မှာပဲ‥ကိုသူရိန်‥ရေးဆွဲခဲ့တဲ့စောနန်းနွယ်ရဲ့ ပုံတူပန်းချီကားကို လက်စသတ်ခဲ့တယ်ဗျာ‥ အဲ‥ထူးဆန်းတိုက်ဆိုင်မှုကတော့‥ကိုသူရိန်ဟာ အဲဒီစောနန်းနွယ်ရဲ့ ကိုယ်လုံးပြည့်‥ပန်းချီကားချပ်ရှေ့မှာ‥သေဆုံးနေခဲ့တယ်ဆိုတာကို အရပ်က လူတွေပြောလို့၊ ကျွန်တော်လဲသိခဲ့ရတာပဲ ကိုမျိုး"

"ဟာ‥စိတ်မကောင်းလိုက်တာဗျာ"

အမှန်ပင် ကျွန်တော်စိတ်မကောင်းစွာ‥မျက်ရည်ဝဲမိသည်ထင်၏‥

"ဒီထက် အံ့သြစရာ‥ကောင်းတာက စောနန်းနွယ်ရဲ့ ပုံတူပန်းချီကားထဲက‥စောနန်းနွယ်‥ဟာ‥ကိုသူရိန်ကို ငုံ့ကြည့်ပြီး မျက်ရည်တွေစီးကျနေသတဲ့ဗျာ"

"ဟာ"

သည်တစ်ခါ ကျွန်တော်ရေရွတ်မိသည့် "ဟာ" ဆိုသော အာမေဋိတ်မှာ ကျွန်တော်တစ်ကိုယ်လုံးကို လျှပ်ရမ်းပစ်လိုက်သလို ဆတ်ဆတ်ခါ၍သွားလေတော့သည်။

ဒါရိုက်တာမျိုးဇော်အောင်

www.burmeseclassic.com

www.burmeseclassic.com

အတိတ်မှ ဖြစ်ရပ်မှန်မှုခင်းများ

လှမိုး (ပညာရေး)

ဩစတေးလျနိုင်ငံ၊ မယ်(လ်)ဘုန်းမြို့မှ ၁၉၃၅ ခု၊ ဧပြီလ ၂၅ ရက်နေ့ ထုတ်ဝေသော ခေတ်(The Age) သတင်းစာကြီး တွင် ပါရှိသော ထူးဆန်းအံ့ဖွယ်ကောင်းသည့် မှုခင်းသတင်း တစ်ပုဒ်ကြောင့် ဩစတေးလျနိုင်ငံမှ သတင်းစာဖတ်ပရိသတ် များ တအံ့တသြ ဖြစ်ခဲ့ရသည်။ ထိုစဉ်ကာလက 'ခေတ်' သတင်း စာကြီးမှာ ဩစတြေးလျနိုင်ငံတွင် စောင်ရေအများဆုံး ထုတ်ဝေ ပြီး ဩဇာတိက္ကမကြီးမားသော သတင်းစာကြီးတစ်စောင် ဖြစ် သည်သာမက၊ ကမ္ဘာ့စာနယ်ဇင်းလောကမှ စာပေအကဲဖြတ်သူ များကမူ ထိုသတင်းစာကြီးသည် ကမ္ဘာကျော်သတင်းစာကြီး ဆယ်စောင်တွင် တတိယနေရာ ရရှိထားသော သတင်းစာဖြစ် သည်ဟု ဆိုကြ၏။

ထိုသတင်းစာတွင် အောက်ဖော်ပြပါ သည်းထိတ်ရင်ဖို ဖွယ် ခေါင်းစဉ်ဖြင့် ဝေဝေဆာဆာ ဖော်ပြထားခဲ့သည်။



"ထူးဆန်းသောလက်ပြတ်ကြီး"

မယ်(လ်)ဘုန်း၊ ဧပြီလ ၂၄

ယနေ့ နံနက်စောစောပိုင်းက အလွန်ကြီးကျယ်သည့် ...ကြီးတစ်မှုဟု ယူဆဖွယ်ဖြစ်သော မှုခင်းတစ်မှု ဆစ်ဒနီမြို့ ...ပြတိုက်တွင် ဖြစ်ပွားခဲ့သည်ဟု သတင်းရရှိ၏။ ယင်းပြတိုက် ...မွေးမြူရေးကန်တွင် မွေးမြူထားသော အရှည်တစ်ဆယ့်လေး ...ရှိသော ငါးမန်းကြီးတစ်ကောင်၏ ပါးစပ်တွင်းမှ အစာများ ...ရာတွင် လက်မောင်းရင်းမှ တိတိရိရိ ဖြတ်ထားသည်ဟု ...ရသော အမျိုးသားတစ်ယောက်၏ လက်တစ်ဖက်ကို ...မွေးမြူရေးကန်အမှုထမ်းများက တွေ့ရသည်ဟု ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com

ယင်းပြတိုက်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦး၏ ပြောပြချက်အရ ထိုငါးမန်းမှာ လွန်ခဲ့သော ရက်သတ္တနှစ်ပတ်ခန့်ကပင် ဆစ်ဒနီမြို့မှ ရေလုပ်သားများက ဖမ်းဆီးရမိသဖြင့် ငါးပြတိုက်သို့ ပေးပို့ထားခြင်း ဖြစ်သည်ဟု သိရသည်။

အထက်ဖော်ပြပါ တာဝန်ရှိသူ၏ ပြောပြချက်အရ ထိုငါးမန်းသည် ပြတိုက်သို့ ရောက်လာသည့်နေ့ကစ၍ မည်သည့်အစာအစာကိုမျှ စားသောက်ခြင်းမပြုဘဲနေရာမှ အထက်ဖော်ပြသည့်အတိုင်း လူတစ်ယောက်၏ လက်မောင်းတစ်ဖက်ကို အန်ထုတ်လိုက်ခြင်းဖြစ်သည်ဟု သိရ၏။ ငါးပညာရှင်များကမူ ငါးမန်းများသည် ၎င်းတို့ မျိုထားသည့်အရာများကို ၃၆–နာရီအတွင်း အစာခြေလွယ်ကြသည်။ သို့သော် ပတ်ဝန်းကျင်အနေအထား ပြောင်းလဲသဖြင့် ထိုလူတစ်ယောက်၏ လက်မောင်းကြီးကို အန်ထုတ်ခဲ့ခြင်းဖြစ်နိုင်သည်ဟု ကျွန်တော်များ၏ သတင်းစာမှုခင်းသတင်းထောက်အား ထုတ်ဖော်ပြောပြခဲ့သည်ဟု သိရ၏။

ရဲအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦး၏ ပြောပြချက်အရ အထက်ဖော်ပြပါ လက်တစ်ဖက်တွင် ဆေးမင်ကြောင်များ ထိုးထားသည်ကို တွေ့ရ၏။ ယင်းဆေးမင်ကြောင်ထိုးထားသော အရုပ်မှာ လူနှစ်ဦး လက်ဝှေ့ထိုးသတ်နေပုံ ဖြစ်သည်ဟု သိရ၏။ ထိုလက်မောင်း လက်ကောက်ဝတ်တွင် ကြိုးချည်ထားသည်ကို တွေ့ရသဖြင့် ထိုသူအား လူသတ်သမားများသည် တစ်နေရာရာတွင် သတ်ခဲ့ပြီး ပင်လယ်တွင်းသို့ စွန့်ပစ်ခဲ့ရာမှ ငါးမန်းကြီးက ဝါးမျိုခဲ့ခြင်း ဖြစ်နိုင်သည်ဟု တာဝန်ရှိသူများက ကောက်ချက်ချထားခဲ့သည်ဟု သိရ၏။

ဆစ်ဒနီမြို့ ရဲအဖွဲ့ဝင် စုံထောက်တို့ကမူ ထိုအမှုအခင်းကြီးကို အစွမ်းကုန် ကြိုးစား၍ ဖော်ထုတ်သွားမည်ဟု ကျွန်တော်များ သတင်းစာ၏ မှုခင်းသတင်းထောက်အား ထုတ်ဖော်ပြောခဲ့သည်ဟု သိရ၏။

ပတ်ဝန်းကျင်လေ့လာစုံစမ်းမှုများအရ ဆစ်ဒနီရဲအဖွဲ့မှ ပြောရေးဆိုခွင့်ရတစ်ဦးကမူ "သေသောသူသည် စကားပြောသည်"ဟူသော မှုခင်းသုတေသီတို့၏ အဆို၊ ဒမိန့်အတိုင်း ထိုအမှုမှာ မကြာမီအတွင်း တရားခံများကို ဖမ်းဆီးရနိုင်မည် ဖြစ်ကြောင်းနှင့် လက်ရှိအနေအထားအရ အမှုနှင့် ပတ်သက်သော ခိုင်လုံသော သဲလွန်စများ ရရှိထားပြီဟု ထုတ်ဖော်ပြောဆိုခဲ့သည်ဟု သိရသည်။

နောက်ဆက်တွဲသတင်း –

ယခု သတင်းရေးနေသောအချိန် ရရှိထားသော သတင်းများအရ တိတိရိရိ ခုတ်ဖြတ်ထားသော လက်မောင်းမှာ လွန်ခဲ့သော ရက်သတ္တနှစ်ပတ်ခန့်က ပျောက်ဆုံးနေသော အသက် ၄၀ ခန့်ရှိသော နာမည်ကြီးလက်ဝှေ့သမားဟောင်း ဂျိမ်း(စ်)စမစ်ဆိုသူ ဖြစ်သည်ဟု သိရှိရကြောင်း။ ဂျိမ်း(စ်)စမစ်၏ ဇနီးဖြစ်သူ မစ္စစမစ်နှင့် ပျောက်ဆုံးနေသော လက်ဝှေ့သမားဟောင်း ဂျိမ်း(စ်)စမစ်၏အစ်ကိုဖြစ်သူတို့ကမူ လက်ပြတ်တွင် တွေ့ရသော ဆေးမင်ကြောင်ရုပ်ကို စစ်ဆေးကြည့်ရှု၍ အတည်ပြုပြောကြားခဲ့သည်ဟု သိရ၏။

ထိုသတင်းကိုပင် ပတ်(စ်)မြို့မှ ထုတ်ဝေသော သံတော် ဆင့်သတင်းစာနှင့် မယ်(လ်)ဘုန်းမြို့မှ ထုတ်ဝေသော သူရိ... သတင်းစာများတွင် သတင်းစာဖတ်ပရိသတ် စိတ်ဝင်စားဖွယ် ခေါင်းစဉ်များဖြင့် ဖော်ပြခဲ့သဖြင့် လူအများ စိတ်ဝင်စားဖွယ် သတင်းဖြစ်လာခဲ့သည်။ ရဲနှင့် စုံထောက်တို့၏ ပိုက်စိပ်တိုက် စူးစမ်းလေ့လာချက် သတင်းများအရ ပျောက်ဆုံးနေသော ဂျိမ်း(စ်)စမစ်ဆိုသူ လက်ဝှေ့သမားဟောင်းမှာ မစ္စတာဟုမ်းဆို... ပိုင်ဆိုင်သော ငါးဖမ်းစက်လှေ တည်ဆောက်သော စက်ရုံတွင် အလုပ်သမားတစ်ဦးအဖြစ် အမှုထမ်းနေစဉ် ရုတ်တရက် ... ဆုံးသွားခြင်း ဖြစ်သည်။

သူ ဤကဲ့သို့ ရုတ်တရက်ပျောက်ဆုံးသွားခြင်းမရှိမီက ...သည် မစ္စတာဟုမ်း၏ ငါးဖမ်းစက်လှေ တည်ဆောက်သည့် စက်ရုံမှ အခြားအလုပ်သမားတစ်ဦးဖြစ်သူ ပက်ထရစ်ဘရက်... ဆိုသူထံ သွားရောက်နေထိုင်မည်ဟု ပြောဆိုသွားခဲ့သည်... သတင်းရရှိသဖြင့် ရဲနှင့် စုံထောက်တို့က ပက်ထရစ်ဘရက်... အား ဖမ်းဆီး၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သော်လည်း ပက်ထရစ်ဘရက်ဒီကမူ ပျောက်ဆုံးနေသော ဂျိမ်း(စ်)စမစ်သည် သူ့အိမ်သို့ လာရောက်ခြင်းမရှိခဲ့ဟု ရဲနှင့်စုံထောက်တို့ထံ... ထွက်ဆိုခဲ့သည်။

ရဲနှင့် စုံထောက်တို့အဖို့ ပျောက်ဆုံးနေသော ဂျိမ်း... စမစ်အမှုအတွက် ခိုင်မာတိကျသော သက်သေခံအထော... အထားမရ ဖြစ်ခဲ့ရကား ဂျိမ်း(စ်)စမစ် ပျောက်ဆုံးမှုနှင့် တွေ့... ထားရသည့် လက်ပြတ်ကြီးအမှုအား သက်ဆိုင်ရာသို့ ဤအ... ကို ခိုင်မာစွာတည်ဆောက်၍ တရားစွဲဆိုနိုင်ခြင်းမရှိ ဖြစ်ခဲ့...

ဆစ်ဒနီမြို့တော် ဆိပ်ကမ်းရဲအဖွဲ့ကမူ ပျောက်ဆုံး... သူ ဂျိမ်း(စ်)စမစ်နှင့် ပက်ထရစ်ဘရက်ဒီတို့သည် မကြာ... မှုခင်းအသေးအဖွဲ့များ ကျူးလွန်လေ့ရှိသူများ ဖြစ်သည်သာမ... အခြားအမှုကြီးများတွင် ပါဝင်နိုင်သူများ ဖြစ်နိုင်သည်ဟု ယူ... သဖြင့် သူတို့နှစ်ယောက်အား စောင့်ကြည့်ခဲ့ကြသည်ဟု သိ... သည်။ ငါးဖမ်းစက်လှေ တည်ဆောက်သည့်စက်ရုံပိုင်ရှင် မစ္စ... ဟုမ်းမှာ ယင်းငါးဖမ်းစက်လှေ တည်ဆောက်ရေးစက်ရုံကို ...

www.burmeseclassic.com

www.burmeseclassic.com

၌ မှောင်ခိုမူးယစ်ဆေးရောင်းဝယ်သည့်လုပ်ငန်း ပြုလုပ်နေသည်ဟု သတင်းများထွက်ပေါ်လာခဲ့သည်။

ဆိပ်ကမ်းရဲအဖွဲ့သည် ယခင်က အသေးအဖွဲ အမှုအခင်းများ ကျူးလွန်ခဲ့သူ ဂျိမ်း(စ်)စမစ်နှင့် ပက်ထရစ်ဘရက်ဒီတို့၏ ကိုယ်ရေးရာဇဝင်များအား မှတ်တမ်းတင်ထားပြီး လက်ဗွေရာများကိုလည်း ယူထားသည်ဟု သိရ၏။ ပတ်ဝန်းကျင်လေ့လာရေးသတင်းများအရ ပျောက်ဆုံးနေသူ ဂျိမ်း(စ်)စမစ်နှင့် ပက်ထရစ်ဘရက်ဒီတို့သည် မစ္စတာဟုမ်း၏ စက်ရုံတွင် အမှုထမ်းနေစဉ် မကြာခဏ ခိုက်ရန်ဖြစ်ပွားလေ့ရှိသည်ဟု သိရ၏။ ရဲနှင့် စုံထောက်တို့ တွေ့ရှိထားသော လက်ပြတ်ကြီး၏ လက်ဗွေရာများကို စနစ်တကျ စုံစမ်းစစ်ဆေးခဲ့ကြသည်။ ဆစ်ဒနီဆိပ်ကမ်းရဲအဖွဲ့တွင်ရှိသော လက်ဗွေမှတ်တမ်းအရ လက်ပြတ်ကြီးတွင်တွေ့ရသော လက်ဗွေရာမှာ ပျောက်ဆုံးနေသော မစ္စတာဂျိမ်း(စ်)စမစ်၏ လက်ဗွေဖြစ်သည်ဟု လက်ဗွေပါရဂူများက နိုင်မာစွာ သက်သေပြနိုင်ခဲ့ကြ၏။

ဂျိမ်း(စ်)စမစ်၏ ပျောက်ဆုံးနေသော ခန္ဓာကိုယ်အစိတ်အပိုင်းများအား ရှာဖွေရန် ကျွမ်းကျင်သော ရေငုပ်သမားများနှင့် ဆစ်ဒနီဆိပ်ကမ်းတစ်လျှောက် ရှာဖွေခဲ့ကြသော်လည်း တစ်စုံတစ်ရာ မတွေ့ခဲ့ကြ။ ဆစ်ဒနီရဲအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ယောက်ကမူ လူသတ်သမားများသည် ဂျိမ်း(စ်)စမစ်အား တစ်နေရာသို့ သွေးဆောင်ခေါ်ယူသွားပြီး သတ်ဖြတ်၍ အလောင်းအား လေးလံသော ပစ္စည်းတစ်ခုနှင့် ပူးတွဲချည်နှောင်၍ ငါးမန်းများ ကျက်စားလေ့ရှိသည့် ဆစ်ဒနီပင်လယ်ကွေ့တွင် ပစ်ချခဲ့ရာမှ ငါးမန်းများက ဂျိမ်း(စ်)စမစ်၏ ခန္ဓာကိုယ်အား စားခဲ့ရာတွင် လက်မောင်းတစ်ဖက် ကျန်ရစ်ခြင်းသာ ဖြစ်နိုင်ရာသည်ဟု ကောက်ချက်ချ ပြောဆိုခဲ့သည်။ သို့သော် ယင်းသဘောတရားမှာ ဥပဒေသားများဘက်မှ တင်ပြမှုသာဖြစ်၏။ ဤအချက်ကို အထောက်အထားခိုင်ခိုင်မာမာ တင်ပြရန် လိုအပ်နေသည်။ လူသတ်သမားဟု စွပ်စွဲခံရသူကလည်း သူ ဂျိမ်း(စ်)စမစ်ကို သတ်ရဟု ငြင်းဆိုလျက်ရှိ၏။

ဤသို့ အငြင်းပွားဖွယ် မှုခင်းကြီးဖြစ်နေစဉ် တိုက်တိုက်ဆိုင်ဆိုင်ဟု ဆိုရပေတော့မည်။ အင်္ဂလန်နိုင်ငံ၊ အီဒင်ဘာရာဆေးတက္ကသိုလ်မှ မှုခင်းဆေးပညာပါရဂူနှင့် အင်္ဂလန်နိုင်ငံ၊ ကော့တလန်ယာဒ်စုံထောက်အဖွဲ့က အထူးအကြံပေးဖြစ်သူ နယူးဇီလန်နိုင်ငံသား ကမ္ဘာကျော်မှုခင်းဆေးပညာရှင် ဆာဆစ်ဒနီစမစ်သည် အားလပ်ခွင့်ယူ၍ သူ့ဇာတိ နယူးဇီလန်နိုင်ငံသို့ ရောက်ရှိနေ၏။

ဆာဆစ်ဒနီစမစ်မှာ နယ်နယ်ရရပုဂ္ဂိုလ်ကြီးတစ်ယောက် မဟုတ်ပါ။ ဩစတြေးလျနိုင်ငံ၊ နယူးဇီလန်နိုင်ငံနှင့် အီဂျစ်နိုင်ငံ ဆေးတက္ကသိုလ်ကျောင်းတိုက်ကြီးများတွင် မှုခင်းဆေးပညာပါမောက္ခအဖြစ် အမှုထမ်းခဲ့သူဖြစ်၏။ သူ့ရေးသားပြုစုသည့် မှုခင်းဆေးပညာကျမ်းမှာ ကမ္ဘာ့နိုင်ငံအသီးသီးရှိ ဆေးတက္ကသိုလ်ကျောင်းတိုက်ကြီးများတွင် ပြဋ္ဌာန်းစာအုပ်ဖြစ်ခဲ့ပြီး အာရပ်ဘာသာဖြင့်ပင် ပြန်ဆိုထုတ်ဝေခဲ့သည်ဟု သိရ၏။ သူစုံစမ်းစစ်ဆေးသည့် လူသတ်မှုကျူးလွန်သမျှတွင် လူသတ်သမားများအားလုံးအား ကြိုးစင်သို့ ပို့နိုင်ခဲ့သည်ဟု သိရ၏။ [ဤပြစ်မှုမဂ္ဂဇင်းကြီးတွင် ဆာဆစ်ဒနီစမစ် စုံစမ်းစစ်ဆေးခဲ့သော အမှုအခင်းအချို့အား ရေးသားဖော်ပြပြီး ဖြစ်ပါသည်။]

ဩစတြေးလျတိုက်မှ တာဝန်ရှိသူများနှင့် သတင်းမီဒီယာများ၊ ရဲနှင့်စုံထောက်တို့သည် ဆာဆစ်ဒနီစမစ်အား ဤအမှုအခင်းကြီးအား ကြံ့တုန်ကြံ့ခိုက် ရှင်းလင်းပေးရန် တောင်းပန်ခဲ့ကြသဖြင့် ဆာဆစ်ဒနီစမစ်သည် ဂျိမ်း(စ်)စမစ်၏ ပြတ်နေသော လက်အား စနစ်တကျ စစ်ဆေးသောအခါ ထိုလက်ပြတ်ကြီး၏ လက်မောင်းရင်းရှိ အကြောများကို ဓားဖြင့်လှီးဖြတ်ထားသည်ကို တွေ့ရကြောင်း၊ လူသတ်သမားများသည် ဂျိမ်း(စ်)စမစ် သေဆုံးပြီး နာရီအနည်းငယ်အကြာတွင်မှသာ လက်မောင်းကို ဖြတ်ခြင်းဖြစ်ကြောင်း။

လူသတ်သမားများသည် ဂျိမ်း(စ်)စမစ်အား တစ်နေရာတွင် သတ်ခဲ့ကြပြီး အလောင်းအား သံပြုံသေတ္တာဖြင့်ထည့်၍ ပင်လယ်အတွင်းပစ်ချရန် စီမံခဲ့ကြကြောင်း၊ သံပြုံသေတ္တာမှာ ထွားကျိုင်းသော ဂျိမ်း(စ်)စမစ်ခန္ဓာကိုယ်အား သံပြုံသေတ္တာအတွင်းထည့်သွင်းရန် အခက်အခဲရှိသဖြင့် လက်မောင်းကို လှီးဖြတ်၍ ပင်လယ်တွင်း စွန့်ပစ်ဟန်ရှိနိုင်သည်ဟု ကောက်ချက်ချခဲ့သည်။

မျက်မြင်သက်သေတစ်ဦးကလည်း ဆာဆစ်ဒနီစမစ် ကောက်ချက်ချသည့်အတိုင်း ထွက်ဆိုခဲ့သည်။ ရဲတို့သည် လူသတ်သမားများအား ရာဇဝတ်ခုံရုံးတွင် တရားစွဲဆို တင်ပို့ခဲ့သည်။ တရားရုံးတော်ကြီးက လူသတ်သမားများအား ထောင်ဒဏ်ချမှတ်ခဲ့သည်ဟု ဆိုကြပါကြောင်း

လှမိုး(ပညာရေး)

<u>ကျမ်းကိုး</u>

(1) **Mostly Murder By Sir Sidney Smith**

(2) **Autopsy**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အတိတ်အကြောင်း

ဟောင်းသည်မရှိ (၃)

မင်းဟိန်းထိဝ်

မင်းဘူး–အမ်း လမ်းပိုင်း ကားဝါကြီးသည် ရိုးမလမ်းအတိုင်း အမ်းမြို့ဘက်သို့ ဦးတည်ပြီး ရွေ့လျောနေ၏။ နှင်းကြီးသော မှုန်မှိုင်းဒေသဖြစ်၍ ယခုလို မနက်ပိုင်းတွင် နှင်းများအုပ်ဆိုင်းနေသောကြောင့် ကားရှေ့ကို ငါးလံခြောက်လံမြင်နိုင်ရန်ပင် ခဲယဉ်းသည်။ ထို့ကြောင့် ကားကို ခပ်နှေးနှေးသာ မောင်းနှင်နေရသည်။ နှင်းပါးသော နေရာတွင်မူ အဝေးသို့တိုင်အောင် မြင်နိုင်ပြန်သည်။

ကားလမ်းသည် ရိုးမထိပ် တောင်ကြောတန်းအတိုင်း အလျားလိုက် ဖောက်ထားသောကြောင့် အဝေးကကြည့်လျှင် နှင်းပါးသောနေရာ၌ ကားကြီးကို အဝေးက မြင်ရဆဲတွင် ကားကြီးသည် မြေသားလမ်းတွင် မောင်းနှင်သွားနေသည်ဟု ထင်ရဘဲ မိုးသားတိမ်လိပ်တို့အကြားတွင် မောင်းနှင်သွားနေသော မိုးပျံကားကြီးတစ်စီးဟူ၍သာ ထင်ဖွယ်ရှိလေသည်။

မနက် ၉ နာရီခန့်တွင် နှင်းကွဲစပြုသည်။ ထိုအခါ လက်ကျန်နှင်းအချို့တို့သည် အနိမ့်အမြင့်မညီသော အရစ်ရစ်အခွေခွေရှိနေကြသည့် တောင်တန်းတောင်စဉ်တို့အကြားတွင် ဝပ်လျက် တစ်မျိုးတစ်ဖုံ လှပ၍နေပြန်သည်။ နှင်းတို့သည် ဖြူ၍ သစ်တောတောင်တန်းကြီးတို့သည် စိမ်းနေသောကြောင့် ပင်လယ်ကျွန်းစုကျွန်းတန်းများနှင့်လည်း တူ၍နေပြန်သည်။

ဆေးပန်းချီတို့ ရေး၍မမီနိုင်သော အရာသည် သဘာဝတရားစုများသာ ဖြစ်ချေ၏။ ဤရိုးမတောင်တန်းကြီးများကိုလည်း တစ်စုံတစ်ယောက်သော နတ်ဒေဝါတို့က ဖန်ဆင်းထားခြင်း ကင်းသောကြောင့် သဘာဝတရားစစ်စစ်ကြီးသာ ဖြစ်ပေသည်။ အဘယ်မှာလျှင် ဆေးပန်းချီတို့ ရေးမီရန် ရှိနိုင်တော့အံ့နည်း။

မောင်မအေးချမ်း လက်ပတ်နာရီကို ကြည့်သည်။ ၉ နာရီခွဲ ကျော်နေပြီ။ မောင်အေးချမ်းက အသစ်စက်စက် စီကိုဖိုက်နာရီလေးကို သဘောကျနေမိသည်။ အိုတိုနာရီများ ရှိသွားပြီးနောက် ဤနာရီလေးများ နေရာယူလာခဲ့သည်။ ပေါ်ဦးပေါ်စဖြစ်၍ ၇၀၀ ထိပေးရသည်။ တော်ရုံလခစားများ မပတ်နိုင်ကြသေးသည့် အချိန်ဟု ဆိုနိုင်သည်။

မောင်အေးချမ်းသည် နာရီလေးမှ အကြည့်လွှဲပြီး အဝေးကို မျှော်ကြည့်ပြန်သည်။ ရခိုင်ရိုးမကြီး၏ တောင်ချိုင့်တစ်နေရာတွင် ဝပ်စင်းလျက်ရှိသော အမ်းမြို့လေးကို လှမ်းမြင်နေရပြီ။ အမ်းသည် နယ်ကျယ်သော်လည်း မြို့အင်မတန်ကျဉ်းပြီး သေးငယ်သည်။ မြို့ပေါ်လေးရပ်ကွက်မျှသာ ရှိသည်။

ရိုးရိုးမကြီးမှ ဖြာထွက်လာသော တောင်လက်မောင်းနှစ်သွယ်တို့၏အကြားတွင် တည်ရှိသောကြောင့် ရခိုင်ရိုးမကြီးကို ဦးတိုက်နေဘိသို့လည်း ရှိသည်။ တောင်စဉ်တောင်တန်းကြီးတို့၏ အလယ်အကြားတွင် တည်သောကြောင့် သဘာဝအလှတို့ဖြင့် ဖန်တီးထားသည့် ပန်းမြို့လေးတစ်မြို့ဟူ၍ပင် တင်စားနိုင်လေသည်။

မောင်အေးချမ်းကား မင်းဘူး–အမ်းလမ်းကြီး၏ ရိုးမစခန်းများတွင် လမ်းလုပ်ငန်းများကို ဖန်တီးလုပ်ကိုင်နေကြ

www.burmeseclassic.com

www.burmeseclassic.com

သည့် တိုင်းပြု ညီပြုအလုပ်သမားများစွာတို့၏ ဦးစီးဦးရွက် အလုပ်သမားခေါင်းဆောင်လေးတစ်ယောက် ဖြစ်သည်။ ထို့ကြောင့် အလုပ်သမားများ၏ သာရေး၊ နာရေး၊ စားမှုသောက်မှု စသည်တို့ကို မပြတ်မလပ် ဖန်တီးပေးနေရ၍ အမ်းမြို့သို့လည်း တစ်ပတ်လျှင် နှစ်ကြိမ်မှ သုံးကြိမ်အထိ ဆင်းပြီး ဈေးဝယ်နေရသည်။

ငင်းနည်းတူ မင်းဘူးမြို့သို့လည်း ငွေထုတ်ခြင်း၊ ဈေးဝယ်ခြင်း ကိစ္စတို့ကို ပြုပေးနေရသည်။ အမ်းမြို့ဘက်တွင် ငါးပိ၊ ငါးခြောက် စသည်များနှင့် မင်းဘူးဘက်တွင် ကြက်သွန်၊ ငရုတ်၊ အထည်အဝတ် စသည်များကိုလည်း လိုလျှင်လိုသလို ဝယ်ခြမ်းပေးနေရသည်။ ယနေ့သည်ကား ငါး၊ ငါးပိ စသည်များအလိုရှိ၍ အမ်းမြို့သို့ ဆင်းလာခဲ့သည်။

"ဆရာလေး ... ကားကိုဘယ်မှာ ရပ်ပေးရမှာလဲ"ဟု ကားသမားက မေးလိုက်မှ မောင်အေးချမ်း အတွေးပြတ်သွားသည်။

"မြို့မပွဲရုံရှေ့မှာပဲ ရပ်လိုက်ပါ"

ကားသမားသည် ရှေ့သို့အနည်းငယ်မျှ ဆက်မောင်းပြီး မြို့မပွဲရုံရှေ့တွင် ရပ်နားလိုက်လေသည်။ မောင်အေးချမ်း ကားပေါ်မှဆင်းပြီး အနွေးထည်အင်္ကျီအိတ်ထဲမှ လက်ကိုင်ပဝါဖြင့် မျက်နှာကို တို့သုတ်နေစဉ်မှာပင် ပွဲရုံပိုင်ရှင်ဖြစ်သော အပျိုကြီး မခင်တင့်သည် ပြေးထွက်လာ၏။ ထို့နောက် မောင်အေးချမ်းအား ခေါင်းဆုံးခြေဆုံး ကြည့်လိုက်ပြီး –

"ဟယ် ... ငါ့မောင်လေးမှာ နာရီအသစ်ကလေးနဲ့ပါလား"ဟု ဆိုကာ လက်ပတ်နာရီလေးကို စိုက်ကြည့်နေသည်။ ထို့နောက် မောင်အေးချမ်း၏ လက်ကို ဖွဖွလေးကိုင်ပြီး မ,ကြည့်၏။

"ဒါ အရင်နာရီမဟုတ်ဘူးနော်"

"မဟုတ်ပါဘူး။ မနေ့က မင်းဘူးဆင်းရင်း ဝယ်ခဲ့တာ"

"အလျှင်နာရီကော"

"အလျှင်နာရီ သူငယ်ချင်းတစ်ယောက်က လိုချင်တယ်ဆိုလို့ ပေးလိုက်ပြီ"

"ဟယ် ... သုံးရာတန် အိုတိုနာရီကြီးတောင် ပေးလိုက်ရသလား။ ဒီနာရီကော ဘယ်လောက်ပေးခဲ့ရသလဲ"

"၇၀၀ ပါ"

"ဟယ် ... ၇၀၀ ကြီးတောင် ပေးခဲ့ရသလား။ သူဌေးပဲ။ ဘာလဲ ... မင်းဘူးမှာ ရည်းစားလှလှလေးများ ရှိနေပြီလား။ ရည်းစားဆီက လက်ဆောင်ပေးတာများလား"

"မဟုတ်ပါဘူး။ မရှိပါဘူး။ ကိုယ့်ဟာနဲ့ကိုယ် ဝယ်လာတာပါ"

မခင်တင့်သည် ပတ်ဝန်းကျင်ကို တစ်ချက်မျှ အကဲခတ်ကြည့်လိုက်ပြီး မောင်အေးချမ်း၏ အနားတွင် ကပ်ထိုင်လိုက်သည်။

"ရည်းစားမရှိဆိုလို့ မယုံဘူး။ ဒီလောက်ထိ ဖြူဖြူချောချော၊ ဝကစ်ကစ်လေး။ ချစ်စရာလေး။ ရည်းစားမရှိဘူးဆိုလို့ ဖြစ်ပါ့မလား။ မိန်းမကျမယ့် ရုပ်ကလေးလေ"

"မရှိပါဘူး"

"ရှိရင်လည်း သတ်မှာ။ နှစ်ယောက်လုံးကို"ဟု ပြောပြီး မခင်တင့်သည် မောင်အေးချမ်း၏ ပခုံးနှစ်ဖက်ကို သိုင်းဖက်ထားပြီး စိုက်ကြည့်နေ၏။ မောင်အေးချမ်းက ရှက်စနိုးဖြင့် တစ်ဖက်သို့လှည့်ပြီး ပြုံး၍သာနေသည်။

"အဲဒီအပြုံးလေးက ရင်ထဲကို နင့်နေတာပဲ။ ဘယ်သူမှမချစ်ရဘူးနော်။ အဲဒီလို ချစ်သွားမယ်ဆိုရင် မမကို အရင်သတ်ပြီးမှချစ်"ဟု ပါးချင်းကပ်ပြောရင်းက မောင်အေးချမ်း၏နဖူးကို တစ်ချက်နမ်း၏။

"ဒါဆိုလည်း ဒီနာရီဖိုး ၇၀၀ ကို မမပေးမယ်။ မမရဲ့ ချစ်သင်္ကေတလက်ဆောင်လေ"

"မလိုပါဘူး။ ဝယ်ပြီးနေပြီပဲ"

"ဒါဆိုလည်း ပြီးရော။ နောက် နာရီလိုချင်ရင် မမကို ပြော"

မခင်တင့်နှင့် စကားပြောနေကြ တွင် ကားသမားသည် စက်အဖုံးကိုဖွင့် ဟိုသည်လျှောက်နှိုက်နေ၏။ ထို့နော မိန်းကလေးတစ်ယောက်က လက်ဖ ရည်နှင့်မုန့် လာချသည်။

"ဟဲ့ ... ယုမေ၊ နင် ဘာလုပ် လဲ"

"သမီး ကြက်သွန်တွေရွေးနေ တယ် အန်တီ"

"အဲဒါထားလိုက်ဦး။ ဒီမှာ ... မောင်အေးချမ်းအတွက် ငါးပိ၊ ငါးခြော တွေကို ကားပေါ်တင်ပေးရဦးမယ်"

"ဟုတ်ကဲ့ပါ အန်တီ"

"မောင်လေးက ငါးပိ၊ ငါးခြော ဘယ်လောက်ယူမှာလဲ"

"တစ်ရာစီလောက် ယူသွားမ မမ"

"အေး ... ငါးပိအချိန်တစ်ရာ ငါးခြောက်အချိန်တစ်ရာ ကတ္တားန ပြောင်းထားလိုက်"

"ဟုတ်ကဲ့ပါ အန်တီ"

"အဲဒီမိန်းကလေး ဘယ်က မခင်တင့်။ အခုမှ မြင်ပါလား"

"ပြွန်လောင်းတို့ ပန်းရန်အဖွဲ့နဲ့ လာတာ၊ ဖာ်တီက ပြည်ဘက်ကလို့ တယ်။ အဲဒါ ကလေးမက ငယ် တော့ ဘိလပ်မြေအိတ်တွေ မ,မနိ သဲပုံးတွေ မသယ်နိုင်ဘူ့ဆိုပြီး ငါ့ဆီအ ထားခဲ့ကြတယ်။ သူတို့အဖွဲ့တွေကတော အောက်ဘက်ကို ပြောင်းသွားကြပြီ လည်း အလကားမခိုင်းပါဘူး။ သူနဲ့ ရာလေးတွေ လျှောက်ခိုင်းပြီး တစ် နှစ်ကျပ်ပေးထားပါတယ်။ လာ ... ငါးခြောက်တွေ သွားကြည့်ရအောင်"

မခင်တင့်နှင့် မောင်အေးချမ်း ကတ္တားဘက်သို့ လျှောက်လာကြသည်

www.burmeseclassic.com

www.burmeseclassic.com

ယုမေဆိုသည့် ကောင်မလေးက ငါးပိ၊ ငါးခြောက် အချိန်နှစ်ဆယ်ထုပ်များကို ကတ္တားနားသို့ မနိုင့်တနိုင်ဖြင့် ပြောင်းရွှေ့နေသည်။

သူတို့ပွဲရုံတွင် အလုပ်သမား များများမရှိပေ။ အရေးကြီးသောအခါ ဘေးသူများကို ခေါ်ခိုင်းပြီး အခြားအချိန်များတွင် သူတို့ညီအစ်ကိုမောင်နှမများကသာ ခိုင်းလုပ်ကြသည်။ ယခုအချိန်က ယုမေဆိုသော ကောင်မလေးတစ်ယောက်တည်းသာ တွေ့ရသည်။

ယုမေက အသက်ဆယ့်သုံးနှစ်အရွယ်မျှ ဖွံ့ဖြိုးစဖြစ်သည်။ ဖြူဖြူချောချော ဝဝကစ်ကစ်လေး ဖြစ်သည်။ သွက်လည်း သွက်လက်သည်ကို တွေ့ရသည်။ အချိန်နှစ်ဆယ် ငါးပိ၊ ငါးခြောက်ထုပ်များကို သူတစ်ယောက်တည်း မ,ရွှေ့နေသည်။ ထို့နောက် ငါးပိ၊ ငါးခြောက်ထုပ်များကို ကတ္တားဖြင့် ချိန်ကြသည်။ ကတ္တားချိန်ပြီးနောက်လည်း ယုမေကပင် ကားပေါ်ကို တင်ပေးနေပြန်သည်။

မောင်အေးချမ်း ယုမေကိုကြည့်ပြီး သနားနေမိပြီ။ သည်အရွယ်လေးသည် မိဘ၏ မေတ္တာရိပ်တွင် ပညာသင်ကြားပြီးနေရမည့်အရွယ် ဖြစ်သည်။ ဘဝအကြောင်း၊ လောကအကြောင်း၊ စားဝတ်နေရေးအကြောင်း ဘာမျှသိရန်မလိုဘဲ ပူပန်မှုကင်းမဲ့စွာဖြင့် ရွယ်တူသူငယ်ချင်းများနှင့် ကျောင်းတက်နေရမည့်အရွယ်။ ယခုတော့ အထုပ်ကြီးများကို မနိုင်မနင်း မ,လိုက်၊ ကြွလိုက် ချွေးတလုံးလုံးဖြင့် လုပ်နေရသည်။

မောင်အေးချမ်းက သူ၏အဖြစ်ကို ကြည့်ပြီး ထိုကဲ့သို့ တွေးတောနေမိသော်လည်း ယုမေကား သူ့ဘဝ၊ သူ့အဖြစ်ကို တစ်စုံတစ်ရာ တွေးမိဟန်မရှိဘဲ အထုပ်ကြီးများကို တစ်ထုပ်ပြီးတစ်ထုပ်မ,ပြီး ပြုံးရယ်ဖြင့် ကားပေါ်ကို တင်နေသည်။ မျက်နှာလေးကလည်း ချိုသည်။ ထို့ကြောင့် မောင်အေးချမ်းသည် ယုမေကို သနားပြီး အထုပ်များကို ကူတင်ပေးသည်။ ကားသမားကြီးကလည်း ကူ၍ တင်ပေးသည်။ ထို့ကြောင့် ခဏအတွင်းမှာပင် ငါးပိ၊ ငါးခြောက် ပိဿာနှစ်ရာသည် ကားပေါ်သို့ ရောက်သွားလေ၏။

"ယုမေ ... ပင်ပန်းသွားပြီလား"

ဟု မောင်အေးချမ်းက မေးလိုက်သည်။

"ရပါတယ် ဦးရဲ့။ ဒါက သမီးလုပ်နေကျပါ"

"လာ ..."

မောင်အေးချမ်းက ယုမေ၏ လက်ကလေးကို ဖွဖွလေး ဆွဲခေါ်လိုက်၏။ ယုမေ ခပ်ယိုယိုလေးပါလာပြီး တန်းလျားတွင် ထိုင်သည်။ မောင်အေးချမ်းက စို့နေသော ယုမေ၏ မျက်နှာက ချွေးများကို လက်ကိုင်ပဝါဖြင့် တို့သုတ်ပေးလိုက်သည်။ ယုမေက ကျေနပ်သောအမူအရာဖြင့် လက်ကလေးနှစ်ဖက်ကို စုကိုင်ပြီး ဒူးနှစ်ဖက်တွင်ထည့်ကာ ခြေထောက်ကလေးများကို တဖျတ်ဖျတ်လှုပ်ပြီး ပြုံးနေသည်။

"နာမည်လေးက ယုမေနော်"

"အပြည့်အစုံက ခင်ယုမေပါ။ ဒါပေမယ့် ယုမေလို့ပဲ ခေါ်ကြတယ်"

မောင်အေးချမ်းသည် ယုမေ၏ မျက်နှာလေးကို ငုံ့မိုးကြည့်နေမိသည်။ ဓာတ်ပြည်မြို့နယ်ကဖြစ်ပြီး ဤနေရာတွင် အလုပ်လာလုပ်ကိုင်နေသောကြောင့် ဤမိန်းကလေးမှာ မိဘများမရှိလေသလား။ မိဘမရှိရုံသာမက အုပ်ထိန်းစောင့်ရှောက်မည့် ဆွေမျိုးများပင် မရှိကြလေရော့သလား။

တွေးရင်းက မောင်အေးချမ်းသည် ယုမေကို ပို၍သာ၍ သနားလာမိသည်။ သို့သော်လည်း ယခုမှမြင်၊ ယခုမှ တွေ့ဖူးပြီး သူ၏အကြောင်းကို သိချင်တိုင်း ကောက်မေး၍ သင့်တော်မည်ဟု မထင်ပေ။ ထို့ကြောင့် နောက်မှမေးတော့မည်ဟု တေးမှတ်ထားလိုက်သည်။ ယုမေလေးသည်ကား မောင်အေးချမ်း၏ ပခုံးကို ခပ်ယိုယိုလေးမှီပြီး ပြုံး၍သာနေသည်။

မိဘဆွေမျိုးကင်းသော အရပ်ဒေသတစ်ခုတွင် ဘဝကို ဖြစ်သလိုရပ်တည်နေရသောအခါ ယုယပိုက်ထွေးခြင်းသည်ကင်း၏။ အရေးပေးသူမရှိ။ အရာရာ၌ ဆက်နွယ်မှုရှိသော မေတ္တာတရားသည် ခန်းခြောက်၏။ ထိုအခါ အရေးပေးသူ၊ မေတ္တာပါသော စကားစုများကို ကြားတွေ့ရသောအခါ ထိုထိုသူကလေးတို့၏ စိတ်ဘဝင်ကို များစွာပင် အေးမြစေ၏။ ပျော်ရွှင်မှု၊ နှစ်လိုမှု စသည်ကိုလည်း ဖြစ်စေ၏။

ထို့ကြောင့် ယုမေလေးသည် ယခုမှတွေ့သော မောင်အေးချမ်းကို ခင်မင်ခြင်း၊ ချစ်ခင်ခြင်းတည်းဟူသော အမူအရာတို့ကို ထင်ဟပ်စေလျက် မောင်အေးချမ်း၏ ပခုံးကို မှီ၍ သူ၏လက်ကလေးများကို ပွတ်သပ်ကာ ကြည်ရွှင်သောအမူအရာဖြင့် ကျေနပ်၍နေလေ၏။

ထို့နောက် မောင်အေးချမ်းသည် ဆိုင်သို့ ယုမေအား ခေါ်ပြီး လက်ဖက်ရည်တိုက်၏။ မုန့်ကျွေး၏။ ပွဲရုံသို့ပြန်လာကြပြီးနောက် မခင်တင့်ရှေ့မှာပင် မုန့်ဖိုးငွေနှစ်ဆယ် ပေးလိုက်၏။ မခင်တင့်၏ရှေ့မှာသာ ယုမေအား မုန့်ဖိုးပေးခြင်းမှာ အကြောင်းရှိ၏။

အိမ်ဖော်၊ အိမ်ကူ စသူတို့သည် အိမ်ရှင်၏ ငွေကြေးကိုကိုင်ပြီး အိမ်အတွက် ဝယ်ခြမ်းရသောအခါ တစ်စုံတစ်ရာ ပြဿနာမရှိပေ။ ကိုယ်ပိုင်ကိုယ်ဆိုင်အတွက် မုန့်ဝယ်စားခြင်း၊ အဝတ်အထည်၊ သနပ်ခါး၊ ပေါင်ဒါ စသည်များကို ဝယ်ခြမ်းသည်ကို မြင်တွေ့ရသောအခါ အိမ်ရှင်တို့သည် ငြိုငြင်တတ်၏။ အထင်လွဲတတ်၏။ စစ်မေးခြင်းကိုလည်း ခံရတတ်၏။ ထို့ထက်လည်း ပိုတတ်၏။

www.burmeseclassic.com

www.burmeseclassic.com

ယခု မောင်အေးချမ်းက မခင်တင့်၏ရှေ့တွင် ယုမေအား မုန့်ဖိုးငွေတစ်ဆယ် ပေးလိုက်ရာ၌ အိမ်ရှင်ဖြစ်သူ မခင်တင့်ကိုယ်တိုင် တွေ့ပြီးမြင်ပြီးသားဖြစ်၍ ထိုထိုကိစ္စရပ်မျိုး ပေါ်ပေါက်လာရန် အကြောင်းမရှိတော့ပေ။ ထို့ကြောင့်ပင် မောင်အေးချမ်းက အိမ်ရှင်ဖြစ်သူ မခင်တင့်၏ရှေ့၌ မုန့်ဖိုးငွေတစ်ဆယ်ကို ယုမေအား ပေးလိုက်ခြင်း ဖြစ်၏။

မောင်အေးချမ်း ရိုးမကို ပြန်တက်ရန် နီးသောအခါ ယုမေသည် ပွဲရုံနောက်ဘက်ခန်းတွင် ကြက်သွန်ရွေးနေ၏။ သို့သော်လည်း မောင်အေးချမ်း ပြန်ရန်နီးပြီဟု သိဟန်ရှိသည်။ မခင်တင့်နှင့် ပြောကြဆိုကြသံကိုလည်း ကြားဟန်ရှိ၏။ အိမ်နောက်ဖေးတံခါးမှ မျက်နှာလေးဖော်ပြီး–

"ဦး . . ပြန်တော့မှာလား" ဟု မေးသည်။

"ဟုတ်တယ် ယုမေ။ ဦး တောင်ပေါ်ကို ပြန်တက်တော့မယ်။ ယုမေ ကြက်သွန်ရွေးနေတာလား"

"ဟုတ်ကဲ့"

"ဦး မကြာခင် တောင်ပေါ်က ပြန်လာမှာပါ။ ဒီပွဲရုံမှာ တစ်ပတ် တစ်ရက်၊ နှစ်ရက် ဈေးလာဝယ်နေကျပဲ။ နောက်တစ်ခေါက်ပြန်လာရင် ယုမေအတွက် သစ်ခွပန်းလှလှလေးတွေ ခူးလာခဲ့မယ်လေ"

"ဟုတ် . . ."

ဤကလေးမသည် သူ့စိတ်ကို သူတစ်ပါးတို့အား အပ်နှံ၍ အလုပ်လုပ်ပေးနေရချိန်ဖြစ်သောကြောင့်သာ ယခုကဲ့သို့ အိမ်နောက်ဘက်မှ လှမ်းပြီးစကားပြောနေရခြင်းဖြစ်နိုင်၏။ လွတ်လပ်သော ဘဝတစ်ခုကို ပိုင်ဆိုင်နေသူကလေးသာ ဖြစ်ခဲ့ပါမူ မောင်အေးချမ်းအား ကားပေါ်သို့ ရောက်အောင်ထိပင် လိုက်ပို့ပေးလိမ့်မည်ဟု ထင်မိသည်။

*** *** ***

မောင်အေးချမ်းမှာ လူပေါင်းတစ်သောင်ကျော်ကို ဦးစီးနာယကပြုနေရချိန် ဖြစ်၍ ထိုလူပေါင်းတစ်ထောင်ကျော်၏ စာရေး၊ သောက်ရေး၊ ကျန်းမာရေး စသည်တို့ လိုသလိုဆောင်ရွက်ပေးနေရ၏။ တချို့ စခန်းများက ဆန်လိုနေပြီ။ ဆီလိုနေပြီ။ ကြက်သွန်၊ ဆား၊ ငါးပိ စသည်ဖြင့် စခန်းခွဲများမှ ရေးပို့ထားသော စာများကို စုဖတ်မှတ်သားပြီး အမ်းပွဲ ၇ ဆင်းရန် အလှည့်လို့ရောက်လာပြန်သည်။ ရက်စွဲအားဖြင့် ယခင်အခေါက်နှင့် ကြားလေးရက်သာ ခြားသည်။

ထို့ကြောင့် မောင်အေးချမ်းသည် စခန်းနောက်ဘက်တွင် စင်ဆောက်ပြီး ချိတ်ဆွဲထားသော သစ်ခွပန်းလေးများကို လေးငါးထုပ် ဖက်စိမ်းဖြင့်ပတ်ပြီး ခြင်းကြားတွင်ထည့်ကာ ကားသမားအား ခေါ်ပြီး ကားမောင်းထွက်လာကြသည်။ လမ်းတစ်လျှောက်တွင်ရှိသော ကြားစခန်းများတွင် စားနပ်ရိက္ခာနှင့် ပတ်သက်၍ လိုအပ်ချက်ရှိသည်များကိုလည်း မေးမြန်းရေးမှတ်ယူလာခဲ့သည်။

အမ်းကိုဆင်းတိုင်း ဝယ်နေကျ မြို့မပွဲရုံကိုပင် သွား၏။ မြို့မပွဲရုံတွင် လိုအပ်သော စားနပ်ရိက္ခာများကို အပြည့်အစုံမရနိုင်မှ အခြားပွဲရုံများကို သွားသည်။ မြို့မပွဲရုံမှာ အကြွေးဝယ်၍လည်းကောင်းသည်။ မောင်အေးချမ်းကလည်း လပြတ်ရှင်းပေးထားသည်။ ပွဲရုံပိုင်ရှင်ဖြစ်သော မခင်တင့်ကလည်း သဘောကောင်းသည်။ မောင်အေးချမ်းအပေါ်တွင် သာ၍ကောင်းသည်။

ပွဲရုံရှေ့မှာ ကားကိုရပ်လိုက်သည်နှင့် ယုမေပြေးထွက်လာ၏။ ထို့နောက် ပွဲရုံ၏ မျက်စောင်းထိုးတစ်နေရာသို့ မောင်အေးချမ်း၏ လက်မောင်းကို ဖွဖွလေး ဆွဲခေါ်လာခဲ့သည်။ အဝေရာပန်းချုံလေးအောက်တွင်ရှိသော တန်းလျားတွင် ထိုင်လိုက်ကြသည်။

"ဒီနေ့ အန်တီတင့် မရှိဘူး ဦးလေး ရဲ့။ မင်္ဂလာဆောင်ကို သွားတယ်"

"ဘယ်က မင်္ဂလာဆောင်တုံး"

"အဲဒါတော့ သမီးလည်းမသိဘူး မင်္ဂလာဆောင်ကို သွားမယ်လို့ပဲ ပြော ထားခဲ့တယ်။ ဒီနေ့ ဦးလေးရောက်မယ် ဆိုတာ အန်တီတင့် သိသလား"

"ဘယ်သိမလဲ။ ငါကလည်း ကြို ပြောထားတာ မရှိပါဘူး"

"ဒါဆိုရင် ဟန်ကျတယ်။ သမီး ဦးလေး လက်ဖက်ရည်ဆိုင်သွားရအောင် သမီးက ဦးလေးကို လက်ဖက်ရည်တိုက် မယ်၊ မုန့်တွေလည်း အများကြီးကျွေး မယ်"

"ယုမေမှာ ပိုက်ဆံရှိလို့လား"

"သမီးမှာ စုထားတဲ့ ပိုက်ဆံတွေ တာပေါ့ ဦးလေးရဲ့။ ဒီမှာကြည့်စမ်း"

ပြောကာ အင်္ကျီအိတ်ထဲက ငွေခြောက် ဆယ်ကို ထုတ်ပြသည်။ မခင်တင့် တစ်ရက်နှစ်ကျပ်ပေးသည်ဟုဆို၍ လစာအတွက် ငွေခြောက်ဆယ်ကို ထားဟန်ရှိသည်။

"ယုမေက အဲဒီငွေတွေနဲ့ ဦးဦး လက်ဖက်ရည်တွေ၊ မုန့်တွေ ဝယ်ကျွေး မယ်ပေါ့"

ယုမေက ဆတ်ခနဲ ခေါင်းညိတ် သည်။

"သမီး ဦးလေးကို အမြဲတမ်းသ ရတယ်။ အိပ်မက်လည်း မက်တယ်"

"ဩော် . . . ဟုတ်လား။ ဘယ် သတိရပြီး၊ ဘယ်လိုများ အိပ်မက် သလဲ ပြောပြပါဦး ယုံမေရဲ့"

"မျက်စိထဲမှာ ဦးလေးကို မြ ယောင်ပြီး သတိရနေတယ်။ ပြီးတော့ ဆို ဦးလေးကားကြီးနဲ့ ရောက်လာတ ဆိုပြီး အိပ်မက်မက်တယ်"

ယုမေသည် မောင်အေးချ လက်မောင်းကို ရွရွလေးကိုင်ထား ပြောနေသည်။ တစ်နေ့တည်း တစ်

www.burmeseclassic.com

www.burmeseclassic.com

ည်းသာ တွေ့ခဲ့ဖူးကြသော်လည်း သူ့အားအရေးပေးသော လူတစ်ယောက်အနေဖြင့် ယုမေသည် မောင်အေးချမ်းအား ခင်မင်ပြီး သံယောဇဉ်ဖြစ်နေရလေသည်။ မိဘဆွေမျိုး မေတ္တာကင်းသောကြောင့် သူ့အား အရေးပေးသူ၊ အရေးတယူရှိသူများနှင့် တွေ့ရကြုံရသောအခါ မေတ္တာငတ်သူတို့သည် သာ၍ပင် မေတ္တာဓာတ်ကို ပိုထားတတ်ကြသည်။

ယခုလို မိဘ၏ ရင်ခွင်အောက်တွင် ပူပန်ခြင်းကင်းမဲ့စွာဖြင့် နေရမည့်အချိန်၌ မိဘဆွေမျိုးကင်းသော အရပ်တစ်ပါးတွင် ကျင်လည်နေရသဖြင့် နေရသဖြင့် ဤယုမေလေးသည် မိဘမေတ္တာငတ်သူလေး ဖြစ်နေသည်။ ထို့ကြောင့် သူ့အား ခင်မင်ယုယခဲ့ဖူးသည့် မောင်အေးချမ်း... သံယောဇဉ်ဖြစ်နေလေသည်။

"ရပါတယ် ယုမေရယ်။ ဦးကပဲ ယုမေကို ကျွေးမှာပေါ့။ ယုမေ မကျွေးပါနဲ့။ ယုမေရဲ့ ပိုက်ဆံကို သိမ်းထားပါ။ နောက်အသုံးလိုတော့ သုံးပေါ့၊ ဟုတ်ပြီလား ..."

ယုမေက ဆတ်ခနဲ ခေါင်းညိတ်၏။ သဲ့ယဲ့လေးလည်း ပြုံး၍နေသည်။ ထို့နောက် မောင်အေးချမ်းနှင့် ယုမေ လက်ဖက်ရည်ဆိုင်ဘက်သို့ ထွက်လာကြသည်။ ယုမေက မောင်အေးချမ်း၏ လက်ကို ဖွဖွဖက်ထားရင်းက ပါလာသည်။

သည်နေ့တွင် မခင်တင့်မရှိ၍ ယုမေလည်း အားခွင့်နားခွင့် ရနေသည်။ မောင်အေးချမ်းလည်း မခင်တင့်ရောက်လာမှ လိုအပ်သော ငါး၊ ငါးပိ စသည်များကို ဝယ်ယူရမည်ဖြစ်၍ ယခုအချိန်တွင် ယုမေကဲ့သို့ပင် အားလပ်ခွင့်ရှိနေ၏။

နေအတော်အတန်မြင့်နေပြီဖြစ်၍ လက်ဖက်ရည်ဆိုင်တွင် လူရှင်းနေသည်။ မောင်အေးချမ်းနှင့် ယုမေက ဆိုင်နှင့်လှမ်းသော ရေမြောင်းဘေးတွင်ရှိသည့် ဗာဒံပင်အောက်က စားပွဲဝိုင်းလေးနားတွင် ထိုင်လိုက်ကြသည်။ နွားနို့နှင့် မုန့်သုံးလေးမျိုးကို မှာလိုက်ကြသည်။

"ယုမေ စားကွယ်။ ဦးက မနက်စောစော ထမင်းကြော်နဲ့ လက်ဖက်ရည်သောက်လာလို့ သိပ်ပြီး ဗိုက်မဆာတော့ဘူး"

"သမီးကျွေးမယ်ဆိုတာ ဦးလေးက ကျွေးလိုက်တော့ အားတောင်နာတယ်"

"အားမပါနဲ့။ မုန့်တွေကို အများကြီးစား။ ပြီးမှ နွားနို့ကိုသောက်"

"ယုမေလည်း အားရပါးရ စား၏။ ထို့နောက် နွားနို့ကို အကုန်သောက်ချလိုက်သည်။ ပြီးမှ ရေနွေးသောက်ရင်း မောင်အေးချမ်းသိချင်နေသော ယုမေ၏ အကြောင်းများကို စတင်၍ မေးလေသည်။

"ယုမေဇာတိ ပြည်ကနော်"

"ဟုတ်တယ် ဦးလေးရဲ့။ ယုမေက ပြည်ကပါ"

"ယုမေ ပန်းရန်သမားတွေနဲ့ လိုက်လာပြီး ဘိလပ်မြေအိတ်တွေ၊ သဲပုံးကြီးတွေကို မ,မနိုင်လို့ ပန်းရန်သမားတွေက ယုမေကို မခင်တင့်ဆိုင် အပ်ထားခဲ့တယ်လို့ မခင်တင့်က ပြောပြတယ်။ အဲဒါ ဘယ်ကဘယ်လို ဒီကိုရောက်လာတယ်ဆိုတာ ပြောပြပါလား"

"အင်း ... ဘယ်ကဘယ်လိုပြောရမယ်တောင် မသိဘူး"

ဟု ဆိုကာ ယုမေသည် ပြုံးစစအမူအရာလေးဖြင့် မျက်လုံးလေးကို လည်ပြီး စဉ်းစားနေ၏။

"ယုမေရဲ့ ငယ်ဘဝလေးကပင် ပြောပြပါလား။ ဦးနဲ့ ယုမေလည်း ရင်းနှီးနေကြပြီပဲ။ အကုန်သိရတာပေါ့။ ယုမေကလည်း ဦးအကြောင်းကို မေး။ ဦးကလည်း အကုန်ပြောပြမှာပေါ့"

"ယုမေတို့က ပြည်ကဆိုပေမယ့် ပြည်မြို့မှာ အခြေတကျနေကြတာတော့ မဟုတ်ဘူး ဦးရဲ့။ ပြည်မြို့နားက ရေဝတီမြစ်ဘေး သဲခုံကြီးတွေမှာပဲနေပြီး အမေနဲ့ အဖေက သဲ၊ ကျောက် ဆန်ခါချလိုက်၊ ကွန်ကရစ်လောင်းလိုက်နဲ့ နေကြရတယ်။ ဦးလေးက သဲ၊ ကျောက်တင်တဲ့ မော်တော်ကို မောင်းတယ်"

"ယုမေကို မွေးတော့ ဘယ်မှာမွေးလဲ။ အဲဒါလေးကော မှတ်မိလား"

"မွေးတာတော့ ဘယ်မှတ်မိမလဲ ဦးလေးရဲ့"

မောင်အေးချမ်းက လောကြီးစွာဖြင့် မေးလိုက်မိ၍ ယုမေပြုံးသည်။ ဟုတ်လည်းဟုတ်ပေ၏။ ကိုယ်မွေးဖွားသည်ကို မှတ်မိသောသူဟူ၍ ရှိမည်လည်း မဟုတ်ပေ။

"ဒါပေမယ့် သမီးမွေးခဲ့တဲ့ရွာကို တစ်ခေါက်နှစ်ခေါက်တော့ ရောက်ဖူးတယ်။ ငယ်သေးလို့သာ ဘယ်ရွာရယ်လို့ မပြောပြတတ်တာပါ။ တောရွာလေးပဲ။ နေအရမ်းပူတယ်"

"ယုမေ ဘယ်အသက်အရွယ်လောက်က ရောက်ခဲ့ဖူးတာလဲ"

"မပြောတတ်ဘူး ဦးလေးရဲ့။ သုံးလေးနှစ်အရွယ်မှာပဲ ဖြစ်မယ်ထင်တယ်။ အဲဒီနောက်ပိုင်း သမီးက ကျောင်းတက်ရတော့ မရောက်ဖြစ်တော့ဘူးလေ။ အမေနဲ့ အဖေကိုလည်း မမေးလိုက်မိဘူး။ အမေနဲ့ အဖေတို့ရဲ့ ဇာတိရွာလို့ ထင်တာပဲ"

"အခု ယုမေမှာ အမေနဲ့ အဖေ မရှိတော့ဘူးလား"

"ဟုတ်။ ဦးလေးက ထောင်ကျနေတယ်"

"ဩော် ..."

"မောင်အေးချမ်း၏ ရင်ထဲတွင် နင့်ခနဲဖြစ်သွားရ၏။ ယုမေက မြေပြင်ကို စိုက်ကြည့်နေသည်။ ထို့နောက် ဆက်ပြောသည်။

"အမေသေတော့ သမီးလေးတန်းပဲရှိသေးတယ်။ တရှောင်ရှောင်ဖြစ်နေတာ

www.burmeseclassic.com

www.burmeseclassic.com

တော့ ကြာပါပြီ။ သမီးကျောင်း[illegible] တော့ အမေ့အလောင်းကို တရားနာနေကြပြီ။ သမီးငိုလိုက်ရတာ ဦးလေးရယ်။ ဘယ်သူမှတောင် ချော့လို့မရဘူး။ ပြီးတော့ အမေ့အလောင်းကို မြေမြှုပ်လိုက်ကြတယ်''

''အခြားလူတွေက မငိုကြဘူးလား ယုမေ''

''ငိုကြတာပေါ့။ မိန်းမကြီးတွေဆိုရင် တဘက်စုတ်နဲ့ မျက်ရည်သုတ်နေကြတယ်။ အဖေနဲ့ ဦးလေးတို့က သမီးကို ဖက်ပြီး ငိုကြတယ်။ အမေ့အလောင်းကိုလည်း ဖက်ငိုကြတယ်။ ဟော ‥ အခုတောင် သမီးငိုချင်လာပြီ''

ဟု ဆိုကာ ယုမေ မျက်ရည်ဝဲ့သုတ်၏။ ထို့ကြောင့် မောင်အေးချမ်း ယုမေ၏ လက်ကလေးကိုဖယ်ပြီး မျက်ရည်များကို သုတ်ပေးလိုက်သည်။

''မိဘသေမှတော့ ငိုရတာပေါ့ ယုမေရယ်။ ဦးလည်း အဖေသေတုန်းက အကြိမ်ကြိမ်ငိုခဲ့ရတာ''

''ဩော် ‥‥ ဦးလေးမှာလည်း အဖေ၊ အမေ မရှိတော့ဘူးလား''

''အမေကတော့ ရှိပါတယ်။ တောရွာမှာလေ။ အဖေကတော့ ဦး ၁၇ နှစ်သားအရွယ်မှာ ဆုံးတာ''

''ဒါဆိုရင် ဦးလေးနဲ့ ယုမေ မနည်းကြီးတူတာပဲနော်''

''တူမှာပေါ့ ယုမေရယ်။ သံသရာ ခရီးသွားများဆိုတာ ဘဝချင်းတူသလို၊ အဖြစ်ချင်းလည်း တူတတ်ကြတာပဲ။ သံသရာလမ်းကြောင်းကို ရှေ့နောက်မမြင်နိုင်လို့သာ အကုန်မသိကြတာပါ''

''ဟုတ်တယ် ‥‥။ လူကြီးတွေက အဲလိုပဲ ပြောပြကြတယ်။ ဒါပေမယ့် သမီးမှာ အဖေလည်းမရှိတော့ပါဘူး။ အမေသေပြီးတဲ့အချိန်ကစလို့ အဖေဟာ အရက်ချည်း သောက်တော့တာပဲ။ ပြီးတော့ အမေ့မြေစာပုံကို သွားငိုတယ်။ [illegible] ကို ဦးလေးကပဲ ကျောင်းဆက်ထားပေးတယ်။ ထမင်းဖိုး၊ မုန့်ဖိုးလည်း ပေးတယ်''

''ယုမေရဲ့အဖေက အလုပ်မလုပ်တော့ဘဲ အရက်ချည်းသောက်နေသလား''

''လုပ်တော့လုပ်ပါတယ်။ ဒါပေမယ့် သိပ်ပြီး မလုပ်နိုင်တော့ဘူး။ လူက ပိန်ခြောက်လာပြီ။ နောက်တော့ ဆေးရုံတက်လိုက်ရတယ်။ သမီးက ကျောင်းပိတ်ရက်တွေမှာ ဆေးရုံကိုသွားတယ်။ ကစားချိန်၊ နားချိန်တွေမှာလည်း ဆေးရုံကိုသွားတယ်။ နောက်တော့ ကျောင်းဆင်းချိန်နီးလေးမှာ မိန်းမကြီးတစ်ယောက် ကျောင်းကိုရောက်လာပြီး အတန်းပိုင်ဆရာမနဲ့ စကားပြောပြီး သမီးကိုခေါ်သွားတယ်။ အဖေသေပြီလေ။ သမီးဆေးရုံကို ရောက်သွားတော့ အစက ခုတင်မှာ မဟုတ်တော့ဘဲ အဖေ့အလောင်းကို အဆောင်ကြီးတစ်ဆောင်မှာ ထည့်ထားကြတယ်။ အဲဒီခါလည်း သမီးငိုတယ်။ ဦးလေးကတော့မငိုဘူး။ မျက်နှာမကောင်းရုံလောက်ပါပဲ။ အခြား သမီးတို့နဲ့အတူ မြစ်ဘေးမှာ တဲထိုးပြီးနေကြတဲ့လူတွေလည်း ရောက်လာကြတယ်။ ဆရာတော်တစ်ပါးလည်း ကြွလာပြီး တရားဟောတယ်။ အဖေ့ကို မြေမြှုပ်တော့ အမေ့ကို မြှုပ်တဲ့နေရာမှာ မဟုတ်ဘူး။ အုတ်ဂူတွေ အများကြီးပဲ။ အမေ့ကို မြှုပ်တာက တောထဲမှာ။ အဖေ့ကိုမြေမြှုပ်တုန်းကလည်း သမီးငိုသေးတယ်''

ယုမေက စကားကိုဖြတ်ပြီး မျက်ရည်သုတ်သည်။ မောင်အေးချမ်းလည်း သက်မတစ်ချက်ကို ရှူရှိုက်မိသည်။ ယုမေက ဆက်ပြောသည်။

''အဲဒီနှစ် သမီးငါးတန်းအောင်တယ်။ စာမေးပွဲပြီးသွားတော့လည်း သမီးအလကားမနေဘူး။ ဦးလေးကို ထမင်း[illegible]ပေးတယ်။ မတာတ်တာတာတ်နဲ့ပေ[illegible] ပြီးတော့ ကျောက်ဆန်ခါချနေကြတဲ့လူ[illegible] တွေဆီမှာလည်း ကူလုပ်ပေးတယ်[illegible] ဘိလပ်မြေနဲ့ သွန်းလောင်းတဲ့အလုပ်တွေ[illegible] ကိုလည်း ကူလုပ်ပေးတယ်။ သူတို့သမီး[illegible] ကို မုန့်ဖိုးပေးကြတယ်။ တစ်ခါတစ်ခါ[illegible] ဦးလေးက မော်တော်ပေါ်မှာ သဲတွေ[illegible] ကျောက်တွေကိုတင်ပြီး အဝေးကြီးကို[illegible] သွားပို့ရတယ်။ နှစ်ရက်သုံးရက်ကြာချင်[illegible] လည်း ကြာတယ်။ ဒါပေမယ့် သမီးမှာ[illegible] သူငယ်ချင်းတွေရှိလို့ နေစရာ၊ စားစရာ[illegible] မပူရဘူး။ သူတို့နဲ့ပဲ အတူစား၊ အိပ်တယ်[illegible] ညဘက်ဆို သဲပြင်ကြီးမှာ လသာသာနဲ့[illegible] ဆော့ကစားကြတယ်။ တူတူပုန်းတမ်း[illegible] ကစားကြတယ်။ ဦးလေးပြန်ရောက်လာ[illegible] တော့ သမီးကို မုန့်ဖိုးတွေအများကြီးပေး[illegible] တယ်။ အဝတ်တွေလည်း ဝယ်ပေးတယ်[illegible] ဟင်းကောင်းလည်း ချက်စားကြတယ်[illegible] ဟင်း ‥‥ ပျော်စရာလည်း ကောင်းပါ[illegible] တယ်''

ဟု ယုမေက သက်ပြင်းချ[illegible] နောက်တစ်ချက်နှစ်ချက် ရှိုက်လိုက်ပြီး[illegible]

''အဲဒါလည်း မကြာလိုက်ပါဘူး[illegible] ဦးလေးရယ်။ တစ်နေ့မှာတော့ ဦးလေး[illegible] လူသတ်မှုဖြစ်တယ်''

''ဩော် ‥‥ ယုမေရဲ့ ဦးလေးက[illegible] လူသတ်မှုနဲ့ ထောင်ကျနေတာလား''

''ဟုတ်ပါတယ် ‥‥။ အဲဒီနေ့က[illegible] အကြောင်းကို သမီးမျက်စိထဲ မြင်ယောင်[illegible] နေပါတယ်။ ဦးလေး မော်တော်နဲ့ ပြန်လာ[illegible] တဲ့အခါ နောက်က မော်တော်တစ်စီး[illegible] လည်း လိုက်လာတယ်။ ဦးလေးမောင်း[illegible] တဲ့ မော်တော်က သူတို့မော်တော်နဲ့ ထိ[illegible] ခိုက်သွားတယ်လို့ ပြောတယ်။ သူတို့[illegible] ဦးလေးကို ဝိုင်းဆဲကြတယ်။ ပြီးတော့[illegible] မော်တော်ပေါ်က သုံးလေးယောက် ပြေး[illegible] ဆင်းလာပြီး ဦးလေးကို ဝိုင်းသတ်ကြ[illegible] တယ်။ လူတွေက တားကြတယ်။ မ[illegible] ဘူး။ မော်တော်ပိုင်ရှင်က ပျက်စီးသွားရ[illegible]

www.burmeseclassic.com

www.burmeseclassic.com

လျှော်ပေးပါ့မယ်လို့ ပြောတယ်။ မရဘူး။ ဦးလေးကို လက်သီးတွေနဲ့ ဝိုင်းထိုးကြတယ်။ ခြေထောက်တွေနဲ့လည်း ကန်ကြတယ်။ တောင်းပန်လည်းမရဘူး။ ရှိခိုးလည်းမရဘူး။ နောက်တော့ ဦးလေး မော်တော်ပေါ် တက်ပြေးတယ်။ သူတို့လည်း တက်လိုက်သွားပြီး ဝိုင်းသတ်ကြတယ်။ ဦးလေးက စက်မောင်းတဲ့ သံဂေါက်နဲ့ ခံရိုက်တယ်။ တစ်ယောက်က လက်ကျိုးတယ်။ တစ်ယောက်က ခေါင်းကွဲပြီးသေတယ်''

''ဒါဆိုရင် ယုမေရဲ့ဦးလေးမှာ အမှုကြီးပဲ''

''ဟုတ်တယ် ဦးလေးရဲ့။ သူတို့ မော်တော်ပေါ်က ဆင်းပြေးသွားကြတယ်။ တစ်အောင့်ကြာရင် ဦးလေးလည်း ဆင်းလာပြီး သမီးကို ဖက်ငိုတယ်။ အခြားလူတွေကိုလည်း ပြောတယ်။ ကျွန်တော့်တူမလေးကို စောင့်ရှောက်လိုက်ကြပါဗျာ။ ကျွန်တော် မသေလို့ ထောင်ထဲကထွက်လာတဲ့အခါ ကျွန်တော့်တူမလေးနဲ့ တွေ့ပါရစေဦးတဲ့။ တစ်အောင့်ကြာတော့ ရဲတွေရောက်လာပြီး ဦးလေးကို ဖမ်းကြတယ်။ သံကွင်းတွေနဲ့ တုပ်ကြတယ်။ ဦးလေးဟာ ပူးနေတဲ့ လက်နှစ်ဖက်နဲ့ သမီးရဲ့ လက်ကလေးတွေကိုကိုင်ပြီး နမ်းတယ်။ ဦးလေး ထောင်ထဲကိုသွားရတော့မယ်။ လိမ်လိမ်မာမာ နေရစ်။ ဒီ ကရင်အဘိုးကြီးနဲ့ အမယ်ကြီးတို့ကိုပဲ အမေ၊ အဖေ အမှတ်နဲ့နေ။ သူတို့ကျွေးတာစား။ သူတို့ခိုင်းတာလုပ်။ နေပူပြင်မှာ သိပ်ပြီး မဆော့နဲ့။ သူတို့ပြောတဲ့စကားကို နားထောင်တဲ့။ ကရင်အဘိုးကြီး ဦးစောဖိုးသော်တာကလည်း ပြောပါတယ်''

''စိတ်ချပါ မောင်လင်းအောင်ရာ။ ငါတို့ မင်းတူမလေးကို အတတ်နိုင်ဆုံး စောင့်ရှောက်ထားပါ့မယ်တဲ့။ အဲဒီနောက် ရဲတွေက ဦးလေးကို ဆွဲခေါ်သွားကြတယ်။ အဲဒီတုန်းကလည်း သမီးငိုတယ်။ သမီးဘဝမှာ ငိုလို့တောင် မပြီးနိုင်ပါဘူး ဦးလေးရယ်''

ဟုဆိုကာ ယုမေသည် အသံထွက်အောင် ငိုလေ၏။

''သနားစရာကောင်းလိုက်ပါဘိ ယုမေလေးရယ်''

ယုမေသည် မောင်အေးချမ်း၏ လက်ကို ကျစ်ကျစ်ဆုပ်ထား၏။ သူ၏ ကိုယ်လေးကား သိမ့်သိမ့်တုန်နေသည်။ ထို့နောက် မျက်ရည်များကို သုတ်ပြီး ဆက်ပြောသည်။

''အဲဒီနောက် သိပ်ပြီးမကြာဘဲ လူကြီးတွေက သဲမကျုံးရဘူးလို့ လာပိတ်တဲ့အတွက် သမီးတို့ တစ်ဖွဲ့လုံး ဒုက္ခရောက်သွားကြတယ်။ အဲဒီနေရာက အားလုံးပြောင်းကြရတော့မယ်လေ။ ဒါကြောင့် ဖထီးကြီး ဦးစောဖိုးသော်တာက ပြောတယ်။ သမီးလေး၊ တို့များ ဒီမှာနေခွင့် မရတော့ဘူး။ တစ်ယောက်နဲ့တစ်ယောက် လမ်းခွဲပြီး ဒေသအသီးသီးကို ပြန့်ကြရတော့မယ်။ ဒီတော့ သမီး ဖထီးတို့နောက်ကို လိုက်မလား။ ဖထီးတို့နောက်ကို လိုက်ရင်တော့ ပေါက်ခေါင်းမြို့နယ်ရဲ့ ဟိုဘက် ပဲခူးရိုးမထဲကို ရောက်သွားမှာ။ ဒီသူငယ်ချင်းတွေနဲ့ပဲ နေရစ်မလား။ နေရစ်မယ်ဆိုရင်တော့ ဖထီးအပ်ပေးထားခဲ့မယ်တဲ့''

''သမီးဘာမှမပြောဖြစ်ဘဲ ငိုင်နေတယ်။ ဖထီးကြီးက ဆက်ပြောတယ်။ ဖထီးတို့လင်မယားက သမီးကို မခေါ်ချင်လို့ မဟုတ်ဘူး။ သမီးလေး တောကြို တောင်ကြားကို ရောက်သွားမှာစိုးလို့ပါ။ ဒီမှာ သူငယ်ချင်းတွေနဲ့ နေခဲ့မယ်ဆိုရင်လည်း ဖထီးအပ်ပေးထားခဲ့မယ်ဆိုတော့ သမီးစဉ်းစားတယ်။ တောထဲကိုလည်း မလိုက်ချင်ဘူး။ ဒီမှာပဲနေခဲ့မယ်ဆိုလို့ အဘ ဦးသောင်းကို အပ်ပေးထားခဲ့ပြီး ဖထီးကြီးတို့ လင်မယား ပဲခူးရိုးမကြီးထဲကို ပြန်သွားတယ်။ သမီးက အဘ ဦးသောင်းတို့ရွာကို လိုက်သွားတယ်။ အဘဦးသောင်းတို့ရွာမှာလည်း လုပ်စားစရာမရှိဘူး။ နေကလည်း အရမ်းပူတယ်။ နောက်တော့ ပဲကောက်၊ ဝါကောက် အလုပ်ရှိတယ်ဆိုလို့ သမီး အောင်လံနယ်ဘက်ကို လိုက်လာခဲ့တယ်။ သမီးတို့ တည်းတဲ့ ရွာက အောင်ကြည်သာတဲ့''

''အဘဦးသောင်းတို့ရွာကကော ယုမေ''

''အဲဒါတော့ သမီးမမှတ်မိဘူး။ အဘဦးသောင်းတို့ရွာမှာ ကြာလည်း မကြာခဲ့ဘူးလေ။ တစ်လကျော်လောက်ပဲ နေရမယ်ထင်တယ်၊ အောင်ကြည်သာကို ရောက်တော့လည်း အလုပ်က မကောင်းပါဘူး။ ငတ်တစ်လှည့် ပြတ်တစ်လှည့်ပါပဲ။ တစ်ခါတလေ ကျော်စွာဆိုတဲ့ အမှတ် (၃) ဓာတ်မြေသြဇာ စက်ရုံကြီးကိုသွားပြီး လူကြီးတွေအိမ်မှာ ရေထမ်းကြတယ်၊ ငွေလည်းရတယ်၊ အိမ်ရှင်တွေက ထမင်းကျန်၊ ဟင်းကျန်တွေလည်း ကျွေးတယ်။ ထမင်းဟင်းတွေက အရမ်းကောင်းတာပဲ။ သမီးတို့ ဒီလောက်ကောင်းတာကို အဲဒီမှာပဲ စားခဲ့ရဖူးတယ်။ ဒါပေမယ့် သမီးက ငယ်သေးတော့ ရေကောင်းကောင်း မထမ်းနိုင်လို့ အလုပ်သိပ်ပြီးမရဘူး။ အလုပ်မရတော့ ငွေလည်းမရဘူး။ ထမင်းလည်း မစားရဘူးပေါ့။ ဆန်ပြုတ်ပြုတ်သောက်ကြတဲ့အခါလည်း ရှိတယ်။ ငှက်ပျောသီးလေး ဝယ်စားကြတဲ့အခါလည်း ရှိတယ်။ သူများနုတ်ပြီးသား မြေပဲခင်းတွေ လျှောက်ပြီး လက်နဲ့ယက်လို့ရလာတဲ့ မြေပဲတွေများရင် ရောင်းပြီး ဆန်ဝယ်ချက်စားကြတယ်။ နည်းရင်တော့ အဲဒီ မြေပဲကို ပြုတ်စားကြတယ်''

''ယုမေတို့မှာ လူကများသလား''

''အင်း ...လူတစ်ဆယ်ကျော်မယ်ထင်တယ်။ သွားလိုက်ပြန်လိုက်နဲ့ အတိအကျပြောဖို့တော့ ခက်တယ်။ ယုမေတို့အရွယ်က နှစ်ယောက်၊ ကျန်တာက ကလေးတွေ၊ လူကြီးတွေပေါ့။ ဒီလိုနဲ့

www.burmeseclassic.com

www.burmeseclassic.com

ဇတ်တစ်လှည့် ပြတ်တစ်လှည့် နေလာကြတာ တစ်နေ့မှာတော့ ဦးချင်းအဖွဲ့ ေ လာခေါ်တယ်။ ရခိုင်ရိုးမကြီးထဲက မင်းဘူး-အမ်း လမ်းမှာ အလုပ်လုပ်ရမယ်တဲ့။ တစ်နေ့ကို ဆယ့်ငါးကျပ်ရမယ်လို့ ပြောတယ်။ ဒီတော့ သမီးတို့အဖွဲ့လည်း တပျော်တပါး လိုက်လာကြတယ်။ ဒါပေမယ့် မင်းဘူး-အမ်းလမ်းကိုရောက်လို့ သမီးတစ်ရက်၊ နှစ်ရက်ပဲ အလုပ်လုပ်လိုက်ရတယ်။ ဖယ်လို့ မနိုင်းတော့ဘူးတဲ့''

''မင်းဘူး-အမ်းလမ်းဆိုတော့ ယုမေတို့ အလုပ်လုပ်ခဲ့တာက ဘယ်နားလောက်မှာရှိမလဲ''

''သမီးမပြောတတ်ဘူး ဦးလေးရဲ့။ အဲဒီအနားကကြည့်ရင် မြေပြန့်ကိုလည်း မြင်ရတယ်၊ ဧရာဝတီမြစ်ကိုလည်း မြင်ရတယ်။ ပုပ္ပားတောင်ကြီးနဲ့ ဟိုဘက်မှိုင်းပျပျလေးက ရှမ်းရိုးမလို့ ပြောကြတာပဲ''

ဘဇီ၊ မျှော်စင်၊ နတ်ရေကန်စသော ရခိုင်ရိုးမထဲက စခန်းများဖြစ်လောက်သည်။ မျှော်စင်စခန်းသည်ကား အဟုတ်ပင် အဝေးဆီသို့ မျက်စိတစ်ဆုံးကြည့်၍ မြင်နိုင်သောနေရာဖြစ်သည်။ အဝေးဆီသို့ ရှုမျှော်ကြည့်နိုင်သောကြောင့်လည်း မျှော်စင်စခန်းဟု ခေါ်ကြသည်။

''အလုပ်သမားခေါင်းဆောင်ကြီးက သမီးကိုမေးတယ်။ မိဘညီအစ်ကိုတွေ့မပါဘူးလားတဲ့။ မပါပါဘူးလို့ ပြောလိုက်တယ်။ ဒီတော့ အလုပ်သမားခေါင်းဆောင်ကြီးက တစ်အောင့်လေး စဉ်းစားနေလိုက်ပြီး သမီးက ငယ်သေးတယ်။ သူများနည်းတူ အလုပ်မလုပ်နိုင်သေးဘူး။ ဒါကြောင့် အလုပ်မဆင်းနဲ့တော့ဆိုပြီး ဖြုတ်လိုက်တယ်''

''အလုပ်ဖြုတ်လိုက်တော့ ယုမေ ဒုက္ခမရောက်ဘူးလား''

''ရောက်တာပေါ့ ဦးလေးရယ်။ ရခိုင်ရိုးမတောကြီးထဲမှာ မိဘလည်းမပါ။ ဆွေမျိုးလည်း မရှိ။ ရပ်တကာလည်ပြီး အလုပ်လုပ်ရင်း သိကျွမ်းလာကြတဲ့ လူအချို့ကို အားကိုးအားထားပြုပြီး လိုက်လာခဲ့တာပါ။ အခုတော့ တောကြီးမျက်မည်းထဲမှာ ခိုကိုးရာမဲ့ဖြစ်ရပြီလေ။ သမီးကို အရွယ်ရောက်လာတဲ့အထိ ဘယ်သူက ထမင်းကျွေးထားနိုင်မှာလဲ။ ဘယ်ခရီးကို ဆက်သွားရမှာလဲ။ လမ်းခရီးစရိတ်လည်းမရှိဘူး။ လမ်းခရီးစရိတ်ရှိရင်ကော သမီး ဘယ်ဆီကိုပဲဖြစ်ဖြစ် သွားရမှာပဲ။ သမီးသိတာက ပြည်မြို့နံဘေး ဧရာဝတီမြစ်ထဲက သဲခုံတန်းကြီးပါ။ အမေရယ်၊ အဖေရယ်၊ ဦးလေးရယ်ဆိုပြီး အေးအတူပူအမျှ နေခဲ့ကြတာလေ။ အခုတော့ အမေလည်းမရှိတော့ဘူး။ အဖေလည်းမရှိတော့ဘူး။ ဦးလေးလည်း ထောင်ကျသွားပြီ။ ဦးလေးပြောဆိုပြီးအပ်ထားခဲ့တဲ့ ကံရင်အဘိုးကြီး၊ အမယ်ကြီးတို့ဟာလည်း သူတို့ရဲ့ဇာတိ ပေါက်ခေါင်းနယ်ရဲ့ တောနက်တစ်နေရာဖြစ်တဲ့ ပဲခူးရိုးမကြီးထဲကို ရောက်သွားကြပြီ။ သမီးနဲ့ သိခဲ့၊ ဆော့ကစားခဲ့ကြဖူးတဲ့ သူငယ်ချင်းတွေလည်း သူတို့မိဘတွေနဲ့ သူတို့ရဲ့ဇာတိရွာတွေကို ရောက်သွားကြပါပြီ။ သမီးဘယ်ဆီကို ဆက်သွားရမှာလဲ။ သွားစရာလည်းမမြေမရှိ စားစရာလည်း ငွေမရှိဆိုတာမျိုးပါပဲ။ တွေးပြီး သမီးငိုလိုက်တာ''

''ယုမေရယ်။ ယုမေရဲ့အဖြစ်တွေက ရင်နာစရာတွေချည်းပါလားကွယ်''

ယုမေက ခေါင်းညိတ်၏။ မျက်နှာလေးလည်း ရဲရဲနီနေသည်။ ရှိုက်လည်း ရှိုက်သည်။

''ဒီတော့ ယုမေ နောက်ဘာတွေဆက်ဖြစ်သေးလဲ''

''ထိုင်ပြီး တရှုပ်ရှုပ်ငိုနေတဲ့ သမီးကိုကြည့်ပြီး တစ်ဖွဲ့လုံးက သနားလာကြတယ်။ ဒါကြောင့် အောင်ကြည်သာကပဲ သမီးတို့နဲ့အတူ ပါလာကြတဲ့ ဦးကြီးနဲ့ ဒေါ်ကြီးက သမီးကို အဲဒီအနားမှာရှိတဲ့ ပန်းရန်သမားတွေနဲ့ ဆက်ပေးကြတယ်။ ပန်းရန်သမားတွေကလည်း လိုလိုလ[…] လားပဲ လက်ခံကြပါတယ်။ သူတို့မှ[…] လည်း သမီးလေးတစ်ယောက်ရှိတယ[…] အဖော်ရတာပဲဆိုပြီးတော့ပေါ့။ သူ[…] လည်း မကြာခင် ရခိုင်ပြည်နယ်၊ အ[…] မြို့နယ်ဘက်ကို ပြောင်းရတော့မှာ[…] ပြောကြပါတယ်။ ဒါကြောင့် သမီးလည်[…] ဝမ်းသာသွားတယ်၊ ဘာပဲဖြစ်ဖြစ် မြို့[…] ရွာတွေမှာသာဆိုရင် အဲလောက်ထိ ဒု[…] မရောက်နိုင်ဘူး။ လက်ရှိအလုပ်နဲ့ အဆ[…] မပြေရှိလာခဲ့ရင် အိမ်ဖော်၊ အိမ်အကူ[…] တာမျိုးသော်လည်း ရှာလုပ်လို့ရနိုင်တ[…] ဆိုပြီးတော့ပေါ့''

''ယုမေ အရင်က ဒီအမ်းမြို့[…] ရောက်ဖူးသလား''

''ဘယ်က ရောက်ဖူးမှာလဲ ဦးလေ[…] ရယ်။ မြို့ရွာမှာသာဆိုရင် တောကြီးထဲ[…] လောက်တော့ ဒုက္ခမရောက်နိုင်ဘူးဆို[…] ဝမ်းသာခြင်းမျိုးပါပဲ။ သမီးက ပြည်[…] ဘေးက မြစ်သဲခုံမှာ နေပြီး ကြီးပြင်းလာ[…] တာပါ။ အမေနဲ့ အဖေ သေပြီး ဦးလေ[…] လည်း ထောင်ကျသွားလို့သာ ဟိုရော[…] ဒီရောက် အငတ်ငတ်အပြတ်ပြတ်နဲ့ [...] ရိုးမကြီးကို ရောက်လာရတာပါ။ ဒီတော[…] ရိုးမကြီးထဲမှာ ဒုက္ခရောက်နေရတဲ့ ခ[…] ခြင်းကို မခံစားနိုင်၊ မခံစားရဲလို့သာ မြို့[…] ကို ရောက်ရတော့ ႔ သ်ဆိုတော့ မျှော်[…] ခြင်းတစ်စုံတစ်ရာ ရှိပေမယ့် မြို့ဆို[…] အားကိုးစိတ်နဲ့ ပျော်မိတာပေါ့''

မှန်၏။ လူတို့သည် အောင်မြင်[…] စဥ်၌ ကျရှုံးခြင်းတည်းဟူသော [...] တစ်ရာကို စိတ်ကူးမရှိသော်လည်း ကျ[…] ခြင်းတည်းဟူသော ဘဝ၏ အခက်အ[…] များနှင့် ရင်ဆိုင်လာကြရသောအခါ အ[…] ကိုးရာ၊ မှီခိုရာကို ရှာတတ်ကြသည်။ [...] ကို ဖက်တွယ်တတ်ကြသည်။ ဤယု[…] လေးသည်လည်း ခါးသီးသော အ[…] အတားများစွာကို ကြိမ်ဖန်များစွာ ခံ[…] လာရသဖြင့် မိဘဆွေမျိုးလည်း [...]

www.burmeseclassic.com

www.burmeseclassic.com

သောသောကြောင့် လူအများစုရှိသော အရပ်ကိုပင် သူ့အတွက် အားကိုးမှီခိုရာ အဖွယ် ထင်မှတ်၍နေပေလိမ့်မည်။

ခါးသီးခြင်းဟူသည်ကို တချို့သည် ကိုယ်တိုင်ခံစားရမှု သိကြ၏။ တချို့သည် သူတစ်ပါးတို့ခံစားနေရသည်ကို မြင်ရ၍ ခြင်း သိကြ၏။ တချို့မှာကား ကိုယ်တိုင် ခံစားနေရသည်ကိုပင် မသိနိုင်ဘဲရှိနေ တတ်လေသည်။ ထိုလူမျိုးသည်ကား ကံ ညံ့သလို ဉာဏ်သည်လည်း နည်းသည် သာဖြစ်၏။ သနားစရာကောင်းဘိသည်။

ဤယုမေလေး၏ ဘဝနောက် ကြောင်းကို ပြန်ပြောင်း၍ကြည့်ရလျှင် ကံဇာတာ အားနည်းလာခဲ့သူလေး ဖြစ် နေသည်ကို တွေ့ရ၏။ ဆင်းရဲနုံချာသော မိဘနှစ်ယောက်မှသာ ဆင်းသက်လာရ ပြီး မြစ်ဘေးတစ်နေရာ၌ တဲကလေးတစ် လုံးကို အမှီအခိုပြု၍ ကြီးပြင်းခဲ့ရသည်။ အရွယ်မရောက်မီပင် မိဘနှစ်ပေ ာက်တို့ ကိမ်း ဒယ်သွားခဲ့ကြသည်။ အရေးတယူ ပြုစုစောင့်ရှောက်ပေးမည့် ဦးလေးဖြစ်သူ သည်လည်း အကျဉ်းသားဘဝသို့ ရောက် ရှိသွား၍ ရေမျောကမ်းတင်ဆိုသလိုမျိုး ကြုံရာစီးသည့်ဘဝခရီးကို အတော မသတ်နိုင်ဘဲ ဆက်လျှောက်လျက် မျက် မမြင်သူတစ်ယောက်က လမ်းမသိသူတစ် ယောက်ကို ဦးဆောင်ပြီး ခရီးသွားသကဲ့ သို့ပင် ရှိနေလေသည်။ ယုမေလို ကံဆိုး သည့်အဖြစ်မျိုးသည်ကား ရှာမှရှားပေ လိမ့်မည်။ ရှားသည့်အထဲတွင် ဤယုမေ လေးသည် တစ်ယောက်အပါအဝင်ဖြစ် နေလေသည်။ သနားစဖွယ်ကောင်းလွန်း ဘိသည်။

"ဒီတော့ ယုမေ ပန်းရန်သမား တွေနဲ့ တွေ့ရတဲ့အခါ အသိအကျွမ်းထဲက မဟုတ်ကြပေမယ့် ကိုယ့်မိဘတွေလုပ်ခဲ့ဖူး တဲ့ အလုပ်မျိုး၊ အလုပ်သမားမျိုးတွေနဲ့ နေထိုင်ရတဲ့အတွက် ငယ်ဘဝကို ပြန် [illegible]တာပြီး ဝမ်းနည်းတာလည်းရှိ မယ်၊ ပျော်တာလည်းရှိမယ်ပေါ့နော်"

"အဲလိုမျိုးလည်း ရှိတန်သလောက်ဲ တော့ရှိခဲ့ဖူးပါတယ်။ ဒါပေမယ့် သမီး ရဲ့ စိတ်ထဲမှာ အမြဲတမ်းရှိနေတာကတော့ ဘယ်နေရာ ဘာများဖြစ်လာတော့မလဲဆို တာကိုပဲ တွေးကြောက်နေမိတယ်။ ကိုင်း မှာမိတဲ့ စာသူငယ်ဆိုတာမျိုးပေါ့နော်။ ရခိုင်ရိုးမထဲမှာ သမီး ပန်းရန်သမားတွေ နဲ့ သုံးရက်ပဲနေခဲ့ရတယ်။ ပြီးတော့ ဒီအမ်း မြို့အရှေ့ဘက်က သဲခုံကြီးကို ရောက် လာကြတာပဲ။ အမ်းမြို့ကို ရောက်တာနဲ့ သမီးလျှောက်လည်ကြည့်တယ်။ မြို့က တော့ သိပ်ပြီးမကြီးဘူး။ ဒါပေမယ့် သမီး ဒီအမ်းမြို့မှာပဲ ဖြစ်သလိုမျိုး နေထိုင်တော့ မယ်လို့ ဆုံးဖြတ်လိုက်တယ်။ အိမ်ဖော် အိမ်ကူ ရရာတစ်ခုခုကိုဝင်လုပ်တော့မယ် ပေါ့။ ဘာဖြစ်လို့လဲဆိုတော့ အရွယ် မရောက်သေးတဲ့သမီးကို ဘယ်အလုပ် သမားအဖွဲ့အစည်းကမှ စွဲစွဲမြဲမြဲလက်ခံကြ လိမ့်မယ်လို့ မထင်ဘူးလေ။ ဒီတော့ လူသူမနီးတဲ့ တောထဲတစ်နေရာရာမှာ တော့ ဒုက္ခအရောက်မခံဘူး။ ဒီအမ်းမြို့မှာ ပဲ ဖြစ်သလို အဆင်းရဲခံပြီးနေတော့မယ် လို့ ဆုံးဖြတ်တာပါ။ သိပ်ပြီးမကြာပါဘူး။ တစ်ပတ်အတွင်းမှာပဲ သမီးကို ဘိလပ်မြေ အိတ်မသယ်နိုင်၊ သဲပုံးကြီးတွေကိုလည်း မ,မနိုင်ဘူးဆိုပြီး ငြိုငြင်စပြုလာကြတယ်။ သမီးကလည်း ကြုံခဲ့ရပေါင်းများပြီဆို တော့ လုပ်ဖော်လုပ်ဖက်ပေ[illegible]ကို အမြဲ တမ်းအကဲခတ်ပြီး ကြည့်နေတာကိုး။ ဒါ ကြောင့် သမီးကပဲ စတင်ပြီး ပြောလိုက်ပါ တယ်။ သ[illegible]ကို အိမ်ဖော်/အိမ်ကူအလုပ် တစ်ခုခုလောက် ရှာပြီး သွင်းပေးကြပါ။ ပြောပေးကြပါလို့"

"ဒီတော့ သူတို့က ယုမေကို မခင် တင့်အိမ်မှာ အပ်ပေးကြသလား"

ယုမေက ဆတ်ခနဲ ခေါင်းညိတ်၏။ ထိုအချိန်၌ ယုမေ၏ မျက်နှာလေးသည် လည်း အနည်းငယ်မျှ ကြည်လင်နေလေ သည်။

"မခင်တင့်က ယုမေကို ဆူဆဲ ဘူးလား။ မရိုက်ဘူးလား"

ယုမေက ခေါင်းခါလိုက်၏။

"အန်တီ ဒေါ်ခင်တင့်က သမီးကို အရေးပေးလည်းမရှိဘူး။ နှိမ်တာမျိုး လည်း မရှိဘူး။ အိမ်ဖော်/အိမ်ကူတစ် ယောက်ရဲ့ နေရာကို အပြည့်ပေးထားပါ တယ်။ အခွင့်အရေးဆိုတာလည်း ရထိုက် သလောက်ကို အပြည့်ပေးထားတယ်လို့ သမီးယုံကြည်ပါတယ်။ ဒါကြောင့် နေ ပျော်ပါတယ်"

မောင်အေးချမ်း သက်မတစ်ချက် ကို ချလိုက်၏။ ယုမေ၏ မျက်နှာကို ငုံ့မိုး ကြည့်သည်။ ယုမေသည် မောင်အေးချမ်း ၏လက်မောင်းကို ကျစ်ကျစ်ဆုပ်ပြီး မောင်အေးချမ်း၏ မျက်နှာကို ပြုံး၍ကြည့် နေသည်။

"ယုမေရဲ့အကြောင်းကို နားထောင် ရတာ တကယ့်ရုပ်ရှင်ကားကြီးတစ်ကား ကို ကြည့်ရသလို ဝတ္ထုကြီးဘစ်ပုဒ်ကို ဖတ်ရသလိုပါပဲလား။ တကယ့် ဇာတ် လမ်းကြီးပဲကွယ့်။ ငါစိတ်မကောင်းလိုက် တာ ယုမေရယ်။ ဒါကြောင့် ဒီနေ့ကစလို့ ငါယုမေကို အခက်အခဲရှိတိုင်း ကူညီမယ် လို့ ဆုံးဖြတ်လိုက်ပါပြီကွယ်။ နောက်ဆို ယု[illegible]သလိုမျိုး လုံးဝမဖြစ်စေရတော့ ဘူးလို့ ယုံပါနော်"

ယုမေက ဆတ်ခနဲ ခေါင်းညိတ်၏။ ထို့နောက် မေးသည်။

"ဦးလေးက ယုမေကို ဘယ်လိုမျိုး ကူညီမှာလဲ"

"ယုမေရဲ့ဘဝမှာ နောက်ဆိုရင် ယုမေပြောခဲ့သလိုမျိုး အခက်အခဲရှိလာခဲ့ ရင် ဦးက ဖြစ်တဲ့နည်းနဲ့ ကူညီမှာပေါ့။ ယုမေ အရင်လိုမျိုး ဒုက္ခမရောက်စေရ တော့ပါဘူး။ ယုမေနဲ့ အဆင်ပြေမယ့် အကူအညီမျိုးကို ဦးကိုယ်တိုင် ဖန်တီး ပေးမယ်လေ"

www.burmeseclassic.com

www.burmeseclassic.com

ယုမေသည် မောင်အေးချမ်း၏ လက်မောင်းကို ကိုင်ထားရင်းက နှစ်ချက်၊ သုံးချက် လှုပ်ယမ်းလိုက်၏။ ခပ်ယဲ့ယဲ့ လေးပြုံးရင်းက မြေပြင်ကို စိုက်ကြည့်နေသည်။

မောင်အေးချမ်း လက်ပတ်နာရီကို ကြည့်သည်။ မနက် ၉ နာရီထိုးနေလေပြီ။

"ကဲ ... ယုမေ၊ တို့ပြန်ရအောင်။ ခုလောက်ဆို မခင်တင့်လည်း ရောက်နေရောမယ်"

ယုမေနှင့် မောင်အေးချမ်းတို့ လက်ဖက်ရည်ဆိုင်ထဲမှ ထွက်လာကြသည်။ ယုမေက တစ်လမ်းလုံး စကားမပြောဘဲ လိုက်လာသည်။ အမြဲတမ်းအတွေးဝင်ပြီး ပြုံးရွှင်နေသည်ကိုလည်း အကဲခတ်မိသည်။ အားနွဲ့သောမိန်းကလေးဖြစ်၍ သူ့မှာ အခက်အခဲရှိလာခဲ့လျှင်လည်း ဖြစ်သည့်နည်းဖြင့် ကူညီမည်ဟု မောင်အေးချမ်းက ပြောလိုက်၍ အလွန်အမင်း ဝမ်းသာသွားပုံရသည်။

မောင်အေးချမ်းနှင့် ယုမေတို့ ပွဲရုံသို့ ရောက်သွားကြရာ မခင်တင့် အဝတ်လဲရန် ပြင်နေသည်ကို တွေ့ရ၏။ မခင်တင့်သည် မောင်အေးချမ်းကိုမြင်သည်နှင့် အထဲသို့ ဝင်သွား၏။ ထို့နောက် အဝတ်လဲပြီး ပြန်ထွက်လာသည်။ မောင်အေးချမ်း၏အနားတွင် လာထိုင်ပြီး မေးသည်။

"မောင်လေး ရောက်နေတာကြာပြီလား"

"အင်း ... ၈ နာရီမထိုးခင်လေးကပါ"

"အေးကွယ်။ မမလည်း သူငယ်ချင်းညီမတစ်ယောက် မင်္ဂလာဆောင်တာ ဖိတ်လို့ သွားတာ။ ခုနလေးကပဲ ပြန်ရောက်တယ်။ မောင်လေးစောင့်နေရတာကို အားနာလိုက်တာကွယ်"

"ရပါတယ်။ ကျွန်တော် ယုမေနဲ့ လက်ဖက်ရည်ဆိုင် သွားထိုင်နေလိုက်တယ်"

"ဪ .. ဟုတ်လား။ အရင်တစ်ပတ် မောင်လေးလာတုန်းကအကြောင်းကို ယုမေက ပြောတယ်။ ဦးလေးအေးချမ်းက အရမ်းသဘောကောင်းတာတဲ့။ ဒီတစ်ခါ ဦးလေးအေးချမ်းလာရင် ယုမေလက်ဖက်ရည်တိုက်မယ်တဲ့။ ဒီတော့ အခု ယုမေက လက်ဖက်ရည်တိုက်ရောလား"

မောင်အေးချမ်းက ယုမေ၏ မျက်နှာကို စိုက်ကြည့်နေသည်။ ယုမေက မျက်နှာလေးကို ဝှက်ရင်း ...

"သမီးတိုက်မယ်ဆိုတာ မသောက်ဘဲ ဦးလေးကပဲ တိုက်တာ"

မောင်အေးချမ်းနှင့် မခင်တင့်တို့ တိုးတိုးရယ်ကြသည်။ ယုမေက ရှက်ပြုံးပြုံးနေသည်။

"မောင်အေးချမ်းကို ယုမေ ညှို့ခံထားလို့ တော်သေးတာပေါ့ကွယ်။ နော"

ယုမေ ဘာမျှမပြောဘဲ ပြုံး၍သာနေသည်။

"ကဲ ... မောင်လေးပြောကွယ်။ ဘာတွေယူမှာလဲ"

"ငါးပိ၊ ငါးခြောက်၊ ဆားနဲ့ ကြက်သွန် အချိန်တစ်ရာ စယူမယ်ဗျာ"

"အေး ... ဟုတ်ပြီ။ ဒီတော့ ယုမေ။ အလုပ်သမားနှစ်ယောက်လောက် သွားခေါ်စမ်း။ အဲလိုမှမဟုတ်ရင် ဒီလိုလုပ်ပါလား မောင်လေး။ မင်း မမအိမ်က ထမင်းစားပြီး အေးဆေးမှပြန်လေ။ မမတို့လည်း ဘေးလူတွေကို မခေါ်တော့ဘဲ ကိုယ့်အိမ်ကလူတွေနဲ့ အေးအေးဆေးဆေး ချိန်တွယ်နေလို့ရတာပေါ့"

"ထမင်းစားနေလို့ အဆင်ပြေမှာ မဟုတ်ဘူးဗျ။ ကျွန်တော်က ဒီစားကုန်တွေကို စခန်းစဉ်လျှောက်ဝေငှသွားရမှာဆိုတော့ ရုံးမကို စောစောပြန်တက်နိုင်မှ ဖြစ်မှာ"

"ဒီလိုဆိုလည်း ပြီးရော။ ယုမေ လူသွားခေါ်စမ်း"

ယုမေ လှစ်ခနဲပြေးထွက်သွား၏။

မခင်တင့်က တောင်ကြည့်မြောက်ကြ[...]
နှင့် မောင်အေးချမ်း၏ အနားတွင် [...]
ထိုင်ပြီး မောင်အေးချမ်းအား တအား[...]
၍ တစ်အောင့်မျှ ငြိမ်နေသည်။ ထို့နော[...]
နားနားကပ်ပြီး တိုးတိုးလေးပြောသ[...]

"ဒီကောင်လေးနဲ့ မျက်နှာချင်း[...]
ထိုင်ပြီး ထမင်းစားချင်တယ်။ ပြီး[...]
ခွဲ့ကျွေးချင်တယ်။ အဲလိုဆိုရင် မကော[...]
ဘူးလား"

ဟု ပြောပြီး မခင်တင့်သည် [...]
စိုက်ထောင်နေ၏။

"ကျွန်တော်က အချိန်မှ မပေး[...]
သေးတာ"

"အချိန်ပေးနိုင်တဲ့ တစ်နေ့[...]
တစ်သက်ပတ်လုံး မျက်နှာချင်းဆို[...]
စားသွားကြမယ့် ထမင်းမျိုးဆိုရင်ကော[...]

မောင်အေးချမ်း တွေနေမိသ[...]
မခင်တင့်ပြောနေသည်ကိုမှ ရိပ်မိသ[...]

"တစ်သက်ပတ်လုံး ဘယ်တော[...]
မခွဲတမ်း စားသွားကြမယ့် ထမင်းမျ[...]
ပြောတာ"

မောင်အေးချမ်း တစ်ချက်ပြုံး[...]
မိသည်။

"ကျွန်တော်က ငယ်ပါသေးတ[...]

"မငယ်ဘူး၊ မငယ်ဘူး။ [...]
မငယ်ဘူး"

ဟု ဆိုကာ မခင်တင့်၏ လက်[...]
အောက်သို့ လျှောကျလာ၍ မောင်[...]
ချမ်း တွန့်ခနဲဖြစ်သွားပြီ။ မခင်တ[...]
လက်ကို ဖမ်းဆုပ်ထားလိုက်၏။ အ[...]
မခင်တင့်၏ လက်များ သိသိသ[...]
တုန်နေသည်။ အသက်ကိုလည်း [...]
ပြင်းရှူရှိုက်နေသည်။

(ဆက်လက်ဖော်ပြပါ[...]

မင်းဟိန်းထ[...]

www.burmeseclassic.com

www.burmeseclassic.com

ပြေးမလွတ်သည့် ဒုစရိုက်လှည်းဘီး

■ မှူခင်းသတင်းထောက်စိုးအောင်

လူသည် မိမိကိုယ်ကိုမိမိ အထင်ကြီးတတ်၏။ မိမိသာအတော်ဆုံးဟုလည်း အထင်ရောက်တတ်၏။ ယင်းသို့ မိမိသာအတော်ဆုံး အတတ်ဆုံးဟု ဘဝင်ခေါင်ခိုက်နေသည့် ကျားကြီးအုန်းမောင်တစ်ယောက် မိမိထက် ပန်ကာကျသူ တစ်ဦးနှင့် ဆုံမိသည်ရှိသော် ...။

မှန်သည်။ ကျားကြီးအုန်းမောင်ဟု ကစားသမားတိုင်းက အမည်နာမဝိသေသပြုထားကြ၏။ သူ့တွင်အမြဲလိုလို ပါဝင်ဝိုင်းဖြည့်ပေးနေသည့် ကျားပေါက်စ နှစ်ယောက်ရှိ၏။

ရှင်းတို့မှာ အေးမောင်နှင့် ခွေးပုတို့ပင် ဖြစ်၏။ ဖဲသုံးချပ်၊ ဖဲနှစ်ချပ် ကစားနည်းသာမက ပိုကာဖဲကစားနည်းများ၌ အဆင်၊ အထပ်၊ အချိုးတို့တွင် ဖဲဝိဇ္ဇာများ ဖြစ်ကြသည်။ ယခင်က နာရေးရှိ အိမ်များနှင့် ချိန်းပွဲများတွင် အုန်းမောင်က ဒိုင်။ အေးမောင်က လက်ထိပ်က ဖဲချီးသမား။ ခွေးပုက လက်သန်းက ဖဲဆင်သမား။ အလယ်လူနှစ်ယောက်က အချည်သမား။ ဒီတော့ ပါသမျှငွေကုန်ပြီပေါ့။

တစ်နေ့ ကျားကြီးအုန်းမောင်ထံ သတင်းတစ်ပုဒ်ဝင်လာသည်။ အညာမြေက ဆီနဲ့ မြေပဲသူဌေး တူဝရီးနှစ်ယောက် ငွေရှင်တုန်း ဖဲကစားချင်တယ် ဆိုတဲ့ သတင်းဖြစ်၏။

ဖဲကစားကြမည့် တူဝရီးနှစ်ယောက်၏ လွယ်အိတ်ထဲတွင်ကား ငွေအပြည့်ထည့်ထားသလို၊ ခေါင်းပေါင်းပေါင်းတာက အညာ့တဘက်ကြီးဆိုတော့ ပွပြီပေါ့။

ကျားကြီးအုန်းမောင်က သူ့တပည့်နှစ်ဦးကို –

"မင်းတို့ ပွဲကြီးပွဲကောင်းရှိတယ်။ သေသေချာချာ ပိပိရိရိ ရှိဖို့လိုတယ်။ ဒီတစ်ပွဲပြီးရင် တို့တွေ အေးအေးနေလို့ရပြီ"

ဟူ၍ တပည့်နှစ်ယောက်ကို စည်းဝါးကိုက်နေပြီး ကစားကြမည့် အိမ်အရောက် သူတို့ထက်ဦးစွာရောက်နေနှင့်သည့် ဦးကြီးတူဝရီးနှစ်ယောက် တွေ့လိုက်ကြရ၏။

"ဦးကြီးက ကြိုက်ထိုးကြိုက်ခံနော် ငါ့တူ ..."

ကျားကြီးအုန်းမောင်ကလည်း –

"ကြိုက်လို့ကတော့ အိမ်တိုင်ချွတ်ကစားလို့ရတယ် ..."

ကျားကြီးအုန်းမောင် စိတ်မှာတော့ ဦးကြီးတူဝရီးနှစ်ယောက်က အချည်။ ဘာပဲဖြစ်ဖြစ် ဘေးလွယ်အိတ်ထဲက ငွေတွေရမှာကို တွေးပြီး ကျေနပ်နေဟန် ရှိနေခဲ့သည်။

ထုံးစံအတိုင်း ဦးကြီးတို့တူဝရီး နှစ်ယောက်က အလယ်က၊ ဘေးမှာက ကျားကြီးအုန်းမောင်တို့ ဆရာတပည့် နှစ်ယောက်။ ကစားဝိုင်း သုံးဝိုင်းအပြီးမှာ ကျားကြီးအုန်းမောင် ချွေးပျံစပြုနေပြီ ဖြစ်သည်။ ကျားကြီးအုန်မောင်၏ အကြံက မနိုင်ရင် လုပြေးဖို့ အစီအစဉ်ရှိပြီးသား။

ဦးကြီးတို့ တူဝရီးတို့ဘက်မှာ ငွေတွေပုံနေပြီ ဖြစ်သည်။ ကျားကြီးအုန်းမောင်ရှုံးလို့ လုမယ်အကြံနဲ့ ပါလာတဲ့ဓား ထုတ်လိုက်ချိန် ဦးကြီးရဲ့လွယ်အိတ်ထဲက စတီးလက်ကောက်က ကျားကြီးအုန်းမောင်အား လက်ထိတ်ခတ်ပြီးသား။

ဦးကြီးတူရဲ့ စတီးလက်ကောက်ကလည်း တပည့်ကျော်အေးမောင်နှင့် ခွေးပုတို့တွင် လက်ထိတ်ခတ်ပြီးသား။ ထိုစဉ် ဦးကြီးက ခေါင်းပေါင်းထားတဲ့ တဘက်ကြီး ချွတ်ပြီး –

"ကျားကြီးအုန်းမောင် .. ကျားကြီးအုန်းမောင်နဲ့ နာမည်ပယ့်ပြီး မသိနားမလည်သူတွေထံက ဖဲလိမ်ကစားရုံမက မင်းတို့ရှုံးရင် လုတတ်တယ်ဆိုတဲ့ ဒုစရိုက်သတင်းကြောင့် စီမံချက်အရ အကွက်ဆင်ဖမ်းခဲ့တာ။ ငါ့နာမည်ကို မှတ်ထားလိုက်၊ ဒီနယ်ကို မကြာသေးခင်ကမှ ပြောင်းလာတဲ့ ဆားပုလင်းအေးသန်း ဆိုတာပဲ ..."

အဆုံးမှာတော့ ဒုစရိုက် ကျူးလွန်သူတို့ရဲ့ မကောင်းမှုကံသည် ကျားကြီးအုန်းမောင်တို့ ဆရာတပည့်နောက် ကောက်ကောက်ပါအောင် လိုက်သွားပါတော့သည်။

မှူခင်းသတင်းထောက်စိုးအောင်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

အခန်းဆက်ဝတ္ထုရှည်

အခန်း [၁]

လူ့ငရဲပြည်သို့အဝင်

သဲသဲမဲမဲဖြင့် ညီးကန်ဖွဲ့ကာ ရွာနေသော မိုးပေါက်ကြီးများ အတွင်းတွင် ကျွန်တော့်ကို ဂျပန်စစ်သားများက တရကြမ်းဆွဲခေါ်သွားကြ၏။ မိုးပေါက်များ ဆင်းကျလာပုံသည် ကောင်းကင်ပြင်မှ ငွေမြားတံများ တစ်ပြိုင်တည်း ထောင်သောင်းမကာ ပစ်လွှတ်သည့်ပမာ ထင်ရ၏။ ဝဲယာ ကိုက်ငါးဆယ်ကိုပင် မမြင်နိုင်အောင် မှုန်ဝါးနေတော့သည်။

ကျွန်တော့်ကို စတင်ဖမ်းဆီးလာကတည်းကပင် ပါးနားများကိုရိုက်ခဲ့၏။ ထို့ကြောင့် ကျွန်တော့်နားများတွင် လေသံ မိုးသံများကိုသာ ကြားနေရသည်။ သည်ပဟာတွင်မကသေး။ ကျွန်တော်၏ မျက်စိများမှာလည်း အရာဝတ္ထုတိုင်း မှုန်ဝါးနေ၏။ ဦးခေါင်းများသည် မိုးရေပေါက်များထိတွေ့တိုင်း အရိုက်ခံနေရဘိသကဲ့သို့ နာကျင်နေပါ၏။

ကျွန်တော်၏ နောက်မှလည်း ယယ်ရွယ်သော ကျွန်တော့်လို လူငယ်တချို့ကို ဂျပန်များက ဖမ်းလာကြသေး၏။ အချို့လူငယ်များက ထွက်ပြေးပုံရ၏။ ထို့ကြောင့်လည်း ကြမ်းတမ်းလှသော ဂျပန်စစ်သားများ၏ အော်ဟစ်လိုက်ခြင်းနှင့် ရိုက်နက်ခြင်း။ သေနတ်နှင့်ပစ်ခြင်း အန္တရာယ်များကို သဲသဲမဲမဲ ရွာနေသည့် မိုးပေါက်များအကြားတွင် ကြားနေရသည်။

ဂျပန်စစ်သားများသည် မိုးခံအင်္ကျီရှည်ကြီးများ ဝတ်ထားလျက် ရိုင်ဖယ်ကိုမှ ကျွန်တော်တို့ဘက်သို့ လှည့်၍ ချိန်ထားကာ "မြန်မြန်သွား…မြန်မြန်သွား" ဟု ရိုင်ဖယ် ပြောင်းဖျားဖြင့် တိုး…၊ အော်လိုက်ကြသေး၏။

သည်အကြောင်း တရှိုရှို အော်မြည်သော အသံနှင့်အတူ ကျွန်တော်တို့ ကိုယ်များ ယှပ်သွားသောကြောင့် လေသည် ခပ်ကြမ်းကြမ်းတိုက်လာပြန်၏။ လေမှာ ရေမှကြို၍ တိုက်နေသဖြင့် မိုးပေါက်များသည် မျက်နှာကိုတရကြမ်း ရိုက်ခတ်နေပေ၏။ မျက်နှာတစ်ခုလုံးသည်လည်း ကျိန်းစပ်နာကျင်နေသည်။ စိုရွှဲသော အဝတ်အစားများသည် လေဒဏ်ကြောင့် တဖက်ဖက်မြည်၍ လွင့်နေ၏။

ပြီး…ဦးခေါင်းမှ ဆံပင်များသည် စိုရွှဲနေရာမှ ဖွာလန်ကြဲကာ လွင့်နေပြန်၏။

www.burmeseclassic.com

www.burmeseclassic.com

မှုန်ဝါးသော မျက်စိရှေ့ဝယ် ရှည်လျားသော မည်းမည်းအရာဝတ္ထုများ တွေ့လာရ၏။

ချလွင်···ဂျိန်း···ဂျိန်း···ဒိုင်း

တသဲသဲ တမဲမဲ လေရော မိုးပါ ပြင်းထန်စွာ ကျနေသည့်အတွင်းမှ ကြောက်စရာကောင်းလှသည့် မိုးကြိုးပစ်သံက ပေါ်ထွက်လာ၏ ထိုအသံကြောင့် ကျွန်တော်၏ ရင်တစ်ပြင်လုံးသည် လှိုင်းခုန်သည်သို့ တုန်၍သွားတော့၏။

"အဘိမ္မော၊ မြန်မြန်သွားက··· မြန်မြန်သွားက"

"ခူးဒါး···ဘာကဲရိုး"

"ခူးဒါး···ဘာကဲရိုး"

"ဘန်း···"

"အမယ်လေးဗျ"

ဂျပန် စစ်သားများ၏ အော်ဟစ်သံနှင့် ကြိမ်းဝါးသံ၊ ပြီး···ပါးပြင်ကို တအားလွှဲရိုက်လိုက်သော အသံ၊ နာလှသဖြင့် အသည်းနှလုံးမှ ပေါ်ထွက်လာသော အသံတို့ တဝေါဝေါ အော်မြည်နေသည့် မိုးလေအတွင်းဝယ် ပေါ်ထွက်လာပေ၏။

မည်သူများ ခံလိုက်ရသည်ကို မကြည့်အား၊ အကယ်၍နောက်သို့ အမှတ်တမဲ့ ပြန်လှည့်ကြည့်လိုက်ရပါမူ ကျွန်တော်၏ ကိုယ်ပေါ်သို့ သေနတ်ပြောင်းဖြင့် ဆောင့်ထိုးခြင်း၊ အရိုက်ခံရခြင်းများသည် တစ်ပြိုင်တည်းဖြစ်လာတော့မည်မှာမလွဲပါပေ။ သည်နောက်တွင်ကား ကျွန်တော်သည် မိုးရထားသံလမ်းကို ဖြတ်ကူးလာရ၏။ မိုးပေါက်အတွင်းမှ ဘူတာရုံကို ဝါးတားတား မှုန်ရီရီ မြင်လာရပါ၏။ မော်လမြိုင်ဘူတာတည်း။

မိုးရော လေပါ အားနည်းစပြုလာ၏။ ဘူတာရုံထဲသို့ ကျွန်တော်အား ခေါ်မသွားချေ။ ဘူတာရုံဘေးမှ ကွေ့၍ခေါ်သွား၏။ မိုးသည် ခပ်ပါးပါး ရွာ၍ လေသည် ဖျော့ဖျော့သာ တိုက်တော့၏။ မြင်ကွင်းသည် ပို၍ပြတ်သားလာ၏။ ဂျပန်စစ်သားများသည် မိနစ်ပိုင်းအတွင်းထွက်တော့မည့် ရထားတွဲများနှင့် ဘူတာရုံဆီသို့ ကူးချည် ပြန်ချည် အလုပ်ရှုပ်နေ၏။

ကျွန်တော်တို့အား ရထားလမ်းဘေး လူသွားစင်္ကြံတွင် မတ်တတ်ရပ်နေစေပြန်၏။ ထိုအခါမှပင် ကျွန်တော်အပါအဝင် လူပေါင်း ၁၅ ယောက်တိတိ ရှိသည်ကို ရေတွက်လိုက်မိ၏။

ဂျပန်စစ်ဗိုလ်တစ်ဦးသည်ကျွန်တော်တို့အား ဖမ်းဆီးလာသော တပ်ကြပ်ကြီးအား ဂျပန်စကားဖြင့် အော်ဟစ်ပြောဆိုနေပါသည်။ ဂျပန်စကားကို ကျွန်တော် အနည်းငယ် တတ်မြောက်ထားဖြင့် ဘာဆိုလို သည်ကိုလည်း သိရ၏။

"မင်းတို့ အလုပ်သမားတွေကို တင်ဖို့ ရထားတွဲမရှိဘူး။ တွဲတိုင်းပြည့်နေပြီ။ မင်းတို့ သိပ်နောက်ကျပါလား တပ်ကြပ်ကြီးရဲ့"

ဤတွင် ကျွန်တော်တို့ကို ဖမ်းဆီးလာသော တပ်ကြပ်ကြီးသည် သုံးလိုင်းတစ်ပွင့် ဂျပန်စစ်ဗိုလ်အား ခြေစုံရပ်၍ အလေးပြုလိုက်ပြီး···

"ကျွန်တော်တို့ကို အထက်က အမိန့်ပေးလိုက်ပါတယ်။ ရသမျှလူတွေဆွဲပြီး အလုပ်စခန်းကို မီရာရထားနဲ့ တင်ပို့ရမယ်တဲ့ ဗိုလ်ကြီး၊ အမိန့်စာလည်းပါလာပါတယ်"

ဂျပန်တပ်ကြပ်ကြီးသည် မိုးတဖွဲဖွဲ ရွာနေသည့်အတွင်း သူ၏ အင်္ကျီအိတ်ထဲမှ စာတစ်စောင်ကို ထုတ်ပြလိုက်၏။

ဂျပန်စစ်ဗိုလ်က ယူ၍ကြည့်လိုက်၏။ ထိုအခိုက် ဂျပန်စစ်ဗိုလ် ဝဝကြီး တစ်ဦးသည် ပြေးလာကာ စစ်ဗိုလ်အား အလေးပြု၍ ပြောလိုက်ပြန်၏။

"ဗိုလ်ကြီး ရထားကိုမြန်မြန်ထွက်ပါတဲ့"

"ဟော့···တပ်ကြပ်"

"ဟိုက်"

ဂျပန်တပ်ကြပ်သည် ခြေစုံရပ်ကာ အလေးပြုလိုက်လေသည်။

"မင်းလူတွေကို တွဲတွေ ခွဲပြီး သွင်းလိုက်"

"လူတွေပြည့်နေတယ်လို့ ဗိုလ်ကြီး ပြောတယ်၊ တွဲပိုချိတ်မပေးနိုင်တော့ဘူးလား"

"မပေးနိုင်ဘူး···မပေးနိုင်ဘူး ဒီလူတွေကို အတင်းသာ တင်၊ သေချင်တဲ့လူ သေပေစေ၊ သွား···သွား"

ဂျပန်တပ်ကြပ်ကြီးသည် "ဟိုက်" ဟု အော်ကာ ခြေစုံရပ် အလေးပြုလိုက်သည်။ ယင်းနောက် ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com

ို့အား မြန်မာစကားဖြင့်···

"မြန်မြန် ··· မြန်မြန်"

ဟု တစ်လေမ်းကျော်ရပ်ထားသည့် ွဲများတွင် တက်ရန် လက်ညှိုးထိုး ြ၏။

ရထားတွဲများမှာ ကုန်တင်တွဲများ ြစ်၏။ တွဲများအားလုံးသည် မြင်းများ ားများတင်သော တွဲများ ဖြစ်၏။ ထိုတွဲ ား၏ လေဝင်ပေါက်များမှ ပါးရိုး ေါ်ရှိနှင့်သော ယောက်ျား၊ မိန်းမများ ၏ မျက်နှာကို ကျွန်တော်တို့ မြင်ရ၏။

ကျွန်တော်တို့သည် ရထားတွဲများ သို့ ဂျပန်တပ်ကြပ်ကြီး အမိန့်အတိုင်း ြရ၏။ မပြေးသော် ရိုင်ဖယ်သေနတ် ြင့် ချိန်ထားသည့် ဂျပန်စစ်သား ယောက်၏ အထုအထောင်းကိုခံကြ ည်သာ။ ရထားတွင် လိုက်ပါသော နစ်သားအချို့က ရထားတွဲ တံခါး ကိုဖွင့်ပေး၏။ ရထားခေါင်းတွဲမှ ြမှုတ်သံ ပေါ်လာ၏။ မှိုင်းပြာသော များသည် ရထားခေါင်းတွဲဆီမှ ိမ့်လိမ့် ထိုးတက်နေ၏။ ရထား ေါင်းတွဲမှထွက်သော မီးခိုးများသည် င်၍ မှောင်၍လာသည်။

"ဂိုမ်း" ဟူသော အသံနှင့် ရထား ေါင်းပွင့်ထွက်သွား၏ ဆိုးဝါးသော ကြီးလည်း ကျွန်တော်၏ နှာခေါင်း ဆောင်းခနဲ ဝင်၍ဆောင့်လိုက်၏။

"ခူးဒါး···"

"ဘန်း···"

ကျွန်တော်၏ ကိုယ်လုံးသည် နောက်သို့ လန်သွားဘိသကဲ့သို့ ကျွန်တော်၏ မျက်နှာမှာလည်း၍ သွား၏။ ညာဘက်ပါးသည် မီးစကြီးဖြင့်ထိုးလိုက် သကဲ့သို့ ခံရပြီးလျှင် မျက်လုံးများသည် သီတင်းကျွတ် မီးထွန်းပွဲကဲ့သို့ မြင်လိုက် ရ၏။

ယင်းနောက်မတော့ ကျွန်တော့်အား ရထားတွဲပေါ် ဂျပန်စစ်သားနှစ်ဦး က ချိုင်းနှစ်ဖက်မှ ဆွဲမပြီးပစ်သွင်းလိုက် ၏။ ကျွန်တော်၏ ခန္ဓာကိုယ်သည် ရထားကြမ်းပြင်နှင့် ဝုန်းခနဲ ထိတွေ့ လိုက်ရကာ တစ်ကိုယ်လုံးမှာ ကိုင်၍ ရိုက်လိုက်ခြင်း ခံရဘိသကဲ့သို့ ခံစား လိုက်မိ၏။

"ဂျိန်း···"

ရထားတံခါးပိတ်သံကို ကြားရပြီး တစ်တွဲလုံးမှာ တုန်လှုပ်သွားသည်ကို သိလိုက်ပါ၏။ ကျွန်တော်၏ မျက်လုံး များ ဖွင့်ကြည့်လိုက်သောအခါမှာတော့ လူကြီးတစ်ဦး၏ ရင်ခွင်ထဲတွင် ရောက် နေသည်ကိုတွေ့ရ၏။ ထိုလူကြီး၏ ဘေး တွင် အသားညိုညိုနှင့် အမျိုးသမီး တစ်ဦး၏ မျက်နှာကိုလည်း တွေ့ရသည်။ ဆက်၍···ဆက်၍···

ကျွန်တော်၏ မျက်လုံးများထဲတွင် လူပေါင်းများစွာ၏ မျက်နှာကို တွေ့ ရ၏။ သူတို့၏ မျက်လုံးအားလုံးသည် ကျွန်တော့်အား ရယ်မောကြည့်နေ သည်။ အားလုံးသော မျက်နှာများသည် ကျွန်တော်၏ ဦးခေါင်းဘေးတွင် ချာချာ လည်လျက်ရှိနေချေသည်။

ဟား···ဟား···ဟား···ဟား

ဟား···ဟား···ဟား···ဟား

ရယ်မော သံကြီးများသည် ကျွန်တော်၏ အသည်းနှလုံးကို ချောက်ချား နေပြန်သည်။ ကျွန်တော်၏ နဖူးပြင်မှ ချွေးများသည် မိုးရေပေါက်များပမာပင် ပါးပြင်ပေါ်သို့ တလိမ့်လိမ့် စီးကျလာချေ သည်။

အမှန်တော့ ကျွန်တော်သည် တစ်စုံတစ်ခုသော ဒဏ်ရာဒဏ်ချက် ကြောင့် ဦးခေါင်းများ မူးဝေလျက် ရှိနေ ချေသည်။ ကျွန်တော်၏ ဦးခေါင်းတွင် ထုံထုံထိုင်းထိုင်း မှိုင်းမှိုင်းတိုင်းတိုင်းကြီး ဖြစ်တုန်းရှိသေးသည်။ မျက်လုံးများသည် မှုန်ရီဝေလျက် ရှိနေချေသည်။

မျက်လုံးများကို မှိတ်ထားမိသည်။ ဦးနှောက်များကြည်လင်ရန်နှင့် မျက်လုံး များ နဂိုအတိုင်း ပြန်လည်အားကောင်း လာရန်အတွက် ကြိုးစားနေရသည်။

အတန်ကြာသော် ကျွန်တော်၏ ဦးခေါင်းမှာ အေးမြသွားရ၏။ မျက်လုံး များဖွင့်လိုက်ချိန်တွင် ကျွန်တော်သည် ပထမမြင်ခဲ့သော လူကြီးတစ်ဦး၏ ရင်ခွင်ထဲသို့ရောက်ရှိနေ၏။

"မောင်ရင်လေး သတိရပြီလား"

လူကြီးက ကျွန်တော်၏ ဦးခေါင်း ကို ဖေးမလျက် မေးလိုက်၏။

"ဟုတ်···ကဲ့"

ကျွန်တော် တစ်လုံးချင်းပြောနိုင် ၏။ ပြီးထထိုင်လိုက်ရသည်။ မြင်ရသည် များမှာ စိတ်မချမ်းသာစရာဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်၏ ဘေးတွင် ဖျင်ကြမ်းအင်္ကျီ ညစ်ညစ်စုတ်စုတ်များနှင့် လုံချည်ဆိုသော် အပြာရောင်နှင့်အကွက်မရှိသည့် လုံချည်များသာ ဝတ်ထားသည့် လူကြီးလူငယ်များ။ ပြီး···အသက်နှစ်ဆယ်ခန့် အမျိုးသမီးကလေး တစ်ဦးနှင့် အသက် ၁၃ နှစ်ခန့်ရှိ အမျိုးသမီးကလေးတစ်ဦး၊ အသက် ၁၂ နှစ်ခန့် ကလေးတစ်ဦးအပြင် အသက် ၅၀ ကျော်နီးပါးရှိသည့် အဘိုးကြီးတစ်ဦးလည်း ပါရှိလာသည်ကိုတွေ့ရ၏။

ရထားသည် တဝေါဝေါခုတ်မောင်းလျက်ရှိနေပြီဖြစ်၏။ မည်သည့်နေရာသို့ ရောက်နေသည်တော့ မသိရ။ သို့တစေ ကျွန်တော့်အား ဝိုင်းရံကြည့်နေသော သူများကတော့ လူပေါင်း ၃၀ ထက်တော့နည်းမည်မဟုတ်ပါပေ။ ကျွန်တော့်အားမေးလိုက်သော လူကြီးမှာ အသက် ၅၀ ခန့်လောက်ပင်ရှိမည်ဟု ထင်ရ၏။

ထိုသူအားလုံး၏ ဦးခေါင်းများသည် ကျီးကန်းသိုက်ကဲ့သို့ ဖုန်အလိမ်းလိမ်း ကပ်ငြိလျက်ရှိနေ၏။ ပါးရိုးများပေါ်သည့်အထိ ချောင်၍ကျနေပေ၏။ လူတစ်ယောက် တဟင်းဟင်းဖြင့် ညည်းညူနေ၏။

သေးစော် ချေးစော်တို့သည် လေငွေ့တိုင်း တထောင်းထောင်းနံလျက်ရှိနေပေ၏။

"မောင်ရင်လေးက ဘယ်နယ်ကလဲ"

"ကျွန်တော်က အင်းစိန်နယ်ကပါ။ မော်လမြိုင်ကို ကိစ္စကလေး တစ်ခုရှိလာနဲ့လာရင်း ဂျပန်တွေရဲ့ အဖမ်းခံရတာပဲ ဦးရဲ့။ အခု ကျွန်တော်တို့ရထား ဘယ်ရောက်နေပြီလဲ"

"ဘူတာကို လွန်လာပြီကွယ့်၊ မောင်ရင်လေးကို ဂျပန်စစ်သားတစ်ဦးက ပါးရိုက်တယ်။ ပြီးတော့ ဒီရထားတွဲပေါ် ပစ်တင်လိုက်တဲ့အခါမှာ နံရံနဲ့ ဦးခေါင်းဆောင့်ပြီး ကျုပ်အပေါ်လိမ့်လာတာပေါ့။ မောင်ရင်လေးကို ဂျပန်တွေက ချွေးတပ်ထဲ အတင်းဆွဲသွင်းပုံရတယ်"

"ဟုတ်ပါတယ် ဦးရယ်၊ ကျွန်တော်တို့ကိုချွေးတပ်ပြေတွေများ ထင်သလားမသိပါဘူး။ တွေ့တွေ့ချင်း အတင်းဖမ်း အတင်းရိုက်ပဲ။ ကျွန်တော်က ဂျပန်စကားအနည်းငယ်တတ်လို့ ပြန်ပြောတာတောင် လက်မခံဘူးခင်ဗျာ့"

"အေး··အဘတို့လည်း ရေလိုက်လွဲလာတာပေါ့ကွယ်။ အဘတို့မှာ သူတို့ပြောစကားတွေ ယုံကြည်ပြီးတော့ တစ်အိမ်လုံး အညာကနေပြီး ချွေးတပ်နဲ့ ပါလာခဲ့တာပေါ့။ ဒီအောက်ရောက်ခါမှပဲ ရေလိုက်လွဲပြီဆိုတာ သိရတော့တာကွယ့်"

"ဒါတော့ တော်က စဉ်းစားဖို့ကောင်းပါတယ်တော"

ထိုစကားသံကြောင့် ကျွန်တောက ပြောသူကို ကြည့်လိုက်မိ၏ အသက် ၂၀ ခန့်ရှိ မိန်းမပျိုလေး၏ ဘေးဝယ် တုံးလုံးလှဲနေသော အသက် ၅၀ နီးပါးရှိ အမျိုးသမီးကြီးကို တွေ့ရလေသည်။

"ဦးတို့က ဘယ်နယ်ကလဲ"

"ကျုပ်တို့က မြင်း[illegible]ကကွယ်"

"ဩော်···အဝေးကြီးပါလား"

ကျွန်တော်သည် အညာမိသား[illegible] တစ်ပြုံလုံးပင် ချွေးတပ်သားများ[illegible] အတူ ပါရှိလာသောကြောင့် အ[illegible] ကလေး အံ့အားသင့်မိလေသည်။

ပြီး···မိန်းမပျိုကလေးအား ကြ[illegible] မိ၏။ သူနှင့် ကျွန်တော်မျက်လုံး[illegible] ရင်ဆိုင်မိသည်။ သူကလေးကိုကျွန်[illegible] ကြည့်လိုက်ချိန်ဝယ် သူ၏ မျက်[illegible] များအတွင်းတွင် ကျွန်တော့အ[illegible] ကရုဏာသက်နေခြင်းနှင့် သူကိုယ်[illegible] အားငယ်နေသော ဟန်ပန်ကိုတွေ့[illegible] ရ၏။

ရုပ်ကလေးမှာ အသားညိုသ[illegible] လွဲပြီးတော့ သနားကမား ရုပ်ရည်[illegible] ကြည့်ပျော်ရှုပျော် ရုပ်မျိုးတွင်မ[illegible] အတော်အတန်ကြည့်၍လှသော ရု[illegible] ဖြစ်ပြီး မျက်လုံးမျက်ခုံးများ ကော[illegible] သည်။

ကျွန်တော်နှင့် စက္ကန့်ပိုင်းအ[illegible] မျက်လုံးချင်းဆိုင်မိပြီးလျှင် သူ[illegible] ၏ မျက်လုံးများသည် ှမှးမှိန်၍[illegible] သွားသည်။ မကြာမီဘူတာရုံတစ်[illegible] ရထား ရပ်သွား၏။

"ဘာ ဘူတာလဲဟေ့"

"နာမည်လည်း မတွေ့ဘူး အ[illegible]

တွဲဘေးတွင် မတ်တတ်[illegible] သော အသက်အစိတ်ခန့် [illegible] ယောက်က ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

"ဒီတွဲထဲမှာကျွန်တော်တစ်ယောက်ပဲ ထိုးတင်လိုက်သလားဦး"

"ဟိုမှာလေ တစ်ယောက်"

ခွေခွေကလေး လှဲအိပ်နေသော လူတစ်ယောက်အား လက်ညှိုးထိုးပြလိုက်ပါသည်။ ကုန်တွဲတစ်တွဲလုံးမှာ တစ်ဦးနှင့် တစ်ဦး ခြေမဆန့်သာသည့် အထဲတွင် ထိုလူမှာ ခွေခွေကလေး လှဲ၍ အိပ်နေသည်ကိုတွေ့ရသဖြင့် ကျွန်တော့်မှာ အံ့အားသင့်သွားမိပါချေသည်။

ပြီးမှပင် ကျွန်တော်သိရသည်။ လူတစ်ယောက် ကောင်းကောင်းမွန်မွန်အိပ်ရဖို့ အရေးအတွက် အခြားသူများက မတ်တတ်ရပ်၍ ပေးနေရချေသည်။

အမှန်တော့ အားလုံးပင် ဒုက္ခသည်ချည်းဖြစ်သည်။ ထိုအထဲမှကြင်နာသော မေတ္တာစိတ်ကို သူတို့က ပိုက်၍ ထားနိုင်သည်မှာ ကျွန်တော့်အတွက် သူတော်ကောင်းများနှင့် တွေ့ရသလို ဝမ်းသာသွားမိပါချေသည်။

အားလုံးသော လူများ၏ မျက်နှာသည် သနားခြင်း၊ ကူညီလိုခြင်းဟူသော သဘောကို မျက်နှာပေါ်တွင် အထင်အရှား ပြသနေပါချေသည်။ ယင်းသို့ကြောင့်လည်း ဘဝတူ ဒုက္ခသည်များဖြစ်လင့်ကစား ထို အညာဒေသမှ ဒုက္ခသည်များအတွင်း ကျွန်တော်ရောက်သွားခြင်းသည် ကံကောင်းခြင်းပင် ဖြစ်ပါလေသည်။

"မောင်ရင်လေးရဲ့ အဝတ်တွေ အားလုံးလည်း ရွှဲရွှဲစိုနေတာပဲ။ ဒီတော့ ကျွန်တော့် အဝတ်တွေ [illegible] ရှိပါတယ်"

လူကြီးကပင် ကျွန်တော့်အား စေတနာထက်သန်စွာဖြင့် ပြောလိုက်၏။ နှုတ်မှလည်း သွက်လက်စွာဖြင့်· · ·

"ဟဲ့· · ·သမီး၊ အဖေ့ အင်္ကျီနဲ့ လုံချည်ထုတ်ပေးစမ်းပါဟဲ့"

ဟု ပြောလိုက်၏။

ကျွန်တော်နှင့် မျက်နှာချင်းဆိုင်ကြည့်ခဲ့ဖူးသော အမျိုးသမီးကလေးကလည်း ဖျတ်လတ်စွာပင် ပါလာသော ထန်းခေါက်ဖာကြီးမှ ကြိုးများကို ဖြေလျက် အတွင်းမှ ပစ္စည်းများကို ထုတ်လိုက်ပါလေသည်။ အင်္ကျီလက်ရှည် ဖျင်ကြမ်းနှင့် အပြာရောင်ဖျင်ကြမ်း လုံးချည်တစ်ထည် ဖြစ်ပါ၏။

ကျွန်တော်ကိုယ်တိုင် အထွေအထူး ပြောမနေဘဲ အမျိုးသမီးကလေးလှမ်းပေးသော ဖျင်ကြမ်းအင်္ကျီနှင့် ဖျင်ကြမ်းအပြာရောင် လုံချည်များကို ဝတ်ဆင်လိုက်ရပါသည်။

ကျွန်တော့်မှာ လောလောလတ်လတ်ပင် အညာသားတစ်ဦးနှင့် မခြားအောင်ဖြစ်သွားပါချေတော့သည်။

အမှန်တော့ ကျွန်တော့်တွင် ပါလာသော လုံချည်အင်္ကျီများမှာ လုံချည်မဟုတ်ဘဲ ဘောင်းဘီ ဖြစ်ပါသည်။ ဘောင်းဘီမှာလည်း ကာကီရောင်ဘောင်းဘီ အဟောင်းကြီးဖြစ်သည်။ အမှန်တော့ ကျွန်တော်သည် လုံချည်ရှားပါးသည့်အချိန်တွင် ပုလိပ်အမှုထမ်းတစ်ဦးထံမှ အချောင်ဝယ်၍ ရထားသည့် ဘောင်းဘီတစ်ထည်သာဖြစ်ပါသည်။

ကျွန်တော် ယခုလို သူတို့၏ အဝတ်အထည်များကို ဝတ်လိုက်သောကြောင့် အားလုံးပင် သဘောကျပြုံးနေကြသည်။ ကျွန်တော်လည်း စိုရွှဲနေသောအင်္ကျီ၊ ဘောင်းဘီများကို ရေညှစ်၍ တွဲဘေးပြတင်းပေါက်တွင် လှန်းတင်လိုက်ပါသည်။ ကျွန်တော်က ပြတင်းပေါက်မှကျော်၍ ခပ်ဝေးဝေးသို့ကြည့်မိသည်။ အရှေ့ဘက် တနင်္သာရီတောင်တန်းများသည် အေးမြငြိမ်သက်စွာ လဲလျောင်းနေသည်။

မှိုင်းမှိုင်းမြမြ တောင်တန်းကြီး ၏ တောင်ထွတ် တောင်စွယ်များပေါ် တွင် မိုးတိမ်တိုက်များ အလိပ်လိပ် လှိုင်းထနေသော ဖြူဖွေးသော ငှက်တစ်အုပ်သည် ဗွီပုံသဏ္ဌာန် ပျံသန်းလာသည်။

"မောင်ရင်လေး ရေနွေးကလေး သောက်လိုက်ဦးကွယ့်၊ ဘကျော်ရေ အိပ်နေတဲ့ သူငယ်ကို မနှိုးလိုက်ပါနဲ့ကွယ်၊ မင်းတို့ ညောင်းကြရင်လည်း ဒီဘက်နား တိုးထိုင်ကြပေါ့"

ဘကျော်ဆိုသူမှာ ကျွန်တော်နှင့် အတူ တွဲပေါ်သို့ ပစ်တင်ခြင်းခံရသော လူက ခွေခွေကလေး အိပ်နေသဖြင့် ထိုင်စရာနေရာ ခက်နေသောကြောင့် မတ်တတ်ရပ်ပေးနေရသောသူ ဖြစ်၏။

ဘကျော် တစ်ဦးတည်း မတ်တတ်ရပ်နေသည်မဟုတ်ပေ။ အခြားအသက်

www.burmeseclassic.com

www.burmeseclassic.com

၃၀ နီးပါးရှိသော လူနှစ်ယောက်လည်း မတ်တတ်ရပ်နေခြင်း ဖြစ်၏။ ထိုသူများမှာ ဝါနေသော ဖျင်ကြမ်းလက်ရှည် အင်္ကျီ၊ မျက်နှာသုတ်ပဝါ ခေါင်းပေါင်းလျက် လုံချည်မှာ အညာဖျင်ကြမ်း လုံချည်များကို ဝတ်ထားကြ၏။ သူတို့အားလုံး၏ အသားအရေများမှာအလုပ်မရှောင်တမ်း လုပ်ကိုင်နိုင်သောသူများ ဖြစ်ပုံရသည်။ အရိုးအဆက်ကြီးမားကာ အရပ်အမောင်းလည်း အတော်အသင့် မြင့်မား၍ ကိုယ်ကာယလည်း ထွားကျိုင်းသည်။ ပြီး နေလောင်ထားခြင်းခံရသဖြင့် အသားအရေမှာ မည်းနက် ညိုမောင်းလျက်ရှိသည်။

ကျွန်တော်သည် ပြန်၍ ထိုင်လိုက်သည်။ ပြီး . . . ကျွန်တော်၏ရှေ့သို့ မည်းနက်သော လက်ဖက်ရည်ကြမ်း တစ်ခွက်က ပူပူနွေးနွေးရောက်နေသည်။

"ဒီရေနွေးကြမ်းတွေ ဘယ်လိုလုပ်ရသလဲ အဘရဲ့"

ကျွန်တော်က အိုးခွက် ပန်းကန်များကို ပြင်ဆင်နေသည့် အမျိုးသမီးကလေးအား ကြည့်၍မေးလိုက်မိပါ၏။

"မောင်တို့ တင်လိုက်တဲ့ ဘူတာကပေါ့ကွယ်။ ဒီဘူတာမှာ အတော်ကြီးကြာခဲ့သေးတာပဲ"

"ဩော် . . . ဩော် မော်လမြိုင်ဘူတာထဲက ရေနွေးထည့်ခဲ့တာကိုး။ ခွေးမသားတွေ ကျွန်တော့်ကို ဈေးနားက အတင်းဆွဲသွားတာပဲ။ သူတို့က ကျွန်တော့်ကို ခွေးတပ်က ပြေးလာတဲ့ အကောင်လို့ ပြောကြတယ်။ ကျွန်တော်က ဂျပန်စကားနဲ့ ပြန်ပြောပေမယ့် မရတော့ဘူး။ ပါးနှစ်ဖက် တအားရိုက်ပြီး ဖမ်းခေါ်လာတာပဲ"

"မောင်ရင်လေး အမည်က ဘယ်လိုခေါ်သလဲ"

"အောင်နိုင်လို့ခေါ်ပါတယ် ဦးရယ်။ ကျွန်တော်က မော်လမြိုင်မှာရှိတဲ့ အစ်ကို တစ်ဦးထံ လာခဲ့တာပါ။ ဇာတိကတော့ အင်းစိန်ခရိုင် လှည်းကူးမြို့ကလေးကပါ။ တော်တော်မိုက်ရိုင်းတဲ့ အကောင်တွေပါ ဦးရယ်။ ဒါထက် ဦးတို့ကရော ခွေးတပ်ထဲကို ဘယ်လိုများ ပါလာတာလဲ"

ကျွန်တော် မေးမြန်းလိုက်သောကြောင့် အညာသားဘကြီးမှာ ဦးခေါင်းတညိတ်ညိတ်နှင့်ဖြစ်ရင်းသောက်လက်စ လက်ဖက်ရည်ကြမ်း ပန်းကန်အား ခပ်မြမြဖြင့် ဆုပ်ကိုင်ထားရာမှ . . .

"အိမ် . . . အဘ အမည်က ဦးထွန်းရှဲတဲ့။ အဘ မိန်းမက မပန်းမြတဲ့။ သမီးက နှစ်ယောက်၊ အကြီးက ခင်မွေး။ အငယ်က ခင်အေးတဲ့။ ဟူက နှစ်ယောက်၊ မတ်တတ်ရပ်ပြီး အဘ လှမ်းပြောတဲ့ မောင်ဘကျော်နဲ့ အောင်သန်းတို့ဟာ အဘရဲ့ တူတွေပဲ။ ကျုန်တာကတော့ တစ်ရွာတည်းသားတွေနဲ့ ရွာနီးချုပ်စပ်ကပေါ့ကွယ်။ အဘတို့ရွာကို မြို့ပိုင်ကြီး လာပြီး ခွေးတပ်ဆိုတာ အမည်က ဆိုးပေမယ့် အလုပ်ကတော့ တိုင်းပြည်အတွက် လုပ်ရတာမို့ အလုပ်လည်း လုပ်၊ ဝမ်းလည်း ဝပြီး ဂျပန်စစ်တပ်က အလုပ်စခန်းရောက်ရင် လိုလေသေးမရှိတဲ့အကြောင်း ပြောတယ်။ ပြီးတော့ လူတစ်ယောက် တစ်နေ့အနည်းဆုံးငါးကျပ်ရပြီး အဝတ်အစားအပြည့်အစုံပေးမယ်။

အိမ်ထောင်ရှိတဲ့ လူတွေကိုလည်း အိုးအိမ်ပေးမယ်လို့ ပြောတယ်။ ဒီတော့ ဘကြီးတို့ဒေသက အလုပ်ကလည်း မကောင်းတော့ အဟုတ်ကြီးထင်ခဲ့တာပေါ့ကွယ်။ ဒါတင်ဘယ်ကမလဲ၊ လောလောဆယ် လိုက်တဲ့အတွက် မြို့ပိုင်ကြီးက တစ်ဦးကို ငွေ ငါးဆယ်စီပေးလိုက်တော့ ဘကြီးတို့က ပိုပြီး ယုံကြည်သွားတာပေါ့။ ဒါကြောင့်လည်း ဘကြီးတို့ တစ်အိမ်လုံးလိုက်ခဲ့တာပဲ။ လမ်းရောက်တော့မှပဲ ဖွတ်ထွက်မှ တောင်ပို့မှန်းသိဆိုသလို အစားအသောက်တောင် ကောင်းအောင် မကျွေးချင်ဘူး။ ဒါတင်ဘယ်ကမလဲ၊ တို့တစ်တွေ ထွက်ပြေးမှာစိုးလို့တဲ့လေ၊ တစ်လမ်းလုံး ရထားကို အလုံပိတ်ပြီးထားသေးတယ်။ ရေနွေးကလေး၊ ရေကလေး ရထားရပ်တုန်းတောင်းတာတောင် မာစတာကြီးတွေရဲ့ အအော်အငေါက်ကို ခံကြရတာပါကွယ်။ ဒါတင်မကဘူး၊ မောင်ရင်လေးတို့လို လူငယ်တွေ တင်လာသေးတယ်။ သူတို့က လမ်းမှာ ထွက်ပြေးကြတယ်။ ထွက်ပြေးတိုင်း ဘကြီးတို့ အကြိမ်းအမောင်း ခံရတယ်။ ဘကြီးတို့ကတော့ ပေါက်တဲ့နဖူး မထူးဘူးဆိုပြီးတော့ လိုက်ခဲ့ရတာ

www.burmeseclassic.com

ဝဲလေ။ သူတို့လက်က ပြေးလွတ်ဖို့ ဆိုတာလည်း အခက်သားကလား"

"ကျွန်တော်ပြောချင်တာက ပြော လို့တော့ မကောင်းလှဘူး။ ဘဘကြီးတို့ မှာ သမီးတွေပါလာတဲ့အတွက် ပိုပြီး အနှောင့်အယှက်ခံရမှာ စိုးပါတယ်။ ဒီကောင်တွေဟာ အင်မတန် ရိုင်းစိုင်းတဲ့ အကောင်တွေပဲ ဘကြီး"

ဤတွင်း ကျွန်တော်၏အနီး လာ ရောက်ထိုင်နေသော ဘကျော်ဆိုသူက အဘိုးကြီး ဦးထွန်းရှဲ တူက ဝင်ရောက် ပြောလိုက်ပြန်သည်။

"ဟုတ်တယ်ဗျ။ လမ်းမှာလည်း ဂျပန်တွေက ခွေးတပ်သားတွေ ထွက် ပြေးလို့တဲ့ဗျာ၊ ရိုက်လိုက်တာဆိုတာ ဘယ်ပြောကောင်းမလဲ။ ရိုက်လို့ဝရော အဲဒီ အရိုက်ခံရတဲ့ လူဟာ လှုပ်တောင် မလှုပ်တော့ဘူးဗျ"

"ကိုဘကျော်ကလည်းတော် သေ သွားတယ်ဆိုရင် ပြီးတာပါပဲ"

ဤသို့ အဘ ဦးထွန်းရှဲ၏ သမီး အကြီး မခင်မွှေးက ဝင်ရောက်ပြော လိုက်သဖြင့် ကျွန်တော့်မှာ ပြုံးလိုက် မိသည်။

"ဟုတ်တယ်ဗျ။ ဒီကောင် သေသွား တယ်။ သူ့အလောင်းကြီးကို ဂျပန် စစ်သားတွေက ကားနဲ့တင်ပြီးတော့ ယူသွားတာပဲ။ တော်တော်ရက်စက်ပါ သဗျာ"

ထိုအချိန်တွင် တစ်တွဲလုံး လှုပ် လှုပ်ရှားရှား ဖြစ်သွားချေသည်။

"အဘရေ လေယာဉ်ပျံကြီးဗျ"

ထိုအသံကြောင့် ကျွန်တော်သည် ဦးခေါင်းများကြီးသွားသည်။

ကျွန်တော်သည် ရုတ်တရက် မတ်တတ်ရပ်လိုက်မိသော အချိန်တွင် "ဒက်...ဒက်...ဒက်...ဒက်" ဟူ သော အသံသည် ဆူညံစွာ ထွက်လာ သည်။

"ဝေါ..."

ဟူသော လေယာဉ်ပျံတစ်စင်း ဝဲသွားသည်ကို တွေ့ရ၏။ လေယာဉ်ပျံ မှာ မည်းနက်နေသည်။

ထိုလေယာဉ်ပျံကို မြင်လိုက်ရ သဖြင့် အင်္ဂလိပ်လေယာဉ်ပျံတစ်စင်း ဖြစ်ကြောင်းကို သိရ၏။

ရထားမှာလည်း မရပ်မနားပင် တဝေါဝေါဖြင့် အားကုန်ခုတ်မောင်း လျက် ရှိချေသည်။အင်္ဂလိပ်လေယာဉ်ပျံ သည် ရထားကို တစ်ပတ် ထပ်ဝဲကာ စက်သေနတ်ဖြင့် ပစ်လိုက်ပြန်သည်။

"အားလုံး ဝပ်နေကြ...ဝပ်နေကြ"

ကျွန်တော်က သတိပေးလိုက်ရ သည်။ တစ်တွဲလုံးတွင် ရှိကြသော လူ ပေါင်းလေးဆယ်နီးပါးသည် တစ်ဦး အပေါ်တစ်ဦး ထပ်လျက် ကြောက် ကြောက်လန့်လန့် ဝပ်ကြသည်။

အညာသား ဘကြီး ဦးထွန်းရှဲ၏ ဇနီးမှာ ကြောက်အားဖြင့် အော်လိုက် သေး၏။ ရထားကလည်း မရပ်ပေ။ ရပ်၍လည်း မဖြစ်ချေ။ ကွင်းပြင်တွင် ရထားရပ်လိုက်ပါက ပို၍ ခံရမည်သာ ဖြစ်၏။ ထို့ကြောင့် ရထားမောင်းသူက ရထားရပ်ပေးခြင်းမရှိဘဲ တရကြမ်းခုတ် နေသည်။ ထိုသို့ ရထားကို စက်ကုန် တင်ကာ ခုတ်မောင်းနေရုံမကဘဲ ထင်း မီး ထပ်၍ ထိုသောကြောင့် မည်းနက် သည့် မီးခိုးလိပ်များသည် ကောင်းကင် ပြင်ပေါ်ဝယ် မှောင်၍ အလိပ်လိပ်တက် လာတော့သည်။

အင်္ဂလိပ်လေယာဉ်ပျံသည် ကျွန် တော်မှတ်မိသလောက် နှစ်ပတ်မျှဝဲ၍ ပစ်နေသည့်တိုင်အောင် ကျွန်တော်တို့ တွဲကိုတော့ မထိသေးချေ။

တတိယအကြိမ်မြောက် ကွေ့ပတ် ဝဲလာသောအခါတွင်မူ ကျွန်တော်သည် ဝမ်းလျား မမှောက်နိုင်ဘဲ ဒူးထောက် ကာ လက်များကို တံတောင်ဆစ်ကွေး ကွေးလျက် ဝပ်လိုက်ရသည်။

ဒုတ်ဒုတ်...ဒုတ်ဒုတ်...ဒုတ်

ဒုတ်ဒုတ်...ဒုတ်ဒုတ်...ဒုတ်

စက်သေနတ်သံကို ကြားရပြီး ဝေါ ခနဲ ထွက်သွားသည့် လေယာဉ်ပျံသံကို ကြားရ၏။ ကျွန်တော်တို့အထဲမှ လူတစ် ယောက်၏ အော်သံကိုကြားရ၏။

ထိုသို့ လူတစ်ယောက်အော်သံ အဆုံး ဝုန်း...ဝုန်း...ဝုန်း ဟူသော ဗုံးချသံကို ကြားရ၏။

လေယာဉ်ပျံမှာ တစ်စင်းထဲမှ ဟုတ်ပါလေစဟု ထင်ရ၏။

ပြေးနေသော ရထားတွဲသည် တစ် ဖက်သို့ စောင်းသွားတော့သည်ကို ခံစား လိုက်ရ၏။ သို့တစေ ကသိုလ်ကံကြောင့်

www.burmeseclassic.com

လော မသိရ၊ ရထားမှာ အရှိန်မပျက် မောင်းမြဲ မောင်းနေသည်။

ကျွန်တော်သည် ဝပ်နေရာမှ ထ၍ ကြည့်လိုက်မိသည်။ ရထားလမ်းဘေးတွင် မီးခိုးများ မှောင်လျက်ရှိသည်ကို တွေ့ရ၏။

လေယာဉ်ပျံမှ ပါသော ဗုံးကို ရထားပေါ်သို့ မှန်း၍ ချလိုက်လင့်ကစား ဗုံးမှာ ရထားလမ်းဘေးသို့ကျသွားသဖြင့် ရထားတစ်စင်းလုံး လေယာဉ်ပျံ၏ ဗုံးဘေးမှ လွတ်မြောက်သွားခြင်းပင်တည်း။

"လုပ်ကြပါဦးဗျ၊ ဒီလူတော့ ထိသွားပြီ ထိသွားပြီ"

လူတစ်ယောက်၏ အော်သံကြောင့် ကျွန်တော်ကြည့်လိုက်မိသည်။ ကျွန်တော်နှင့်အတူ ရထားတွဲပေါ်သို့ တင်လိုက်ခြင်းခံရသောလူသည် မျက်နှာ တစ်ခြမ်းပွင့်၍ အသေဆိုးနှင့် သေနေပြီဖြစ်၏။ သွေးနှင့်အတူ ဦးနှောက်ကအဝါများသည် ရထားကြမ်းပြင်တွင် မြင်မကောင်းအောင်ပင် တွေ့ရပါသည်။

"ကျွန်တော်လည်း ထိထားတယ်"

ထိုကဲ့သို့ အသံယဲ့ယဲ့ဖြင့် ပြောလိုက်သောသူကား ရထားတွဲ၏ ထောင့်တစ်ထောင့်တွင် ခွေခွေကလေး လဲနေသူဖြစ်သည်။

ထိုအသံကြားမှာပင် ကျွန်တော်တို့အားလုံးသည် လဲနေသူထံသို့ မျက်လုံးများ ရွှေ့ကာ စိုးရိမ်တကြီးဖြင့် ကြည့်မိကြတော့သည်။ ရထားသည် တဝေါဝေါခုတ်မောင်း နေတုန်းပင်ဖြစ်သည်။

"လေယာဉ်ပျံတော့ ပြန်သွားပြီဗျို့"

လူတစ်ယောက်က ရထားပြတင်းပေါက်မှ ရပ်၍ အော်လိုက်၏။

"ရထား တစ်တွဲတော့ တော်တော်ထိသွားပြီတင်တယ်ဗျ"

မတ်တတ်ရပ်နေသောသူက ပြောလိုက်သေးသည်။ သို့တစေ ကျွန်တော်တို့သည် ထိုသူပြောသော စကားကို ဂရုမပြုနိုင်အားချေ။

အရေးအကြီးဆုံးဖြစ်သော မသေသေးသည့် လူနာအား ပြုစုရေးမှာ အရေးကြီးနေပါချေသည်။ ယင်းသို့ကြောင့်လည်း ဝိုင်းဝန်းပြုစုရသည်။ ထိုသူမှာ အညာသားတစ်ဦးပင်ဖြစ်သည်။ သူ၏ ဘယ်လက်မောင်း၏ လက်မောင်းအိုးတွင် သွေးများ ဝေါက်တောက်ပန်းထွက်နေပါချေသည်။

ကျွန်တော်ထွက်နေသော သွေးများကို မည်သို့ကာကွယ်ရမည်ကိုလည်း အနည်းငယ်တတ်ကျွမ်းသည့် သူနာပြုပညာကလေးတစ်ပိုင်းတစ်စဖြင့် ပြုလုပ်ရတော့သည်။

ချက်ချင်းပင်လျှင် ကျွန်တော်ဝတ်ထားသည့် ဖျင်ကြမ်းလုံချည်၏ အောက်ပိုင်အနားစကို လက်လေးသစ်မျှ ဆွဲဆုတ်ကာ သွေးထွက်နေသော လက်မောင်းရင်းကို ပတ်တီးစည်းသကဲ့သို့ စည်းပေးလိုက်ရ၏။ ပြီးနောက် လက် ၃ သစ်ခန့် ထပ်၍ ဆုတ်ပြီးလျှင် ဒဏ်ရာအထက်မှ ခပ်တင်းတင်းသွေးမလိုက်အောင် စည်းပေးရပြန်ကာ လူနာအား အသက်အသာဖြစ်အောင် လဲလျောင်းစေရသည်။ ဤသို့လှဲအိပ်နေရဖို့အတွက်ကိုလည်း ထိုင်နေသူများအား မတ်တတ်ရပ်ပေးကြရန် တောင်းပန်ရပြန်သည်။

"ဟုတ်တယ်ဗျို့ ကျုပ်တို့ မတ်တတ်ထပေးပါ့မယ်။ မြန်းခနဲ မွန်ထူနေတော့ ဘာလုပ်ရမှန်းမသိဘူး"

အသက် ၄၀ နီးပါးရှိ လူတစ်ယောက်က ပြောလိုက်၏။

"ကျုပ်မှာ လုံချည် အပိုနှစ်ထည် ပါလာပါတယ်။ တစ်ထည်ကို သူ့ပေး လိုက်ပါ"

မတ်တတ်ရပ်နေသော အညာသားကြီးတစ်ဦးက ပြောလိုက်၏။

" ဒီ အလောင်းကြီးကို ဘေးကပ် ထားကြပါဦးကွယ့်"

ဦးထွန်းရုံက ကမန်းကတန်း ဝင်၍ ပြောလိုက်သောအခါမှပင် ကျန်သော လူများလည်း သတိရတော့၏ လူတစ် ယောက်မှာ ရထားမောင်းသောအရှိန် နှင့် မျက်နှာပွင့်၍ သွေးဒလဟောစီးကျ ကာ သေနေသောအလောင်းအပေါ်သို့ လေးဖက်ထောက်ကြီး လဲကျသွားပါ သေးသည်။ ဦးထွန်းရုံ၏ သမီးအကြီး မခင်မွေး နှင့် သမီးအငယ် မခင်အေး တို့မှာ မျက်နှာငယ်ကလေးများဖြင့် ကြည့်နေရှာသည်။ သူတို့မိခင်ဒေါ်ပန်း သည် ပုတီးကို စိပ်ကာ နှုတ်မှ တတွတ် တွတ်ဖြင့် ဗုဒ္ဓ၏ ဂုဏ်တော်များကို ရွတ်ဆိုနေဟန်တူသည်။ ရထား တစ်တွဲထဲတွင် မြင်မကောင်းရှုမကောင်း

www.burmeseclassic.com

www.burmeseclassic.com

သော အဖြစ်မျိုးနှင့် ကြုံနေရသည်။ သသူ သေ၍ ဒဏ်ရာရသူ ဒဏ်ရာ သည်။

သားများသည် နှုတ်မှ ဖွင့် အော်ကြလင့်ကစား ငမ်းတွင် သား မည်မျှ မည်ရွေ့ ကြောက်ရွံ့ ကြသည်ကိုမူ မျက်နှာတွင် ထင်ဟပ် ခြင်းကပင် ကျွန်တော်တို့က သိနေ သည်။

သူတို့ မိန်းမသားချည်းပင်ကြောက် ကြသည်မဟုတ်ပါ။ ဤအဖြစ်မျိုးကို ကြာခဏတွေ့ကြုံခဲ့ရသော ကျွန်တော် သည်ပင် အတော်တုန်လှုပ်နေမိပါ သည်။ ကျွန်တော်ကဲ့သို့ပင် လူတိုင်းမှာ အရင်ကထက်ပင် မျက်နှာငယ်ကာ ကြောက်ရွံ့နေကြသည်ကိုမူ မျက်နှာတွင် ထင်ဟပ်လာခြင်းကပင် ကျွန်တော် တို့က သိနေရသည်။

စစ် ဆိုသည်ကား စစ်သားတွေ စစ်မြေပြင်တွင် အတုံးအရုံးလဲကျ သေဆုံးရသကဲ့သို့ပင် စစ်ကာလနှင့် ရင်ဆိုင်တွေ့ကြုံလာရသော အရပ်သား များမှာလည်း အတုံးအရုံး သေဆုံးကြ ရပါကလားဟူ၍လည်း ရင်ထဲမှ မြည် တမ်းနေမိပါသည်။ မြန်မြန်သာ ဂျပန် စစ်ဘီလူးများပို့သော အလုပ်စခန်းသို့ ရောက်ချင်လာသည်။ သေစရာရှိလျှင် လည်း မြန်မြန်သေ၍ ပစ်ချင်သလို၊ နေစရာရှိလျှင်လည်း မြန်မြန်နေချင် သည်။ ဆင်းရဲလှသော ဤအဖြစ်ရပ်မျိုး ကို ကျွန်တော်မတွေ့ချင်ပါ။

သို့တစေ အဘယ်မျှအထိ ဆင်းရဲ ဒုက္ခပေါင်းစုံနှင့် ရင်ဆိုင်ကြရမည်ကို တော့ ကျွန်တော် မမှျော်မှန်းနိုင်ပါချေ။

မျက်မြင်ခံစားရချက်၊ ပတ်ဝန်းကျင် မှ ကြားရချက်များကတော့မူ လူ့ငရဲ ပြည်သို့ ခရီးသွားနေသည်နှင့် ဘာထူး ခြားပါတော့မည်နည်း။

ယင်းသို့ကြောင့်လည်း ကျွန်တော် သည် မည်သည့်နည်းနှင့်ဖြစ်စေ ဂျပန် စစ်ဘီလူးများ၏ လက်တွင်းမှ အမြန်ဆုံး ပြေးရန်သာ စိတ်စောနေမိသည်။

ခပ်စောစောကထက် ဒဏ်ရာ ရထားသော လူနာသည် သက်သာသွား သော်လည်း မျက်နှာမှာ ရှုံ့မဲ့နေသည်။ ဒလဟော ပန်းထွက်နေသော သွေးများ အကျနည်းလာသည်။ ပုဆိုးဖြင့် စည်း ထားသော ပတ်တီးကို ဖောက်၍ သွေး စီးများ အကွက်လိုက် ပေါ်ထွက်လာ သည်ကို တွေ့ရ၏။

“သာရင် အားမငယ်နဲ့ကွာ၊ မင်းကို မာစတာကြီးတွေက ဆေးရုံကိုတင်မှာ ပါ”

အဘဦးထွန်းရုံသည် သူတို့ရွာ သားကို အားပေးရှာသည်။ တစ်ရွာ တည်းသား အညာသားကြီးများပင် မျက်ရည်များ စို့နေရှာကာ ဘေးမှဝိုင်း ၍ တတွတ်တွတ် အားပေးနေသည်။

ရထားသည် ဘူတာရုံကလေး တစ် ရုံသို့ရောက်လာပုံရကာ အမှောတကော ရပ်သွားလေတော့သည်။ ရထားရပ်သွား သည်နှင့် တစ်ပြိုင်တည်း တွဲတိုင်းမှ ဆူညံသော အသံများကို ကြားရသည်။ ကျွန်တော်နှင့် အညာသားများသည် ဂျပန်စစ်သားများအား အကူအညီ ခေါ်ရန်အတွက် မတ်တတ်ရပ်၍ကြည့်မိ သည်။

ပိတ်အကျီအဖြူ လက်ရှည်နှင့် ကာကီရောင် ဘောင်းဘီ ဝတ်ထား သော တရုတ်ကပြားကဲ့သို့ လူတစ် ယောက်အပြင် သူ့နောက်မှ ဂျပန်စစ် သားတစ်ဦးသည် ကျွန်တော်တို့တွဲဆီ သို့ ပြေးလာသည်။

အရပ်ဝတ်နှင့် ပြေးလာသော တရုတ်ကပြားအား ဂျပန်စစ်သားက “ဟန်ချို . . .ဟန်ချို”ဟု ခေါ်လျက် ရှိသည်။

ကျွန်တော်တို့ တွဲရှေ့သို့ရောက်သည် နှင့် ရပ်လိုက်သည်။ သူတို့မရောက်မီ မှာပင် မအောင့်နိုင်သော အညာသား များက “ကျုပ်တို့တွဲမှာ ဒဏ်ရာရထား ပြီဗျို့ သေတဲ့လူလည်း သေကုန်ပြီ” ဟု အော်လိုက်ကြ၏။

ဟန်ချိုဆိုသူ ဆရာလေးက ဂျပန် တပ်ကြပ်ကြီးအား ကျွန်တော်တို့တွဲကို လက်ညှိုးထိုးပြလိုက်၏။ ဂျပန်တပ်ကြပ် ကြီးက ကမန်းကတန်းပင် ရထားတွဲ တံခါးကို ဆရာလေးဟန်ချိုနှင့်အတူ ဖွင့်လိုက်ကာ ဒဏ်ရာရသူကိုရော သေ နေသူကိုပါ ကြည့်လိုက်သည်။

“အဘိမဗွာနော သေဘီ သေဘီ၊ မကောင်းဘူးရှိတဲ့ယ်က မြန်မြန်ချပါ၊ မြန်မြန်ချပါ”

www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ ဂျပန် တပ်ကြပ်ကြီးက ပြောလိုက်သောကြောင့် ကျွန်တော်နှင့် အညာသား မိတ်ဆွေများသည် ကံဆိုးသူ အမည်မသိသူ၏ အလောင်းကို ချီမကာ ဘူတာရုံ ပလက်ဖောင်းတွင် ချလိုက်ရ၏။

အခြားတွဲများကလည်း လေယာဉ်ပျံ စက်သေနတ်ဒဏ်ကြောင့် သေသူတွေ မနည်းလှပါချေ။ ကျွန်တော်တို့တွဲမှ သေသူ၏ အနီးသို့ယူကာ တန်းစီချလိုက်ကြသည်။ ကျွန်တော်က သေသူများကို ရေတွက်မိသည်။ စုစုပေါင်း လူပေါင်း ၁၅ ယောက်ဖြစ်၏။ အင်္ဂလိပ်တိုက်လေယာဉ်၏ ဒဏ်ဖြင့် သေသူများကို တန်းစီထားသည်မှာ ကြည့်မကောင်း ရှုမကောင်း ဖြစ်နေသည်။

ဂျပန်စစ်ဗိုလ်တစ်ဦးသည် ရုံပိုင်လုပ်နေသော ဂျပန်စစ်ဗိုလ်နှင့် စကားအနည်းငယ်ပြောဆိုလျက်ရှိသည်။

ချွေးတပ်များတွင် ဟန်ချီ၊ ဘွန်ချီ၊ ဘွန်တိုက်ချီ ဟူ၍ အဆင့်အတန်းအမျိုးမျိုး ခွဖြ[illegible]ကာ ကိုယ်မြန်မာချင်းပြန်လည်အုပ်ထိန်းထားစေသည်။

များသောအားဖြင့် မြန်မာထဲမှ ဟန်ချီခေါ်ဆရာလေးသာ ဂျပန်စစ်ဗိုလ်များက အများဆုံးခန့်ထားသည်ကို တွေ့ရ၏။ ဒဏ်ရာရထားသော လူနာများကိုကား ဂျပန်စစ်သား ၃ ယောက်သည် ဆေးသားရေအိတ်ကြီး ဆွဲယူလာခဲ့ပြီးလျှင် ဆေးများထည့်၍ ပတ်တီးစည်းပေး လိုက်ပါသည်။

မကြာမီ ရထားတွဲတံခါးများကို ပြန်၍ ပိတ်လျက် ဆက်လက်ထွက်လာပြန်သည်။ လူသေအလောင်းများကို ဘူတာတွင် ထားခဲ့လင့်ကစား ဒဏ်ရာရထားသော လူနာများကိုမူ ခေါ်မြဲခေါ်လာခဲ့သည်။

ကျွန်တော်တို့တစ်တွေမှာ ဂျပန်စစ်သားများ၏ ရက်စက်မှုများကို လက်ငင်း တွေ့ကြုံနေရသလို ရက်စက်ဆိုးဝါးလှသော စစ်ဘေးစစ်ဒဏ်ကို မည်မျှအထိ ခံစားကြရဦးမည်ကို မသိနိုင်အောင် ဖြစ်နေပါချေသည်။

သံဖြူဇရပ်ဘူတာသို့ ရောက်သောအချိန်မှာ ညနေ ၅ နာရီထိုးပြီးချေပြီ။

သံဖြူဇရပ်ဘူတာတွင် မော်လမြိုင်သို့ ထွက်မည့် ရထားတစ်စင်းကို တွေ့ရသည်။ ထိုရထားပတ်လည်တွင် ဂျပန်စစ်သားများသည် တွဲတိုင်းသို့ လိုက်လံစစ်ဆေးလျက်ရှိသည်ကို တွေ့ရသည်။

ကျွန်တော်တို့သည် ရထားတဲများပေါ်မှ မဆင်းရဲသေးချေ။ သေးပေါက်ချင်သော ယောကျ်ားများသည် ကြာရှည်စွာ အောင့်၍မရပါ။ ရထားတွဲထဲပေါက်သည်။ သစ်သားအပေါက်ကြားမှနေပြီး အပြင်သို့ ပေါက်ချရသည်။

သို့တစေ သေးရည်များမှာ အပြင်သို့ အားလုံးထွက်ကြသည် မဟုတ်ပါ။ တွဲ ပေါ်သို့ ပြန်ကျသဖြင့် သေးစော်မှာ တထောင်းထောင်း နံလျက်ရှိနေပါချေသည်။ ကျွန်တော်တို့ ချွေးတပ်အား ခေါ်ဆောင်လာသော ဂျပန်စစ်ဗိုလ်မှာ

သုံးလိုင်းတစ်ပွင့်ပြီးပြီး သူ့လက်အော[...]တွင် ဝမ်းလိုင်းသရီးစတားခေါ် တစ်[...]ကြယ်သုံးပွင့်ရ တပ်ကြပ်ကြီးတစ်ဦ[...]တစ်လိုင်း တစ်ပွင့်ရ တပ်ကြပ်န[...]တပ်သားကျော်ခေါ် ကြယ်သုံးပွ[...]စစ်သားကြီးများသာလျှင် တွေ့မြင်[...]ချေသည်။

မြန်မာထဲမှ လက်မောင်း[...]ဘူးသီးငါးပေါင်းကျော် ဂျပန်စာ[...]လက်ပတ် ပက်ထားသည် ဟန်ချီ [...]ဆရာလေးများ ပါလေသည်။

ဟန်ချီခေါ် ဆရာလေးများသ[...]ဂျပန်စစ်ဗိုလ်က ခေါ်သဖြင့် ဘူတ[...]ရှေ့သို့ သွားကာ စီတန်းရပ်လျက် ရှိ[...]ကြသည်ကို တွေ့ရ၏။ ဤအချိန်[...]ကျွန်တော်သည် ဦးထွန်းရုံတို့ မိသ[...]အပေါ် အတော်ပင် တွယ်တာမိ[...]စိတ်ဓာတ်များ ရစ်ဝဲလျက်ရှိနေပ[...]သည်။

အမှန်တော့ ကျွန်တော့်ဘဝ၊ ကျ[...]တော့် တစ်ကိုယ်တည်း အလွတ်[...]မည်ဆိုပါကလွတ်မြောက်ရန် နည်း[...]များစွာရှိနေပါချေသည်။

ယခုတော့မူ လွတ်မြောက်[...]ကြံစည် ကြိုးစားမိလေတိုင်း ကျွန်[...]မျက်စိထဲတွင် မခင်မွှေး၊ မခင်အေ[...]ညီအစ်မနှစ်ဦးအပေါ်ဝယ်ပို၍ ကရု[...]သက်နေမိချေသည်။

သူကလေးများ၏ မျက်လုံးမျ[...]လည်း ကျွန်တော့်အပေါ်တွင် အား[...]မှီခိုလိုသော ဆန္ဒများ ပြနေဘိသ[...]

www.burmeseclassic.com

www.burmeseclassic.com

…၏။ မှန်သည်။ ဦးထွန်းရှံ ကိုယ်…လည်း ကျွန်တော့်ကို လမ်းတွင်…ကိုးတကြီး ပြောခဲ့သည်။

"မောင်ရင်လေးက ဘာလုပ်ကိုင်…"

ဦးထွန်းရှံက မေးလိုက်ပြန်သည်။

"ခေတ္တအရောင်းအဝယ်လုပ်နေ…ပါ အဘ။ ကျွန်တော်ဟာ ဘီအိုင်…တပ်မှာ ပါဝင်ဖူးပါတယ်။ ပြီးတော့…တပ်တော်ထဲ ပြန်ဝင်ဖို့လည်း စီစဉ်…ပါတယ်။

ဂျပန်စကားလည်း အတော်အသင့်…တတ်ထားပါတယ်။ ဒါပေမဲ့ အခွင့်မသင့်…တော့ ကျွန်တော်ကို ဂျပန်တွေက ချွေး…တပ်ထဲ ဆွဲသွင်းခဲ့တာပဲအဘ"

"အေးကွယ်၊ အဘတို့လည်း မောင်…လေးမြင်ကတည်းက လူရည်လည်…ယ့် သူငယ်ပဲဆိုတာ အကဲခတ်မိပါ…ယ်။ ဒါကြောင့်လည်း အဘတို့က…ငမ်တာပဲ။ အရေးကိစ္စပေါ်လာရင် အဘတို့ကို တိုင်ပင်ပါကွယ်။ အဘတို့မှာ အားကိုးစရာဆိုလို့ ဒီတွဲထဲက လူတွေ…ရှိပါတယ်"

ဦးထွန်းရှံက ဤသို့ အားကိုးတကြီး ပြောလိုက် လေသောကြောင့်လည်း ကျွန်တော့်မှာ သူတို့အတွက် ရင်ထုမနာ ဖြစ်သွားရ၏။ အမှန်တော့ ဇနီးဖြစ်သူ ရော သမီးများပါ ပြောင်းလာသော ဦးထွန်းရှံအဖို့ သူ၏ရှေ့ရေးကို တွေးကာ အဘယ်မှာလျှင် စိတ်ချမ်းသာခြင်းရှိပါ မည်နည်း။

ဤအချိန်တွင် ကျွန်တော်တို့၏ တွဲတံခါးများကို ဟန်ချိုခေါ် လူကြီးများ ကိုယ်တိုင်လာ၍ဖွင့်သည်။

ကဲ…ဦးထွန်းရှံ ခင်ဗျားတို့ကတော့ တစ်အိမ်ထောင်လုံး ပြောင်းလာတဲ့ အတွက် အထူးအခွင့်အရေး ရမှာပေါ့ ဗျာ။ အိမ်ထောင်နဲ့ ပြောင်းလာတဲ့ အိမ်ထောင်သည်တွေကိုတော့ သီးသန့် အိပ်တန်းလျားမှာ ထားမယ်ဗျာ"

ဘူးသီး ငါးပေါင်းကြော် ဂျပန် စာလုံး လက်ပတ်ကို ပတ်ထားပြီးလျှင် ရင်ဘတ်တွင် ရွှေဝါရောင် မြားတန်း ကလေးတစ်ချောင်း ချိတ်ထားသည့် အသက် ၃၀ ကျော်ခန့် လူတစ်ယောက် ပြုံးပြုံးကြီး ပြောလိုက်ပါလေသည်။

ကျွန်တော်တို့ ချွေးတပ်သားများ သည် ရထားတွဲအောတွင် မတ်တတ် ရပ်လျက်ရှိနေကြသည်။ဤသို့မတ်တတ် ရပ်နေကြစဉ် ဒဏ်ရာရရှိထားသော လူနာများကိုအရပ်ဝတ်အရပ် စားဝတ် ပြီး သူနာပြုလက်ပတ်တံဆိပ်တပ်ထား လေသော သူနာပြုများက ကပ်များဖြင့် လာခေါ်၍ခေါ်ယူသွားကြသည်။

ယင်းနောက်မတော့ ချွေးတပ်သား ပေါင်း ၃၀၀ ကျော်ခန့်ရှိသည့် တပ်ကြီး သည် ဘူတာရုံမှ ထွက်ခွာရ၏။ ကျွန် တော်တို့အားလုံးမှာ တပ်ဖွဲ့တွေဖွဲ့ထား လေသည်။ ဆယ်ဦးလျှင် တစ်စိတ် တစ်စိတ်ဖြစ်ပြီး ထိုတပ်စိတ်မှူးအား ဟန်ချိုဟု၍ခေါ်သည်။ တပ်စိတ် ၁၀ စိတ်၊ ဟန်ချို ၁၀ ဦး။ လူပေါင်းတစ်ရာ မှာ ဘွန်ချိုခေါ် လူကြီးတစ်ဦးခန့်ထား ကြသည်။ ဘွန်ချိုဆိုသူမှာလည်း မြန်မာ အမျိုးသားထဲမှ ခန့်ထားခြင်းဖြစ်လေရာ အားလုံးပင် အင်္ဂလိပ်စကားအကျိုးအပဲ့ များဖြင့် ပြောကြသည်။ ဂျပန်စစ်ဗိုလ် နှင့် စစ်သားကလည်း အင်္ဂလိပ်စကား မတတ်တတတ်ဖြင့် ပြောဆိုသည်ကို တွေ့ရသည်။

ကျွန်တော်တို့ လူပေါင်း ၁၀ ယောက်ကို ဖွဲ့ပေးထားသော တပ်စိတ် တွင် ကျွန်တော်မှာ ဦးထွန်းရှံအဖွဲ့တွင် ချွေးတပ်သားတစ်ဦးအဖြစ် ပါရှိသည်။ ဦးထွန်းရှံမှာ ချွေးတပ်ခေါင်းဆောင် လူကြီးအဖြစ်နှင့် ခန့်ထားကြောင်းကို ဘွန်ချိုဆိုသူ ဦးမဲကြီးက လာ၍ပြော သည်။

အမှန်တော့ တွဲအောတွင် တန်းစီ နေကတည်းကပင် တပ်စိတ်များကို ထပ်မံဖွဲ့လိုက်ပြီးလျှင် ခေတ္တစခန်းချမည့် နေရာသို့ ထွက်လာကြခြင်းဖြစ်၏။

ဦးထွန်းရှံအား ဟန်ချိုခေါ် ဆရာ လေးအဖြစ်နှင့် ခန့်အပ်ကြောင်းကို ဂျပန်စာပါ လက်ပတ်တစ်ခုပေးလိုက် သည်။ ဦးထွန်းရှံက သူ မလုပ်ချင် ကြောင်းပြောသော်လည်း တစ်ရာအုပ် ဘွန်ချို ဦးမဲကြီးက "ဒါ မာစတာကြီး အမိန့်ဗျ၊ မာစတာကြီးက ခင်ဗျားကို အထူးအခွင့်အရေး ပေးတာ သိလား" ဟုပင် ပြောလိုက်သေး၏။

ဟန်ချို ဦးမဲကြီး၏ ပြောလိုက် သော စကားများသည် အန္တရာယ်ဆိုး

www.burmeseclassic.com

www.burmeseclassic.com

ဝင်နိုင်သည့် ငှက်ဆိုးအော်သံပင် ဖြစ်ကြောင်းကို ကျွန်တော်က နားလည်လိုက်ရ၏။ ဤသို့ပင် ဦးထွန်းရုံလို အသက်ကြီးသော ပုဂ္ဂိုလ်ကလည်း မသိဘဲတော့ ရှိမည် မဟုတ်ပါချေ။

ကျွန်တော်တို့ လူပေါင်း ၃၀၀ ကျော်ခန့်အား သံဖြူဇရပ်မြို့ကလေး၏ အနောက်ဘက်ရှိဝါးခမ်းများဖြင့် ဆောက်လုပ်ထားသည့် တဲတန်းလျားကြီးများသို့ ခေါ်သွားပါ၏။ ကျွန်တော်တို့ထက် အလျင်ရောက်နေသော သူများကိုလည်း တွေ့ရသည်။ ဘူတာရုံနှင့်ဆိုသော် ၃ ဖာလုံခန့်သာဝေးပါလိမ့်မည်။

ချွေးတပ်သားများသည် မြန်မာနိုင်ငံအရပ်ရပ်မှ ခေါ်ဆောင်လာသော သူများဖြစ်သောကြောင့် လူမျိုးစုံလှချေသည်။ ချွေးတပ်သားများအား သူ့နယ်နှင့်သူ စခန်းချထားပေးသည်ကိုလည်း တွေ့ရ၏။

ထမင်းဟင်းချက်ပြုတ်ရသည်မှာလည်း ကိုယ့်အဖွဲ့နှင့်ကိုယ် ချက်ပြုတ်ရသည်ဖြစ်ရာ ကျွန်တော်တို့ လူပေါင်း ၁၀၀ ကျော်ချွေးတပ်သားများအတွက်လည်း ထမင်းဟင်းချက်ပြုတ်ရန် တပ်စိတ်အလိုက် လူတစ်ယောက်စီပေးရသည်။ ကျွန်တော်တို့အဖွဲ့ခေါင်းဆောင်ဖြစ်သော ဦးထွန်းရုံက သူ၏ တူတော် မောင်ဘကျော်ကို ထမင်းချက်ဖို့အရေးအတွက် ထည့်ပေးလိုက်ပါသည်။

ကျွန်တော်တို့ ခေတ္တမျှ စခန်းချနေရသော တဲစခန်းကြီးတွင်ပင် တပ်စိတ်လိုက် နာမည်များကို ဘွန်ချီများဖြစ်သော ရာအုပ်များထံသို့ ရေးပေးကြရသည်။ ထိုသို့ အမည်ပေးပေးရန်အတွက် အမည်စာရင်းကောက်ယူရာတွင် ဘူတာရုံမှာ တစ်ကြိမ်ကောက်ယူသွားကာ ယခုတစ်ကြိမ် ကောက်ယူသွားပြန်၏။

ကျွန်တော်မှာ ဦးထွန်းရုံ ကိုယ်စား အမည်စာရင်းများကိုရေး၍ ဘွန်ချီဖြစ်သော ဦးမဲကြီးအား သွားရောက်ပေးလိုက်ရပါသည်။ ဦးမဲကြီးဆိုသော်လည်း အသက်အားဖြင့် ၄၀ ခန့်သာရှိသေးသော လူကြီးပိုင်ရောက်ခါစ အရွယ်ဖြစ်၏။

အသားအရောင်မည်းသဖြင့် ဦးမဲကြီးဟု ခေါ်လေရာ အမည်နှင့် လိုက်လျောအောင်လည်း ညီပါ၏။ ပြီး. . . ဂျပန်များအား မျက်နှာလို မျက်နှာရဖော်လန်ဖားရသည်မှာလည်း နားနှင့်မဆံ့ကြားနေရ၏။

"မင်းက ဘယ်သူတုံး"

ကျွန်တော့်အား ခပ်တည်တည်ဖြင့် ဟိန်းကာ မေးလိုက်၏။

"ကျွန်တော်ကိုတောင် မမှတ်မိတော့ဘူးလားဗျာ။ မော်လမြိုင်ကနေ အတင်းဖမ်းပြီး ခေါ်လာတဲ့ လူလေ"

"ဩော်. . .ဩော် သိပြီ မင်းတို့က ချွေးတပ်ပြေးတွေ မဟုတ်လား။ သတ်မပစ်တာ ကံကောင်းတယ်"

"ဘာ ချွေးတပ်ပြေးရမှာလဲ"

"မဟုတ်ဘူးလား"

ဦးမဲကြီးက အမည်ရေးထားသေ[...]
စာရွက်ကို ယူ၍ကြည့်ကာ မေးလိုက်[...]

"ဘယ်ကဟုတ်ရမှာလဲ၊ ကျွန်[...]
က ပဲခူးကနေပြီး မော်လမြိုင် အ[...]
ထံကိုလာတာ၊ ဂျပန်က ဖြတ်ပြီ[...]
လာတာဗျ။ ချွေးတပ်ပြေးမဟုတ်[...]
ချွေးတပ်ပြေးက ဒီလိုပဲ မော်လမြိုင်[...]
ထဲမှာ စမတ်ကျကျလမ်းလျှောက်[...]
နေမတဲ့လား"

ထိုအခါကျမှ ဦးမဲကြီးသ[...]
ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်လ[...]
၏။ ပြီးတော့ တစ်ကိုယ်လုံးအား အ[...]
ခတ်ကြည့်လိုက်သည်။

"အင်း. . .

မင်းက . . . အညာသားသေ[...]
ဟုတ်ဟန် မတူဘူး"

"အောက်သားပါလို့ ကျွန်တော်[...]
လည်း ပြောနေသားဟာပဲ"

"မင်းက တော်တော် ဘုက[...]
အကောင်ပါလား။ မင်းအမည်[...]
ဘယ်သူတဲ့လဲ"

"ဟဲ. . .ဟဲ အောင်နိုင်တဲ့ဗျ"

"ဩော်. . .အောင်နိုင်၊ အေ[...]
မင်းသွားနိုင်ပြီ။ ဒါထက် ပြောလိုက်[...]
ကွ။ ဦးထွန်းရုံကို ချွေးတပ်သား[...]
အပြင်ထွက် မလည်စေနဲ့လို့။ ည[...]
၃ နာရီကျရင် မာစတာကြီးက [...]
လိမ့်မယ်လို့။ ဟုတ်လား"

"ဟုတ်ကဲ့. . .ဟုတ်ကဲ့"

ကျွန်တော်က ဦးမဲကြီးထံမှ [...]
သည်။

www.burmeseclassic.com

www.burmeseclassic.com

ဦးမဲကြီးက ကျွန်တော့်အား ...မိပွါယ်ရှိသော မျက်လုံးများဖြင့် စိုက် ...ာ ကြည့်နေသည်။

ဤအချိန်တွင် ကျွန်တော်လျှောက် ...သောတဲကြီးအတွင်းမှ ခွေးတပ်သား ...ရို့ ဖဲရိုက်ကစားနေကြသည်ကို တွေ့ ... ဝိုင်းမှာ အတော်ကလေးကြီးကျယ် ...သည်။ ဂျပန်များက ထိုကဲ့သို့ ဖဲရိုက် ...သည်ကို ဥပေက္ခာပြုထားလေ ...လားမသိ။ ဖဲဝိုင်း၏ အခြေအနေမှာ ...သားအပြင် ဘေးထိုးသားပါလူပေါင်း ... ခန့်ထက် မနည်းပါချေ။ ထိုကဲ့သို့ ...ရိုက်နေသည်ကိုလည်း ဘွန်ချိုအမည်ခံ ...အုပ်များက မသိဘဲတော့ မဟုတ်ပါ။ ...ဝိုင်းနှင့် သူတို့စာရင်းယူနေသော ...နေရာပါနှင့်ဆိုသော် မဝေးလှ၊ လှမ်း၍ ...အော်ခေါ်လိုက်လျှင် ကြားနေရသော ...နေရာဖြစ်၏။

ကျွန်တော်နှင့် သိသော လုဖေ ...သူအားတွေ့ရ၏။ သူနှင့် ကျွန်တော် ...ာ ရထားပေါ်တွင် မိတ်ဆွေဖြစ်ခဲ့သူ ...ားဖြစ်၏။ သူကိုလည်း ဂျပန်များက ...အတင်း ဆွဲခေါ်လာသောကြောင့်သာ ...ိုက်ပါလာရခြင်းဖြစ်၏။ ယခုအခါတွင် ...ပါက်သည့်နှဖူး မထူးဟူသော အနေ ...ဖြင့် ယူဆထားလေသလား မပြော ...တတ်ပါ။ ဖဲဝိုင်းတွင် ဘေးမှ ရပ်ကာ ...ကြည့်ရင်း ဂျပန် ငါးကျပ်တန်စက္ကူ ...တစ်ရွက်ကို ကိုင်လျက်တွေ့ရ၏။

ကျွန်တော်ကို မြင်သောအခါတွင် "ဟဲ...ဟဲ ဒီလိုပေါ့ဗျာ"

ဟု သွားဖြဲ ရယ်မောလျက် ပြောလိုက်သေး၏။

တဲတန်းလျားမှာ အလယ်တွင် လူလျှောက်လမ်းအဖြစ် ဖြတ်ထားပြီးလျှင် ဘေးနှစ်ဖက်တွင်သာ အိပ်ဖို့၊ နေဖို့ပြုလုပ်ထားခြင်းဖြစ်၏။ ပြီး...အဝင်ပေါက်၊ အထွက်ပေါက်သာရှိလျက် ဝင်ပေါက် ထွက်ပေါက်များတွင် အစောင့်လူများချထားသည်ကို တွေ့ရ၏။ သူတို့မှာ လက်နက်မပါရှိဘဲ ရိုးရိုးအရပ်သား ခွေးတပ်သားများဖြစ်ကြ၏။

ဦးထွန်းရုံတို့ မိသားစုအား သီးသန့်အခန်းမပေးနိုင်လင့်ကစား တန်းလျား၏ အဝင်ပေါက်နေရာတွင် လူပျိုများနှင့် မရောနှောဘဲ သီးသန့်နေရာယူနေထိုင်စေပါ၏။

ကျွန်တော် ရောက်သွားသောအခါ မခင်မွေးတို့မှာ ရေချိုးသွားရန်အတွက် ပြင်ဆင်နေကြသည်ကို တွေ့ရ၏။

ဦးထွန်းရုံနှင့် သူတို့ရွာသားအချို့ စကားပြောနေကြသည်ကိုလည်း ကျွန်တော်က တွေ့ရပါလေသည်။ ဦးထွန်းရုံနှင့် စကားပြောနေသူများတွင် တူတစ်ဦးဖြစ်သောအောင်သန်း ဆိုသူကိုတွေ့ရ၏။

"မောင်အောင်သန်း။ မင့်နှမတွေ ရေချိုးသွားမလို့တဲ့၊ လိုက်သွားပါကွယ်"

ဦးထွန်းရုံက ပြောလိုက်သဖြင့် အောင်သန်းသည် ...

"ဟုတ်ကဲ့ အဘ"

ဟု ပြောကာ နေရာမှ ထလိုက်လေသည်။

"ကိုရုပ်ဆိုးက ဘာများပြောလိုက်သလဲကွယ့်"

"ဦးမဲကြီးကို ခေါ်တာလားအဘရဲ့"

ဦးထွန်းရုံက ပြုံးပြုံးကြီး ဦးခေါင်းညိတ်လိုက်လေသည်။

"ဒီကောင်ကြီး အရုပ်ဆိုးတာနဲ့ တို့က ကိုရုပ်ဆိုးလို့ခေါ်တာ သူက မလှိုင်သားကွ။ ဂျပန် မာစတာတွေက သူ့ကို ရာအုပ်မှူးခန့်ထားတော့ သိပ်ဘဝင်မြင့်သွား[illegible]တာပေါ့ မောင်အောင်နိုင်ရာ"

"ကျွန်တော်ကိုလည်း သူက စစ်ဆေးနေလိုက်သေးတယ်။ သူ့ကြည့်ရတာဟာ အဘပြောတဲ့အတိုင်း တော်တော် ဘဝင်မြင့်နေပုံရတယ်။ တော်တော်တော့ ရယ်စရာကောင်းတာပဲ အဘ၊ တစ်ခုတော့ရှိတယ်။ ဒါလည်း အဘမို့ ကျွန်တော်စေတနာ[illegible] တိုင်ပင်ချင်တဲ့အကြောင်းကိစ္စပဲ"

ဤသို့ ပဏာမ ပျိုးလိုက်သည်။ အဘ ဦးထွန်းရုံက ကျွန်တော့်စကားကို စိတ်ဝင်စားလာသည်။ အနီးကို တိုးလာပြီး...

"ကဲ...ဘာများလဲ၊ သူတို့ မသိရမယ့်စကားတွေ ပါသလား"

ဟု ဘေးမှ သူ့ရွာသားနှစ်ဦးကို ကြည့်ပြီး ပြောလိုက်၏။

ရှေ့လဆက်ဖတ်ပါရန်...

||| မြဝတီ

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

(စာတတ်သိမ်းပိုင်း)

ယမ်းဘီလူးအောင်ဒင်က နှင်းဆီမမအသတ်ခံရကြောင်း၊ ဦးတင်မောင်ဖေ၏ ပြောလိုက်လျှင် ပို၍ ကြောင်စီစီဖြစ်သွားခဲ့၏။

မိမိနှင့်အတူ နှင်းဆီမမရှိခဲ့သည်မှာ ၂၄ နာရီပင် ရှိသေးရဲ့လား။ ယမ်းဘီလူးအောင်ဒင် ထိုအသိအတွေးက သူ့ဦးနှောက်ထဲ ဝင်လာ၏။

"မဖြစ်နိုင်ဘူးဗျာ၊ မဖြစ်နိုင်ဘူး"

ယမ်းဘီလူးအောင်ဒင် ထိုင်ရာမှ ရပ်ရန် ကြိုးစားရာ ထမရဘဲ ဖြစ်နေ၍ အနီးရှိ ဒုရဲအုပ်မြင့်မြင့်အေးကို အကူအညီတောင်းခံသလို ကြည့်လိုက်ရာ ဆရာဝန်က ချက်ချင်းပင် ယမ်းဘီလူးအောင်ဒင်အား လှမ်းတားလိုက်သည်။

"မထနဲ့ ကိုအောင်ဒင်။ ခင်ဗျားထလို့မရဘူး။ ခင်ဗျား အဲဒီလိုလှုပ်ရှားလို့မရအောင် ဆေးထိုးထားတယ်။ ခဏငြိမ်ငြိမ်နေပါ"

ဆရာဝန်က ယမ်းဘီလူးအောင်ဒင်အား တားမြစ်စကား ပြောပြီးနောက် ဦးတင်မောင်ဖေအနီးသို့ ကပ်သွားကာ . .

"စိတ်ပူစရာ မလိုတော့ဘူး။ သူ့အသိဉာဏ် ထိခိုက်အောင် မလုပ်ခဲ့ကြဘူး။ ရုတ်တရက် လှုပ်ရှားလို့မရအောင်တော့ လုပ်ထားတယ်"

သည်တော့ ရဲအုပ်ကြီးဦးတင်မောင်ဖေ စိတ်သက်သာစွာဖြင့် ပင့်သက်မောကို ချလိုက်သည်။

"ဒေါက်တာ . . . သူ့ကို ဂရုစိုက်ပေးပါဗျာ။ ကျွန်တော် အပြင်သွားစရာ[illegible] လို့ ဒီမှာ လုံခြုံရေးချထားပါ့မယ်"

"ဟုတ်ကဲ့၊ စိတ်ချပါခင်ဗျာ"

"ကဲ . . . ဒေါ်မြင့်မြင့်အေး ခင်ဗျားတာဝန်ယူလိုက်"

"ဟုတ်ကဲ့ ဆရာ"

သည်နောက် ယမ်းဘ[illegible]လူး[illegible]ဒင်က -

"ကျုပ် ဘယ်လိုဖြစ်သွားတာလဲဗျာ"

"ခင်ဗျား ဘာမှမဖြစ်ဘူး။ [illegible] မယ့် နားဖို့တော့ လိုအပ်မယ်။ ကျွန်[illegible] ဆေးထိုးပေးပါ့မယ် ကိုအောင်[illegible]"

ဆရာဝန်က ပြုံးပြုံးရွှင်ရွှင် ယမ်းဘီလူးအောင်ဒင်ကို နှစ်သိမ့်မှုပေးကာ ဆေးထိုးပေးသည်။

"ဒေါ်မြင့်မြင့်အေး"

"ပြောပါ ကိုအောင်ဒင်"

"နှင်းဆီမမ တကယ်ပဲ အသတ်ခံလိုက်ရပြီလား"

"ကျွန်မတော့ အသေးစိတ်မသိရသေးပါဘူး ကိုအောင်ဒင်"

"ကျုပ် သူ့အလောင်းကိုကြည့်ချင်တယ်။ စစ်ဆေးချင်တယ်ဗျာ။ ကျုပ်ကို ကူညီပါဗျာ"

ယမ်းဘီလူးအောင်ဒင်က ထရန် ကြိုးစားသည်။ ထိုအခါ ဒုရဲအုပ်မြင့်မြင့်အေးက ယမ်းဘီလူးအောင်ဒင်၏ ပခုံးနှစ်ဖက်ကို အသာဖိထားပြီး -

"ကိုအောင်ဒင် ခဏနားလိုက်ပါ။ အချိန်တွေရှိပါတယ်"

"သူအိပ်သွားမှာပါ။ ဒေါ်မြင့်မြင့်အေး စိတ်ချလိုက်ပါ"

ဆရာဝန်က ယမ်းဘီလူးအောင်ဒင့် အခြေအနေကိုကြည့်ပြီး ပြောဆို[illegible] အခန်းတွင်းမှ ထွက်သွား၏။ ဆရာ[illegible] ပြောသည့်အတိုင်း[illegible]င် ဖြစ်သည်။ [illegible] ဘီလူးအောင်ဒင် စကားမပီတော့ဘဲ [illegible] လုံးများ မှေးခင်းလာပြီဖြစ်သည်။

"နှင်း . . . နှင်း . . ဆီ . . . မ[illegible]

ဤမျှသာ ရေရွတ်နိုင်ပြီး [illegible] ဘီလူးအောင်ဒင် အိပ်ရာပေါ် လဲကျ[illegible]

www.burmeseclassic.com

www.burmeseclassic.com

တော့၏။

ယမ်းဘီလူးအောင်ဒင့်အသိထဲ၌တော့ နှင်းဆီမမက သူ့ကို အိပ်(စ)ပို့ရမ်တစ်ခွက်ကို ဆော်ဒါရေခဲနှင့် ကျနစွာရောစပ်၍ တိုက်၏။ အရသာရှိလှသော ရမ်တစ်ခွက်ကို အာလူးကြော်၊ ကြက်အူချောင်းကြော်နှင့် မြည်း၍ အရသာခံ၏။ သူသိလိုသည်ကို ပြော၏၊ မေး၏။

"မနှင်းဆီ ကျုပ်ကိုဒုက္ခပေးခဲ့တယ်"

"ဘာဒုက္ခပေးလို့လဲ"

"မနှင်းဆီ အသတ်ခံရတယ်ကြားလို့ ကျုပ် စိတ်ဆင်းရဲခဲ့တယ်"

"တကယ်ပဲလား ကိုအောင်ဒင်ရယ်"

"ကျုပ်ပေ ာက်ျားပါ မနှင်းခ ။ ယောက်ျားဆိုတ ယောက်ျားစကာ ဲ တည်တည်(ြာချင်ပါတယ်"

ယ မ်းဘီလူးအောင ်ဒင်က အရသာရှိသော အရက်ရှိန်လေးဖြင့် ပြောနေသည်။ နှင ်းဆီမမ ရင်၌ တသိမ့်သိမ့်ခံစားနေရသလိုပင

"ကိုအောင ်ဒင် ... နောက်တစ်ခွက်ချိုးမြှင့်မယ်မှတ်လ ား"

"သောက်ရမှာပေါ့ မနှင်းဆီရယ်၊ သောက်ရမှာပေါ့"

နှင်းဆီမမက နောက်ထပ်တစ်ခွက်ကို ကျကျနန စပ်ပေးပြန်သည်။ အပြင်မှ ဆူညံမှုက ငြိမ်သက်သွားသည်ဟု ယမ်းဘီလူးအောင်ဒင်စိတ်ထဲ ခံစားရသည်။ နှင်းဆီမမက အပြုံးလှလှဖြင့် ယမ်းဘီလူးအောင်ဒင့်ရှေ့ဝယ် ဒူးထောက်၍ ကျုံ့ကျုံ့ကလေးထိုင်ကာ –

"အမြည်းလည်းစားဦးလေ။ ဗိုက်ထဲအစာမရှိရင် သိပ်မူးသွားလိမ့်မယ်"

"ကျေးဇူးပါပဲ မနှင်းဆီ။ မနှင်းဆီ အပေါ်မှာထိုင်လေ"

"ရပါတယ် ကိုအောင်ဒင်။ ကျွန်မရှင့်ကိုလေးစားလို့ တန်းတူမထိုင်ရဲပါဘူး။ ကျွန်မရုပ်ဖျက်ထားတာ ရှင်ဘယ်လိုသိလဲဟင် ..."

"ဒါကတော့ မနှင်းဆီရယ်။ ကျုပ်က ခင်ဗျားအသံကို နှလုံးသားထဲအထိစွဲအောင်သိတာ။ ပြီးတော့ မနှင်းဆီရဲ့မျက်ခုံး၊ မနှင်းဆီရဲ့မျက်လုံး။ မျက်ခုံးက စင်ရော်တောင်လိုပဲလေ။ တကယ့်ကို လှတယ်။ 'ဘယ်ပန်းချီရေးလို့မမီ' ဆိုတဲ့အတိုင်းပဲ"

"ဟင်းနော် ... ကိုအောင်ဒင်က မြှောက်လွန်းတယ်"

"မမြှောက်ပါဘူး။ အခုလက်ငင်းပဲလေ။ မနှင်းဆီ ရုပ်ဖျက်တာကို ကျုပ်သိခဲ့တယ်။ ဒါသက်သေခံပဲမှတ်လား"

"တော်ပါပေတယ် ကိုအောင်ဒင်ရယ်။ ကျွန်မ ရှင့်ကို လေးစားပြီးရင်းလေးစားရင်းပဲ။ ရော့ ... သုံးဆောင်လိုက်ဦး"

နှင်းဆီမမစပ်ပေးထားသော အရက်ခွက်ကိုယူ၍ ယမ်းဘီလူးအောင်ဒင် တစ်ငုံငုံပြီး လည်ချောင်းထဲသို့ သွင်းလိုက်၏။ ပူရှ၍ လည်ချောင်းထဲ စိမ့်ဝင်သွား၏။

"ကျုပ်ကိုဖြေပါဦး မနှင်းဆီ"

"ဟုတ်ကဲ့ ... မေးပါ"

"ဒီဝေဝေမြန်မာထမင်းဆိုင်ရဲ့ ပိုင်ရှင်နဲ့ မနှင်းဆီ ဘယ်လိုတော်စပ်သလဲ။ ဦးရှောင်ဆိုတာရယ်၊ တစ်ခါက မနှင်းဆီကို ထားမေနဲ့ ကလေးနှစ်ယောက်ကိုစွမေးခဲ့ဖူးတယ်နော် ...နော်"

ရုတ်တရက် ယမ်းဘီလူးအောင်ဒင့်စိတ်သည် နိုးထတက်ကြွလာသလိုပင်။ မိမိရှေ့၌ ကျုံ့ကျုံ့ကလေးထိုင်နေသော မနှင်းဆီအလှသည် ပို၍ တက်ကြွလာသလို ခံစားရ၏။ မနှင်းဆီ ဖျော်စပ်ပေးသော အိပ်(စ်)ပို့ရမ်က တန်ခိုးပြလေသလား၊ ယမ်းဘီလူးအောင်ဒင် အသိအတွေးတို့ ဝေဝါးသွားသလား။

"မနှင်းဆီ အပေါ်မှာထိုင်လေ။ မနှင်းဆီ ... မနှင်းဆီ"

ယမ်းဘီလူးအောင်ဒင်က မနှင်းဆ
ကို ပွေ့ဖက်ရင်း ...

"ကိုအောင်ဒင် ... ကိုအောင်ဒ
သတိထားပါဦး"

ယမ်းဘီလူးအောင်ဒင်သည် ဒု
အုပ်မြင့်မြင့်အေး၏ လက်မောင်းကို အ
ရပါးရ ဆုပ်ကိုင်ထားရာမှ အိပ်မောက
သွားတော့၏။

× × ×

ယမ်းဘီလူးအောင်ဒင်ကို ဒုရဲအု
မြင့်မြင့်အေးနှင့် ရဲကြပ်ကြီးစိုးသိန်းက
ရန်ကုန်ဆေးရုံကြီး၏ ရင်ခွဲရုံအလော
များထားရှိရာသို့ တွဲခေါ်ခဲ့ကြသည်။

သည်နေ့တွင် နှင်းဆီမမကိုသဂြိုဟ်
မည့်နေ့ ဖြစ်သည်။ ယမ်းဘီလူးအောင်ဒ
မှာ ခန္ဓာကိုယ်တောင့်တင်းမှုမရှိသေး
ယိမ်းယိုင်နေဆဲဖြစ်ရာ ဒုရဲအုပ်မြင့်မြင့်အ
နှင့် ရဲကြပ်ကြီးစိုးသိန်းတို့က ယမ်းဘီ
အောင်ဒင်၏ဆန္ဒအတိုင်း ရင်ခွဲရုံအလော
စင်ရှိရာသို့ ထွက်ခဲ့ခြင်းပင်။

ဟုတ်ကဲ့။ သည်နေရာက သံဝေ
နယ်မြေဖြစ်ခြင်းကြောင့် တွေ့ကြုံရသမျှ
ကို မေ့လိုက်ကာ လက်ငင်းမြင်တွေ့
သည့် ဖြစ်ရပ်အပေါ်၌ သံဝေဂတွေ ရ
၏။ "ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်
ကား ကွေကွင်းနောက်ဆုံးရှိချေ၏" ဟု
သော သံဝေဂလင်္ကာနှင့်အညီ ကြီးကြီး
ငယ်ငယ်၊ ရုပ်လှလှ၊ ရုပ်ဆိုးဆိုး လူ့ဘ
၏ နောက်ဆုံးခရီး ဤနေရာမှ သွားကြ
ပါတကား။

ရှိုက်သံ၊ ငိုသံ၊ လွမ်းဆွေးကြေကွဲ
သံတို့ဖြင့် ရောပွမ်းနေပါ၏။ ယမ်းဘီလူ
အောင်ဒင်နှင့် ဒုရဲအုပ်မြင့်မြင့်အေး၊ ရဲ
ကြပ်ကြီးစိုးသိန်းတို့က လူအုပ်အတွင်
တဖြည်းဖြည်း ဝင်လာရင်းက နှင်းဆီမ
ဟုစာတန်းချိတ်ထားသော အလောင်းစ
အနီးသို့ ရောက်ရှိလာ၏။ ဒုရဲအုပ်မြင့်မြ
အေးကတော့ သခ်ါရ လွမ်းဆွေးကြေ

www.burmeseclassic.com

www.burmeseclassic.com

မှုကို မခံစားနိုင်။ မိမိတို့ ပတ်ဝန်းကျင်တွင် ဒုစရိုက်အန္တရာယ် ရှိမရှိ သိမ်းစွန်ငှက် မျက်လုံးကဲ့သို့ ရှာဖွေနေရပါ၏။

နှင်းဆီမမ အလောင်းစင်ဘေး၌ မရှိသတ်က မနည်းပေ။

"လှလိုက်တဲ့ မိန်းကလေးကွယ်။ အသေစောပါတယ်"

ဤသို့ အနီးပတ်ဝန်းကျင်မှ ဝေဖန်သုံးသပ်သံများ။ ယမ်းဘီလူးအောင်ဒင်က နှင်းဆီမမအလောင်းကို သေချာစွာ ဓာတ်ပုံရိုက်အကဲခတ်သည်။ ပြီးတော့ ပတ်ဝန်းကျင်ကို လေ့လာသည်။ အိုမင်းမစွမ်း အဘွားအိုတစ်ယောက်က ဤသို့ဆို၍ မျက်ရည်ဝေကျနေသည်။

"မြေးမလေးရယ် .. မင်းကိုသနားလိုက်တာကွယ်"

ယမ်းဘီလူးအောင်ဒင်က မျက်ရည်ကျ၍ လွမ်းဆွတ်ဖွယ်ပြောနေသော အဘွားကြီးနားသို့ ကပ်သွားကာ –

"လောကကြီးက ဟန်ဆောင်မှုတွေ များလိုက်တာနော်"

ဟု ပြောလိုက်ရာ ဒုရဲအုပ်မြင့်မြင့်အေးနှင့် ရဲကြပ်ကြီးစိုးသိန်းတို့ အူကြောင်ကြောင်ဖြစ်သွားကြသည်။

အမှန်တော့လည်း လက်ရှိအဖြစ်အပျက်နှင့် ဘာမျှသက်ဆိုင်မှုမရှိသော စကားရပ်ပင် မဟုတ်ပါလား။

× × ×

"မင်းဆေးရုံကဆင်းလို့ရပြီလို့ ဆရာဝန်က ခွင့်ပြုလိုက်ပြီ။ ဒါပေမယ့် လှုပ်ရှားမှုကိုတော့ လျှော့ရမယ်တဲ့။ ဦးနှောက်အလုပ်များများ မပေးပါနဲ့လို့ ဆရာဝန်မှာခဲ့တယ်ကွ"

ယမ်းဘီလူးအောင်ဒင်က ဘာမျှပြန်မဖြေပါ။ ရှေ့ဆက်ရမည့်အကြောင်းချင်းကို အဖြေရှာနေသည်။ ဖြစ်ပျက်ခဲ့သည့် အကြောင်းရပ်များက အမှန်လည်းရှိသည်၊ အမှားလည်းရှိသည်၊ ဖုံးကွယ်မရသော ဟန်ဆောင်မှုကို ယမ်းဘီလူးအောင်ဒင် တွေ့ခဲ့သည်မဟုတ်ပါလား။

"မင်းအခန်းမှာပဲ အနားယူပေါ့ကွာ။ လောလောဆယ် မင်းရဲ့ ကျန်းမာရေးက စိတ်မချရတော့ မင်းရဲ့လုံခြုံရေးကို ငါကြည့်စီစဉ်မှာပါ"

ရဲအုပ်ကြီးဦးတင်မောင်ဖေက ယမ်းဘီလူးအောင်ဒင်အပေါ် ထားရှိသည့် သူ့စေတနာအတိုင်း ပြောနေခြင်းပင်။

ယမ်းဘီလူးအောင်ဒင်က ရဲအုပ်ကြီးဦးတင်မောင်ဖေ၏ စီစဉ်မှုအတိုင်း ဆေးရုံမှ ဆင်း၍ သူ့အခန်းမှာပင် နားနားနေနေနှင့် အခြေအနေအရပ်ရပ်ကို တွေးတောသုံးသပ်နေမိပါ၏။

မိမိအားမသတ်ဘဲ ဘာကြောင့် ယမင်းစားတော်ဆက်သို့ ပို့ခဲ့ပါသနည်း။ မိမိ နှင်းဆီမမအပေါ် ဘာတွေပြုခဲ့ပါသလဲ။ မိမိ ဘာကျူးလွန်ခဲ့ပါသလဲ။ နှင်းဆီမမ ဘာကြောင့် မိမိအား သတိလက်လွတ်ဖြစ်အောင် လုပ်ခဲ့ပါသနည်း။

"ဒေါက် ... ဒေါက် ... ဒေါက်"

အတွေးကောင်းဆဲ အပြင်ဘက်မှ တံခါးခေါက်သံကြောင့် ယမ်းဘီလူးအောင်ဒင် အတွေးများ လွင့်ပြယ်သွားရသည်။ တံခါးခေါက်သံက ပြင်းသည်။ ယမ်းဘီလူးအောင်ဒင်နှင့် စိတ်ထဲ၌ ဇဝေဇဝါဖြစ်နေသည်။ ရိုးသားသောတံခါးခေါက်သံလား၊ သေမင်းတမန်တံခါးခေါက်သံလား။

မည်သို့ပင်ဖြစ်စေ တံခါးခေါက်လျှင် ဖွင့်ပေးရမည်မဟုတ်ပါလား။

"ကလင် .. ကလင် ... ကလင်"

သည်အချက် တယ်လီဖုန်းဖြည်သံကလည်း တစ်ခန်းလုံး ကျယ်လောင်စွာ ဖုံးလွှမ်းသွားပါ၏။

ယမ်းဘီလူးအောင်ဒင်ငိုင်သွားမိသည်။ ဤအဖြစ်မျိုးက မကြာမီပင် ကြုံခဲ့ဖူးသည်မဟုတ်ပါလား။ ဤသို့ပင် တံခါးခေါက်သံနှင့် တယ်လီဖုန်းသံ တစ်ကြိမ်တည်းကို ယမ်းဘီလူးအောင်ဒင်တွေ့ကြုံခံစားခဲ့ဖူးသည် မဟုတ်ပါလား။

ယမ်းဘီလူးအောင်ဒင်က ပြဿနာအတွေးကို ဖြတ်တောက်၍ တယ်လီဖုန်းကို ကောက်ကိုင်လိုက်ရာ ရဲအုပ်ကြီးဦးတင်မောင်ဖေ၏ အသံသြသြကြီးက ပေါ်လာ၏။

"ဟော့ ... ဖိုးအောင်ဒင်"

"ဟုတ်ကဲ့ ... ဦးတင်မောင်ဖေ။ ကျွန်တော်နားထောင်နေပါတယ်"

"ငါတို့ဆီကို သတင်းထူးတစ်ခုရောက်နေတယ်။ မင်းအမြန်လာခဲ့ပါလား။ တိုင်ပင်ဆွေးနွေးတာပေါ့။ မင်းဘာသတင်းမှ မရဘူးမှတ်လား"

ဦးတင်မောင်ဖေက မိမိအား သံသယနဲ့မေးကြောင်းကို ယမ်းဘီလူးအောင်ဒင်က သိလိုက်သည်။

"ကျွန်တော်က ဂီလာနဖြစ်နေတော့ သိပ်အလေးထားပုံ မရပါဘူး"

"ကဲ ... ဒါတွေထားလိုက်။ စခန်းကို မြန်မြန်လာခဲ့ပါလား။ ဒုရဲအုပ်နဲ့အဖွဲ့ကိုတော့ သတင်းပို့တဲ့နေရာတစ်ဝိုက်ကို ထိန်းချုပ်ခိုင်းထားတယ်။ မောင်ရင့်ဆီဖုန်းဆက်ပြောဖို့ မှာလိုက်သေးတယ်"

"မဆက်ပါဘူးခင်ဗျာ"

"အင်း ... မဆက်တာလည်း မပြောနဲ့လေ။ မင်းက ..."

ဦးတင်မောင်ဖေ စကားဖြတ်လိုက်ရာ ...

"ဦးတင်မောင်ဖေ၊ ဆက်ပြောလေဗျာ"

"မင်းတော်တော်ဆိုးတဲ့ကောင်ပဲ။ ငါ့ဆီသာ မြန်မြန်လာခဲ့"

ဦးတင်မောင်ဖေ ဖုန်းချသွားသဖြင့် ယမ်းဘီလူးအောင်ဒင်က တယ်လီဖုန်းချ၍ တံခါးဆီသို့ ဖြည်းညင်းစွာ လျှောက်ခဲ့သည်။ မိမိတယ်လီဖုန်းပြောနေစဉ်မှာ တံခါးခေါက်သံ ရပ်သွားသည်။ ယမ်းဘီလူးအောင်ဒင်က သတိကြီးစွာ တံခါး

www.burmeseclassic.com

www.burmeseclassic.com

ဖွင့်လိုက်သည်။

အပြင်၌ မည်သူတစ်ယောက်မျှ မရှိပါ။ ပတ်ဝန်းကျင်၌လည်း ငြိမ်သက်နေသည်။ ပတ်ဝန်းကျင်ကို လှေ့လာကြည့်တော့လည်း ယမ်းဘီလူးအောင်ဒင်အတွက် ထူးခြားချက်မတွေ့ရပါ။ ပြတင်းတံခါးဆီသို့သွား၍ လမ်းပေါ်သို့ စူးစမ်းကြည့်သော်လည်း ဘာမျှထူးထူးခြားခြား မတွေ့ရပါ။

နောက်ပြန်လှည့်၍ အခန်းထဲပြန်ဝင်မည်အပြုတွင် တံခါးသော့ခတ်ရာနေရာ၌ စာအိတ်ကြီးတစ်လုံး ချိတ်ဆွဲထားသည်ကို ယမ်းဘီလူးအောင်ဒင်တွေ့လိုက်ရသည်။

ယမ်းဘီလူးအောင်ဒင်က စာအိတ်ကို ရုတ်တရက်မဖြုတ်သေးဘဲ ခေတ္တမျှ စူးစမ်းလေ့လာ၏။ အန္တရာယ်က မဖိတ်မခေါ်ဘဲ လာတတ်သည်မဟုတ်ပါလား။

သေချာလေ့လာပြီးမှ စာအိတ်ကို ဖြုတ်ယူ၍ အခန်းတံခါးပြန်ပိတ်ကာ မီမီအလုပ်စားပွဲ၌ထိုင်၍ ယမ်းဘီလူးအောင်ဒင်က စာအိတ်ကြီးကို ဖောက်လိုက်သည်။ စာအိတ်သုံးအိတ်ပါသည်။ စက္ကူဖြူချောဖြင့် ပတ်ထားသည့် စာအိတ်တွင် မင်နီဖြင့် ရေးထားသောစာကို ယမ်းဘီလူးအောင်ဒင် တွေ့လိုက်ရသည်။

စာအိတ်ကိုပတ်ထားသော စာရွက်ပေါ်တွင် ဤသို့ ရေးသားထားပါသည်။

ကိုအောင်ဒင် သတိပြုပါရန် ...

ကိုအောင်ဒင် သစ္စာရှိပါရန် ...

ပူးတွဲပါစာအိတ်များကို ၁-၂-၃ အမှတ်စဉ် ပြုထားပါသည်။ အမှတ်-၁ ဖောက်ပြီး အမှတ်-၁ မှ မှာကြားချက်အတိုင်း ဆောင်ရွက်ပြီးမှ အမှတ်-၂ ကို ဖောက်ပါ။ အမှတ်-၂ ကို ဆောင်ရွက်ပြီးမှ အမှတ်-၃ ကို ဖောက်ဖတ်ပါရန်။ ပြောသည့်အတိုင်း ဆောင်ရွက်ပါရန်။

မည်သူပေးပို့လိုက်သည်ဟု မပါပါ။ သို့သော် ယမ်းဘီလူးအောင်ဒင်က ဤအကြောင်းကို ရိပ်မိလိုက်သည်။

နှင်းဆီမမကလွဲ၍ မည်သူရှိပါမည်နည်း။

နှင်းဆီမမအလောင်းကို ရင်ခွဲရုံမှာ တွေ့ကတည်းက ယမ်းဘီလူးအောင်ဒင်က သိပြီးဖြစ်၏။ ထိုစဉ်က မိမိ၏ ကျန်းမာရေးအခြေအနေက ကောင်းလှသည် မဟုတ်။ ပြီးတော့ "မြေးမလေးရယ်၊ မင်းကို သနားလိုက်တာကွယ်" ဆိုသော အဘွားအို၏ စကားကြောင့်လည်း မိမိက လောကကြီးမှာ ဟန်ဆောင်မှုတွေပေါ လိုက်တာဟုဆို၍ ထိုနေရာမှ ခွာခဲ့သည် မဟုတ်ပါလား။

နှင်းဆီမမကို ဘယ်လိုမှ လွယ်လွယ်နှင့် သတ်၍မရဟု မိမိသုံးသပ်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် နှင်းဆီမမသည် လွန်စွာမှ ထက်မြက်သူဖြစ်ခြင်းကြောင့်ပင်။ နှင်းဆီမမမှာ အတွေးအခေါ်တွေ၊ ကြိုတင်သိမြင်မှုတွေ ရှိခဲ့ခြင်းကြောင့်ပင်။

ယမ်းဘီလူးအောင်ဒင်က မိမိအား ကတိသစ္စာ ဆောင်ရွက်ရန်ဆိုခဲ့သည့်အတိုင်း စာသုံးဆောင်ကို စားပွဲပေါ်တင်လိုက်ကာ အမှတ်-၁ စာအိတ်ကို ဖောက်လိုက်ပါသည်။

ပထမစာအိတ်မှ ဖော်ပြပါစာတစ်စောင်ကို ယမ်းဘီလူးအောင်ဒင် တွေ့လိုက်ရပါ၏။

ကိုအောင်ဒင် ...

ဒီစာကိုဖတ်ပြီးသည်နှင့် ချက်ချင်း ဆောင်ရွက်ပါ။

၁။ ဦးဘဝမ်ကို ဖမ်းပါ၊

၂။ သင်းမာလာခြံကို ဝင်စီးပါ။ သင်းမာလာခြံထဲမှာ ကိုအောင်ဒင်တို့ လိုချင်တာတွေရှိတယ်။

သင်းမာလာခြံကြီးက မိကျောင်းကန် အနောက်ယွန်းယွန်း ချောင်းနှစ်ခွဲမှာ ရှိတယ်။ အစောင့်အကြပ်ထူထပ်တယ်။ ချောင်းနှစ်ခွဲဆိုတာ ချောင်းက အဲဒီသင်းမာလာခြံကြီးကို ခွဲပြီးပတ်ထားတ... အင်မတန်မှ သာယာပါတယ်။ အင်မ... သာယာတဲ့နေရာမှာ လူသားတွေရဲ့ အ... ဂတ်အတွက် ကြောက်စရာကောင်း... အန္တရာယ်ဆိုးကို ဦးဘဝမ်ဦးဆောင်... ဆောင်ရွက်နေတယ်။

ကိုအောင်ဒင်တို့ နာမည်ပေး... တဲ့ 'ဒေဝီမှူးယစ်' ဟာ အဲဒီ သင်းမာ... ခြံကြီးပဲ။ အမြန်ဆောင်ရွက်ပါ။ ဦးဘ... နဲ့ အပေါင်းပါ ၁၅ ဦးတို့ ယခုအ... အင်္ဂါနေ့ည ၇ နာရီမှာ ဆုံကြလိမ့်မ...

ဤစာကို အခု အမြန်ဆုံးစီစဉ်... ဆောင်ရွက်ပါ။

(ဤပထမစာပြီးမှ ဒုတိယစာအိ... ဖောက်ပါ။)

ကတိသစ္စာကိုယုံလျ...

နှင်းဆီ...

စာဆုံးအောင် ဖတ်မိသောအ... ယမ်းဘီလူးအောင်ဒင် ခေါင်းကြီးသ... သည်။ နှင်းဆီမမရဲ့စာအရ အချိန်နှ... လိုသေးသည်။ သတိကြီးစွာ လျှို့ဝှ... ထားရမည်။ ယမ်းဘီလူးအောင်ဒင် ... ချင်း ဦးတင်မောင်ဖေထံ ဖုန်းဆက်... သည်။

"ဟ ... အရေးကြီးတယ်ဆိုမှ ... မလာဘဲ ဖုန်းဆက်ရလား ဖိုးအောင်ဒင်..."

"ကျွန်တော့်အတွက်လည်း အ... ကြီးတယ်။ ဒေါ်မြင့်မြင့်အေးတို့အဖွဲ့... ဘယ်ကိုလွှတ်လိုက်သလဲဗျာ။ မြန်... ပြောပါ ဦးတင်မောင်ဖေ"

"အဝေးပြေးလမ်းပေါ်က 'ဒေ... ထမင်းဆိုင်' ကို မာဖီနဲ့ အကဲခတ်... ခိုင်းထားတယ်ဟေ့။ အဲဒီဆိုင်မှာ ငါတို့... နေတဲ့ 'ဒေဝီမှူးယစ်' တရားခံတွေ ... မယ်လို့ သတင်းပို့ထားတယ်။ ဒါကြော... မင်းကိုအမြန်ခေါ်တာ"

ဦးတင်မောင်ဖေ၏စကားကြော... ယမ်းဘီလူးအောင်ဒင် ပင့်သက်မော... ၏။ နှင်းဆီမမသတင်း ဟုတ်သည်...

www.burmeseclassic.com

ဟုတ်သည်ဖြစ်စေ သည့်ကိစ္စကို ဆောင်ရွက်ရပေမည်။ နှင်းဆီမမ ဘာကြောင့် သည်သတင်းပို့ပါသလဲ။ နှင်းဆီမမ ယခု ဘယ်နေရာမှာလဲ။ ယင်း'လဲ'ပေါင်းများစွာကလည်း ယမ်းဘီလူးအောင်ဒင်စိတ်ကို များစွာလှုပ်ရှားမှုပေးနေပါ၏။

× × ×

ယမ်းဘီလူးအောင်ဒင်၊ ရဲအုပ်ကြီး ဦးတင်မောင်ဖေနှင့် ဒုရဲအုပ်မြင့်မြင့်အေးတို့ စာတစ်စောင်လုံးဖတ်၍ အဖြေရှာနေကြသည်။

"ဒီစာက အဆုံးသတ်မဟုတ်ဘော့ ..."

ဒုရဲအုပ်မြင့်မြင့်အေးက ယမ်းဘီလူးအောင်ဒင်ကို မကြည့်ဘဲ မျက်နှာတစ်ဖက်လွှဲ၍ ပြောလိုက်သည်။

"ပထမဆုံး ဒီစာအတိုင်းလုပ်ရင် ကောင်းမယ် ဒေါ်မြင့်မြင့်အေး။ ဘာကြောင့်လဲဆိုတော့ ဇဝေဇဝါဖြစ်စရာမလိုဘူး။ ဒီစာအမှတ်–၁ ကိုပဲ ဆုံးဖြတ်ပြီးလုပ်ဘာ ကောင်းပါတယ်။ နှင်းဆီမမဟာ အတော့်ကို အတွေးအခေါ်ကောင်းတဲ့ မိန်းကလေးပဲ"

ဦးတင်မောင်ဖေက ယင်းသို့ သုံးသပ်ဆုံးဖြတ်သည်။ သည်တော့ ဒုရဲအုပ်မြင့်မြင့်အေးက ဘာမျှပြန်မပြော။ ယမ်းဘီလူးအောင်ဒင်က ဝင်ပြောသည်။

"အရေးကြီးတာက ဦးဘဝမ်ဆိုတာ ဘယ်သူလဲ ..."

ဟုတ်ပါသည်။ နှင်းဆီမမပြော၍သာ ဦးဘဝမ်ဆိုသည်ကို သိလိုက်ရသည်။ ဤပုဂ္ဂိုလ်သည် ဖြူသလား။ မည်းသလား မသိကြပါ။

"ငါတို့အဖွဲ့ဝင် တစ်ယောက်ယောက်ကို အထဲဝင်စုံစမ်းခိုင်းရင် မကောင်းဘူးလား။ ရက်က နီးနေပြီပဲ။ မူတူးကို လွှတ်ပေးရင်ကော ..."

မူတူးဆိုသော ရဲကြပ်ကတော့ စိတ်ချရသူဖြစ်သည်။ မူတူးမှာ ရဲအုပ်ကြီး ဦးတင်မောင်ဖေရောက်ကတည်းက ဤစခန်းတွင် ရှိသူဖြစ်သည်။ လုပ်သက်နှစ် ၂၀ ကျော်ပြီဖြစ်သော်လည်း ရာထူးက မတက်နိုင်။ အကြောင်းကား မူတူးသည် နာမည်နှင့်လိုက်အောင် ခဏခဏ မူးရမ်းနေသူဖြစ်သည်။ စခန်းတစ်ခုလုံးက သူ့ကို မူးတူးဟု နာနည်ပေးထားသည်။ ထို့ကြောင့် ရာထူးလေးတက်လိုက်၊ ပြုတ်လိုက်နှင့် ဦးတင်မောင်ဖေလက်ထက်မှာတော့ မူတူး လိမ္မာနေသည်။ ရဲကြပ်က နေ မပြုတ်။

ဦးတင်မောင်ဖေ၏ ဆုံးဖြတ်ချက်ကို ယမ်းဘီလူးအောင်ဒင်နှင့် ဒုရဲအုပ်မြင့်မြင့်အေးပါ သဘောတူလက်ခံလိုက်သည်။ ထိုခဏချင်းပင် ရဲအုပ်ကြီးဦးတင်မောင်ဖေက ရဲကြပ်မူတူးကိုခေါ်က ရှင်းလင်းပြောပြ၍ တာဝန်ပေးလိုက်သည်။

× × ×

ဤနေ့ နံနက်ခင်း၌ ရဲအုပ်ကြီး ဦးတင်မောင်ဖေ၊ ဒုရဲအုပ်ဒေါ်မြင့်မြင့်အေးနှင့် အခြားရဲအရာရှိများနှင့် ယမ်းဘီလူးအောင်ဒင်တို့ ခေါင်းချင်းဆိုင်နေကြသည်။

"ပတ်ဝန်းကျင် အနေအထားကတော့ နှင်းဆီမမပေးထားတဲ့ ပုံစံအတိုင်းပါပဲ။ ချောင်းနှစ်ခွဲအလယ်မှာ သင်းမာလာခြံကြီး တကယ့်ကို အံ့ဩလောက်အောင် သာယာစိုပြည်ပါတယ်ဗျာ"

ယမ်းဘီလူးအောင်ဒင် သူလေ့လာခဲ့မှု ရှင်းပြနေသည်။ သို့သော် နှင်းဆီမမ ပြောသည့် ဦးဘဝမ်ကို ယမ်းဘီလူးအောင်ဒင် မသိခဲ့၊ မတွေ့ခဲ့ရပါဟု ဆိုရပါမည်။ အကြောင်းကား သင်းမာလာခြံကြီးသို့ အဝင်ခက်ခြင်း၊ အစီအစဉ်ပျက်မည်စိုး၍ ယမ်းဘီလူးအောင်ဒင်အနေနှင့် တုံ့ဆိုင်းဆိုင်း ဖြစ်ခဲ့ရ၏။

လွန်စွာမှ တည်ခံ့သော နိုင်ငံခြားသားနှစ်ယောက်ကိုတော့ ယမ်းဘီလူးအောင်ဒင် တွေ့ခဲ့ရသည်။ သည့်ကိစ္စက သိပ်ဆန်းကြယ်သောကိစ္စမဟုတ်သော သူတို့လုပ်ငန်းမျိုးက သည့်လိုပင် ဆက်နွယ်နေသည်မဟုတ်ပါလား။ နိုင်ငံခြားသားနှစ်ဦးကို ယမ်းဘီလူးအောင်ဒင်က မနီးမဝေးမှ အကဲခတ်ခွင့်ရခဲ့၏။ ယမ်းဘီလူးအောင်ဒင်အဖွဲ့သည် အချိန်က လွတ်လပ်စွာ လှုပ်ရှားခွင့်မရ။ ဤချောင်းနှစ်ခွဲ၌ မိကျောင်းက ပေါပါဘိသနဲ့။

ယမ်းဘီလူးအောင်ဒင်က ပိုက်လှေလေးမျှောကာ ငါးရှာဖွေရန် အားထုတ်ရ၏။ အလားတူ ပိုက်လှေလေးများကလည်း ရှိနေသေးရာ ယမ်းဘီလူးအောင်ဒင်အတွက် လွန်စွာမှ သတိထားရပါ၏။

ဒုရဲအုပ်ဒေါ်မြင့်မြင့်အေးကလည်း သည်ပတ်ဝန်းကျင်မှာ လှုပ်ရှားနေပေမည်။ ရဲကြပ်မူတူးက ဘယ်နေရာမှာ မူးနေပါသလဲ။ သည်အချိန်က သည်အတွေးတွေ ယမ်းဘီလူးအောင်ဒင့်အသိထဲ ဝင်လာ၏။

"သူတို့အဖွဲ့ရဲ့လုပ်ရပ်က တော်တော်ပိရိတယ်လို့ ဆိုရမှာပဲကွ။ ရဲအုပ်ကြီး ဦးတင်မောင်ဖေက ဤသို့သုံးသပ်၏။

"ဆရာပြောတာ အမှန်ပဲ။ ကျွန်မလည်း ချဉ်းကပ်ဖို့ ကြိုးစားတာပဲ။ ဘယ်လိုမှ အခွင့်အရေးမရဘူး"

ဒုရဲအုပ်မြင့်မြင့်အေးက ဝင်ပြောလိုက်ရာ ယမ်းဘီလူးအောင်ဒင်ကလည်း ခေါင်းတညိတ်ညိတ်နှင့် ထောက်ခံနေ၏။ ယင်းအခိုက် စခန်းတွင်းသို့ ကားတစ်စီးဝင်လာပြီး ကားကို ယာဉ်ကြောများလွတ်ရာနေရာတွင် ရပ်၍ ကားပေါ်မှ လွန်စွာမှ စမတ်ကျခံ့ထည်သော အိန္ဒိယအမျိုးသားတစ်ယောက်ဆင်းလာ၏။ ပြီးနောက် ဦးတင်မောင်ဖေဆီ ဦးတည်သွား၍ နှုတ်ဆက်ပါ၏။

"မင်္ဂလာပါဆရာကြီး"

"အေး ... မင်္ဂလာနောက်မှထား။ ဘာကိစ္စလဲ၊ ဘာလုပ်ပေးရမလဲ၊ မြန်မြန်

www.burmeseclassic.com

www.burmeseclassic.com

ပြောကွာ။ ငါတို့မှာ အချိန်သိပ်မရှိဘူး''

ဦးတင်မောင်ဖေက စိတ်မရှည်စွာဖြင့် ပြော၏။

''ပြောမယ်ဆရာကြီး။ ချနော် အကူအညီလိုပါတယ်။ ဆရာကြီးချေးဖူး မမေ့ပါဘူး''

''ဟာ ... ပြောမှာ မြန်မြန်ပြောပါကွာ''

''ဦးတင်မောင်ဖေကလည်းဗျာ၊ စိတ်တိုရန်ကော။ ကဲ .. ကဲ ... မှုတူး၊ မင်းပြောစရာရှိတာ မြန်မြန်ပြောတော့''

ယမ်းဘီလူးအောင်ဒင်က သည်သို့ဝင်ပြောမှ ရဲအုပ်ကြီးဦးတင်မောင်ဖေ ဆတ်ခနဲ ထရပ်လိုက်တော့သည်။

''ဟော့ ... မှုတူး''

''ဟုတ်ပါတယ်ဆရာ၊ ဆရာ့တပည့် မှုတူးပါ။ အင်း ... ဒါကြောင့်လည်း ယမ်းဘီလူးအောင်ဒင်လို့ နာမည်ကြီးတာပဲ။ တော်ပါပေတယ် ဆရာကိုအောင်ဒင်''

ရဲကြပ်မှုတူးက ဤသို့ဝန်ခံပြီးနောက် ဦးဘဝမ်နှင့် သင်းမာလာခြံကြီးအကြောင်း အသေးစိတ်ရှင်းပြ၏။ သည်နေ့ညတွင် စီးနင်းရမည့်ကိစ္စမှာ ရဲကော်မင်ဒိုတပ်ဖွဲ့လိုအပ်ကြောင်း တင်ပြရာ ရဲအုပ်ကြီးဦးတင်မောင်ဖေက ချက်ချင်း ရဲချုပ်ထံ တင်ပြကာ စီစဉ်ရတော့သည်။

ရဲကြပ်မှုတူးက ဒေဝီမူးယစ်ဖြိုခွင်းရေးတွင် အဓိကကျသောအခန်းမှ ပါဝင်လာရ၏။ မှုတူးက ဦးဘဝမ်၏ မူးယစ်ဒေဝီဟု ရဲအုပ်ကြီးဦးတင်မောင်ဖေတို့ တိုက်ခိုက်ဖြိုခွင်းရန် အားထုတ်နေသော အဖွဲ့တွင် ဦးဘဝမ်ယုံကြည်ရသော အဖွဲ့ဝင်ဖြစ်ခဲ့ရသည်။

ယနေ့ ဦးဘဝမ်ဆောင်ရွက်မည့် အစည်းအဝေးအစီအစဉ်က မူးယစ်ဆေးဝါး ဖြန့်ချိသူများ ဦးဆောင်အဖွဲ့၏ အရေးကြီးသော ဆုံတွေ့စည်းဝေးခြင်း ဖြစ်ကြသည်။ မြန်မာနိုင်ငံအရပ်ရပ် မြို့ကြီးများမှ မူးယစ်ကုန်သည်များ၏ အထူးလျှို့ဝှက် အစည်းအဝေး ဖြစ်သည်။

ရဲကြပ်မှုတူးက ပဲခူးမြို့က မူးယစ်ကုန်သည်ကြီး မစ္စတာချူးဆိုသည်နှင့် ဆက်သွယ်မှုရကာ မူးယစ်ဒေဝီဂိုဏ်းချုပ်ကြီး ဦးဘဝမ်၏တပည့် နေ့ချင်းညချင်း ဖြစ်လာရသည်။ ဦးဘဝမ်မှာ ယုံကြည်စိတ်ချရသော တပည့်လိုအပ်နေသည့် အချိန်နှင့် ရဲကြပ်မှုတူး၊ မစ္စတာချူးနှင့် ပူးပေါင်းဝင်ပူးလိုက်ရာ ရဲကြပ်မှုတူး ချက်ချင်းပင် အဖွဲ့ဝင်နေရာ ရရှိခဲ့သည်။

ထိုအခါ ဒုရဲအုပ်မြင့်မြင့်အေးက ရဲကြပ်မှုတူး(ခေါ်) ရောဘတ်ခမ်း၏ စီးပွားရေးတာဝန်ခံအဖြစ် ဆောင်ရွက်ရသည်။ စီးပွားရေးတာဝန်ခံနှင့် ကိုယ်ရံတော် နှစ်ဦးကို မစ္စတာရောဘတ်ခမ်းက အစည်းအဝေးသို့ ခေါ်ဆောင်ခွင့်ရှိသည်။ ဤအခွင့်အရေးရအောင်လည်း ရဲကြပ်မှုတူး (ခေါ်) မစ္စတာရောဘတ်ခမ်းက စီစဉ်ထားခဲ့သည်။

ထို့ကြောင့် မြို့ကို သ်စားလှယ်များ ကိုယ်ရံတော်ခေါ်ခွင့်ရရှိခြင်းပင်။

လောကဓံတရားသည် မည်သူ့ကိုမျှ မျက်နှာသာမပေးပါချေ။ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မည်၊ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မည်ဟူသော လောကကြမ္မာသည် ယခုအခါ မူးယစ်မှောင်ခိုကြီး ဦးဘဝမ်နှင့် အဖွဲ့သည် တရားဥပဒေစိုးမိုးသော၊ စစ်မှန်သော တရားခွင်သို့ ရောက်ရှိသွားလေပြီတည်း။

လူသားမျိုးဆက် အညွန့်တုံးစေသော မူးယစ်ဘုရင်ဟု ဆိုလောက်သော ဦးဘ ဝမ်နဲ့အဖွဲ့အား တရားရုံးတော်မှ ပြစ်ဒဏ်ချမှတ်သောနေ့တွင် ရဲတပ်သား၊ ရဲကြပ်ဖြင့် နှစ်ပေါင်းနှစ်ဆယ်ကျော် အမှုထမ်းခဲ့သော ရဲကြပ်မှုတူးလည်း ရာထူးတိုးသွားသောနေ့ ဖြစ်ပါ၏။

× × ×

''ကဲ ... ဖိုးအောင်ဒင်။ ရန်စ
တစ်ခု ချုပ်ငြိမ်းသွားပြီလို့ ဆိုရပြီပေ
ကဲ ... တို့များ နှင်းဆီမမရဲ့ ဒုတိယစာ
မသိရဘူးလားကွယ်''

ရဲအုပ်ကြီးဦးတင်မောင်ဖေ၏ ဝေ
သံက ပျော့ညံ့နေသည်၊ ဆေးတံကို ခ
ဖွလေးဖွာရင်း ယမ်းဘီလူးအောင်ဒင်သိ
အဖြေကို စောင့်နေပါသည်။

''ရတာပေါ့ ဦးတင်မောင်ဖေ
ဒါတွေက လျှို့ဝှက်စရာ တစ်ခုမှ မရှိ
ဘူး။ ကျွန်တော်တို့က နိုင်ငံတော်နဲ့ ကို
လူမျိုးအတွက်ဆိုတဲ့ ခံယူချက်နဲ့ လက်
လုပ်ဆောင်နေကြတာပဲ မဟုတ်လ
ဦးတင်မောင်ဖေ''

ယမ်းဘီလူးအောင်ဒင့် စက
ကြောင့် ဦးတင်မောင်ဖေ ငြိမ်သွားသည
ယမ်းဘီလူးအောင်ဒင်က သူ
အကျႌအတွင်းကို နှိုက်လိုက်ပြီး စာ
စောင်ကိုထုတ်၍ စာတစ်စောင်ကို ဦးတ
မောင်ဖေတို့ရှေ့၌ပင် ဖောက်လိုက်သည
ဤစာမှာ နှင်းဆီမမ၏ ဒုတိယစာပ

ကိုအောင်ဒင် ...

ဒီစာကိုဖတ်ပြီး သုံးသပ်ပါ။

ကိုအောင်ဒင်တို့ရဲ့ ဒေဝီမူးယ
ပတ်သက်၍ အပြစ်ရှိသူ၊ မရှိသူ ခွဲခြာ
ဖြစ်ပါတယ်။

(၁) ထားမေ၊ (၂) ဝေဝေ၊ (
ဦးရှောင်၊ (၄) စိန်ပန်း၊ (၅) မိန်းကဝေ
တစ်ယောက်ဆိုသူက ကိုအောင်ဒင်
တိုက်မှာ တွေ့လိုက်ရတဲ့ ကျွန်မနှင်းဆီ
ကိုယ်စား အနစ်နာခံသွားရတဲ့ ကျွန်မ
ညီမဝမ်းကွဲ ခိုင်ခိုင်ပါ ကိုအောင်ဒင်။

ခိုင်ခိုင်ဟာ စိန်ပန်းနဲ့ ခရီးထွက်သ
ပြီး ကားချောက်ထဲကျတယ်လို့ သတ
လွှင့်ခဲ့တာ။ အမှန်တော့ မဟုတ်ဘူး။ အ
တွေအားလုံးကို ဒေဝီမူးယစ်အမည်
နာမည်ကြီးတဲ့ ဦးဘဝမ်က စီစဉ်ခဲ့တာ
ကိုအောင်ဒင်။

ဒီတော့ ဦးဘဝမ်နှင့် ကျွန်မ နှင်

www.burmeseclassic.com

www.burmeseclassic.com

မအကြောင်း ကိုအောင်ဒင် သိချင်ပြီပေါ့။ ကျွန်မနှင့် ဇာတ်လမ်းမစခင် ဝေဝေအမင်းဆိုင်ကို ရံဖန်ရံခါ လာတယ်ဆိုတဲ့ အထူးဧည့်သည်ဆိုတာ ဦးဘဝမ်ပါပဲ ကိုအောင်ဒင်။

ဦးဘဝမ်နဲ့ ဝေဝေရဲ့ ပတ်သက်မှုကို ကျွန်မ မရှင်းတော့ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဝေဝေဟာ ဒေဝီမူးယစ်နှင့် ပတ်သက်ပြီး ဘာမှမသိရှာဘူး။ ဝေဝေဟာ ဦးဘဝမ်ရဲ့ တရားင်ဇနီးမဟုတ်ဘူး။ ဦးဘဝမ်ရဲ့ တရားဝင်ဇနီးမဟုတ်သလို ဦးဘဝမ် လုပ်သမျှကို ဝေဝေဘာမှ မသိရှာဘူး။ ဝေဝေသိတာက ဦးဘဝမ်ဟာ ချမ်းသာကြွယ်ဝတဲ့ သူဌေးကြီးတစ်ဦးဖြစ်သည် ဆိုတာပဲ။

ကျွန်မနဲ့ ကျွန်မညီမဝမ်းကွဲ ခိုင်ခိုင်တို့ ဦးဘဝမ်နဲ့ ဆက်နွယ်ခဲ့ပုံ ပြောပြပါ့မယ်။ ကျွန်မဇာတိက သိမ်ဇရပ်ကပါ။ စစ်ကောင်းမြစ်၊ စစ်တောင်းတံတားကြီးနဲ့ အလှမ်းမဝေးတဲ့ သိမ်ဇရပ်–ရန်ကုန်–သထုံ–မော်လမြိုင်–ရေး–ထားဝယ်–မြိတ်–ကော့သောင်းမှတစ်ဆင့် နယ်ခြားအထိ ပေါက်ရောက်တဲ့လမ်းပေါ့။ အဲဒီလမ်းပေါ်က သိမ်ဇရပ်မြို့လေးပါ။

ကျွန်မတို့မိသားစုမှာ အဖေမရှိတော့ဘူး။ အမေပဲ ရှိပါတယ်။ အဖေက ကျွန်မမောင်လေး လူမမည်ဘဝမှာ ဆုံးပါးသွားပါတယ်။ ကျွန်မရယ်၊ ကျွန်မမေမေရယ်၊ ခိုင်ခိုင်ရဲ့အမေရယ်၊ ကျွန်မမောင်လေးရယ် ငါးဦးပေါ့။ ကျွန်မက မြန်မာစာနဲ့ပဲ ဘွဲ့ရခဲ့ပါတယ်။ အဲဒီတုန်းက ခိုင်ခိုင်ကလည်း ကျောင်းမပြီးသေးဘူး။ မောင်လေးက ခုနစ်တန်း။ ကျွန်မတို့ မိသားစုဟာ ဖေဖေဦးဆောင်ခဲ့တဲ့ ကုန်စုံဆိုင်နဲ့ပဲ ကျွန်မရဲ့ဘဝကို ထူထောင်ခဲ့ပါတယ်။

မေမေက မုဆိုးမဘဝနဲ့ ကျွန်မတို့ကို အုပ်ထိန်းပျိုးထောင်ပေးခဲ့ပါတယ်။ ကျွန်မညီမဝမ်းကွဲ ခိုင်ခိုင်လည်း ကျွန်မတို့ မိသားစုအတိုင်းပါပဲ။ ခိုင်ခိုင်ငယ်ငယ်ကတည်းက မိသားစုကွဲပြားသွားခဲ့ကြတယ်။ ခိုင်ခိုင်ရဲ့မိခင် ဒေါ်လေးခင်က ကြင်ဖော်မရှိတော့ပေမယ့် ရင်သွေးခိုင်ခိုင်ကို ပျိုးထောင်ပေးခဲ့တယ်။ ခိုင်ခိုင်ဆယ်တန်းအောင်တဲ့နှစ်မှာ ဒေါ်လေးခင်က စင်ကာပူနိုင်ငံမှာ အလုပ်ရခဲ့ပါတယ်။ ဒါနဲ့ပဲ ခိုင်ခိုင်ဟာ ကျွန်မတို့နဲ့အတူ ရှိနေခဲ့တာပါ။

ပြဿနာစတာက ကျွန်မမောင်လေး အောင်ထိုက်ပါပဲ။ မောင်လေး အောင်ထိုက်က အပေါင်းအသင်းများပြီး ဆေးစွဲတော့တာပါပဲ ကိုအောင်ဒင်ရယ်။ မိသားစုဘဝ အေးအေးချမ်းချမ်းကနေ လူလုံးမလှ ဖြစ်ရတော့တာပဲ။ နောက်ဆုံးတိုတိုပြောရရင် ကျွန်မမောင်လေး ဆုံးသွားတယ်။ တစ်ဆက်တည်းပဲ သားစိတ်နဲ့ အမေလည်း ဆုံးသွားတယ် ကိုအောင်ဒင်။

ကျွန်မညီမ ခိုင်ခိုင်ရဲ့မိခင်ကလည်း နိုင်ငံခြားမှာဆိုတော့ ကျွန်မနဲ့ ခိုင်ခိုင် နှစ်ယောက်ထဲပဲ ကျန်ရစ်တာပေါ့။ ကျွန်မတို့မှာ မိန်းမသားနှစ်ဦးထဲ ဘဝကို ရင်ဆိုင်ရတော့တယ်။ မောင်လေးကိစ္စကြောင့် ကျွန်မတို့ စီးပွားပျက်ခဲ့ရတယ်။

စီးပွားလည်းပျက်၊ လူလည်းဆုံးရတဲ့ ဒီမူးယစ်ဆေးကိစ္စကို ကျွန်မ ရွံမုန်းနာကြည်းခဲ့ရတယ် ကိုအောင်ဒင်။ ဒါကြောင့် ကျွန်မ ကိုယ့်ကိုယ်ကို ထိန်းကျောင်းရင်း ပရိယာယ်သုံးပြီး ဒီလောကကို ထောက်လှမ်းတဲ့အခါ ဦးဘ[illegible]မ်ကို တွေ့ရှိခဲ့ပါတယ်။

ဦးဘဝမ်က ကျွန်မ[illegible]ို ကြိုးစားခဲ့တယ်။ ကျ[illegible]ဝမ် ရဲ့ ထောင်[illegible]ကို ပရိယာယ်နဲ့ ဖယ်ရှား[illegible]။ ဒါပေမယ့် ကျွန်မ ညီ[illegible]ိုင်က ဦးဘဝမ်ရဲ့ညွှတ်ကွင်း [illegible]ျောင်နိုင်ခဲ့ဘူး။

ဦးဘဝမ်က စိန်ပန်းကို ညီမလေး ခိုင်ခိုင်ကို သုတ်သွားဖို့ အမိန့်ပေးခဲ့တယ်။ ဦးဘဝမ်က စိန်ပန်းနဲ့ ချိန်ကိုက်ပြီး ကြို ထွက်သွားခဲ့တယ်။ ကျွန်မရိပ်မိလို့ လှုပ်ရှားလိုက်တဲ့အချိန်မှာ သူတို့ဦးသွားပြီ။ ကျွန်မနောက်ကျခဲ့ပါတယ်။ အဲဒီအချိန်မှာ ကျွန်မ ဝေဝေ့ဆိုင်ကို အမီလိုက်သေးတယ်။ ဝေဝေ့ဆိုင်မှာ မျက်ရည်စက်လက်နဲ့ ထားမေကိုပဲ တွေ့လိုက်ရတော့တယ်။ အမှန်တော့ ထားမေက အသုံးချခံရတာ။ ဦးရှောင်တို့က ထားမေကို အိမ်ဖော်အဖြစ်သုံးတယ်။ ဒီမှာတော့ နောက်ထပ်ဘဝတစ်မျိုးပေါ့ ကိုအောင်ဒင်။ အခြေအနေကြောင့် ကျွန်မဘဝတုန်ခါသွားပါတယ်။ အဲဒီညမှာပဲ ညီမလေးခိုင်ခိုင်ဟာ ဦးဘဝမ်ရဲ့ ညွှတ်ကွင်းထဲ ရောက်သွားလေရဲ့။

ကားမှောက်ချောက်ထဲကျတယ်ဆိုတဲ့ သတင်းဖြန့်ပြီး စိန်ပန်းကို တစ်ဖက်နိုင်ငံကိုယ်စားလှယ်အဖြစ်နဲ့ ပို့လိုက်တယ်လေ။

အဲဒီအချိန်မှာ ဦးရှောင်က တာဝန်ယူရပြီး ထားမေကို အပိုင်ကြိုလိုက်ပြန်တယ်။ ဦးဘဝမ်ရဲ့လှည့်ကွက်၊ လုပ်ဆောင်ချက်တွေကတော့ ဩချရမလောက်ပါပဲ။

အဲဒီအချိန်မှာ နိုင်ငံတော်အစိုးရကလည်း မူးယစ်ဆေးဝါးကိစ္စကို အပြင်းအထန် လုပ်ရှားနေတာကို ဦးဘဝမ်က သတိထားမိတာနဲ့ သူ့ရဲ့လှုပ်ရှားမှုကို စတာနဲ့ ကျွန်မကလည်း ကိုအောင်ဒင်ကို ရှာဖွေခဲ့တယ်လေ။

ကျွန်မက ကိုအောင်ဒင်ရဲ့ စွမ်းဆောင်ချက်၊ ကိုအောင်ဒင်ရဲ့ အနေအထားကို လေ့လာတဲ့အခါ ဒီကိစ္စမှာ ကိုအောင်ဒင် ပိပိရိရိဆောင်ရွက်နိုင်လိမ့်မယ်ဆိုတာ ကျွန်မသိခဲ့တယ်။ ကျွန်မဟာ ဦးဘဝမ်ရဲ့လုပ်ရပ်တွေအားလုံး သိတယ်။ မသိချင်ယောင်ဆောင်ခဲ့တယ်။ ဒါကြောင့် ဦးဘဝမ်က ကျွန်မအပေါ် လုပ်ငန်းကိစ္စနဲ့ပတ်သက်ပြီး သတိမထားခဲ့ဘူး။ သူက

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မကို ပိုင်ဖို့ပဲ အားထုတ်နေတာ။ ဒါကြောင့်လည်း သူ့လုပ်ငန်းကငွေတွေ ကျွန်မက ဦးစီးဆောင်ရွက်ပေးရတယ် လေ။ အမှန်တော့ ကျွန်မကို မက်လုံးပေး တာပါ။ ကျွန်မကို အယုံသွင်းတဲ့သဘော ပေါ့။ ကျွန်မက ဦးဘဝမ်ရဲ့ လှည့်ကွက် ကလေးတွေကို ရင်တထိတ်ထိတ်နဲ့ ရှောင်ခဲ့ရတာပါ ကိုအောင်ဒင်။

ဦးဘဝမ်က ကျွန်မကို သားကောင် အဖြစ် ရည်ရွယ်ခဲ့တဲ့ တဏှာမုဆိုးပေါ့ရှင်။ ဒါပေမယ့် ငါးစာကိုသာမြင်ပြီး ငါးမျှားချိတ် ကို မမြင်တဲ့ အလိုရမ္မက်ကြီးတဲ့သူလို့ ဆို ရမလား။

ကိုအောင်ဒင် ...

ရှင်က ကတိတည်စွာနဲ့ ကျွန်မပေး တဲ့ စာတွေကို ဖတ်လိမ့်မယ်၊ ကျွန်မပြော တဲ့အတိုင်း ဆောင်ရွက်မယ်လို့ ယုံကြည် ပါတယ်။

အမှတ်-၁ စာနဲ့ အမှတ်-၂ စာက လုပ်ငန်းပိုင်းဆိုင်ရာပေါ့နော်။ အခု အမှတ် -၃ စာက ကျွန်မနဲ့ ကိုအောင်ဒင်ရဲ့ လျှပ် တစ်ပြက် မမျှော်လင့်ဘဲ ဖြစ်ခဲ့ရတဲ့ အကြောင်းကို ကျွန်မဟာ နှလုံးသွေးနဲ့ ရေးရပါတယ်လို့ ပြောပါရစေ ကိုအောင် ဒင်။ အမှန်တော့ ကျွန်မနှလုံးသွေးနဲ့ ရေး ရပါတယ်။

'ပြုသူမှာ မပြုပေမယ့် ခံရသူမှာ အသစ်'ဆိုတဲ့စကား သိပ်မှန်တယ်နော် ကိုအောင်ဒင်။

နှင်းဆီမမ၏ စာက ယမ်းဘီလူး အောင်ဒင်ကို တွေဝေစေခဲ့သည်မှာ အမှန် ပင်။ နှင်းဆီမမ ဘာဖြစ်ခဲ့သနည်း။ မိမိ နှင့် ဆက်နွယ်ပတ်သက်နေပါလား။

ယမ်းဘီလူးအောင်ဒင်မှာ နှင်းဆီ မမစာကို ဆက်ဖတ်ရန် ရင်၌ ထိတ်ပျာ သော ဝေဒနာကို ခံစားလိုက်ရပါသည်။ သနားစရာ နှင်းဆီမမပါကလား။ ယမ်း ဘီလူးအောင်ဒင် ယင်းကို တိတ်တခိုး ရေရွတ်မိ၏။

ပြီးနောက်တော့ မဆုံးသေးသော နှင်းဆီမမ၏စာကို ယမ်းဘီလူးအောင်ဒင် ဆက်ဖတ်ပါသည်။

ကိုအောင်ဒင် ... ကျွန်မရင်ထဲ ခံစားရတာတွေပဲ ရေးနေမိလို့ ကိုအောင် ဒင် စိတ်ပျက်သွားပြီလားဟင်။ ကိုအောင် ဒင့်ကို ကျွန်မ တစ်ခုမေတ္တာရပ်ခံချင်တာ က ဝေဝေ့ကို ခွင့်လွှတ်ပေးဖို့ပါပဲ။ ဝေဝေ ဟာ ဘာမှမသိပါဘူး။ ဦးဘဝမ်ရဲ့ လှည့် ကွက်ထဲမှာ ချာချာလည်ခဲ့ရသူပါ ကိုအောင်ဒင်။

ထားမေမှာလည်း အပြစ်မရှိဘူး။ ဦးရှောင်ကတော့ ကြံရာပါပေါ့နော်။

ကိုအောင်ဒင်ရေ ... ကျွန်မရဲ့စာ တွေဖတ်နေတဲ့အချိန်မှာ ကျွန်မလေယာဉ် ပေါ်မှာလား၊ ဒါမှမဟုတ် နိုင်ငံရပ်ခြားက ကျွန်မအဒေါ်ရဲ့ ရင်ခွင်ထဲမှာ ရှိုက်ငိုရင်း အဖြစ်အပျက်တွေ ပြောနေပြီလားပဲ။

အမှန်တော့ ကျွန်မဟာ အရှုံး သမားပဲ မဟုတ်လား ကိုအောင်ဒင်။

ကျွန်မ အားလုံးရှုံးခဲ့ရပါတယ်။ အဘ၊ အမိ၊ မောင်လေး၊ ညီမဝမ်းကွဲ လေးပါပေါ့။ အသည်းနှလုံးပုံပြီး ရှုံးနိမ့်ရ တာတော့ ကိုအောင်ဒင်ကိုပါပဲရှင်။

"ဩော် ... နှင်းဆီမမရယ်"

ယမ်းဘီလူးအောင်ဒင်က ဖတ် လက်စစာကို ရပ်ကာ ရင်ထဲမှ တီးတိုးစွာ ရေရွတ်လိုက်မိ၏။ အတွေးအမြင် အာရုံ ထဲ၌လည်း လှပကြော့ရှင်းသော နှင်းဆီ မမ၏ ရုပ်နှင့်အလှက တရေးရေးပေါ်လွင် ခဲ့ပါ၏။ ယမ်းဘီလူးအောင်ဒင် ပင့်သက်ချ မိသည်ကား ရှည်လျားသော ပင့်သက် မောကြီးပင်။

နှင်းဆီမမ၏ ပိုင်းစက်သော လက် ရေးက မိမိ၏နှလုံးသားကို ထိခတ်စေပါ ကလား။

ကိုအောင်ဒင် ... ကျွန်မ နှင်းဆီ မမ ရင်ထဲရှိတာ ရေးခဲ့တာပါ။ အမှန်တော့ ကိုအောင်ဒင်နဲ့ ကျွန်မ နှင်းဆီမမတို့က သေကွဲမဟုတ်ဘဲ ရှင်ကွဲပေမယ့် ပြန်ဆုံ လမ်း မရှိတော့ပါဘူး ကိုအောင်ဒင်ရယ် ကျွန်မ နှင်းဆီမမ အမိမြေကို ကျောခိုင် လိုက်ပါပြီ။ ကျွန်မမှာ ဘာမျှော်လင့်ချက် မှ မရှိတော့ဘဲ အားလုံးကို ဆုံးရှုံး အ ပေးခဲ့ရပြီလေ။

ကျွန်မ နှင်းဆီမမ သေတဲ့အထိ ရင်ထဲမှတ်တမ်းပြုသွားမှာကတော့ ကိုအောင်ဒင်ဆိုတဲ့ ယမ်းဘီလူးအောင်ဒင် ရဲ့ နိုင်မာတဲ့ သစ္စာတရားပါပဲ။ ကျွန် နှင်းဆီမမရဲ့ ရင်ဆိုင်ဖူးခဲ့တဲ့ ပုရိ ယောကျ်ား ဆယ်ယောက်လောက်မှ ကျွန်မကို ခုနစ်ယောက်လောက်က စွဲမ တပ်မက်စိတ်နဲ့ ရယူဖို့ အားထုတ်ခဲ့တယ် ဦးဘဝမ်ကဆို စည်းစိမ်ပုံပြီး ကျွန်မနှင်း မမကိုရယူဖို့ အားထုတ်ခဲ့တယ်။ ကိုအော ဒင်ကျတော့ ဒီလိုမဟုတ်ဘူးနော်။ ကျွန် နှင်းဆီမမ ဘဝတစ်ခုလုံး ပုံအပ်၊ ထိုးအ ပေမယ့် ကိုအောင်ဒင်က အချစ်စစ်အစ မှန်ကိုသာ လိုလားတန်ဖိုးထားတဲ့အနေ ကျွန်မနှင်းဆီမမရဲ့ ကွန်ရက်က ရုန်းထ ခဲ့တယ်။ ကျွန်မတစ်သက်မမေ့ပါဘူး ရှ ရယ်။ သစ္စာကြီးမားတဲ့ ရှင့်ကို ရှင်က မေတ္တာမတုံ့ပြန်ပေမယ့် ကျွန်မ နှင်းဆီမ က သေတဲ့အထိ မမေ့မလျော့နဲ့ ချစ်သွာ မှာပါလို့ ကျွန်မရင်ထဲ၊ နှလုံးသားထဲက မေတ္တာများစွာနဲ့ နှုတ်ဆက်ခဲ့ပါတယ် ကိုအောင်ဒင်ရယ် ...။

နှင်းဆီမ

နှင်းဆီမမ၏စာက ဆုံးသွားခဲ့လေ ပြီ။ ယမ်းဘီလူးအောင်ဒင်မှာတော့ ရီဝေ သော မျက်လုံးအစုံနှင့် ပိုင်းစက်စက် စာလုံးလေးများကို ကြည့်နေဆဲ။ ငေးမေ နေဆဲပါတကား။

ပြီးပါပြီ။

ရွှေမြို့တော်သောင်းတင်

www.burmeseclassic.com

www.burmeseclassic.com



လမ်းရဲ့ အပြစ်လား

ကိုမွန်း(လျှပ်စစ်)

"ဖြစ်ပါ့မလား အောင်ဘုရာ"

"မင်းကလည်းကွာ ... ကြောက်တတ်လိုက်တာ။ အမြန်ရောက်ဖို့က ဒီလမ်းပဲရှိတယ်"

"ဟော့ကောင် ... အမြန်လမ်းပေါ် ဆိုင်ကယ်မစီးရလို့ ရေးထားတယ်ကွ"

"ကျွတ် ... အာရုံနောက်တယ်ကွာ။ ဘယ်လိုပဲရေးရေးပေါ့ ဂရုစိုက်စရာမလိုဘူး။ မင်းပဲ အမြန်ရောက်ချင်တယ်ဆို။ ညပဲကွာ တို့စီးလာတာ ဘယ်သူမြင်တာကျလို့။ ဒီအချိန်ကြီးကျမှ အရေးယူမယ့်သူတွေလည်း ရှိမှာမဟုတ်ပါဘူး"

"မင်းစီးလာတာလည်း ယာဉ်ကြော ပြောင်းပြန်ကြီးနော်။ ဆိုင်ကယ်ရှေ့မီးကလည်း မကောင်းတာနဲ့ ..."

"ဟော့ကောင် ... ကွန်ကရစ်လမ်းက အကျယ်ကြီးကွ။ ယာဉ်ကြီးနဲ့ ယာဉ်ငယ်၊ တို့ကိုတွေ့ရင် သူ့ဘာသာသူ ရှောင်သွားလိမ့်မယ်။ ဘယ်သူမှ မတိုက်ရဲဘူး။ အောင်ဘုကို အထင်မသေးပါနဲ့ကွာ"

"မင်းကို အထင်သေးတာ မဟုတ်ပါဘူး။ အသက်ဆိုတာ စပယ်ရာမရှိဘူးလေ"

"မင်းကတော့ကွာ ... ပူစရာမရှိ လျှောက်တွေးပူတဲ့ကောင်"

ဆိုင်ကယ်မှာ အရှိန်အဟုန်ပြင်းစွာဖြင့် မောင်းနှင်လျှက် ...။

× × × × ×

"ရန်ကုန်–မန္တလေး အမြန်လမ်းမကြီး ပေါ်လာတော့လည်း အချိန်မရွေး ခရီးသွားလာနိုင်တော့ ညီမတို့မိသားစုအတွက် အဆင်ပြေလိုက်တာနော်။ အရင်တုန်းက တစ်နှစ်နေမှတစ်ခါ အမေနဲ့ အဖေ့ကို သွားတွေ့နိုင်တာ။ အခုတော့ သောကြာနေ့ညနေလာပြီး တနင်္ဂနွေည ပြန်ဆိုတော့ ကိုယ့်ရဲ့အလုပ်လည်း မထိခိုက်တော့ဘူး။ သားနဲ့သမီးတို့လည်း သူတို့အဘိုးအဘွားနဲ့ အပတ်တိုင်း တွေ့ဖြစ်တာပေါ့"

"အင်း ... ကားဈေးတွေ ကျလာလို့လည်း နောက်ဆုံးပေါ် ခေတ်မီကားတွေ ဝယ်စီးလာနိုင်ကြပြီး ဒီလို အမြန်လမ်းမကြီးပေါ်မှာ စိတ်သွားတိုင်းကိုယ်ပါ မောင်းနှင်သွားလာနိုင်ကြတာပေါ့။ လမ်းကလည်းကောင်း၊ ယာဉ်ကြောကလည်း ရှင်းဆိုတော့ ကားမြန်မြန်မောင်းချင်တဲ့ ကိုတို့အတွက် အကြိုက်ပေါ့။ တစ်မိနစ်ကို တစ်မိုင်နှုန်းပဲ"

"အဲယားကွန်းဖွင့်ပြီး မှန်ပိတ်မောင်းတော့ မြန်လို့မြန်မှန်းတောင် မသိဘူးနော်။ သားနဲ့သမီးကိုတော့ သီးကုန်းယာဉ်ရပ်နားစခန်းရောက်မှပဲ နှိုးလိုက်တော့မယ်"

"အင်း ... မိုင်တိုင် ၂၈၀ ကျော်ပြီဆိုတော့ ရောက်ခါနီးပါပြီ။ အဲဒီကျမှပဲ မိသားစု ထမင်းစားကြတာပေါ့ ...။

ဒီ Express ကားကလဲကွာ ရှေ့ကနေ ပိတ်ပြီးတော့ မောင်းနေတယ်။ ဘေးကပ်ပေးတာတော့ မဟုတ်ဘူး"

"တီ ... တီ ... တီ ...."

ဟွန်းသံပေးပြီး ကျော်အတက်

"ကို ... ဆိုင်ကယ် ... ဆိုင်ကယ် ..."

"ဗုန်း ....."

"ဝုန်း ... ဂလုန်း ... ဂလုန်း"

ဘယ်လိုမှ ရှောင်တိမ်းချိန်မရလိုက်။ အရှိန်အဟုန်ပြင်းစွာဖြင့် တိုက်မိကြသည်။ ကွန်ကရစ် အမြန်လမ်းမကြီးပေါ်တွင် တစ်စစီ ကျိုးပဲ့ကြေမွနေသော ဆိုင်ကယ်နှင့် ရှုံ့ပိန်နေသည့် ခေတ်မီလှပပါသည်ဆိုသော နောက်ဆုံးပေါ် မော်တော်ကား။ အနီရောင်သွေးစက်များ စွန်းထင်းပေကျံနေသော သက်မဲ့ခန္ဓာကိုယ်များ။ ဖြစ်ပျက်မှုက မြန်ဆန်လွန်းလှပါဘိ။

သြော် ... အမြန်လမ်း ... အမြန်လမ်း ... ဘယ်ကိုရောက်အောင်သွားတဲ့ အမြန်လမ်းလဲ ...။

ကောင်းလွန်းတဲ့လမ်းကိုပဲ အပြစ်တင်ရမလား။ စည်းကမ်းမလိုက်နာတဲ့သူတွေကိုပဲ အပြစ်တင်ရမလား ...။

ကိုမွန်း(လျှပ်စစ်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

ဆင်ရိုင်းမောင်မောင် နှင့် ရေဘဝဲအမှုကြီး (၃)

မောင်မောင် (မြန်မာပြည်)

BURMESE CLASSIC .com

(ယခင်လမှအဆက်)

ရေဘဝဲသင်္ဘောကဆင်ရိုင်း

မောင်မောင်နှင့် မေဝမ်းလီတို့ တိုကင်ပြားတွေ တစ်ပွေ့တစ်ပိုက်ဖြင့် ငွေလဲကောင်တာပေါက်သို့ နှစ်ယောက် အတူလက်ချင်းချိတ်ကာ လျှောက်လှမ်းလာခဲ့ကြသည်။ မသိသူတွေကတော့ လိုက်ဖက်ကြည့်ကောင်းသည့်စုံတွဲ ဟု ထင်မှတ်ကြမည်ပေ။ မောင်မောင် သူ့အခန်းသို့ ပြန်မသွားနိုင်သေးပေ။ မေဝမ်းလီနှင့်လိုက်ပါရဦးမည်ဖြစ်သည်။

ကောင်တာတွင် တိုကင်များငွေသားဖြင့် လဲလှယ်ရေတွက်သည့်အခါတွင်တော့ ဟောင်ကောင်ဒေါ်လာ သိန်း ၁၈သိန်းကျော်ပင်ရှိနေ၏။ သူတို့နှစ်ယောက်အရင်း နှုတ်ပါက ၁၃သိန်းကျော်ပင်အနိုင်ရရှိ၏။ ကောင်တာမှ ထပ်မံ၍ အနိုင်ရငွေများမှ ၁၀%ရာခိုင်နှုန်းထပ်မံနှုတ်ယူလိုက်ပါသေး၏။ မောင်မောင်ကတော့ အပြုံးမပျက်ပါချေ။ ကောင်တာမှ ဝန်ထမ်းများကိုပင် တိုကင် ၅၀၀၀ တန် တစ်ခု ပေးခဲ့ လိုက်သေး၏။ လောင်းကစားပေါက်က မိန်းမပျိုလေးများ ၅၀၀၀နှင့် လူမိုက်လေးယောက်ကိုပင် တိုကင် ၅၀၀၀တန် တစ်ခုပေးခဲ့ပေသည်။

ငွေသားများကို မောင်မောင်၏ ကုတ်အင်္ကျီထဲသာမက မေဝမ်းလီ၏ လက်ကိုင်အိတ်ကြီးကြီးထဲပင်ထိုးသိပ်ကာ ယူငင်ရတော့၏။ ထိုမျှလောက်ငွေများအား သာမန်ဝန်ထမ်းတစ်ယောက် တစ်သက်ပင်ရှာဖွေလို့ရနိုင်မည် မဟုတ်ပါချေ။ ငွေမျက်နှာကားကြီးမားလှ၏။ မောင်မောင်တို့က လောင်းကစားဧည့်ကြို မိန်းမပျိုလေးများအား ထောင်တန်တစ်ရွက်စီပေးခဲ့ရုံမက ဟော်တယ်တံခါးပေါက်မကြီး အဖွင့်အပိတ်လုပ်ပေးသူနှင့် အငှားကားခေါ်ပေးသူတွေကိုပင် ထောင်တန်တစ်ရွက်စီ ဘောက်ဆူးငွေပေးခဲ့ပါသေး၏။ ငွေလမ်းခင်းနိုင်သူတွေအတွက် အရာရာအားလုံးအဆင်သင့်ဖြစ်စေ၏။ မုန်းသူပင် ငွေမျက်နှာကြောင့် ပြုံးရွှင်ဖော်ရွေစွာ ဆက်ဆံပြောင်းလဲနိုင်သည်မဟုတ်ပါလား။

မောင်မောင်က ရှေ့ခန်းတွင်ထိုင်ပြီး မေဝမ်းလီက နောက်ခန်းတွင်ထိုင်ကာ မိန်းမလှလေးတို့ ထုံးစံအတိုင်း အလှအပမပျက်စေရန် လက် ကိုင်အိတ်တွင်းမှ မှန်ပါသော ခရမ်(ပ်)ပတ်(စ်) ပေါင်ဒါထုတ်ကာ ခြယ်သပြန်၏။ အမှန်က ထိုသို့မဟုတ်ပါ နောက်ယောင်ခံလိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com

လာသော ကားပါမပါ။ နောက်ဖက်သို့ မှန်ပိုင်းထဲမှ ကြည့်၍ စစ်ဆေးခြင်းတည်း။ ထင်ထားသည့်အတိုင်း ကားနက်တစ်စီး ထပ်ကြပ်မကွာ လိုက်ပါလာပေတော့သည်။ မေဝမ်းလိက မောင်မောင့်အား အထာစကားဖြင့် လှမ်းသတိပေးလိုက်၏။

"ဒါလင်..ကျွန်မကိုလှည့်ကြည့်ပါဦးလား အချစ်ရယ်"

မောင်မောင်စောင်းငဲ့လှည့်ကြည့်လိုက်ရာတွင်တော့ မေဝမ်းလိက နောက်သို့ လည်ကုပ်ယားလို့ ကုတ်သလိုနှင့် နောက်သို့ လက်ညှိုးထိုးပြီး မျက်စပစ်ပြခဲ့သည်ကို မောင်မောင်သဘောပေါက်ပါသည်။ မိမိတို့အတွက် အဖော်တွေလိုက်ပါလာပြီ မဟုတ်ပါလား..

"မေရယ်..မေနဲ့သည်ညပျော်ရွှင်ခြင်း အထိမ်းအမှတ်အဖြစ် အဖော်အဖြစ် လက်ခံပေးပါလားအချစ်"

"အို..ဒါလင်ကလည်း ရှက်စရာ..သဘောတော်အတိုင်းပါရှင်ရယ်"

သွေးပူလေ့ကျင့်ခန်းတစ်ခုပါ

မောင်မောင်တို့က သေချာစေရန် အငှားကားမောင်းသူအားထိပ်တန်း စားသောက်ဆိုင်ကြီးသို့ လမ်းပြောင်း၍ မောင်းပို့စေလိုက်၏။ သဘောက သေချာစေရန်တည်း။ ဟောင်ကောင်မြို့မှာက ဒုစရိုက်သမားများနေရာအနှံ့ ရှိနိုင်၏။ ယခုလိုလောင်းကစားအနိုင်ရရှိသူတွေ နောက်သို့ လုယက်ရန် လူမိုက်များက စောင့်ဆိုင်းနေတတ်ပေသည်။ လောင်းကစားဒိုင်များကလည်း အနိုင်ရသူ ဆင်းသွားသည်ကို သတင်းပေးနိုင်ပါသေး၏။ အငှားကား ဒရိုင်ဘာယာဉ်မောင်းအားလည်း စိတ်ချ၍မရပါချေ။ မိမိတို့သွားမည့် အိပ်ရာခန်းကို မသိစေတာအကောင်းဆုံးပေ။

ကား ဒရိုင်ဘာက မကျေမနပ်ဖြင့် လူကုံထံများသာ ဝင်ရောက်စားသောက်နိုင်သော ဇိမ်ခံစားသောက်ဆိုင်ကြီးရှေ့ ကားရပ်ပေးလိုက်ရတော့၏။ မောင်မောင်တို့က အငှားကားယာဉ်မောင်းအား ကျသင့်ငွေထက်ပို၍ ပေးလိုက်၏။ သဘောက မင်းတို့လိုက်ခဲ့ကြဟူ၍ ပါပေ။ မေဝမ်းလိက မောင်မောင်ပခုံးထက် ခေါင်းမှီကာ လက်ချင်းချိတ် ကန္တကရဖြင့် လိုက်ပါလာခဲ့၏။ တီးတိုးစကားဖြင့်

"မစ္စတာမောင်မောင် ဌာနချုပ်ကို သတင်းပို့လိုက်ရမလားဟင်"

"မလိုသေးပါဘူးကွယ်"

စားသောက်ဆိုင် တံခါးပေါက်ဧည့်ကြိုက ကိုယ်ကိုကိုင်းကာ ကြိုဝိုင်းအထူးသီးသန့်စားပွဲဝိုင်းသို့ ခေါ်ဆောင်ကာ နေရာချထားပေးကြ၏။ ထိုနေရာက ဝင်ပေါက်သို့ လှမ်းမြင်နေရပေသည်။ ဈေးအကြီးဆုံးအစားအစာများကို မှာကြားကြ၏။ အလကားရသည့်ငွေဖြင့်သာ စားသောက်နိုင်ခြင်းပါပေ။ သာမန်အချိန်ဆိုပါက ယခုလို ဆိုင်ကြီးသို့ပင်ရောက်နိုင်စရာ အကြောင်းမရှိပါချေ။

ဟင်းတစ်ပွဲတည်းပင် လေး ထောင်မကတန်ကြေးရှိသည် မဟုတ် ပါလား။

မောင်မောင်က မာတီနီနှစ်ပ ရေခဲဖြင့်မှာကြားသလို မေဝမ်းလိ တော့ ဝိုင်နီမှာကြားခဲ့ကြ၏။ စား သောက်ကောင်းအောင်ပါပေ။ စာ သောက်ကြရင်းအလုပ်အကြောင်း စကားပြောဖြစ်ကြ၏။

"မစ္စတာ မောင်မောင့်အတွ သင်္ဘောတက်ဖို့ စာရွက်စာတမ်း လက်မှတ်တွေ ကျွန်မထံမှာရောက်နေ ပါပြီ။ မနက်ဖန် ဌာနချုပ်က တပ် ဝင်နှစ်ယောက်အငှားကားနဲ့ လာ ရောက်ခေါ်ဆောင်လိမ့်မယ်ရှင့်"

"ဟုတ်ပြီ နောက်ဘာမှာသေး သလဲ..မေ"

သေသူစားပွဲထိုးနဲ့ထွက်ပြေးသွား တဲ့ တတိယအရာရှိ အစား ဟောင်ကောင် ရဲတပ်ဖွဲ့ဝင်နှစ်ဦး တာဝန်ထမ်းဆောင်မှာတဲ့..

"ကောင်းတယ်.."

"အခြေအနေကို အမြဲမပြတ် နီးရာနိုင်ငံတွေမှာ ရှိတဲ့အင်တာပို ဌာနခွဲတွေနဲ့ ဆက်သွယ်ပြီးလိုအပ်လို့ လှုပ်ရှားရတော့မယ်ဆိုရင် နိုင်ငံရှိတဲ့ ရဲတပ်ဖွဲ့ အကူအညီတောင်းပါတဲ့ ဒါပဲ.."

မောင်မောင်တို့နှစ်ယောက် စား သောက်ဆိုင်ထဲမှ ထွက်ခဲ့ကြ၏။ အငှားကား တားစီးလိုက်ပြီး ထုံး အတိုင်း နောက်ယောင်ခံလိုက်ပါသော ကား ရှိမရှိကို လှည့်ကြည့်စရာမလို

www.burmeseclassic.com

www.burmeseclassic.com

လိုက်ပါလာခဲ့ကြောင်း သိရှိပြီးသားပါပေ။ ထိုသည်က သူတို့ထဲမှ လူမိုက်နှစ်ယောက်က စားသောက်ဆိုင်အပေါက်ဝသို့ ရောက်လာခဲ့ပြီး သူတို့လူရှာစရာရှိလို့ဆိုကာ အထဲသို့ အပေါက်ဝကနေ မောင်မောင်တို့ရှိမရှိ ကြည့်ပြီး ရှိနေမှ ပြန်ထွက်သွားကြပေသည်။ ထိုနှစ်ယောက်မကပါချေ။ ကိုယ်ပိုင်ကားနက်လေးနှင့်ဆိုပါက လူငါးယောက်တော့ ကားမောင်းသူနဲ့ဆို လိုက်ပါလာနိုင်၏။

ကိစ္စတော့မရှိပါ။ မောင်မောင်တို့က မြန်မာ့လက်ဝှေ့ရိုးရာ သိုင်းပညာရပ်များသာမက ဂျူဒို၊ အာကီတို၊ ကရာတေးကအစ အမြဲမပြတ်လေ့ကျင့်သင်ကြားခဲ့ရပြီး ပွဲပေါင်းများစွာ အတွေ့အကြုံရင့်ကျက်မှုရှိနေပြီဖြစ်၏။ ထိုလူမိုက်တို့ကား သေနတ်တော့ ကိုင်ဆောင်လာမည်မထင်ပေ။ လူဆိုသည်က မိမိကိုယ်မိမိအထင်ကြီး တတ်ကြသည်။ မိမိတို့ဘက်က လူများအားသာသည်မို့ ပိုဆိုးပေသည်။

မိုက်မဲသူနှင့်သတ္တိရှိသူ မတူချေ။ သတ္တိဆိုသည်က မိမိလိုအပ်မှသာ အသုံးပြုခြင်းဖြစ်၏။ မိုက်မဲခြင်းကား အချိန်ကာလမရွေးပြုမူတတ်ကြပေသည်။ မေဝမ်းလီမှာလည်း မူခင်းရဲတပ်ဖွဲ့ဝင်မို့ ခေမည့်သူတော့မဟုတ်ပေ။

"ဘယ်လိုလဲမေ သွေးပူလေ့ကျင့်ခန်းလေးပေါ့ မဟုတ်ဘူးလား"

"ဒါပေါ့ မစ္စတာမောင်မောင်"

မေဝမ်းလီက သုံးထပ်အခန်းမှာနေသည်။ သူမနေထိုင်ရာသည် လူလတ်တန်းစားများ၏။ ဟောင်ကောင်မှာ လူနေထူထပ်ခြင်းကြောင့် ကျောတစ်နေရာစာရဖို့ပင် မလွယ်ပါချေ။ ရေချိုးသောက်သုံးရေမှာလည်း ရှားပါး၏။ တရုတ်ပြည်မကြီးမှနေပိုက်လိုင်းသွယ်ကာ ဝယ်ယူသုံးစွဲနေကြရပေသည်။ မေဝမ်းလီမှာ ရဲမေတစ်ဦးနှင့်အတူ နေထိုင်သူဖြစ်၏။ သူမအခန်းနေအဖော်မှာ တာဝန်ကျနေသည်မို့ အခန်းတွင် မရှိပါချေ။

မိမိတို့ရဲတပ်ဖွဲ့ဝင်များသည် အမှုကိစ္စကိုပင် အိမ်ကမိသားစုကို ဖွင့်ဟပြောဆိုပိုင်ခွင့်မရှိပါချေ။ စောင့်စည်းရသည့် ဝတ္တရားများကို လိုက်နာကြရပေသည်။ ကိုယ်ကျူးလျှင် ကိုယ့်ဒူးပင် မယုံကြည်သင့်ပေ။ အမှားလုပ်သူက အပြစ်ရှိသူမို့ ကြောက်ဒူးတုန်ခြင်းကို ဆိုလိုခြင်းပါပေ။ မောင်မောင်တို့အခန်းသို့ လှေကားမှနေတက်ရောက်ခဲ့ကြသည်။ အမြန်ရောက်ရန်အတွက် လှေကားထစ်များကို အထစ်ကျော်တက်လှမ်းခဲ့၏။

BURMESE CLASSIC .com

မေဝမ်းလီကလည်း အခန်းတံခါးဖွင့်ရန် သော့အဆင်သင့်လက်ထဲကိုင်ဆောင်ထား၏။ မေဝမ်းလီအခန်းဖွင့်နေချိန်တွင်တော့ မောင်မောင်က ရန်သူ့အခြေအနေစောင့်ကြည့်နေခဲ့သည်။ ကားရပ်လိုက်သံကြားလိုက်ရ၏။ သူတို့တိုက်ပေါ်သို့ တက်လာကြတော့မည်ပေ။ မေဝမ်းလီကလည်း ရဲမေပီပီ အခန်းဖွင့်ပြီး ချည့်ခန်းမီးတော့ မဖွင့်ပါချေ။ မီးဖွင့်လိုက်ပါက ရန်သူများကို မိမိတို့ဤအခန်းတွင်ရှိကြောင်း ဖော်ပြလိုက်သလိုတည်း။

သို့သော် အောက်ထပ်ရှိ တိုက်စောင့်အား မေဝမ်းလီ၊ ပုံပန်းသဏ္ဌာန်မေး၍ အခန်းကိုသိသွားနိုင်ပေသည်။ မောင်မောင်က အခန်းထဲရောက်သည်နှင့် ဖိနပ်အောက်ခံရော်ဘာဆိုးလ်ထဲမှ သူကိုင်စွဲနေကျ ၉ မမ ဝေါလ်ကာပီပီကေ သေနတ်ကိုထုတ်ကာ နောက်ကျောခါးပတ်ကြားထိုးထည့်လိုက်၏။ လိုအပ်မှ သေနတ်ကို အသုံးပြုရပေမည်။ မိမိတို့ ရဲတပ်ဖွဲ့ဝင်များသည် တရားခံဖမ်းဆီးရာတွင် လိုအပ်ပါက သေနတ်ထုတ်သုံးရသော်လည်း တရားခံကိုသေစေအောင်ပစ်ဖမ်းခြင်းမပြုရပေ။ ခြေလက်မလှုပ်ရှား ထွက်မပြေးနိုင်ရန်သာ ပစ်ဖမ်းဆီးရပေသည်။

မေဝမ်းလီကလည်း လှုပ်ရှားလွယ်ကူအောင် ညအိပ်ဝတ်စုံလဲလှယ်လိုက်ပြီး အဆင်သင့်ပြင်ဆင်ထား၏။ ရန်သူတို့ တိုက်ပေါ်တက်လာကြချေပြီဖြစ်၏။ အားလုံးလေးယောက်တည်း။ မောင်မောင်က အခန်းတံခါးတွင်ကပ်လိုက်၏။

မေဝမ်းလီက အိမ်ရှင်မို့ တံခါးဖွင့်ပေးရန် တံခါးပေါက်နားတွင် ရပ်နေလိုက်၏။ ရန်သူအားလုံးအထဲဝင်သည်နှင့် သူတို့လက်ဦးမှုရယူတိုက်ခိုက်ကြမည်ဖြစ်၏။ ရဲတပ်ဖွဲ့သို့လည်း အကြောင်းကြားလိုက်ပြီမို့ ရန်သူလူမိုက်များ ပြေးမလွတ်သာတော့ချေ။ မိမိတို့အား လောင်းကစားဝိုင်းတွင် အချိန်းအချက်လုပ်ခဲ့ရခြင်း

www.burmeseclassic.com

www.burmeseclassic.com

မှာလည်း တစ်ချက်ခုတ်နှစ်ချက်ပြတ် ဒုစရိုက်မှုများ ကျဆင်းရေးအတွက် ပါပေ။ ထိုဟော်တယ်လောင်းကစားဝိုင်းများမှ နိုင်သူများကို လုယက်ခြင်း၊ သတ်ခြင်းမှား ကျူးလွန်ခဲ့မှုများ မဖော်ထုတ်နိုင်ခဲ့ဘဲရှိခဲ့ရာ မောင်မောင်တို့နှစ်ဦးအား တည်ကြက်သဖွယ် စေလွှတ်လိုက်ခြင်းပါပေ။

တရားခံများကို ဖမ်းဆီးရာတွင် အမှုကိုခိုင်လုံအောင် တည်ဆောက်ရပေသည်။ ရမ်းသမ်းပြီး အထင်နှင့် စွပ်စွဲပြီး ဖမ်းဆီးလို့မရပါချေ။ လောင်းကစားဝိုင်းမှ ဒုစရိုက်မှုများ ဖော်ထုတ်မရခြင်းမှာလည်း လူမိုက်တို့နောက်ကွယ်မှ ကြိုးကိုင်သူများရှိနေခြင်းကြောင့်ပေ။ သူတို့သည် လူအင်အား၊ ငွေအင်အားတောင့်တင်းကြသော ဒုစရိုက်သမားများ ဂိုဏ်းများသာဖြစ်၏။

ရန်သူတို့အခန်းတံခါးပေါက်ဝသို့ ရောက်ရှိလာကြပြီဖြစ်၏။ သော့တံပေါက်မှ မောင်မောင်ချောင်းကြည့်ရာ နှစ်ယောက်က သံတုတ် တစ်ယောက်တစ်ချောင်းစီ ကိုင်ဆောင်ထားပြီး ရှေ့က နှစ်ယောက်က ကိုင်ဆောင်ထားခြင်းမရှိပါချေ။ လက်ထဲ လက်နက်ကိုင်ဆောင်မထားသူတို့သည်ကား လက်မရွံ့သေနတ်သမားများသာဖြစ်နိုင်၏။ တံခါးခေါက်နေပြီတည်း။

မောင်မောင်က အမှောင်ထုမှနေ မေးဆတ်ပြလိုက်၏။ တံခါးဖွင့်လိုက်သည်နှင့် မေဝမ်းလိနောက်သို့ ခြေနှစ်

သော့တံပေါက်မှ မောင်မောင်ချောင်းကြည့်ရာ နှစ်ယောက်က သံတုတ် တစ်ယောက်တစ်ချောင်းစီ ကိုင်ဆောင်ထားပြီး ရှေ့က နှစ်ယောက်က ကိုင်ဆောင်ထားခြင်းမရှိပါချေ။ လက်ထဲ လက်နက်ကိုင်ဆောင်မထားသူတို့သည်ကား လက်မရွံ့သေနတ်သမားများသာ ဖြစ်နိုင်၏။

BURMESE CLASSIC .com

လှမ်းခပ်ကျဲကျဲဆုတ်ခွာလိုက်တော့၏။ ရန်သူတို့က တံခါးဖွင့်သည်နှင့်တစ်ရှိန်ထိုး တိုးဝင်လိုက်ကြကာ လက်ဦးမှုရယူလိုသော်လည်း အထင်နှင့်အမြင် လွဲချော်သွားတော့၏။ ရှေ့မှ ဝင်လာသော နှစ်ယောက်မှာ မေဝမ်းလိနှင့် မောင်မောင်တို့ ခြေကန်ချက်ဦးစွာခံရပြီး ရှေ့သို့ကိုင်းညွတ်အသွားတွင် လည်ကုပ်အား လက်ဝါးစောင်းပြင်းပြင်းခုတ်ချကာ နောက်မှနှစ်ယောက်အား ခုန်ကန်ကာ လှဲသိပ်လိုက်၏။ မေဝမ်းလိကလည်း မြန်ဆန်ဖျတ်လတ်လှ၏။ လဲကျသွားသော ရန်သူနှစ်ယောက်အား နောက်ပြန်လက်ထိပ်ခတ်လိုက်ပြီးသားပေ။

ပွဲက သိပ်ကြည့်မကောင်းချေ။ ရန်-ူတို့က သူတို့လူအင်အားဖြင့် ပြသမှုခံကြရမည်ဟု တွက်ဆထားခဲ့ဟန်တူ၏။ မြွေဆိုသည့် သတ္တဝါကား သေးသော်လည်း အဆိပ်ပြင်းရှိတတ်ပေသည်။ အားနွဲ့သည့် မိန်းမသားများကို ပို၍လျှော့တွက်တတ်၏။ မောင်မောင်အားလည်း လောင်းကစား သမားတစ်ယောက်ဟု ထင်ဟန်ရှိပေသည်။ လောင်းကစား:သမားတို့သည် လူပျော့လူညံ့များဖြစ်၏။ ခွန်အားစိုက်ထုတ် တိုင ် က် ရမည့်အလုပ်ကို မကျွမ်းကျင်ကြ ပါချေ။

ဌာနချုပ်မှ ရဲဝ၁ပ်ဖွဲ့ဝင်များ ရောက်လာတော့ အဆင်သင့်ဖမ်းဆီး ခေါ်ဆောင်သွားရုံပါပေ။ အမှုမှာလည်း ခိုင်မာစွာ ထင်ရှားနေပြီမို့ လူမိုက်လူ ရမ်းကား ဒုစရိုက်သမားများ ရှင်းထွက် လွှတ်မြောက်ခြင်း ၊ ရှိနိုင်တော့ပေ။ မောင်မောင်က သူဒ၊နိုင်ရလာသည့် ငွေများနှင့်ရင်းနှီးရန်ပေးလိုက်သော ငွေများကို ရဲမှူးကြီးထံအပ်နှံလိုက်၏။ နိုင်သည့်ငွေများကို မိဘမဲ့ကလေးများ ရန်ပုံငွေအဖြစ် လှူဒါန်းပေးပါရန် တောင်းဆိုခဲ့၏။ သူနှင့်မေဝမ်းလိတို့ အတွက်တော့ ဟောင်ကောင်ဒေါ်လာ သုံးသိန်းတော့ ချန်ထားရန်ပြန်လည် ပေးခဲ့ပါသည်။ သဘောက ဂုဏ်ပြု ငွေပင်တည်း။

မနက်ဖြန် အစီအစဥ်အတိုင်း

www.burmeseclassic.com

www.burmeseclassic.com

ဆက်လက်ဆောင်ရွက်စေရန် တာဝန်ပေးအပ်လိုက်၏။ မေဝမ်းလီကို တစ်ခန်းခွဲပေးလိုက်၏။ သူမကတော့ ရဲဘပ်ဖွဲ့ဝင်များနှင့် ဌာနချုပ်ကို လိုက်ပါပြီး လက်ရဖမ်းဆီးရမိသော ဒုစရိုက်သမားများအား အမှုဖွင့်ဆက်သက်အရေးယူဆောင်ရွက်နိုင်ရန် ခန်းသို့ လိုက်ပါသွားပါတော့၏။

သူမက မောင်မောင်အား ပွေ့ဖက်အနမ်းနှင့်ဂုဏ်ပြုနှုတ်ဆက်လိုက်ပြီး တိုးတိုးလေးစကားတစ်ခွန်းအခြားသူမကြားအောင် ပြောသွားပါသေး၏။ ထိုစကားကြောင့် မောင်မောင်အပြုံးတစ်ချက်ဖြင့် အသိအမှတ်ပြုကြောင်း ပြသမိပါသည်။ သူမက "မစ္စတာမောင်မောင်နှင့်နောက်တစ်ကြိမ်ဆုံချင်ပါသေးသည်" ဟူ၍တည်း။

မိန်းမသားတို့ သဘာဝပါပေ။ တချို့မိန်းခလေးတွေက ကျားကျားလျားလျားယောကျ်ားပီသမှုကို နှစ်ခြိုက်သဘောကျတတ်သည်မဟုတ်ပါလား။ တချို့မိန်းကလေးများကတော့ ချမ်းသာသည့် သူများကို သာ

ပင်လယ်ပြင်ထဲ လူတစ်ယောက် အစပျောက်လက်စတုံးရသည်ဟု လွယ်ကူလှ၏။ ရေထဲမတော်တဆလိမ့်ကျသွားသည်ဟု သတင်းပို့ပေးလိုက်ရုံပေ။ တကယ်တမ်း (Man over Board) ပင်လယ်ရေပြင်ထဲသို့ ပြုတ်ကျသွားခဲ့ပါကလည်း ပြန်လည်ဆယ်ယူရန် မလွယ်ကူလှပါချေ

အိမ်ထောင်ဘက်အဖြစ် ရွေးချယ်လိုကြပေသည်။

မောင်မောင်အား ဟော်တယ်သို့ လိုက်လံပို့ဆောင်ပြီး ထွက်ခွာသွားကြပါတော့သည်။ အခန်းသို့ ဓာတ်လှေကားဖြင့် တက်ရောက်ခဲ့ပြီး ရေမိုးချိုးကာ အခန်းတွင်းရှိ ဓာတ်ဘူးထဲမှ ရေနွေးဖြင့် ကော်ဖီပူပူတစ်ခွက်ဖျော်ကာ မိမိအတွက် ပေးအပ်ခဲ့သော ဆက်သွယ်ရေးအရာရှိ လက်မှတ်များနှင့် လိုအပ်သည်များကို စစ်ဆေးလိုက်ပြီး မနက်ဖြန်အတွက် အဆင်သင့်ဖြစ်ရန် ပြင်ဆင်ပြီး အိပ်ရာဝင်တော့၏။ နာရီကား ညဥ့် ၂ နာရီခန့်ပင် ရှိနေပြီပေ။

ဆင်ရိုင်းမောင်မောင်နှင့်ရောဘဝ တွေ့ဆုံပြီ

ဝမ်းအချင့်လူ့အကျင့်ပါပေ။ မောင်မောင်မည်မျှပင်အိပ်ရေးပျက်ပါစေ နိုးနေကျနံနက်စောစောတွင် နိုးထလာတော့၏။ နိုးထသည်နှင့် ရေတစ်ဖန်ခွက်အပြည့် မျက်နှာမသစ်ခင် တစ်ဝသောက်လိုက်၏။ ပြီးမှမျက်နှာသစ်သွားတိုက်ကာ တစ်[illegible]ည်း ရေမိုးချိုးကာ အဝတ်အစားများပါလဲလှယ်လိုက်တော့၏။ မိမိကစောင့်ဆိုင်းရသည့် ကိစ္စကိုမကြိုက်ချင်ပေ။

ချိန်းဆိုချက်အတိုင်း မိမိတို့ရဲဘပ်ဖွဲ့ဝင်များသည် ကြိုတင်ရောက်ရှိကြရပေသည်။ အနောက်တိုင်းဝတ်စုံသေသပ်စွာဝတ်ဆင်လိုက်၏။ ပြီးနောက် လျှို့ဝှက်ကင်မရာပါသည့် ပါဝါနေကာမျက်မှန်အား တပ်ဆင်လိုက်ပြန်သည်။ အရာရှိမို့ စာရွက်စာတမ်းလက်မှတ်များကို အတာချိကေ့(စ်)ဖြင့်ထည့်ကာ လက်မှကိုင်ဆွဲကာ အခန်းမှ ထွက်လာခဲ့တော့သည်။

ကောင်တာတွင် အခန်းသော့အပ်လိုက်ပြီးနောက် နံနက်စာအတွက် ဝမ်းဗိုက်ဖြည့်ရန် စားသောက်ခန်းမသို့ ထွက်လာခဲ့၏။ ထုံးစံအတိုင်း စားပွဲထိုးလေးက နေရာပေးကာ ထိုင်စေပြီး မီနူးကတ်ပြားကို ပြသ၏။ မိမိက ကြက်ဥမကျက်တစ်ကျက်နှစ်လုံး အကြော်နှင့်ဝက်အူချောင်းတစ်ပွဲ ပါမုန့်မီးကင်လေးချပ်၊ ချိုထောပတ်များအပြင် သောက်ရန်နွားနို့ခွက်ကြီးတစ်ခွက်မှာလိုက်၏။

စောင့်ဆိုင်းနေစဉ် မာဘိုရိုစီးကရက်တစ်လိပ်ဖွာရှိုက်ကာ အငွေ့လေးများလွင့်ပြန့်သွားစေ၏။ ရောဘဝနှင့်မိမိဆုံတွေ့ကြတော့မည်ပေ။ ဒုစရိုက်သဘော်ဟု နာမည်ဆိုးထွက်နေသည်မို့ ပိုမိုဂရုစိုက်ရမည်ဖြစ်၏။ ရေအဆုံးကုန်းတစ်ဝက်ပါပေ။ ကုန်းပေါ်တွင်တော့ မိမိအတွက်

www.burmeseclassic.com

www.burmeseclassic.com

အကူအညီများရယူနိုင်၏။ ရေပေါ်တွင်တော့ မိမိတစ်ကိုယ်တော်၏ အစွမ်းအစကိုသာ အားကိုးအားထားပြုရပေတော့မည်ပေ။ သတိတရားကို လက်ကိုင်ထားရမည်သာတည်း။

အချိန်နာရီစက္ကန့်များက ရပ်တန့်မနေကြ အမြဲဖြစ်ပျက်ပြီး ပြောင်းလဲရွေ့လျားနေ၏။ ယနေ့သည် မနက်ဖြန်မဟုတ်သလို မနက်ဖြန်သည်လည်း ယနေ့မဟုတ်ပါ(Today is Today, Today is not Tomorrow)လုပ်စရာရှိသည်များကို ယနေ့ပဲ စတင်လုပ်ပါ၊ မနက်ဖြန်ဆိုသည်က အိပ်မက်ထဲ ယောင်ယမ်းတမ်းတ မျှော်လင့်သလို ဖြစ်၏။

စားသောက်ပြီး ဧည့်ခန်းထဲတွင် အခေါ်ရောက်ရှိလာမည်ကို စောင့်ဆိုင်းရင်း ယနေ့ထုတ်ဟောင်ကောင်တိုင်း(စ်) (Hong Koung Times) သတင်းစာကို ဖတ်ရှုနေမိ၏။ ညကမိမိတို့ဖြစ်သွားခဲ့သော သတင်းတော့ မပါပါချေ။ ရောဘဝဲသတင်းတော့ပါ၏။ ရောဘဝဲပေါ်မှ စားပွဲထိုးမောင်ချစ်ပိုလှအား သတ်သွားသော တရားခံများမှာ မော်တော်ဘုတ်နှင့်လာရောက် သတ်သွားကြောင်း မျက်မြင်များက ထွက်ဆိုကြသည်။ သင်္ဘောသားများကို စစ်ဆေးပြီးဖြစ်၍ သင်္ဘောအား ကုန်တင်ပြီးပါက ထွက်ခွာခွင့်ပြုလိုက်သည်။ အမှုမှန်ပေါ်ပေါက်ရေးအတွက် ဆက်လက်စုံစမ်းဆဲဖြစ်၏။ သတင်းတိုလေးသာ ဖော်ပြစေ၏။ တရားခံများ မဖမ်းမိသေးသဖြင့် သဘောလောက်သာဖော်ပြခြင်းပါပေ။

နံနက် ၈း၃၀ခန့်ရှိလာပြီဖြစ်၏။ ၉း၀၀နာရီတွင် သင်္ဘောကုမ္ပဏီသို့ ရောက်ရှိကြရမည်ဖြစ်၏။ ထိုစဉ် ကောင်တာရီဆက်ပ်ရှင်း(Reception)သို့ လူတစ်ယောက်မေးမြန်းနေပြီး မိမိထံသို့ တာဝန်ခံမန်နေဂျာက ညွှန်ပြခဲ့၏။ ထိုသူကား ရဲတပ်ဖွဲ့ဝင်တစ်ဦးတစ်ယောက်မှန်းသိအောင် စကားဝှက်သုံးကာ သက်သေပြလာ၏။

“မစ္စတာမောင်မောင်လား ခင်ဗျာ..ရောဘဝဲသင်္ဘောကိစ္စအဆင်သင့်ဖြစ်ပြီလားဗျာ”

“ဖြစ်ပြီသွားကြစို့”

မောင်မောင်ထိုသူနောက်မှ လိုက်ပါလာခဲ့၏။ စီစဉ်ထားသည့်အတိုင်း အငှားကားဖြစ်၏။ မိမိအား သင်္ဘောပေါ် တာဝန်ထမ်းရွက်ရန် ရန်ကုန်သင်္ဘောသားအလုပ်အကိုင်ကြီးကြပ်ရေးဌာန(S.E.C.P)မှ ရွေးချယ်စေလွှတ်ခဲ့ကြောင်း ကြေးနန်းစာကို သင်္ဘောကုမ္ပဏီမှ ရန်ကုန်ရှိ အင်းစိန် စီအိုင်ဒီ မှုခင်းရဲတပ်ဖွဲ့ဌာနချုပ်မှ ပေးပို့ပြီးပြီဖြစ်၏။ ချိတ်ဆက်မိစေရန် အတွက် သက်ဆိုင်ရာသင်္ဘောသားဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရပေသည်။ ကိုယ့်လူမျိုး၏ အမှုအခင်းကိစ္စမို့ အမှုမှန်ပေါ်ပေါက်ရေးကို လိုလားပါသည်။ မိမိတို့မြန်မာသင်္ဘောသားများသည် တစ်ဖက်တစ်လမ်းကနေ နိုင်ငံခြားဝင်ငွေရရှိအောင် နိုင်ငံတော်အတွက် တာဝန်ထမ်းရွက်နေသူများပါပေ။

အချို့သင်္ဘောကုမ္ပဏီများက မြန်မာသင်္ဘောသားတို့၏ ရပိုင်ခွင့်များကို အပြည့်အဝပေးခြင်းမရှိကြပေ။ များသောအားဖြင့် လစာများ မှန်ကန်စွာမရရှိခြင်း၊ အချိန်ပိုအလုပ်ခိုင်းစေပြီး လုပ်အားခအပြည့်အဝမပေးခြင်း၊ ထိခိုက်နာကျင်မှု ဒဏ်ရာရပြီး ကိုယ်လက်အင်္ဂါချို့ယွင်းမှုအတွက် ခံစားမှုလျော်ကြေး နစ်နာကြေးငွေများမပေးခြင်း အပြည့်အဝမရရှိခြင်းများစွာ ကြုံတွေ့နေကြရ၏။ အသက်အာမခံကြေး သင်္ဘောသားတိုင်းအတွက် သင်္ဘောကုမ္ပဏီများမှ ဆောင်ရွက်ပေးကြရသော်လည်း သင်္ဘောသားတစ်ဦးတစ်ယောက်တာဝန်ထမ်းဆောင်နေရင်း၊ ကွယ်လွန်ခြင်းအတွက် အသက်လျော်ကြေးငွေများ မရသည်လည်းရှိပြီး ရသော်မှ အပြည့်အဝရရှိခြင်းမရှိခြင်း၊ ပြဿနာအခက်အခဲများစွာ ကြုံတွေ့ရင်ဆိုင်နေကြရပေသည်။

သင်္ဘောကုမ္ပဏီခေါ်ယူသည့် လစာနှုန်းမှာ လွန်စွာကွာခြားနေ၏။ ဆက်သွယ်ရေးအရာရှိ (Radio officer)ပင် အမေရိကန်ဒေါ်လာ (၉၀၀)သာရပေသည်။ အပိုဝင်ငွေဆို၍ ထောက်ပံ့ရေးစတို (Bone Store) အတွက် အမြတ်ရငွေ ၅%သာ ထိန်းသိမ်းစောင့်ရှောက်ခအဖြစ် ရရှိနိုင်သည်။ သင်္ဘောကုမ္ပဏီရောက်ရှိသည့်အခါ သင်္ဘောကုမ္ပဏီ၏ တာဝန်ခံမန်နေဂျာနှင့်သာ တွေ့ဆုံရ၏။ မန်နေဂျာက မောင်မောင်၏ လက်မှတ်များ၊ ဆေးမှတ်တမ်းများနှင့်သင်္ဘောသားစာအုပ်

www.burmeseclassic.com

www.burmeseclassic.com

(C.D.C)မှ ပင်လယ်လုပ်သက်များပါ သေချာစွာ စစ်ဆေးပြီးနောက်··

"စပတ်(ခ်)(spark)··ခင်ဗျား ဆောင့်စည်းရမည့်စည်းကမ်းတော့ နားလည်ပါတယ်နော်··"

"ဟုတ်ကဲ့ပါ"

"ခိုင်းတာလုပ်၊ ပြန်မမေးနဲ့ ဆိုင်တဲ့ကိစ္စဝင်မပါပါနဲ့ ဟုတ်လား"

"ဟုတ်"

"ကဲ··ဒါဆို ရေဘဝဲသင်္ဘော ကို လိုက်ပို့လိမ့်မယ်။ သင်္ဘောမထွက် သေးခင်တစ်ရက်အလိုအထိ ခင်ဗျား ဟော်တယ်မှာပဲ ဆက်တည်းခိုနိုင်ပါ တယ်"

"ကောင်းပါပြီ"

မောင်မောင်နှင့်အတူအသစ် ရွေး ချယ်ခံရသော ကုန်းပတ်တတိယ အရာရှိနှင့် စားပွဲထိုးရာထူးဖြင့် တာဝန်ထမ်းဆောင်ရမည့်သူများပါ လိုက်ပါ၍ သင်္ဘောသို့ ကုမ္ပဏီမှ စီစဉ်ပေးသော မော်တော်ဘုတ်ဖြင့် ရေဘဝဲသင်္ဘောရှိရာသို့ ထွက်ခွာလာ ခဲ့ကြ၏။ ကုမ္ပဏီမှ ကိုယ်စားလှယ် စာရေးက သင်္ဘောသို့လိုက်ပါ ပို့ဆောင်ပေး၏။

သင်္ဘောမာလိန်မှူးက လူသစ် များရောက်ရှိလာမည့် သတင်းစကား ရထားပြီးသားမို့ အဆင်သင့်သင်္ဘော အတက်အဆင်းလှေကား(Gangway)မှ စောင့်ကြိုလျက်ရှိပေသည်။ မောင်မောင် က တာဝန်ရှိ မာလိန်မှူးထံမိမိ၏ စာရွက်စာတမ်းများ ပေးအပ်ပြီး ဟော်တယ်သို့ ပြန်မည်မို့အဝတ်အစား အသုံးအဆောင်ပစ္စည်းများ ယူဆောင် ခဲ့ခြင်းမရှိခဲ့ပေ။

မာလိန်မှူးက မောင်မောင်နှင့် တတိယအရာရှိကိုသာ သူ၏အခန်း သို့ ခေါ်ဆောင်ခဲ့၏။ စားပွဲထိုးလေး ကိုတော့(ပ)အရာရှိ(Cheif officer)က ခေါ်ဆောင်သွားပေသည်။ မောင်မောင် တို့အား သင်္ဘောနှင့်သက်ဆိုင်သော သင်္ဘောသားစာအုပ် (C.D.C)နှင့် လက်မှတ်များ(Certificates)နှင့် ဆေးမှတ်တမ်း၊ ဓာတ်မှန်(Body Exray)များပါ တောင်းခံ၏။

မြန်မာနိုင်ငံတွင် နိုင်ငံတကာ သွား ပင်လယ်ကူးသင်္ဘောသား တစ်ယောက်ဖြစ်ဖို့ လွယ်ကူသည် မဟုတ်ချေ။ များစွာသောသင်တန်း များပါ တက်ရောက်ကြ၏။ မရှိမဖြစ် သော လက်မှတ်များကိုင်ဆောင်ခွင့် အတွက်ပါပေ။ သင်္ဘောသားဖြစ်လာ ပြန်တော့လည်း ကျန်းမာရေးကောင်း ပါမှ သင်္ဘောပေါ်လိုက်ပါခွင့်ရှိပေ သည်။ မောင်မောင်၏ အခန်းမှာ ဒုတိယအရာရှိခန်းနှင့် ကပ်လျက်ရှိ ပြီး အလုပ်ခန်း(စက်ခန်း)ပါတွဲလျက် ရှိပေသည်။

မာလိန်မှူးက လက်မှတ်များ စစ်ဆေးပြီးနောက်···

"စပတ်(Spark) ခင်ဗျား သစ္စာ ရှိဖို့ နုတ်လုံဖို့တော့လိုတယ်ဗျ"

"ဟုတ်ကဲ့ပါကပ္ပတိန်"

"ဟဲဟဲ··အဲဒါမှ ခင်ဗျားရဲ့ ကျန်းမာရေးကောင်းမှာ သိလား နို့မို့ဆို ပင်လယ်ထဲက ငါးတွေရဲ့ အစာဖြစ် သွားနိုင်တယ်နော်··"

မောင်မောင်ဘာမှ ပြန်မဖြေဘဲ မချိုပြုံးလေးသာ ပြုံးပြလိုက်တော့၏။

အမှန်က မိမိအားခြိမ်းခြောက် သတိပေးလိုက်ခြင်းပါပေ။ ကိစ္စ တော့မရှိပါ မိမိကတာဝန်ဝတ္တရား အရမို့သာ သည်းခံလိုက်ခြင်းဟည်း။ မြန်မာလူမျိုးတို့၏ သတ္တိကား နယ်မြေ ရွေးသည်မဟုတ်၊ တုံးတိုက်တိုက် ကျားကိုက်ကိုက် ရင်ဆိုင်လိုက်ချင်သူ များပေတည်း။ အမှုမှန်ပေါ်ပေါက် ရေးအတွက်မို့အသာ ငြိမ်လိုက်ရတော့ သည်။ ရှေ့တိုးမည့်ဆင်သည် နောက် သို့ ခြေတစ်လှမ်းတော့ ဆုတ်ရတတ် သည် မဟုတ်ပါလား။

မောင်မောင်သင်္ဘောမှ ပြန်လာခဲ့ ၏။ သင်္ဘောကြီးသည် ဒုစရိုက်သား များ ကြီးစိုးနေသည်မှန်း ခန့်မှန်းမိပါ သည်။ ပင်လယ်ပြင်ထဲ လူတစ် ယောက်အစပျောက်လက်စတုံးရသည် က လွယ်ကူလှ၏။ ရေထဲ မတော် တဆလိမ့်ကျသွားသည်ဟု သတင်းပို့ ပေးလိုက်ရုံပေ။ တကယ်တမ်း(Man over Board) ပင်လယ်ရေပြင်ထဲသို့ ပြုတ်ကျသွားခဲ့ပါကလည်း ပြန်လည် ဆယ်ယူရန်မလွယ်ကူလှပါချေ။ လှိုင်းလေကြမ်းနေပါက ပိုမိုခက်ခဲလှ ၏။

သင်္ဘောကြီးအား တစ်ပတ်ပြန် လှည့်ရင်း ကူးသွားသောနေရာသို့ ပြန်ရောက်ရန်အတွက် အချိန်အတော် ယူရပြီး ကျရာနေရာ(Positions) အမှတ်အား ရှာဖွေဖို့လွယ်ကူသည်

www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ချေ။ ကျသွားသူကလည်း ရေပေါ်တွင် ဦးခေါင်းတစ်လုံးမျှသာ ပေါ်နိုင်ပေသည်။ ရေအဆုံးကုန်းတစ်ဝက်စကားသည် သင်္ဘောသားတွေအတွက် ဖြစ်၏။ မိမိအတွက်တစ်ချက်လေးမှားသည်နှင့် ပင်လယ်ပြင်ထဲက ငါးအစာဖြစ်သွားနိုင်တော့၏။

မောင်မောင်သင်္ဘောက ပြန်လာခဲ့ပြီး ဟော်တယ်အခန်းသို့ ပြန်ရောက်ကာ ရေမိုးချိုးကာ ခေတ္တလဲလျောင်းအနားယူလိုက်၏။ အကောင်းဆုံးအနားယူနည်းက တရားမှတ်ရှုဆင်ခြင်နေခြင်းတည်း။ ကုသိုလ်လည်းရ၊ ကျန်းမာရေးအတွက်ပါ အထူးသင့်လျော်၏။ လေဝင်လေထွက်မှန်ကန်စွာ ရှူသွင်းခြင်းကြောင့် အဆုတ်ကိုအားကောင်းစေပြီး စိတ်လက်ကြည်ရွှင်လန်းဆန်းစေပါသည်။ မောင်မောင်သတိရလိုက်၏။ မေဝမ်းလိဟုတ်ပြီ မိမိအတွက် အဖော်လိုအပ်နေသည်ပေ။

"ဟဲလို..မေလား ကိုယ်ပါ မောင်မောင်"

"ဟယ်..ဒါကြောင့် သည်နေ့နေသာနေတာသိလား..ဆို ဘာကိတ်"

"ကိုယ်နဲ့အတူ ညစာစားဖို့ ဖိတ်ခေါ်ချင်လို့ပါဗျာ"

"အိုကေ..ဟော်တယ်ကို လာခဲ့ရမှာလားရှင်"

"ဟိုတစ်နေ့ညက စားသောက်ဆိုင်လေ..ည ၇နာရီနော်.."

"ကောင်းပါပြီရှင့်"

မောင်မောင်တို့အန္တရာယ်ကြားမှာ အလုပ်သဘောအရ မိန်းမပျိုများနှင့်ဆက်ဆံသည်ရှိခဲ့၏။ မလွှဲမရှောင်သာ၍ ဟန်ဆောင်ကာ ချစ်ခင်ဆက်ဆံရပေ၏။ မေဝမ်းလိတို့ကိုတော့ ကိုယ့်ရဲဘော်ရဲဘက်မောင်ရင်းနှမလိုသာ သဘောထားရှိပါသည်။ မေဝမ်းလိဘက်ကတော့ မည်သို့သဘောထားရှိသည်တော့ မောင်မောင်မသိချင်ပေ။ အခုလည်းရေဘဝဲသင်္ဘောပေါ်သို့ အမှုထမ်းသည့်အခါလိုအပ်မည်ဟု စဉ်းစားမိသော ပစ္စည်းကိရိယာများအတွက်တည်း။

အချိန်စောနေသေးသည်မို့ မိမိအခန်းထဲမှာပင် ကော်ဖီတစ်ခွက်အားဖျော်ရန်ရေနွေးဖြည့်ကာ ဓာတ်ဘူးပလပ်(စ်)ထိုးထားလိုက်၏။ ထိုဓာတ်ဘူးကား ရေနွေးဆူသွားပါက အလိုအလျောက် လျှပ်စစ်ဓာတ်အားဖြတ်တောက်လိုက်ပြီး အနည်းငယ်ရေနွေးအေးသွားပြီဆိုပါက အလိုအလျောက် လျှပ်စစ်ဓာတ်အားပြန်ဝင်ကာ ရေနွေးဆူပွက်စေအောင်အလုပ်လုပ်ပေးနိုင်၏။ အလုပ်များသဖြင့် ရေနွေးတည်ပြီး မေ့လျော့ကာ သတိမရနိုင်သူတွေအတွက်အသုံးပြုဖို့ကောင်း၏။

ရေဘဝဲသင်္ဘောက ကုန်တင်၍မပြီးသေးပါချေ။ ဒုစရိုက်သမားများကြီးစိုးရာ သင်္ဘောပေမို့ ကုန်တင်ရာတွင် မိမိအား ရှိမနေစေချင်ကြပါချေ။ အမှတ်လည်းဆက်သွယ်ရေးအရာရှိတို့သည် ဆိပ်ကမ်းရောက်

သည်နှင့် တာဝန်မရှိတော့ေ
မိုးလေဝသရာသီဥတုသတင်းမှာလ
ဆိပ်ကမ်းအာဏာပိုင်များသာမ
နိုင်ငံ၏ ရုပ်မြင်သံကြားရေဒီယိုမ
မှ အရေးကြီးလျှင် ကြီးသလို သ
ပေးကြေညာလျက်ရှိစမြဲတည်း။

၆ နာရီထိုးပြီးပြီမို့ အဝတ်အ
များလဲလှယ်ကာ မေဝမ်းလိနှင့်ခ
ဆိုထားရာ မနေ့ညက ရောက်ခဲ့
သော စားသောက်ဆိုင်ကြီးသို့ ထွ
ခွာရန် ဟော်တယ်ဝန်ထမ်းများ
အငှားယာဉ်ဆောင်ရွက်ပေးကြ
သူတို့ဆောင်ရွက်ခအတွက် အပို
ငွေအမှန်က ဘောက်ဆူးပေးစရာမ
အပ်ပေ၊ ဟော်တယ်မှ ဝန်ဆောင်
များအတွက် တွက်ချက်ယူပြီးသ
ဖြစ်ပေသည်။ မောင်မောင်ကတေ
ပေးလိုက်ပါသည်။ အငှားယာဉ်မော
သမားက

"ဘယ်ကိုမောင်းပို့ရမလဲခင်ဗျာ"

"အချစ်ပုံပြင်(Love Story Res-taurant)စားသောက်ဆိုင်"

ရှေ့လဆက်ရန်...

မောင်မောင်(မြန်မာပြည်

www.burmeseclassic.com

www.burmeseclassic.com



ညည်းချင်းသစ်

● အောင်သျှင်သူ(မဟာမြေ)

''ကိုကျော့မောင် ‥ ရှင့်မှာလည်း အလုပ်ရှာနေတာ ရကိုမရဘူး။ ငွေကမရှိ၊ ခုထိ အိမ်ကမမိုးရသေးဘူး။ ကျုပ်တို့မိသားစု မိုးရွာကြီးထဲမှာ နေရတော့မှာလား''

''အေးပါကွာ။ ငါရှာနေပါတယ်။ အဆင်ပြေသွားမှာပါ''

''အဆင်ပြေမယ်မလုပ်နဲ့။ ကျောင်းတွေကလည်း အပ်ရတော့မှာဆိုတော့ ငွေလိုတယ်ရှင့် ငွေလိုတယ်''

အထက်ပါ စကားသံများက ခေါင်းရင်းအိမ်မှ ကိုကျော့မောင်တို့လင်မယား၏ စကားသံများ ဖြစ်သည်။ ကိုကျော့မောင်သည် လက်သမားတစ်ယောက် ဖြစ်သော်ငြား လောက်လောက်ငငရှာနိုင်သူ တစ်ယောက်တော့ မဟုတ်ပေ။ သူများထံမှာ နေ့စားဖြင့် လိုက်လုပ်ရသူ ဖြစ်သည်။ တစ်ခါတစ်ခါမှ သူ့ကိုယ်ပိုင်လုပ်ငန်းလေး ရတတ်၏။ ကလေးသုံးယောက်နှင့် ဇနီးသည်ကို လောက်ငအောင် ရှာမကျွေးနိုင်သည့်မို့ အိမ်မိုးဖို့ဆိုသည်မှာ တွေးပင်မတွေးနိုင်သေး။ မေလထဲရောက်လာပြီမို့ မိုးခြိမ်းသံတွေက ကိုကျော့မောင်ဇနီး မကျင်လှကို နှိုးဆော်နေခြင်းကြောင့် မကျင်လှ၏နှုတ်မှ ယခုလို တွတ်ထိုးလာခြင်း ဖြစ်သည်။

ဤသို့ တွတ်ထိုးသံမျိုးကို မခံနိုင်၍ ကိုကျော့မောင် အိမ်ပေါ်ကဆင်းသွားပေါင်းလည်း အကြိမ်ကြိမ်ရှိခဲ့သည်။ ခုလည်း အိမ်ပေါ်မှဆင်းရန် ဟန်ပြင်နေသော ကိုကျော့မောင်ကို မကျင်လှက ...

''ဒီတစ်ခါဆင်းသွားရင်တော့ ပြန်မလာနဲ့။ ဘယ်နှယ့်တော် ... ယောကျ်ားယူထားပါတယ် အားကိုမကိုးရဘူး''

မကျင်လှပြောလည်း ပြောစရာပင်။ ကိုကျော့မောင်မှာ လက်သမားအလုပ်မှလွဲ၍ ဘာမှမလုပ်တတ်။ သစ်ဈေး၊ ဝါးဈေးကြီးနေသော ယခုလိုအချိန်မျိုးတွင် အိမ်ဆောက်ဖို့နေနေသာသာ အိမ်ပြင်ဖို့ပင်မလွယ်။ အိမ်ဆောက်လက်သမား ကိုကျော့မောင်တို့အဖို့ တောင်းမစားရသည်ပင် ကံကောင်းလှ၏။

ဤသို့သော ခေါင်းရင်းအိမ်မှ ကိုကျော့မောင်တို့လင်မယားအကြောင်းကို ကျွန်တော် မကြာမကြာ ကြားနေရသည်မို့ ရိုးနေလေပြီ။

(၂)

တစ်နေ့ ကျွန်တော်အလုပ်မှ ပြန်လာချိန်တွင် ကိုကျော့မောင်တို့အိမ်၌ လူစုလူဝေးဖြင့် ရုတ်ရုတ်သဲသဲ ဖြစ်နေသည်ကိုမြင်၍ ကျွန်တော်သွားရောက်စုံစမ်းကြည့်သောအခါ မကျင်လှမှာ မျက်နှာ ဖြူဖပ်ဖြူရော်ဖြင့် ပက်လက်အနေအထားကို တွေ့ရသည်။ အိမ်သာအကြိမ်ကြိမ် တက်ရခြင်းကြောင့် မောနေသည်ကို တွေ့ရသည်။ ကိုယ်ကိုစမ်းကြည့်တော့ ကြက်ရင်အုပ်ကဲ့သို့ ပူပူနွေးနွေးဖြစ်နေသည်။ တစ်ကိုယ်လုံးမှာလည်း ခြောက်ခြောက်သွေ့သွေ့ဖြင့် အနာစက်လိုအနာမျိုးက လက်နှစ်ဖက်မှာ အပြည့်။ ချောင်းကလည်း တဟွတ်ဟွတ်ဆိုးနေသည်။ လာရောက်ကြည့်သူများ၏ ဝေဖန်သံများက မရတော့ဘူးဟု ဆိုသူများက ဆိုနေကြပြီ။ ယခုလို လာရောက်ကြည့်ရခြင်းမှာ မကျင်လှ၏သမီး မလှထွေး၏ အော်ငိုမှုကြောင့် ဝိုင်းအုံလာခြင်း ဖြစ်သည်။

အကြောင်းစုံကို သိလိုသောကြောင့် ခြေရင်းအိမ်မှ ပြည့်ပြည့်စုံစုံသိသော မခင်မြင့်ကို မေးကြည့်သောအခါ အေအိုင်ဒီအက်(စ်)ရောဂါဖြစ်လို့ဟု ကြားရသည်။ ကိုကျော့မောင်မှာ အလုပ်သွားမည်ဆိုပြီး ထွက်သွားသည်မှာ တစ်နှစ်ပင် ကျော်နေလေပြီ။ ယခုထိ ပြန်မရောက်သေး။ မိန်းမသားတစ်ဦး၏ ဦးဆောင်မှုဖြင့် ကလေးသုံးယောက်၏တာဝန်ကို ထမ်းဆောင်နေသည့် တာဝန်က နည်းသည့်တာဝန် မဟုတ်။ အဝတ်လျှော်သည်။ ရေထမ်းရောင်းသည်။ ဖရဲသီး၊ ပြောင်းဖူး အစုံရောင်းကြည့်သည်။ မပြေလည်။ မလောက်င။ အခုတော့ မကျင်လှ ဘာတွေလုပ်မိပြီလဲ။ အစစအရာရာ တက်နေသော ကုန်ဈေးနှုန်းကို မကျင်လှ မည်သို့ ဖြေရှင်းလိုက်သနည်း။ ကျွန်တော် သိလိုက်လေပြီကော။ မကျင်လှ၏ ရုပ်ကာမှာ ချောလှသူမဟုတ်ငြား အသင့်အတင့်ရုပ်ရည်တော့ ရှိသေးသည်။ ဤရုပ်ရည်ကို အကြောင်းပြုပြီးသကာလ မကျင်လှ တစ်ခုခုကို အရင်းပြုခဲ့ပြီဟု ကျွန်တော် သိလိုက်ပါသည်။

သို့အတွက် ကျွန်တော်သည် ကဗျာသမား၊ စာသမားမို့ မကျင်လှ၏ဘဝကို ဤသို့ ကဗျာရေးဖွဲ့လိုက်ပါသည်။

(၁)

လင်မှရှာကျွေး။
သည်ငွေကြေးသည်၊
ကလေးသုံးယောက်၊
စားမလောက်၍၊ စိတ်နောက်ကိုယ်ပါ
ပြုမိရာ၌။

(၂)

အချိန်လည်းစောင်း၊
နေမကောင်း၍၊
ငါတောင်းပန်သည်၊
သေတော့မည်။

အောင်သျှင်သူ(မဟာမြေ)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အာသာမပြေ လူသတ်ချေ၏

The Frustrated Killer

by Alan Hynde

ဘနှင်း(မြန်မာပြန်)

၁၉၂၈ ခုနှစ်၏ သာယာသော ...ဦးရာသီတစ်နေ့တွင် တက္ကဆက်ပြည် ...ယ် အမာရီလိုမြို့ရှိ ရှေ့နေရုံးခန်းလေး ...ဝယ် မစ္စတာပိန်းတစ်ယောက် လက် ...တိုလက်နှိပ်စက် စာရေးမလေးအား ...က်နှိပ်စက်ရိုက်ရန် စာကို နှုတ်တိုက်ချ ...နေသော်လည်း စိတ်က တခြား ...က်နေပါသည်။ စာရေးမလေး အော ...စ်ဘေလာနှင့် သူ၏ အိမ်ထောင်သက် ...၅ နှစ်ရ ဇနီးသည်ကို နှိုင်းယှဉ်ကြည့် ...မိခြင်းကြောင့် ဖြစ်သည်။

အနောက်ပိုင်း တက္ကဆက်ပြည် ...ယ် ဆရာအတတ်သင်ကောလိပ်၌ ...တူတက်ရင်း မေတ္တာမျှခဲ့သော ဇနီး ...ည်မှာ ကလေးသုံးယောက်နှင့် လုံးချာ ...ည်လျက်၊ ပုံပျက်လျက် ရှိနေချေပြီ။

အောလစ်၏ ခြေအစုံကို ပိန်းက ...စ်ချက်ကြည့်ပြီး လည်ချောင်းတစ်ချက် ...င်းကာ အရဲစွန့်မေးလိုက်သည်။

"မင်း ... ယောက်ျားလေးတွေနဲ့ ...ပြင်ကို ထွက်လည်တတ်သလားကွ"

အောလစ်က ပိန်းအား တအံ့ ...သြ မော့ကြည့်လိုက်သည်။

"တစ်ခါတလေပါ။ ဘာဖြစ်လို့လဲ ...စ္စတာပိန်း"

"ဘာမှ မဟုတ်ပါဘူးကွာ။ စိတ်ကူးတည့်ရာ မေးကြည့်မိတာပါ"

ထိုည ညစာစားပွဲတွင် ထိုင်ရင်း ပိန်းက ဟင်းနုံ့ကျွေးနုံ့ ရနေသည့် ဇနီးသည်အား ကြည့်နေမိသည်။

"ဘာဖြစ်လို့ စိုက်ကြည့်နေရတာလဲ အချစ်ရဲ့"

သူမက မေးလိုက်သည်။ ပိန်းကိုလည်း အချစ်ဟူ၍သာ ခေါ်လေ့ရှိသည်။

"ဩော် ... မင်းဆံပင်အတွန့်လေးတွေကို ကြည့်နေတာပါ။ သိပ်နိုင်ပုံမရတော့လို့"

"ဆောရီးပဲ အချစ်ရယ်။ ကျွန်မမှာလေ တစ်ခုမဟုတ်တစ်ခု အလုပ်များနေလို့ မပြင်ဖြစ်တာပါ။ ကဲ ... ညစာ စားပေတော့"

"သိပ်မဆာဘူးကွာ"

ပိန်းက ထရပ်သည်။

"ရုံးမှာ အဆင်မပြေလို့လား အချစ်ရယ်"

ပိန်း အဖြေမပေးတော့ပါ။

နောက်တစ်နေ့မနက် အလုပ်ကိစ္စတစ်ခုနှင့်ပတ်သက်၍ လက်နှိပ်စက်ရိုက်ရန် ပါးစပ်မှ နှုတ်တိုက်ချပေးနေစဉ် "မင်းကို ကိုယ်ချစ်တယ်ကွာ"ဟူသော စကားလုံးက အလိုအလျောက် ထွက်သွားမိသည်။ ပိန်းတစ်ယောက် ကိုယ့်ကိုကိုယ် မယုံကြည်နိုင်ပါ။ စည်းကမ်းသေဝပ်သော မိသားစုမှ ပေါက်ဖွားလာသည့် ပိန်းမှာ ကိုယ့်ဇနီးမှလွဲ၍ တခြားမိန်းကလေးတစ်ယောက်အကြောင်း စိတ်ပါလက်ပါ တွေးတောတတ်ခြင်း မရှိခဲ့ပါ။

ပိန်းပြောသမျှ အမြန်လိုက်ရေးနေသည့် အောလစ်မှာလည်း ထိုစကားလုံးတို့ကိုပါ လိုက်ရေးမိပြီးမှ နှုတ်ခမ်းကိုက်စဉ်းစားကာ မော့ကြည့်လာသည်။ ပိန်းကလေး မျက်နှာနီနီနှင့် ငြိမ်ထိုင်နေလိုက်သည်။

"အဲဒီစကားလုံးတွေက ဘာအဓိပ္ပာယ်လဲ မစ္စတာပိန်း"

"အဓိပ္ပာယ်ကတော့ မင်းကို ကိုယ်ချစ်တယ်ပေါ့ကွာ။ မင်း ကိုယ့်ဆီမှာ အလုပ်စဝင်ကတည်းက ချစ်နေမိတာပါ"

"မစ္စတာပိန်း ရှင့်မှာ ကလေးသုံးယောက်နဲ့ အိမ်ထောင်နဲ့ပါရှင်"

ပိန်းက အဝေးသို့သာ ကြည့်နေသည်။

"ကိုယ်သိပါတယ်။ ဒါပေမယ့် မင်းကို ရင်ထဲက ကိုယ်ချစ်တာတော့ မတတ်နိုင်တော့ဘူး'

www.burmeseclassic.com

www.burmeseclassic.com

အောလစ်က ချိတ်ထားသည့် ခြေထောက်ကို ပြန်ချသည်။

"ရေးလက်စစာကို ဆက်ရေးရအောင်။ တခြားကိစ္စကိုတော့ဖြင့် နောက်မှပဲ ဆွေးနွေးကြတာပေါ့ရှင်"

သို့ဖြင့် ပိန်းမှာ နေ့လယ်စာ စားချိန်အထိ အလုပ်ထဲနစ်မြုပ်ထားသည်။ ထို့နောက် ဦးထုပ်ကို ဆောင်းသည်။

"ဒီနေ့ ကိုယ်ပြန်မလာတော့ဘူး။ ကိုယ်ပြောခဲ့တာကိုတော့ မင်းစဉ်းစားစေချင်တယ်။ မနက်ဖြန်မနက်မှ ပြန်တွေ့ကြတာပေါ့"

လင်မယားကွာရှင်းရင်တော့ မဖြစ်နိုင်ကြောင်းကို ပိန်းသိပါသည်။ ဤကိစ္စမျိုးကို ခါးသီးကြောင်း ဖနီးသည်၏ ပြောစကားအား သူကြိမ်ဖန်များစွာ ကြားသိပြီးဖြစ်သည်။ ကွာရှင်းခွင့်တောင်းနိုင်သည့် အချက်အလက်မရှိကြောင်းလည်း ရှေ့နေဖြစ်သည့် ပိန်း နားလည်ပါသည်။

"တို့နှစ်ယောက် လက်ထပ်ထားသလိုပဲ နေလိုက်ကြရအောင်လား။ လက်ထပ်တယ်ဆိုတာကလည်း စာအုပ်ထဲက စာတွေကို ဘုန်းကြီးက ဖတ်ပြတာပဲရှိတယ် မဟုတ်လား"

အောလစ်၏အဖြေကမူ တရားဝင်လက်ထပ်ခြင်းသာ ဖြစ်သည်။ သူမ၏ သူငယ်ချင်းတစ်ဦး ခံစားရသကဲ့သို့ သူမ မဖြစ်လိုပါ။

ပိန်း မငြင်းပါ။ အောလစ်၏ ခြေထောက်လှလှလေးကို ကြည့်ရင်း "ကိုယ်လက်ခံပါတယ်။ ကိုယ့်မိန်းမနဲ့ ကွာရှင်းဖို့လုပ်တော့မယ်"ဟု ပြောလိုက်လုနီးပါး ဖြစ်သည်။

သို့ဖြင့် ပိန်းတစ်ယောက် ဖနီးသည်ကိုသာ သတ်ရန် ဆုံးဖြတ်လိုက်သည်။

"မိန်းမရေ"

တစ်ညတွင် ပိန်းက ဖနီးသည်အား ခေါ်လိုက်သည်။

"မနက်ဖြန်မနက်ကျရင် မင်းကို ဆေးစစ်ကြည့်မယ်။ အသက်အာမခံကုမ္ပဏီက ဆရာဝန်တစ်ယောက် လာလိမ့်မယ်"

"ဘာဖြစ်လို့လဲရှင်။ ကျွန်မမှာ လိုမှမလိုအပ်တာ"

"တစ်သက်လုံး ဒီလိုချည်းနေလို့ မဖြစ်ဘူး မိန်းမရယ်။ ကိုယ်တို့ တစ်ခုခုဖြစ်သွားရင် ကလေးတွေ အဆင်ပြေအောင် ကိုယ်တို့နှစ်ယောက်စလုံးအတွက် အသက်အာမခံထားမလားလို့"

"ရှင့်သဘောပါပဲ အချစ်ရယ်"

သို့ဖြင့် ဆက်ခံသူအမည် ပိန်းဖြင့် ဖနီးအတွက် ဒေါ်လာတစ်သောင်းတန် အသက်အာမခံကိုလည်းကောင်း၊ ဖနီးသည်အမည်ဖြင့် ဆက်ခံသူအဖြစ်ထားကာ ဒေါ်လာတစ်သောင်းတန် သူ၏ အသက်အာမခံကိုလည်းကောင်း ပိန်း လုပ်ခဲ့သည်။ ထို့နောက် လအတန်ကြာ ငြိမ်နေပြီး ဒီဇင်ဘာလတွင်တော့ အလုပ်များလာတော့သည်။

ပိန်းနှင့် ဖနီးသည်တို့အိပ်ခန်းမှာ အလယ်တွင် တံခါးတစ်ချပ်နှင့် ဆက်ထားသည်။ အိပ်ခန်းတိုင်းတွင် လျှပ်စစ်မီး ရှိသလို ဓာတ်ငွေ့ပိုက်လိုင်းလည်း ရှိသည်။ မေ့လျော့တတ်သည့် မစ္စက်ပိန်းမှာ ဆံပင်ကောက်တံကို အပူပေးရန် ဓာတ်ငွေ့ပိုက်ကို ဖွင့်သော်လည်း မီးတို့ရန် မေ့တတ်လေ့ရှိသည်။ သူမ၏ မေ့လျော့တတ်ပုံကို ပိန်းတို့ မိတ်ဆွေအားလုံး သိထားကြပြီး ဖြစ်သည်။ ဤအချက်မှာ ပိန်းအတွက် အကွက်ဖြစ်သည်။

၄ ၃က်ပိန်းမှာ ဟောက်သံကျယ်ကျယ်နှင့် အအိပ်ကြီးသူဖြစ်သည်။ တစ်ည သူမ၏ဟောက်သံကြားသည်နှင့် ပိန်းက သူမအခန်းဝင်ကာ ဓာတ်ငွေ့ပိုက်ကို ဖွင့်ပြီး သူ့အခန်းပြန်လာသည်။

ကောင်းလာမည့် အခြေအနေကို မျှော်လင့်ရင်း အမှောင်ထဲတွင်ကား ပိန်း စောင့်နေရသည်။ မိနစ်နှစ်ဆယ်မျှအကြာတွင် ဖနီးသည်၏ ချောင်းဆိုးသံ ကြာ လိုက်သည်။ ထို့နောက် ချောင်းသံနှ အတူ အော်ခေါ်သံ ပေါ်လာသည်။

"အချစ်ရေ ... အချစ်ရေ"

ခေါ်သံကို မကြားသလို ငြိမ်နေရ ပိန်း ဆုံးဖြတ်လိုက်သည်။ မကြာမီမှာပ ဓာတ်ငွေ့က သတိလစ်သွားစေလိမ့်မည် အချိန်စောင့်ရန်သာ လိုလိမ့်မည်။

"ဖေဖေရေ"

အခြားတစ်နေရာမှ အသံထွက် လာသည်။ သူ့ကလေးတစ်ယောက်၏ အသံဖြစ်သည်။

"ဖေဖေရေ ... ဓာတ်ငွေ့အနံ့ ရ နေတယ်"

ပိန်းက မည်သို့ ဆုံးဖြတ်ရမည် နည်းဟု စဉ်းစားနေသည်။ သို့သော် ရှစ်နှစ်အရွယ်သားက တံခါးဝတွင် ရောက် လာသည်။

"ဖေဖေ ... သား ဓာတ်ငွေ့နံ့ရ တယ်။ ထစမ်းပါဦး"

ပိန်း မတတ်သာတော့။ စားပွဲတင် မီးကို ဖွင့်၍ ထထိုင်ရသည်။ အိပ်ရာမှ လန့်နိုးရသလို မျက်လုံးကို ပွတ်နေသည်။

"ဘုရားရေ ... မင်းအမေတော့ ဓာတ်ငွေ့ပိုက်ကိုဖွင့်ပြီး ပြန်မပိတ်မိပြန်ဘူး နဲ့ တူတယ်"

ဘေးတံခါးကို ပိန်း ဖွင့်မည်အပြု တံခါးပွင့်လာသည်။ ဖနီးသည် အီဗာက သူ့ရင်ခွင်ထဲ ထိုးလဲသွားသည်။ ပိန်းက သူမအား ခုတင်ပေါ်တင်၍ တစ်ဘက်ခန်း သို့ ပြေးကာ ဓာတ်ငွေ့ပိုက်ကို ပိတ်သည်။ ပြတင်းပေါက်များကို လိုက်ဖွင့်သည်။

အီဗာ သတိရလာပြီး ပြောရှာ သည်။

"အချစ်ရယ် ... ကျွန်မ အတော် မိုက်တာပဲ။ ဓာတ်ငွေ့ပိုက်ကိုဖွင့်ပြီး မပိတ် ဘူးနဲ့ထင်တယ်"

"အဆင်ပြေသွားပါပြီကွာ။ ကိစ္စမရှိ တော့ပါဘူး။ မင်းလည်း ဘာမှ ဖြစ်တာမ

www.burmeseclassic.com

ပျောက်ဘဲ''

ပိန်းတစ်ယောက် စိတ်ပျက်သွား သော်လည်း အားတော့ မလျှော့ပါ။

ထိုကိစ္စဖြစ်ပြီး နှစ်လအကြာတွင်မူ ...အတွက် အခွင့်အရေးတစ်ခု ရလိုက် ...သည်။ အီဗာက တုပ်ကွေးမိကာ လဲ နေသည်။ သူက မိသားစုဆရာဝန်ကိုခေါ် ကာ လိုအပ်သောဆေးများ ပေးစေသည်။

တစ်မနက် ကလေးများ ကျောင်း သွားပြီးနောက် ဇနီးသည် အိပ်ခန်းသို့ ဝင်သည်။ ဆေးဘီဒိုတွင် မော်ဖိန်းဆေး ပြားများ အပြည့်ရှိသည်။ ပုလင်းကို ယူသည်။ ...ခင်နေမကောင်းစဉ်က သုံးရန်ဝယ်ထား သော်လည်း မသုံးဖြစ်သည့် ဆေးဖြစ် သည်။ အမှန်တော့ ဆေးအညွှန်းမှာ နှစ်ပြားသာသောက်ရန် ဖြစ်သည်။ မော်ဖိန်းနှင့်ပတ်သက်သော အမှုတစ်ခု ကြုံဖူးသည့် ပိန်းမှာ ဆေးလေးပြားသည် အားနည်းနေသူအတွက် သေနိုင်ကြောင်း သိပြီးဖြစ်သည်။

သူက ပို၍သေချာစေရန် ရေခွက် ထဲတွင် ဆေးပြားရှစ်ပြား ဖျော်ထည့်ပြီး ဇနီးသည်အား သွားပေးသည်။

''မိန်းမရေ ကိုယ်ရုံးမသွားခင် မင်း ကို ဆေးတိုက်ခဲ့ရင် ကောင်းမလားလို့''

အီဗာက အနည်းငယ်သောက်ပြီး မျက်နှာရှုံ့သွားသည်။

''သောက်ချလိုက်။ ကိုယ်ရုံးနောက် ကျနေဦးမယ်''

သူမက သောက်လိုက်သည်။ မိနစ် နှစ်ဆယ်အတွင်း အီဗာသတိလစ်သွားပြီ ဖြစ်သည်။

ပိန်းက ဖန်ခွက်မှ သူ၏လက်ဗွေရာ တို့ကို လက်ကိုင်ပုဝါနှင့် သုတ်သည်။ ထို့ နောက် သူမ၏ လက်ဗွေရာကို ထင်စေ သည်။ သူမ သေသည်ကို တွေ့ပြီးနောက် တွင် သူမဘာသာ ဆေးသောက်ပြီး သေ ခြင်းဟု ထင်စေရန်ဖြစ်သည်။

ပိန်းက အိမ်တွင် တစ်နာရီမျှ ဆက် နေသည်။ အီဗာ၏ အသက်ရှူသံက ပြင်း ကာ သွေးတိုးနှုန်းက နှေးလာသည်။ သူ က ဦးထုပ်ယူဆောင်းပြီး ပြုံးရင်း ရုံးသို့ ထွက်သွားတော့သည်။

နေ့လယ်တွင်တော့ မြို့လယ်ရှိ စား သောက်ဆိုင်တွင် နေ့လည်စာ စားနေကျ အတိုင်း မစားတော့ဘဲ အိမ်သို့ ပြန်လာ သည်။ အီဗာ အသက်ရှူဆဲ ရှိသည်ကို အံ့ဩသော်လည်း စိတ်ပျက်စွာ တွေ့ရ သည်။ အသက်ရှူသံက မနက်ကထက် ပြင်းသည်။ သွေးက မတိုးသလောက်ရှိ သည်။

ထို့နောက် ညနေပိုင်းတွင်တော့ ဖုန်းအခေါ်ကိုသာ ရုံးတွင် စောင့်နေလိုက် သည်။ ညနေ ကလေးများ ကျောင်းပြန် လာပြီး မိခင်သေနေသည်ကို တွေ့ကာ ဖုန်းဆက်လိမ့်မည်ဟု သူတွက်ထား သည်။

ဖုန်းကတော့ မလာပါ။ အိမ်သို့သာ ညနေငါးနာရီခွဲတွင် ပိန်း ပြန်ရောက်ခဲ့ သည်။

''မင်းတို့ အမေကော့ကွ''

''အိပ်နေတယ် ဖေဖေ''

သားအကြီးဆုံးက ဖြေသည်။

ဇနီးဖြစ်သူမှာ နေ့လယ်ကထက် ပို၍ပင် အသက်ရှူပုံက ပုံမှန်ဖြစ်နေ ကြောင်း ပိန်း တွေ့လိုက်ရသည်။

ပိန်း ကလေးများနှင့်အတူ ညစာ စားပြီး ဇနီးသည်အခန်းသို့ တက်ခဲ့သည်။ သူမ၏အသက်ရှူပုံနှင့် သွေးတိုးနှုန်းက ပုံမှန်ဖြစ်လျက် ရှိပါသည်။

နိုးတစ်ဝက် အိပ်ရင်းမှပင် ဇနီး သည်၏ခေါ်သံကို အရုဏ်တက်တွင် ပိန်း ကြားလိုက်ရသည်။ သူရောက်သွားသည့် အခါ သူမက တောက်ပသော မျက်လုံး အစုံနှင့် လှမ်းကြည့်သည်။

''ကျွန်မ ကောင်းကောင်းကို အိပ် ပျော်သွားတယ် အချစ်ရေ။ ဘယ်အချိန် ရှိပြီလဲဟင်''

သူက အချိန်ကိုပြောပြလိုက်သည်။

''နည်းနည်းတော့ ရီဝေဝေနဲ့ပဲ။ ဆေးက အတော့်ကို ပြင်းတယ်နော်''

ပိန်းတစ်ယောက် ဇနီးသည်အား လုပ်ကြံရန် တတိယအကြိမ်အဖြစ် အလုပ် ရှုပ်ရပြန်တော့သည်။ သူတို့ကျောင်းနေစဉ် က ဘစ်ရှော့ရေကန်သို့ အလည်သွားရင်း ကားတစ်စီးရပ်ထားရာမှ ကန်ထဲသို့ ထိုး ကျသွားပုံကို သတိရမိသည်။ သို့ဖြင့် တစ် ညတွင် ရေကန်သို့သွားသည်။ သူတို့ မှန်လုံကားလေး ရေနက်ထဲသို့ ကျသွား နိုင်မည့်နေရာကို ရှာကြည့်သည်။ သူ တွေ့လိုက်ရပါပြီ။

သို့ဖြင့် ဧပြီလ၏ လသာသော တစ်ညတွင် ဇနီးသည်အား ပြောလိုက် သည်။

''မိန်းမရေ . . . ကိုယ် စိတ်ကူးတစ် ခုရတယ်။ ဘစ်ရှော့ရေကန်ကို သွားပြီး လမင်းကြီးကို ထိုင်ကြည့်နေကြရအောင် လားလို့''

''အို . . . သိပ်ကောင်းတဲ့အကြံပဲ အာ...ချစ်ရယ်၊ သွားကြရအောင်''

ကလေးများအား ပိန်း၏ အပြော ကမူ တစ်မျိုးဖြစ်သည်။ သူ၏ရုံးသို့ အလုပ် ကိစ္စတစ်ခုရှိ၍ သွားမည်ဖြစ်ကြောင်း၊ အီဗာက လိုက်ပို့ပြီး ဘစ်ရှော့ရေကန်သို့ လေညင်းခံထွက်မည်ဖြစ်ကြောင်း။ နောက် မှ သူ့အား ပြန်ဝင်ခေါ်လိမ့်မည် ဖြစ် ကြောင်း။

ပိန်းက လူပြတ်သည့် ကန်စောင်း ထိပ်တစ်နေရာတွင် ကားကိုရပ်ကာ လက် ဆွဲဘရိတ်ကို ဆွဲထားသည်။ အတန်ကြာ မှ သူက ကားပေါ်က ဆင်းသည်။

''ဘယ်သွားမလို့လဲ အချစ်''

''ကားရှေ့ဘီးခုရအောင် ကျောက် တုံးနှစ်တုံးလောက် သွားရှာမလို့ပါ။ ဒါမှ ကန်ထဲကို လျှောမဆင်းသွားနိုင်မှာ''

ကားကို ရှေ့ဘီးတွင် ခဲများခုပြီး နောက် ပိန်းက ဇနီးသည်အား သာယာ

www.burmeseclassic.com

www.burmeseclassic.com

နံ့ပျော့ဖွယ်စကားများ ပြောနေသည်။ အီဗာမှာ ချစ်သွေးကြွယ်ကာ ယစ်မူးနေသည်။ ပိန်းက လက်ဆွဲဘရိတ်ကို ဖြုတ်လိုက်သည်။ ထို့နောက် ကားပေါ်ကဆင်းပြန်သည်။

"ဘီးရှေ့က ခဲတွေ အဆင်ပြေမပြေ ဆင်းကြည့်လိုက်ဦးမယ်"

ပိန်းက ဘီးရှေ့တွင် ခုထားသည့်ခဲကို ကန်ထုတ်လိုက်သည်။ ကားက တုတ်တုတ်မှမလှုပ်။ သူက တွန်းသည်။ မထူးခြား။ အားစိုက်တွန်းသည်။ နည်းနည်းမှ မရွေ့။

"အချစ်ရေ ... ဘာတွေလုပ်နေတာလဲ"

အီဗာက အော်မေးသည်။ ပိန်းက မဖြေ။ ကားတစ်စီးလာနေသံ သဲ့သဲ့ကြားလိုက်ရသည်။

ထိုကားက ပိန်းတို့ကားကို မြင်ပုံမပေါ်။ ပေနှစ်ဆယ်မျှအကွာရှိ ချုံပုတ်ဘေး ကမ်းစပ်သို့ သွားရပ်သည်။

ကားထဲသို့ ပိန်းဝင်သည့်အခါ အီဗာက ပြောသည်။

"အချစ် ... ရှင် လက်ဆွဲဘရိတ်ကို ဆွဲထားဖို့ မေ့နေတယ်။ ဒါနဲ့ ကျွန်မဘရိတ်ကို ဆွဲထားလိုက်ရတယ်"

မိမိတို့ကားအား တခြားကား မမြင်ပါစေနှင့် ဆုတောင်းရင်း ပိန်း ငြိမ်ထိုင်နေမိသည်။ အသံတစ်ချက်ဆဲကာ အိမ်သို့ကားမောင်းပြန်ခဲ့ရတော့သည်။

အလွန် စိတ်တိုနေပြီ ဖြစ်သည်။ ပိန်းမှာ နောက်တစ်ကြိမ် ကြိုးစားရန်သာ ရှိတော့သည်။ ပိန်းသည် အမဲလိုက်တတ်သူဖြစ်၍ ပြောင်းရှည်သေနတ် ကောင်းကောင်းတစ်လက် ရှိသည်။ သေနတ်ကို သူ့အိပ်ခန်းတွင်သာ သိမ်းထားသည်။ ယခုတော့ ဖနီးသည်၏ ဗီရိုထဲသို့ ပြောင်းထည့်ထားလိုက်သည်။

မနက်ဘက် ကလေးများ ကျောင်းသွားပြီးနောက် ပိန်း အခါတိုင်းလို ရုံးမသွားသေးချေ။

"ရုံးမသွားသေးဘူးလားရှင့်"

"ဖုန်းလာမှာကို စောင့်စရာရှိလို့ပါ။ ကဲ ... ကဲ ... မင်းသာ အိမ်အလုပ်တွေသွားလုပ်ပေတော့"

အီဗာက တံမြက်စည်းများ သိမ်းသည့် ဗီရိုရှိရာ အခန်းသို့ ဝင်သွားသည်။ သူမ၏ သီချင်းညည်းသံကို ကြားနေရသည်။ ပိန်းက ဗီရိုထဲတွင် သေနတ်ထည့်ပြီး တံခါးလက်ကိုင်နှင့် ခလုတ်ကြိုးကို ဆက်ထားပြီး ဖြစ်သည်။ ဗီရိုဖွင့်၍ ပေါ်လာမည့် သေနတ်သံကို ရင်တထိတ်ထိတ် နားစွင့်နေမိသည်။

"ဒိုင်း ..."

ပိန်း အပြေးသွားသည်။ အီဗာမှာ ကြမ်းပေါ်တွင် လဲနေသည်။ သို့သော် ညာလက်ကို အုပ်ကိုင်ထားသည်။ ပိန်း အတွက်မှားခဲ့သည်။ ပစ်ကွင်းက ကျယ်၍ သေနတ်ပြောင်း ချိန်ထားသည်က နိမ့်နေသည်။ သူမအား အပေါ်ထပ်သို့ခေါ်ကာ ဒဏ်ရာကို ဆေးကြော၍ ငြိမ်ငြိမ်လှဲနေရန် ပြောရေးသာ ပိန်း တတ်နိုင်တော့သည်။ ထို့နောက် အောက်ထပ်သို့ဆင်းကာ သေနတ်နှင့်တွဲလျက် ကြိုးနှင့်စက်သီးကို ဖြုတ်၍ လက်စဖျောက်လိုက်ရသည်။

ဤစတုတ္ထမြောက် ပိန်း၏ အလိုမပြည့်နိုင်သည့် ကြိုးပမ်းချက်နောက်ဝယ် အောလစ်မှာ စိတ်မရှည်တော့ပါ။ အီဗာနှင့်ကွာရှင်းရန် ပိန်းအား ဖိအားပေးလေတော့သည်။

ပိန်း ကြံရပြန်သည်။ ရထားလမ်းအဖြတ်တွင် ရထားတိုက်သေရမည့်ကိစ္စ အီဗာဖြစ်စေရလိမ့်မည်။ တစ်ည ညစာစားပြီး ပိန်းက ပြောလိုက်သည်။

"အမူသည်တစ်ယောက် အိမ်ကို သွားစရာရှိတယ် မိန်းမရေ။ ကိုယ်နဲ့ ကားလိုက်စီးပါလား"

အီဗာ အပျော်ကြီးပျော်သွားသည်။ လမ်းတွင် ပိန်းကပြောလိုက်သည်။

"ရုံးကို ခဏဝင်ရအောင်။ ယူစရာ စာရွက်စာတမ်းတွေ ရှိလို့"

ကားထဲတွင် အီဗာစောင့်နေစဉ် တိုက်ထဲသို့ ပိန်း ဝင်သည်။ တိုက်စောင့် အနီးမှ ဖြတ်လျှောက်လာသည်။

"ညလက် အလုပ်လုပ်မလို့လား ဆရာ"

"ဟုတ်တယ်ဗျာ။ ရုံးခန်းထဲမှာ သန်းခေါင်ကျော်အထိ ကျွန်တော်ရှိမယ်။ ကျွန်တော့်မိန်းမ လာခေါ်လိမ့်မယ်။ ကျွန်တော် အလုပ်လုပ်နေတာကို ဘယ်သူမှ အနှောင့်အယှက် လာမပေးစေနဲ့ဗျာ"

ပိန်းက ရုံးခန်းမှ မီးများကို ဖွင့်ကာ နောက်ပေါက်မှ ထွက်ခဲ့သည်။ ဇနီးသည် ရှိရာကားထဲသို့ ဝင်ထိုင်ပြီး ပြောလိုက်သည်။

"သတင်းကောင်းပဲ မိန်းမရေ။ အမှုသည်က မနက်မှတွေ့ဖို့ ပြန်ချိန်းလိုက်တယ်။ တို့ကားလျှောက်စီးဖို့ အချိန်ရတာပဲ"

အချိန်က ညကိုးနာရီ ကျော်ပြီဖြစ်သည်။ ပိန်းအတွက် အချိန်သုံးနာရီရသည်။ သူက ကားကိုသာ တစ်နေရာပြီး တစ်နေရာ လျှောက်မောင်းနေသည်။ ဆယ့်တစ်နာရီတွင်တော့ မြို့ပြင်သို့ ရောက်လာသည်။ အီဗာသည် အရက်နှစ်ခွက်သောက်ပြီးပြီ ဖြစ်သည်။ သူမမှာ တစ်ခွက်နဲ့ပင် မူးတတ်ရာ သတိလစ်တော့မည်ကို ပိန်း သိပါသည်။

"ကျွန်မ သိပ်အိပ်ချင်နေပြီ အချစ်ရေ"

အရက်ဆိုင်မှ ကားဆီသို့ အပြန်တွင် အီဗာ မောလာတော့သည်။

သန်းခေါင်ယံတွင်တော့ အီဗာမှာ ပျောက်၍ပင် အိပ်မောကျနေပြီ ဖြစ်သည်။ သူရည်ရွယ်ထားရာ ရထားဖြတ်လမ်းနှင့် လေးဖာလုံမျှ အကွာတွင် ကားစက်သံက ဖောက်လာသည်။ ပိန်းမှာ ခေါင်းကြီးသွားသည်။ ကားတွင် ဓာတ်ဆီ မရှိတော့။

သနားစရာ ပိန်းပင် ဖြစ်ပါတော့

www.burmeseclassic.com

www.burmeseclassic.com

သည်။ ငါးကြိမ်မျှ ကြိုးစားသည့်တိုင်
အောင်မြင်ခဲ့။ နောက်တစ်ကြိမ်တွင်
ခတ်လိုက်သေစေရန် သူ ဆုံးဖြတ်လိုက်
သည်။

အီဗာအား ကျန်းမာရေးကြောင့်
ခုနွေးနှင့် ရေချိုးရန် သူအကြံပေးသည်။
သူက ရေချိုးဇလုံနောက် စင်ပေါ်တွင်
လျှပ်စစ်အပူပေးကိရိယာကို တင်ထားပြီး
ခတ်ပုံရိုက်ရန် သံရိုက်ပုံမျိုးနှင့် တစ်ဘက်
နံရံကို ထုမည်။ ထိုအခါ အပူပေးကိရိယာ
က ရေဇလုံထဲသို့ပြုတ်ကျကာ ဓာတ်လိုက်
သေစေမည်။

သူ၏ ဆဋ္ဌမမြောက် လုပ်ကြံမှုတွင်
တော့ ပိန်းက ရေဇလုံထဲသို့ ရေဖြည့်ပြီး
အပူပေးကိရိယာကို တပ်ထားလိုက်သည်။

"ကောင်းကောင်းသာ ဖိမ်နဲ့ ရေချိုး
ပေတော့ အီဗာ။ ကိုယ်လည်း ဓာတ်ပုံ
တစ်ပုံရိုက်ဖို့ လုပ်လိုက်ဦးမယ်"

ရေဇလုံထဲသို့ အီဗာဆင်းသံကို သူ
နားစွင့်နေသည်။ ထို့နောက် နံရံကို ခပ်
ပြင်းပြင်း သုံးလေးချက် ထုသည်။ နားစွင့်
သည်။ ရေသံကို ကြားရသည်။ ထပ်ထု
သည်။ အကြိမ်နှစ်ဆယ်မျှထုပြီး နားစွင့်
ကြည့်ပြန်သည်။ မည်သည့်အသံမှ မကြား
တော့။

"အီဗာရေ ..."

ဖြေသံမကြားရတော့ဟု မျှော်လင့်
က အော်ခေါ်လိုက်သည်။

"ရေချိုးရတာ ကောင်းရဲ့လား"

"ကောင်းတယ် အချစ်ရယ် ...
ပိုင်ကောင်းတာပဲ"

ဘယ်လိုဖြစ်တာလဲဟု ပိန်း ရေ
တ်ရင်း နံရံကို ထပ်ထုသည်။ သူအထု
ဉ်ချိန်ဝယ် တစ်ဖက်မှ တိတ်ဆိတ်နေ
သည်။

"အဆင်ပြေရဲ့လား မိန်းမရေ"

"ပြေတယ် အချစ်ရေ"

အသံက ရေချိုးဇလုံရှိရာမှ မဟုတ်
တာ။ သူမ ရေချိုးဇလုံမှထွက်ကာ မျက်
နှာသုတ်ပုဝါနှင့် သုတ်နေပြီ ဖြစ်သည်။
ရေချိုးခန်းမှ သူမထွက်လာချိန်တွင်တော့
ပိန်းမှာ ဓာတ်ပုံတစ်ပုံကို ရိုက်ပြီးဖြစ်
သည်။

"အပူပေးကိရိယာက ဘယ်လိုနေ
သလဲကွ"

"ကောင်းပါတယ်။ စင်ပေါ်မှာထား
ရင် သိပ်ပူမှာစိုးတာနဲ့ ကြမ်းပြင်ပေါ်ချ
ထားရတယ်"

ပိန်းအဖို့ နောက်တစ်ချက် အထိ
နာရသည်မှာ အောလစ်က ထွက်စာတင်
လာခြင်း ဖြစ်သည်။

"ဘယ် ... ဘယ်လိုဖြစ်ရတာလဲ
အောလစ်ရယ်"

"ရှင့်အတွက် ကွာရှင်းခွင့်ရတော့
မယ် မထင်တော့လို့ပဲ"

ယခုအကြိမ်တွင်တော့ အတော်ပီ
ပြင်၍ ဖြစ်နိုင်ဖွယ်ရှိသော အကြံကို ပိန်း
စဉ်းစားမိလာသည်။ ယခင်က မတွေးမိ
ခဲ့ခြင်းအတွက် ကိုယ့်ကိုကိုယ် အံ့ဩမိ
သည်။ ကားတွင် မီးလောင်ပေါက်ကွဲစေ
သော ပစ္စည်းတစ်ခုခု တပ်မည်။ အီဗာ
အား ကားယူသွားစေကာ ဈေးဝယ်ခိုင်း
မည်။

တစ်ရက်တွင် အများသုံး ဖုန်းရုံးမှ
နေ၍ သူ၏ရုံးသို့ ဖုန်းလှမ်းဆက်သည်။
အထက်တန်းကျောင်းနေစဉ်က ပြဇာတ်
တွင် လူကြမ်းလုပ်ခဲ့ဖူး၍ မည်သို့အသံ
ဖျက်ကာ လေသံကြမ်းနှင့် ပြောရမည်ကို
သူသိသည်။

"ပိန်းနဲ့ ပြောချင်လို့"

"မစ္စတာပိန်း မရောက်သေးပါဘူး
ရှင်။ ဘာပြောလိုက်ရမလဲ"

အတွင်းရေးမှူးအသစ်က ပြန်ဖြေ
သည်။

"ခွေးမသားကို ပြောလိုက်။ သိပ်
ကြာကြာမနေရတော့ဘူးလို့"

ထို ဖုန်းဆက်မှုအကြောင်းကို ရဲ
အား ပိန်းက တိုင်သည်။ မည်သူမည်ဝါဟု
သူခန့်မှန်း မရပါဆို၍ လာရောက်မေး
မြန်းသည့် စုံထောက်အဖို့ မတတ်နိုင်
တော့ပါ။

နောက်နှစ်ညအကြာတွင် သူ့ဇနီး
ထံသို့ အထက်ပါအတိုင်း ဖုန်းဆက်ပြန်
သည်။ ဇနီးက ပြန်ပြောပြီးနောက် သူက
ရဲသို့ သတင်းပို့သည်။ ဤတစ်ကြိမ်တွင်
လည်း ရဲတို့ မတတ်သာပါ။

ဆန်အန်တိုနီယိုမြို့သို့ အလုပ်ကိစ္စ
ဖြင့် ပိန်း သွားရသည်။ ထိုမြို့တွင် သူက
ဈေးဝယ်ထွက်သည်။ ကုန်မာဆိုင်တစ်
ဆိုင်မှ ဓာတ်ခဲများ၊ ဝါယာကြိုး၊ ဖြူး(စ)
ကြိုးတို့ကို ဝယ်သည်။ ဆေးလုပ်ရေး
ပစ္စည်းဆိုင်မှ ယမ်းဘီလူးအချို့ကို ဝယ်
သည်။

ဇနီးသည်အားသတ်ရန်ကြံပြီး တစ်
နှစ်အကြာ ၁၉၂၉ ခုနှစ်၊ ဇွန်လ ၂၇
ရက်နေ့ မနက်တွင် ပိန်းက ပြောလိုက်
ပြန်သည်။

"ဒီနေ့ကားကို မင်းသုံးချင်သုံးလေ။
ရုံးကို ကိုယ်လမ်းပဲလျှောက်သွားတော့
မယ်။ ကိုယ်လက်လှုပ်ရှားမှု လိုနေတယ်
ကွ"

ထိုနေ့မနက် ရုံး၌ ပိန်းရှိနေစဉ်မှာ
ပင် ရဲက ဖုန်းဆက်လာသည်။ မစ္စက်ပိန်း
တစ်ယောက် ကားပေါက်ကွဲ၍ သေဆုံး
သွားပြီဟူသော သတင်းပင်။

အမာရီယိုတစ်မြို့လုံး အုန်းအုန်း
ကျွက်ကျွက် ဖြစ်သွားသည်။ ပိန်းမှာ
သနားစရာလူတစ်ယောက် ဖြစ်လာ
သည်။

* * *

အမှုနှင့်ပတ်သက်၍ ရဲအဖွဲ့ အစွမ်း
ကုန် ကြိုးစားသော်လည်း အဖြေမရခဲ့ပါ။
ဤတွင် အမာရီယို ကမ္ဘာလုံးသတင်းစာ
မှ ဂျင်ဟောင်းဆိုသည့် သတင်းထောက်
လေးတစ်ဦးက ထိုအမှုအား ကူညီရန် ဆုံး
ဖြတ်လိုက်သည်။ သူက ပိန်းအား ၎င်း၏

www.burmeseclassic.com

www.burmeseclassic.com

အတွင်းရေးမှူးမလေးနှင့် လက်ရေးတိုလိုက်ရေးထားသည့်စာအုပ်များကို ကြည့်ရှုခွင့်ပြုရန် တောင်းသည်။

"ဘာဖြစ်လို့လဲဗျ"

"ခင်ဗျားနှုတ်တိုက်ချပေးတဲ့ စာတစ်စောင်မှာ ဒီအမှုနဲ့ပတ်သက်စရာ တွေ့နိုင်မလားလို့ပါ"

"ကောင်းပါတယ်။ ကျွန်တော် ခွင့်ပြုပါတယ်"

သို့ဖြင့် ဟောင်းမှာ ပိန်း၏ ရုံးခန်းတွင်းထိုင်ပြီး အတွင်းရေးမှူးမလေး ဖတ်ပြသော လက်ရေးတိုစာများကို တစ်နေ့ပြီးတစ်နေ့ နားထောင်ခဲ့သည်။ တစ်ညနေတွင်တော့ လွန်ခဲ့သော တစ်နှစ်က စာတစ်စောင်ကို နားထောင်နေရသည်။

"မင်းကို ကိုယ်ချစ်တယ်"

ဟောင်းတစ်ယောက် ဆတ်ခနဲ ဖြစ်သွားသည်။

"ဘာပြောတယ်ဗျ"

"စာထဲမှာ အဲဒီလိုပါလို့ပါ"

သူမအား ရဲတပ်ဖွဲ့မှ စစ်ဆေးခဲ့ပြီးဖြစ်သော်လည်း ထူးခြားမှု မရှိခဲ့ပါ။ ယခုတော့ ဟောင်းက မေးခွန်းထုတ်ကြည့်တော့သည်။

"ပိန်းက မင်းကို ချစ်တယ်လို့ ပြောတဲ့နေ့က ဘာတွေဖြစ်ခဲ့သလဲ"

"ရှင် ဘာတွေ မေးနေတာလဲ"

"ခင်ဗျား မသိဘူးလား။ ပိန်းက ခင်ဗျားကို နှုတ်တိုက်ချပေးနေတုန်း 'မင်းကို ကိုယ်ချစ်တယ်'လို့ ပြောခဲ့တာလေ။ ဒါကို မင်းလိုက်ရေးထားတာ ကျွန်တော် ခုတွေ့ထားတယ်"

ထိုအချိန်က အတွင်းရေးမှူးမှာ သူမ မဟုတ်ကြောင်း ဟောင်း သိရတော့သည်။ သို့ဖြင့် ပိန်း၏အိမ်ကို စောင့်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။

ပိန်းတို့အိမ်၏ အရိပ်တွင် ရစ်သီရစ်သီလုပ်နေသည့် တစ်ည ပိန်းထံသို့ ဧည့်သည်လာသည်ကို ဟောင်း တွေ့လိုက်ရသည်။ ဧည့်သည်က အိမ်ထဲတွင် တစ်နာရီမျှကြာသည်။ ထိုသူ ပြန်ထွက်သွားသည့်အခါ ဟောင်းက သွားတွေ့ပြီး မိမိမည်သူမည်ဝါဖြစ်ကြောင်း ပြောကာ စုံစမ်းသည်။ ထိုသူမှာ အာမခံကုမ္ပဏီတစ်ခု၏ ကိုယ်စားလှယ်ပင် ဖြစ်သည်။

ဦးနှောက်ကောင်းသည့် ဟောင်းက ကိုယ်စားလှယ်နှင့် အပေးအယူ လုပ်သည်။ သတင်းချင်းဖလှယ်ရန် ဖြစ်သည်။ ပိန်းသည် ယခင်အတွင်းရေးမှူးကို ချစ်ကာ လက်ထပ်လိုသည်။ မစွက်ပိန်း မသေမီ တစ်နှစ်က ဒေါ်လာတစ်သောင်းတန် အသက်အာမခံထားခဲ့သည်။ ယခု ဒေါ်လာနှစ်သောင်းကို ပိန်းထုတ်ယူခွင့် ရတော့မည်ဖြစ်ကြောင်း အဖြေထွက်လာတော့သည်။

"ကျွန်တော် နည်းနည်း စုံစမ်းလိုက်ဦးမယ်။ ဒီအတွင်း ငွေထုတ်မပေးနဲ့ဦး"

ဟောင်း၏စကားကို ကိုယ်စားလှယ် လက်ခံလိုက်သည်။

ဟောင်းက ပိန်း၏နေရာမှနေ၍ စဉ်းစားကြည့်သည်။ မီးလောင်ပေါက်ကွဲမှု ပစ္စည်းများကို မည်သည့်နေရာက ဝယ်ယူ ရရှိနိုင်မည်နည်း။ အမာရီယိုမြို့တွင်တော့ မဝယ်သည်မှာ သေချာသည်။ အခြားမြို့တွင်သာ ဖြစ်လိမ့်မည်။ မည်သည့်မြို့တွင်နည်း။

ဇနီးသည်မသေမီ တစ်ပတ်က ဆန်အင်တိုနီယိုမြို့သို့ အလုပ်ကိစ္စဖြင့် ပိန်းသွားကြောင်း၊ ၎င်း၏ အတွင်းရေးမှူး အသစ်ထံမှ သိလိုက်ရသည်။ သို့နှင့် ဟောင်း၏ခရီးစဉ်မှာ ဆန်အင်တိုနီယိုမြို့ ဖြစ်မည်မှာ သေချာလှသည်။

ထိုမြို့မှအဖြေရှာလာသည့် ဟောင်းက သက်သေသာဓကတို့ကို အမာရီယိုမြို့ အစိုးရရှေ့နေချုပ်ထံ အပြေးတင်ပြလိုက်သည်။ ဒါသတကြီး ငြင်းဆန်နေသည့် ပိန်းအား ဇနီးသည်သတ်မှုဖြင့် ဖမ်းဆီးလိုက်ကြသည်။

ထိုညမှာပင် ပိန်းက ရှေ့နေချုပ်[illegible] ခေါ်တွေ့သည်။

"ကျွန်တော်တွက်သလို ဖြစ်မ[illegible] မှတော့ ဖြစ်ပျက်ပုံကို ကျွန်တော် ဖြေ[illegible] ချက်ပေးတာပဲ ကောင်းပါတော့မယ်"

သို့ဖြင့် ပိန်း၏ကြံစည်ချက်များ[illegible] သိလာရခြင်း ဖြစ်ပါသည်။

ရက်ပိုင်းအတွင်းမှာပင် ရဲအချု[illegible] ရှိနေသေးသည့် ပိန်းမှာ ဖောက်ခွဲ[illegible] ပစ္စည်းကို ရယူနိုင်ခဲ့သည်။ ဤအကြ[illegible] တွင်တော့ သူ့ကိုယ်သူ ဖောက်ခွဲ[illegible] လိုက်ခြင်း ဖြစ်သည်။ ထိုပစ္စည်းကို ပိ[illegible] မည်သို့ရသည်ကိုမူ အမာရီယိုရဲအဖွဲ့ ယ[illegible] အထိ အဖြေရှာမရခဲ့ပါ။

သတင်းစာတိုက်၏ လက်နိပ်စ[illegible] ရှေ့တွင်ထိုင်နေသော ဟောင်းထံသို့ [illegible] စခန်းမှ သတင်းထောက်က ဖုန်းဆက်[illegible] ထိုသတင်းကို ပို့လာသည်။

"ခင်ဗျား သိပ်အံ့ဩပုံမရပါလား[illegible]"

သတင်းထောက်က မေးမိသည်[illegible]

"ဒါပေါ့ဗျာ။ ဒီလိုလုပ်ဖို့ ကျွန်တော်[illegible] ပဲ အကြံပေးခဲ့တာပါ"

ဂျင်ဟောင်း တစ်ယောက်ကော[illegible] မည်သို့ ဖြစ်လာခဲ့သနည်း။ ဖျတ်လတ်[illegible] သွက်လတ်သည့် ဟောင်းမှာ အမာရီ[illegible] ကမ္ဘာလုံးသတင်းစာ၏ အယ်ဒီတာ ဖြ[illegible] လာသည်။ အမေရိကန်ပြည်ထောင်[illegible] အနောက်တောင်ဒေသ တစ်ခွင်ဝယ် န[illegible] မည်ကြီးသည့် "ပညာမပါသော တ[illegible] ဆက်မြို့သား"အမည်ရှိ သတင်းစာက[illegible] ၏ ဆောင်းပါးရှင် ဖြစ်ခဲ့သည်။

ထို့နောက် ပိန်းသေဆုံးပြီး ၂၃ န[illegible] အကြာတွင် ပိန်းအား သူအကြံပေးခဲ့သည်[illegible] အတိုင်း အယ်ဒီတာ 'ဟောင်း'သည်[illegible] လည်း သူကိုယ်တိုင် သေကြောင်းကြံစည်[illegible] သတ်သေသွားခဲ့ပါသည်။

ဘနှင်း(မြန်မာပြန်[illegible]

www.burmeseclassic.com

www.burmeseclassic.com

မှန်ချက်က

● အသခ်ယာ

ကျွန်တော်ဟာ ကျောင်းသားဘဝ ကတည်းက လက်ဗွေဏာစာအုပ်တွေဖတ်၊ လက္ခဏာပညာကို နားလည်တဲ့လူတွေနဲ့ ဆွေးနွေး၊ ကိုယ်ကိုယ်တိုင်လည်း လေ့လာနဲ့ လက္ခဏာပညာကို စီးပွားရေး အဖြစ် မလုပ်တောင် စီးပွားဖြစ်လုပ်စား နိုင်လောက်သည်အထိ နှံ့စပ်ပါတယ်။

ဒါကြောင့်မို့လည်း တွေ့တဲ့နေရာ၊ ရောက်တဲ့နေရာ ဟိုလူ့လက်လှမ်းကြည့်၊ ဒီလူ့လက်လှမ်းကြည့်နဲ့ အတော်မျက်နှာ ပွင့်ပါတယ်။

ကျောင်းသားဘဝကို ကျော်လွန် ဘွဲ့ရပြီး ဝန်ထမ်းဘဝရောက်တော့လည်း ရောက်တဲ့ဌာနမှာ မျက်နှာပွင့်လို့ ဟိုက လာကြည့်၊ ဒီကလာကြည့် အလကားပဲ တင်းရေား၊ လက်ဆောင်ပေးတာတွေရော တော်တော်များများလည်း မုန့်အောင် ကြည့်တတ်လို့ လူချစ်လူခင်ပေါပါတယ်။

ကျွန်တော့်ဘဝမှာ ကိုယ့်လက္ခဏာ ကိုယ်ကြည့်ပြီးအဖြစ်ချင်ဆုံးက နိုင်ငံခြားကို သွားချင်တာပါ။ ကျွန်တော့်လက္ခဏာမှာ လည်း နိုင်ငံခြားသွားရမယ့် လမ်းကြောင်း ကြီး ထင်ထင်ရှားရှားတွေ့နေရပါတယ်။

ဝန်ထမ်းဘဝမှာ လုပ်သက် ၁၅ နှစ်ကျော်သည်အထိ ကိုယ့်ထက်လုပ် သက်များတဲ့သူတွေရော၊ လုပ်သက်နည်း တဲ့သူတွေရော နိုင်ငံခြားကို ခဏခဏ သွားနေကြတာတောင် ကျွန်တော့်အလှည့် မရောက်သေးပါ။

ကျွန်တော်ရဲ့ ယုံကြည်ချက်ကြောင့် ကျွန်တော့်လက္ခဏာမှာက နိုင်ငံခြားသွား ရမယ့် လမ်းကြောင်းကြီးက မှိန်နေဖို့ဝေး လို့ ပိုပြီးတော့တောင် ထင်ထင်ရှားရှား ကြီး ဖြစ်နေပါလားလို့ ထင်မိပါတယ်။ ဒါ ကြောင့်လည်း တစ်ချိန်မှာတော့ ကျွန်တော့် ရည်ရွယ်ချက် အောင်မြင်သွားပါတယ်။

ကျွန်တော့်လုပ်သက် ၁၆ . နှစ် အရောက်မှာ ဩစတြေးလျကို သုံးနှစ် ပညာသင်သွားရပါတယ်။ ရောက်ချင်လှ တဲ့ နိုင်ငံခြားကို ဒီတစ်ခါတော့ ရောက်ပြီမို့ ပျော်နေပါတယ်။ ရောက်ရတာကလည်း သူများတကာတွေလို ခုရောက်ခုပြန်ခရီး မျိုး မဟုတ်၊ နှစ်ချီပြီးကြာတဲ့ခရီး။ ပျော်စ ဖွယ်လိလိပေါ့ဗျာ။

တစ်နေ့ သင်တန်းအားရက် တစ် ရက်မှာ ကျွန်တော်နဲ့အတန်းဖော် ဩစ တေးလျ ပျိုမြတစ်ယောက်က သူချစ်သူ ကျောင်းသားတစ်ယောက်ကို ကျွန်တော့် ဆီခေါ်လာပါတယ်။ သူ့ချစ်သူကို လက္ခဏာကြည့်ပေးဖို့ပါ။ ဩစတေးလျ ပျိုမြရဲ့ချစ်သူကို ကျွန်တော်တစ်ခါမျှ မမြင်ဖူးပါ။ တခြားသင်တန်းတစ်ခုက ဖြစ်ဟန်တူပါတယ်။

သူ့လက္ခဏာက အနုပညာလက်၊ အင်မတန် ကဗျာဆန်ဆန်နေတတ်တဲ့ လူ။ ဉာဏ်လမ်းကြောင်းကြီးကလည်း ကောင်းလိုက်တာ။ သူနဲ့ပတ်သက်လို့ သူ ဟာ အနုပညာလုပ်ငန်းနဲ့ မွေးရပ်ဒေသမှာ ထင်ပေါ်ကျော်ကြားခဲ့သူ။ ငယ်စဉ်က ခြေ မွေးမီးမလောင်၊ လက်မွေးမီးမလောင် နေ ခဲ့ရသူ။ တစ်ခုခုလုပ်ရင် ခေါင်းမာမယ်။ မဖြစ်ဖြစ်အောင်လုပ်မယ်။ လျို့ဝှက်တတ် တယ်။ ပညာရေးထက် အနုပညာအလုပ် ကို စိတ်ဝင်စားမယ်။ အသက်ဘယ် လောက်မှာ ဘာအခက်အခဲကြုံရမယ်။ ဘာတွေအောင်မြင်မှုရမယ် စသည်ဖြင့် ကျွန်တော်ဟောလိုက်တာတွေကို သူနား ထောင်ပြီး ကျွန်တော့်ကို တအံ့တသြ ကြည့်တယ်။ သူတို့လူမျိုးရဲ့ထုံးစံအတိုင်း ပွင့်ပွင့်လင်းလင်းပဲ တကယ်မှန်ကြောင်း ပြောဆိုပြီး ဝမ်းသာအားရနဲ့ လက်ဆွဲနှုတ် ဆက်တယ်။

နောက် သူ့လက္ခဏာထဲမှာ ပြော စရာတစ်ခုကျန်သွားလို့ –

"ခင်ဗျား နိုင်ငံခြားသွားရဦးမယ်"

ဆိုတော့သူက ကျွန်တော့်ကိုကြည့် ပြီး ဟက်ဟက်ပက်ပက်ရယ်လိုက်တာ။ မျက်ရည်ကို ထွက်လို့၊ ကျွန်တော်က နား မလည်ဘူး။ ငါပြောတဲ့စကားထဲမှာ ဘာ တွေများ ရယ်စရာတွေ ပါပါလိမ့်လို့ စဉ်း စားကြည့်တယ်။ စဉ်းစားလို့မရဘူး။ သူ ရယ်ပြီးတော့မှ ကျွန်တော်က –

"ခင်ဗျား နိုင်ငံခြားသွားရဦးမယ်ဆို တာ မယုံလို့လား" ဆိုတော့ သူက –

"ငါယုံပါတယ်။ ငါ့ကိုနိုင်ငံခြားမှာ မွေးလာတာပဲ။ ဒီမှာလာကြီးတာ၊ ငါနိုင်ငံ ပေါင်း နှစ်ဆယ်ကျော်လောက်ရောက်ဖူး တယ်"

ဆိုတော့ ငါဟောတာ တယ်မှန်ပါ လားဆိုပြီး ဂုဏ်ယူသွားတယ်။ ဒါပေမဲ့ သူပြောတဲ့ နောက်ထပ်စကားတစ်ခွန်းက ကျွန်တော့်အချက်ကို မိုက်တိုင်စန်လက် သီးနဲ့ထိုးလိုက်သလို ခံစားသွားရတယ်။

"ငါတို့လူမျိုးတွေက အလကားနေ အလကား အားလပ်တိုင်း နိုင်ငံခြားသွား နေကြတာ။ ဒီနှစ်နွေရာသီတောင် ငါနယူး ဇီလန်သွားပြီး အနားယူဦးမှာ။ ဒီမှာ နိုင်ငံ ခြားသွားတယ်ဆိုတာ ရိုးနေပြီကွ"တဲ့။

အသခ်ယာ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

၁၉၆၀ ခုနှစ်ဖြစ်ပါသည်။ လွင်မောင်တို့မိသားစု ပုဇွန်တောင်မှ မြို့တွင်း ၃၆ လမ်းသို့ ပြောင်းရွှေ့နေထိုင်ကြပါသည်။ ထိုစဉ်က ၃၆ လမ်းမှ တိုက်ခန်းများကို "ပြည်တော်သာတိုက်"ဟုခေါ်ပါသည်။ လေးထပ်တိုက်များဖြစ်ပြီး မီးလောင်ခဲ့သည့်နေရာတွင် ပြန်လည်တည်ဆောက်ခဲ့ခြင်းဖြစ်ပါသည်။ ထိုတိုက်များကို မီးဘေးသင့်သူများနှင့် ဝန်ထမ်းများကို ပြန်လည်နေရာချထားခြင်းဖြစ်ပါသည်။ တိုက်ပုံစံများမှာ အိန္ဒိယပုံစံများဖြစ်ကာ အလယ်တွင် လေးထပ်မှအောက်ဆုံးထပ်ထိ လေဝင်ပေါက်ကြီးတစ်ခုပါရှိပါသည်။ ထိုခေတ်ထိုအချိန်က အလွန်ခေတ်မီ နိုင်ခဲ့သောတိုက်ကြီးများဖြစ်ပါသည်။

အုတ်၊ သဲ၊ ကျောက်၊ သံချောင်းများအပြည့်အဝ အသုံးပြုကာ ပစ္စည်းမှန်များ ရာနှုန်းပြည့် ထည့်သွင်းတည်ဆောက်ထားသည့်အတွက် အလွန်ကျစ်လျစ်သိပ်သည်းသော တိုက်များဟုဆိုရပါမည်။ အခန်းအကျယ်အဝန်း။ လေကားခန်းပင် ဆယ်ပေပတ်လည်ခန့်ကျယ်ဝန်းပြီး သင့်တင့်သောဝရန်တာ၊ ဧည့်ခန်း။ အိပ်ခန်း။ ရေချိုးခန်း။ မီးဖိုခန်းစသည်ဖြင့် မိသားစုဆယ်ဦးခန့် လွတ်လပ်စွာနေထိုင်နိုင်ပါသည်။ သို့သော် ထောင့်ခန်းများကတော့ အနည်းငယ်ကျဉ်းသည်ဟုဆိုရမည်ဖြစ်သော်လည်း၊ ယခုခေတ် ယောင်ကောင်လှော တိုက်ခန်းများထက်စာလျှင် ကျယ်သည်ဟု ဆိုရပါလိမ့်မည်။

လွင်မောင်တို့ ညီအစ်ကိုသုံးဦးသည် ထိုလမ်းထဲတွင် မျောက်ရှုံးအောင်ကစားကြသဖြင့် မကြာမီပင် လူသိများသွားလေသည်။ လမ်းထဲတင်မက လေးထပ်တိုက် ခေါင်မိုးပေါ်တွင်ပင် တက်ရောက်၍ ခွန်လှတ်ခြင်း။ ခွန်လိုက်ခြင်းများပြုလုပ်တတ်ကြပါသည်။ အိမ်ရှိလူကြီးများ အလုပ်သွားကြသည်နှင့် လွင်မောင်တို့ ညီအစ်ကိုသုံးဦး လူကြီးများမရှိသော အချိန်တွင် ထင်တိုင်းကြဲနေကြပါတော့သည်။ အိမ်တွင် လူစုံနေလျှင်တော့ စိန်ပေါလ်ကျောင်းဝင်းထဲသို့သွား၍ ဘောလုံးကန်ကြပါသည်။

လွင်မောင်တို့ ညီအစ်ကိုသုံးဦးသည် ပြေးခုန်ပစ် အားကစားထဲတွင် ဘောလုံးကစားခြင်းကို အနှစ်သက်ဆုံး

www.burmeseclassic.com

www.burmeseclassic.com

အကြိုက်ဆုံးဖြစ်ပါသည်။ ၃၆ လမ်းထဲတွင် (W)ဘော၊ တင်းနစ်ဘော (TENNIS) ဘော၊ ဘောလုံးကြီး (FOOTBALL)စသည့် ဘောလုံးကြီးသေးလတ် မကျန် သူငယ်ချင်းများနှင့် ကျောင်းအားလပ်ချိန်များတွင် ကစားကြပါသည်။ ထိုအချိန်က ယခုလိုကားများပေါ်များခြင်းမရှိသဖြင့် ၃၆ လမ်း (အထက်)တွင် အားပါးတရ ကစားကြပါသည်။ ဘောလုံးကြီးကိုတော့ စိန့်ပေါလ်ကွင်းနှင့် မိုင်ဒါကွင်း (မြို့မကွင်း)တို့တွင် သွား၍ ခြေသွေးကြပါသည်။

လွင်မောင်တို့ ညီအစ်ကိုသုံးယောက်သည် လမ်းထဲဆင်း၍ ကန်ချိန်မရပါက လှေကားခန်း၊ သူတို့အခန်းနှင့် မျက်နှာချင်းဆိုင်အခန်းနေရာလွတ် ၁၀ ပေပတ်လည်ခန့်တွင် ကစားကြပါသည်။ အဖေ၊ အမေတို့ရှိလျှင်တော့ ငြိမ်နေကြပါသည်။ အဖေ၊ အမေမရှိတော့ပြီဆိုသည်နှင့် လှေကားခန်းတွင် သုံးဦးသား ဘောလုံး ကစားကြပါတော့သည်။ မျက်နှာချင်းဆိုင်အခန်းသည် ရေတပ်မတော်မှ မစ္စတာတေလာဆိုသူဖြစ်ပြီး အင်္ဂလိပ် ကပြားများဖြစ်ပါသည်။ မစ္စတာတေလာမှာ ပြုံးပြုံး ပြုံးပြုံးနှင့် ဖော်ရွေသူဖြစ်ပြီး သူ၏ဇနီး မစ္စတာတေလာမှာလည်း သဘောကောင်းသူ တစ်ဦးဖြစ်ပါသည်။

သမီးကလေးတစ်ဦးရှိပြီး ထိုသမီးကလေးသည် အသက် ခြောက်လခန့်ရှိကာ ချစ်စဖွယ် ဝဝကစ်ကစ် ဆံပင်ကောက်ကလေးနှင့်ဖြစ်ပါသည်။ ခရစ်စမတ်ရက်များတွင် မစ္စတာတေလာနှင့် မစ္စတေလာတို့က လွင်မောင်တို့ကို မုန့်များ၊ မက်မန်းစိုင်များ အမြဲတမ်း တိုက်ကျွေးတတ်ပါသည်။ မစ္စတာတေလာက လွင်မောင်တို့ ညီအစ်ကိုသုံးဦးကို အားလပ်ရက်များတွင် ရေတပ်အကြောင်းပြောပြတတ်ပါသည်။ လွင်မောင်တို့ညီအစ်ကိုသုံးဦး ဘယ်လောက်ပင်ဆော့ဆော့ ဘာမှပြောခြင်းမရှိပါ။ လှေကားခန်းတွင် ညီအစ်ကိုသုံးဦး ဘောလုံးကစား၍ မစ္စတာတေလာတို့ တံခါးမကြီးအား ဒုံးကနဲ မကြာခဏ ထိခိုက်မိသောအခါတွင်လည်း ဘာမျှမပြောဘဲ ပြုံးလျက်သာနေသည်။ ဤ၍ ဤမျှ သည်းခံ ဖော်ရွေသူများ ဖြစ်ကြပါသည်။

ထိုအချိန်က လွင်မောင်သည် ဆယ့်တစ်နှစ်၊ လွင်မောင့်အစ်ကိုလတ် ဝင်းထူးသည် ဆယ့်သုံးနှစ်၊ အစ်ကိုကြီး ဝင်းစိုးသည် ဆယ့်ငါးနှစ်ဖြစ်ပါသည်။ အလွန်ပင်ဆော့ကောင်း ကစားကောင်းသည့်အရွယ်ပင် ဖြစ်ပါသည်။ မည်မျှဆော့သနည်းဆိုသော် လွင်မောင်တို့နေသော တိုက်များကို ဆေးသုတ်ရန် ဆင်ထားသော ငြမ်းများပေါ်တက်၍ ကစားတတ်ကြပါသေးသည်။ မိမိတို့အိမ်ခန်းများပေါ်သို့ ရိုးရိုးလှေကားမှ မတက်တော့ပါ။ ထိုဆင်ထားသောငြမ်းများပေါ်မှ အိမ်ရှေ့ဝရန်တာသို့ တက်ကြပါသည်။

လမ်းထဲမှ လူများက အသည်းတထိတ်ထိတ်၊ ရင်တဖိုဖိုဖြင့် လွင်မောင်တို့ ညီအစ်ကိုတစ်စုကို အသည်းတယား ယားငေးနေကြရပါသည်။ လွင်မောင်တို့ ညီအစ်ကို တစ်စုကတော့ ငြမ်းမှဆင်း လိုက် တက်လိုက်လုပ်ကြသည်ကိုပင် အလွန့်အလွန် ကျေနပ်ပျော်ရွှင်နေကြပါ သည်။ ဘယ်သူတွေ ဘာပြောပြော ဂ မစိုက်၊ လူကြီးများလစ်သည်နှင့် ငြမ်းကို လှေကားသဖွယ် သုံးကြပြန်ပါတော့ သည်။

လွင်မောင်တို့ညီအစ်ကို ဘယ် လောက်ဆော့သနည်း။ ဘယ်လောက် ပေါ့သနည်းဆိုရသော်၊ တစ်နေ့တွင် အမေသည် မင်္ဂလာဆောင်သွားရန် အစ်ကိုလတ် ဝင်းထူးအား ဆွဲကြိုး ဆေးခိုင်းပါသည်။ အမေ၏ ဆွဲကြိုးသည် အုန်းဆံကြိုးသဏ္ဌာန် နှစ်ကျပ်သားခန့် ရှိပါသည်။ ဝင်းထူးသည် အမေ၏ ဆွဲကြိုးအား သွားပွတ်တံနှင့် သေချာစွာ ဆေးကြောပြီးသောအခါ အမေကိုမပေး ဘဲအိမ်မှ ကြောင်၏လည်ပင်းတွင် ဆွဲ ပေးပြီး သူက ရေချိုးနေ၏။ အမေက အဝတ်အစားလဲပြီး ဆွဲကြိုး တောင်းသောအခါ ဝင်းထူးက ကြောင် လည်ပင်းတွင် ဆွဲပေးလိုက်ကြောင်း ပြော၏။

ကြောင်ကိုရှာသောအခါ ကြောင် တွေ့သော်လည်း ဆွဲကြိုးနှစ်ကျပ်သားကို မတွေ့ရတော့ပေ။ ကြောင်သွားတတ် သော ချောင်ကြိုချောင်ကြား၊ ထပ်ခိုး အိမ်လှေကား အစရှိသည်တို့ကို အိမ် လူကုန်ဝိုင်းဝန်းရှာဖွေသော်လည်း ဆွဲကြိုး

www.burmeseclassic.com

www.burmeseclassic.com

ကို လုံးဝမတွေ့ရတော့ပေ။ အမေကား ဝင်းထူးကို ဆူ၍မဆုံးတော့ပြီ။ မည်မျှပင်ဆူဆူ ဆွဲကြိုးကမူ လုံးဝ အစရှာ၍ မရတော့ပါ။ ဤ၍ ဤမျှ ပေါ့ဆသော ညီအစ်ကိုများပါပေ။

လူကြီးများမရှိသော တစ်နေ့လယ်တွင် လွင်မောင်၊ ဝင်းစိုးနှင့် ဝင်းထူးတို့သည် လေ့ကားခန်းတွင်ဘောလုံးကစားနေကြပါသည်။ မြို့ထဲမှ လူငယ်တွေသည် ရသည့်ကွက်လပ်နေရာတွင် ရသလို ဆော့ကစားတတ်ကြပါသည်။ သုံးဦးသား ဘောလုံးကြီးကို လုကန်လိုက်၊ ခွေးရူးကစားလိုက်လုပ်နေကြစဉ် ဘောလုံးသည် တစ်ခါတလေ တစ်ဖက်ခန်းမှ မစ္စတာတေလာ၏ တံခါးမကြီးသို့ "ဒုံး"ကနဲ၊ "ဝုန်း" ကနဲထိတတ်ပါသည်။ ဘောလုံးနှင့်လည်းကောင်း၊ လူနှင့်လည်းကောင်း၊ မစ္စတာတေလာ၏ တံခါးမကြီးသို့ လေးငါးကြိမ်ခန့် ထိသောအခါ အတွင်းမှ ဆဲဆိုသံကြားရပြီး မစ္စတာတေလာ၏ တံခါးမကြီး ဖွင့်သံကို ကြားရလေ၏။

တံခါးဖွင့်သံကြားသည်နှင့် လွင်မောင်တို့ညီအစ်ကို သုံးဦးသည်လည်း အသင့်ဖွင့်ထားသော သူတို့အခန်းသို့ အပြေးဝင်ကာ တံခါးမကြီးကိုပိတ်ထားလိုက်ကြပြီး အပေါက်ကလေးမှ ချောင်းကြည့်ကြပါသည်။ မစ္စတာတေလာ၏ တံခါးအား ဖွင့်လိုက်သူမှာ လွင်မောင်တို့ညီအစ်ကိုတစ်တွေ တွေ့ဖူးနေကျဖြစ်သော အသက်အစိတ်ခန့် အသားဖြူဖြူ၊ အရပ်မပုမရှည်၊ မျက်ခုံးမွေးကောင်းကောင်းနှင့် မစ္စတာတေလာ၏ ညီလား၊ မစ္စတေလာ၏ မောင်လား မသိသူဖြစ်ပါသည်။ သူသည် မစ္စတာတေလာ၏ အိမ်ကို မကြာခဏ လာတတ်သူဖြစ်ပြီး ဆွေမျိုးတော်သူဟုသာ လွင်မောင်တို့တစ်တွေ သိထားပါသည်။ ထိုသူနှင့် လွင်မောင်တို့တစ်တွေ မရင်းနှီးပါ၊ မေးထူးခေါ်ပြောလည်း မရှိပါ။

ထိုသူသည် မစ္စတာတေလာ၏ တံခါးမကြီးကို ဖွင့်လိုက်ပြီး လွင်မောင်တို့၏ တံခါးမကြီးကို ပြေးကန်လိုက်ပါသည်။ ပါးစပ်မှလည်း အင်္ဂလိပ်လိုပြောကာဒေါပွနေဟန်ရှိပါသည်။ လွင်မောင်တို့ညီအစ်ကိုသုံးယောက်သည် မည်သို့မှ ပြန်မပြောကြဘဲ အခန်းထဲတွင် ငြိမ်နေလိုက်ကြပါသည်။ ခဏကြာသောအခါ ထိုသူသည် ၎င်း၏အခန်းတွင်းသို့ ပြန်ဝင်သွားပါသည်။ လွင်မောင်တို့ ညီအစ်ကိုသုံးယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ တခစ်ခစ်ကြိတ်ရယ်နေကြပါသည်။

"တော်တော့၊ တော်ကြာ ကြားသွားရင်ထပ်လာပြီး ပြဿနာရှာနေဦးမယ်"

အစ်ကိုဝင်းစိုးကပြောရာ ဝင်းထူးက-

"ဒီတစ်ခါဆိုရင် ဝိုင်းတီးရအောင်၊ ဒီကောင်တော်တော် လူပါးဝတယ်"

"ကိုယ်ကလည်း မှားနေသေးတယ်၊ မစ္စတာတေလာတို့ မျက်နှာရှိသေးတယ်ကွ၊ အသာနေစမ်း"

သုံးဦးသားငြိမ်နေကာ ထိုလူ ထပ်လာမလာ ရင်တမမဖြင့် စောင့်နေကြပါသည်။

"တော်သေးတယ်ဟေ့၊ တို့အိမ်မှာလည်း လူကြီးတစ်ယောက်မှမရှိလို့၊ အဖေတို့အမေတို့ ပြန်လာရင် တိုင်များတိုင်မလား။ မသိဘူး"

အစ်ကိုဝင်းစိုးက ပြော၏။ သုံးဦးသား ညနေအထိ ငြိမ်နေလိုက်ကြပါသည်။ ညနေပိုင်း လူကြီးများပြန်လာသောအခါ မစ္စတာတေလာအိမ်မှ မည်သူမျှ လာတိုင်ခြင်းမရှိပါ။ သုံးဦးသား ရင်တမမဖြင့် တစ်ညလုံး စိတ်တထင့်ထင့်ရှိနေကြပါတော့သည်။ ထိုနေ့ညနေအဖို့ သုံးဦးသား အောက်သို့မဆင်းကြတော့ပါ။ အိမ်ပေါ်ထပ်ခိုးတွင် ငြိမ်နေလိုက်ကြပါတော့သည်။ မနက်မိုးလင်းတော့ မည်သူမျှ လာမတိုင်ကြပါ။ လွင်မောင်တို့သုံးဦး တဖြည်းဖြည်း စိတ်သက်သာရာရပြီး ကျောင်းသို့ စိတ်အေးချမ်းသာစွာ သွားကြရပါသည်။

ထိုလူလည်း မစ္စတာတေလာ၏ အိမ်သို့ သိပ်လာသည်ကို မတွေ့ရတော့ပါ။ လွင်မောင်တို့ညီအစ်ကိုများသည်လည်း လေ့ကားခန်းတွင် ဘောလုံးကန်ခြင်းကို မလုပ်ကြတော့ပါ။ သည်လိုနှင့် ရက်များအတော်ပင်ကြာညောင်းသွားပါသည်။ ထိုကိစ္စကို မေ့သယောင်ပင် ရှိနေကြပါသည်။ တစ်နေ့တွင် အစ်ကိုကြီးဖြစ်သူ ဝင်းစိုးက သတင်းစာကိုကိုင်၍ အိမ်ပေါ်သို့ အပြေးတက်လာပြီး

www.burmeseclassic.com

www.burmeseclassic.com

ဝင်းထူးနှင့် လွင်မောင်တို့အား သတင်းစာထဲတွင်ပါသော ဓာတ်ပုံကိုပြပါသည်။

"ဟေ့ကောင်တွေ ဒီပုံကိုကြည့်စမ်း။ ဘယ်သူလဲဆိုတာ"

အစ်ကိုကြီးဝင်းစိုးပြသော ဓာတ်ပုံကိုဝင်းထူးနှင့် လွင်မောင်တို့က အလုအယက်ကြည့်လိုက်ရာ အလွန်ပင်အံ့သြသွားကြပါသည်။

"ဟာ၊ ဒါတို့နဲ့ ပြဿနာဖြစ်တဲ့ ဟိုဘက်ခန်းကိုလာလာနေတဲ့ လူပဲ"

"ဟုတ်တယ်၊ ဟုတ်မှ တကယ်ဟုတ်။ နေပါဦး ဘာဖြစ်လို့တုန်း"

ဝင်းထူးနှင့် လွင်မောင်က ကိုဝင်းစိုးအား အလုအယက်မေးကြရာ -

"သတင်းစာကို ဖတ်ကြည့်လေကွာ"

ကိုဝင်းစိုးကပြောပြီး သတင်းကိုလက်ညှိုးထိုးပြ၍ ဖတ်ကြည့်လိုက်ရာ မြန်မာ့လေတပ်မတော်မှ လေယာဉ်သုံးစင်းနှင့် တရုတ်ဖြူလေယာဉ်ကြီးတစ်စင်း နယ်စပ်တွင် တိုက်ပွဲဖြစ်ရာ ရန်သူလေယာဉ်ကြီး မီးလောင်ပျက်ကျသွားပြီး မြန်မာ့လေတပ်မတော်မှ ဗိုလ်ပီတာ ကျဆုံးကြောင်း သတင်းဖြစ်နေပါသည်။ သတင်းအကျယ်ကို ဆက်၍ဖတ်ကြည့်ရာ-

"မဲခေါင်စစ်ဆင်ရေးတွင် ဆုတ်ခွာထွက်ပြေးနေသော တရုတ်ဖြူတပ်များအား လေယာဉ်ပျံကြီးများမှ မကြာခဏလာရောက်၍ ရိက္ခာနှင့် လက်နက်များချပေးနေသည်ဟု သတင်းရသဖြင့် တပ်မတော် (လေတပ်)မှ တိုက်လေ

> *ထိုသို့တောက်လျှမ်းကြည့်ရှုနေစဉ်*
> *လေယာဉ်တစ်ခုလုံးအစိမ်းရောင်သုတ်ထားပြီး*
> *အမှတ်အသားလုံးဝမရှိသောစက်လေးလုံးတပ်*
> *ရန်သူဗုံးကြဲလေယာဉ်တစ်စီးသည်*
> *တစ်ဖက်နိုင်ငံဘက်မှပျံသန်းဝင်ရောက်လာပြီး*
> *လွယ်ဟော်စခန်းပေါ်မှဖြတ်သန်း၍*
> *ဝမ်ပန်ဆန်းပေါ်အရောက်တွင်*
> *အထုပ်တစ်ထုပ်ကိုပစ်ချသည်။*

ယာဉ်ဆီးဖြူရှိ သုံးစီးကို ဝမ်ပန်ဆန်း အနီးသို့ သွားရောက်တောက်လှမ်းကြ သည်။ ထိုသို့တောက်လှမ်းကြည့်ရှုနေစဉ် လေယာဉ်တစ်ခုလုံး အစိမ်းရောင်သုတ် ထားပြီး အမှတ်အသားလုံးဝမရှိသော စက် လေးလုံးတပ် ရန်သူဗုံးကြဲလေ ယာဉ်တစ်စီးသည် တစ်ဖက်နိုင်ငံဘက်မှ ပျံသန်းဝင်ရောက်လာပြီး လွယ်ဟော် စခန်းပေါ်မှ ဖြတ်သန်း၍ ဝမ်ပန်ဆန်း ပေါ်အရောက်တွင် အထုပ်တစ်ထုပ်ကို ပစ်ချသည်။ ၎င်းကိုမြင်သည်နှင့်တစ်ပြိုင် နက် မြန်မာလေတပ်မှ ခေါင်းဆောင် လေယာဉ်မှူးသည် စစ်စည်းကမ်းအ လက်နက်ချ အဖမ်းခံရန် ထိုလေယာဉ် ကြီးကို အချက်ပေးသော်လည်း လိုက် နာခြင်းမရှိဘဲ ရန်သူလေယာဉ်ကြီးမှ စစ်သေနတ်များဖြင့် ပြန်လည်ပစ်ခတ် သည်။ ဤတွင် လေယာဉ်အုပ်စုမှူး ဗိုလ်မောင်သိန်းသည် ရန်သူလေယာဉ် ကို စတင်ပစ်ခတ်၍ ဗိုလ်ချစ်ခိုင်နှင့် ဗိုလ်ပီတာတို့ လေယာဉ်များကလည်း အစဉ်လိုက် ဆက်တိုက်ဝင်ရောက်တိုက် ခိုက်ကြသည်။ ထိုသို့လေယာဉ်များ အပြန်အလှန်ပစ်ခတ် တိုက်ခိုက်နေစဉ် ရန်သူလေယာဉ်ပျံကြီးသည် မြန်မာ့လေ တပ်မတော်မှ လေယာဉ်တို့၏ ပစ်ခတ် မှုကြောင့် မီးလောင်ကျွမ်းပြီး နယ်စပ် တွင် ထိုးကျပျက်စီးသွားလေသည်။

ရန်သူလေယာဉ်၏ ပြန်လှန်ပစ် ခတ်မှုကြောင့် ဗိုလ် ပီတာ၏ တိုက်လေ ယာဉ်အား ထိမှန်ကာ ဗိုလ်ပီတာ ကျဆုံးခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

"အော် • •တို့နဲ့ရန်ဖြစ်တာ ဗိုလ်ပီတာကိုး တကယ့်ကို သက်စွန့်ကြိုးပမ်း လုပ်သွားတဲ့ သူရဲကောင်းပဲကွ"

ဝင်းထူးက သတင်းစာဖတ်ပြီး ချီးကျူးပါသည်။

"ကြဲကြဲဖန်ဖန်ကွာနော်၊ တို့ကလည်း ဘာမသိ ညာမသိ သူရဲကောင်းနဲ့မှ ရန်ဖြစ်ခဲ့ကြတာကိုး၊ ဝမ်းနည်းစရာပဲကွာ"

"ဒါနဲ့နေပါဦး၊ ဒီဗိုလ်ပီတာဆိုတဲ့ လူဟာ မစ္စတာတေလာရဲ့ ညီလား။ ဒါမှမဟုတ် သူ့မိန်းမရဲ့မောင်လား"

"ဒါတွေ ဘယ်သိမလဲ၊ ဒါပေမယ့် သူရဲကောင်းတစ်ယောက် ဆုံးသွားတာတော့ ဝမ်းနည်းစရာပဲကွာ"

နောက်နေ့ သတင်းစာများတွင် ဗိုလ်ပီတာအကြောင်းသာ ထပ်ခါတလဲလဲ ပါပါတော့သည်။ ဗိုလ်ပီတာကျဆုံးခြင်းကြောင့် ရန်ကုန်-မန္တလေးနှင့် မြို့ကြီးများတွင် နယ်ချဲ့ဆန့်ကျင်ရေး ဆန္ဒပြပွဲများဆက်တိုက်ဖြစ်ပွားခဲ့ပါသည်။ မြန်မာပြည်တစ်ပြည်လုံးကလည်း ဗိုလ်ပီတာကို သူရဲကောင်းဘွဲ့ပေးကာ နယ်ချဲ့နှင့်နယ်ချဲ့လက်ပါးစေများကို ဝိုင်းဝန်းဆန့်ကျင်ကြပါတော့သည်။ နောက်ဆုံးတွင် တရုတ်ဖြူစစ်ဆင်ရေးသည် ဗိုလ်ပီတာကဲ့သို့သော သူရဲကောင်းများစွာ အသက်ပေးကာစွန့်လွှတ် စွန့်စားမှုကြောင့် အောင်မြင်ခဲ့ပါသည်။

အောက်မြန်မာပြည် တစ်ပြည်လုံးအား မျိုးချစ်စိတ်ဓာတ်ကို မြှင့်တင်ပေးခဲ့သော ဗိုလ်ပီတာပါတကား။

◆ ◆ ◆

လွင်မောင် အလုပ်ရသောအခါ ကြဲကြဲဖန်ဖန်ပင် သူ၏ဆရာသည် ဗိုလ်ပီတာနှင့် လေကြောင်းတိုက်ပွဲဝင်ခဲ့သူ ဗိုလ်မှူးချစ်ခိုင်ဖြစ်နေပါသည်။

ဗိုလ်မှူးနှင့် လွင်မောင်ရင်းနှီးလာသောအခါ လွင်မောင်က ဗိုလ်ပီတာအကြောင်း ပြောပြရာ ဗိုလ်မှူးက -

"ဒီကောင်က ခပ်အေးအေးနေတဲ့ကောင်ကွ၊ ငါနဲ့အတူတူ အင်္ဂလန်မှာ လေယာဉ်မောင်းသင်တန်းတက်ခဲ့တာ၊ အေးပေါ့၊ မင်းတို့က တဒိုးဒိုးနဲ့ သူတို့အိမ်ခန်းတံခါးမကြီး ခဏခဏထိတော့ ဒေါကန်လာပြီး ခြေထောက်နဲ့ မင်းတို့တံခါးကို ထွက်ကန်မှာပေါ့၊ ဒီကောင်က လူရိုးပါ"

"ဟုတ်ပါတယ် ဗိုလ်မှူး၊ ကျွန်တော်တို့ကလည်း ခပ်ငယ်ငယ်တွေဆိုတော့ ကစားဖို့ပဲ သိတာ၊ ဗိုလ်မှူးက တော်တော်ကံကောင်းတယ်နော်"

"အေး• •အဲဒီတိုက်ပွဲမှာ ဗိုလ်မောင်သိန်းက အရင်ဆုံးဝင်ပစ်တယ်၊ ဒုတိယငါဝင်ပစ်တယ်၊ ငါ့အလှည့်မှ ငါ့လေယာဉ်အမြီးပိုင်းကို ထိလို့ လုံးဝသုံးမရတော့ဘဲ ကျိုင်းတုံလေယာဉ်ကွင်းမှ လေယာဉ်ဝမ်းဗိုက်နဲ့ လျှပ်ဆင်းခဲ့ရတယ်။

"အဲဒီ လေယာဉ်ကြီးက အတော်ကြီးသလား ဗိုလ်မှူး"

"ကြီးဆို ဒီလေယာဉ်ပျံကြီးတွေဟာ ဒုတိယကမ္ဘာစစ်မှာ နာမည်ကြီးခဲ့တဲ့ စက်လေးလုံးတပ် ဗုံးကြဲလေယာဉ်ကြီးကွ၊ တို့က တိုက်လေယာဉ် သေးသေးလေးတွေ၊ အဲဒီလေယာဉ်ကြီးမှာ လက်နက်တွေကလည်း အပြည့်အစုံပါတယ်။ ဒါကြောင့် သူက စပစ်တာပေါ့ကွာ၊ အဲဒီလို ရေရေလည်လည် တရစပ်ပစ်လို့ ဗိုလ်ပီတာရဲ့ လေယာဉ်ကို တိုက်ရိုက်ထိပြီး မီးလောင်ပျက်ကျသွားတာပဲ၊ သူ့လေယာဉ်ကိုထိတော့ ပီတာက "သူ့ကိုထိပြီ"လို့ စက်နဲ့ လှမ်းပြောတယ်ကွာ"

"ဒီလို ခဲရာခဲဆစ် ကြိုးကြိုးပမ်းပမ်း တိုက်ခဲ့လို့လည်း ဗိုလ်မှူးတို့ "သူရ"ဘွဲ့ရခဲ့တာပေါ့နော်"

"ဘွဲ့ကို ရည်ရွယ်ပြီး တိုက်ခဲ့တာမှုတ်ပါဘူး၊ ပေးအပ်တဲ့တာဝန်ကို ကျေပွန်အောင်ဆောင်ရွက်တာပါပဲကွာ"

"ဒါကြောင့်လည်း နိုင်ငံတော်က သူရဲကောင်းစိတ်ဓာတ် အပြည့်အဝရှိတဲ့ ဗိုလ်မှူးတို့ကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုခဲ့တာပေါ့နော်"

"ဒီလိုပြောရင်လဲ ရပါတယ်ကွာ"

◆ ◆ ◆

မြန်မာ့ပထမဆုံး လေကြောင်းတိုက်ပွဲဝင်သူရဲကောင်း နှစ်ဦးနှင့် သိကျွမ်းခဲ့ဖူးသော လွင်မောင်ကား ယနေ့ထိ သတိတရရှိရင်း ဝမ်းသာဂုဏ်ယူ အလေးပြုမိပါတော့သည်။

မောင်ဇော်ထိန်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



တောတို့မာယာ

လေးမောင်

လုပ်ငန်းတာဝန်တွေပိနေသည့်အတွက် တောပစ်ကိုပင်မသွားနိုင်ဘဲ သေနတ်ကို စင်ပေါ်တင်ထားခဲ့သည်မှာ ကြာခဲ့ပေပြီ။

အချိန်ကာလကို ပြောရမည်ဆိုလျှင် ထိုအချိန်က နိုင်ငံတော်အစိုးရသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဦးဆောင်မှုဖြင့် နိုင်ငံတွင်းရှိ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးနှင့်လူမှုရေးအခြေအနေများ၊ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ နှစ်တို နှစ်ရှည်စီမံကိန်းများ ရေးဆွဲချမှတ်အကောင်အထည်ဖော်နေသည့်ကာလဖြစ်ပေသည်။ ဒုတိယလေးနှစ်စီမံကိန်းကာလ (၁၉၇၅-၇၉) တွင် စီမံကိန်းကာလ၏ပထမနှစ်အတွင်း အထွေထွေစီးပွားရေးအခက်အခဲများနှင့်ကြုံတွေ့နေရသည့်အချိန်။

သို့သော်လည်း နိုင်ငံတော်က တစ်ဖက်မှ စီးပွားရေးနှင့်ငွေရေးကြေးရေးနည်းလမ်းများဖြင့် တိုးတက်အောင်ဆောင်ရွက်သည့်နည်းတူ၊ အခြားတစ်ဖက်မှလည်း စည်းရုံးရေးနည်းလမ်းများဖြင့် ကုန်ထုတ်လုပ်ငန်းများအသီးသီးတွင် ပြည်သူများပါဝင်လာအောင် အခြေအနေကောင်းများ ရရှိအောင်ဆောင်ရွက်နေရသည့်ကာလဖြစ်ပေသည်။

ထိုအချိန်ကာလသည် ပြည်သူ့ကိုယ်စားလှယ်များဖြစ်ကြသော ရပ်ကွက်၊ မြို့နယ်၊ တိုင်းနှင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ပါတီ၏လမ်းညွှန်ချက်ဖြင့် လုပ်ငန်းများပြားနေသည့် အချိန်ဖြစ်သည့်အတွက် တောသို့သွားကာ အမဲသားကောင်တို့မပစ်ခတ်နိုင်သည့်အချိန်။

"ကလင် · · ကလင် · · ကလင်"

စားပွဲပေါ်ရှိ ဖုန်းသံမြည်လာသည့်အတွက် ကောက်ကိုင်လိုက်ပြီး

"ဟုတ်ကဲ့၊ လေးမောင်ပါ အမိန့်ရှိပါ"

"အဖေကြီးလား၊ သမီးပါ"

"အေး · · ပြော၊ နင့်အမေနေမကောင်းပြန်ဘူးလား"

ထိုအချိန်က ကျွန်တော့်ဇနီး 'မအေးကြည်' မှာ ကျန်းမာရေးမကောင်း၊ လေဖြတ်ထားခြင်းခံရပြီး အိပ်ရာထက်လဲနေသည့်အချိန်မို့ ထိုသို့မေးလိုက်ခြင်းဖြစ်သော်လည်း သမီးက-

"မဟုတ်ဘူး ဖေကြီး၊ အခုန်းနဲ့ပင်က ဘဘဦးတင်စိုးရောက်နေတယ်၊ အရေးကြီးလို့ဖေကြီးကို တွေ့ချင်လို့ခေါ်ပေးပါပြောလို့"

"ငါအစည်းအဝေးတစ်ခုရှိသေးတယ်၊ ၅ နာရီလောက်အရောက်ပြန်ခဲ့မယ်၊ စောင့်နေပါလို့ ပြောလိုက်

www.burmeseclassic.com

www.burmeseclassic.com

သမီး၊ အဘကောင်းနဲ့ သမီး အစ်ကိုကြီး ဦးသိန်းလွင်ကိုပါ အကြောင်းကြားပြီး စောင့်ခိုင်းထားနော်၊ ဒါပဲမို့လားသမီး”

ပြောပြောဆိုဆိုဖုန်းချလိုက်ပြီး သက်ပြင်းမောကို ရှိုက်ထုတ်ပစ်လိုက်မိပေသည်။ အဘယ့်ကြောင့်ဆိုသော် “ဦးတင်စိုး”ဆိုသူမှာ ပဲခူးရိုးမကြီး အတွင်း အုန်းနဲ့ပင်ကျေးရွာတွင် နေသည့် ကျွန်တော့်တပည့်မှုဆိုးတစ်ယောက်ဖြစ်ပေသည်။ အုန်းနဲ့ပင်ရွာသည် လှည်းကူးမှတစ်ဆင့် ဖောင်ကြီးဗဟိုဝန်ထမ်းကျောင်းသို့ (၁၈) မိုင်ဝင်ပြီးမှ ပဲခူးရိုးမကြီးအတွင်း ‘ဝါးချောင်း’အမည်တွင်သော တောင်ကျရေတို့စီးဆင်းရာ ချောင်းရိုးအတိုင်း ဝင်သွားလိုက်လျှင်၊ တောင်ကျချောင်းရိုးအတိုင်း ရွာတန်းရှည်ကလေးများဖြစ်ကြသော ဝါးချောင်းကျေးရွာ၊ ထန်းပင်ကုန်းရွာ၊ မဆယ်ကုန်းကျေးရွာ၊ မွေးနီကျေးရွာတို့ကို ကျော်ပြီးမှ ထိုရွာသို့ရောက်ပေသည်။ ရိုးမကြီးအတွင်းပိုင်းကျသည်မို့ တောကနက်သလို သားကောင်ပေါများသည့် နေရာပင်ဖြစ်ပေသည်။ ကျွန်တော်ကထိုကျေးရွာဆီသို့ အခွင့်သင့်လေတိုင်း အဖွဲ့သားများနှင့်သွားရောက်ပစ်ခတ်သည်။ သွားလေတိုင်း သားကောင်များကို ပစ်ခတ်ရရှိနေသည့် နေရာပင်။

ကျွန်တော်အိမ်ပြန်ရောက်တော့ ညနေ ၆နာရီပင်ထိုးနေပေပြီ၊ ထမင်းစားခန်းအတွင်း အဘကောင်းနှင့်အစ်ကိုကြီးဦးသိန်းလွင်က တင်စိုးအား ဧည့်ခံပြုစုရင်း ဧည့်ခံစကားပြောနေကြပေသည်။ ထိုစဉ် အဘကောင်းက -

“ခင်အုန်းမြင့်ကို ကျားဆွဲသွားလို့တဲ့ဗျ၊ အဲဒါကြောင့်နှိမ်နင်းဖို့လာခေါ်တာ”

“ဟိုက်..ခင်အုန်းမြင့်ကို ဘယ်နေ့ကဆွဲတာလဲ၊ ခုဘယ်လိုနေသေးလဲ”

ကျွန်တော့်စကားကြောင့် အဘကောင်းက စိတ်မရှည်စွာနှင့်-

“ကျားကိုက်ပါတယ်ဆိုမှပဲကွာ၊ သေတာပေါ့ကွ၊ အရိုးပဲကျန်တာပေါ့”

“အို..ဘုရား ဘုရား”

ကျွန်တော်ဘုရားတမိလိုက်သည့်က အမှန်၊ ကျားကိုက်ခံရသည့် ခင်အုန်းမြင့်မှာ ယခုရောက်ရှိလာသူ တင်စိုး၏နှမလေးတစ်ယောက်ဖြစ်သည်။ ကျွန်တော်တို့အဖွဲ့ သူတို့ဆီရောက်လေတိုင်း မညည်းမညူချက်ပြုတ်ကြော်လှော်ကာချက်ကျွေးခဲ့သူလေး။ ကျွန်တော်တို့အဖွဲ့မှာ ညီမလေးလိုတစ်မျိုး၊ သမီးလေးလိုတစ်မျိုးချစ်ခင်အားထားရသူလေးမို့ အနေကြာတော့ သားသမီးနှင့်မိဘလို သံယောဇဉ်တွယ်ခဲ့ကြသည်။ အထူးသဖြင့် ကျွန်တော်ကို ဖခင်တစ်ယောက်လိုချစ်ရှာသည့်အတွက် ခေါ်သည်ကပင် ‘အဖေကြီး’တဲ့လေ။ သူတို့ဆီသို့ သွားမလတိုင်းလက်ဆောင်ပစ္စည်း၊ စားစရာ၊ ဝတ်စရာများပေးခဲ့ချည်းသည်ပင်၊ ကြားလို
ရသည့်သတင်းကြောင့် စိတ်မကော
စွာနှင့်...

“တင်စိုး..ဘယ်လိုဖြစ်ရ
လဲ ငါ့ကိုရှင်းပြပါဦးဟ ဖြစ်စဉ်ကို”

ကျွန်တော်မေးလိုက်သ
စကားကြောင့် အစ်ကိုဖြစ်သူတင်
က သက်ပြင်းရှည်ကြီးကို ရှိုက်ထု
လိုက်ပြီး ပြောလိုက်သည့်စကားမျ
က-

“ဒီလိုဗျ ဘိုလေးရ၊ ရွာဖျားစို
ခင်းက ဟိုလင်မယားကိုသိတယ်
လား”

“ဟိုကွာ..ရွာဖျားစိုက်ခင်း
နေပြီး စုံတွဲတွေကို ငွေယူပြီးအမ်
လေါဂျင်း (ဖာခန်း)ဖွင့်နေတဲ့ ဖာခေါ
ဖာသည်ကြည်သာနဲ့ မိခိုင်တို့
လား”

“ဟုတ်တာပေါ့ဗျာ၊ စနက်
မြစ်ဖျားခံတာသူတို့ စနက်ပေါ့”

“ဟုတ်လား..ဖြစ်စဉ်ကိုပြေ
စမ်းပါဦးကွာ”

“တစ်နေ့တော့ သူတို့တဲကို
တစ်ယောက်ရောက်လာတယ်ဗျ၊
ဒီလူက နောက်မှသိရတာ ကြည်သ
ရဲ့ပထွေးဆိုပဲ၊ သူနေတာက
တီတိုင်း ဘိုကလေးဆိုလ
လပွတ္တာဆိုလားပဲဗျ၊ နာမည်က
တို့အခေါ် ‘ကိုစောကြီး’ဆိုပဲ။

အဲဒီလူက ငွေတော်တော်မျ
များပါလာပုံရပါတယ်။ တောသူ
ဆိုကိုးဗျ၊ လျှုတာတန်းတာ၊ ရပ်
ရွာရေးလက်မနှေးဘူးလေ။ ဒါကြေ

www.burmeseclassic.com

www.burmeseclassic.com

သူတွေက သူ့ကိုစိတ်ဝင်စားကြတာပေါ့၊ အဲဒီကောင်ကို စိတ်ဝင်စားတဲ့အထဲမှာ ကျွန်တော့ညီမခင်အုန်းမြင့်လဲပါတာပေါ့၊ ဘာတဲ့..ဒီကောင်ငွေကြေးသုံးစွဲနိုင်တာ ရွာမှာလယ်ကေ သူပိုင်တစ်ရာကျော်ရှိ ဆိုပဲကိုးဗျ။

"တောသူတောင်သားဆိုတာရိုးသားဖြူစင်ကြတာတွေပဲဗျာ၊ အထင်ကြီးတာပေါ့ အဲဒီလို ဒီကောင်ကို အထင်ကြီးတဲ့သူတွေထဲမှာ ခင်အုန်းမြင့်လဲပါနေတာကို ကျွန်တော်မသိပါဘူးဗျာ၊ အဲ..သိလိုက်တဲ့အချိန်မှာ ဘယ်လိုမှ ပြုပြင်လို့မရတော့တဲ့အချိန်ရောက်မှ သိလိုက်ရတာမို့ပဲ။

သိလိုက်ကြရတဲ့အချိန်မှာ သူ့ဗိုက်ထဲမှာ ကိုယ်ဝန် သုံးလရှိနေပြီကိုးဗျ၊ အဲဒီအချိန် ကျွန်တော်တို့လဲဘယ်လိုမှ မကြံစည်တတ်ကြတော့ဘူး ဆိုတော့ လက်ထပ်ပေးစားဖို့ကို စီစဉ်ကြရတာပေါ့၊ အဲဒီအချိန်မှာ အဲဒီကောင်ဇာတိရုပ်ပြလာတာပဲဗျ"

"ဟုတ်လား..ဘယ်လိုဇာတိရုပ်ပြလာတာလဲကွ ပြောပါဦး"

"ဒီကောင်က ငွေကြေးပေါများသလို ဘိန်းဖြူလဲထိုးတယ်၊ မိန်းမလဲလိုက်စားတော့ ကိုယ်ခံအားကျတဲ့ရောဂါရှိပြီး ရောဂါရနေတဲ့အကောင်ဖြစ်နေတာကိုးဗျ"

"ဩော်..အေအိုင်ဒီအက်စ်ရောဂါရနေတဲ့ကောင်ကိုး"

"မဟုတ်ဘူးဗျ အဲဒီရောဂါ၊ ရွာကလူတွေပြောတာက အိပ်အိုင်ဗွီဆိုလားပဲ"

"အေးပါ တင်စိုးရ၊ အတူတူပါပဲ၊ဆက်ပြောပါဦး"

"ဒီကောင့်ရောဂါက ဂိတ်ဆုံးနေပြီး ဒီရွာမှာလာပြီး ကျိတ်ကုနေတာဆိုတော့ ရောဂါလဲထရော နလန်မထူလို့ လှည်းကူးဆေးရုံအပို့လမ်းမှာ သေသွားခဲ့တယ်ဗျ၊ အဲဒီမှာသူ့အလောင်းကို ပုခက်နဲ့ထမ်းလာကြတဲ့လူတွေက ထားခဲ့ပြီး၊ ရွာကိုပြန်ပြောလို့ လူစုပြီးလိုက်သွားကြတော့ ကျားစာထားခံလိုက်ရလို့ အရိုးဘဲတွေ့ကြရတော့တယ်လေ။

အဲဒီသတင်းလဲကြားလိုက်ရော ခင်အုန်းမြင့်တစ်ယောက် ပဋ္ဌာမြေလူးဖြစ်ပြီး အဲဒီကိုတစ်ယောက်တည်းလိုက်သွားတယ်လေ၊ လူသားကိုစားဘူးထားတဲ့ကျားက အလစ်ဝင်ကိုက်ပြီးစားတာကိုခံလိုက်ရတာပါပဲလေ"

"ဒီလိုဆို သုံးယောက်အစားခံလိုက်ရတဲ့သဘောပေါ့"

"အင်း..ဗိုက်ထဲက ကလေးနဲ့ပါဆို သုံးယောက်ပေါ့"

"နေပါဦးဟ၊ ဒီကျားကဘယ်လိုကြောင့် ရောက်လာတာလဲ"

"ဒီအချိန်ကကျားတွေ မိတ်လိုက်ချိန်လေ၊ တောနက်ကြီးဆိုတော့ မိတ်ရှာကြရင်း ရောက်လာကြတာဖြစ်မှာပေါ့၊ ခါတိုင်းလဲအဲဒီနေရာတွေကို ဒီအကောင်ကြီးတွေလာခဲ့ကြပေမဲ့ လူတွေနဲ့နီးတော့ ကြာကြာမနေဘဲပြန်ထွက်သွားကြတာပဲ၊ ခုဟာကတော့ လူသားကိုစားမိပြီဆိုတော့ ကောင်းမှန်းသိပြီး မခွါတော့ဘူးလေ"

"မင်းတို့ရွာမှာ မုဆိုးတွေရှိသားနဲ့ ဘာမှမလုပ်ကြဘူးလားကွ"

"လုပ်ပြီလားဗျာ၊ သူသွားလာတတ်တဲ့နေရာလမ်းကြောင်းတွေမှာထောင်ခြောက်တွေအမျိုးမျိုးဆင်ပေမယ့် မရဘူး။ အလွန်ပါးတဲ့ကောင်ကြီး၊ ဒါကြောင့်လာခဲ့တာပဲ၊ ခုကျွန်တော်ဒီကိုလာနေတုန်း ဘာတွေဖြစ်ဦးမလဲမသိဘူး"

အကြောင်းစုံကိုသိလိုက်ကြရသဖြင့် အထွေအထူးတိုင်ပင်နေစရာမလိုတော့၊ လိုရင်းကိုသာ ကျွန်တော်ပြောလိုက်မိသည်က-

"မနက်သောကြာနေ့ဆိုတော့ ကျွန်တော်မနက်ပိုင်း အစည်းအဝေးတစ်ခုပြီးမှ လိုက်လာခဲ့မယ်၊ အဘကောင်းနဲ့အစ်ကိုကြီးတင်စိုးကိုခေါ်ပြီးသွားနှင့်ကြ၊ လိုက်လာခဲ့မယ်၊ မဆယ်တုန်းက မုဆိုးလှမြင့်ကိုကျွန်တော့်ကိုစောင့်နေပါလို့ ပြောလိုက်ပါ၊ သူကိုခေါ်ပြီးတက်လာခဲ့မယ်"

"သေနတ်ကောထားခဲ့ရမှာလား၊ ယူသွားလိုက်ရမလား"

"ယူသာသွားပါ၊ ကျွန်တော်အခြေအနေကြည့်ပြီး လိုအပ်ရင် လှည်းကူးက မြို့နယ်ရဲမှူးဦးခင်မောင်ဝင်း အကူအညီယူပြီး တက်လာခဲ့မှာပါ"

သောကြာနေ့နံနက်ပိုင်း သူတို့အဖွဲ့ တင်စိုးကိုခေါ်ကာ ထွက်သွား

www.burmeseclassic.com

ကြသည်။ ကျွန်တော်နေ့လယ် ၁နာရီလောက်မှစပြီး ထွက်ခဲ့ရာ "ဖောင်ကြီးတာဆုံ"ကိုရောက်တော့ ညနေ ၄နာရီပင်၊ ကားကိုဖောင်ကြီးရဲစခန်းမှူး၊ ဒုရဲအုပ်အုံးကြိုင်အိမ်ရှေ့ရပ်လိုက်တော့ အစ်ကိုကြီးဦးသိန်းလွင်ကားရပ်ထားသည်ကိုတွေ့လိုက်ရသည်။ ယခုအချိန်ဆိုပါက တောင်ကျချောင်းသဲသောင်ခုံပေါ်မှသွားလျှင် သတ်မှတ်ထားသည့် "မဆယ်ကုန်းရွာကလေးဆီသို့ မမှောင်ခင်ရောက်မည် မို့၊ ကားကိုအပ်လျက်ကျောပိုးအိတ်ကိုလွယ်ပြီး သက်စောင့်သေနတ်ပစ္စတိုလေးကို ချိုင်းကြားတွင်အသင့်လွယ်လျက် နုတ်ဆက်ထွက်ခဲ့ပေတော့သည်။

သဲသောင်ပြင်ထက်မှ လျှောက်လှမ်းခဲ့သောလမ်းသည် တောင်ကျချောင်းရိုးသဲသောင်ပြင်ထက်မှ ဖြစ်ရာ၊ ယခုလိုဆောင်းကာလပြာသို၊ တပို့တွဲတွင် စီးဆင်းမည့်ရေကမရှိသည့်အတွက် အနိမ့်ပိုင်းကျသည့်နေရာအချို့တွင် ရေအိုင်ငယ်တို့ကိုသာတွေ့ရပြီး အချို့သောနေရာတို့တွင် သဲမှို့မှို့နှင့်ကျောက်ဆိုင်ကျောက်ခဲတို့က ထိုတောင်ကျချောင်းကြီး၏ ရုပ်ကြွင်းအဖြစ် တည်ရှိနေသည်။

ထိုစဉ်

"အောက်အီးအီး..အွတ်"

အတောင်ပံကိုရိုက်ပြီး လေးတွဲသောဘွန်သံသာကလေးဖြင့် ဟောကြက်ဖငယ်တို့ တွန်သံများကိုကြားနေရပေပြီ။

အသံကြားလိုက်ရာဆီကို လှမ်းကြည့်လိုက်တော့ ညိုမှိုင်းသောတောင်တန်းများနှင့် စိမ်းလန်းစိုပြည်သော တောတန်းများ၊ ပြာလွင်သောမိုးကောင်းကင်အောက်ဖြူဖွေးသောမကန်းကွက်တိမ်တိုက်များနှင့်မို့ လှပသည့်ပန်းချီကားတစ်ချပ်ပမာမို့ တောတောင်တို့၏ သဘာဝအလှကိုငေးကြည့်နေစဉ်-

"ဆရာကြီးက တစ်ယောက်တည်းလား၊ ဘယ်သွားမလို့လဲဗျ"

မျက်နှာချင်းဆိုင်လာနေသည့် လူအုပ်စုက လှမ်းမေးလိုက်သည်မို့ ကျွန်တော်က -

"မဆယ်ကုန်းရွာက မုဆိုးလှမြင့် အိမ်ကိုသွားမလို့ပါဗျာ၊ လုပ်ငန်းသိမ်း ပြီးပြန်လာကြတာလား"

ထိုတောင်ကျချောင်းရိုးတန်းရွာတန်းရှည်ကလေးများတွင် နေထိုင်ကြသည့် သူများဖြစ်သည်။

ရွာကလေးများမှာ အိမ်ခြေသိပ်များသည်တော့ဖြင့်မဟုတ်၊ တစ်ရွာလျှင် အိမ်ခြေ ၃၀သာသာ ၄၀နီးပါး၊ ထိုရွာသူရွာသားများ၏ အဓိက လုပ်ငန်းများမှာ သစ်လှဲ၊ ဝါးခုတ်၊ ကြိမ်၊ ကြိမ်ဖန်၊ လက်မဲ၊ ခနုံး၊ စလူ၊ တောင်တန်း၊ ကိုင်းတော(ထမဖိုင်း) ခုတ်ကြရင်း အသက်မွေးကြသည်။

တောင်ကျချောင်းကြီး ဘေးနှစ်ဖက်တွင် ဝါးရုံတော၊ ရေငန်းတော၊ ခနီတော၊ ကြိမ်ဖန်တောများအပြင် အခင်၊ အင်ကြင်း၊ ကရမက်၊ တောရှောက်၊ ဆေးသံပုရာ၊ သကြားဥဆောင်း၊ တောတည်းများမှာ ငှါးငှါးစွင့်စွင့်တစ်မျှော်တစ်ခေါ်ပေါက်ရောက်နေကြသည်။ ယခုလဲ လုပ်ငန်းခွင်သိမ်း၍ လူစုပြီး ပြန်လာခဲ့ကြဟန်ပင်။

"မုဆိုးလှမြင့်က ဆရာကြီးကိုလာမကြိုဘူးလား၊ တစ်ယောက်တည်း"

"ဟုတ်ကဲ့ ကြိုဖို့မမှာထားလို့ပါ၊ ဘာဖြစ်လို့တုန်းဗျ"

"မနေ့ကပဲ သစ်ခုတ်ပြီးပြန်လာတဲ့ ငပိုက်ဆိုတဲ့ကောင်ကို ကျားစားသွားပြန်တယ်လေ၊ ခုရက်ပိုင်းလူခုနစ်ယောက်လောက်ရှိနေပြီ၊ အကုန်အစားခံရတာချည်းပဲ၊ အတော်အတင့်ရဲတဲ့ ကျားကြီးဗျာ ပါးလိုက်တာလဲလှစ်လို့"

"အော်..အော်.."

ကျွန်တော်တို့ ပြောနေစဉ် ကျွန်တော်တို့ဘက်ဆီသို့ သေနတ်ထမ်းကာလူတစ်ဦးလာနေသည်ကို တွေ့လိုက်ရသဖြင့် အနီးကိုရောက်တော့ကြည့်လိုက်ရာ မုဆိုးလှမြင့်ဖြစ်နေသည်။

"ဘိုလေး နောက်ကျလို့စောင့်နေရင်း စိတ်မချလို့လိုက်လာတာဗျ"

"အေးကွာငါလည်း စောစောလာချင်ပေမယ့် အစည်းအဝေးကမပြတ်နိုင်လို့ နည်းနည်းနောက်ကျသွားတယ်၊ ဘာထူးသေးလဲကွဟော"

"မနေ့က ကုရင်မရွာမှာ တစ်ယောက်ဆွဲစားသွားပြန်တယ်၊ ခုတစ်

www.burmeseclassic.com

www.burmeseclassic.com

သော ဆက်တိုက်ဘဲဗျ ခုနစ်ယောက်ရှိနေပြီ၊ ကဲကိုတင်လှတို့သွားကြတော့ မှောင်စပျိုးနေပြီ၊ ဒီဆရာကိုကျွန်တော်ခေါ်သွားလိုက်ပါ့မယ်''

သူတို့ကိုအိမ်အပြန်ခိုင်းပြီး၊ ကျွန်တော်တို့ နှစ်ယောက်မဆယ်ကုန်ရွာဘက်ကို လျှောက်ခဲ့ကြပေသည်။

မျှော်၍မဆုံးသည့် ပဲခူးရိုးမ၊ မဟူရာတောင်တန်းအရှေ့ဘက် ပေါ်တွင်နေမင်းက မေးတင်ကာကျွန်တော်တို့ကို သူ့တာဝန်ကုန်ဆုံးပြီမို့ နုတ်ဆက်နေသည်။

မုဆိုးလှမြင့်က -

''ဘိုလေး နမက ထန်းရည်နဲ့ ကြွက်ကြော်၊ အမဲကြော်အသင့်လုပ်ထားမယ်တဲ့''

''ဟုတ်လား၊ ဘုတ်ိုမထန်းရည်ဆိုင်က ဟိုထန်းတက်သမားသောက်တဲ့ထန်းရည်ဆိုကောင်းမယ်ကွာ၊ မသောက်ရတာလဲကြာပြီလေ''

''ဟုတ်ကဲ့ မနက်ပိုင်းအဲဒီထန်းရည်ကို အဘကောင်းတို့အဖွဲ့ သောက်သွားကြလို့ကုန်ပြီ၊ ခုသောက်ရမှာက ညနေပိုင်းတက်ဖို့မှာထားတဲ့ အဲဒီပင်ကျရည်ပဲလေ''

''အေး‥ကောင်းတာပေါ့ကွာ၊ သိပ်ကောင်းတာပေါ့''

နှစ်ဦးသားရွာကို ရောက်ပြီး လှမြင့်အိမ်ဝင်လိုက်တော့ သူ့ဇနီးနှင့် မိသားစုက အားပါးတရဆီးကြိုသည်။

စားပွဲဝိုင်းခင်းကာ ထန်းရည်နှင့် စားဖွယ်တို့က အဆင်သင့်၊ လက်ဆောင်ပစ္စည်းများပေးရင်း သူ့ဇနီး ဘုတ်ိုမနှင့်စကားပြောစဉ်-

''မိန်းမရေ စကားပြောတာလေး ဖယ်ကွာ၊ ထန်းရည်သောက်တာလေးနဲ့ လက်တွေ့ပြလိုက်ကြရအောင်''

မိန်းမလုပ်သူက မျက်စောင်း လှမ်းထိုးလိုက်သဖြင့် ကျွန်တော်က ရယ်မောကာ ထန်းရည်ခွက်ကိုအငမ်းမရမော့သောက်လိုက်၊ စားလိုက်လုပ်နေစဉ်-

''ဝုန်း ဝုန်း‥တောက်တောက်တောက် ခွပ်ခွပ်လိုက်ဟ လိုက်ဟ''

ရွာလယ်ပိုင်းဆီမှ အိုးခွက်များ၊ ဝါးလုံးများ ခေါက်သံဆူညံစွာထွက်ပေါ်လာသံများနှင့်အတူ‥‥

''မပြီ ဟေ့၊ လိုက်ကြ၊ လိုက်ကြ မလွှတ်စေနဲ့၊ ဝိုင်းထား''

ရွာသူရွာသားတို့ အော်ဟစ်သံနှင့်အတူ 'ဂယား‥ဝေါင်း'' ဟူသော ဟင်းကောင်ကြီး မာန်သွင်းသံကြီးကို ဆင့်ကာဆင့်ကာ ကြားလိုက်ရသည်မို့ ကျွန်တော်ကချိုင်းကြားမှ (နိုင်း အမ်အမ်ပစ္စတို)သေနတ်ကို ဆွဲထုတ် လိုက်သလို လှမြင့်ကလည်း တူမီး သေနတ်ကို ဆွဲကိုင်ကာ အသံကြားလိုက်ရာဆီသို့ အပြေးအလွှားသွား ရောက်လိုက်ကြပေသည်။

ထိုစဉ်အမှတ်မထင်မုဆိုးလှမြင့် ခွေးသုံးကောင်ကလည်း ကျွန်တော်တို့နောက်မှ ပြေးလိုက်လာပြီး ကျော်တက်သွားသည်မို့ သခင်ဖြစ်သူ လှမြင့်က နောက်မှအတင်းရှူးတိုက်ပေးလိုက်သည်။

ရွာအရှေ့ကိုက်သုံးရာခန့်အကွာတွင် အင်တိုင်းဆန်သော တောကလေးအတွင်းသို့ အမဲလိုက်ခွေးသုံးကောင်က စွပ်၍ဝင်လိုက်သွား၏။

လုံကိုင်ထားကြသော ရွာသားသုံးယောက်ကလည်း လောကြီးစွာ ခွေးတွေနောက်မှအားတက်ပြီး လိုက်မည်အပြုတွင် ကျွန်တော်က-

''ဟေ့‥ဟိုဆရာတွေ ရှေ့ကို ကျွံမထွက်ကြနဲ့ အန္တရာယ်များတယ်၊ လူနဲ့ကပ်မိမှဝင်လုံးတတ်တယ်၊ ငါတို့ သေနတ်တွေနောက်ကလိုက်ကြ၊ ချုံတွေထဲဝင်လိုက်ရင်မင်းတို့ကို ရန်မူလိမ့်မယ်''

ကျွန်တော်၊ လှမြင့်၊ လုံသမား သုံးယောက် အရှေ့ဆုံးမှ ရင်ဘောင်တန်းကာ လူခြားလျက်ဖြန့်ပြီး အင်တိုင်းတောအတွင်းသို့ ခွေးလိုက်လမ်းကြောင်းမှ တိုးဝင်ခဲ့ကြသည်။ မိနစ်ပိုင်းအတွင်း ခွေးသုံးကောင်၏ ဟူးဟူး ဝါးဝါးဟောင်သံများ၊ ဟဲကနဲကျားကြီးမာန်သွင်းသံဆက်တိုက် ပေါ်ထွက်လာသဖြင့် ကျွန်တော်နှင့် လှမြင့်တို့နှစ်ဦး မာန်သွင်းသံကြားရာဘက်ဆီသို့ အပြေးအလွှားသွားလိုက်ကြရင်း လုံကိုင်သမားသုံးဦးကိုလည်း ဝိုင်းကြရန်အချက်ပြလိုက်သည်။

တစ်တောလုံး ခွေးသံ၊ ကျားကြီး မာန်သွင်းသံ၊ လူသံများဖြင့်ဆူညံနေတော့သည်။ ကျွန်တော်လည်း သေနတ်ကို မောင်းတင်ထားပြီးမို့ ပစ်ခတ်တော့ရန် အသင့်အနေအထားဖြင့် တလှုပ်လှုပ်ယိမ်းထိုးလှုပ်ရှား

www.burmeseclassic.com

www.burmeseclassic.com

နေသည့် ချုံတောအတွင်း အရေးတကြီး လှမ်းကြည့်လိုက်သည်။

ခွေးသုံးကောင်က အတန်ငယ်မြင့်သည့် ချုံတစ်ချုံအတွင်း ပြေးလွှားတိုးဝင်ကာ ဝိုင်းပတ်ဟောင်လျက်ရှိပြီး၊ ချုံပင်များသည် သိမ့်သိမ့်ခါယမ်းလျက်ရှိနေသည်ကို တွေ့လိုက်ရပေသည်။ လှံသမားတစ်ယောက်သည် မဆင်မခြင်နှင့် ချုံတောကြီးဆီကိုဒေါသမှ ပန်းတက်သွားသည်။ ထိုလှံကိုင်ရွာသား၊ ချုံစွန်းဆီသို့ မကပ်မိခင်၊ ဂယားဟူသော အသံကြီးနှင့် ချုံအတွင်းမှ ခွေးတွေကိုခုခံနေသည့် ကျားကြီးက လွှားကနဲခုန်အုပ် လိုက်တော့သည်။ အမဲလိုက်ခွေးတစ်ကောင်က ကြားမှဖြတ်ကာကျားကြီး၏ ညာဘက်လည်တိုင်ကိုထိုးဟပ်လိုက်သဖြင့် ကျားကြီးဦးတည်ချက်ပြောင်းသွားသည်။ ကျားကြီးကားအမဲလိုက်ခွေးကို လှည့်ကာ ကိုက်ခဲလိုက်၏။ အရေးထဲထိုလှံကိုင်သမားမှာ ခြေချော်ကာ ပက်လက်လဲကျပြန်သည်။

ကျွန်တော်နှင့်ရွာခံမုဆိုးလှမြင့်တို့ ပြေးတက်သွားပြီး ခွေးနှစ်ကောင်နှင့် လုံးထွေးနေသော ကျားကြီးကို ပစ်ကွင်းမကောင်းသဖြင့် ရှာဖွေနေစဉ် လှမြင့်က ပစ်ကွင်းသာစေရန် ဘေးဘက်ကို ပြေးထွက်အလိုက်၊ ပစ်ကွင်းကောင်းပြီဖြစ်သော ကျွန်တော်က -

'ဖောင်း..ဖောင်း'

နှစ်ချက်တိတိဆင့်ကာ မောင်းကိုဆွဲဖြုတ်ချလိုက်ပေသည်။ ပစ္စတိုသေနတ်ကျည်ခဲလုံးတို့က ကျားကြီးကိုယ်ကိုဖြတ်ဖောက်သွားလင့်ကစား၊ သေကွင်းမဟုတ်သည့်အတွက် နေရာမှ ဝေါကနဲပြေးထွက်ပျောက်ကွယ်သွားပေတော့သည်။

မည်သို့ပင်ဆိုစေကာမူ ကျားကြီးမှာ ဒဏ်ရာနှစ်ချက်ရသွားသည်မို့ ကျားနာကြီးဖြစ်သွားသည်ကတော့ အမှန်ပင်။ သို့သော်လည်း အမဲလိုက်ခွေးတစ်ကောင်မှာ ကျားကြီးဆွဲခါကိုက်ခဲကုတ်ဖွဲ့ခြင်းကို ခံလိုက်ရသဖြင့် အူများထွက်ကာ နေရာတွင်အသက်ကင်းမဲ့သွားသည်ကို တွေ့လိုက်ရပေသည်။

ရွာခံမုဆိုးလှမြင့်ကား သူ အားထားနေရသည့် အမဲလိုက်ခွေးတစ်ကောင်ဆုံးရှုံးခံလိုက်ရသည့်အတွက် သွေးစက်ခံကာ ကျားကြီးနောက်သို့ လိုက်မည်တကဲကဲဖြစ်နေသော်လည်း စိတ်ချရသည့်လက်နက်မရှိသည့်အပြင် ညပိုင်းဖြစ်ကာ အန္တရာယ်များလွန်းလှသဖြင့် ဆက်မလိုက်ဖြစ်ကြတော့ပေ။

ထိုနေ့ညအဖို့ ကျွန်တော်နှင့်မုဆိုးလှမြင့်တို့ 'အုန်းနဲ့ပင်' ရွာကိုသွားဖို့ စီစဉ်ထားသော်လည်း၊ နောက်တစ်နေ့ဟင်းမျိုးကြီးနောက်ကို လိုက်ကြရမှာမို့ ဆက်မသွားတော့ဘဲ ထူးခြားလာမည့်အခြေအနေကိုစောင့်ကြည့်အကဲခတ်ရင်းထိုရွာတွင်ပင် အိတ်စက်စောင့်စားဖို့ ဆုံးဖြတ်ကာနားနေလိုက်ကြရင်း ထန်းရည်ကိုသောက်နေစဉ်...

"အဘကောင်းတို့ ကုရင်မက ပြန်ရောက်ပြီး ကျွန်တော်တို့ဆီ လိုက်လာကောင်းပါရဲ့နော်ဘိုလေး"

"ကုရင်မကို သူတို့ဘာသွား လုပ်မှာလဲကွ၊ သွားလို့ပြန်ရောက်ရင် ကော ဒီကိုဘာကြောင့်လိုက်လာရမှာ လဲ"

"မနေ့က ကုရင်မမှာ တစ် ယောက်ဆွဲတယ်ဆိုတော့ အဲဒီကိုသူ တို့လိုက်ကြမှာပေါ့၊ ဒီကိုပြန်ရောက် ရင်လဲ ပစ်လိုက်တဲ့သေနတ်သံကိုသူ တို့ကြားပြီး လိုက်လာကြမယ်ထင် တာပဲ"

"အေး..လိုက်လာကြပါစေ ဆ တောင်းတယ်ကွာ၊ သေနတ်ကြီးတွေ က သူတို့ဆီမှာဆိုတော့ ငါအကျပ် ရိုက်နေတယ်ကွ၊ စောင့်ကြည့်တာ ပေါ့၊ ဒီညမလာရင်တက်ပြီး ခေါ် လိုက်ကြရအောင်၊ ပြီးတော့မှစုပြီး သွေးစက်ခံလိုက်ကြမယ်"

ညဦးသည် တပိုတွဲလဖြစ်သည် နှင့်အညီ နှင်းရည်များ ပက်ဖျန်း ထားမှုကြောင့် အအေးကပိုကဲလာ သည်။ ညအစာရှာငှက်များ၏ ပျံသန်းရင်း အော်မြည်သံကိုဟိုအနား သည်အနားမှ ကြားနေရသော်လည်း ဟင်းမျိုးကြီး၏ ထူးခြားမှုက ရှိမလာသေး။

"ဝေါင်း..ဝေါင်း..ဝေါက်"

ခပ်လှမ်းလှမ်းဆီမှ ချေငယ်တစ် ကောင်ဟောက်သံကို အတိုင်းသား ကြားလိုက်ရသဖြင့် မီးဖိုကြီးဘေးတွင်

www.burmeseclassic.com

www.burmeseclassic.com

ခွေအိပ်နေသည့် အမဲလိုက်ခွေးနှစ်ကောင်က ခေါင်းထောင်နားစွင့်ပြီး၊ ပြန်အိပ်နေသည်ကို မီးရောင်ဖြင့် တွေ့လိုက်ရသည်။ လှမြင့်က

"ဒီအကောင်ကြီး ပြန်မကပ်တော့ပါဘူး၊ ဒဏ်ရာကြောင့်တစ်နေရာမှာ ဝပ်နေပြီနဲ့တူတယ်ဗျ"

"ဘာကြောင့်လည်းလှမြင့်"

"သူမရှိလို့ချေဟောက်သံကြားနေရတာပေါ့။ ဒါကြောင့်ပါ"

သူပြောသည့်စကား ကလည်းဟုတ်သည်။ တောတွင်းနေသားကောင်ငယ်များတို့သည် မိမိဘဝအသက်ရှင်ရပ်တည်နေနိုင်ရေးအတွက် အထူးရုန်းကန်ရပ်တည်နေကြရသည်။ ထိုကဲ့သို့သွားသတိ၊ စားသတိ၊ လာသတိရှိနိုင်သော သားကောင်ငယ်တို့သာလျှင် ရေရှည်ရပ်တည်နေနိုင်ကြသည် မဟုတ်ပါလား၊ မြန်မာပြည်ရှိတောများအတွင်း နေထိုင်ကြသည့်သားကောင်တို့ဘဝက သူတို့နိုင်ငံဆဟာရအပူပိုင်းတွင် ကျက်စားကြသည့် သတ္တဝါများကဲ့သို့ လွင်နှင့်ပြန့်တို့တွင် အုပ်လိုက်နေကြကျက်စားကြရသည့် အနေအထားမျိုးမဟုတ်၊ ချုံထူထပ်ရာကို အမှီပြုအားကိုးပြီး၊ အန္တရာယ်မပေးမည့် အလစ်အငိုက်ကို အထူးအလေးထားရှောင်တိမ်းကာ သွားလာလှုပ်ရှားစားသောက်နေထိုင်ကြသည့်ဘဝမျိုးဖြစ်သည်။ သို့အတွက် စားပင်အောက်ဆီသို့ ဝင်ရောက်စားသောက်တော့မည့်သားကောင်တစ်ကောင်အဖို့ ဦးစွာမိမိသွားမည့်လမ်းတွင် အသက်အန္တရာယ်ပေးနိုင်မည့် ရန်သူရှိ/မရှိဦးစွာလေ့လာသည်။ အကယ်၍သွားလမ်းတွင် အန္တရာယ်မရှိသဖြင့် သွားခဲ့ပါကလည်း စားပင်အောက်သို့ ဝင်ရောက်စားသောက်တော့မည့်အခါ တရှူးထိုးဝင်ရောက်ပြီး မစားသောက်ကြ၊ အဘယ့်ကြောင့်ဆိုသော် ထိုစားပင်တွင် သူ့ကိုအန္တရာယ်ပေးမည့် ကျားရဲမုဆိုး၊ လူသားမုဆိုး၊ အခြားအန္တရာယ်တို့ကို ရှိ/မရှိ ဦးစွာလေ့လာပြန်သည်။

စားပင်အောက်ဆီသို့ ဝင်ရောက်စားသောက်တော့မည့် သားကောင်တစ်ကောင်သည် အပင်အောက်ဆီသို့ ဘယ်သောအခါမှ တန်းမဝင်ဘဲ၊ သူ့ကိုအန္တရာယ်ပေးမည့် အရိပ်အရောင်ကို ဦးစွာထိုအပင်အောက်ရှေ့နောက်ဝဲယာဝန်းကျင်မှ ကွေ့ပတ်ပြီး ဦးစွာဘက်ပေါင်းစုံမှ ချောင်းမြောင်း ကြည့်ရှုအကဲခတ်သည်။ စိတ်ချလက်ချအဆင့်ရှိသည့်တိုင် စိတ်မကျေနပ်သေး၊ ခွာခုတ်ပြသည်၊ အသံပေးပြသည်၊ အရိပ်အရောင်ပြသည်။ ထိုကဲ့သို့ အမျိုးမျိုးအဖုံဖုံ စမ်းသပ်စစ်ဆေးပြီး စိတ်ကျေနပ်သောအဆင့်ကို ပိုင်ပိုင်နိုင်နိုင်ဆုံးဖြတ်ချက်ချပြီးကာမှ ယိုင်နဲ့စွာဖြည်းဖြည်းချင်းဝင်ရောက်စားသောက်တတ်ကြသည်။ အကယ်၍များအန္တရာယ်ဖြစ်နိုင်သည်ဟု တွက်ဆမိပါကတစ်ချိုးတည်းနောက်ကြောင်းပြန်ပြေးတတ်ကြသည့် သဘာဝမျိုး။

ယခုဟောက်သံပေးနေသည့် ချေကလည်း သူ့အတွက်သည်နေရာသည် အန္တရာယ်မရှိနိုင်ဟု တွက်ဆထားသည့်အတွက် လွတ်လပ်အေးဆေးစွာ အစာထွက်စားရင်းဟောက်နေခြင်းဖြစ်ပေမည်။ ထိုအနေအထားကို တွက်ဆလိုက်မိသော ကျွန်တော်က တစ်နေ့လုံးပင်ပန်းနွမ်းနယ်နေပြီမို့...

"အန္တရာယ်မရှိပါဘူး၊ ခဏတစ်ဖြုတ်တော့ မှေးလို့ရတာပေါ့ကွာ"

ထန်းရည်သောက်ထားသည်ကလည်း အထိုက်အလျှောက်မူးနေပြီမို့ စောင်ကိုခြုံကာ ကွေးလိုက်စဉ်အိပ်ပျော်ခြင်းက ကပ်ပါလာသည်။ အိပ်ပျော်ခြင်းနှင့်အတူ အိပ်မက်ကလည်း ကပ်ပါလာခဲ့ပြန်သည်။

× × ×

ယနေ့တစ်နေ့လုံးလိုလို လုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော်ရန်အတွက် လုပ်ခဲ့ရသည့်လုပ်ငန်းတွေက များပြားလွန်းလှသည်။ ညနေစောင်းတော့မှ အိမ်ပြန်ပြီး၊ နားနားနေနေ အချိန်ရသည်။ ပင်ပန်းလာသည်မို့ အိမ်တွင်ဝီစကီလေးပက်ကို ရေအနည်းငယ်ရောပြီး၊ တစ်ဘရိတ်တည်း မော့ကာ ဟင်းတစ်တုံးကို ကောက်ယူဝါးစားလိုက်ပြီး၊ အိပ်ခန်းတွင်း ဝင်ကာခြင်ထောင်ကိုချ၊ စောင်ကိုခြုံပြီး အိပ်စက်အနားယူလိုက်သည်။

ထိုအချိန်အပြင်တွင် ဟေမန္တလောင်းရိပ်က ဝန်းကျင်ကိုဝါးမျိုးနေ

www.burmeseclassic.com

www.burmeseclassic.com

ရာယူလာပြန်သည်။ အမှောင်ထုနှင့်အတူ အအေးဓာတ်က ပိုမိုလာလေရော့သလားမသိ၊ အပြင်တွင်နှင်းတွေကျနေသည်က မိုးရွာသည့်နှယ် တဖွဲဖွဲကျနေသည်။ အအေးဒဏ်ကြောင့်အအေးပိုလာသည်မို့ စောင်ကိုခေါင်းမှခြုံကာ ကွေးရင်းအိပ်နေလိုက်စဉ်

'ဟင့်..ဟင့်..ဟင့်'

နားစည်အတွင်း ရှိုက်သံသဲ့သဲ့ကို မပီမိုးတဝါးကြားလိုက်ရသည်။ သို့အတွက် စောင်ကို ခေါင်းမြီးခြုံထားရာက ရှိုက်သံသဲ့သဲ့ကြားလိုက်ရာ ခြေရင်းဘက်ကိုလှမ်းကြည့်လိုက်သည်။ အမြင်တွင်နှင်းတွေ တဖွဲဖွဲကျနေသည့် မြင်ကွင်း၊ နှင်းစက်များအကြား လူရိပ်တစ်ခုကို ဝိုးတိုးဝါးတားမြင်လိုက်ရသည်။ နှင်းတို့ကလူရိပ်ကိုပင်သဲကွဲအောင် မမြင်ရလောက်အောင်ပင်၊ နှင်းများကို ဖြတ်ကျော်တိုက်ခတ်လာသည့် မြောက်ပြန်လေတို့က စောင်ကိုဖယ်ကာကြည့်နေမိသည့် ကျွန်တော့်ကို လွန်စွာအေးစက်ချမ်းအောင် ကလူကျီစယ်နေသည်။ ထိုအချိန်နှင်းတို့ တဖွဲဖွဲကျနေသည်နှင့်အတူ တရှုပ်ရှုပ်ရှိုက်ငိုနေသည့်နေရာမှ လူရိပ်လိုလို ဝိုးတဝါးမြင်ကွင်းတစ်ခုကို တွေ့လိုက်ရသည်။ ထိုအရိပ်က တဖြည်းဖြည်းကျွန်တော့်အနီးသို့ တိုးကပ်လာသည်မို့-

"မင်း..မင်း ဘယ်သူလဲ၊ ငါ့ဆီမလာနဲ့ခုထွက်သွား၊ သွားလေကွာ"

ထိုသို့အော်ဟစ်မောင်းထုတ်နေစဉ် တဖြည်းဖြည်းလျှောက်လှမ်းလာနေသည့် ပုံရိပ်က ပီပြင်ကြည်လင်လာသည်။ အသေအချာကြည့်လိုက်တော့ မိန်းကလေးတစ်ယောက်ပင်ဝတ်စားထားသည်က အဖြူရောင်အပေါ်အောက်ဝမ်းဆက်၊ ပုဝါပါးအဖြူကိုခြုံလွှားလျက်၊ နက်မှောင်သည့် ဆံပင်ရှည်ကိုနောက်ကိုဖြန့်ပြီးဖားလျားကျနေသည်။ ဖြူဖွေးအရွယ်တင်သည့် မိန်းကလေးအလှကို သွားတက်ကလေးများက ပံ့ပိုးပေးထားသဖြင့် အမူမဲ့အမှတ်မဲ့ကြည့်လျှင်လွန်စွာချောမောလှပသူလေး၊ အသက် ၂၅ ကျော်သာရှိဦးမည့် မိန်းကလေးက ငိုရှိုက်နေရာမှ ကျွန်တော့်ကို အားတင်းပြုံးပြလိုက်ရင်း အကြင်နာမျက်လုံးတို့ဖြင့် ကျွန်တော့်ကို စူးစူးစိုက်စိုက်ကြည့်နေသည်မို့-

"မင်း..မင်း..ခင်အုန်းမြင့်မဟုတ်လား၊ မင်းသေပြီဆို၊ မင်းလင်ရောဂါသည်နောက် ကောက်ကောက်ပါလိုက်သွားရင်း ကျားကိုက်ခံသေတဲ့သူပဲ"

"ဟုတ်ပါတယ်လေးလေးရယ်ကျွန်မအဲဒီငစောဆိုတဲ့အကောင်ရဲ့အပြောကိုယုံပြီး ပုံအပ်မိလိုက်တာပါပဲ။ နောက်ပိုင်းမှ အဲဒီငစောဆိုတဲ့ကောင်ရဲ့ ဇာတိရုပ်ပေါ်လာတော့ပြုပြင်လို့မရတော့တဲ့အဖြစ်မျိုးမို့ မုန်းလွန်းလို့ကျွန်မရောကလေးပါ သေမယ်မှန်းသိရက်နဲ့ သေပစေဆိုပြီးလိုက်သွားခဲ့တာပါ။ ကျွန်မအချစ်ကိုလိမ်ယူသွားတဲ့သူကို မုန်းသလိုသူနဲ့ရတဲ့ ရင်သွေးကိုလည်း မမြင်ချ
လို့ ခုလိုဆုံးဖြတ်ပြီး အသေခံလိုက်ရတာပါလေးလေးရယ်၊ ကျွန်မသူ့ကိုသိပ်စိတ်နာပါတယ်"

"မင်းစိတ်နာတယ်ဆိုတော့ င
ဘာလုပ်ပေးရမလဲ၊ ခုအချိန်မှာသူလည်း သေပြီး၊ မင်းကောဖိုက်ထ
က ကလေးပါသေပြီဆိုတော့ င
ဘယ်လိုလုပ်ရမလဲကွဟင်"

"သူ့ကို ဂလဲ့စားချေပေးပါလေးလေးရယ်"

"သူမှမရှိတာဘဲ၊ ဂလဲ့စားချေဖို့ဆိုရင်နယ်မှာကျန်နေတဲ့ သူ့အမျိုးတွေကိုငါဘာလုပ်ပေးရမလဲပြောပါဦးကွယ်"

"ရွာကသူ့အမျိုးတွေကို ဘာမှလုပ်စရာမလိုပါဘူး၊ သူသေတယ်ဆိုပေမယ့် သူ့ဝိညာဉ်က ကျားကြီးရဲ့ကိုယ်မှာတွယ်ကပ်နေပါတယ်။ အဲဒီကျားကြီးကို သတ်ပေးဖို့ပါပဲ"

ခင်အုန်းမြင့်က ကြေကွဲဆို့နင့်စွာငိုရှိုက်သံများကြားမှ သူ့အဖြစ်ကိုကြေကွဲစွာ ရှင်းပြရင်း၊ လက်တုံ့ပြန်ခိုင်းနေသည်။ ကျွန်တော်သူမစကားကြောင့် ခပ်ငိုင်ငိုင်ဖြစ်နေစဉ် ကျွန်တော့်လက်ကို ဆွဲကိုင်လိုက်ပြီး၊ ပါးပြင်ကိုတစ်ချက်နမ်းလိုက်သည်။ ပြီးတော့ အဲဒီအကောင်ကြီးကို ရောင်းချပြီး သူတို့အားလုံးအတွက် အမျှပေးဝေးပေးပါ နော် ပြောလိုက်ပြီးနောက်ကိုလှည့်ကာ ငွေနှင်းမှုန်များအကြား တိုးဝင်ပြေးထွက်ပျောက်ကွယ်သွားတော့သည်မို့ ကျွန်တော်

www.burmeseclassic.com

တ -

"ခင်အုန်းမြင့်၊ ခင်အုန်းမြင့်၊ နေဦးလေကွာ"

ကျွန်တော်က သူမနာမည်ကို အော်ခေါ်ရင်း နေရာမှထလိုက်စဉ်-

"ဘိုလေး..ဘိုလေး၊ ဘယ်လိုဖြစ်တာလဲဟင်"

ကျွန်တော့်ပခုံးကို ကိုင်လှုပ်ကာ နှိုးလိုက်ရင်း မေးနေသည့် မုဆိုးလှမြင့်အသံကိုကြားလိုက်ရသဖြင့် လူးလဲကျုံးထလိုက်ရင်း -

"ဘာလဲလှမြင့်၊ ဘာထူးလို့လဲ၊ ဟိုအကောင်ကြီးဝင်လာပြန်ပြီလား"

"မဟုတ်ပါဘူး၊ ဘိုလေး ယောင်ပြီး ခင်အုန်းမြင့်နာမည်ကို ကျုံးအော်ခေါ်နေလို့ပါ၊ ဘာလဲ အိပ်မက်မက်နေတာလားဟင်"

သူမေးလိုက်သည်ကို ကျွန်တော် ဘယ်လိုပြန်ဖြေရမှန်းပင်မသိ၊ အတန်ကြာတော့ မထူပြီမို့ ထူးဆန်းသော အိပ်မက်အကြောင်းကို အကုန်အစင် ပြောပြလိုက်တော့၊ သူက-

"အင်းလေ၊ ဟုတ်ချင်လဲဟုတ်မှာပေါ့၊ ဒီငစောဆိုတဲ့ကောင်ကို ဆေးရုံတင်ဖို့စောင်ပုခက်နဲ့ထမ်းပြီး အလာမှာ ကျားနဲ့တိုးပြီး၊ အထမ်းသမားတွေက သူ့ကိုချထားပြီး ထွက်ပြေးတုန်းကျားစားခံလိုက်ရတာဆိုတော့ သူ့ဝိညာဉ်က ကပ်နေမှာပေါ့"

"ဘယ်လိုလှမြင့်၊ ငါကြားတာကတော့ သေလို့ထားခဲ့ပြီး ရွာကိုလူပြန်ခေါ်တုန်း ကျားစားခံရတာဆိုကွ"

"အဲဒါက အထမ်းသမားတွေ သူတို့ကို အပစ်တင်ခံရမှာမို့ လိမ်ပြောတာ၊ အဖြစ်မှန်က သူတို့ကြောက်ပြီး ထွက်ပြေးတုန်းအစားခံလိုက်ရတာ၊ သူ့အသားကိုစားရလို့ အထမ်းသမားတွေလွတ်အောင်ပြေးလို့ရတာပေါ့၊ နို့ဆိုလွယ်မှတ်လို့"

"အော်..အော်.."

ကျွန်တော်ထိုကဲ့သို့သာ ပြောလိုက်မိသည်။ သူ့လိုရောဂါရှင်မျိုး ကျားစားခံရလို့ သေတာဝမ်းနည်းစရာမရှိ၊ မသိလို့စားမိသည့် ကျားသည်ပင် ထိုရောဂါရှိကြောင်းကို သိလျှင် ပြန်အန်ထုတ်မည်က ဧကန်မလွဲ၊ ဘာမှမပြော၊ မသိလိုက်ဘာသာနေလိုက်မိသည်။

"ဟိုမှာမီးထိုးပြီး လူတစ်စုလာနေတယ်ဗျ၊ အဘကောင်းတို့အဖွဲ့များလား"

သူပြောသည့်အတိုင်း ချောင်း ရိုးအတိုင်းလာနေသော မီးအလင်းတန်းကိုတွေ့လိုက်ရသည်။ အတန်ကြာတော့ 'အဘကောင်း၊ အစ်ကိုကြီးဦးသိန်းလွင်နှင့်တင်စိုး"တို့ သုံးဦးရောက်လာကြသည်။

"ငါတို့လည်း မနေ့က ကုရင်မမှာ ဆွဲသွားတယ်ဆိုလို့ ဆက်လိုက်ကြတာပဲ။ ဒီအကောင်ကြီး ခိုကပ်နေမယ့်နေရာတွေကို တစ်ဖြတ်ပြီး၊ တစ်ဖြတ်ပိုင်းပြီး တောမောင်းပေမယ့် မတွေ့ဘူးကွ၊ ရှောင်ထွက်သွားတယ်။ ဒါနဲ့ပြန်လာကြရင်း ရွာကိုရောက်တော့ ဒီဘက်ကသေနတ်သံနှစ်ချက်ကြားလိုက်ရတယ်ဆိုလို့ ဆက်ပြီးလာခဲ့ကြတာပဲ။ အခြေအနေဘယ်လိုလဲ"

သူ့အမေးကြောင့် ကျွန်တော်က စောစောက မက်ခဲ့သည့်အိပ်မက်အကြောင်းမှတစ်ပါး အိမ်ကထွက်ခဲ့သည်မှစပြီး ဒီရွာကိုအရောက်၊ ကျားကြီးကိုပစ္စတိုဖြင့် နှစ်ချက်ဆင့်ပစ် ခဲ့သည်အထိ ပြောပြလိုက်တော့...

"ဒါဆိုသေချာပြီ၊ ဒီကောင်တစ်နေရာရာမှာ ဒဏ်ရာကိုကျိတ်ပြီး ခံစားရင်း အောင်းနေမှာပေါ့၊ မနက်ကိုသွေးစက်ခံလိုက်ရင် ကြိမ်းသေပစ်ရမှာပဲကွ"

လက်မှနာရီကိုကြည့်လိုက်တော့ ၄ နာရီပင်မထိုးသေး၊ လှမြင့်ဇနီးက ပြုလုပ်ထားသည့် အမဲကြော်နှင့်ကွက်ကြော်အပြင် ထန်းလျက်အရက်ကို သောက်စားလိုက်ပြီး အိပ်လိုက်ကြပေတော့သည်။

× × ×

နောက်တစ်နေ့ ကျွန်တော်နိုးလာသဖြင့် လက်မှနာရီကိုကြည့်လိုက်သည်။ အချိန်က ၁၀နာရီပင်ကျော်ခဲ့ပေပြီ၊ သူတို့ကိုကြည့်လိုက်တော့ ဟောက်၍များပင်နေကြသေးသည်။ ကျွန်တော်အိပ်ပျော်နေစဉ် ခင်အုန်းမြင့် ကျွန်တော့်ဆီရောက်လာပြန်သည်။ အဝတ်အစားတွေက ညကမြင်ရခဲ့သည့်အတိုင်း၊ သူမပြောလိုက်သည့်စကားက

"လေးလေး သစ်ပင်မှာတက်နေ၊ တစ်ယောက်တည်းနေနော်"

ထိုသို့ပြောလိုက်ပြီး ပျောက်ကွယ်

www.burmeseclassic.com

www.burmeseclassic.com

သွားသည့်အချိန်၊ အိပ်ရာမှနိုးကာ အချိန်က ၁၀နာရီဖြစ်နေခြင်းပင်။

အားလုံးနိုးလာကြပြီမို့၊ ချောင်းအတွင်း ရေဆင်းချိုးသူကချိုး၊ ကိုယ်လက်သန့်စင်သူက သန့်စင်ပြီး နံနက်စာကို ဗိုက်ဖြည့်စားသောက်လိုက်ကြပြီး ဟင်းမျိုးကြီးနောက်ကို သွေးစက်ခံလိုက်ဖို့ ပြင်ဆင်လိုက်ကြသည်။

အစီအစဉ်အရ သေနတ်ဒဏ်ရာနှစ်ချက်ရရှိသွားသည့် ဟင်းမျိုးကြီးရှိနိုင်မည့် တောကိုတစ်ဖြတ်ပြီးတစ်ဖြတ်ပိုင်းကာ ခြောက်လှန့်မောင်းထုတ်ပြီး စခန်းသိမ်းပစ်ခတ်ကြရန် အစီအစဉ်ပင်။

ကျွန်တော်တို့အဖွဲ့ ဟင်းမျိုးကြီးနောက်မလိုက်ခင် နံနက်စာကိုဗိုက်ဖြည့်စားသောက်နေကြစဉ်၊ မနေ့က ဟင်းမျိုးကြီးနှင့်တိုးရာတွင် ကျားစာအဖြစ်မခံလိုက်ရသော လုံ့ကိုင်သမား "အောင်သူ"မှာ အူယားဖါယားပြေးလာပြီး ရွာနောက်ပိုင်းတွင် မြက်ခင်းပြင်တွင် မြက်စားနေသော နွားတွေကိုတောကောင်ချောင်းလျက်ရှိကြောင်း သတင်းပို့သည်။ ကျွန်တော်တို့အဖွဲ့ သေနတ်များဆွဲကာ လိုက်သွားဖို့ လုပ်နေစဉ် အစ်ကိုကြီးဦးသိန်းလွင်က

"ဒီအတိုင်းမှန်ရင်ဟင်းမျိုးက နှစ်ကောင်ဖြစ်မယ်ကွ"

"အင်းစဉ်းစားစရာတော့ ဖြစ်နေပြီ၊ ဘိုလေးပစ္စတိုနဲ့နှစ်ချက်ပစ်ခံထားရတယ်ဆိုတဲ့အကောင်တော့ ဟုတ်ဟန်မတူဘူး၊ ဒါနောက်တစ်ကောင်ဖြစ်မယ်"

ကျွန်တော်တို့ လိုက်သွားကြတော့ မြက်ခင်းတွင်း အစာစားနေသည့် နွားလေးကောင်မှာ ချုံပုတ်တောကြီးဘက်ကို စိုက်ကြည့်နေကြပြီး နားရွက်များကိုထောင်နားစွင့်၍ ခြေထောက်များကို ခပ်ကားကားထားပြီး ဦးချိုတို့ဖော့ယမ်းပြီး စိန်ခေါ်နေသည့်အသွင်။

သူတို့မျက်နှာမူရာချုံတောကြီးကို ကျွန်တော်တို့ သေနတ်သမားများ လူဖြန့်၍ ဝိုင်းလိုက်ကြပြီး တိုးဝင်ရှာဖွေလိုက်ကြသည်။ အတန်ကြာကြာ ရှာလိုက်စဉ်…

'ဒိုင်း'

ချုံပုတ်ထူရာဘက်က အဘကောင်းထံမှ ပေါက်ကွဲသံကြီးကို ကြားလိုက်ရသည်။ တောကောင်ကြီးမှာ အရှုပ်တောကြီးအတွင်း ကပ်နေဟန်ထင်၊ အသံကြားရာကိုလှမ်းကြည့်လိုက်တော့ ချုံနွယ်ပင်များ လှုပ်ရှားယမ်းခါသွားသည်။ နောက်တောကြီးအတွင်း တိုးဝင်ပျောက်ကွယ်သွားပုံရသည်။

ကျွန်တော်က အဘကောင်းရှိရာဘက်ကို ချုံတောကိုဖြတ်တိုးပြီး သွားလိုက်တော့

"နောက်ပိုင်းကိုရှုပ်ထိသွားပုံပဲကွ၊ ငါ့ကိုမြင်သွားလို့နောက်ကြောင်းပြန်အလှည့်ပစ်လိုက်ရတာ"

ဟုတ်ပေမည်။ ကျည်ဆံထိပ်ဖူးက လက်မောင်းလုံးခန့်ရှိ မြရာပင်၏ ပင်စည်လုံးကို ပြတ်ထွက်သွားသည့် မြင်ကွင်း၊ သွေးစသွေးနနှင့်ခြေရာခြေကြောင်းကို မတွေ့ရ၊ ထိုဝန်းကျင်ကို အတန်ကြာကြာရှာတော့လည်း အစအနပင်မတွေ့ရသဖြ ကျွန်တော်မနေ့က နှစ်ချက်ပစ်ခဲ့သည် တောကောင်ကြီးနောက်လိုက်ပြ သော်လည်း သဲလွန်စကိုရှာလို့မ သဖြင့် တပ်ခေါက်ပြန်ခဲ့ရာ မှော တော့မှ အိမ်ပြန်ရောက်ကြသည်။

အိမ်ပြန်ရောက်တော့ ရွာဖျာ စိုက်ခင်းမှ ဝက်ကြီးတစ်ကောင်ကျ ဆွဲသွားသည့်သတင်းပင်၊ လူတွေ ခြေကုန်လက်ပန်းကျ၊ အိပ်ရေးက လည်းပျက်ထားကြသည်မို့ ဆက် လိုက်ဘဲ နားနေလိုက်ကြစဉ် အဘ ကောင်းက …

"ငါ့အထင် ဒီကျားက နှစ်ကောင်မဖြစ်နိုင်ဘူးကွ၊ တ ကောင်တည်းပဲ ဖြစ်မယ်လို့ထ တယ်"

"ဘယ်လိုကြောင့်လဲ အဘ ကောင်း"

"မင်းစဉ်းစားကြည့်လေကွာ၊ ဒီ အကောင်ကိုမင်းနှစ်ချက်ပစ်ထားပြီ ထိထားတယ်လို့မင်းကော လှမြင့်တို့ က ပြောတယ်။ ငါပစ်လိုက်တာက လွဲတယ်ကွာ၊ မင်းတို့လည်းအမြင်ပဲ မင်းတို့ပစ်တဲ့အကောင်နောက်လိုက် တော့လည်း သွေးစသွေးနရှာလို့မ ဆိုတော့ ထိတာကောမှန်ရဲ့လားဆို တာ ငါသံသယရှိနေတယ်ကွ၊ ဒီလို မှမဟုတ်ရင် ဒီအကောင်ကြီးကိုတော များ စီးနေသလားလို့ ငါတွက်ဆနေ တာကွ"

www.burmeseclassic.com

www.burmeseclassic.com

အဘကောင်းပြောလိုက်သည့် ကားကြောင့် ကျွန်တော့်အိပ်မက် အကြောင်းကို ဖွင့်ဟပြောလိုက်တော့

"အင်း..ငါထင်တော့အထင် သားပဲ၊ အဲဒါကြောင့်ဆိုတာကို"

အကြောင်းစုံကိုသိသွားသော အဘကောင်းတစ်ယောက် သည်မျှ လောက်ပဲသာပြောသည်။ အခြားမှတ် ချက်မပေးသဖြင့် ကျွန်တော်တို့လဲ ဘာကိုမှမမေးတော့ဘဲ စားသောက် ကြလို့အပြီး အိပ်စက်ကာအနားယူ လိုက်ကြပေတော့သည်။

နောက်တစ်နေ့ ဝက်သေကိုပြန် တွေ့လိုက်ရသည်။ တောနက်ကြီးအ တွင်း သစ်ပင်တစ်ပင်အောက်မှာ ဖြစ် သည်။ ဝမ်းတွင်းသားနှင့်ပေါင်သား များကို စားထားခြင်းဖြစ်ပေသည်။ ပီသာချိန် ၄ဝနီးပါးဝက်ကြီးမို့ ကုန် အောင်စားမသွားခြင်းက ကျွန်တော် တို့ဘက်က အခွင့်အလမ်းသာနေ သည်။ ဝက်ကြီး၏ လည်ပင်းတွင် ဟင်းမျိုးကြီး၏သွားစွယ်ရာကြီးတွေ ကို တွေ့ရသည်။ အဘကောင်းက ....

"တွေ့ကြတယ်မို့လား၊ ဒဏ်ရာ ရထားတဲ့အကောင်ဆိုရင် ဒီဝက်ကြီး ကို ဒီလောက်ထိဆွဲလာဖို့ဆိုတာ လွယ်မှတ်လို့၊ အချိန်လည်းစောင်းပြီ ဆိုတော့ ကိုသိန်းလွင်တို့အဖွဲ့ပြန်ကြ တော့ ငါနဲ့ဘိုလေးစောင့်ပစ်ကြမယ်"

ဟင်းမျိုးကောင်ကြီးကား သည် နေရာဆီသို့ ဧကန်ပြန်လာမည်ဟု တွက်ဆထားသည့်အဘကောင်းက ထိုကဲ့သို့ ပြောလိုက်စဉ်၊ အစ်ကိုကြီး တို့အဖွဲ့ အိမ်သို့ပြန်သွားခဲ့ကြပေသည်။

အဘကောင်းက ဒသမ·၃၇၅ (မက်ဂနမ်)ရိုင်ဖယ်၊ ကျွန်တော်က ·၁၂ဗို့ နှစ်လုံးပြူးနှင့်လေးခဲထိုးဓာတ် မီးနှင့် အပိုပစ္စည်းများကိုလွယ်အိတ် အတွင်းထည့်လျက် အမဲလိုက်ဓား မြှောင်တစ်လက်စီ။

ဝန်းကျင်တွင်အမှောင်မဖုံးခင် ကျွန်တော်တို့နှစ်ဦး ပစ်ကွင်းကောင်း မည့် သစ်ပင်ကြီးပေ ၂ဝခန့်အမြင့် ခွဆုံကိုင်းတွင် နေရာယူလိုက်ကြ သည်။ အမှောင်က စိုးမိုးစပြုလာ သည်။ သို့သော်လည်း လရောင် ကြောင့် ဝက်သေကြီးရှိရာသတ်ကွင်း ဆီသို့ လှမ်းကြည့်လိုက်သည်။ ဝန်း ကျင်အနေအထားနှင့် အခြေအနေအ ရပ်ရပ်ကိုလည်း သုံးသပ်လိုက် မိသည်။

ဟင်းမျိုး(ခ)ကျားသစ္စာဝါဆိုသည် က ကျားသစ်လိုအကောင်မျိုးကဲ့သို့ သစ်ပင်ပေါ်တက် ရန်မပူတတ်ခြင်း က ကျွန်တော်တို့နှစ်ဦးအတွက် တပန်းသာနေသည်ကအမှန်၊ သို့သော် လည်း သစ်ပင်ခွဆုံပိုင်းတွင် ရှဉ့်လို အကောင်မျိုးအိပ်နေမှန်းသိလျှင်တော့ ကျားကုတ်ကျားခဲ တက်ရောက်စား ဖြစ်သည်တော့ရှိသည်။ သို့အတွက် ကျားကုတ်ကျားခဲဆိုသည့် စကားပေါ် ထွက်လာဟန်ထင့်၊ ယခုကျွန်တော်တို့ နှစ်ယောက်က အမြင့်ပေ ၂ဝခန့် ခွ ဆုံပိုင်းမှာမို့ သိလျှင်လည်း တက်နိုင် မည်မဟုတ်၊ တက်လာခဲ့လျှင်လည်း သေနတ်များရှိနေသဖြင့် ကြောက်စရာ မလို၊ ခုန်ပြီးထိုးဟပ်ကိုက်ခဲလိုက လည်း မရနိုင်။

တဖြည်းဖြည်းအအေးက မင်းမူ လာသည်။ အမှောင်ကလည်း သိပ် သည်းလာသလို နှင်းတို့ကလဲ ကဗ္ဗ လာဖုံးသလိုမျိုး၊ လွယ်အိတ်အတွင်း မှ ပုလင်းပြားကလေးကို ထုတ်ပြီး နှစ်ဦးသားမော့လိုက်တော့မှ အထိုက် အလျောက်သွေးလည်ပတ်နှုန်းက မြန်လာသည်။ အဝေးဆီမှခွေးအအုပ် အူသံများကို ကြားလာရသည်က ကြောက်တတ်သူအဖို့ဆိုလျှင် လိပ်ပြာ လွင့်သွားနိုင်သည်။

ခွေးအအူသံများက အတန်ကြာ တော့ ငြိမ်သွားသည်။ ခွဆုံထက်တွင် နောက်ကျောကို ကျောမှီလျက်သက် သောင့်သက်သာစောင့်စားနေကြရင်း အန္တရာယ်သားကောင်ကြီးကို စောင့် ဆိုင်းရင်း လက်မှနာရီကို ကြည့်လိုက် တော့ ၉း၃ဝနာရီပင်။ ခုချိန်ထိတိုင် ထူးခြားမလာသေး၊ အမှောင်ထုက သာ နှင်းတို့နှင့်ပိုမိုမင်းမူဆဲ။

တောကြီးတစ်ခွင်လုံးပုရစ်အော် သံ၊ သစ်တက်ဖားကလေးတွေအော် သံမှလွဲပြီး တိတ်ဆိတ်လျက်၊ မြေပြင် သည် နှင်းပွင့်နှင်းစက်တို့ကြောင့် ဖုန် သိပ်စွတ်စိုထိုင်းမှိုင်းနေသဖြင့် သား ကောင်လာလျှင်တောင် အသံကြား ရမည်မဟုတ်ပေ၊ ထိုစဉ်..

'ရှပ်'

ဝက်သေကောင်အနီးမှ သစ်ရွက် ပွတ်တိုက်သံကို နှစ်ဦးစလုံးကြား

www.burmeseclassic.com

www.burmeseclassic.com

လိုက်ရသည်မို့ အာဘကောင်းကတို့ ထိသတိပေးလာသည်။ လက်နှိပ်ဓာတ်မီးကို ဆုပ်ကိုင်လိုက်သည်။ ထိုအသံသည် အတွေ့အကြုံရှိပြီး၊ ဘလေ့အကျင့်လည်း ရှိကြသော ကျွန်တော်တို့နှစ်ဦးနားတွင် ဘာဖြစ်မည်ဆိုသည်ကို ကောင်းစွာသိကြသည်။ အသံက ဆက်ကာဆက်ကာကြားနေရသည်။ သူ့အစာဝက်သေကြီးကို လှည့်ပတ်အကဲခတ်ချောင်းမြောင်းနေပုံရသည်။ ထိုစဉ်အာဘကောင်းက သေနတ်နှင့်အသံကြားရာဆီထိုးချိန်လိုက်ပြီး တံတောင်နှင့်တို့ထိကာ မီးထိုးရန်အချက်ပြလိုက်သည်မို့ မီးခလုတ်ကို ဝက်သေကြီးရှိရာဆီထိုးလိုက်ပေတော့သည်။

စူးရှသော မီးအလင်းတန်းက ဝက်သေကြီးဆီ တန်းထိုးဆင်းသွားသည်။ ဝက်သေကြီးကိုကိုက်ခဲနေသည့် ဟင်းကောင်ကြီးက ဝက်သေကိုငုံကိုက်ခဲနေရာမှ တအံ့တသြအသွင်နှင့် မော့ကြည့်လာသည်ကို သေနတ်နှင့်ချိန်ရွယ်ထားသော အာဘကောင်းက

"ဗုဒ္ဓေါ..အမှောက်ခံရပြန်ပြီကွ"

သူက ချိန်ရွယ်ထားရင်း ယခုလိုပြောလိုက်သည့်စကားကြောင့် ကျွန်တော်အသေအချာကြည့်လိုက်ရာ ဟင်းကောင်အသွင်မဟုတ်တော့ဘဲ အဝတ်အစားမပါဘဲမော့ကြည့်နေသည့် လူတစ်ယောက်၊ ဆံပင်တွေကခပ်ကျဲကျဲပေါက်နေပြီး၊ ပါးစပ်၊ နှာခေါင်း၊ မျက်စိ၊ နားမရှိ၊ ပြကတိအရိုးခေါင်းခွံကြီး၊ ခြေလက်တို့ကလည်း အသားဆိုင်တွေမရှိ၊ အရိုးခေါက်ခက်၊ မြင်ရသည့်မြင်ကွင်းက အရိုးပေါ်အရည်တင်၊ ထိုစဉ်ထိုလူ၏နောက်တွင် အမျိုးသမီးတစ်ဦး၊ ဟိုနေ့ညအိပ်မက်အတွင်း တွေ့ရသည့် ခင်အုန်းမြင့်ဝတ်ထားသလို အပေါ်ဖြူ၊ အောက်ဖြူ ပဝါကိုခြုံလျက်နှင့်မြင်လိုက်ရသည်မို့...

"အဘနောက်ကမိန်းမက ခင်အုန်းမြင့်ဗျ၊ အဝတ်အစားက အိပ်မက်အတိုင်းပဲ"

ကျွန်တော်ပြောလိုက်ချိန် အာဘကောင်းချိန်ရွယ်ထားသည့် သေနတ်မှ

"ဒိုင်း"

ပေါက်ကွဲသံကြီးနှင့်အတူ 'အား'ကနဲ အော်သံကြီးကိုကြားလိုက်ရပြီး၊ ပုဇဉ်းရင်ကွဲအုပ်ပိုင်းဝန်းအော်သံများက ဝန်းကျင်ကိုဖုံးလွှမ်းသွားချိန်မီးကိုပိတ်ပစ်လိုက်မိပေသည်။

သေနတ်ပြောင်းဝမှပြင်းထန်စွာ ပေါက်ကွဲသွားသော သေနတ်သံသည် အပေါ်မှအောက်စိုက်ပစ်ခတ်လိုက်သည်မို့ လုံးပြီး ရွေ့လျားတိုးတိမ်သွားလင့်ကစား ဝန်းကျင်ကိုတော့ ဘုန်ခါသွားစေသည်ကအမှန်၊ ထိုစဉ်အာဘကောင်းက သေနတ်အတွင်း ကျည်သစ်တစ်တောင်ထိုးသွင်းချိန်ရွယ်လိုက်ပြီး -

"မင်းမီးပြန်ထိုးစမ်း"

သူ့အပြောကြောင့် ကျွန်တော် ဝက်သေကြီးရှိရာဆီသို့ မီးပြန်ထိုးလိုက်ရာ၊ မီးအလင်းတန်းအော
တွင် ဝက်သေကြီးအနီး မြေပြင်တွ
ဘေးတိုက်လဲကျကာ လည်တိုင်
မှ သွေးများပန်းထွက်နေသည့် အ
တွင်အနက်စင်းများ ရောထွေး
သည့် ကြီးမားသည့်ကျားသေကြီး
တစ်ကောင်ကို နှစ်ဦးသားတ
တသြတွေ့မြင်လိုက်ကြရပေတော့သည်

အော်...တောတို့မာယာဆိုသ
က ဒါမျိုးဘဲလားပြောရမလို
တည်း။

× × × × ×

ကျွန်တော်တို့နှစ်ဦး သစ်ပ
ထက်မှဆင်းကာ ရွာခံမုဆိုးလှ
အိမ်ရောက်ပြီး ကျားသေကြီး
သယ်ဆောင်ခိုင်းကာ ကျားကြီးလ
ချက်ကြောင့် သေဆုံးကြရသည့်
ယက်ရှင်မိသားစုများနှင့် ပင့်သံဃာ
ငါးပါးအား သင်္ကန်းပရိက္ခရာမျ
အပြင်၊ နဝကမ္မငွေများ လှူဒါန်း
စက်ချအမျှပေးဝေလိုက်ပြီး ညနေပိုင်း
ရန်ကုန်သို့ပြန်ခဲ့ကြပေတော့သည်။

လေးမောင်

www.burmeseclassic.com

www.burmeseclassic.com

မှားမှန်ရောထွေး အမှန်ရွေးနိုင်ပါစေ

စလင်း – ဦးအောင်သိန်း

"ဆရာဦးအောင်စီ…ဦးစလင်းကို လာခဲ့ပါဦးလို့ ငါမှာတယ်ပြောလိုက်"

"ဟုတ်ကဲ့ ဆရာကြီး"

ပြည်သူ့ရဲနှင့် တပ်မတော်တွင် ဒု-တပ်ကြပ်၊ တပ်ကြပ်၊ တပ်ကြပ်ကြီးဟူသော အဆင့်သတ်မှတ်ချက် ရှိပါသည်။ တပ်ကြပ်ကြီးအဆင့်ကို ဆရာကြီးဟု ခေါ်ပြီး၊ ဒု-တပ်ကြပ်အဆင့်ကို ဆရာဟုခေါ်ပါသည်။ အရာရှိအဆင့်မဟုတ်ပါ။ တစ်ရစ်၊ နှစ်ရစ်၊ သုံးရစ် အမှတ်အသားတံဆိပ် တပ်ဆင်သည့် အကြပ်ရဲ၊ အကြပ်စစ်သည်များ ဖြစ်ပါသည်။ အရာရှိများကလည်း အခေါ်အရ ဆရာ၊ ဆရာကြီးခေါ်ကြသဖြင့် အရပ်တက်ဝန်ထမ်းနှင့် ပြည်သူများအတွက် တစ်မျိုးတစ်ဘာသာ ဆန်းနေသည်။

ဆရာအောင်စီ ဆိုသူမှာ တစ်ရစ်သာရှိသည့် ရဲဒုတပ်ကြပ်ဖြစ်ပြီး၊ မှုခင်းမှတ်တမ်းထိန်း (C.R.O) မှု ဖြစ်သည်။ အရာခံကြီးမှာ ပခုံးပေါ်တွင် ကြယ်ကြီးတစ်လုံး တပ်ထားပြီး စည်းကမ်းထိန်းသိမ်းရေး တာဝန်ပေးအပ်ခံထားရသူ ဖြစ်သည်။ အသားညိုညိုသည့် အဆင့်ကျော်ပြီး မည်းသည့်အထဲ ပါသည်။ စကားပြောလျှင် ဟောင်ဖွာဟောင်ဖွာ ပြောတတ်သည်။

"ဘာကိစ္စတဲ့တုံး မောင်အောင်စီရ"

"ကျွန်တော်လည်း မသိဘူး ဆရာရေ…"

ဦးစလင်းကို ရှေ့နေမို့ ဆရာဟု ခေါ်ခြင်းဖြစ်ပါသည်။ တရားရုံးမှာ မောင်အောင်စီနှင့်တွေ့တော့ အရာခံကြီးမှာလိုက်ကြောင်း ပြောဆိုသဖြင့် သိလို၍ မေးမြန်းနေခြင်း ဖြစ်ပါသည်။ တရားရုံးကနေ ရဲစခန်းသို့ ဆယ်မိနစ်လောက် လျှောက်ရပါသည်။ အရာခံကြီးအိမ်မှာ ရဲစခန်းဝင်းအလယ်တွင် ရှိပါသည်။ ခြေတံရှည်သစ်သားအိမ် ဖြစ်ပါသည်။

"ဗျို့…အရာခံကြီး"

"လာ…ဦးစလင်း"

အရာခံကြီးသည် ပွင့်ပွင့်လင်းလင်း ပေါပေါဖိုင်းဖိုင်း ပြောဆိုတတ်သူဖြစ်သည်။ စကားလုံးများကလည်း ကြမ်းတမ်းသည်။ စည်းကမ်းထိန်းသိမ်းရေး တာဝန်ခံမို့ မကြမ်း၍လည်း မဖြစ်ပေ။

"ညကဖြစ်တာ ကြားပြီးရောပေါ့"

"ဘာဖြစ်တာလဲ။ ဘာမှတော့ မကြားမိသေးဘူး"

ဦးစလင်းနေသည်က ညောင်လေးပင်မြို့။ ယခု ပြောဆိုနေကြသည်က ကျောက်တံခါးရဲစခန်းတွင် ဖြစ်သည်။ ကျောက်တံခါးတွင် ဖြစ်သည်မို့ ဦးစလင်း မသိနိုင်။

"ကျုပ်ရဲဘော်တွေ ကင်းလှည့်ရင်း မိန်းမပျက်ကို အမှုကျင့်တယ်ဆိုပြီး တိုင်ထားလို့။ အဲဒါ အကြံဉာဏ်တောင်းချင်လို့"

ဦးစလင်းသည် လုပ်သက်နုသော ရှေ့နေလေးသာ ဖြစ်ပါသည်။ ပို၍လုပ်သက်ရင့်သော ရှေ့နေကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အတွေ့အကြုံ ဗဟုသုတ ပြည့်စုံကြွယ်ဝ…ည့် မြို့မိမြို့ဖများ ရှိပါလျက် ၎င်းတို့ကို ကျော်လွှန်ပြီး အကြံဉာဏ်တောင်းရသည်က အကြောင်းရှိပါသည်။

ထိုအကြောင်းမှာ ဝါရင့်ရှေ့နေကြီးများနှင့် တိုင်ပင်လျှင် ဉာဏ်ပူဇော်ခပေးရမည်။ ဌာနဆိုင်ရ ဖြစ်စေ၊ မြို့မိမြို့ဖ ဖြစ်စေ ၎င်းတို့နှင့် တိုင်ပင်လျှင် ကိုယ့်အရှုပ်ထုပ် ခေါ်ပြသလုံဖြစ်ပြီး၊ သိက္ခာကျနိုင်သည် မဟုတ်ပါလေ…

ကြားရသည် … မှုံနှိ…

www.burmeseclassic.com

www.burmeseclassic.com

စရာပင်။ သို့သော် ဖြစ်ရပ်က ဟုတ်နေသည်။ ကင်းလှည့်ရဲဘော်သုံးယောက် မသင်္ကာဖွယ် အမျိုးသမီးကို အချိန်မတော် တွေ့သည်။ အမှန်က လမ်းကြုံခေါ်မည့် ကုန်တင်ယာဉ်ကို စောင့်နေခြင်းဖြစ်ပါသည်။ ဒါ သူတို့လေးတွေ အလုပ်။ မြွေမြွေချင်း ခြေမြင်ပေါ့။ ရဲပဲ・・・မိန်းမပျက်လေး၊ ပြည့်တန်ဆာလေးဆိုတာ ဘယ်မသိဘဲ နေပါ့မလဲ။ အဲဒီ ရဲဘော်သုံးယောက်က ထိုမိန်းကလေးကို တစ်လှည့်စီ သားမယားအဖြစ် ပြုကျင့်သည်။ မိန်းကလေးက နံနက်မိုးလင်းတော့ ရဲစခန်းလာအမှုဖွင့်သည်။

သူကလည်း မခေဘူး။ ရဲလေးတွေကို အရင်က မျက်မှန်းတန်းမိနေတော့ ကောင်းကောင်းမှတ်မိနေသည်။ လှည့်ကင်းစစ်လိုက်တော့ ဘယ်သူဘယ်ဝါဆိုတာ သိကြပြီပေါ့။

"F.I.R (First information report) (ပဌမသတင်းပေးတိုင်ချက်) ဖွင့်ပြီးပြီလား"

"လောလောဆယ် စခန်းက ဖွင့်မပေးသေးဘူး"

"မဖွင့်ရသေးဘူးဆိုတော့ တော်သေးတာပေါ့"

"တော်မနေနဲ့။ သူနောက်မှာ အကြံပေး ရဲပင်စင်စားကြီး ရှိနေတာ"

"ပိုကောင်းတာပေါ့။ ညှိလို့နိုင်းလို့ရတာပေါ့"

"ကောင်းမနေနဲ့ ဦးစလင်းရေ။ ကောင်မလေးအလိုဆို သိပ်မဆိုးဘူး။ ညှိလို့ရတယ်။ အဲဒီ ရဲပင်စင်စားကြောင့် ခက်နေတာ။ ရဲမျှား ကောင်းကိုမကောင်းဘူး။ အငြိမ်းစားယူပြီးတာတောင် ရဲကို ဒုက္ခပေးချင်သေးတယ်"

"ရဲမကောင်းဘူး၊ ကောင်းတယ်ဆိုတာ အရာခံကြီးတို့ပဲသိမှာပေါ့။ ဘေးလူက ဘယ်သိပ်သိမလဲ"

အရာခံကြီးပြောတာလေး ဖောက်သည်ချပါဦးမည်။ ရယ်စရာအနေဖြင့် ပြောခြင်းဖြစ်ပါသည်။

ကျေးရွာလေးတစ်ရွာတွင် ဘုရားပွဲကျင်းပရာ ဇာတ်ပွဲတစ်ပွဲငှားပြီး ရုံသွင်းပြသသည်။ ဇာတ်ပွဲရုံအတွင်း ဆေးလိပ်မသောက်ရန် တားမြစ်ထားသည် ဆို၏။ အဘိုးကြီးတစ်ယောက်သည် ရုံအတွင်းထောင့်ကျကျ တစ်နေရာတွင် ဆေးလိပ်နိုးသောက်နေ၏။ ရဲသားတစ်ဦးတွေ့၍ ဒဏ်ငွေရိုက်မည်ဆိုကာ အနီးကပ်ရောက်လာပြီးမှ လှည့်ပြန်ခဲ့သတဲ့။ ပြီးတော့ အခြားရဲတစ်ယောက် တွေ့အောင်ရှာပြီး သူတွေ့ခဲ့တဲ့ အဘိုးကြီး ဆေးလိပ်နိုးသောက်နေတဲ့အကြောင်း ဒဏ်ငွေရိုက်ရန် လမ်းညွှန်လိုက်သည်ဆိုပဲ။

ဒုတိယရဲက ဆေးလိပ်မသောက်ရန် တားမြစ်ချက်ကို ချိုးဖောက်တဲ့ အဘိုးကြီးကို ဒဏ်ရိုက်လိုက်သည်။ ပြီးမှ ပထမရဲကို "မင်းက ဘာဖြစ်လို့ ဒဏ်မရိုက်ဘဲ ငါ့ကိုရှာပြီးမှ ရိုက်ခိုင်းရတာလဲ"လို့ မေးသည့်အခါ "အဲဒါ ငါ့အဖေမို့"လို့ ဖြေသတဲ့။

"ကိုယ့်ခွင်ထဲရောက်လို့ကတော့ ရဲမျှား အဖေတောင် မချန်ဘူး"

အရာခံကြီး ပြောပြီး တဟားဟား ရယ်နေသည်။

"ကဲ・・・ကဲ・・・ဦးစလင်း။ အကြံလေးဘာလေး ပေးပါဦး"

"အဲဒီရဲပင်စင်စားကြီးက ဘာတဲ့လဲ။ သူ့ဆန္ဒက ဘာဖြစ်ချင်တာလဲ"

"ကောင်မလေးကို တစ်သောင်းပေးမယ်၊ အမှုဖွင့်မနေနဲ့ဆိုတာ ကောင်မလေးက လက်ခံချင်တယ်။ ပင်စင်စားကြီးက သူ့အတွက် စရိတ်ရအောင်ဆိုပြီး ကောင်မလေးကို နှစ်သောင်းတောင်းခိုင်းနေတာ"

"နှစ်သောင်းတော့လည်း များတာပေါ့"

ထိုစဉ်က ဦးစလင်းအမှုလိုက်နေတာ အချို့အမှုတွေ အကျိုးဆောင်နှစ်ရာ့ငါးဆယ်လောက်သာ ရသည်။ အတော်လေး အမှုကြီးမှ ခြောက်ရာကျော်ခုနစ်ရာကျပ်လောက် ရသည်။

"အဲဒီလောက်လည်း မပေးနိုင် ဘူး။ ရိုးရိုးရဲဘော်အဆင့် ဘယ်ကငွေ မှာလဲ။ တချို့က အကြံပေးတယ်။ ငွေကြေးလက်ခံရယူပြီး ယောကျ်ားတွေ မြူတယ်၊ ပြည့်တန်ဆာအဖြစ် အသ မွေးတယ်၊ ငွေကြေးရယူပြီး ပျော်ပါးရ ဖမ်းမိတယ်ဆိုပြီး အမှုဖွင့်ဖို့ပေါ့"

အဲဒီ အကြံမျိုးတော့ ဦးစလင် မကြိုက်ပေါင်။ သဘောလည်း မတူ အားလည်းမပေးပါ။ "မြေနိမ့်ရာ လှံစိုက် မဖြစ်စေချင်ပါ။

"အဲဒီလိုတော့လည်း မလုပ်သင့် ဘူး အရာခံကြီးရာ။ သူ့ခမျာ စားဝတ်နေ ရေး မပြေလည်လို့ ကိုယ်နဲ့ရင်းပြီး ဘ ကို ရှန်းကန်နေရတာ။ ဒီအလုပ်မျိုး သူ လည်း လုပ်ချင်ရှာမှာ မဟုတ်ပါဘူး။ မ သာလို့ လုပ်နေတာ ဖြစ်မှာပါ"

"အမလေး・・・ဦးစလင်းဆိ အကြံတောင်းမှပဲ My man, on h side. ဖြစ်နေပြီ"

"ဒါတော့ မှုမှုတတ စဉ်းစာ ပြောတာပါ"

"ဟုတ်ပါတယ်။ အဲဒီအကြံတော လက်မခံပါဘူး"

"အရာခံကြီးရေ・・・ငွေပေးပြီ တာတော့ ဟုတ်ပြီ။ အဲဒီငွေနဲ့ သ သေခံလုပ်ပြီး ကိုယ့်ပြန်ရိုက်နေဦးမ

www.burmeseclassic.com

www.burmeseclassic.com

ါလည်း သတိထားဦး”

“ဒါတော့ လူကြီးတွေရှေ့မှာ လုပ်ရမှာပေါ့”

“ဟို အငြိမ်းစားရဲကြီးကို နိုင်တဲ့သူ ရှိဘူးလား။ ရှာပြီး သူနဲ့ညှိပါလား”

“ဟုတ်ပြီ ဦးစလင်းရေ...အကြံ ရပြီ”

အရာခံကြီးလုပ်စရာရှိတာ ဆက်လုပ်ရန် ဦးစလင်း တရားရုံးဘက် လှည့်ပြန်ခဲ့သည်။ ကိုယ်ရေးကိုယ်တာ ကိစ္စ ဟုတ်တော့ သိပ်စိတ်မဝင်စားမိ။ မေ့မေ့ပျောက်ပျောက် နေလိုက်သည်။

လေးငါးရက်လောက် အကြာမှာ အချုပ်တရားခံနှင့်တွေ့ရန်ရှိ၍ ရဲစခန်းသို့ရောက်သည်။ အရာခံကြီးခေါ်သဖြင့် သူ့အိမ်သွားလိုက်သည်။

“ထမင်းကျွေးမလို့ ခေါ်တာ”

“ဘယ်က အကြံအဖန် မိလာပြန်ပြီလဲ”

“ဘာအကြံအဖန်မှ မမိဘူး။ စားမှာသာစား၊ ပြီးမှ ပြောမယ်”

ကြက်သားဟင်း ကာလသားချက်၊ ငါးခြောက်ဖုတ်၊ သရက်ချဉ်သုပ်၊ ငါးခေါင်းဟင်းချို၊ ငါးပိရည်၊ တို့စရာအစုံနှင့် ထမင်းစားကောင်းသည်။

“အရာခံကြီးလည်း တစ်ခါတည်း စားလေ”

“စား...စား၊ မဆာသေးလို့”

အရာခံကြီးက အကြံပိုင်သည်။ အငြိမ်းစားရဲကြီးကို နိုင်သူမှာ အခြားသူ မဟုတ်၊ အရာခံကြီးပင် ဖြစ်သည်။ အကြောင်းမှာ အငြိမ်းစားရဲကြီးသည် ဆန်အရက်ချက်ပြီး အသက်မွေးဝမ်းကျောင်းနေသူ ဖြစ်သည်။ အရက်ပုန်းချက်ရောင်းသူပေါ့။ အရင်ကတော့ အချင်းချင်းမို့ မသိသည့်မှုပေးထားသည်။ ဖမ်းဆယ်၊ ဆီး မယ်လုပ်တော့ ထမင်းအိုးကွဲမှာ စိုးရိမ်လာသည်။ အရာခံကြီးထံ အသနားခံသည်။ အရာခံကြီး အကွက်ထဲ ဝင်လာသည်။

“အဲဒီကိစ္စ ဘယ်နေရာမှ ဝင်မပါတော့ပါဘူး အရာခံကြီးရယ်။ စိတ်ချပါ။ အရာခံကြီးကိုလည်း ကျေးဇူးတင်ပါတယ်”

အရာခံကြီးမှာ ကယ်တင်ရှင်ကြီး ဖြစ်သွားသည်။

“ကယ်တင်ရှင်တင် ဘယ်ကမလဲ ဦးစလင်းရေ။ ခုစားနေတာ သူလက်ဆောင်လာပေးတဲ့ကြက် ချက်ထားတာ။ ဟဲ.. ဟဲ...”

အငြိမ်းစားရဲကြီး နောက်ကွယ်မှာတောင် အကြံမပေးရဲတော့ပါ။ ရှေ့က ဝင်ရပ်တည်ဖို့ဆိုတာ ဝေလာဝေးပေါ့။ ကောင်မလေးကလည်း အခြေအနေမဲ့။ ဘာအားကိုးမှ ရစရာမရှိ။ ရဲစခန်းနဲ့ မပြေလည်လို့ကတော့ လက်ရှိအရက်ပုန်းလေး ချက်ခွင့်ရတော့မည် မဟုတ်။ နောက်ဆုတ်သည်က အကောင်းဆုံးပေပဲမဟုတ်လား။

မောင်တင်ဟန်ပါ-၉ နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံ
၁၉၆၇ B.L.R. (S.C.C.A.C.)၃၀

မကျင်မေသည် အကျင့်ပျက်သူဖြစ်စေဦး၊ မသန်းနွဲ့သည် ယခင်ကယောက်ျားများနှင့် ဆက်ဆံခဲ့ဖူးစေဦး၊ ၎င်းတို့အလိုမတူဘဲ ၎င်းတို့အား မသင်္ကာ ဟုဆိုကာ ရဲ၏အာဏာဖြင့် ခေါ်ဆောင်သွားပြီးလျှင် လူများဝိုင်းဝန်း၍ ကျူးလွန်ခဲ့ကြခြင်းသည် ဆွဲငင်ခေါ်ဆောင်မှု၊ မုဒိမ်းမှုတို့ပင် မြောက်စေမည်သာ ဖြစ်သည်။ ပြည့်တန်ဆာဆိုကာမျှနှင့် ရဲက ထင်ရာပြုကျင့်နိုင်သည် မဟုတ်။ ပြည့်တန်ဆာကို ပြုပြင်ခြင်း၊ ပြည့်တန်ဆာကို မွေး၍ အမြတ်ထုတ် စားသောက်သူတို့ကို နှိပ်ကွပ်ခြင်း စသည်တို့က တစ်ပိုင်းဖြစ်သည်။ ဥပဒေဘောင်အတွင်းက ထိုသို့ပြုပြင်ခြင်း၊ နှိပ်ကွပ်ခြင်းတို့ကို ပြုလုပ်ရာ၌ ပါဝင်တာဝန်ယူရမည့် ရဲသားများက ပြည့်တန်ဆာဘဝကို ၎င်းတို့၏ စားကျက်ပြုခြင်း၊ ပြည့်တန်ဆာများကို ၎င်းတို့ထင်သလို ပြုကျင့်နိုင်သည်ဟု ယူဆခြင်းတို့သည် ခေတ်ဟောင်း၏ အတွေးအခေါ်များ၊ အမွေဆိုးများသာ ဖြစ်ပေသည်။

“ဒီစီရင်ထုံးအရဆို ကျုပ်ကောင်တွေ မော်စကိုသွားရမှာ အသေအချာပဲ”

“ဒါပေါ့ အရာခံကြီးရ”

“အဲဒီလိုဆိုတော့လည်း နစ်သောင်းလျော်သင့်ပါတယ်”

“အင်းပေါ့။ ခုဟာက ဖွတ်တွေမို့ များတယ်ပြောနေရတာ”

“ဦးစလင်းရေ။ အမှန်အတိုင်းပြောရရင် ရဲလုပ်လာတာ အိုသေတော့မယ်။ အဲဒီ စီရင်ထုံးလည်း မဖတ်ဖူးပါဘူး။ သိလည်းမသိပါဘူး။ ရမ်းတုတ်နေတာ။ အကန်း တစ္ဆေမကြောက်ဆိုတာလိုပေါ့”

“ခု ဘယ်လိုပြီးသွားတုံး”

“တစ်သောင်းနဲ့ ကျေနပ်သွားတယ်”

“နစ်ဦးနစ်ဖက် မဆိုးပါဘူး”

နောက်ဆက်တွဲ အဖြေကတော့ ဗွာနဆိုင်ရာ အရေးယူမှုပင် ဖြစ်ပါသည်။ အလုပ်မှ ထုတ်ပယ်ခံရပါသည်။ ဥပဒေဘက်တော်သားသည်လည်း ဥပဒေကို လေးစားလိုက်နာရန် လိုအပ်ပါသည်။ အများကိုရှောင်၊ အမှန်ကိုဆောင်နိုင်အောင် ပြုမူကျင့်ကြံနေထိုင်ရမည် မဟုတ်ပါလော။

စလင်း-ဦးအောင်သိန်း

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ဟစ်ဟော့ဂီတသံများက အခန်းထဲမှာ ဆူညံစွာပျံ့လွင့်နေ၏။ ရေချိုးခန်းထဲမှ ရေကျအသံတွေကိုတော့ မကြားရတော့။ 'ရှုဖန်ကျော်'တစ်ယောက်ရေချိုးလို့ပြီးသွားပြီ ထင်သည်။ ထင်သည့်အတိုင်းပင်။ မျက်နှာသုတ်ပုဝါအဖြူတစ်ထည်ကို ကိုယ်မှာပတ်၍ ရေချိုးခန်းထဲမှ ရှုဖန်ကျော်တစ်ယောက် ထွက်လာသည်။

ပါးစပ်ကလည်း အငြိမ်မနေ။ တေးသီချင်းတွေ လိုက်ဆိုနေသေးသည်။ နှစ်ဆယ့်တစ်ရာစု၏ သမီးပျိုများဟု မပြောရ။ ရှုဖန်ကျော်က လှသည်၊ တောင့်သည်၊ သွက်လက်ရဲတင်းသည်၊ ခေတ်မီသည်ဆိုတာထက် ခေတ်ဆန်လွန်းသည်ဟု ပြောလျှင်မမှားပေ။

သို့သော် သူ့အလှက ပူလောင်၏။ တပ်မက်မှုများသော ဆွဲဆောင်မှုမျိုးသူ့မှာ အပြည့်ရှိသည်။ ရှိက်ဖိုကြီးငယ်အသွယ်သွယ်နှင့် ပြည့်စုံ၏။ ခေတ်ဆန်စွာ ဝတ်တတ်ဆင်တတ်၍လည်း မိန်းကလေးသဘာဝကောက်ကြောင်း၊ ကွေ့ကြောင်းအလှများကို ပီပြင်ထင်ရှားစွာ ဖော်ပြတတ်၏။

ယောကျ်ားသားများကလည်း ရှုဖန်ကျော်လိုအလှမျိုးကို မက်မောကြသည်။ တပ်မက်ကြသည်။ သကာရည်လောင်းထားသော နုတ်ခမ်းများက သမုဒယစကားကို သာယာကြသည်။ ကြည်နူးစွဲလမ်းကြသည်။ ခြေလှမ်းချက်တိုင်းကို မျက်တောင်မခတ်လိုက်ကြည့်တတ်သည်။

'မြတ်ကလျာ'လို တည်ငြိမ်အေးချမ်းသောအလှမျိုးကို ကြိုက်သည့်ယောကျ်ားသားများက ရာခိုင်နှုန်းအားဖြင့် နည်းပေလိမ့်မည်။ သနပ်ခါးရည်ကျဲနဲ့ ရိုးရှင်းရှင်းအလှ

www.burmeseclassic.com

ထက် ရောင်စဥ်ခုနစ်သွယ်ခြယ်သော မျက်နှာကို ပိုကြိုက်တတ်သည်။ ဒါကယောကျ်ားအများစု၏ သဘာဝ။

ဇူဇန်ကျော်နှင့်မြတ်ကလျာက တစ်ခန်းတည်းနေ အခန်းဖော်တွေ ဖြစ်ပေမယ့် အခြေအနေခြင်းကွာခြား လှသည်။ မြတ်ကလျာက ကုမ္ပဏီ တစ်ခုမှာ စာရင်းကိုင်ဝန်ထမ်းဘဝ။ ဇူဇန်ကျော်က ကွန်ပျူတာသင်တန်း နှင့်မော်လ်ဒယ်သင်တန်းကို လာ တက်သူ။ ကျောထောက်နောက်ခံ အခြေအနေကိုက ကွာခြားသည်။ အ ကျင့်စရိုက်၊ ဝါသနာ၊ ခံယူချက်ခြင်း ကိုက မတူ။

ဇူဇန်ကျော်ကို ပေါ့ပျက်ပျက် နိုင်လွန်းသည်ဟု မြတ်ကလျာ ကောက်ချက်ချမိသည်။ သူ့မှာမရှိးနိုင် သော အဝတ်အစားမျိုးစုံရှိသော် လည်း မြတ်ကလျာ၏ အဝတ်အစား တွေကို ကောက်ဆွဲ၍ ဝတ်သွား တတ်သည်။ သူ့အဝတ်အစားတွေ လည်း ကြိုက်သလိုယူဝတ်၊ လုံးဝ စိတ်မဆိုး၊ ထိုအကျင့်ကို မြတ်ကလျာ က မကြိုက်သော်လည်း ခွင့်လွှတ် သည်းခံပေးခဲ့ရသည်။

အခုလည်းကြည့်

"ကလျာရေ..ကလျာရဲ့ လည် ကျပ်ပန်းရောင် တီရှပ်လေးကို ဝတ် သွားမယ်နော်။ အောက်က ဂျင်းသရီး ကွာတားအနက်လေးနဲ့ဆို လိုက်လို့။ ကိုယ်ကြပ်လေးဆိုတော့ပိုပြီး Bright ဖြစ်လို့လေ..တဲ့"

မြတ်ကလျာက ခေါင်းညိတ်၊ ခေါင်းခါမလုပ်ခင်မှာပင် သူက ကောက်စွပ်ပြီးပြီ။ ရေမွှေးအနံ့ ကလည်း လှိုင်ထနေသည်။ ဝတ် ပြီးလျှင်လည်း ဘယ်တော့မှပြန်လျှော် ပေးတယ်ဆိုတာမရှိ။ မီးပူတိုက်ဖို့ ဆိုတာ ဝေလာဝေး။

"အင်း..ဘာကျန်သေးလဲဆို တော့ ဩော်..လက်ကိုင်ဖုန်း၊ အင်း ..ဒါမေ့လို့မဖြစ်ဘူး။ ဩော်..ကလျာ ကိုကျော့်ကို ဘာမှာဦးမလဲဟင်"

ဇူဇန်ကျော်၏ စကားကြောင့် မြတ်ကလျာမျက်မှောင်ကြုတ်သွား သည်။ ရုတ်တရက်တော့ နားမလည် သလိုလို။

"ကိုကျော်..ဘယ်ကကိုကျော် လည်း ဇူဇန်"

"ဟယ်..နင်ကလည်း၊ ဘယ် သူရှိရမလဲ။ နင့်ရဲ့အဆက်ကြီး ကိုကျော်၊ သစ္စာအောင် ထရေးဒင်း ကုမ္ပဏီက G.Mကိုကျော်ဘုန်းလှျံကို ပြောတာ"

"ဘာ..ဘာပြောတယ်ဇူဇန်"

"မိန်းမရယ်.. အဆန်းမဟုတ် ပါဘူး။ ယောကျ်ားတွေဆိုတာ ဒီလို ပဲ။ အမြဲတမ်းပြောင်းလဲနေတတ် တယ်။ ပုံသေအပိုင်တွက်ထားလို့ မရဘူးကလျာရဲ့။ မိန်းမဆိုတာ ယောကျ်ားတွေကြိုက်အောင်ပြင်တတ်၊ ဆင်တတ်၊ လုပ်တတ်ရတယ် မြတ် ကလျာရဲ့။ ဘီအေဆံထုံး ထုံးပြီး ထိုင်စောင့်နေလို့ မရဘူး။ သိရဲ့လား ကလျာ။ ကဲ..သွားပြီဟေ့"

မျက်စိနောက်လောက်အောင် ခါ ယမ်း၍ ထွက်သွားသော ဇူဇန်ကျော် ကို ကြည့်ရင်းမြတ်ကလျာတစ်ကိုယ် လုံး အသားတွေတဆတ်ဆတ်တုန် ယင်း ကျန်ရစ်ခဲ့သည်။ ဒေါသတွေ က ရင်ထဲမှာတလိပ်လိပ်တက်လာခဲ့ သည်။

တကယ်တော့ G.M ကိုကျော် ဘုန်းလှျံက မြတ်ကလျာလုပ်သော ကုမ္ပဏီမှ အထက်အရာရှိ။ မကြာ သေးမီကမှ မြတ်ကလျာကို 'Propose' လုပ်ထားသည်။ စဥ်းစား ပါရစေဦး..ဟု အချိန်ယူစောင့်ကြည့် နေစဥ်မှာ ဇူဇန်ကျော်က ဖြတ်ခုတ် သွားခဲ့ပြီ။ ဒါကလည်း မိမိအမှား။ သူ့ကို ဖွင့်ဟတိုင်ပင်မိခဲ့တာကိုက အမှား။ ဒုတိယအမှားက ကိုကျော် ဘုန်းလှျံက ညစာကျွေးချင်သည်ဆို တော့ ဇူဇန်ကျော်ကို အဖော်အဖြစ် ခေါ်ခဲ့မိသည်။ သွက်လက်ရဲတင်း သော ဇူဇန်ကျော်ကို လျှော့တွက်ခဲ့မိ တာ အမှားပင်။

အချိန်တိုအတွင်းမှာ ရင်းနှီးမှုတွေ က အံ့မခန်းတိုးတက်ခဲ့သည်။ ည ဘက်သူတို့နှစ်ယောက်ဖုန်းတွေ ဆက်ကြသည်ကိုလည်း ရိပ်မိသည်။ သို့သော် မြတ်ကလျာ ထုတ်မမေးခဲ့။

အခုတော့ ဇူဇန်ကျော်က သူ့ အကျီကိုယူဝတ်၊ သူ့ကိုခနဲ့တဲ့တဲ့ စကားတွေဆို၊ သူချစ်သူကိုလုယူ၍ ထွက်သွားသည်။ မည်မျှအခံရခက် လှပါသနည်း။ ဇူဇန်ကျော်ကို ရက် စက်သည်ဆိုတာထက် ယုတ်မာ သည်ဟူသော ခေါင်းစဥ်က ပိုလိုက်

www.burmeseclassic.com

www.burmeseclassic.com

ဖက်လှပေသည်။

ကျန်တာတွေ ဘယ်လောက်ပဲ သည်းခံနိုင်ပါစေ၊ နှလုံးသားကိစ္စမှာတော့ ခွင့်မလွှတ်နိုင်။ မိန်းမဆိုတာက အဲ့တိုအမျိုး။ 'မုန့်ကိုသာဝေစားမည်၊ အချစ်ကိုဝေမစားနိုင်''ရည်စားလုလု အုန်းနှုက်ခွဲခတ်'ဆိုတဲ့ စကားက မိန်းကလေးတွေအတွက် ပိုမှန်ပေလိမ့်မည်။

ပြီးတော့ ယောကျ်ားတွေ။ အချစ်ကို ဘယ်လိုသဘောထားကြသည်မသိ။ အလေးအနက်ပင်မရှိကြတော့။ 'သစ္စာ'ဆိုတဲ့ ဝေါဟာရကိုပင် သူတို့အနက်ပြန်နိုင်မည်မထင်တော့၊ သူတို့အတွက်တော့ အချစ်သည် ရယူခြင်းသက်သက်ပဲလား။

စဉ်းစားရင်း..စဉ်းစားရင်း ကြိမ်မနိုင် ဆည်းမရ ဒေါသတွေက 'တဝုန်းဝုန်း'ဆူပွက်နေခဲ့သည်။ ထဘီစွန်တောင်ဆွဲ၊ လက်ညှိုးငေါက်ငေါက်ထိုး၊ ခုနစ်အိမ်ကြား၊ ရှစ်အိမ်ကြားအော်ဟစ်ဆဲဆို၍ လူပုံအလယ်မှာ အရှက်လိုက်ခွဲသည့် မိန်းမစားမျိုးမှာ မြတ်ကလျာ မပါ။

သို့သော် မြတ်ကလျာ နာကြည်းနေသည်။ သွေးတွေ 'တပွက်ပွက်' ဆူပွက်ရလောက်အောင် နာကြည်းမောဟိုက်နေသည်။ အသက်ရှူပင်မဝချင်တော့။ ရေနစ်ရာမှ ရုန်းထွက်လာသော သမင်တစ်ကောင်လို မောပန်းလွန်းလှသည်။

''အမုန်းတကာ့အမုန်းထဲမှာ အချစ်ကို အခြေခံ၍ ပေါ်ထွက်လာ

စိတ္တဇဆန်ဆန်ဖြစ်နေသော
လူတစ်ယောက်က
တစ်ကိုယ်တည်းနေ
အမျိုးသမီးချောချောလှလှများကို
သတ်ဖြတ်နေကြောင်း။
သတ်ဖြတ်ရာတွင်လည်း
လည်ပင်းကို
သံကြိုး
သို့မဟုတ်
စတီးကြိုးဖြင့်
ညှစ်သတ်လေ့ရှိကြောင်း၊

သော အမုန်းလောက် အင်အားကြီးရက်စက်သော အမုန်းသည်မရှိ..''

မြတ်ကလျာရဲ့အသိမှာ ကြီးမားသော အမုန်းထုကြီးက တလိမ့်လိမ့်ဖြစ်ထွန်းနေ၏။ ဒေါသ၊ မောဟ၊ အာဃာတတို့ ပေါင်းစည်းမိသွားပြီ။ အချစ်ကို အခြေခံ၍ ပေါ်ထွက်လာသောအမုန်း။ အမုန်းတကာ့အမုန်းထဲမှာ အင်အားအကြီးဆုံးအမုန်း။

ထိုဖြစ်ရပ်၏နောက်ကွယ်၌ အရှက်၊ သိက္ခာ၊ ဣန္ဒြေကို တန်ဖိုးထားတတ်သော သစ္စာကြီးသည် မိန်းမတစ်ယောက်၏ ရုတ်တရက်ပြောင်းလဲသွားသော ဆန့်ကျင်ဘက်တုံ့ပြန်မှုကတော့... ......။

× × ×

ထိုရက်ပိုင်းအတွင်း မြတ်ကလျာသည် ရှုဇန်ကျော်ကို ခပ်ရှောင်ရှောင်နေခဲ့သည်။ မျက်နှာချင်းမဆိုင်မိအောင် ကြိုးစားချင်သော်လည်း တစ်ခန်းတည်းအတူနေတွေဆိုတော့လည်း အခက်သား။ မြတ်ကလျာ၏ ပြောင်းလဲမှုကို စိုးစဉ်းမျှ မရိပ်မိသော ရှုဇန်ကျော်ကတော့ သူ့ဝသီအတိုင်း ခပ်ပျော်ပျော်ပင်။

''ကလျာ..နင့်ကြည့်ရတာ ငူတူတူ၊ ငိုင်တိုင်တိုင်နဲ့ဟာ..။ ဘာဖြစ်နေတာပဲ၊ ပျော်ပျော်နေစမ်းပါ။ ဘာလဲ..အလုပ်မှာအဆင်မပြေလို့လား''

ရှုဇန်ကျော်က ပွတ်သီးပွတ်သတ်နှင့် လာရောသည်။ မြတ်ကလျာက ထွေထွေထူးထူးစကားမပြောလို၍ ''ဟဲ့..နင့်ဟာနင် နေစမ်းပါ။ ငါ အမ်ိဳဌာန်ဝင်နေလို့''ဟု ပြောလိုက်သည်။

''ဟင်..အမိဋ္ဌာန်၊ ဘာအမိဋ္ဌာန်ဝင်နေလို့လဲ၊ နေပါဦး..နင့်အမိဋ္ဌာန်က ဒီအတိုင်း..ငုတ်တုတ်ကြီးလား၊ ပုတီးတွေဘာတွေ မစိပ်ဘူးလား''

''ဒီမှာရှုဇန်၊ နင်နားမလည်ဘဲ လျှောက်မပြောနဲ့။ ငါက ဂါထာတစ်ပုဒ်ကို တစ်သောင်းအထိရွတ်နေတာ။ စိတ်ထဲကရွတ်နေတာ နားလည်လား''

''တစ်သောင်း..ဘုရား၊ ဘုရား နင်မို့လို့ဟယ်..''

ရှုဇန်ကျော် မျက်လုံးပြူးသွားသည်။ အံ့သြသွားပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဒါနဲ့ သတ်သတ်လွတ်ကျောစားရသလား"

"ဟင့်အင်း"

"တစ်မျိုးပဲ။ အင်းလေ..ကောင်းပါပြီ။ ဒါဆိုငါလည်း သီချင်းတွေအကျယ်ကြီး မဖွင့်တော့ဘူး။ Ear Phoneနဲ့ပဲ နားထောင်တော့မယ်နော်.."

ဒီလိုဆိုတော့လည်း ဇူဇန်ကျော်က အပြစ်ကင်းသောကလေးငယ်တစ်ယောက်နှင့် တူနေပြန်သည်။ မြတ်ကလျာမှာ ဒွိဟစိတ်များဖြင့် သက်ပြင်းကိုသာ တိတ်တခိုးချနေမိသည်။ ညဘက်လည်းအိပ်မပျော်။ စိတ်တွေက ယောင်ယက်ခတ်နေသည်။ ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင်မချနိုင်။

လုပ်သင့်၊ မလုပ်သင့်လွန်ဆွဲနေသလို လုပ်ရဲ၊ မလုပ်ရဲကလည်း ဒွိဟဖြစ်နေသည်။ နေမကောင်း၍ဟု အကြောင်းပြ၍ သုံးရက်ခွင့်ယူလိုက်သည်။ နှစ်ရက်လုံးလုံး ကိုကျော်ဘုန်းလျှံဆီက သတင်းမေးဖော်ပင်မရ။

သုံးရက်မြောက်နေ့တွင်မှ ဖုန်းဝင်လာသည်။ ဒါတောင်မြတ်ကလျာဆီ ဖုန်းဆက်ခြင်းမဟုတ်။ ဇူဇန်ကျော်ထံသို့ ကိုကျော်ဘုန်းလျှံမှ ဖုန်းဆက်ခြင်းဖြစ်သည်။ ဒါကိုလည်း သူလာပြောမှ သိလိုက်ရသည်။

"ဟဲ့..ကလျာ။ ကိုကျော်ဖုန်းဆက်တယ် သိလား။ နင်သက်သာသွားပြီလားတဲ့၊ သူအလုပ်များနေလို့တဲ့ မနက်ဖြန်တော့ ဆက်ဆက်လာခဲ့မယ်တဲ့"

မြတ်ကလျာအံကိုမသိမသာကြိတ်ထားမိသည်။ သူ့ဆီတိုက်ရိုက်ဆက်လို့ရရက်သားနှင့်ဇူဇန်ကျော် မှတစ်ဆင့် လူကြုံပါးသည်။ မိမိအဆင့်က ကျွဲကူးရေပါအဆင့်မျှသာ။ နာကြည်းမှုက ရင်ကိုတစစ်စစ်ကိုက်ခဲနေ၏။

"ကလျာ..ပြောရဦးမယ်။ ငါမေ့နေလို့။ နင်အိမ်တွင်းအောင်းနေလို့မသိတာ၊ ငါတောင်မနက်က မေလင်းပြောမှသိတယ်။ ဂျာနယ်လည်းဝယ်လာတယ်"

ဇူဇန်ကျော်၏ လေသံက စိုးရိမ်ကြောက်လန့်နေသည့်အသံ။ မြတ်ကလျာနည်းနည်းအံ့သြသွားသည်။

"ဘာလဲ..ဇူဇန်၊ ဘာပြောမလို့လဲ.."

"စိတ္တဇလူသတ်သမား အကြောင်းလေ.."

"ဘာ..ဘာပြောတယ်"

"ဟုတ်တယ်ကလျာ။ အသတ်ခံရတဲ့သူက မိန်းကလေးတွေချည်းပဲ။ ပြီးတော့ အချောအလှတွေချည်းပဲ။ ငါ့အထင်တော့ ချောချောလှလှကောင်မလေးတစ်ယောက်က သူ့အသည်းကို ခွဲသွားလို့ စိတ်နာပြီးလိုက်သတ်နေတာထင်တယ်။ နေဦး..ငါ့မှာဂျာနယ်ရှိတယ်.."

ဇူဇန်ကျော်က ခုတင်ပေါ်မှဆင်း၍ စလင်းဘက်အိတ်ထဲမှ ဂျာနယ်ကို ထုတ်၍လာပြသည်။ ထိုသတင်းက စာလုံးအမည်းကြီးများဖြင့် ထင်
ရှားနေသည်။ စိတ္တဇဆန်ဆန်ဖြစ်နေ
သော လူတစ်ယောက်က တစ်ကိုယ်
တည်းနေ အမျိုးသမီးချောချောလှလှ
များကို သတ်ဖြတ်နေကြောင်း။ သတ်
ဖြတ်ရာတွင်လည်း လည်ပင်းကို
သံကြိုး၊ သို့မဟုတ် စတီးကြိုးဖြင့်
ညှစ်သတ်လေ့ရှိကြောင်း၊ ယခုအချိန်
အထိ ရှစ်ယောက်တိတိမှာ ပုံစံတူ
အသတ်ခံရကြောင်း၊ ရဲတပ်ဖွဲ့မှ အ
တပြင်းလိုက်လံဖော်ထုတ်နေကြောင်း
သို့တိုင်အောင် ယခုအချိန်အထိ တရား
ခံမှာ လွတ်မြောက်နေသေးကြောင်း
ထို့ကြောင့် တစ်ဦးတစ်ယောက်
တည်း ရှိနေခိုက် လုံခြုံစွာ နေသင့်
ကြောင်း ဖော်ပြထားသည်

အခြားတစ်နေရာတွင် "စိတ္တ
လူသတ်သမားက ရှစ်ယောက်တိတိ
သတ်ခဲ့ပြီ။ ကိုးယောက်မြောက်သား
ကောင် ဘယ်သူဖြစ်မလဲ"ဟု
သိမ့်တုန်အောင်ရေးထား၏။

အခုတော့ မြတ်ကလျာလည်း
မျက်လုံးပြူးရပြီ။ မိမိတစ်သ
တစ်ခါမျှ ထိုသို့မကြားဖူး၊ မကြ
ခဲ့။ ရုပ်ရှင်၊ ဗီဒီယို၊ ဝတ္ထုစာအုပ်
ထဲမှာပဲ တွေ့ခဲ့ရသည်။

"ဘုရားရေ..ကြောက်
ကောင်းလိုက်တာ၊ သူဘာ
ကြောင့် ဒီလိုလိုက်သတ်နေတာ
ရက်စက်လိုက်တာ၊ လူစိတ်မရှိ
တာ"

"ဟုတ်တယ်..ကလျာ
တောင် ညကြီးမိုးချုပ် မသွား

www.burmeseclassic.com

www.burmeseclassic.com

မလာရဲတော့ဘူး။ သူက လူစိတ်မရှိတာတော့ အမှန်ပဲ။ ရန်ငြိုးရန်စမရှိဘဲ မိန်းမချောတွေချည်း လိုက်သတ်တာကတော့ လွန်ပါတယ်ဟာ။ အင်းလေ..စိတ္တဇလူသတ်သမားကိုး..''

''မဟုတ်ဘူးလေဟာ..သူတို့ကောင်မလေးတစ်ယောက်ယောက်က အသည်းခွဲသွားတယ်ထားဦး၊ ဘာလို့မဆိုင်သူတွေကို လျှောက်သတ်နေရတာတုန်း''

''ဟယ်..ကလျာရယ်၊ ဒါကြောင့် စိတ္တဇလူသတ်သမားလို့ပြောတာပေါ့..ဘာပဲဖြစ်ဖြစ် သတိတော့ထားဟာ။ လူစိမ်းဆိုအဝင်မခံနဲ့''

ထိုညက ကြောက်ကြောက်လန့်လန့်နှင့် အိပ်ကြရသည်။ ဒီတိုက်ခန်းမှာက သူတို့နှစ်ယောက်လဲ ရှိသည်မဟုတ်လား။ မိန်းမဆိုတော့လည်း မိန်းမပီသစွာကြောက်လန့်တတ်စမြဲ။

သို့သော် ထိုကြောက်လန့်မှုကြားက စိတ်ရှိုင်းတစ်ခုကို မြတ်ကလျာ ငေးစားမိသွားသည်။ သူ့အကြံအစည်က တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်အစီစဉ်။ တောမီးလောင် တောကြောင်လက်ခမောင်းခတ်မည့် အစီအစဉ်..။

အစီစဉ်ကို စိတ်ကူးဖြင့် အသေးစိတ်ရေးဆွဲရင်း တစ်ညတာကုန်ဆုံးခဲ့ပြီဖြစ်၏။

× × ×

''ကဲ..ဇူဇန်..နင်ဝင်လို့ရပြီ..''

မြတ်ကလျာက ရေချိုးခန်းထဲက ထွက်ရင်း လှမ်းအော်ပြောလိုက်သည်။ ထိုအခါကျမှ ဇူဇန်ကျော်က အိပ်မှုံစုံမွှားဖြင့် ရေချိုးခန်းဆီလျှောက်လာ၏။

''ညက ကောင်းကောင်းအိပ်မပျော်ဘူး ကလျာရယ်၊ လူသတ်သမားအကြောင်း တွေးရင်းကြောက်လိုက်ရတာ..''

''ငါလည်း ဒီလိုပဲ ဇူဇန်။ ချိုးကနဲ ချွတ်ကနဲကြားတာနဲ့ ခေါင်းထောင်ကြည့်နေရတာ..''

''ရေချိုးလိုက်ဦးမယ်ဟာ..ဒီမနက်ကို ကျော်လာမယ်လို့ ပြောထားတယ်''

မြတ်ကလျာကတော့ မှန်တင်ခုံရှေ့အကျအနထိုင်၍ အလှပြင်နေမိသည်။ အခုတော့ သနပ်ခါးမလိမ်းတော့။ မိတ်ကပ်နှင့် နှုတ်ခမ်းနီဘူးကို ဖွင့်လိုက်သည်။ ခပ်ဟော့ဟော့ အဝတ်အစားတစ်ချို့ကို ရွေးထုတ်ထားသည်။ စတိုင်လ်ကျဖို့၊ ခေတ်ဆန်ဖို့..ပြီးတော့ အရေးကြီးဆုံးက လွတ်လပ်စွာလှုပ်ရှားနိုင်ဖို့..။

''ဟယ်..ကလျာ..အရမ်းလန်းနေပါလား။ အင်း..သူ့လူကြီးလာမယ်ဆိုလို့ပေါ့လေ..''

ဇူဇန်ကျော်၏ စကားကြောင့် မြတ်ကလျာက မဲ့ပြုံးပြုံးရင်း ပြန်ပြောလိုက်၏။

''ဒါ ငါ့လူကြီးမဟုတ်ပါဘူး။ နင့်ရဲ့လူကြီးပါ..''

''ခစ်..ခစ်..ခစ်''

ဇူဇန်ကျော်က ဘာကိုသဘောကျသည် မသိ။ တခစ်ခစ်ရယ်ရင်း 'Lotion'တွေ တစ်ကိုယ်လုံးလိမ်းနေတော့သည်။ မြတ်ကလျာက အသာထ၍ ခေါင်းအုံးအောက်မှ တစ်စုံတစ်ရာကို တိတ်တဆိတ်ထုတ်ယူလိုက်သည်။

ထိုအရာမှာ စတီးကြိုးလေးတစ်ချောင်းပင်တည်း။ အစနှစ်ဖက်ကို တစ်ဖက်တစ်ချက်စီကိုင်၍ ဇူဇန်ကျော်အနီး ကပ်လာခဲ့သည်။ ဇူဇန်ကျော်ကတော့ ခါးကိုကိုင်ကာ ခြေသလုံးတစ်လျှောက် 'Lotion'တွေ လိမ်းကျံနေ၏။

ဆုံးဖြတ်ချက်ကို ပိုင်ပိုင်နိုင်နိုင်ချ၍ စတီးကြိုးဖြင့် ဇူဇန်ကျော်၏ လည်ပင်းကို နောက်မှကျော်၍ ရစ်ပတ်ကာ ဆွဲညှစ်လိုက်တော့၏။

''အီး..အင်..က..က.ကလျာ''

''စည်းမစောင့်တဲ့ မိန်းမ၊ သူများရည်းစား ဖြတ်ခုတ်ချင်တဲ့မိန်းမသေဖို့သာပြင်''

''မ..မလုပ်..အီး''

''ကဲ..ကဲဟာ''

''အင့်''

မြတ်ကလျာက သမင်မလေးမဟုတ်တော့။ ဒဏ်ရာရကျားနာတစ်ကောင်ဖြစ်နေပြီ။ သမင်ဖြစ်သွားသူက ဇူဇန်ကျော်..။ မျက်လုံးတွေ ပြူးကျယ်၍ အကြီးအကျယ်ထိတ်လန့်နေ၏။ သို့သော် ရုန်းအားမရှိတော့။ မြတ်ကလျာက စတီးကြိုးကို အားကုန်ဆွဲညှစ်လိုက်၏။ မျက်လုံးပြူးလျက်က ဇူဇန်ကျော်တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com

ငြိမ်ကျသွားရှာပြီ။ သို့တိုင်အောင် လက်ဖျား၊ ခြေဖျားများက တစ်ချက်တစ်ချက်မှာ တဆတ်ဆတ်တုန်ခါနေဆဲ။

စိတ်ကျေနပ်တော့မှ လွှတ်ချလိုက်သည်။ ရှုဇန်ကျော်က ခုတင်ပေါ်မှ ပျော့ခွေပြုတ်ကျသွားရပြီ။ အသက်ဇီဝိန်ကင်းမဲ့ခဲ့ချေပြီ။ သူ့လည်ပင်းမှာတော့ စတီးကြိုးတစ်ချောင်းက ရစ်ပတ်လျက်..။

မြတ်ကလျာတစ်ယောက် ကိုယ့်ကိုယ်ကို အံ့သြနေမိသည်။ သူ ဤမျှလောက်သွေးအေးလိမ့်မည် မထင်ထားခဲ့။ ဤခွန်အားအစွမ်းသတ္တိတို့သည် နာကြည်းမုန်းတီးမှုမှ ဖြစ်ပေါ်လာကြောင်း သူသိနားလည်ခဲ့သည်။

မြတ်ကလျာ၏ အစီအစဉ်က ဤသို့ဖြစ်သည်။ လမ်းထိပ်လက်ဖက်ရည်ဆိုင်မှာ မနက်စာအတွက် အီကြာကွေးသွားဝယ်သည်။ ပြန်လာတော့ ရှုဇန်ကျော်၏ အဖြစ်ဆိုးကို မြင်၍ လန့်ဖြန့်ပြီး စူးစူးဝါးဝါးအော်ကာ လက်ထဲမှ အီကြာကွေးကို လွှတ်ချမည်။

အော်သံကြောင့် ပတ်ဝန်းကျင်အခန်းများမှ လူတွေရောက်လာမည်။ စိတ္တဇလူသတ်သမား၏ ကိုးယောက်မြောက် သားကောင်ဖြစ်သွားသော ရှုဇန်ကျော်၏ အလောင်းကိုတွေ့မည်။ လည်ပင်းမှာရှိသော စတီးကြိုးက စိတ္တဇလူသတ်သမား၏ လက်ချက်ဖြစ်မှန်း သိကြပေလိမ့်မည်။ ကိုကျော်ရောက်လာလျှင်လည်း သည်

မြတ်ကလျာက
စတီးကြိုးကို
အားကုန်ဆွဲညှစ်လိုက်၏။
မျက်လုံးပြူးလျက်က
ရှုဇန်ကျော်တစ်ယောက်
ငြိမ်ကျသွားရှာပြီ။
သို့တိုင်အောင်
လက်ဖျား ခြေဖျားများက
တစ်ချက် တစ်ချက်မှာ
တဆတ်ဆတ်တုန်ခါနေဆဲ။

အခြေအနေကို ကောင်းစွာသဘောပေါက်သွားမည်။

အစီစဉ်က လွဲချော်စရာမရှိ။ သို့သော် အင်မတန်လှပသေသပ်သော နိဂုံးများ၏ အဆုံးသတ်သည် ကြောက်မက်ဖွယ်ရာ လှည့်စားမှုများနှင့်အတိပြီးသည်ကိုတော့ ထိုစဉ်က မြတ်ကလျာတစ်ယောက် လုံးလုံးမထင်မှတ်ထားခဲ့ပါချေတကား။

အစီအစဉ်အတိုင်း မြတ်ကလျာက အခန်းတံခါးကို ပိတ်၍ လမ်းထိပ်လက်ဖက်ရည်ဆိုင်သွား၍ အီကြာကွေးများဝယ်ခဲ့သည်။ ထို့နောက် တည်ငြိမ်စွာဖြင့်ပင် ပြန်လာခဲ့သည်။

သို့သော် မထင်မှတ်ထားသော အခြေအနေသစ်တစ်ခုကို မြတ်ကလျာ ကြုံလိုက်ရသည်။ တိုက်ခန်းလှေကားအဝ ရောက်သောအခါ ကိုကျော်ဘုန်းလျှံကို တွေ့လိုက်ရသည်။

"ဟင်..ကိုကျော်"

"ဩော်..ကလျာ၊ နေမကော[illegible] ဘူးဆို၊ ရှုဇန်ကိုဝယ်ခိုင်းရောပေါ့[illegible]"

"ရပါတယ် ကိုကျော်.."

"ရှုဇန်ကော အိပ်နေတုန်း[illegible] လား"

"ဟုတ်.."

မြတ်ကလျာရင်တွေ တဒိတ်[illegible] ခုန်နေသည်။ ဘာကြောင့်အခုလို [illegible] ခုန်နေသလဲဆိုတာ မခွဲခြားနိုင် [illegible] ယောက်သား ယှဉ်တွဲ၍ သုံး[illegible] မြတ်ကလျာတို့အခန်းကို တက်[illegible] ခဲ့ကြသည်။ မြတ်ကလျာရဲ့ ရင်[illegible] မှာ မွန်းကျပ်မှုက ပိုကဲလာ၏။ အ[illegible] စဉ်က မိမိစီစဉ်ထားသလို ဖြစ်[illegible]

သို့သော် ပြဿနာတော့မ[illegible] ကျော်ပါလာတော့ တစ်မျိုး[illegible] သည်။ နှစ်ယောက်စလုံးပြိုင်တူ[illegible] ကြတာပေါ့။ သည်အတွေးနဲ့ပဲ [illegible] ကလျာတစ်ယောက် ခပ်မဆိတ်[illegible] ပါလာခဲ့၏။

"တံခါးက အထဲက [illegible] ထားတာလား.."

"ဟုတ်..ဟုတ်ပါတ[illegible] သော့က ကလျာ့ဆီမှာ.."

အရေးထဲ မြတ်ကလျာကို [illegible] ရဲရဲတစ်ချက်ကြည့်၍ သော့[illegible] ကိုပင် သော့ကမဝင်...

"ပေး..ပေး..ကလျာကို[illegible] ပေးမယ်"

ကိုကျော်က မြတ်ကလျာ[illegible] စူးရဲရဲတစ်ချက်ကြည့်၍ သော့[illegible]

www.burmeseclassic.com

www.burmeseclassic.com

ဖွင့်လိုက်သည်။ အထဲရောက်တော့ တံခါးပြန်ပိတ်လိုက်သည်။ ...နဲ့ကျော်က အခန်းထဲမှာ ကိုကျော်ဘုန်းလျှံက ဧည့်ခန်းရှိ ဆိုဖာတွင် ...ိုင်လိုက်ပြီး..“ကလျာရေ..ဇူဇန်ကို နှိုးလိုက်ပါဦး”ဟု ဆို၏။

“ဟုတ်ကဲ့..ကိုကျော်”

တဒိန်းဒိန်းခုန်နေသော ရင်အစုံဖြင့် အိပ်ခန်းထဲဝင်လိုက်သည်။ ထို...နောက် အလန့်တကြားအော်ဟစ်လိုက်၏။

“အမယ်လေး..လုပ်ကြပါဦး.. ...ကျော်..ကိုကျော်..”

ကိုကျော်ဘုန်းလျှံက ချက်ချင်း အခန်းထဲရောက်လာ၏။ ပျော့...မတတ်ဖြစ်နေသော မြတ်ကလျာ ...ထိန်းပွေ့ထားလိုက်သည်။

“ကလျာ..ကလျာ..သတိထား ...ရှိတယ်လေ..”

“ကိုကျော်..ကိုကျော်..သူ..သူ ...ဇူဇန်”

“ကိုသိတယ်ကလျာ..ကို ...တယ်”

ကိုကျော်ဘုန်းလျှံက မြတ်ကလျာ ...ရင်ခွင်ထဲတင်းတင်းကျပ်ကျပ် ပွေ့ထား၏။

“ဇူဇန်ကို ကြည့်ပါဦး ကိုကျော် ...သူ..”

“ဇူဇန်လား..သူသေပြီလေ။ ...သေသွားပြီ ဇူဇန်လည်ပင်းကို ...ကြိုးနဲ့သုတ်သတ်ခံရတာလေ.. ...ရဲ့ သူငယ်ချင်း သေပြီ။ ...သတ်ခံလိုက်ရပြီ ကလျာ..”

“ဘယ်သူသတ်..သတ်တာလဲ ဟင်။ ဟို..ဟို..စိတ္တဇလူသတ်သမားပဲလား”

“အင်း..စိတ္တဇဖြစ်နေတဲ့ လူသတ်သမားပေါ့ကွယ်။ အချစ်ကြောင့် စိတ္တဇဖြစ်သွားတဲ့သူသတ်သမားပေါ့”

“ဟင်”

မြတ်ကလျာက သူ့ရင်ခွင်ထဲမှ ရုန်းထွက်ရန် ကြိုးစားသည်။ မရ။ ကိုကျော်ဘုန်းလျှံ၏ သန်မာသော လက်အစုံက မြတ်ကလျာ၏ ကိုယ်လုံးလေးကို သူ့ရင်ခွင်ထဲနစ်မြုပ်အောင် ဆွဲသွင်းထား၏။

“အား...မွန်းနေပြီကိုကျော်၊ ကလျာ့ကို လွှတ်ပါဦး..”

“ရှေ့ဆက် ပိုမွန်းဖို့ပဲရှိတယ် ကလျာ”

“ရှင် ဘယ်လို”

“ဟုတ်တယ် ကလျာ၊ စိတ္တဇလူသတ်သမားရဲ့ စိတ္တဇဖြစ်ပြီး သတ်ဖြတ်မှုကြောင့် မိန်းမချောလေး တွေ သေဆုံးခဲ့ပြီ မဟုတ်လား။ ဇူဇန်ဆိုရင် ကိုးယောက်တိတိရှိပြီ လေ။ ဆယ်ယောက်မြောက် သားကောင်က ဘယ်သူဖြစ်မယ် ထင်သလဲကွယ်..”

“ဟင်..ကို..ကိုကျော်၊ ရှင်..ရှင်”

“ကလျာရယ်..သနားစရာ မိန်းကလေးရယ်၊ ဆယ်ယောက်မြောက် သားကောင်ဟာ မြတ်ကလျာဆိုတဲ့ မိန်းမချောလေးပါပဲကွယ်..”

“မဟုတ်..မဟုတ်ဘူးလေ.. ကိုကျော်”

ကိုကျော်ဘုန်းလျှံရဲ့ လက်ထဲကို စတီးကြိုးလေးတစ်ချောင်းရောက်လာခဲ့သည်။ ပြောင်လက်နေသော စတီးကြိုးလေးက လှပကျော့ရှင်းသော မြတ်ကလျာ၏ လည်တိုင်လှလှလေးကို ရစ်ပတ်လိုက်သည်။

“ကိုကျော်..ရှင်..ရှင်က စိတ္တဇ..လူ..လူသတ်သမား”

“သိပ်ဟုတ်တယ် ကလျာ။ ကလျာသိတာနောက်ကျနေဘူးလား ဟင်”

“မလုပ်..မလုပ်ပါနဲ့ရှင်၊ ကလျာ့ကို သနားပါ၊ ကလျာ့မှာ ဘာအပြစ်ရှိ..ရှိ..အစ်”

လည်ပင်းက ကြိုးက တင်းကနဲ ဖြစ်သွားပြီ။ စကားပင်ဆုံးအောင်မ ပြောနိုင်ခဲ့။ မျက်လုံးမျက်ဆန်ပြူးရင်း ကြောက်လန့်တကြား ရုန်းကန်သော်လည်း အချည်းအနှီးပင်။

“ဇူဇန်က မင်းရဲ့အခန်းဖော်နော်။ မင်းတို့ သူငယ်ချင်းနှစ်ယောက်သိပ်ချစ်ကြတာကိုး၊ ကလျာ သိအောင်ပြောရဦးမယ်။ လူသတ်သမားက သေသူရဲ့လည်ပင်းမှာ စတီးကြိုးတစ်ခါမှ မထားခဲ့ပါဘူးကွယ်..”

ဤစကားကို မြတ်ကလျာ နောက်ဆုံးကြားလိုက်ရသည်။ စကားအဆုံးမှာ လည်ပင်းက စတီးကြိုးက အဆုံးထိ တင်းကြပ်သွားခဲ့ချေပြီ တကား။ ။

ဝသုန်ဟိန်းထက်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ဆေးလိပ်အတုဂိုဏ်း နှင့် ကျွန်ုပ်မောင်စံပျော်

မြသိန်း

ဒုတိယကမ္ဘာစစ်အပြီး မြန်မာတိုင်းရင်းသားတို့က မြန်မာ့လွတ်လပ်ရေးအတွက် ကြိုးပမ်းနေချိန်၌ ကျွန်ုပ်ရဲစုံထောက် မောင်စံပျော်သည် တာမွေရဲဌာန၌ တာဝန်ထမ်းနေပါသည်။

တာမွေမြို့နယ်တွင် တစ်ပတ်တစ်ခါ မြင်းပြိုင်ပွဲကလည်းရှိ၊ မြင်းကွင်း၏ အနောက်ဘက်မြေကွက်လပ်ကြီး ပေါ်၌လည်း အင်္ဂလိပ်စစ်တပ်များအတွက် ထောက်ပံ့ရေးရိက္ခာ ဂိုဒေါင်များကလည်း ရှိသောကြောင့် တာမွေအဝိုင်းကြီး(ယခုမရှိတော့ပါ) တစ်ဝိုက်၌ လူသွားလူလာ အလွန်များပြီး ဒုစရိုက်မှုများကလည်း ထူပြော၏။ ရာဇဝတ်မှုများနှင့် ထွေးလုံးရစ်ပတ်ဖြစ်နေသည့်ကြားထဲ ဆေးလိပ်အတု (ဆေးပေါ့လိပ်အတု) ပြုလုပ်မှုတစ်ခုကို ဖော်ထုတ်ပေးရန် ရန်ကုန်ရဲမင်းကြီးက ကျွန်ုပ်ကို တာဝန်ပေးလာပြန်၏။

တာမွေမြို့နယ်၊ -----လမ်းရှိ၊ မ----ဆေးပေါ့လိပ်ပိုင်ရှင် ဦးလှမြင့်က ရဲမင်းကြီးထံသွားပြီး သူ့ဆေးလိပ်ကို တုသောဂိုဏ်းကို ဖော်ထုတ်ပေးပါရန် သွားရောက်အကူအညီတောင်းသောကြောင့် မင်းကြီးက ကျွန်ုပ်ကိုခေါ်၍ တာဝန်ပေးခြင်း ဖြစ်သည်။ (ဦးလှမြင့်နှင့် မင်းကြီးမှာ ငယ်စဉ်က ကျောင်းနေဖက်များဖြစ်ကြသည်။)

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်မောင်စံပျော်သည် ဆေးလိပ်သောက်သူ မဟုတ်သောကြောင့် ဆေးလိပ်ကို လက်မှမချအောင် သောက်သည့် တပည့်ကျော် နယ်ထိန်းစံမြင့်အကူအညီကို ယူရသည်။

ကျွန်ုပ်နှင့် စံမြင့်သည် အရပ်ဝတ်ဖြင့် ဦးလှမြင့်၏ ဆေးလိပ်ခုံသို့သွားပြီး ဦးလှမြင့်ထုတ်ပေးသော ဆေးလိပ်အစစ်နှင့်အတုတို့ကို စံမြင့်အား သောက်ခိုင်းပါသည်။

"ဆရာဦးလှမြင့်ရဲ့ မ---ဆေးလိပ်ကို ကျွန်တော်သောက်နေကျပါ။ ဟောဒီအတုက ဆေးသားမကျန်ဘူး။ အစီခံကလည်းပွတယ်။ နောက်ပြီး အရသာကလည်း ပေါ့တယ်"ဟု စံမြင့်က ပြောသည်။

ဦးလှမြင့်သည် အစစ်၏ ဆေးလိပ်ဖင်ပတ်တံဆိပ်နှင့် အတု၏ ဖင်ပတ်တံဆိပ် ကွာဟပုံကိုလည်း ကျွန်ုပ်တို့ကို ပြပါသည်။

"အင်းလေ ... ကုန်ပစ္စည်းတစ်ခု လူကြိုက်များလာပြီး ရောင်းအားကောင်းလာရင် အတုတွေပေါ်လာစမြဲပဲ။ ကျွန်ုပ်တို့ အစွမ်းကုန်ကြိုးစားဖော်ထုတ်ပေးပါ့မယ်"ဟု ပြောပြီး ကျွန်ုပ်သည် သူ့ဆေးလိပ်ခုံထောင်ခါစမှ စ၍ အလုပ်လုပ်ခဲ့သော သူ့လက်ထောက်များ၊ လက်ရှိအလုပ်လုပ်နေသူများ၏ အမည်များနှင့် နေရပ်လိပ်စာများ၊ လူပုံသဏ္ဌာန်များကို မှတ်ယူပါသည်။

သူ့ဆေးလိပ်ခုံ စထောင်ခါစက လူ့လက်ထောက်အဖြစ် အလုပ်လုပ်သူ မောင်တာဆိုသူသည် ခြောက်လခန့် အလုပ်လုပ်ပြီးနောက် အလုပ်မှထွက်၍ ပဲခူးမြို့သို့ ပြန်သွားသည်။

မောင်တာသည် ပဲခူးသူနှင့် အိမ်ထောင်ကျသွားသောကြောင့် ဖြစ်သည်။ မောင်တာနေရာတွင် ဆက်လုပ်သော ဦးလှမောင်ဆိုသူမှာလည်း ငါးလခန့်သာ အလုပ်လုပ်ပြီး ကြည့်မြင်တိုင်၌ ကုန်မျိုးစုံဖွင့်မည်ဟု ဆိုကာ အလုပ်ထွက်သွားပြန်သည်။ ယခုလက်ရှိ သူ့လက်ထောက်မှာ မောင်ညွှန့်ဖြစ်သည်။ သူသည် ဆေးလိပ်မျိုးစုံအရောင်းအဝယ်လုပ်ရင်း ဦးလှမြင့်ထံမှ ဆေးပေါ့လိပ်များကို လက္ကားဝယ်ရောင်းရင်း မြင်းလောင်းဝါသနာပါသောကြောင့် အရင်းပြုတ်ပြီး ဦးလှမြင့်ထံ ရောက်လာသူဖြစ်သည်။

"ခင်ဗျားရဲ့ ဆေးလိပ်အတုတွေကို ဘယ်ကနေ ခင်ဗျားစတွေ့တာလဲ" ကျွန်ုပ်က ဦးလှမြင့်ကို မေးရာ -

ငါးရက်အကြာတွင် ကျွန်ုပ်သိချင်သော အချက်အလက်များရသည်။ ကုလားလေးတန်ဘီထံမှရသော စာရင်းထဲမှာ ငါးထပ်ကြီးဘုရားအနီး ခြံဝင်းတစ်ခုတွင်ရှိသော 'စွန်ညီနောင်'ဆေးလိပ်ခုံမှာ မသင်္ကာစရာဖြစ်နေသည်။

"သိမ်ကြီးဈေး ကုန်စုံဈေးတန်းလမ်းထောင့်က ကုလားဆိုင်တစ်ဆိုင်မှာ ဘယ်ဆေးလိပ်တွေ အရောင်းကောင်းသလဲလို့ စုံစမ်းရင်း ကျွန်တော့်ရဲ့ မ---ဆေးလိပ်ဟာ အရောင်းအသွက်ဆုံးလို့ သိရတယ်။ ဘယ်လိုဝယ်ရသလဲ၊ ဘယ်လောက်နဲ့ ပြန်ရောင်းသလဲလို့မေးတော့ သူပြောတဲ့ ဈေးတွေဟာ ကျွန်တော်ရောင်းတဲ့ ဈေးထက် အနည်းငယ်ပိုနည်းနေတာ သိရတယ်။ မသင်္ကာတာနဲ့ သူ့ဆိုင်က မ--ဆေးလိပ်တစ်ထုပ် ဝယ်ခဲ့တယ်။ ဆေးလိပ်ခုံရောက်တော့ အသေအချာစစ်ဆေးတော့ အတုတွေဆိုတာ တွေ့ရတယ်"ဟု ပြောပြသည်။

"နောက်တော့ရော ဘယ်နေ တွေမှာ အတုတွေရောင်းတာ တွေ့ရ လဲ" ကျွန်ုပ်က ဆက်မေးသည်။

"ပုဇွန်တောင်ဈေးနားက ကွမ်း ဆိုင်အချို့မှာ တွေ့ရတယ်။ သင်္ဃန်းကျွ ဘက်မှာတစ်ဆိုင်၊ နှစ်ဆိုင်၊ အလုံ မြင်တိုင်ဘက်မှာတော့ ခပ်များများတွေ့ တယ်"

"ခင်ဗျားကိုယ်တိုင် လိုက်စုံ တာလား"

"ဒါပေါ့။ ဥစ္စာရင်လို ဥစ္စာရင် ကျွန်တော်ကိုယ်တိုင် စုံစမ်းတယ်"

"ဆေးလိပ်အတုကိစ္စ ခင်ဗျ ဘယ်သူ့ကို ပြောသေးသလဲ"

"မင်းကြီးနဲ့ အခုဆရာတို့ ပြောတယ်"

"ဒါကလျှို့ဝှက်ချက် အရေး တယ်၊ အခုလည်း ကျုပ်တို့က အရပ် နဲ့ဆိုတော့ ခင်ဗျားထဲက ဆေးလိပ်လ ဝယ်ဖို့ ကျုပ်တို့လာတယ်လို့ သတင်း ထား။ ကျုပ်တို့ အလုပ်ဆက်လု ခင်ဗျားရဲ့ ဆေးလိပ်နှစ်စည်းပေးလိုက် ဒီအတောအတွင်း ခင်ဗျားလည်း ပုံမှ အတိုင်းသာ အလုပ်လုပ်သွားပါ"ဟု ပြီး ကျွန်ုပ်တို့သည် ရဲစခန်းသို့ ပြန် ကြသည်။

အတု အတု ဒုက္ခပေးသောအ

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ကျွန်ုပ်ခိုင်းနေကျ ကုလားလေး တန်ဘီကို အခေါ်ခိုင်းပြီး သိမ်းစရိတ်များပေး၍ ရန်ကုန်မြို့အနှံ့ရှိ ဆေးပေါ့လိပ်ခုံများ စာရင်းနှင့် တည်နေရာများကို ရှာဖွေရယူရန် သုံးရက်အချိန် ပေးလိုက်သည်။

နယ်ထိန်းစံမြင့်ကို ကွမ်းယာဆိုင်များတွင် ရောင်းသည့် ဆေးပေါ့လိပ်မျိုးစုံကို ဝယ်သောက်ခိုင်းသည်။ မည်သည့် ဆေးပေါ့လိပ်က အရောင်းအထိုင်းဆုံးဖြစ်သည်၊ မည်သည့်ဆေးပေါ့လိပ်က မ-- ဆေးပေါ့လိပ်နှင့် အရွယ်အစားတူသည်ကို ပါ မှတ်သားခိုင်းသည်။ အခြားတပည့် ရဲတပ်သားကြည်အေးကိုမူ ရန်ကုန်မြို့တွင်းရှိ ဘလောက်တိုက်များ၊ စာပုံနှိပ်တိုက်များသို့ စေလွှတ်၍ ဆေးလိပ်ဖင်ပတ်ပုံနှိပ်မှုအခြေအနေကို စုံစမ်းခိုင်းသည်။

ထို့နောက် ကျွန်ုပ်သည် ပဲခူးရဲစခန်းနှင့် ဆက်သွယ်၍ ပဲခူးမြို့ရှိ ဆေးပေါ့လိပ် အလုပ်လုပ်သူများ၏ အမည်စာရင်းကို ရယူသည်။ (ထိုအမည်များထဲ၌ မောင်တာ၏အမည်ကို မတွေ့ရ။)

နယ်ထိန်းကြည်အောင်ကို ကြည့်မြင်တိုင်နေ ဦးလှမောင်နှင့် ဦးလှမြင့်၏ လက်ရှိလက်ထောက် မောင်ညွန့်တို့၏ သွားလာလှုပ်ရှားမှုများကို ထောက်လှမ်းခိုင်းသည်။

ငါးရက်အကြာတွင် ကျွန်ုပ်သိချင်သော အချက်အလက်များရသည်။ ကုလားလေးတန်ဘီထံမှ ရသော စာရင်းထဲမှာ ငါးထပ်ကြီးဘုရားအနီး ခြံဝင်းတစ်ခုတွင် ရှိသော 'စွန်ညီနောင်'ဆေးလိပ်ခုံမှာ မသင်္ကာစရာ ဖြစ်နေသည်။ ထိုဆေးလိပ်သည် အရောင်းအထိုင်းဆုံး ဖြစ်နေပြီး မ---ဆေးပေါ့လိပ်နှင့် အရွယ်အစားတူသည်ကို စံမြင့်ထံမှ သိရသည်။

ရဲတပ်သားကြည်အေးထံမှ ၃၂ လမ်းရှိ ပုံနှိပ်တိုက်အငယ်စားတွင် ဆေးလိပ်ဖင်ပတ်များ၊ ပုံနှိပ်မှုများအကြောင်း သတင်းရသည်။

နယ်ထိန်းကြည်အေးက ကြည့်မြင်တိုင် ဦးလှမောင်၏ ကုန်မျိုးစုံဆိုင်တွင် ဆေးပေါ့လိပ်မျိုးစုံ ရောင်းကြောင်းသတင်း ရသည်။

ကျွန်ုပ်သည် စံမြင့်နှင့်အတူ ငါးထပ်ကြီးဘုရားအနီးရှိ စွန်ညီနောင်ဆေးလိပ်ခုံသို့သွား၍ ပိုင်ရှင်နှင့်သွားတွေ့သည်။ ပိုင်ရှင်မှာ တရုတ်ကပြား ဟုတ်ရွှေဆိုသူဖြစ်သည်။ ဟုတ်ရွှေအား ကျွန်ုပ်တို့က သန်လျင်မှဖြစ်ကြောင်း၊ စွန်ညီနောင် ဆေးလိပ်ကို လက္ကားဝယ်ယူရန်လာကြောင်း ပြောပြီး ဆေးလိပ်ခုံအခြေအနေကို ထောက်လှမ်းသည်။

ဟုတ်ရွှေက ကျွန်ုပ်တို့အား သူ့ဆေးလိပ်ခုံကို မိုးရာသီတွင် ပိတ်ကြောင်း၊ ကျန်ရာသီတွင် နေ့ဆိုင်း၊ ညဆိုင်းဖြင့် အလုပ်လုပ်ရကြောင်း ပြောပြသည်။

ထို့နောက် ကျွန်ုပ်တို့သည် သူ့အား မကြာမီ တစ်ရက်နှစ်ရက်အတွင်း ပြန်လာခဲ့မည်ဟု ပြောကာ ဗဟန်းရဲစခန်းသို့သွား၍ ကျွန်ုပ်၏မိတ်ဆွေ ဌာနာအုပ်မင်းလွင်နှင့်တွေ့ကာ အကျိုးအကြောင်းပြောကာ စွန်ညီနောင်ဆေးလိပ်ခုံကို ညဘက်ဝင်ရှာရေး တိုင်ပင်ပါသည်။

ကျွန်ုပ်တို့ ထိုည၌ပင် မင်းလွင် ထည့်ပေးသော နယ်ထိန်းရင်ချူးနှင့် တပည့်သုံးယောက်၊ ကျွန်ုပ်၏တပည့် စံမြင့်နှင့် တပည့်သုံးယောက်နှင့်အတူ ညသန်းခေါင်ယံတွင် ရှာဖွေဝရမ်းဖြင့် စွန်ညီနောင် ဆေးပေါ့လိပ်ခုံကို ဝိုင်းဝန်းရှာဖွေရာ ဆေးလိပ်သမ ဆယ်ယောက်သည် မ---ဆေးပေါ့လိပ်အတုများ ပြုလုပ်နေကြသည်ကို ဖင်ပတ်သက်သေခံများနှင့်အတူ လက်ပူးလက်ကြပ်မိပါတော့သည်။

ဟုတ်ရွှေနှင့်အတူ လူတစ်ယောက်ကိုပါ ဖမ်းမိသည်။ (ထိုသူသည် မောင်တာဖြစ်ကြောင်း နောက်တစ်နေ့တွင် ဦးလှမြင့်က ပြော၍ သိရသည်။) ကျွန်ုပ်တို့သည် သက်သေခံပစ္စည်းများကို သိမ်းယူခြင်း၊ ဆေးလိပ်သမများ၊ ဟုတ်ရွှေနှင့် မောင်တာတို့ကို ဗဟန်းရဲစခန်းသို့ ညတွင်းချင်း ခေါ်လာပြီး လူစုခွဲထားကာ စစ်ဆေးပါသည်။ ဆေးလိပ်သမများက သူတို့သည် လုပ်ခသုံးဆရကြောင်း တညီတညွတ်တည်း ထွက်ဆိုကြသည်။ (နံနက်မိုးလင်းသောအခါ သူတို့၏ အိမ်လိပ်စာများကို မှတ်သားပြီးနောက် သူတို့ကို ပြန်လွှတ်လိုက်သည်။)

ဟုတ်ရွှေက သူနှင့် မောင်တာတို့မှာ ခင်မင်သူများဖြစ်ကြောင်း၊ မောင်တာက အကြံပေး၍ ယခုကဲ့သို့ အတုလုပ်ကြောင်း ဝန်ခံပါသည်။ မောင်တာကလည်း သူသည် ပဲခူးတွင် စီးပွားရေး အဆင်မပြေ၍ ရန်ကုန်လာပြီး ဟုတ်ရွှေနှင့်တိုင်ပင်ကာ ယခုကဲ့သို့ အတုလုပ်ကြောင်း၊ ဖြန့်ချိရေးကို ဦးလှမောင်အား တာဝန်ပေးကြောင်း ထွက်ဆိုသည်။

ကျွန်ုပ်တို့သည် ဦးလှမောင်ကို ခေါ်ယူစစ်ဆေးရာ ဦးလှမောင်ကလည်း သူသည် ၎င်းဆေးလိပ်အတုများကို တာဝန်ယူ ဖြန့်ပေးကြောင်း ဝန်ခံပါသည်။

ဆေးလိပ်ဖင်ပတ်ရိုက်ပေးသော ၃၂ လမ်းမှ ---ပုံနှိပ်စက်ပိုင်ရှင်ကလည်း မောင်တာက အလုပ်လာအပ်၍ ပုံနှိပ်ပေးကြောင်း ထွက်ဆိုပါသည်။

ထိုအမှုကို ခရိုင်တရားသူကြီးသည် အထပ်ထပ် စစ်ဆေးပြီးနောက် ဟုတ်ရွှေနှင့် မောင်တာတို့အား ထောင်ဒဏ် သုံးနှစ်စီ၊ ဦးလှမောင်အား ထောင်ဒဏ် တစ်နှစ် အပြစ်ပေးလိုက်ပါသည်။

မြသိန်း

www.burmeseclassic.com

www.burmeseclassic.com

ဗညားဦး

(အိမ်မဲ့)

သတင်းထောက်ဒီပဇော်နှင့် ဓားသွားပေါ်ကအချစ်မီး

www.burmeseclassic.com

www.burmeseclassic.com

သတင်းထောက်ဒီပဇော် နှင့် မားသွားပေါ်ကအချစ်မီး

ဗညားဦး(အိမ်မဲ)

(၁)

"ဖေဖေ့ကို သတ်တာ ဦးကျော်ခိုင်ထွေးပဲ"

"အို ... မဖြစ်နိုင်ဘူး ... မဖြစ်နိုင်ဘူး ... လုံးဝမဖြစ်နိုင်ဘူး"

ဒေါ်သီတာမိုးသည် သမီးဖြစ်သူ ပြည့်ပြည့်ကို ဟန့်တားအော် ဟစ်ပြောလိုက်သောအသံသည် ခန်းလုံးပြည့် လှုပ်ခတ်သွားသလို ခန်းဆီးလိုက်ကာ အပြာနုနု လွင့်ဝဲယမ်းထွေသွားလျက် ...။

ဒေါ်သီတာမိုးသည် ကုလားထိုင်ပေါ်မှ ရုတ်ချည်းထလိုက်ပြီး ပြည့်ပြည့်ကို စူးစိုက်ကြည့်နေသည်။ မျက်လုံးတွင်လည်း ဒေါသအရိပ်တွေ လျှံဝေနေသည်။

ပြည့်ပြည့်ကလည်း လျှပ်တစ်ပြက်ထိုင်နေရာမှထလိုက်ပြီး ...

"မေမေ ... ဦးကျော်ခိုင်ထွေးကို ဘာလို့ ဒီလောက်တောင် သံယောဇဉ်ဖြစ်နေရတာလဲ။ ပြောစမ်းပါဦး မေမေ"

ဒေါ်သီတာမိုး၏ ရင်ထဲတွင် လှုပ်ရှားလွန်းနေသလို နှုတ်ခမ်းလွှာသည် တဆတ်ဆတ် တုန်ရီနေလျက်။ ပြည့်ပြည့်က တစ်ချက်ရှိုက်ရင်း မျက်ရည်ဥများ ဝိုင်းလာသည်။

"မေမေ ...စိတ်ကို တည်ငြိမ်အောင်ထားပါ။ သမီးနားလည်ထားတာက မေမေ့ရဲ့အချစ်ဆုံး အချစ်ဦးဟာ ဦးကျော်ခိုင်ထွေး။ ဒါပေမယ့် ဖေဖေက မေမေ့ကိုရအောင် ယူသွားနိုင်တယ်၊ ဒါကို ဦးကျော်ခိုင်ထွေးဟာ ဖေဖေ့ကို သူ့နှလုံးသည်းပွတ်ကိုခွဲပြီး ရက်စက်သွားတဲ့လူလို့ မြင်နေတယ်။ ဦးကျော်ခိုင်ထွေးဟာ ဖေဖေ့ကို အမုန်းကြီးမုန်းနေတယ်၊ ဖေဖေ့ကို ဦးကျော်ခိုင်ထွေးပဲ လုပ်ကြံတာဖြစ်မယ်"

"တော်စမ်းသမီး။ သမီးတင်တာ

www.burmeseclassic.com

www.burmeseclassic.com

တွေ လျှောက်မပြောနေစမ်းပါနဲ့။ သမီး ပါးစပ်ကို ပိတ်ထားလိုက်စမ်း''

''သမီးပါးစပ်ကို မပိတ်နိုင်ဘူး မေမေ။ ပြောရမှာပဲ။ ဖေဖေ့ကိုသတ်တာ ဦးကျော်ခိုင်ထွေးပဲ''

''သမီး ကိုထွေးကို အရမ်းမစွပ်စွဲနဲ့''

''ဘာ ... ကိုထွေး ဟုတ်လား မေမေ။ ဟား ... ဟား ... ဟား ... မေမေက ခုထိ ဦးကျော်ခိုင်ထွေးကို ကိုကို ထွေးလို့ ခေါ်နေတုန်းပဲလား။ မေမေက ဦးကျော်ခိုင်ထွေးကို မခွဲနိုင် အချစ်တွေက ခိုင်နေတာကိုး။ ဒါကြောင့်လည်း ဦးကျော် ခိုင်ထွေးက ဖေဖေ့ကို သတ်လိုက်တာပဲ''

''သမီးပါးစပ်ကို ပိတ်ထားစမ်း။ စကားကို အရမ်းမပြောနဲ့။ ကိုထွေးရဲ့ ကိုယ်ကျင့်တရားကို မေမေယုံကြည် တယ်။ မေမေနဲ့ သမီးဖေဖေကို ခွင့်လွှတ် ကြည်ဖြူ နားလည်ပေးထားတဲ့လူဟာ ကိုထွေးပဲ။ ကိုထွေးဟာ အချစ်ဆုံးကို လက်လွှတ်ဆုံးရှုံးရပေမဲ့ အပြစ်အမုန်း စိမ်း စိမ်းမထားရက်ပါဘူး''

''တော်စမ်းပါ မေမေရာ။ အချစ် အတွက် အပြစ်မရှိကြောင်း မုသားဆင် သစ္စာမဲ့စကား ပြောနေတာလား မေမေ''

ပြည့်ပြည့်၏စကားကြောင့် ဒေါ်သီ တာမိုးသည် မျက်လုံးမီးဝင်းဝင်းတောက် သွားသည်။ နှလုံးသားတုန်လှုပ်သွား လျက်။

''သမီး ... သမီးစကားက လွန် လာပြီ။ မေမေ့ရဲ့ သစ္စာနှလုံးသားကို ထိုး နှက်လိုက်တာလား''

''ဟား ... ဟား ... ဟား ... မေမေ့ရဲ့နှလုံးသားက သစ္စာနှလုံးသား ဟုတ်လား။ ဟား ... ဟား ... ဟား ရယ်ဖို့ကောင်းလိုက်တာ''

''သမီးက မေမေ့ကိုလှောင်နေတာ လား''

''လှောင်နေတာ မဟုတ်ဘူး။ ဖောက်ပြန်တတ်တဲ့ မေမေ့လိုမိန်းမမျိုး ကို''

''တော်စမ်းလို့ပြောနေတာ မရဘူး လားသမီး။ ကဲ ... ဟယ်''

''ဖြန်း''

ဒေါ်သီတာမိုးသည် ပြည့်ပြည့်၏ ပါးကို ဒေါသပြင်းပြင်းနှင့် ရိုက်ချလိုက် သည်။ ပြည့်ပြည့်ခန္ဓာကိုယ် ယိုင်ထွက် သွားရာမှ ဒေါ်သီတာမိုးကို စိမ်းစိမ်းကြည့် ပြီးနောက် အခန်းထဲမှ ပြေးထွက်သွား သည်။

ထိုစဉ် ... စားပွဲဝိုင်းပေါ်က တယ် လီဖုန်းမြည်သံ ဟိန်းထွက်လာ၏။

''ကလင် ... ကလင် ... ကလင် ...''

ဒေါ်သီတာမိုးသည် ကတုန်ကယင် နှင့် တယ်လီဖုန်းကို လှမ်းကိုင်လိုက်သည်။

''ဟဲလို ... အမိန့်ရှိပါရှင်''

''ဒေါ်သီတာမိုးနဲ့ စကားပြောချင်လို့ ပါ''

''ကျွန်မ ဒေါ်သီတာမိုးပါ''

''ကျွန်တော်က ရဲစခန်းက ဒုရဲအုပ် သက်ဦးမြင့်ပါ''

''ဟုတ်ကဲ့ရှင့်''

''အခု ဦးကျော်ခိုင်ထွေးက ဦးတိုး ဝင်းကို သူကိုယ်တိုင် သတ်လိုက်တာလို့ ဝန်ခံထွက်ဆိုသွားပါတယ်''

''ရှင် ... ကိုထွေးက သူကိုယ်တိုင် သတ်တာလို့ ဝန်ခံတယ် ဟုတ်လား''

''ဟုတ်ပါတယ်ခင်ဗျာ''

''အို ... ဖြစ်မှဖြစ်ရလေရှင်''

အရုပ်ကြိုးပြတ် ဖြစ်သွားသော ဒေါ်သီတာမိုးကို မျက်ရည်လွှမ်းသော မျက်ဝန်းနှင့် လှမ်းကြည့်နေသူမှာ ပြည့် ပြည့် ...။

× × × × ×

(၂)

ဒေါ်သီတာမိုးသည် မျက်ဝန်းပေါ် တွင် ဝေ့သီနေသော မျက်ရည်စများကို လက်ကိုင်ပဝါနှင့် သုတ်လိုက်ရင်း ရုံးခန်း ထဲသို့ လှမ်းဝင်လိုက်သည်။

''ထိုင်ပါ ... ဒေါ်သီတာမိုး''

ဒုရဲအုပ်သက်ဦးမြင့်သည် ဒေါ်သီ တာမိုးကို ကုလားထိုင်တွင် ထိုင်ခိုင်းလိုက် သည်။ ဒုရဲအုပ်သက်ဦးမြင့်သည် ဒေါ်သီ တာမိုး၏ နွမ်းလျမျက်နှာအိုကို စိုက်ကြည့် ရင်း ...

''ဦးကျော်ခိုင်ထွေးက ဦးတိုးဝင်း ကို သူသတ်ပါလို့ ဝန်ခံလိုက်ပြီ ဒေါ်သီ တာမိုး''

''ဟုတ်ကောဟုတ်ရဲ့လားကွယ် အန်တီကတော့ ကိုထွေးသတ်တယ်လို့ လုံးဝမထင်မိဘူး။ မဖြစ်နိုင်ဘူးထင်တယ်''

ဒေါ်သီတာမိုး၏ မျက်နှာအိုပေါ် တွင် သောကနွယ်ကြိုး ရစ်သိုင်းသွား လျက် ...။

''ဘာလို့ မဖြစ်နိုင်တာလဲ ဒေါ်သီ တာမိုး''

''ဦးကျော်ခိုင်ထွေးရဲ့ ကိုယ်ကျင့် တရားကို ယုံကြည်လို့ပါ''

''ဦးကျော်ခိုင်ထွေးကတော့ သူ့ အပြစ်ကို သူဝန်ခံနေပြီပဲ။ နောက်ထ ချက်ကလည်း ဦးတိုးဝင်း ရုံးခန်း ဝန်ထမ်းမိန်းကလေးတစ်ဦးဖြစ်တဲ့ မ ပပပြောတာ။ အခင်းမဖြစ်မီတစ်ရက် ဦးကျော်ခိုင်ထွေးနဲ့ ဦးတိုးဝင်း ဖုန်းစကား ပြောတာ သူကြားရတယ်။ ဦးတိုးဝင်း ဦးကျော်ခိုင်ထွေးကို မနက်ဖြန် ဆ ဆက်လာခဲ့ပါ။ မင်းနဲ့ငါ အပြတ်ရှင်းရမယ် လို့ပြောတယ်။ အခင်းဖြစ်တဲ့နေ့က မိ တွေရွာနေတယ်။ မိုးတွေအောက် ဦးကျော်ခိုင်ထွေးလာတာ တွေ့ရတယ် မစမ်းပပကပြောတယ်''

ဒေါ်သီတာမိုးသည် ၎ တန်

www.burmeseclassic.com

www.burmeseclassic.com

အောင် နှုတ်ဆိတ်နေလျက်။ ထိုစဉ် သတင်းထောက်ဒီပဇော် ဝင်ရောက်လာသည်။

"ဩော် ... ဒေါ်သီတာမိုး ရောက်နေတာကိုး"

"ကိုဒီပဇော်ပါလား ... တရားခံ အမှန်ပေါ်အောင် ဖော်ထုတ်ပေးပါဦး ကွယ်"

"စိတ်ချပါ ဒေါ်သီတာမိုး"

"ဖြစ်နိုင်ရင် အန်တီ ဦးကျော်ခိုင်ထွေးနဲ့ တွေ့ချင်တယ်"

ဒီပဇော်သည် ဒေါ်သီတာမိုးကို စေ့စေ့ကြည့်ရင်း ဒုရဲအုပ်သက်ဦးမြင့်ကို လှမ်းပြောလိုက်သည်။

"ကိုသက်ဦးမြင့် ဘယ်လိုသဘောရသလဲ"

"အင်း ... အန်တီ ... ခုတော့ ဦးကျော်ခိုင်ထွေးနဲ့ ဘယ်သူ့ကိုမှ တွေ့ခွင့်မပေးနိုင်ပါဘူး။ ဦးကျော်ခိုင်ထွေးကလည်း သူ ခုလောလောဆယ် ဘယ်သူနဲ့မှ မတွေ့ချင်ဘူး။ သူတစ်ယောက်တည်း နေချင်တယ်လို့ ပြောပါတယ်။ ဒါကြောင့် ဦးကျော်ခိုင်ထွေးနဲ့ တွေ့ခွင့်မပေးတာပါ အန်တီ"

ဒေါ်သီတာမိုးသည် မျက်နှာညှိုးကျသွားပြီး ကုလားထိုင်ပေါ်မှ ထကာ ...

"ဒါဆို အန်တီ့ကို ပြန်ခွင့်ပြုပါဦး"

"ဟုတ်ကဲ့ အန်တီ"

ဒေါ်သီတာမိုးသည် ရုံးခန်းထဲမှ အပြင်ဘက်သို့ လှမ်းထွက်သွားသည်။ ဒီပဇော်သည် ဒေါ်သီတာမိုးကို လှမ်းကြည့်ပြီး ဒုရဲအုပ်သက်ဦးမြင့်ကို ပြောလိုက်သည်။

"ကိုသက်ဦးမြင့် ... ကျွန်တော် ဦးကျော်ခိုင်ထွေးကို တွေ့ကြည့်ချင်တယ်"

"ကောင်းတာပေါ့ ကိုဒီပဇော်။ ဟေ့ ... ရဲဘော်နိုင်နိုင်ဦး၊ ကျော်ခိုင်ထွေးကို ခေါ်လာစမ်း"

"ဟုတ်ကဲ့ ဆရာ"

အတန်ကြာသည့်အခါ ဦးကျော်ခိုင်ထွေး ရောက်လာသည်။ ဒီပဇော်သည် ဦးကျော်ခိုင်ထွေး မျက်နှာကို စေ့စေ့ကြည့်ရင်း ...

"ဦးကျော်ခိုင်ထွေး ... ဦးတိုးဝင်းကို ဦးကိုယ်တိုင်သတ်လိုက်တယ်ဆိုတာ အမှန်ပဲနော်"

"မှန်ပါတယ် ... ဦးကိုယ်တိုင် သတ်ခဲ့တာပါ"

"ဦးတိုးဝင်းကို ဦးကျော်ခိုင်ထွေး ဘာကြောင့်သတ်ခဲ့ရတာလဲ"

ဦးကျော်ခိုင်ထွေး၏ မျက်နှာပေါ်တွင် မာကျောခက်ထန်သွားလျက် အတန်ကြာမှ ...

"ဦးဟာ ဒေါ်သီတာမိုးနဲ့ ဦးတိုးဝင်းကို နားလည်ခွင့်လွှတ်ခဲ့ပါတယ်။ ဒါပေမဲ့ ဦးတိုးဝင်းဟာ အချိန်တိုင်း ဦးကို အပြစ်မြင်တဲ့ မျက်လုံးစိမ်းနဲ့ကြည့်ပြီး ဒေါ်သီတာမိုးနဲ့ ဦးတိုးဝင်း ခဏခဏစကားများကြတယ်။ ဦးတိုးဝင်းက အစိမ်းရောင် စကားလုံးတွေနဲ့ ဒေါ်သီတာမိုးရဲ့ ဖြူစင်ကြည်လင်တဲ့ နှလုံးသားကို ထိုးနှက်ခဲ့တယ်။ နင့်ငယ်ရည်းစား ဟိုကောင် ကျော်ခိုင်ထွေးကိုပဲ သတိရရင်း ငါ့ကို အမုန်းစစ်ပွဲခင်းနေတာလား။ ဟိုကောင် ကျော်ခိုင်ထွေးက အလကားကောင်။ သူများလင်မယားကြားက မီးစမီးခဲပဲ။ တစ်နေ့ ငါ ကျော်ခိုင်ထွေးကို သတ်ပစ်မယ်လို့ ဦးတိုးဝင်းက ဦးကို စိန်ခေါ်တဲ့လေသံနဲ့ ပြောလာတယ်။ ဒါကြောင့် ဦးလည်း ဦးတိုးဝင်း ချိန်းတဲ့နေ့ကသွားပြီး လက်ဦးမှုယူတဲ့အနေနဲ့ ဦးတိုးဝင်းကို သတ်ခဲ့တာပါပဲ"

ဒီပဇော်သည် ဦးကျော်ခိုင်ထွေး ပြောဆိုနေသည့် စကားလုံးတွေကို သေချာစူးစိုက် နားထောင်နေလျက်။ ဒုရဲအုပ်သက်ဦးမြင့်သည် မှတ်တမ်းစာအုပ်ကို ပိတ်ရင်း ...

"ကောင်းပြီလေ။ ဒါဆိုရင် ... ဦးကျော်ခိုင်ထွေး အချုပ်ခန်းထဲမှာပဲ ပြန်နေလိုက်ပါဦးနော်"

ရဲဘော်နိုင်နိုင်သည် ဦးကျော်ခိုင်ထွေးကို ခေါ်သွားသည်။ ဒီပဇော်သည် အိတ်ထဲမှ ဓာတ်ပုံများကို ထုတ်လိုက်သည်။

"ကိုသက်ဦးမြင့် ... ဒီမှာ အခင်းဖြစ်တဲ့အချိန် ရိုက်ထားတဲ့ သတင်းဓာတ်ပုံတွေ"

ဒုရဲအုပ်သက်ဦးမြင့်သည် ဒီပဇော် လှမ်းပေးလိုက်သော ဓာတ်ပုံများကို စူးစူးစိုက်စိုက် ကြည့်နေသည်။ ဒီပဇော်သည် မျက်မှောင်ကြုတ်ရင်း ...

"ဒီဓာတ်ပုံတစ်ပုံကိုတော့ ကျွန်တော် စိတ်ဝင်စားတယ် ကိုသက်ဦးမြင့်"

"ဘယ်ဓာတ်ပုံလဲ ကိုဒီပဇော်"

"ဒီဓာတ်ပုံလေ။ လူသတ်တရားခံရဲ့ ဖိနပ်ခြေရာလေ"

ဒုရဲအုပ် သက်ဦးမြင့်သည် ဓာတ်ပုံကို ယူကြည့်နေသည်မှာ စေ့စေ့စပ်စပ်။

စိတ်ဝင်စားစရာ ကောင်းနေသည့် ဖိနပ်ခြေရာ ...။

× × × × ×

(၃)

"ပြည့်ပြည့်က ..."

"... ... ..."

"ပြည့်ပြည့် ဘာဖြစ်နေတာလဲ။ ပြည့်ပြည့်အသံတွေ တုန်ခါနေတယ်"

"... ... ..."

"ပြည့်ပြည့်အဖေ အသတ်ခံရတယ် ဟုတ်လား။ ဒါတွေကို ထားလိုက်စမ်းပါ။ မနက်ဖြန် ပြည့်ပြည့်နဲ့ တွေ့ချင်တယ်"

"... ... ..."

"ဘာ ... မတွေ့ချင်ဘူး ဟုတ်လား။ ပြည့်ပြည့်ကလဲကွာ၊ ကိုယ်နဲ့ ပြည့်ပြည့် ဟိုလူ့ဆိုးကြီးကြောင့် မတွေ့ရတာ

www.burmeseclassic.com

www.burmeseclassic.com

လည်း ကြာပြီ။ အခု ဒီလူဆိုးကြီးလည်း မရှိတော့ဘူး မဟုတ်လား"

"... ... ..."

"ဖေဖေ့ကို ဒီလိုမပြောပါနဲ့ ဟုတ်လား ပြည့်ပြည့်။ ကဲပါ ... ပြည့်ပြည့်နဲ့ မနက်ဖြန်တွေ့ချင်တယ် ဒါပဲ"

"... ... ..."

"မလာနိုင်ဘူး ဟုတ်လား။ ရပါတယ် ပြည့်ပြည့် ... ရပါတယ်။ ပြည့်ပြည့်အဖေကိုသတ်တဲ့ တရားခံကို ကိုယ်သိတယ်"

"... ... ..."

"မဖြစ်နိုင်ဘူး ... လုံးဝမဖြစ်နိုင်ဘူး။ ပြည့်ပြည့်အဖေကိုသတ်တာ ဦးကျော်နိုင်ထွေး ဟုတ်လား"

"... ... ..."

"အဲဒါကြောင့် ပြောတာပေါ့။ ပြည့်ပြည့်အဖေကိုသတ်တဲ့တရားခံကို သိပါတယ်လို့။ သိချင်တယ် မဟုတ်လား။ ပြည့်ပြည့် မနက်ဖြန် ကိုယ်နဲ့လာတွေ့ပါ"

"... ... ..."

"ဒီလိုမှပေါ့ ပြည့်ပြည့် ... ဟား ... ဟား ... ဟား ..."

ဒီပဇော်သည် အိမ်ရှေ့တံခါးဝနားတွင်ရပ်လျက် အောင်ကျော်စွာ ဟမ်းဖုန်းပြောနေသည်ကို နားထောင်ပြီးမှ ချောင်းတစ်ချက် ထဆိုးလိုက်သည်။ ချောင်းဆိုးသံကြောင့် အောင်ကျော်စွာမျက်လုံး အိမ်ရှေ့တံခါးဝသို့ ရောက်သွားသည်။

"ကိုဒီပဇော်ပါလား။ လာထိုင်ဗျာ"

အောင်ကျော်စွာသည် ဒီပဇော်ကို လှမ်းခေါ်လိုက်ပြီး ဧည့်ခန်းထဲတွင် ဝင်ထိုင်လိုက်ကြသည်။ ဒီပဇော်သည် အောင်ကျော်စွာကို စူးစူးရဲရဲ စိုက်ကြည့်လိုက်၏။ အောင်ကျော်စွာဝတ်ထားသော အင်္ကျီ၊ ဘောင်းဘီရှည်၊ ဘွတ်ဖိနပ်တို့ကို စေ့စေ့စပ်စပ်လိုက်ကြည့်နေသူမှာ ဒီပဇော်။

"အောင်ကျော်စွာ ... အခု မင်းအဖေ ဦးကျော်နိုင်ထွေးဟာ သူကိုယ်တိုင် ဦးတိုးဝင်းကိုသတ်တာလို့ ထွက်ဆိုနေပါတယ်"

"ဒါ ... မဖြစ်နိုင်ဘူး ကိုဒီပဇော်"

"ဘာကြောင့် မဖြစ်နိုင်တာလဲ အောင်ကျော်စွာ"

ဒီပဇော်သည် အောင်ကျော်စွာ၏ မျက်နှာပေါ်တွင် စူးစိုက်ကြည့်နေလျက်။

"အဲဒီနေ့က ဖေဖေသွေးတိုးပြီး နေမကောင်းတာနဲ့ ခုတင်ပေါ်မှာပဲ အိပ်နေတယ်"

ဒီပဇော်သည် မျက်မှောင်ကြုတ်ရင်း အတန်ကြာ တွေးဆနေသည်။ မျက်လုံးကို အခန်းပတ်လည်ကို ကြည့်နေသည်မှာ စူးစူးရှရှ။

ထိုစဉ် ပြည့်ပြည့်က ကြိုးသိုင်းလွယ်အိတ်ထဲက လျှပ်တစ်ပြက် ဓားမြှောင်ကိုထုတ်လိုက်ပြီး အောင်ကျော်စွာ၏ ကျောပြင်ကို ထိုးချလိုက်သည်။ သွေးများ ဖြာခနဲ ပန်းထွက်သွားသည်။ အောင်ကျော်စွာသည် အော်ရင်း ဝရန်တာပေါ်မှ အောက်သို့ ပြုတ်ကျသွားသည်။

"ကဲ ... အောင်ကျော်စွာ ပြန်လိုက်ပါဦးမယ်"

"ဟုတ်ကဲ့ ... ဟော့ ... ဟော့ ဒိုးမောင်၊ ကိုဒီပဇော်ကို ခြံတံခါး လိုက်ဖွင့်ပေးလိုက်။ ပြီးတော့ ခြံတံခါးကို သေချာပြန်ပိတ်ထားလိုက်။ ကြားလား ဒိုးမောင်"

လူငယ်တစ်ယောက် အခန်းဝတွင် ပြေးကာ လာရပ်နေသည်။

"ဟုတ်ကဲ့ အစ်ကိုလေး စိတ်ချပါ"

ဒီပဇော်သည် ခြံတံခါးဝဆီကို လျှောက်သွားသည်။ လမ်းလျှောက်လာရင်း နံဘေးတွင်ကပ်ပါလာသော ဒိုးမောင်ကို သိချင်သောအချက်များကို မေးမြန်းခဲ့ပြီး ခြံတံခါးဝမှ ပြန်ထွက်လာခဲ့သည်။ ခြံအပြင်ဘက်ရောက်မှ အောင်ကျော်စွာတို့အိမ်ဘက်ကို တစ်ချက်ငဲ့စောင်းကြည့်လိုက်သည်။ ပြီးမှ အတွေးမျှင်များ ရစ်ပွဲ့နေလျက် ...။

× × × × ×

(၄)

ဒီပဇော်သည် ပြည့်ပြည့်တို့အိမ်ထဲကို လှမ်းဝင်လိုက်သည်။ ဧည့်ခန်းမထဲတွင် တစ်ယောက်တည်းထိုင်နေသူမှာ ပြည့်ပြည့်။ ပြည့်ပြည့်၏နှလုံးသားကို အတွေးကြီးများက ရစ်နှယ်နေသောကြောင့်လား မသိ။

"ပြည့်ပြည့် ... ပြည့်ပြည့်"

ဒီပဇော်၏ ခေါ်ဆိုသံကြောင့် ရုတ်ခြည်း ပြည့်ပြည့် အသိဝင်လိုက်သည်။

"ကိုဒီပဇော်ပါလား .. ထိုင်ပါရှင်"

ဒီပဇော်သည် ကုလားထိုင်တွင် ဝင်ထိုင်ရင်း ပြည့်ပြည့်ကို စေ့စေ့ကြည့်နေလျက်။ မျက်ဝန်းပေါ်မှ ယိုစိမ့်စီးခွေ လိမ့်ဆင်းနေသော မျက်ရည်စများကို လက်ကိုင်ပုဝါနှင့်သုတ်နေသော ပြည့်ပြည့်သည် ဒီပဇော်ကို ငေးကြည့်နေသည်။

"ဒေါ်သီတာမိုးကို မတွေ့ပါလား

www.burmeseclassic.com

www.burmeseclassic.com

ဘယ်သွားနေသလဲ ပြည့်ပြည့်''

''မေမေအပြင်သွားနေတယ် ကိုဒီပဇော်''

လှုပ်ရှားခံစားနေရသော အသံပိုင်းနှင့် ပြောလိုက်သူမှာ ပြည့်ပြည့်။ ဒီပဇော်သည် အခန်းပတ်လည်ကို မျက်လုံးကစားလိုက်သည်။

''ဦးတိုးဝင်းကိုသတ်တာ ဦးကျော်ခိုင်ထွေးလို့ ပြည့်ပြည့်က ဘာလို့ ခိုင်ခိုင်မမာပြောနေရတာလဲ''

''ဖေဖေဟာ ဦးကျော်ခိုင်ထွေးလက်ထဲက မေမေ့ကိုရအောင် လုယူနိုင်ခဲ့တယ်။ ဒါကြောင့် ဦးကျော်ခိုင်ထွေးဟာ အသည်းကွဲပြီး ဖေဖေ့ကို အမုန်းကြီးမုန်းနေတာ။ ဖေဖေအသတ်ခံရတဲ့နေ့က မေမေ့ဆီကို ဦးကျော်ခိုင်ထွေး လာသွားတယ်ဆိုတာ ဖေဖေ့ရုံးခန်းက စမ်းပပပြောလို့ သိရပါတယ်''

ပြည့်ပြည့်၏စကားလုံးများကို နားထောင်ရင်း မေးစေ့ကိုပွတ်သပ်နေသူမှာ ဒီပဇော်။

''ပြည့်ပြည့်ကို ပွင့်ပွင့်လင်းလင်း မေးချင်တယ်''

''မေးပါ ကိုဒီပဇော် ... မေးနိုင်ပါတယ်''

''ပြည့်ပြည့်မှာ ချစ်သူရှိတယ် ဟုတ်လား''

''အင်း ... ရှိပါတယ် ကိုဒီပဇော်''

''နာမည် ဘယ်လိုခေါ်လဲ ပြည့်ပြည့်''

''အောင်ကျော်စွာပါ''

ဒီပဇော်သည် ပြည့်ပြည့်ကို တစ်ချက်စူးစိုက်ကြည့်နေပြန်သည်။

''ပြည့်ပြည့်တို့အချစ်ရေး အဆင်ပြေရဲ့လား''

''ပထမတော့ အဆင်ပြေပါတယ်။ နောက်ပိုင်းကျတော့ ဖေဖေက အောင်ကျော်စွာနဲ့ လုံးဝသဘောမတူဘူး။ အောင်ကျော်စွာနဲ့ အဆက်အသွယ် မလုပ်ရဘူး။ အိမ်ကိုလည်း လုံးဝမလာရဘူးလို့ ပြောတယ်''

''ဦးတိုးဝင်းက ပြည့်ပြည့်ကို အောင်ကျော်စွာနဲ့ ဘာလို့သဘောမတူ ဖြစ်သွားရတာလဲ''

''အဲဒါ ပြည့်ပြည့် စဉ်းစားလို့ မရခဲ့ဘူး ကိုဒီပဇော်''

''ကဲ ... ပြည့်ပြည့် ဒီလောက်သိရရင် တော်ပါပြီ။ ပြန်လိုက်ပါဦးမယ်''

''ဟုတ်ကဲ့ရှင့် ကိုဒီပဇော်''

ဒုရဲအုပ်သက်ဦးမြင့်သည် မှတ်တမ်းစာအုပ်ပေါ်တွင် မှတ်တမ်းရေးနေရင်း ဒီပဇော်ကို လှမ်းပြောလိုက်သည်။ ဒီပဇော်သည် စားပွဲဝိုင်းရှေ့ ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ ဒုရဲအုပ်သက်ဦးမြင့်သည် မှတ်တမ်းစာအုပ်ကိုပိတ်ရင်း ...

''ဘယ်လိုလဲ ကိုဒီပဇော်။ နောက်ထပ် ဘာတွေထူးခြားဖြစ်စဉ် တွေ့ရသေးလဲ''

''ထူးခြားပါတယ် ကိုသက်ဦးမြင့်။ မနက်ဖန်ကျရင် သဲလွန်စ ခြေရာနောက်ကိုလိုက်ဖို့ စီစဉ်ပေတော့ဗျာ ...''

''အိုကေ ... ကိုဒီပဇော်''

ဒီပဇော်သည် ပြုံးလျက် ခေါင်းညိတ်ပြလိုက်သည်။

× × × × ×

(၅)

လေထုကို အရှိန်ဟုန်ခွဲထွက်ပြီး ဦးကျော်ခိုင်ထွေး ခြံရှေ့ကိုရောက်တော့ ခြံထဲက ကားတစ်စီးထွက်လာပြီး မောင်းထွက်သွားသည်ကို ဒီပဇော် တွေ့မြင်လိုက်ရသည်။

''ဟိုမှာတွေ့လား ကိုသက်ဦးမြင့်။ အောင်ကျော်စွာ ကားမောင်းထွက်သွားတယ်။ သူ့နံဘေးမှာ ပြည့်ပြည့်ပါသွားတာ တွေ့ရတယ်''

''ဟုတ်တယ် ကိုဒီပဇော်။ ကျွန်တော်တို့ သူတို့နောက်ကို ထက်ကြပ်မကွာလိုက်ကြမယ်''

ဒီပဇော်တို့ဆိုင်ကယ်သည် အောင်ကျော်စွာကားနောက်သို့ အရှိန်အဟုန်တင်ကာ မောင်းထွက်ခဲ့သည်။ မြို့အစွန်ရောက်သည့်အခါ ရေကန်နံဘေးရှိ သစ်ပင်တစ်ပင်အောက်မှာ ကားကိုထိုးရပ်လိုက်သည်။ ကားပေါ်မှ ဆင်းလာကြသူမှာ အောင်ကျော်စွာနှင့် ပြည့်ပြည့်။ အောင်ကျော်စွာက ပြည့်ပြည့်လက်ကို ဆုပ်ကိုင်ထားလျက် ...

''ပြည့်ပြည့် ကိုယ်တို့ လက်ထပ်ကြရအောင်''

''ဖေဖေ့ကိုသတ်တဲ့ တရားခံကို ပြောမယ်ဆို အောင်ကျော်စွာ''

''ဟား ... ဟား ... ဟား ဆန္ဒမစောစမ်းပါနဲ့ ပြည့်ပြည့်ရယ်။ ဒီလောက်တောင် ဆန္ဒစောရတာလဲ။ ကိုယ်ကတော့ ပြည့်ပြည့်ကို လက်ထပ်ဖို့ အရေးကြီးတယ်။ ပြည့်ပြည့်ကို လက်လွှတ်ဆုံးရှုံးရမှာကို အကြောက်ဆုံးပဲ''

ပြည့်ပြည့်သည် အောင်ကျော်စွာကို တစ်ချက်လှမ်းကြည့်လိုက်သည်မှာ မာန်တင်းတင်း။

''အောင်ကျော်စွာ ... ဒီနေ့ ဒီအချိန်မှာ နှလုံးသားကိစ္စဟာ ပြည့်ပြည့်အတွက် အရေးမကြီးပါဘူး။ အဓိကမကျဘူး။ ဖေဖေ့ကိုသတ်တဲ့လူကိုပဲ သိချင်တယ်''

''ဘာ ... နှလုံးသားကိစ္စဟာ အရေးမကြီးဘူး ဟုတ်လား ပြည့်ပြည့်။ ပြောရက်လိုက်တာ ပြည့်ပြည့်ရယ်။ ကိုယ့်နှလုံးသားထဲကို ဝင်ကြည့်စမ်းပါဦး''

ပြည့်ပြည့်သည် အောင်ကျော်စွာလက်ကို ရုန်းဖယ်လိုက်သည်။ အောင်ကျော်စွာက ပြည့်ပြည့်လက်ကို ဆုပ်ကိုင်ထားဆဲ။

www.burmeseclassic.com

www.burmeseclassic.com

"အို … အောင်ကျော်စွာ စကားရှည်မနေနဲ့။ ဖေဖေ့ကိုသတ်တာ ဘယ်သူလဲ … ပြောစမ်း။ ဦးကျော်ခိုင်ထွေး မဟုတ်လား အောင်ကျော်စွာ"

"ဟား … ဟား … ဟား"

"ဟော့ … အောင်ကျော်စွာ"

ရယ်မောနေသော အောင်ကျော်စွာသည် ဒီပဇော်၊ ဒုရဲအုပ်သက်ဦးမြင့်နှင့် ရဲတပ်ဖွဲ့ဝင်များကို မြင်လိုက်ရသောအခါ ပြည့်ပြည့်လက်ကိုဆွဲပြီး ပြေးသွားခဲ့သည်။

"မပြေးနဲ့ အောင်ကျော်စွာ မပြေးနဲ့။ မင်း ပြေးလို့လွတ်မှာ မဟုတ်ဘူး။ အေးအေးဆေးဆေး အဖမ်းခံပါ"

ဒုရဲအုပ်သက်ဦးမြင့်က လှမ်းပြောလိုက်သည်။ အောင်ကျော်စွာသည် ပြေးလွှားရင် …

"ခင်ဗျားတို့ ကျုပ်နောက်ကို လိုက်မလာကြနဲ့နော်။ နောက်ပြန်လှည့်ပြီး ပြန်ကြပါ။ ကျုပ်စကားကို နားမထောင်ဘူးဆိုရင် ဒီမှာတွေ့လား။ ပြည့်ပြည့်ကို သတ်ပစ်လိုက်မယ်"

အောင်ကျော်စွာသည် ကန်အနောက်ဘက်ရှိ တိုက်ပျက်ကြီးထဲသို့ ဝင်သွားသည်။ ပြီးမှ တိုက်ပျက်ကြီး၏ အပေါ်ထပ်ဝရန်တာက ထွက်လာပြီး အော်ပြောနေသည်။

"ဟား … ဟား … ဟား ပြန်မသွားကြသေးဘူးလား"

"အောင်ကျော်စွာ … အေးအေးဆေးဆေး အဖမ်းခံလိုက်ပါ"

ဒုရဲအုပ်သက်ဦးမြင့်က လှမ်းအော်ပြောလိုက်သည်။

"ဟား … ဟား … ဟား ကျုပ်ကို ဒီလိုအမိန့်ပေးလို့မရဘူး။ အောင်ကျော်စွာဘဝမှာ ဘယ်သူ့ကိုမှ အရှုံးမပေးဘူး၊ ဒူးမထောက်ဘူး။ အညံ့ခံတယ်ဆိုတာ အောင်ကျော်စွာ့ဘဝမှာ မရှိဘူး။ ဟား … ဟား … ဟား …"

"အောင်ကျော်စွာ … မင်း ပြောလို့မရဘူးလား။ အေးအေးဆေးဆေး အဖမ်းခံလိုက်ပါ။ ပြောလို့မရဘူးဆိုရင်တော့ ရတဲ့နည်းနဲ့ လုပ်ရမယ်"

"ဟား … ဟား … ဟား ခင်ဗျားတို့ ကျုပ်အကြောင်းကို မသိဘူးထင်တယ်။ ဟား … ဟား … ဟား … အား … အား … အား"

ထိုစဉ် ပြည့်ပြည့်က ကြိုးသိုင်းလွယ်အိတ်ထဲက လျှပ်တစ်ပြက် ဓားမြှောင်ကိုထုတ်လိုက်ပြီး အောင်ကျော်စွာ၏ ကျောပြင်ကို ထိုးချလိုက်သည်။ သွေးများ ဖြာခနဲ ပန်းထွက်သွားသည်။ အောင်ကျော်စွာသည် အော်ရင်း ဝရန်တာပေါ်မှ အောက်သို့ ပြုတ်ကျသွားသည်။

ဝရန်တာပေါ်ကို ပြေးတက်လာကြသည်။ ပြည့်ပြည့်သည် ဒီပဇော်ကို မြင်လိုက်သောအခါ ဓားမြှောင်ကို ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်ပြီး ရှိုက်ငင်နေသည်။

ပြည့်ပြည့်ကိုယ်လုံး သိမ့်သိမ့်တုန် ငိုရှိုက်နေလျက်။

"ကဲ … ပြည့်ပြည့် … ငိုမနေနဲ့တော့ … စခန်းကိုသာ လိုက်ခဲ့ပါ"

ဒုရဲအုပ်သက်ဦးမြင့်သည် ပြည့်ပြည့်ကို ပြောလိုက်သည်။ ဒီပဇော်တို့နှင့်အတူ စခန်းကို လိုက်ခဲ့သူမှာ မျက်ရည်ဝှက်များ ပျံ့သန်းနေသော ပြည့်ပြည့် …။

× × × × ×

(၆)

"ကဲ … ထိုင်ပါ ဦးကျော်ခိုင်ထွေး"

ဒီပဇော်သည် ဦးကျော်ခိုင်ထွေးကို ပြောလိုက်ပြီး သေချာစူးစိုက်ကြည့်နေလျက်။ ဦးကျော်ခိုင်ထွေးသည် ကုလားထိုင်တွင် ဝင်ထိုင်လိုက် သည်။

"ဦးကျော်ခိုင်ထွေး … ဘာလို့ အမှန်တရားကို ဖုံးကွယ်ထားရတာလဲ"

"သဝန်တိုစိတ်နဲ့ ဦးကို ပုတ်[…] လာတဲ့ ဦးတိုးဝင်းကို ဦးကိုယ်တိုင် သ[…] တာပါလို့ အမှန်အတိုင်း ထွက်ဆိုပြ[…] ဒီပဇော်"

ဒီပဇော်သည် ဦးကျော်ခိုင်ထွေ[…] တစ်ချက်စိုက်ကြည့်ရင်း ပြုံးလဲ့လဲ့ လု[…] သည်။

"ဦးတိုးဝင်းကို ဦးကျော်ခိုင်[…] သတ်ခဲ့တာ မဟုတ်ဘူးဆိုတာ ကျွန်[…] ရှင်းပြပါ့မယ်၊ အခင်းဖြစ်တဲ့နေ့က ဦးကျေ[…] ခိုင်ထွေးသွေးတိုးနေပြီး အိမ်အပြင်မထွ[…] နိုင်ဘဲ အိမ်မှာ အိပ်နေတယ်လို့ သ[…] တယ်။ နောက်တစ်ချက်က အခင်းဖြစ်[…] ရာ နေရာမှာတွေ့ခဲ့ရတဲ့ လူသတ်တရ[…] ရဲ့ ဖိနပ်ခြေရာဟာ ဦးကျော်ခိုင်ထွေး[…] ထားတဲ့ သရေဖိနပ်မဟုတ်ဘူး။ ဦးကျေ[…] ခိုင်ထွေး ဘာလို့အမှန်တရားကို ဖုံးကွ[…] ထားရတာလဲ၊ ခုလည်း လူသတ်တရ[…] အမှန်ကို ဖော်ထုတ်နိုင်ပါပြီ"

"ဘာ … လူသတ်တရားခံ[…] ဖော်ထုတ်နိုင်ပြီ ဟုတ်လား ဒီပဇေ[…] ဘယ်သူလဲ"

"လူသတ်တရားခံဟာ ဘယ်သူ[…] ဆိုတာ ပြောပါ့မယ်။ အခု ဦးကျော်[…] ထွေးက ကိုယ်တိုင်မသတ်ဘဲ ဘာ[…] သတ်တယ်လို့ ထွက်ဆိုရတာလဲ"

ဦးကျော်ခိုင်ထွေးသည် အတန်ကြ[…] ငေးရီသွား၏။ ပြီးမှ …

"ဒီလိုပါ။ ဦးတိုးဝင်းဟာ သဝန်[…] စိတ်နဲ့ ဒေါ်သီတာမိုးနဲ့ စကားခဏခ[…] များကြတယ်။ ဦးတိုးဝင်းက စကား[…] ကြမ်းကြမ်းနဲ့ ဒေါ်သီတာမိုးကို ထိုးန[…] လာတယ်။ နောက်ဆုံး ဒေါ်သီတာမိုး[…] ဦးတိုးဝင်းကို နာကြည်းပြီး သတ်ပစ်မ[…] လို့ ဦးကိုပြောတယ်။ အခု ဦးတိုးဝ[…] သေဆုံးသွားတာ ဒေါ်သီတာမိုးရဲ့ လ[…] ချက်ပဲဆိုတာ ဦးယုံကြည်ခဲ့တယ်။ […] ကြောင့် ဒေါ်သီတာမိုးဟာ ဦးဘဝ[…]

www.burmeseclassic.com

www.burmeseclassic.com

ချစ်ဦး၊ အချစ်ဆုံး၊ ချစ်မျှူးသခင်ဖြစ်လို့ ဒေါ်သီတာမိုးအပြစ်ခံရမှာကို ဦးမကြည့် က်ဘူး။ ဒေါ်သီတာမိုးအစား ဦးက ဝန်ခံ ိုက်တာ ဖြစ်ပါတယ်''

ဦးကျော်ခိုင်ထွေး၏စကားအဆုံး ွင် ဒီပဇော်က ဖျတ်ခနဲဝင်ပြောလိုက် ည်။

''ဦးကျော်ခိုင်ထွေး အတွေးတွေ၊ မြင်တွေ၊ ထင်ခဲ့တာတွေဟာ အားလုံး ားနေပြီ ဦးကျော်ခိုင်ထွေး။ ဦးတိုးဝင်းကို ယ်သူသတ်ခဲ့တယ်ဆိုတာ ပြည့်ပြည့်ရဲ့ ကားကို နားထောင်ကြည့်ပါဦး''

အခန်းထဲကို ရဲဘော်နိုင်နိုင်နှင့် တူ လှမ်းဝင်လာသူမှာ ပြည့်ပြည့်၊ မျက် ်းပေါ်မှာ မျက်ရည်စများ ခုန်ထွက်လိမ့် င်းနေလျက်၊ ကုလားထိုင်တွင် ဝင်ထိုင် း နှုတ်ခမ်းလွှာ ဖွင့်ဟလာခဲ့သည်။

''ဖေဖေ့ကို သတ်တဲ့လူကို သိချင် ာနဲ့ အောင်ကျော်စွာအိမ်ကို ပြည့်ပြည့် စောကြီးရောက်ခဲ့တယ်။ အောင်ကျော် ာက ရေချိုးလိုက်ဦးမယ်ဆိုပြီး ရေချိုးခန်း ဲကို ဝင်သွားတယ်။ အဲဒီမှာ အခန်းထဲ ြည့်ပြည့်တစ်ယောက်တည်း ကျန်ခဲ့ တယ်။ အခန်းထဲမှာ ပစ္စည်းတွေကို လိုက် ကြည့်နေရင်း အောင်ကျော်စွာရဲ့ ဒိုင်ယာရီ ာအုပ်ကို ဖွင့်ဖတ်မိလိုက်တယ်။ တစ်နေ့ ြည့်ပြည့်တို့အိမ်ကို ရောက်ခဲ့တယ်။ အိမ် ှာ ပြည့်ပြည့်မရှိဘူး။ ဦးတိုးဝင်းတစ် ယောက်ပဲရှိတယ်။ ဦးတိုးဝင်းက စကား ပြောချင်တယ်ဆိုပြီး ဧည့်ခန်းမှာ ထိုင် ကားပြောကြတယ်။ ဦးတိုးဝင်းက မင်း အဖေ ဘယ်သူလဲလို့ မေးတယ်။ ဦးကျော် ိုင်ထွေးလို့ ပြောလိုက်တော့ ဦးတိုးဝင်း ျက်နှာမှာ မီးဝင်းဝင်းတောက်သွားတယ်။ ီနေ့ကစပြီး ငါ့သမီးနဲ့မပတ်သက်နဲ့၊ အိမ် ိုလည်းမလာနဲ့၊ အဆက်အသွယ်လည်း လုပ်နဲ့၊ အဲဒီကစပြီး ပြည့်ပြည့်နဲ့ မတွေ့ ရတာ ကြာပါပြီ။ ရင်ထဲမှာ ဦးတိုးဝင်းကို နာကြည်းမိတယ်။ စိမ်းစိမ်းကြီး မုန်းမိ တယ်၊ ဒီစာလုံးတွေကို ဖတ်လိုက်ရတော့ ပြည့်ပြည့်ရင်ထဲ တုန်လှုပ်သွားတယ်။ ဒိုင် ယာရီစာအုပ်ကိုပိတ်လိုက်ပြီး အခန်းနံရံ တွေကို လိုက်ကြည့်မိတယ်။ အဲဒီမှာ ပန်းချီကားဆီကို ပြည့်ပြည့် မျက်လုံး ရောက်သွားတယ်။ အထုပ်က အဝတ်စနဲ့ ထုပ်ထားတာပါ။ ပြည့်ပြည့်လည်း ယူဖွင့် ကြည့်မိတယ်၊ အဲဒီမှာ သွေးစတွေ ပေကျံ နေတဲ့ ဓားမြှောင်တစ်ချောင်း တွေ့လိုက်မိ တယ်၊ ဆွဲကြိုးကို သေသေချာချာ ကြည့် လိုက်တော့ ဖေဖေ့ဆွဲကြိုး ဖြစ်နေတာ သိရတယ်။ ဒီဆွဲကြိုးကို ပြည့်ပြည့် ကောင်းကောင်းမှတ်မိတယ်။ ဒီဆွဲကြိုး ဟာ ဖေဖေ့မွေးနေ့အတွက် ပြည့်ပြည့် လက်ဆောင်ပေးခဲ့တာပါ။ ပြည့်ပြည့် ဆောက်တည်ရာမရ ဖြစ်သွားတယ်။ ဖေဖေ့ကိုသတ်တာ အောင်ကျော်စွာပဲလို့ ပြည့်ပြည့်သိလိုက်ပြီး ဓားမြှောင်ကိုယူပြီး ပြည့်ပြည့် လွယ်အိတ်ထဲကို ထည့်ထား လိုက်တယ်။ အခုအခွင့်ရတုန်း ဖေဖေ့ကို သတ်တဲ့ အောင်ကျော်စွာကို ပြည့်ပြည့် အကြွေးဆပ်လိုက်တာပဲ''

ပြည့်ပြည့်သည် စကားကို အဆုံး သတ်ရင်း ငိုရှိုက်နေဆဲ။ ဒီပဇော်သည် ဦးကျော်ခိုင်ထွေးကိုကြည့်ရင်း ...

''ကဲ ...ဦးကျော်ခိုင်ထွေး လူ သတ်တရားခံဟာ ဘယ်သူလဲဆိုတာ သိပြီမဟုတ်လား ...။ ထပ်ပြီး သေချာ အောင် ကျွန်တော့်ဖော်ထုတ်ချက်ကို ပြော ပြပါဦးမယ်။ အခင်းဖြစ်ပွားရာ လူသတ် တရားခံရဲ့ ဖိနပ်ခြေရာဟာ ဘွတ်ဖိနပ် ခြေရာပဲဖြစ်တယ်။ ဒီဘွတ်ဖိနပ်ခြေရာဟာ အောင်ကျော်စွာစီးတဲ့ ဘွတ်ဖိနပ်ခြေရာပဲ၊ နောက်တစ်ချက်က အောင်ကျော်စွာဆီကို သွားတဲ့နေ့က ဒိုးမောင်ကို မေးကြည့် တော့လည်း အခင်းဖြစ်ပွားတဲ့နေ့က ဦးကျော်ခိုင်ထွေး သွေးတိုးပြီး အိပ်နေ တယ်။ အဲဒီမှာ မိုးရွာနေတဲ့ကြားက မိုး ကာအင်္ကျီဝတ်ပြီး ဦးကျော်ခိုင်ထွေးရဲ့ကား ကိုယူပြီး မောင်းထွက်သွားတဲ့လူဟာ အောင်ကျော်စွာပဲဆိုတာ သိခဲ့ရတယ်။ ဒါကြောင့် လူသတ်တရားခံဟာ အောင် ကျော်စွာပဲဆိုတာ အစောက သိခဲ့ရပါ တယ်။ ဒါပေမဲ့ အလီဘိုင်ခိုင်မာအောင် ဆောင်ရွက်ခဲ့ရတာပါ''

ဒီပဇော်၏ စကားများကြောင့် ဦးကျော်ခိုင်ထွေး၏မျက်နှာပေါ်မှာ မျက် ရည်လိမ့်ဆင်းလာသည်။

''သားရယ် ...ဖြစ်မှဖြစ်ရလေ ခြင်းကွယ်''

သားဖြစ်သူအတွက် သောကလှိုင်း လုံး ပြေးတက်ရိုက်ခတ် ခံစားသွားရသူမှာ ဦးကျော်ခိုင်ထွေး။

''ကဲ ...ဦးကျော်ခိုင်ထွေး၊ အခု အောင်ကျော်စွာ ဆေးရုံမှာရောက်နေ တယ်''

''ဟုတ်လား ...ဦးလိုက်သွားပြီး ကြည့်ချင်တယ်''

ဦးကျော်ခိုင်ထွေးသည် ကတုန် ကယင်ပြောပြီး စခန်းအပြင်ဘက်သို့ ထွက်သွားသည်။ ဒီပဇော်သည် ဦးကျော် ခိုင်ထွေးကို လှမ်းကြည့်ရင်း မိဘမေတ္တာ အတိမ်အနက် မြင့်မြတ်ကြီးမားပုံကို ခံစား လှိုင်း သိမ့်သိမ့်ရိုက်ခတ်နေတော့သည်။

ဗညားဦး(အိမ်မဲ)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

နွေဦးပေါက်ရာသီက မလွဲမသွေ ရောက်လာစမြဲ။ ရဲစခန်းများပေါ်တွင်လည်း နွေဦးရာသီကျရောက်သည်ပင်ပဲ။ ဤအစည်ကြောင့်ပင်လျှင် စခန်းမှူး ဒွန် ဖလန်မာ အလိုလိုစိတ်ချမ်းမြေ့လာသည်။ သာတောင့်သာယာ ခံစားမိလာသည်။

ဖလန်မာသည် နွေဦးပေါက်ကာလကို လွန်စွာ နှစ်သက်ခဲ့သည်။ စိမ်းလန်းသော ကမ္ဘာမြေကြီး၊ ဝေဆာနေသော သစ်ပင်များ၊ အထူးသဖြင့် လှပသောပန်းပွင့်များ၊ သူသည် ကျေးလက်ဒေသတွင် ရဲဖြစ်နေရသည်ကို သဘောကျမိသည်။ ဟာလေရွာရဲစခန်းပတ်လည်တွင် စိုက်မျိုးထားသည့် ပန်းခင်းလေးက သူ့ကိုယ်ပိုင်စိတ်ကူး၊ သူ့အထူးစီမံကိန်းပင် ဖြစ်သည်။

သို့သော် ဖွန်လသို့ရောက်သော အခါတွင် ဤနွေဦးပေါက်ရာသီတွင် ဖလန်မာ၏ အသွင်တစ်မျိုး ထူးခြားနေကြောင်း ရှင်းလင်းသဲကွဲလာခဲ့သည်။ သူ အတော်ကြီး မျက်မှောင်ကုပ်နေခဲ့သည်။ သူ့ပန်းခြံလေးကို သူလစ်လျူရှုထားခဲ့သည်။ ရုံးတွင်း၌ အချိန်ကုန်သည်က များခဲ့သည်။ သူ့မိတ်ဆွေများက သူ့အတွက် စိတ်ပူမိသော်လည်း သူဘာကြောင့် ဤသို့ဖြစ်နေခဲ့သည်ကို နားလည်မိခဲ့ကြသည်။ ဖလန်မာ၏ ဒုက္ခကို သူတို့ကောင်းကောင်းသဘောပေါက်မိသည်။ မစ္စစ်မက်ဗေးအကြောင်း သူတွေးနေမိသေးသောကြောင့်ပင် ဖြစ်သည်။

ပန်းချစ်သူချင်းဖြစ်၍လည်း သူတို့နှစ်ဦး မိတ်ဆွေဖြစ်လာခဲ့ကြသည်။ မစ္စစ်မက်ဗေးနှင့် သူမ၏လင်ယောက်ျားသည် အာဒင်လမ်းရှိ လုံးချင်းနှစ်ထပ်အိမ်လေးသို့ ပြောင်းရွှေ့လာခဲ့ကြသည်၊ မစ္စစ်မက်ဗေးသည် မှုလက ချုံနွယ်ပိတ်ပေါင်း အဖြိုင်ဖြိုင်ဖြစ်နေခဲ့သောခြံကို ပိပိပြင်ပြင်

www.burmeseclassic.com

www.burmeseclassic.com

ပန်းဥယျာဉ်လေးဖြစ်အောင် စိုက်ပျိုးခဲ့သည်။ နှင်းဆီပင်များ ဝေဆာလာခဲ့သည်။ လေသာဆောင်ဘေးနားတွင် ပန်းရောင်ပန်းပွင့်နေသော ခြောက်လပန်းပင်များ ငွားငွားစွင့်စွင့် ဖြစ်လာသည်။ မြတ်လေးပင်များ၊ စပယ်အုံများကလည်း စခန်းမှူးကြီး၏ ပန်းဥယျာဉ်က ပန်းများထက် လှပနေခဲ့သည်။

တစ်နေ့တွင် ဖလန်မာသည် သူ့ကားကို ရပ်တန့်ပြီး အိုင်ဗီးပင်တစ်ပင်ကို တန်းတစ်ခုပေါ် နွယ်တက်အောင်တင်ပေးနေသော မစ္စစ်မက်ဖေးရပ်တန့်နေသော ခြံစည်းရိုးဆီသို့ လျှောက်သွားသည်။ ဖလန်မာသည် အသက်လေးဆယ်အရွယ် လူပျိုကြီးတစ်ဦး ဖြစ်သည်။ မိန်းမများ အနားမှာဆိုလျှင် အလိုလိုအနေကျပ်တတ်သူ ဖြစ်သည်။ မစ္စစ်မက်ဖေးကမူ ထို့ထက် အနည်းငယ်ပို၍ အသက်ငယ်မည်။ လှပသည်ဟု ဆိုလောက်အောင် ပိန်သွယ်နေခဲ့သော်လည်း ဝင်းပနွေးထွေးသော အပြုံးပိုင်ရှင်တစ်ဦးပင် ဖြစ်ခဲ့သည်။

"ဟာလေမြို့လေးမှာ ခင်ဗျားရဲ့ ပန်းဥယျာဉ်လေးက အလှဆုံးပဲလို့ ကျွန်တော်ပြောချင်လို့ပါ"

သူက ဖျစ်ညှစ်ပြောဟန်ဖြင့် လေးတွဲ့စွာ ပြောလိုက်သည်။ ထို့နောက် သူမကို ဖမ်းဆီးချုပ်နှောင်လိုက်မိသည်ဟု ခံယူသည့်ပုံစံမျိုးဖြင့် သူ့ကားဆီသို့ ခြေသံပြင်းပြင်းဖြင့် ပြန်လျှောက်သွားခဲ့သည်။

ဤသည် ခင်မင်မှုတစ်ရပ်၏ မင်္ဂလာပြည့်ဝသော အချိုးနိဒါန်းမဟုတ်ခဲ့သည့်တိုင်အောင် ကနဦးအစ ဖြစ်ခဲ့သည်က အမှန်ပင်။ ဖလန်မာသည် သီတင်းတစ်ပတ်လျှင် အနည်းဆုံး နေ့ခင်းတစ်ခင်းလောက်တွင် မစ္စစ်မက်ဖေး၏ အိမ်ဝင်လမ်းတွင် သူ့ကားကို ရပ်တန့်လာလေ့ရှိခဲ့သည်။ မစ္စစ်မက်ဖေးကလည်း လက်ဖက်ရည်အိမ်တွင် ဖုတ်သည့် ကိတ်မုန့်များဖြင့် လှိုင်လှိုင်ကြီးပြုံး ဧည့်ခံခြင်းဖြင့် သူ၏ လာရောက်မှုကို ကြိုဆိုပါကြောင်း ပြသခဲ့သည်။

မစ္စစ်မက်ဖေးကို ပထမအကြိမ်တွေ့ခါစတွင် ဖလန်မာ သဘောမတွေ့ခဲ့ချေ။ မက်ဖေး၏မျက်နှာမှာ ပိန်ပိန်ရှုံ့ရှုံ့ဖြစ်ပြီး သံပရာသီးတစ်လုံးကို အပြတ်စုတ်နေသည့်ပုံမျိုး ထွက်သည့်ပါးစပ်ပေါက်ရှိခဲ့သည်။ ဖလန်မာက သူ့ကို ပန်းများအကြောင်း ပြောကြားသောအခါတွင် ထိုပါးစပ်ပေါက်က တွန့်လိမ်ရှုံ့မဲ့သွားသည်။

"ဂျိုးက ပန်းဥယျာဉ်တွေ ပန်းပင်တွေကို သိပ်မြတ်နိုးတတ်တာမဟုတ်ဘူး။ ဒါပေမယ့် သူက ခရီးထွက်နေတာကများတော့ ဒီပန်းပင်တွေကပဲ ကျွန်မအတွက် အချိန်ဖြေရာ စိတ်ဖြေရာ ဖြစ်နေတာကို သူသဘောပေါက်တယ်"

မစ္စစ်မက်ဖေးက ဆိုခဲ့သည်။

ဖလန်မာနှင့် မစ္စစ်မက်ဖေးတို့ကြားတွင် ထိုရိုးစင်းလှသည့် ခင်မင်မှုမှအပ အခြားမည်သည့်အချက်မှ မရှိခဲ့ချေ။ ဤသည်ကို အားလုံးသိခဲ့သည်။ ရွာဆော်ကြီးများ ရွာရိုးလျှောက် အတင်းပြောသူတို့ပင်လျှင် နားလည်ခဲ့သည်။ ဖလန်မာက ရဲအရာရှိတစ်ဦး၊ ရဲတို့ကား ပြောစမှတ်ပြုလောက်အောင်ပင် သစ္စာစောင့်သိ ဖြောင့်မှန်သူတို့ ဖြစ်သည်။ မစ္စစ်မက်ဖေးကလည်း ဖောက်ပြန်သူတစ်ဦး ဖြစ်လောက်စေသော အလှမရှိခဲ့ချေ။

ထို့ကြောင့် ဟေလီဝိလ်မှ မည်သူမှ သူတို့နောက်ကွယ်တွင် အတင်းပြောခြင်း၊ တွတ်ထိုးခြင်းမရှိခဲ့ချေ။ မစ္စစ်မက်ဖေးနှင့် ဖလန်မာတို့သည်လည်း တစ်ပတ်ပြီးတစ်ပတ် တွေ့ခဲ့ကြသည်။ တွေ့သည်မှ တစ်မြို့လုံး မြင်နေတွေ့နေနိုင်သည်။ ဟင်းလင်းပြင်တွင် အဖြူထည်သက်သက်ဖြစ်သည့်တိုင်အောင် သူတို့သံယောဇဉ်ရှိလာခဲ့ကြသည်က အမှန်ပင်။ သို့သော် ဤအကြောင်း မစ္စစ်မက်ဖေးကလည်း တစ်ခုတ်တရ ပြောမနေခဲ့သလို ဖလန်မာကလည်း အမှတ်တမဲ့သာ ထားခဲ့သည်။

သူမ၏ လင်ယောက်ျားအကြောင်းတော့ သူမ ပြောကြားခဲ့သည်။ ဖလန်မာကို တဖြည်းဖြည်း ပို၍ခင်မင်လာပြီး တရင်းတနှီး ဖွင့်ပြောမှုမျိုးဖြင့် ဂျိုးအကြောင်းကို သူမဖွင့်ပြောလာခဲ့သည်။

"ကျွန်မ စိတ်ပူမိတယ်။ သူနေထိုင်မကောင်းဘူးလို့ ကျွန်မထင်တယ်။ သာမန်ဆရာဝန်မသိနိုင်တဲ့ ပုံစံမျိုးနဲ့ နေထိုင်မကောင်းဖြစ်နေတယ်လို့ ထင်တယ်။ အတော်ကြီးကို ခါးခါးသီးသီးဖြစ်နေတယ်။ လောကကြီးထဲ မျှော်လင့်ချက်ကြီးကြီးနဲ့ တိုးဝင်ခဲ့ပြီး ဘာမှ ဟုတ်တိပတ်တိမဖြစ်ထွန်းရတော့ အတော်ကြီးကို ကြိတ်မနိုင်ခဲမရ နာကျင်နေပုံရတယ်"

"သူ့မှာ အိမ်နဲ့အိုးနဲ့ မယားနဲ့ ဘာများမကျေမနပ်ဖြစ်စရာလဲ"

ဖလန်မာက ဆိုလိုက်မိသည်။

"ခရီးတွေက ပြန်လာရတာကို သူသိပ်ဘဝင်မကျလှဘူး။ အိမ်ပြန်လာရတာကို ကြိုက်ပုံမရဘူး။ အဲဒါကို များများစားစား ထုတ်ဖော်ပြောတာမဟုတ်ပေမယ့် နောက်တစ်ခေါက် ခရီးထွက်ဖို့ တကဲကဲဖြစ်နေတတ်တယ်"

"သူ့မှာ တခြား ..."

ဖလန်မာသည် သူ့ခေါင်းထဲဝင်လာသည့် အတွေးအတွက် ရှက်ရွံ့ဟန်ဖြင့် နှုတ်တွန့်သွားသည်။

"ကျွန်မ သူ့ကို ဘာမှမစွပ်စွဲပါဘူး။ သူ့ကို ကျွန်မ ဘာမှမေးမြန်းလေ့မရှိပါဘူး။ သူ့ကို နောက်က မီးထိုးတာမျိုးကို သူမကြိုက်ဘူး။ တစ်ခါတစ်ခါတော့ ဂျိုးကို ကျွန်မနည်းနည်းလန့်တဲ့အခါရှိတယ်"

ဖလန်မာသည် ပန်းရောင်ပန်းပွင့်လေးများ ပွင့်နေသော ခြောက်လပန်းပင်

www.burmeseclassic.com

www.burmeseclassic.com

ပင်ကို လှမ်းကြည့်လိုက်ရော နွေနှောင်းချိန်တွင် ပြည့်ပြည့်ဝဝဆာနေသော ပန်းရုံကိုကြည့်ပြီး မစ္စစ်မက်ဖေး၏ လက်စွမ်းကို ချီးကျူးမိလိုက်သည်။

စက်တင်ဘာလ ၁၉ ရက်နေ့တွင်မှ မစ္စစ်မက်ဖေးသည် ဒသမ ၃၂ ခြောက်လုံးပြူးတစ်လက်ဖြင့် ပစ်သတ်ခံခဲ့ရသည်။ သေနတ်သံသည် တိတ်ဆိတ်သောညဦးယံတွင် ပေါက်ပေါက်ကွဲကွဲ ထွက်ပေါ်ပြီး မက်ဖေးတို့၏ အိမ်ဘယ်ညာရှိ အိမ်နီးချင်းများ လန့်နိုးသွားခဲ့သည်။

သေနတ်သံကြားပြီးနောက် အတန်ကြာမှ အကူအညီတောင်းသံ သဲ့သဲ့ကို အိမ်နီးချင်းများက ကြားလိုက်ရပြီး ရဲစခန်းသို့ အကြောင်းကြားခဲ့သည်။ ထိုသေနတ်ပစ်ခတ်မှုချိန်တွင် ဖလန်မာမှာ အလုပ်နားချိန်ဖြစ်၍ အိမ်မှာပင် ရှိနေခဲ့သည်။ မစ္စစ်မက်ဖေး အသတ်ခံရကြောင်းကို မနက်မိုးလင်းမှ ဖလန်မာ သိခဲ့ရသည်။

စခန်းမှူးကြီး ဖလန်မာ၏ မျက်နှာတွင် တာဝန်သိရဲတစ်ဦး ကြောင့်ကြစိတ်ဆက်ပိုသာသော အချက်တစ်ခုမှ မမြင်ခဲ့ရချေ။ သူသည် ကိစ္စမှန်သမျှကို လုပ်ငန်းအရ လိုအပ်သော ဘာသိဘာသာအသွင်ဖြစ်သော ဆောင်ရွက်ခဲ့သည်။ သူသည် မစ္စစ်မက်ဖေးကို စစ်ဆေးမေးမြန်းမှုပြုခဲ့သည်။ သို့သော် သူပြောကြားချက်နှင့် ပတ်သက်၍ ကောက်ချက်လုံးဝမချခဲ့ချေ။

"မနက် နှစ်နာရီအချိန်လောက်ဖြစ်လိမ့်မယ်။ ဂရေ့စ်က လန့်နိုးသွားတယ်။ အိမ်အောက်ထပ်က အသံကြားတယ်လို့ မှတ်လို့ သူက အမြဲတစေ အဲဒီလို အသံဗလံတွေ ကြားနေကျဖြစ်လို့ ပြန်အိပ်တော့လို့ ကျွန်တော် သူ့ကို ပြောလိုက်တယ်။ ဒါပေမဲ့ သူက ပြန်မအိပ်ဘူး။ ကီမိုနိုတစ်ထည်ကောက်စွပ်ပြီးတော့ သူကိုယ်တိုင်အောက်ဆင်းကြည့်တယ်။ ဒီတစ်ခါတော့ သူမှန်တယ်။ သူခိုးတစ်ယောက် အိမ်ထဲရောက်နေခဲ့တယ်။ သူခိုးက ကြောက်လန့်ပြီး ဂရေ့စ်ကို မြင်တာနဲ့ သေနတ်နဲ့ ပစ်ထည့်လိုက်တယ်။ အသံကြားတော့ ကျွန်တော်ဆင်းလာတယ်။ သူခိုးထွက်ပြေးသွားတာကို ကျွန်တော် တွေ့လိုက်တယ်"

မက်ဖေးက တွက်ချက်ပေးခဲ့သည်။

"သူ့ပုံစံက ဘယ်လိုလဲ"

"ထွက်ပြေးနေတဲ့ ခြေထောက်နှစ်ချောင်းနဲ့ပဲ တူခဲ့တယ်။ အဲဒါပဲ ကျွန်တော် မြင်ခဲ့တယ်။ ဒါပေမဲ့ သူဒီမှာ ဘာလုပ်နေခဲ့လဲဆိုတာ ခင်ဗျားတွေ့နိုင်တာပဲလေ"

ဖလန်မာသည် ပတ်ဝန်းကျင်ကို မျက်စိကစားလိုက်သည်။ ညေ့ခန်းထဲတွင် မွှဆာကြဲနေမှု၊ ဟင်းလင်းပွင့်နေသော အံဆွဲများ၊ ကြမ်းပေါ်တွင် ပြန့်ကျဲနေသည့် ပစ္စည်းများ စသော ဖောက်ထွင်းမှုလက္ခဏာများသည် အစစ်အမှန်လည်း ဖြစ်နိုင်သည်။ တုပရန်လည်း မခက်ခဲသော အရာများဖြစ်သည်။

အခင်းဖြစ်ပွားရာ နေရာအနှံ့ကို စေ့စေ့စပ်စပ် စစ်ဆေးကြည့်ရှုခဲ့သည်။ အိမ်နှင့်ခြံကို ရှာဖွေခဲ့သည်။ သို့သော် ဟုတ္တိပတ္တိလက်ဗွေရာ သို့မဟုတ် ခြေရာ မတွေ့ခဲ့သလို လူသတ်ခဲ့သည့် သူခိုးကို ညွှန်ပြမည့် သဲလွန်စတစ်ခုတလေမျှ မရရှိခဲ့ချေ။ ထို့နောက် သူတို့သည် အခြားအချက်များကို စူးစမ်းခဲ့ကြသည်။ ဖောက်ထွင်းသူ အမှန်တကယ်ရှိခဲ့ပါသလား၊ ဂျိုးမက်ဖေးကိုယ်တိုင်က သူ့ဇနီးကို သတ်ခဲ့ပါသလား။

စခန်းမှူးကြီး ဖလန်မာသည် ထိုအမှုကို ဂဃနဏ စစ်ဆေးခဲ့သည်။ စစ်ဆေးရင်း တဖြည်းဖြည်း မာထန်လာသော သူ့နှလုံးသား၊ ပြင်းထန်လာသော ဒေါသကို သူ့မျက်လုံးမှ ပေါက်ထွက်မသွားစေရန် မျက်စိတင်းတင်းမှိတ်သလို အံကြိတ်ထားခဲ့သော်လည်း အများအမြင်တွင် သွေးအေးပုံဖမ်းနိုင်ခဲ့သေးသည်။

သို့သော် စုံစမ်းစစ်ဆေးပြီးနောက်တွင်မှ မှုခင်းဆရာဝန်၏ တွက်ချက်ကို ပြုပြင်နိုင်လောက်သော အခိုင်အမာ အထောက်အထားတစ်ခုတလေမှ သူမရခဲ့ချေ။ မစ္စစ်မက်ဖေးသည် အမည်မသိ သို့မဟုတ် အမည်မသိသူများ၏ လက်ချက်ဖြင့် အသက်ဆုံးပါးရသည်ဟူသော အချက်ကို ဖလန်မာ သဘောမတူခဲ့ပါသော်လည်း ထိုတွက်ချက်ကို စောဒကတက်စရာအချက် သူ့တွင်မရှိခဲ့ချေ။ သက်သေအထောက်အထားမရှိ၍ လွှတ်ထားရပါသော်လည်း ထိုအမည်မသိ လူသတ်သမားသည် လူသတ်သမားဆိုသည့် သူကောင်းစွာ သိမိနေခဲ့သည်။ သူ၏ သံပရာသီးစုတ်နေဟန် ပါးစပ်ကို အိပ်မက်ထဲမှာပင် သူမြင်မိသည်။

ဂျိုးမက်ဖေးသည် သူ့မယားသေပြီး တစ်လပင် မကြာခင်မှာပင် သူဝို့၏ နှစ်ထပ်အိမ်ကို ရောင်းချလိုက်သည်။ အရွယ်ရောက်သမီးတစ်ယောက်ရှိသော ဇနီးမောင်နှံတစ်စုံထံသို့ ဈေး[illegible]ဖြင့် ရောင်းသွားသည်။ အိမ်ကို ရော[illegible]ချပြီးနောက်တွင် ဂျိုးမက်ဖေးလည်း ဟာလေးဝိလ်မြို့လေးမှ ထွက်ခွာသွားခဲ့သည်။ ချီကာဂိုမြို့သို့ ထွက်သွားသည်ဟု အချို့က ဆိုခဲ့သည်။ စခန်းမှူးကြီး ဖလန်မာသည်လည်း ပန်းများလှိုင်လှိုင်ပွင့်နေမည့် နွေဦးပေါက်ရာသီကာလကို ဝမ်းသာအားရ လှမ်းမျှော်ခြင်း မရှိခဲ့တော့ချေ။

သို့သော် နွေဦးပေါက်ကာလသို့ ရောက်လာသောအခါတွင်မူ တင်းထားသော ဖလန်မာ၏စိတ်သည် အလိုလို ပျော့ချင်သလို ဖြစ်လာသည်။ သူသည် မြို့ပြင်ဘက်သို့ ကားဖြင့်လှည့်မောင်းမှု ပြုလာမိသည်။ တစ်ရက်တွင်မူ မက်ဖေးတို့၏ အိမ်ဟောင်းရှေ့တွင် သူ၏မော်တော်ကားကို ရပ်တန့်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

အပြာရောင်ပန်းများပွင့်နေသော ခြောက်လပန်းရုံကြီးများအလယ်မှ အမျိုးသမီးက သူ့ကိုလက်ဝှေ့ယမ်းပြလိုက်သည်။ အမျိုးသမီးက မိန်းမပျိုလေးဟု ပို၍ဆိုသာသည်။ အသက်နှစ်ဆယ်ပင် ပြည့်တတ်ပုံမရှိသေးချေ။ အနည်းငယ် ဝဖြိုးသည်မှာမူ အမှန်ပင်။

"ဟဲလို"

သူမက ကားဝင်လမ်းပေါ်တွင် ရပ်တန့်ထားသော ရဲကားကို လှမ်းကြည့်ရင်း ပြောလိုက်သည်။

"သာယာတဲ့ နေ့တစ်နေ့ပဲ"

"ဟုတ်ပါ့။ အိမ်မှာ မစ်ချယ်လ်တို့ ရှိလား"

ဖလန်မာက ခင်လုံးလုံးပင် မေးလိုက်မိသည်။

"မရှိဘူး။ သူတို့အပြင်သွားတယ်။ ကျွန်မက သူတို့သမီး အန်ဂျယ်လာပါ။ ရှင် ဒီကို လုပ်ငန်းသဘောအရ ရောက်လာတာ မဟုတ်ပါဘူးနော်"

သူမက မဝံ့မရဲ ပြုံး၍ မေးလိုက်သည်။

"မဟုတ်ပါဘူး"

ဖလန်မာက ဖြေလိုက်သည်။

"အင်း ... ကျွန်မကတော့ ဒီအိမ်အကြောင်း အားလုံးသိပါတယ်။ လွန်ခဲ့တဲ့နှစ်က ဖြစ်ပျက်ခဲ့တာ။ လူသတ်မှုတို့ ဘာတို့ ရှင်တို့ သူခိုးကို မမိလိုက်ဘူး မဟုတ်လား"

သူမက အသံကိုနှိမ့်ချပြီး မေးလိုက်သည်။

"အင်း ... မမိခဲ့ဘူး"

"သူအတော် သဘောကောင်းတဲ့ မိန်းမဖြစ်မယ်။ သိလား ... ဒီမစ္စစ်မက်ဖေးလေ။ သူက ပန်းတွေကို သိပ်ချစ်တာပဲနော်။ ဒီပန်းဥယျာဉ်လေးမှာ ဒီလောက်လှတဲ့ ပန်းဥယျာဉ်ကို ကျွန်မ မတွေ့ဖူးဘူး"

"ဟုတ်တယ်။ သူပန်းတွေကို သိပ်ချစ်ခဲ့တာ"

စခန်းမှူး ဖလန်မာက ပြောလိုက်သည်။ သူသည် ခြောက်လပန်းရုံ၏ အပြာရောင်ပန်းပွင့်လေး တစ်ပွင့်ကို အသာထိကိုင်လိုက်ပြီး သူ့ကားဆီသို့ ပြန်လျှောက်ခဲ့သည်။ သူ့မျက်မှောင်ကုပ်သွားသည်။ ထို့နောက် ရုတ်တရက် တန့်ရပ်လိုက်သည်။ ရေရွတ်လိုက်မိသည်။

"အပြာရောင်"

မိန်းမပျိုလေးက သူ့ကို နားမလည်စွာ ကြည့်နေခဲ့သည်။

"အပြာရောင်"

သူထပ်မံရေရွတ်လိုက်ပြီး ပန်းများပွင့်နေသော ခြောက်လပန်းရုံကို ပြူးကြည့်လိုက်မိသည်။

"ပြီးခဲ့တဲ့နှစ်က ပန်းရောင်ပန်းပွင့်လေးတွေ ပွင့်ခဲ့တယ်။ ငါမျက်စိနဲ့ တပ်အပ်မြင်ခဲ့တယ်။ ဒါပေမဲ့ အခုတော့ အပြာရောင် ဖြစ်နေတယ်"

"ရှင် ... ဘာတွေပြောနေလဲ"

"ခြောက်လပန်းပင်အကြောင်း .. ခြောက်လပန်းပင်အကြောင်း မင်းဘယ်လောက်သိလဲ"

ဖလန်မာက မေးလိုက်သည်။

"ကျွန်မက ပန်းတွေအကြောင်း ဘာတစ်ခုမှမသိဘူး။ ပန်းတွေက လှတာပဲသိတယ်။ လှရင်ပြီးတာပဲလေ"

"ပန်းရောင်ဖြစ်တော့ လှတယ်။ ဒါပေမယ့် မြေကြီးထဲမှာ ကျောက်ချဉ်ဓာတ်ရှိရင် ဒါမှမဟုတ် သံဓာတ်ရှိရင် အပြာရောင်ပန်းပွင့်တွေ ပွင့်တယ်။ အခုလို အပြာရောင်မျိုးပေါ့"

ဖလန်မာက ပြောလိုက်သည်။

"အဲဒီတော့ ဘာဖြစ်လဲ။ ပန်းရောင်ပွင့်ပွင့် အပြာရောင်ပွင့်ပွင့် ဘာထူးလဲ။ အခု မြေဆီထဲမှာ သံဓာတ်ရှိနေတော့"

မိန်းမပျိုက ဆိုလိုက်သည်။

"ဟုတ်တယ်။ မြေဆီထဲမှာ သံ ဓာတ်ဝင်နေတာဖြစ်မယ်။ ကိုင်း ... မစ္စ မစ်ချယ်လ် ကျွန်တော့်ကို ဂေါ်ပြားတစ်လ လောက် ရှာပေးစမ်းပါ"

ဗိုလ်ကြီးဖလန်မာက ဆိုလို သည်။

သူမက သူ့ကိုနားမလည်စွာ ပြ ကြည့်လိုက်သည်။ သို့သော် သူ့ကို ဂေါ် ပြားတစ်လက် ယူလာပေးသည်။ ခြော လပန်းရုံအောက်ခြေ အမြစ်နားမှ သေနတ်ကို တူးဖော်ရရှိသောအခါတွ ဖလန်မာ၏မျက်နှာ ရွှင်ပျသွားခြင်းမ ချေ။ သေနတ်ပြောင်းမှာ သံချေးတ နေသလို သေနတ်မောင်းလည်း သံချေး ကိုက် မာတင်းနေခဲ့သည်။

ထိုသေနတ်သည် ဂျိုမက်ဖေး သေနတ်ဖြစ်ပြီး ဂရေ့စ်မက်ဖေးကို သေ စေခဲ့သော သေနတ်ပင်ဖြစ်ကြောင်း စုံစ သိရှိလာသောအခါတွင်လည်း ဖလန်မ ၏မျက်နှာ ကြည်လင်မလာခဲ့ချေ။ တရား ခံ မက်ဖေးအား ဖမ်းဆီးခေါ်ဆောင်လာ သောအခါတွင်လည်း ဖလန်မာ၏ မျက် နှာရွှင်မလာခဲ့ချေ။ သူသည် အောင်နိုင်သူ တစ်ဦးအဖြစ် မခံစားမိခဲ့သော်လည်း ပ ချစ်သူဖြစ်ရသည့်ဘဝကို သူအတော် အားရကျေနပ်မိခဲ့သည်က အမှန်ပင်။ ပ တို့သည်လည်း သူတို့ကိုချစ်နေသူ အတွက် အမှန်ဘက်က ရပ်တည်ပေ တတ်သူများပင် ဖြစ်သည်။

တိုးထက်

The Cop Who Loved Flowers by Henry Slesar.

www.burmeseclassic.com

www.burmeseclassic.com

အသက်နှင့်ရင်း၍

■ စိန်ဝင်းမောင်

ရဲသုံးဖော်–ဝန်ချီစက်မောင်း'တေလာ'(ဝဲ)၊ အထက်တန်းဆေးဘက်အကူ 'စမစ်'နှင့် ရဟတ်ယာဉ်မှူး 'ဟားရစ်'

၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်၊ နေ့လယ်စာစားချိန်ဖြစ်၏။ "ဟော့(စ်)ဘေး" ရဟတ်ယာဉ်ကယ်ဆယ်ရေးစခန်းသို့ တယ်လီဖုန်းချက်တစ်ရပ် ဝင်လာသည်။ "ရွက်လှေသမား တစ်ယောက်က ရေမိုင် ၅၀ ခန့် (၉၃ ကီလိုမီတာ) ပင်လယ်ပြင်တွင် ဒုက္ခရောက်နေကြောင်း"။ ကယ်ဆယ်ရေးလေယာဉ်မှူး လုပ်သက် ၇ နှစ်ရှိ "ဒီး(န်)ဟားရစ်"က နေကိုမော့ကြည့်လိုက်သည်။ "သူ့အနေနဲ့ ကယ်ဆယ်ဖို့အကူအညီတောင်းမယ်ဆိုရင် အမြန်ဆုံးသာလုပ်ပေရော့"ဟု အသက် ၃၅ နှစ်ရှိသူက နယူးဇီလန်နိုင်ငံ၊ မြောက်ကျွန်း၏အရှေ့ကမ်းခြေရှိ စခန်းမှ ရေရွတ်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟားရစ်"သတိမထားမိသည်မှာ နောက်ဆုံးခေါ်ဆိုချက် ဝင်လာသည့်အခါ ပြုလုပ်ရမည့် ကယ်ဆယ်ရေးက သူနှင့် သူ့အဖွဲ့သားများကို ကမ်းကုန်အောင် တွန်းပို့နေခြင်းပင် ဖြစ်သည်။

ထိုနေ့က "ဟားရစ်"နှင့်အတူ တာဝန်ထမ်းဆောင်ကြသူများမှာ "ဂျော့တေလာ" အသက် ၄၉ နှစ်ရှိ လေယာဉ်အင်ဂျင်နီယာ ၁၉၉၉ ခုနှစ်ကပင် ကယ်ဆယ်ရေးမစ်ရှင်များတွင် စေတနာ့ဝန်ထမ်းလုပ်ဆောင်နေသူ။ သူက ပုံမှန်အားဖြင့် နှစ်ရက်နှင့် နှစ်ည အလုပ်လုပ်သည့်များကို လတိုင်းလုပ်ကိုင်သည်။ လျှပ်စစ်ဝန်ချီစက်ကို ကျွမ်းကျင်စွာ ကိုင်တွယ်သူ။

"စတီဖင်စမစ်" အသက် ၄၉ နှစ်ပင်။ သူက စိန့်ဂျွန်းအထက်တန်း ဆေးဘက်အကူအဖြစ်ကာ ဝန်ချီစက်သီးဖြင့် ရေတွင် ကယ်ဆယ်ရေးအလုပ်၌ လေ့ကျင့်ထားသူ။ အခြားဆေးဘက်အကူများ တစ်သက်တာတွင် မြင်တွေ့မှော်မှန်းသည်ထက် သူက အန္တရာယ်မြောက်မြားစွာကို ကြုံတွေ့ခဲ့သူ။ ၂၀ဝ၉ ခုနှစ်တွင် သူက ဒဏ်ရာပြင်းထန်စွာ ရရှိထားသော ရဲအရာရှိအား သေနတ်သမား "ဂျန်မိုလီနာ"၏ ပိတ်ဆို့ဝန်းရံထားသော "နေပီယားဟီး(လ်)"နေအိမ်မှ ကူညီကယ်ဆယ်ခဲ့သည်။ ထိုလုပ်ရပ်အတွက် ၂၀၁၁ ခုနှစ်တွင် နယူးဇီလန် ရဲစွမ်းသတ္တိဆုတံဆိပ်ကို လက်ခံရရှိခဲ့သည်။

ပင်လယ်ပြင် လေယာဉ်ကယ်ဆယ်ရေးတွင် ဖြစ်ပေါ်လာနိုင်သော အရေးကိစ္စအားလုံးအတွက် လေ့ကျင့်မပေးနိုင်။ သို့သော် အစုအဖွဲ့အနေဖြင့် လုပ်ဆောင်ရန် လေ့ကျင့်ပေးနိုင်သည်။ ဟားရစ်၊ တေလာနှင့် စမစ်တို့က တစ်ဦးကိုတစ်ဦး အကြွင်းမဲ့နားလည်ကြသည်။ မပြောမီကပင် လိုအပ်ချက်ကို သိနေသည်။ နှစ်ပေါင်းများစွာတွင် သုံးဦးသားက အန္တရာယ်များသော ကယ်ဆယ်ရေးလုပ်ငန်းများကို အတူတကွ ရင်ဆိုင်တွေ့ကြုံမှုရှိခြင်းက အလုပ်ခွင်ပြင်ပတွင် ရင်းနှီးသော မိတ်ဆွေများ ဖြစ်စေခဲ့သည်။

ဝန်ချီစက်ဖြင့် ကယ်ဆယ်ရေးလုပ်ငန်းတိုင်းက ပင်ကိုအားဖြင့်အန္တရာယ်ရှိကြောင်း သူတို့သိကြသည်။ တစ်ဦး၏အသက်သည် အခြားတစ်ဦး၏ လုပ်ဆောင်မှုအပေါ်တွင် တည်မှီသည်။

"ဂျင်ပော်ဂန်"က တစ်ကိုယ်တည်း ကာဝါအမည်ရှိ ကိုးမီတာအရှည်ရွက်လှေကို တာဟီတီမှ ရွက်ဖွင့်ကာ ထွက်လာခဲ့သည်။ သို့သော် ခရီးထွက်ပြီး ရက်သတ္တသုံးပတ်ရှိလုလုတွင် ရွက်လှေက စက်၊ ပဲ့ထိန်းဘီးနှင့် လျှပ်စစ်တို့ ပျက်သွားခဲ့သည်။ အသက် ၆၃ နှစ်ရှိ ဝယ်လင်တန်မှ လှေသမားအား လက်ကိုင်ရေဒီယိုမှ မိနစ် ၃၀ တိုင်း ကမ်းခြေစောင့်တပ်အား အခြေအနေတိုးတက်မှုကို တင်ပြစေခဲ့သည်။

နေ့၏ အစောပိုင်းက ရာသီဥတုဆိုးဝါးလာစဉ် လှေ၏နောက်ဆုံးရွက်များကို ဆုံးရှုံးခဲ့ရသည်။ လှေကို ပဲ့မထိန်းနိုင်တော့ရာ သူက ပင်လယ်တွင် မျောပါသွားခဲ့သည်။ ညနေ ၅း၃၀ နာရီတွင် သူက ရေဒီယို ဆက်သွယ်ရေးဖြင့် အကူအညီလိုအပ်ကြောင်း ပြောခဲ့သည်။

ကယ်ဆယ်ရေးရဟတ်ယာဉ် BK 117-B2 ကို အဖွဲ့က ပြင်ဆင်စဉ် အလင်းရောင်က ဖျော့တော့ကာ လေနှင့် မိုးတို့က ပို့လာသည်။ အမှောင်ထုမကျရောက်မီ အစွမ်းကုန် မိနစ် ၉၀ သာ အချိန်ရှိပါတော့မည်။ နေ့အလင်းရောင်မရှိလျှင် ညှိယိုယွင်းနေသော အခြေအနေတွင် ကယ်ဆယ်ရေးအမှု မဖြစ်နိုင်လော စရာပင်။ သူတို့သုံးဦးအဖွဲ့က ပော်ဂ ကို ကယ်ဆယ်၍ တပ်စခန်းသို့ တန်းပြ ရန်ရမည်ဖြစ်ကြောင်း သိသည်။ ရွက်လေ ဆီသို့ အသွားအပြန် နာရီဝက်ကြာမည် ရဟတ်ယာဉ်က နှစ်နာရီပျံသန်းနိုင်မည် လောင်စာဆီပါသည်။

သူတို့က ပော်ဂန်အား အရေးပေ အချက်ပြမီးဖွင့်ထားရန် ပြောသည်။ GPS နေရာပြကိရိယာကို အသုံးပြုလျက် ရဟတ်ယာဉ်၏ ခြေရာခံစနစ်နှင့် အ ဝန်းကျင်ရှိ ကုန်သေတ္တာသင်္ဘောဖြင့် ဆက်သွယ်ချက်အရ သူတို့က ကြမ်းတမ်း သော ပင်လယ်လှိုင်းများကြားတွင် ပိတ် ညပ်နေသော ရွက်လှေကို စူးစိုက်မိကြ သည်။

"ကာဝါ"က ၅ မီတာလှိုင်းအိုကြ များနှင့် ၆၅ မီတာ လေပြင်းကြားတွင် ဘေးတိုက်မျောနေသည်၊ ဘေးမှ ရိုက် ပုတ်လိုက်သော လှိုင်းလုံးတစ်လုံးက ရွက် လှေ၏ ရွက်တိုင်၊ သို့မဟုတ် ရောက် လွယ်ကူစွာ ကျိုးပဲ့စေနိုင်သည်။ သို့မဟုတ် မှောက်မည့်အန္တရာယ်နှင့် ကြုံတွေ့စေနိုင် သည်။ ရဟတ်ယာဉ်က မိုးကုပ်စက်ဝိုင်း မှ ပေါ်ထွက်လာစဉ် ပော်ဂန်မှာ ကြီးမား သော သောကဖိစီးနေပါပြီ။

ဟားရစ်၊ တေလာနှင့် စမစ်တို့က ကယ်ဆယ်ရေးအတွက် ပြင်ဆင်ကြ သည်။ တစ်ဦးချင်းစီတွင် မြင်သာသော အခန်းကဏ္ဍက ကိုယ်စီရှိကြသည်။ ကိုယ် စီလည်း အရေးပါလှ၏။ ဆေးဘက်အကူ စမစ်က ဆိုင်းကြိုးများ တပ်ဆင်ကာ ၎င်း အား အောက်သို့ လျှော့ချလျက် ရွက်လှေ သမားကို သယ်တင်ရန် ပြင်ဆင်သည်။ တေလာက ဝန်ချီစက်ကို ကိုင်တွယ် သည်။ ကြိုးကို စက္ကန့်အလိုက် ပြောင်းလဲ

www.burmeseclassic.com

www.burmeseclassic.com

နေသော အခြေအနေအလိုက် လျှော့ချည်၊ တင်းချည် အမြဲပြုလုပ်နေသည်။ ဒါယာကြိုးတိုလွန်းလျှင် စမစ်က ကောင်းစွာလှုပ်ရှားဆောင်ရွက်ခြင်း မပြုနိုင်။ ရှည်လွန်းလျှင်လည်း ၎င်းမှာ ရေအောက်တွင် တရွတ်တိုက် အဆွဲခံရမည်။

ဟားရစ်၏ စိန်ခေါ်မှုမှာ ရဟတ်ယာဉ်ကို တည်ငြိမ်စွာထားရန် ဖြစ်၏။ ဦးတည်ရာမြင်ကွင်းမရှိစဉ် အလွန်ခက်ခဲသော အလုပ်ပင်။ သူက ရွက်လှေအနီးသို့ ကပ်ရမည်။ သို့သော် ရွက်တိုင်ကို မတိုက်မိစေရန် ကွာဝေးရမည်။ လှိုင်းအိကြီးများနှင့်လည်း လွတ်ကင်းရမည်။ ဤအခြေအနေမျိုးတွင် အလုပ်က မလွယ်ကူပါ။ တစ်မိနစ်အတွင်း ရွက်လှေ၏ ရွက်တိုင်မှာ မြင်ကွင်းနှင့် တစ်ပြေးညီရှိကာ နောက်တစ်မိနစ်တွင် လှိုင်းလုံးလွန်သွားစဉ် သူ့အောက်သို့ မီတာများစွာ ကျဆင်းသွားသည်။

မည်သည့်အခြေအနေမျိုးတွင်အဆို ရွက်လှေပေါ်သို့ ဝန်ချီစက်အသုံးပြုကာ ဆင်းရသည်မှာ မလွယ်ပါ။ သို့နှင့် ရေဒီယိုစကားပြောစက်ဖြင့် ဟော်ဂန်အား အသက်ကယ်လှေဖြင့် ရွက်လှေမှ လှော်ခတ်ထွက်ခွာရန် ညွှန်ကြားသည်။ သို့မှသာ သူ့ကို လွယ်ကူစွာချဉ်းကပ်နိုင်မည်။ လုံခြုံစိတ်ချရမှု အများဆုံးရရှိစေရန် အသက်ကယ်လှေကို ရွက်လှေ၏ ပဲ့ပိုင်းသို့ ကြိုးဖြင့်ဆွဲထားရန် ဖြစ်သည်။ သို့သော် အင်ဂျင်စက်ပါဝါမရှိ၊ ပဲ့ကိုင်၍မရသော အခြေအနေတွင် အလုပ်မဖြစ်ပါချေ။ လေက ပြင်းထန်ပေရာ ဟော်ဂန်အနေနှင့် ရွက်လှေနှင့် ဝေးကွာစေရန် လှော်ခတ်ခြင်းပင် မပြုနိုင်။

သို့နှင့် စီမံချက် “ခ”ကို သုံးရတော့သည်။ ကယ်ဆယ်သူများက လျင်မြန်စွာ ဆွေးနွေးမှု ပြုကြသည်။ အဖွဲ့အနေဖြင့် အားလုံးသဘောတူကြသည်။ သူတို့က စမစ်ကို ရေထဲတွင် ပဲ့ကိုင်ပေးမည်။

နိုင်လွန်၊ ရော်ဘာ ရေမြုပ်နှင့် အသက်ရှင်သန်ရေးဝတ်စုံတို့ ဝတ်ဆင်ထားလင့်ကစား ရေ၏ အအေးဓာတ်က စမစ်ကို ထိတ်လန့်သွားစေသည်။ လူးလိမ့်နေသော ပင်လယ်တွင် အသက်ကယ်လှေဆီသို့ ရေကူးသွားရန် နောက်ဆုံးတွင် ရွက်လှေနံတောင်ကို ဖက်တွယ်ထားသော ဟော်ဂန်ဆီသို့ ရောက်ရှိသွားသည်။ ထိုအချိန်တွင်မှ ဒုက္ခရောက်နေသော လှေသမားက စမစ်ကို သူ့ရေမကူးတတ်ကြောင်း ပြောသည်။

“ခင်ဗျားကို ဒီကနေ ကယ်ထုတ်သွားဖို့ တစ်ခုတည်းသော နည်းလမ်းကတော့ ခင်ဗျားကိုယ်ကို ဒီသိုင်းကြိုးတွေနဲ့ ပတ်ဖို့ပဲ”ဟု သူ့တန်ဆာပလာများကို ညွှန်ပြသည်။ “ကျုပ်နဲ့လိုက်ခဲ့ပါ။ ခင်ဗျားကို ရွက်လှေနဲ့ ဝေးရာကို ခေါ်သွားမယ်။ မိနစ်ပိုင်းအတွင်းမှာ ဒီကထွက်ခွာကြမယ်”ဟု လှိုင်းသံ၊ လေသံကြားမှ အော်ပြောသည်။ “ကျုပ်တို့ကိုယုံပါ။ ကျုပ်တို့ တာဝန်ယူပါရစေ”

စမစ်က သိုင်းကြိုးကို ဟော်ဂန်၏ ခေါင်းပေါ်နှင့် ချိုင်းအောက်သို့ သိုင်းချည်နိုင်ခဲ့သည်။ ထို့နောက် သူတို့လှေပေါ်မှ ပင်လယ်တွင်းသို့ လိမ့်ဆင်းကာ နှစ်ဦးလုံးကို ဝန်ချီစက်ဖြင့် ရဟတ်ယာဉ်ပေါ်သို့ ဆွဲတင်မည်။ ကြောက်စိတ်၊ အအေးဒဏ်နှင့် မောပန်းမှုတို့ဖြင့် စိတ်ထွေပြားကာ ဟော်ဂန်က ရွက်လှေဆီသို့ လှည့်ပြန်လျက် ဘေးလက်ရန်းပေါ်သို့ ကျော်တက်ရန် ကြိုးစားသည်။ သက်ကယ်လှေနှင့် ရွက်လှေကြားတွင် သိုင်းကြိုးက လုံကြိုးနှင့် ရှုပ်ထွေးကာ သူ့ကို နောက်ပြန်ဆွဲနေတော့သည်။ ပို၍ စိတ်ဂနာမငြိမ်ဖြစ်လာကာ သူက ဘေးကင်းသည့် ရွက်လှေဆီသို့ ရောက်ရန် ရုန်းကန်ပြီး ကြိုးစားသည်။ ကြိုးများက ပို၍ ရှုပ်ထွေးလာသည်။ တစ်မိနစ်တွင် မျက်စိရှေ့၌ ရှိပြီး နောက်တစ်ကြိမ် လှိုင်းအပုတ်တွင် သူက ရေထဲပြောက်ပါသွားသည်။ စမစ်ဘာမျှ မတတ်နိုင်။

ရဟတ်ယာဉ်ပေါ်တွင် တေလာနှင့် ဟားရစ်တို့က အခြေအနေ လျင်မြန်စွာ ဆိုးရွားလာကြောင်း မြင်တွေ့ရသည်။ ရွက်လှေသမား၊ ရွက်လှေ၊ အသက်ကယ်လှေ၊ သူတို့ရဲ့ခော်နှင့် ရဟတ်ယာဉ်တို့မှာ အသက်အန္တရာယ်ကြီးစွာ ပူးတွဲတုပ်

ပင်လယ်ရေများ အန်လျက် အဖုအပိမ့်၊ အပွန်းအပဲ့များနှင့် မျက်စိတစ်လုံး ညိုမည်းနေသော စမစ်က ရဟတ်ယာဉ် ပေါ်တွင်ထိုင်ကာ အသက်ရှူမှန်စေရန် နားသည်။ ရဟတ်ယာဉ်က ပတ်လည်ဝဲစဉ် တေလာက ဟော်ဂန်၏အသက်ကယ်အကျီမှ မီးလုံးလေးကို ရှာဖွေသည်။

www.burmeseclassic.com

www.burmeseclassic.com

နှောင်မိသော အရှုပ်အထွေးတွင် ရှိနေကြသည်။ နည်းလမ်းတစ်သွယ်မှာ ဝါယာကြိုးကို ဖြတ်ရန်ဖြစ်သည်။ သို့သော် ထိုသို့ပြုလုပ်က အောက်ရှိ လူနှစ်ဦးလုံး ပင်လယ်ပြင်တွင် သောင်တင်နေပေမည်။

ယုံကြည်မှုပင်။ စမစ်က သူ့ရဲဘော်များကို မော့ကြည့်သည်။ သူတို့မျက်လုံးချင်းဆုံကြသည်။ စကားမပြောဘဲနှင့် ဘာလုပ်ရမည်ကို သူတို့သိကြသည်။ စမစ်က ဖြေရှင်းရမည်။

"နားထောင်ဗျာ၊ ကျုပ်တို့ရှက်လေဆီကို ပြန်သွားလို့မရဘူး။ ဒီရှက်လေက နေ ဝေးရာခွာမှ"ဟု အော်ပြောသည်။ နှစ်ဦးစလုံးကို လှိုင်းများက ရှက်လေနှင့် ရိုက်မိစေသည်။ တစ်ကြိမ်ကြိမ်တွင် တစ်ဦးဦးက ပင်လယ်တွင် ပျောက်ကွယ်သွားမည်။ ထပ်တလဲလဲ ဟော်ဂန်အား လေကိုလွှတ်ရန် နားချသည်။

နှစ်ချီကြာပြီဟု ထင်ရသည့်နောက် အမှန်တော့ ၁၅ မိနစ်ခန့်တွင် ဟော်ဂန်က ရတ်တရက် ပျော့ခွေသွားသည်။ စမစ်အထင်တော့ သူရေနစ်ပြီ၊ သို့မဟုတ် လက်လျှော့လိုက်ပြီလား။ ဟော်ဂန်က သိုင်းကြိုးများမှ လျှောထွက်လာကာ ရှက်လေနှင့် ရှုပ်ထွေးနေသော ကြိုးများမှ ဝေးရာသို့ မျောသွားစဉ် စမစ်က သူကိုယ်သူ လွတ်အောင်ရုန်းထွက်နိုင်တော့သည်။ သူ့ကို နောက်လှိုင်းလုံးတစ်လုံးက ဝါးမျိုမည်အပြုတွင် တေလာက ဝန်ချီစက်ကို ပင့်တင်လိုက်သည်။ စက္ကန့်ပိုင်းအတွင်း ရဟတ်ယာဉ်ပေါ်သို့ လုံခြုံစွာ ပြန်လည်ရောက်ရှိလာခဲ့သည်။

ပင်လယ်ရေများ အန်လျက် အဖုအပိမ့်၊ အပွန်းအပဲ့များနှင့် မျက်စိတစ်လုံး ညိုမည်းနေသော စမစ်က ရဟတ်ယာဉ်ပေါ်တွင်ထိုင်ကာ အသက်ရှူမှန်စေရန် နားသည်။ ရဟတ်ယာဉ်က ပတ်လည်ဝဲစဉ် တေလာက ဟော်ဂန်၏ အသက်ကယ်အင်္ကျီမှ မီးလုံးလေးကို ရှာဖွေသည်။ ရုတ်တရက်သူက အော်ဟစ်ကာ အောက်သို့ညွှန်ပြသည်။ "သူ အသက်ရှင်နေတုန်းပဲ" တေလာက အော်ပြောကာ ရုန်းကန်နေသော လေသမားကို ရိုပ်ခနဲမြင်လိုက်သည်။ "နောက်တစ်ကြိမ် ကြိုးစားချင်သေးသလား"

ဆွေးနွေးရန် အချိန်မရှိ။ လုည့်မပြန်မီ အဖိုးတန်လှသော လောင်စာဆီက အနည်းငယ်သာ ကျန်တော့ကြောင်း သူတို့သိကြသည်။ သူတို့အနေနှင့် ဟော်ဂန်၏အသက်ကို ကယ်တင်ရန် နောက်ဆုံးအခွင့်အလမ်းဆိုသည်ကိုလည်း သိကြသည်။

စမစ်က လှိုင်းလေပြင်းထန်သော ပင်လယ်တွင်းသို့ ဒုတိယအကြိမ် ဆင်းသက်ရန် တုံ့နှေးနေမိသော်လည်း သူ၏ နေရာသို့ ဘယ့်အတွက်လာခဲ့သည်ကို ဆိုခြင်းကို သိသည်။ "ငါ့ကို တစ်မိနစ်လောက် အချိန်ပေးပါ"ဟု ပြောလိုက်သည်။ စက္ကန့် ၃၀ အတွင်း သူက အောက်သို့ ပြန်ဆင်းနေပါပြီ။

တေလာက စမစ်ကို လေသမားထံမှ ၁၀ မီတာအကွာတွင် ချပေးသည်။ ဆေးဘက်က အကူဖြစ်သူက ရေကူးသွားကာ ဟော်ဂန်၏ ခြေကို ဆုပ်ကိုင်လိုက်သည်။ "ဒီတစ်ခါတော့ ခင်ဗျား ကျုပ်ဆီက ထွက်ပြေးလို့ မရတော့ဘူး"ဟု မိမိဘာသာတွေးမိ၏။ စမစ်က သိုင်းကြိုးကို ခေါင်းပေါ်မှကျော်ကာ တပ်ဆင်စဉ် ဟော်ဂန်က ရုန်းကန်ခြင်းမပြုတော့။ သူတို့ကို ဝန်ချီစက်ဖြင့် လျင်မြန်စွာ ဆွဲတင်လိုက်သည်။

ရဟတ်ယာဉ်ပေါ်သို့ ပြန်ရောက်စဉ် စမစ်က ကြမ်းခင်းပေါ်၌ လဲလျောင်းနေ
ကာ ပင်လယ်ရေများ အန်သည်။ ကောင်
စွာမလှုပ်နိုင်။ ဟားရစ်က ရဟတ်ယာ
ကို ဟော့(စ်)ဘေး စခန်းသို့ ပြန်လှည့်
လိုက်သည်။ သူတို့က စခန်းသို့ လောင်
ဆီ မိနစ်အနည်းငယ်စာမျှဖြင့် ပြန်လည်
ရောက်ရှိခဲ့ကြသည်။

ဟော်ဂန်ရော စမစ်ကိုပါ ဆေးရုံ
ပို့ခဲ့သည်။ စမစ်၏ ပြတ်ရှပွန်းပဲ့ဒဏ်
များကို နာရီအနည်းငယ်ကြာမျှ ပြု
ရသည်။ သို့သော် အလုပ်ခွင်မှ ၁၀ ရ
အနားယူခဲ့ရသည်။ ဟော်ဂန်က ကိုယ်
အပူရှိန်အလွန်အမင်း ကျဆင်းခြင်းဖြ
လျက် ပင်လယ်ရေများစွာ မျိုချမိခဲ့သည်
သူ့ကို ဆေးရုံတွင် ညသိပ်ခဲ့ရသည်။

"ကျုပ်ကိုယ်ကျုပ် လက်လျှေ
လိုက်ခဲ့ပေမဲ့ သူတို့က ကျုပ်ကို လ
လျှော့ခြင်းမပြုခဲ့ကြပါဘူး"ဟု ဟော်ဂန်
ဂျာနယ်လစ်များကို တုန်လှုပ်ချောက်ခ
ဖွယ် အတွေ့အကြုံ နောက်ပိုင်းတွင် ပြေ
ကြားသည်။ "သူတို့က ကျုပ်ရဲ့အသက်
ကို ပေးခဲ့ကြပါတယ်"

(၂၀၁၂ ခုနှစ်၊ မေလတွင် ဒီး(
ဟားရစ်၊ ဂျော့တေလာနှင့် စတီဗင်စမ
တို့က ဂျင်ဟော်ဂန်အား ကယ်ဆယ်
မစ်ရှင်တွင် သတ္တိပြောင်မြောက်မှုအတွက်
နယူးဇီလန်ရှာဖွေကယ်ဆယ်ရေးကောင်
၏ အမြင့်ဆုံးသော ဆုတံဆိပ်များကို
လက်ခံရရှိခဲ့ကြသည်။)

*[၁/ ၂၀၁၃ ထုတ် Reader's Dige
မဂ္ဂဇင်းပါ Helen Signy ရေး One Dead
Mess ကို ပြန်ဆိုသည်။]*

စိန်ဝင်းမော်

---

www.burmeseclassic.com

www.burmeseclassic.com

နောက်အိမ်ထောင် နှင့် အကျိုးဆက်

ဦးဝင်းလှိုင်(တရားရုံးချုပ်ရှေ့နေ)

ကိုယ့်ပေါင်ကိုယ်လှန်ထောင်းသည်ဟုပဲဆိုဆို ဤစာစုကို ရေးမိသည်။ ကောင်းမွန်သော ဘဝသင်ခန်းစာရစေလိုသောကြောင့် ဖြစ်သည်။

"နောက်အိမ်ထောင်"ဟူသည် ထပ်မံတည်ထောင်သော အိမ်ထောင်ဖြစ်ကြောင်း အများသိကြပြီး ဖြစ်ပေသည်။ ယောက်ျားဖြစ်စေ၊ မိန်းမဖြစ်စေ နောက်အိမ်ထောင်တည်ထောင်ခြင်းကို သူ့အကြောင်းနှင့်သူ ရှိကြပေမည်။

မည်သူမဆို ကုသိုလ်ရေးအမှုကိစ္စကိုသာ မိမိ၏ ဇနီး၊ ခင်ပွန်းသည်တို့နှင့် တိုင်ပင်ကြပေသည်။ ကိလေသာကိစ္စဉ်ကား တိုင်ပင်နှီးနှောဖို့ဝေးစွ၊ တတ်နိုင်သမျှ သိုသိပ်စွာ ကျူးလွန်ကြလေ့ရှိခြင်းမှာလည်း ဓမ္မတာဟု ဆိုရပေမည်။

မြန်မာအဘိဓာန်တွင် "ထောင်"၏အနက်ကို မတ်မတ်တည်သည်။ ယင်းသို့ တည်စေသည်။ ထူထောင်သည်ဟု ဖွင့်ဆိုထားသည်ကို တွေ့ရှိရသည်။

"နောက်"ကိုကား နောင်ကာလ ကုန်ခဲ့ပြီးသောကာလ၊ ကျောဘက်အရပ်ဟု တွေ့ရ၏။ "အိမ်"ကား လူတိုင်းရင်းနှီးပြီးဖြစ်ပေသည်။ နေရန်ဆောက်လုပ်ထားသော အဆောက်အအုံ။

ထိုစကားလုံးအတွဲကို ကျွန်တော်တို့ နေ့စဉ်ကြားသိနေမှုဖြစ်သည်။ သို့သော် တိကျသည့် တစ်လုံးချင်း၏ အနက်အဓိပ္ပာယ်ကိုကား အဘိဓာန်လှန်ကြည့်ဖြစ်မည် မဟုတ်။ လုံးချင်းအနက်များနှင့် ဆက်စပ်ကြည့်ပါက နောက်ကာလတွင် ထူထောင်သည့် အိမ်ထောင်ဖြစ်ကြောင်း နားလည်ရပေသည်။ တစ်နည်းအားဖြင့် ထပ်မံတည်ထောင်သော အိမ်ထောင်ဟု သိရပေသည်။ အိမ်ထောင်တစ်ခုရှိပါလျက် ယောက်ျားသားတို့ နောက်အိမ်ထောင် ဘာကြောင့်ထူထောင်ကြလေသနည်း။ မိန်းမသားတို့သည်လည်း စဉ်းစားတွေးကြည့်ဖူးပါသလား။

၁၉၄၅ ခုနှစ်တွင် ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိန်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်လေ့လာမိသမျှ ဗုဒ္ဓဘာသာဝင် ယောကျ်ားများ ထိမ်းမြားမှုနှင့် ပတ်သက်၍ ပြဋ္ဌာန်းထားမှုကို မတွေ့ရသေးပေ။ မိန်းမများအတွက် ဥပဒေရှိလျှင် ယောကျ်ားများအတွက်ရော ဥပဒေမရှိသင့်ပေဘူးလား။ တွေးကြည့်သင့်ပေသည်။ သို့ဆိုလျှင် မည်သည့်ကြောင့် မိန်းမများအတွက် ပြဋ္ဌာန်းခဲ့လေသနည်း။ ကျွန်တော်အထက်ကဆိုခဲ့သော ဤစာစု၏ ခေါင်းစည်းကြောင့်ဟုသာ လွယ်လွယ်ဆိုရချေမည်။

ကျွန်တော်တို့ မြန်မာစကားထဲတွင် "တစ်ပင်လဲမှ တစ်ပင်ထူ"ဟူသော စကားတစ်ရပ်လည်း ရှိနေသေးသည်။ လဲမှထူသည်ဖြစ်စေ၊ မလဲဘဲထူသည်ဖြစ်စေ နောက်ကျသည့်အချိန်တွင်မှ ပထမအိမ်ထောင်ရှိခဲ့ပြီးလျက် ထူထောင်သောအိမ်ထောင်ကား နောက်အိမ်ထောင် ဖြစ်ပေမည်။ ကျွန်တော်တွေးမိ၍ ရေးသားတင်ပြလိုသော အကြောင်းစုသည် အကျိုးဆက်မျှသာ ဖြစ်ပေမည်။

အကျိုးဆက်ဆိုသဖြင့်လည်း လူမျိုးဘာသာမရွေး စားသုံးနိုင်သည့် အသီးဟု မယူဆစေလိုပေ။ ဘာသာကြီးလေးရပ်အနက်မှ မြန်မာဗုဒ္ဓဘာသာဝင်တို့အတွက်သာ ရည်စူးတင်ပြခြင်းဖြစ်ပေသည်။

မြန်မာဗုဒ္ဓဘာသာဝင် လင်မယားနှစ်ဦးတို့ ပိုင်ဆိုင်သမျှပစ္စည်းသည် အတူတကွ ပိုင်ဆိုင်ကြခြင်းဖြစ်သည်။ တစ်ဦးကအတိအလင်းသဘောတူညီချက်မရှိဘဲ ထိုနှစ်ဦးပိုင်ပစ္စည်းကိုလွှဲပြောင်းခြင်းမပြုနိုင်ပေ။ အနီးဆုံးဥပမာအားဖြင့် ဆိုရလျှင် ယနေ့ကာလ၌ မြေကွက်ဂရန်၌ လင်မယားနှစ်ဦး၏ အမည်ပေါက်နေပါက ခင်ပွန်း၊ သို့မဟုတ် ဇနီးက သဘောတူညီချက် အထောက်အထားတစ်စုံတစ်ရာ ပေးအပ်ထားခြင်းမရှိလျှင် တစ်ဦးတည်းကတရားဝင် လွှဲပြောင်းခြင်းမပြုနိုင်သည်ကို သတိချပ်သင့်ပေသည်။

ကျွန်တော်တို့၏ ဝန်းကျင်တွင် သားသမီးများ အမွေပုံခွဲဝေရေး ပြဿနာမျိုးစုံ ဖြစ်နေကြသည်ကို တွေ့မြင်ဖူးလေမည်။ တစ်လင်၊ တစ်မယားတည်းမှ မွေးဖွားကြသူအချင်းချင်း အငြင်းပွားကြသည်လည်း ရှိ၏။ လင်ပါ၊ မယားပါ သားသမီးချင်းလည်းဖြစ်၏။ ပထွေးနှင့် သားသမီးများ၊ မိထွေးနှင့် သားသမီးများအမျိုးစုံလှပေသည်။ ကျွန်တော် အတွေးဆန့်မိသည်မှာ တစ်မိတစ်ဖတည်းမှ မွေးဖွားကြသူအချင်းချင်းပင်လျှင် အမွေကိစ္စအချင်းများကြသည်ဆိုပါက ကျွန်တော်စပ်ပုံမျိုးစုံ ပါဝင်လာကြသော သားသမီးဆွေမျိုးတို့ အမွေကိစ္စ ပြဿနာပေါ်ပေါက်ရခြင်းသည် ဆန်းကြယ်သည်ဟုပင် မဆိုသာတော့ပေ။ ထိုအမွေ

ပြဿနာပေါင်းစုံများထဲမှ "လင်မယား"ကျန်ခဲ့သည့်အမွေအတွက်သာ စဉ်းစားမိခြင်း ဖြစ်ပေသည်။

မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေအရ အမွေတောင်းခံ... အတွက် ပေါ်ပေါက်နိုင်သည့် အကြောင်းများရှိရပေသည်။ အ... သို့မဟုတ် အမိ ကွယ်လွန်သောအခါ ဩရသသားသမီးသည် အမွေလေးပုံတစ်ပုံ ရခွင့်ရှိပေသည်။ သို့သော် ဩရသသည် ...ငင်း၏ဝေစုကို ၁၂ နှစ်ကျော်လျှင် တောင်းခံပိုင်ခွင့် မရှိတော့ပေ။ တရားမမှုခင်းများသည် ကာလစည်းကမ်းသတ်ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်ကြရခြင်းကို အထူးဂရုပြုရပေသည်။

မိဘနှစ်ဦးအနက် တစ်ဦးသည် သဘာဝအားဖြင့် က... တစ်ဦးထက် စောစွာကွယ်လွန်ကြသည်။ မိဘနှစ်ဦးလုံး တစ်ပြိုင်နက်တည်း ကွယ်လွန်မှုသည် ဖြစ်ရိုးဖြစ်စဉ်ထက် ကျော်လွန်၍ဖြစ်ပွားမှုသာ ဖြစ်ပေသည်။ ကျန်ရစ်သော မိဘတစ်ဦးသည် ...ငင်းကွယ်လွန်သည်အထိ နောက်အိမ်ထောင်ပြုခြင်းမရှိဘဲ ...ကြသည်လည်း ရှိသည်။ တစ်ပင်လဲမှ တစ်ပင်ထူသောပြ... နောက်အိမ်ထောင်ပြုသည်လည်းရှိသည်။ ထိုသို့ နောက်အိမ်ထောင်ပြုသောအချိန်တွင် အမွေတောင်းရန် အခွင့်အရေး ပေါ်ပေါက်လာပေသည်။ ထိုအမွေတောင်းရမည့် အခွင့်အရေးသည်လည်း ကျန်ရစ်သူမိဘ နောက်အိမ်ထောင်ပြုချိန်မှ ၁၂ နှစ်အတွင်းသာ တောင်းခံနိုင်ပေသည်။ အချိန်ကား အလွန်အရေးကြီးလှပေသည်။

အမွေခံသားသမီးများသည် တစ်ပင်လဲလို့ တစ်ပင်ထူ...သော ကျန်ရစ်သူမိဘက မိထွေး/ပထွေးတစ်ဦးမှာ လောက...မှထွက်ခွာမည်လည်းရှိသည်။ ကျန်ရစ်ခဲ့သည်လည်းရှိသည်။ ထိုသို့ မိရင်းဖရင်းကွယ်လွန်ချိန်တွင် မိထွေး/ပထွေးထံမှ အမွေတောင်းခံခွင့်ရှိပေသည်။ ဤမျှဆိုလျှင် အမွေရှိလျှင် တောင်းနိုင်ခွင့် ကာလယန္တရားကို ခြုံငုံသိရှိနိုင်ပေမည်။ ဤမျှနှင့် မ...သေးပေ။ အမွေမှုကား အမှုသည်များစုံဖို့လည်းလို၏။ အမွေပစ္စည်းရှိဖို့လည်း လို၏။ အမွေပုံပစ္စည်းရှိသေးလျှင်ကား တစ်...ကျန်သေး၏။

မိရင်းဖရင်းလည်း ကွယ်လွန်ခဲ့ကြပြီ။ မိထွေး/ပထွေးတို့လည်း ကွယ်လွန်ခဲ့ကြပြီ။ ပထမအိမ်ထောင်နှင့် ဒုတိယအိမ်ထောင်တို့မှ သားသမီးတို့သာ ကျန်ရှိကြတော့၏။ ထိုသော...တွင် ပထမအိမ်ထောင်မှ သားသမီးများသည် ဒုတိယအိမ်ထောင်နှင့်မွေးသော သားသမီးများထံမှ အမွေတောင်းခွင့် ရှိပေ...သည်။

www.burmeseclassic.com

www.burmeseclassic.com

အမွေတောင်းခံရန် အခွင့်အရေးနှင့် ပတ်သက်၍ အကြောင်းအမျိုးမျိုးအပေါ် အခြေခံလျက် ပေါ်ပေါက်ကြောင်း အထက်တွင် တင်ပြခဲ့ပေသည်။ ကျွန်တော်တို့၏ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေသည် ရေးယခင် ဓမ္မသတ်များ၊ ထုံးဖွဲ့ခဲ့သော စီရင်ထုံးများကို အခြေခံလျက် ပေါ်ပေါက်ခဲ့ပေရာ ၁၉၉၁ ခုနှစ်တွင် ထုံးဖွဲ့ခဲ့သော စီရင်ထုံးတစ်ရပ်ဖြင့် သာဓကဆောင်ရလျှင် ပိုမိုရှင်းလင်းပေမည်။ အထူးသဖြင့် ဤစာစုအတွက် နောက်အိမ်ထောင်နှင့် အမွေဆက်ခံရေးကို ထင်သာမြင်သာရှိမည်ဟု ယူဆမိသည်။

ဦးကောင်းညိမ်းတွင် ဇနီးမယား သုံးဦးရှိခဲ့သည်။ ဒေါ်စောတင်သည် ပထမဇနီးမှမွေးသော သမီးဖြစ်သည်။ ဦးထွန်းစိန်ကား သားဖြစ်၏။ ဦးကောင်းညိမ်း ဒုတိယဇနီးနှင့် ဦးအေးမောင် သားတစ်ဦးထွန်းကားသည်။ တတိယဇနီး ဒေါ်ထွေးစိန်နှင့်တော့ သားသမီးထွန်းကားခြင်းမရှိ။ သို့သော် ဦးကောင်းညိမ်းနှင့် ဒေါ်ထွေးစိန်တို့သည် မတင်တင်ဝင်းကို ကိတ္တိမသမီးအဖြစ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုမွေးစားခဲ့ကြသည်။

ဦးကောင်းညိမ်း (၁၅-၁၁-၁၉၇၀)တွင် ကွယ်လွန်သည်။ ဒေါ်ထွေးစိန်က (၁၄-၅-၁၉၈၂)တွင် အနိစ္စရောက်သည်။ ၎င်းတို့နှစ်ဦးသည် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်လေးရပ်ကွက်၊ (၈၈)လမ်းနေအိမ်ကို ၁၉၅၃ ခုနှစ်ကတည်းက ဝယ်ယူပိုင်ဆိုင်ခဲ့ကြပြီး အစဉ်တစိုက် နေထိုင်ခဲ့ကြသည်။

ဦးကောင်းညိမ်း၏သမီး ဒေါ်စောတင်၊ သားဦးထွန်းစိန် (ကွယ်လွန်)၏ဇနီး ဒေါ်မြစိန်နှင့် သားဦးအေးမောင်၏ဇနီး ဒေါ်ဟန်တင်တို့၏ ရှေ့နေမှတစ်ဆင့် မတင်တင်ဝင်းထံ (၇-၆-၈၂)ရက်စွဲဖြင့် အကြောင်းကြားစာပေးပို့သည်။ မတင်တင်ဝင်း နေထိုင်လျက်ရှိသော မြေနှင့် အိမ်သည် အမွေဆိုင်ဖြစ်ကြောင်း၊ ၎င်းတို့လည်း အမွေဆိုင်ကြောင်း သိစေခဲ့သည်။

ထိုအကြောင်းကြားစာအရ မတင်တင်ဝင်း စိတ်လှုပ်ရှားရချေပြီ။ မိမိတစ်ဦးတည်း မွေးစားသူမိဘများနှင့် အနှောင့်အယှက်ကင်းစွာ နေထိုင်ခဲ့သော မြေနှင့်အိမ်ကို မိခင်ကွယ်လွန်ပြီး လပိုင်းမျှသာ ရှိသေးသည်၊ အနှောင့်အယှက်က စတင်ချေပြီ။ မတင်တင်ဝင်းစဉ်းစား၏။ မြန်မာစကားတွင် "လူမတတ် လက်တက်ထုပ်တတ်"ရှိသည်ပဲ မဟုတ်ပါလား။ ရှေ့နေရှေ့ရပ်နှင့် တိုင်ပင်၏ မြေနှင့်အိမ်ကို လက်လွှတ်မခံချင်၊ တရားစွဲပြီး အပိုင်ရချင်၏။

ဒေါ်စောတင်၊ ဒေါ်မြစိန်နှင့် ဒေါ်ဟန်တင်တို့အပေါ် မတင်တင်ဝင်းက မြေနှင့်အိမ်ကို အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု စွဲဆိုသည်။ တိုင်းတရားရုံးက မတင်တင်ဝင်းတစ်ဦးတည်း အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူမဟုတ်ကြောင်း သုံးသပ်ပြီး အမှုကို စရိတ်နှင့်တကွ ပလပ်သည့် ဒီကရီချမှတ်သည်။ ပိုင်မယ်အထင်နှင့် အမှုစွဲပါက ပလပ်ခံရခြင်းကို မတင်တင်ဝင်းက မကျေနပ်။ နိုင်ငံတော်တရားရုံးချုပ်သို့ အယူခံမှု တင်သွင်းသည်။ အယူခံရုံးတော်ကလည်း မူလရုံးကဲ့သို့ပင် မတင်တင်ဝင်းသည် အချင်းဖြစ်ပစ္စည်းတွင် တစ်ဦးတည်း အမွေဆက်ခံခွင့်ရှိသူ မဖြစ်နိုင်ဟု သဘောတူသည်။ အယူခံမှုကို ပလပ်လိုက်လေသည်။

မတင်တင်ဝင်းစွဲဆိုမှုတွင် တရားရုံးများက ဦးကောင်းညိမ်းနှင့် ဇနီးများ၏ သားသမီးအားလုံးတို့သည် အမွေသက်ဆိုင်ကြသူများဟု ရှုမြင်သည်။ ကိတ္တိမသမီး မတင်တင်ဝင်းသည်လည်း အမွေဆိုင်သူဖြစ်သည်။ မတင်တင်ဝင်းတစ်ဦးတည်း ပိုင်ဆိုင်လိုသော မြေနှင့်အိမ်သည် အမွေဆိုင်ပစ္စည်း ဖြစ်ပေသည်။

ကျွန်တော်တို့၏ တရားစီရင်ရေးလုပ်ငန်းသည် တရားစွဲဆိုသည့် ပုံစံအရေးကြီးလှ၏။ စွဲဆိုပုံမှားယွင်းပါက အချိန်ကုန်လူပန်း ဖြစ်တတ်ပေသည်။

မတင်တင်ဝင်းက တစ်ဦးတည်းပိုင်ဆိုင်ကြောင်း စွဲဆိုသကဲ့သို့ ဦးကောင်းညိမ်း၏ ပထမနှင့် ဒုတိယဇနီးတို့၏ သားသမီးများကလည်း အမွေပုံပစ္စည်း ခွဲဝေပေး ... ဆိုကြလိမ့်မည်ဟု ယူဆသည်။ ကျွန်တော် ထိုသို့ ယူဆခြင်းသ ... အကြောင်းရှိပါသည်။ မတင်တင်ဝင်းထံ အမွေဆိုင်ပ ... ကြောင်း ၎င်းတို့၏ ရှေ့နေမှ အကြောင်းကြားစာပို့အပ် ... သက်သေခံနေပေသည်။

ကျွန်တော်၏စာစုကို ... ဆုံးသတ်ရပေမည်။ နောက်အိမ်ထောင်နှင့် အကျိုးဆက်များ ... ည်ကိုလည်း သုတအဖုံဖုံ ရနိုင်ကုန်အံ့ထင်သည်။

ဦးကောင်းညိမ်း၏ အမွေခံသားသမီးများတို့၏ မြေနှင့်အိမ်အခြေပြု အမွေလုဇာတ်လမ်းကား ဆက်ရန်ရှိဦးမည် ဖြစ်ပါသည်။

ဦးဝင်းလှိုင်(တရားရုံးချုပ်ရှေ့နေ)

ကိုးကား

- မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ
- မတင်တင်ဝင်းနှင့် ဒေါ်စောတင်ပါ-၃ (၁၉၉၁-မ·တ·စ-၆၆)

www.burmeseclassic.com

www.burmeseclassic.com

တစ်နှစ်လျှင် ကလေးသူငယ် ၆၀,၀၀၀ ပျောက်ဆုံးနေသောနိုင်ငံ

ဦးဦးသိန်း

လွန်ခဲ့သော ခုနစ်နှစ်၊ အောက်တိုဘာလ ညနေတွင် အိန္ဒိယပြည်၊ နယူးဒေလီမြို့၏ ဆင်ခြေဖုံးရပ်ကွက်တစ်ကွက်၌နေသော အသက် ၉ နှစ်သားလေး ရဇ်ဝမ်းသည် မိဘများအား "ကျွန်တော် သူငယ်ချင်းတွေနဲ့ ခရစ်ကက်သွားကစားဦးမယ်"ဟုပြောပြီး အိမ်မှ ထွက်သွားရာ အိမ်သို့ပြန်မရောက်လာတော့။

www.burmeseclassic.com

www.burmeseclassic.com

ပန်းရန်သမားတစ်ယောက် ဖြစ်သော ရင်ဝမ်း၏ဖခင်သည် ရဲစခန်းသို့သွား၍ သူ့သားပျောက်ဆုံးနေကြောင်း တိုင်ကြား၏။ ရဲတို့က မှတ်သားမှုများပြုလုပ်ပြီး "ငါတို့လုပ်စရာရှိတာ ဆက်လုပ်မယ်"ဟု ပြောလိုက်သည်။ ရင်ဝမ်း၏မိဘများသည် သားဖြစ်သူ ပြန်လာနိုး၊ ပြန်လာနိုးနှင့် မျှော်ရင်း ရင်ဝမ်း၏ဖခင်သည် ၂၀၁၂ တွင် သေဆုံးသွား၏။

ရင်ဝမ်းသည် ကမ္ဘာပေါ်၌ လူဦးရေ ဒုတိယအများဆုံးဖြစ်သော အိန္ဒိယပြည်တွင် တစ်နှစ်လျှင် ပျောက်ဆုံးနေသော ကလေးသူငယ် ၆၀,၀၀၀ စာရင်းတွင် တစ်ယောက်အပါအဝင် ဖြစ်သွား၏။

ရင်ဝမ်း၏မိခင်ဖြစ်သူ ရာဘီယာခါတွန်းက "ကျွန်မတော့ သားဖြစ်သူ ရင်ဝမ်း ပြန်လာတော့မှာမဟုတ်ဘူး၊ ကျွန်မ မမျှော်လင့်တော့ဘူး"ဟု စိတ်မကောင်းစွာဖြင့် ပြောလေ့ရှိ၏။

အိန္ဒိယပြည်တွင် ပျမ်းမျှခြင်းအားဖြင့် ရှစ်မိနစ်လျှင် ကလေးသူငယ်တစ်ယောက်နှုန်းဖြင့် ပျောက်ဆုံးနေသည်ဟု အမျိုးသားရာဇဝတ်မှု ကိန်းဂဏန်းဌာနမှ သတင်းထုတ်ပြန်ခဲ့၏။ ပျောက်ဆုံးနေသော ကလေးသူများထဲမှ ၄၀ ရာခိုင်နှုန်းကို ပြန်လည်ရှာတွေ့ဟု သိရ၏။

အိန္ဒိယပြည်တွင် ကလေးသူငယ်များ ပျောက်ဆုံးမှုများကို တာဝန်ယူကိုင်တွယ်ဆောင်ရွက်ရမည့်သူများမှာ ရဲတပ်ဖွဲ့ဝင်များ ဖြစ်၏။ သို့သော် အိန္ဒိယပြည်၏ တပ်ဖွဲ့ဝင်အင်အားမှာ အိန္ဒိယလူဦးရေနှင့် ချိန်ညှိမှုမရှိဟု ဥပဒေကျွမ်းကျင်သူများက ပြောကြသည်။

အိန္ဒိယပြည်တွင် ကလေးသူငယ်များ ပျောက်ဆုံးရခြင်း၏ အကြောင်းရင်းများတွင် အိမ်၌နေရသည်မှာ ပျော်ရွှင်မှုမရှိခြင်း၊ မိဘများက သားသမီးများကို ကြမ်းတမ်းစွာ ကိုင်တွယ်ခြင်း၊ အချို့သော မိဘများသည် ဆင်းရဲလွန်းသောကြောင့် သားသမီးများကို မကျွေးနိုင်၍ စွန့်ပစ်လိုက်ခြင်း၊ အချို့သော ကလေးသူငယ်များမှာမူ မိဘများနှင့် အတူတူခရီးသွားရင်း မိဘများနှင့် ကွဲကွာကာ ပျောက်ဆုံးသွားခြင်း စသောအကြောင်းရင်းများ ပါရှိ၏။

ပျောက်ဆုံးသွားသော ကလေးသူငယ်အများစုမှာ ဆင်းရဲနွမ်းပါးသော မိသားစုဝင် ကျား-မ-ကလေးသူငယ်များ ဖြစ်ကြ၏။

ပျောက်ဆုံးနေသော ကလေးသူငယ်အများစုမှာ မသမာသူတို့၏ တောင်းရမ်းခိုင်းခြင်းကို ခံရ၏။ လယ်ယာများတွင် အတင်းအဓမ္မအခိုင်းခံခဲ့ရခြင်း၊ စက်ရုံအလုပ်ရုံများ၌ အခိုင်းခံရခြင်း၊ အမျိုးသမီးငယ်များမှာမူ လိင်ကိစ္စတွင် အသုံးချခံရခြင်းများ ရှိ၏။

သားသမီးမရသူများသည် မွေးကင်းစကလေးငယ်များကို ဝယ်ယူ၍ မွေးစားခြင်းမျိုးလည်း ရှိ၏။

အိန္ဒိယပြည်တွင် ကလေးသူငယ်များကို ပြန်ပေးဆွဲမှု အလွန်များ၏။ ၂၀၁၁ တွင် အိန္ဒိယ၌ ကလေးများကို ပြန်ပေးဆွဲမှုပေါင်း ၁၅၂၈၄ မှုရှိခဲ့ရာ ၂၀၁၀ ကထက် ၄၃ ရာခိုင်နှုန်းတိုးလာ၏။

အိန္ဒိယပြည်တွက် ကလေးသူငယ်များကို ပြန်ပေးဆွဲသော ဒုစရိုက်ဂိုဏ်းပေါင်း ၈၀၀ ကျော်ရှိသည်ဟု အိန္ဒိယရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထား၏။

ပျောက်ဆုံးသွားပြီးမှ အိမ်သို့ပြန်ရောက်လာသောဖြစ်ရပ်အချို့ ရှိ၏။ သို့သော် အလွန်ရှား၏။

ရိုဟာစ်ကူးမား(၁၄ နှစ်)သည် လွန်ခဲ့သော လေးနှစ်ခန့်က အိမ်မှပျောက်သွား၏။ သူ့ကို ကလေးသူခိုးဂိုဏ်းတစ်ဂိုဏ်း အုတ္တာပရာဒက်ရှ်ပြည်နယ်ရှိ ကျေးရွာတစ်ရွာ၏ အုတ်လုပ်ငန်းလုပ်သူထံ ရောင်းစားသွား၏။ ကူးမားသည် အခြားကလေးများနှင့်အတူ ပင်ပင်ပန်းပန်း အုတ်ဖုတ်ရ၏။ တစ်ညတွင် သူတို့ကို ပိတ်လှောင်ထားသော အခန်းတံခါးဟနေရာ ကူးမားနှင့် အခြားကလေးနှစ်ယောက်သည် တစ်ညလုံး ထွက်ပြေးကြ၏။ သူတို့ လမ်းတွင် တွေ့သူများအား ရဲစခန်းဘယ်မှာရှိသလဲဟု မေးပြီး ရဲစခန်းတစ်ခုသို့ အရောက်သွားကြ၏။

ကူးမားသည် ဒေလီမြို့စွန်၌ နေခဲ့သူဖြစ်ရာ သူ့အိမ်လိပ်စာကို မသိသော်လည်း သူ့အိမ်နီးချင်းတစ်ယောက်၏ အမည်နှင့် အိမ်လိပ်စာကို သူမှတ်မိသောကြောင့် ရဲတို့ကိုပြောပြရာ ရဲတို့က သူ့ကို သူ့အိမ်သို့ ပြန်ပို့ပေးနိုင်ခဲ့၏။

ယခုအခါ ကူးမားသည် အိမ်မှတစ်ယောက်တည်း မထွက်ရဲတော့။

ဦးဦးသိန်း

Strait Times, 19.3.2013

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ပန်းဝတ်မှုန် ကောက်ကြောင်း

□ တက္ကသိုလ် ရက္ခဗျာလ

ပန်းဝတ်မှုန်

နာမည်ကလေးက လှသည်။ လှကကော ချောပါသည်၊ လှပါသည်။ ဤရွာကလေး၏ ကွမ်းတောင်ကိုင်၊ ဤအရာအားလုံးသည် သူ့အတွက်ပြည့်စုံပါ၏။ မပြည့်စုံသည်က စားဝတ်နေရေး။ ဤရွာကလေး၏ ဆင်းရဲသားလူတန်းစားအလွှာ၏အောက်ဆုံးမှာ၊ တစ်နေ့လုပ်တစ်နေ့စားဘဝပါ။ ဖအေလည်းရှိ၏၊ မအေလည်းရှိ၏။ သို့သော် ဖအေသည်ရှိသည်ဟုသာ ဆိုရသည်။ အိမ်ကိုကပ်သည်မရှိ မောင်နှမ မရှိ၊ တစ်ဦးတည်းသောသမီးချောလေး၊ အသက်အားဖြင့် ၁၅-နှစ်အရွယ်။

ပန်းဝတ်မှုန် ကျောင်းနေဖူးပါသည်။ ဒါပေမယ့် ဆင်းရဲသောမိဘတို့၏ မထောက်ပံ့နိုင်မှုကြောင့် လေးတန်းအောင်ပြီး ကျောင်းထွက်ခဲ့ရသည်။ ပညာရေးမပြည့်စုံ၊ အတွေ့အကြုံဗဟုသုတလည်းမရှိ။ ဆင်းရဲသူဘဝတွင် တိုးတက်ဖို့ ကြီးပွားဖို့ရန်မှာ အတော်ပင်အလှမ်းကွာလှသည်။ မိဘတို့၌လည်း ကိုယ်ပိုင်အလုပ်အကိုင်မရှိ၊ ကြုံရာကျပန်းဆိုတော့လည်း ပန်းဝတ်မှုန်၏အလုပ်သည် အရွယ်နှင့်မမျှအောင် ကျပန်းအလုပ်ကို လုပ်ခဲ့ရသည်။ ကျပန်းအလုပ်ဆိုသော်လည်း တောသဘာဝအလျောက် ကောက်စိုက်၊ တောတက်ရွာထဲတွင် အလုပ်ရှိလျှင်လည်းလုပ်၊ ချမ်းသာသောသူတို့၏ ခိုင်းဖော်ခိုင်းဘက်၊ ဤသို့သာ သူမကြီးပြင်းခဲ့ရသည်။

* * * * *

အိပ်မက်ဆိုတာ လူတိုင်းရှိသည်။ ထိုအိပ်မက်သည်ကား စိတ်ကူးယဉ်အိပ်မက်ဖြစ်ပါသည်။ လူတိုင်းမက်ခွင့်ရှိသော စိတ်ကူးယဉ်အိပ်မက်ကို လွတ်လပ်စွာမက်ခဲ့ကြသည်။ တချို့က ထိုအတိုင်းအကောင်အထည်ဖော်သည်။ တချို့ကျတော့ လက်တွေ့အကောင်အထည်မဖော်ကြ၊ တချို့ကြတော့လည်း မိမိရည်မှန်းချက်ထားသည်ကို အကောင်အထည်ဖော်ချင်ရဲ့ သို့သော် အခြေအနေမပေးချေ။ ထို့ကြောင့် မိမိစိတ်ကူးယဉ်ထားသည်ကိုမရောက်နိုင်ကြပေ။

မြန်မာစကားပုံတစ်ပုဒ် ရှိပါသည်။ ရင်လောက်တင်မှ ခါးလောက်ကျမည်တဲ့။ ပန်းဝတ်မှုန်၏ရင်လောက်တင်ထားသော စိတ်ကူးယဉ်အိပ်မက်၊ သို့မဟုတ်

www.burmeseclassic.com

www.burmeseclassic.com

ရည်ရွယ်ချက်သည် ရင်လောက်လည်း မရောက်၊ ခါးလောက်လည်းမကျ၊ ခြေဖဝါးအောက်တွင်သာ ကျသည်ဟုသာ ဆိုရပေမည်။ ပန်းဝတ်မှုန်သည် ဆင်းရဲခြင်းဒဏ်ကိုမခံနိုင်တော့။ ထို့ကြောင့် သူမစိတ်ကူးယဉ်အိပ်မက်တို့ကို မက်နေခဲ့သည်။ ငါ တစ်နေ့ သူဌေးမကြီးဖြစ်ရမည်လို့။

"ဟဲ့ မိဝတ်မှုန်"

"ရှင် အမေ"

"ရှင်အမေလုပ်မနေနဲ့ ညည်းမဖြစ်နိုင်တာတွေချည်း ထိုင်ထိုင်စိတ်ကူးယဉ်နေတယ်၊ လောလောဆယ် ဖြစ်နိုင်တာကိုလုပ်၊ သွား ယက်သဲ့သွားယူ ချောင်းဆင်းရအောင်၊ ညည်းအဖေက အလုပ်ကို လက်ကြောတင်းအောင်လည်း မလုပ်ချင်၊ တစ်နေ့တစ်နေ့ သေရည်ထဲမှာပဲ ပျော်နေတာ၊ ဒီညနေ ဘာနဲ့စားမလဲ၊ ထမင်းချက်ဖို့ ဆန်မရှိဘူး၊ ညည်းအဖေအလာကို စောင့်နေရင် ငတ်ဖို့ပဲရှိတော့တယ်၊ သူလုပ်တဲ့အလုပ်ကရတဲ့ဟာက သူ့အရက်ဖိုးတောင် လောက်တာမဟုတ်ဘူး"

ဟုတ်လည်း ဟုတ်ပေသည်။ ဝတ်မှုန်အဖေမှာ တစ်နေကုန်အရက်သောက်နေတတ်ပြီး မိန်းမနှင့်သမီးရှိသည်ဟုပင် မထင်။ အလုပ်ကတော့ မလုပ်မဟုတ် လုပ်ပါသည်။ သူလုပ်တဲ့အလုပ်လည်း ပြန်ကြည့်လေ၊ ရာသီပေါ်အလုပ် မိုးဆိုလျှင်လယ်ထွန်၊ ပျိုးနုတ်၊ တောင်တက်တောတက် ကြုံရာအလုပ်လုပ်ပါသည်။ သို့သော် ငွေကြေးနှင့်ဝေးရမ်းသော အလုပ်ကအနည်းငယ်ရယ်။

ရွာလေ့အတိုင်း ပျိုးနုတ်ကြမယ်ဟေ့၊ ဘယ်သူ့ရေ ဘယ်ဝါရေ လာခဲ့ဦးဆိုလျှင် ခေါ်တဲ့သူရှိရင်သူလာသည်။ သူ့မှာလုပ်စရာရှိလျှင် ကျန်တဲ့လူခေါ်သည်။ ကျန်တဲ့သူလုပ်စရာရှိလျှင်လည်း သူ့ကိုခေါ်၊ ဒီလိုသာလုပ်ကြခြင်း ဖြစ်သည်။ အဲ-အဲဒီလိုခေါ်ပြီဆိုလျှင် ကာလသားဟင်းချက်၊ အရက်ကိုကြိုက်သလောက်သောက် ထည့်ပေးထားတော့ ဝတ်မှုန်အဖေ ငွေမောင်တစ်ယောက်အကြိုက်။ ထမင်းပါကျွေးသေးတော့လည်း အိမ်မပြန်၊ အိမ်မှာကျန်ရစ်သူတွေက သူ့ရှာတာသာစားရမည်ဆိုလျှင် ငတ်မည်သာ။ ဒါကြောင့်ဝတ်မှုန်အမေဒေါ်ကျော့သာတစ်ယောက် ကိုယ့်ဝမ်းကိုယ်ထမ်းသလို ကိုယ့်ဟာကိုရှာစားရသည်သာ။

အခုတော့လည်း ရာသီပေါ်အလုပ်တစ်ခုဖြစ်သော ငါးသိန်းသုတ်ကယ်ကို ယက်သဲ့နှင့်ဖမ်း၍ ရလာသည်ကိုရောင်းရပေဦးမည်။ ထို့မှသာ ညစာအတွက် အဆင်ပြေမည်မဟုတ်ပါလား။

* * * * *

ဒီနှစ်ကတော့ တော်သလင်းနေပုစွန်မသေဘဲ တော်သတင်းမိုး ကန်သင်းကျိုးဆိုသလို မိုးကမရွာလိုက်နှင့် ရွာလိုက်လျှင်ဖြင့် ကန်သင်းကျိုးနိုင်လောက်ပေသည်။ သို့သော် နေ့တိုင်းရွာနေသည်တော့မဟုတ်၊ တော်သလင်းနေပုစွန်သေဟူသော ဆောင်ပုဒ်ဆိုရိုးစကား စကားပုံအတိုင်း ပုစွန်သေလောက်အောင်လည်း ပူပါသည်။

မနေ့က ရွာသွန်းထားသော မိုးအချိန်ကြောင့် ချောင်းရေတို့ တရပေါ်ာစီးဆင်းနေသည်။ ကောင်းကင်ထက်ကနေမင်း၏အရှိန်ကြောင့် ပုစွန်သေမသေတော့မသိ လူတော့သေနိုင်လောက်အောင်ပူပါသည်။ ပန်းဝတ်မှုန်တို့သားအမိ ထွက်လာကတည်းကခြစ်ခြစ်တောက်ပူနေသော နေသည်ကျောပြင်တစ်ခုလုံးကို အရေခွံဆုပ်နွာနေသလို။

ပန်းဝတ်မှုန်တို့အဖို့မှာတော့ နေပူမရှောင်၊ မိုးရွာမရှောင် ရာသီအလိုက်လိုက်လျော၍ လုပ်ကိုင်စားသောက်ရသောဘဝမို့ နေပူကိုလည်းမရှောင်နိုင်ပေ။ ကျောကွဲမတတ်ပူသော နေပူရှိန်ကို အေးမြသောနှင်းစက်တို့ တဖြောက်ဖြောက် ကျရောက်နေသည့်အလားအပူကိုအအေးလုပ်ကာ ချောင်းစပ်သို့ဆင်းလာခဲ့ကြသည်။

တစ်ဒီးဒီးကျရောက်လာသော ချွေးတို့ကို လက်ဖမိုးဖြင့်သုတ်၍ ချောင်းစပ်အရိပ်ရသောအပင်အောက်တွင် ခေတ္တဝင်ထိုင်ကာ အမောဖြေလိုက်သည်။ နွေရာသီ၌ ကြည်လင်သလောက် မိုးရာသီတွင် နောက်ကျိနေသော ရေပြင်ကိုကြည့်၍ တစ်ချက်တစ်ချက် တိုက်ခတ်လာသော လေပြေကိုခံယူရင်း အသင့်ပါလာသော ရေဘူးမှရေအနည်းငယ်ကို သောက်လိုက်သည်။

"ဟူး ပူလိုက်တဲ့နေနော် ကမ္ဘာမြေတောင် မီးတောက်တော့မလား မသိဘူး"

"ဟုတ်ပါ့ သမီးရယ် ကမ္ဘာမြေမီးတောက်မတောက်တော့ မသိဘူး၊ ငါ့ခန္ဓာကိုယ်တစ်ခုလုံးမီးဟုန်းဟုန်းတောက်နေသလားလို့ ထင်ရတယ်"

"ဒီအတိုင်းသာ ပူနေလို့ကတော့ လယ်ထဲက ပြန်မဆင်းနိုင်တဲ့ ငါးတွေတဖျတ်ဖျတ်ခုန်နေမှာပဲ၊ အမေ နက်ဖြန် ငါးအိုင်ပက်ကြမလား"

www.burmeseclassic.com

"ငါးအိုင်ပက်လို့ ဝမ်းဝမလားဟဲ့ မဖြစ်စလောက် ရမယ့်ဟာကို အားကျမနေနဲ့"

သူတို့သားအမိ ပြောချင်စရာကောင်းလောက်အောင် နေကပူသလို၊ နေပူရှိန်ကြောင့် တဖြည်းဖြည်းခန်းခြောက်လာသော လယ်ကွင်း၊ ရေအိုင်တို့မှ အပူဒဏ်မခံစားနိုင်သောငါးတို့ လွတ်ရာလွတ်ကြောင်းဖြင့် ထထခုန်နေသည်မှာ ပွဲတော်ကြီးကျင်းပနေသလားထင်ရသည်။

အမောပြေနေပြီ ဖြစ်ကြသော်လည်း နေအပူရှိန်ကိုကြည့်ပြီး ပန်းဝတ်မှုန်တို့သားအမိ အပင်ရိပ်အောက်မှ ထွက်ဖို့ရန် ဝန်လေးနေကြသည်။ အပူဒဏ်ကိုခံနိုင်ရန် အင်္ကျီလက်ရှည်ကို ဝတ်ဆင်ထား၍လည်း ချွေးတို့ဖြင့် စိုရွှဲနေသည်။ မျက်နှာပြင်မှာ ခပ်ထူထူသိမ်းလာသော ရှင်မတောင်သနပ်ခါးမှာသည်း ချွေးတို့သယ်ဆောင်သွားသဖြင့် ငင်းကြောင်းရာတို့ ထင်ကျန်ရစ်သည်။

"ကဲ သမီးရေ နေပူပြင်းကိုထွက်ဖို့ ကြောက်လို့မရဘူး ထမင်းငတ်လိမ့်မယ်"

ဒီအတိုင်းထိုင်နေလျှင် ထမင်းငတ်နိုင်သာရှိမည်။ နေပူရှိန်က လျော့သွားဦးမည်မဟုတ်၊ နေကျလေ ပူလေသလားသိချေ။ နောက်နေသော ရေပြင်ကိုကြည့်ရင်း ပန်းဝတ်မှုန်တို့သားအမိ ယက်သဲ့ကိုယ်စီကိုင်ဆောင်၍ ချောင်းရိုးအသေးအတိုင်း ငါးသိမ်းတုတ်ကယ်တို့ ပျော်ပွဲစားဘယ်မှာ ထွက်နေသည်ကို ရှာဖွေခဲ့ကြသည်။

ရေဆန်ကိုဆန်၍ တက်လာကြမည့် ထိုငါးကလေးတို့မှာ နောက်ကျိနေသော ရွှံ့ရောင်ရေပြင်၌ သူတို့၏ရွှံ့ရောင်အသားအရေတို့ကြောင့် အမှုမဲ့အမှတ်မဲ့ ကြည့်လျှင်မမြင်ရပေ။ ထိုငါးကလေးများဟာ ငါးထဲမှာ အသေးဆုံးဖြစ်မည်ထင်ပါသည်။ ငါးသားပေါက်တို့ထက် သေးငယ်လွန်းသည်။

ရေဆန်ကိုအန်တု၍ ချောင်းကမ်းရိုးတစ်လျှောက် ဆန်တက်လာမည့် ငါးသိမ်းတုတ်ကယ်အုပ်စုကို တွေ့ပြီဆိုလျှင်တော့ ယက်သဲ့ဖြင့်ဆယ်ယူ၍မကုန်နိုင်အောင်ပင်။ တချို့ဆိုလျှင် မနိုင်လောက်အောင်ဖြစ်ရပြီး အိမ်ပြန်ရောက်လျှင် ကိုယ်လက်တို့ ကိုက်ခဲနေပေတော့သည်။

"ဒီမှာတွေ့ပြီ အမေရေ မြန်မြန်လာ မြန်မြန်လာ"

"လာပြီဟေ့ ဘယ်မှာလဲ"

"ဒီမှာ ဒီမှာ"

တစ်ကောင်နောက်က တစ်ကောင်ကပ်၍ လိုက်ပါလာသော ငါးသိမ်းတုတ်ကယ်တန်းကိုတွေ့သည်နှင့် သမီးဖြစ်သူကအားရပါးရလှမ်းခေါ်သဖြင့် ဒေါ်ကျော့သာအပြေးတစ်ပိုင်းဖြင့် လှမ်းသွားလိုက်သည်။ တစ်ကောင်ပေါ် တကောင်ကျော်တက်ကာ လျှင်မြန်သောရေအလျဉ်ကိုဆန်တက်၍ ကူးခတ်နေသည်မှာ ရန်ကုန်မြို့တော်က လိုင်းကားများတစ်စီးနှင့်တစ်စီး အပြိုင်မောင်းနေသလို၊ ကွေ့ကောက်သောလမ်းအတိုင်း အစာရှာထွက်နေသော ပုရွက်ဆိတ်တန်းလို၊ ရွာဘုရားပွဲလှည့်သလိုပင်။

ပန်းဝတ်မှုန်နှင့် ဒေါ်ကျော့သာတို့သားအမိနှစ်ယောက် ယက်သဲ့ကိုယ်စီဖြင့် ရေဆန်ကို အန်တုတက်နေသော ငါးသိမ်းတုတ်ကယ်အုပ်ထဲ ရှေ့ကနေကာဆီး၍ ခံလိုက်သဖြင့် ငါးသိမ်းတုတ်တို့မှာ ယက်သဲ့ထဲသို့ဝင်ရောက်၍ ထိုယက်သဲ့ကို ဆယ်မလိုက်လျှင် တစ်ထွေးကြီး ဒေါ်ကျော့သာတို့ပလိုင်းထဲသို့ ရောက်ရှိသွားတော့သည်။

တစ်တင်းခွဲခန့်ဆံ့သော တင်းတောင်းထဲသို့လည်း အထပ်လိုက်ပါသွားသည်။ ကျောင်းစာထဲမှာ သင်ခဲ့ရသော ခေါင်းတစ်ရာသားဆိုသည်မှာ ဤသည်ကိုပြောသည်ထင်အံ့။ ၁၀-မိနစ်ခန့် ယက်သဲ့ဖြင့် ကျုံးထည့်လိုက်သည်နှင့် အသင့်ယူဆောင်လာသော တင်းတောင်းနှင့်ပုလိုင်းထဲတွင် ပြည့်လျှံသွားတော့သည်။

ထည့်စရာမရှိတော့။ ငါးသိမ်းတုတ်ကယ်တို့ကားမကုန်နိုင်သေးပေ။ နောက်ထပ်နာရီဝက်ခန့် ထပ်ဆယ်လိုက်လျှင်တောင် ကုန်မသွားနိုင်ပေ။ ဒေါ်ကျော့သာ လောဘအဝေ..မသတ်နိုင်သေး၊ မိမိယက်သဲ့ကိုအောက်မှာချ၍ သမီးဖြစ်သူ ယက်သဲ့ကိုလှမ်းယူကာ ဆယ်ယူ၍ပါလာသော ငါးသိမ်းတုတ်ကယ်တို့ကို အောက်၌ချထားသော မိမိယက်သဲ့ထဲသို့ ပြန်ထည့်လိုက်သည်။

"ငါကိုက မှားတာပါအေ ထည့်စရာများများ ယူလာခဲ့အကောင်းသား။ ကြည့်စမ်းပါဦး ငါးသိမ်းတုတ်ကယ်က အများ

www.burmeseclassic.com

www.burmeseclassic.com

ကြီးရှိသေးတယ် ထည့်စရာကမရှိတော့ဘူး"

"ဟာအမေကလည်း ဒီလောက်ဆိုတော်ပြီပေါ့၊ ဒီငါးတွေတောင် ကုန်အောင်ရောင်းဖို့ မလွယ်သေးဘူး။ အဲဒီငါးတွေ ပြန်ဆင်းလာတော့ ရဦးမှာပေါ့ ပြီးတော့ နက်ဖြန်လည်းလာရဦးမှာပဲ ငါးကကုန်တယ်လို့ ဘယ်ရှိမလဲအမေရယ်၊ ဒီလောက်ဆို လုံလောက်ပါပြီ"

ဟဲ့ မိဝတ်မှုန် ငါတို့က ဒီရာသီမှာ ဒီငါးကိုရောင်းရတာဟဲ့ ရာသီကုန်ရင်နောက်အလုပ်က မလွယ်သေးဘူး၊ များများရမှ ပိုက်ဆံလည်းများများရမှာ၊ ဒါမှ အလုပ်မရှိတဲ့အချိန်ဆို အဆင်ပြေမှာပေါ့၊ ဆပ်စရာ အကြွေးတွေလည်း ရှိသေးရဲ့မဟုတ်လား"

"ဒါလည်းဒါပေါ့အမေရယ်၊ နောက်နေ့လည်းလာဦးမှာပဲဟာ၊ နေကလည်းပူနဲ့ အိပ်စောစောပြန်ပြီး စွဲနိုင်သလောက်ရောင်းနေရဦးမယ်၊နက်ဖြန်မနက်လည်း ရွာနီးချုပ်စပ် သွားရောင်းရဦးမယ်၊ဒါတွေသာကုန်အောင်ရောင်းနေရရင်ခြေညောင်းလို့သေရချည့်ရဲ့"

"အေးပါအေ ညည်းကလဲတကတည်း ရတုန်းရှာမယ်မကြံဘူး အလုပ်ဖြင့်မလုပ်ရသေးဘူး၊ ဘာဖြစ်မယ် ညာဖြစ်မယ်နဲ့ ဆင်ခြေကအရင်၊ ညောင်းလည်းလုပ်ရမှာပဲ၊ စကားပုံတောင်ရှိတယ်မဟုတ်လား၊ ဘာတဲ့ ဟို... အနာခံမှ အသာစံရမယ်၊ နေရိပ်ကိုလိုချင်နေပူကစောင့်ရတယ်တဲ့ မှတ်ထား ချွေးထွက်များမှ သွေးထွက်နည်းမယ်ဟေ့"

ဒေါ်ကျော့သာသည် ဘီလူးသဘက်ဝင်ပူးနေသလားထင်ရလောက်အောင် ငါးသိမ်းတတ်ကယ်တွေကိုသဲသဲမဲမဲ ယက်သဲ့ဖြင့် ဆယ်ယူနေသည်။ အားမလိုအားမရ ဖြစ်ဟန်တူပါသည်။ ဒေါ်ကျော့ ထဘီကိုခပ်တိုတိုပြင်ဝတ်၍

ဟဲ့ မိဝတ်မှုန် ငှက်ပျောလက်သွားခူးချည် ထည့်ရအောင်"

ဝတ်မှုန်လည်း သူမမိခင်ကို တားမရနိုင်တော့မှန်းသိသဖြင့် နိုင်းတဲ့အတိုင်း ငှက်ပျောလက်ခူးရန် ငှက်ပျောပင်ရှိရာသို့ထွက်သွားသည်။ ဒေါ်ကျော့သာ ယက်သဲ့ကို သေချာစစ်၍ နောက်တစ်ကြိမ်ယက်သဲ့ဖြင့် ထိုးကော်သည်။ ငါးအုပ်က တည့်တည့်သွားနေရာမှ သူမမလိုက်သော အရှိန်ပြင်းသဖြင့် ရေနက်နက်ဘက်က ကွေ့ပတ်သွားသည်။ ဒေါ်ကျော့သာလည်း ထိုးကော်စဉ်က ပါလာသောငါးတို့နည်းသဖြင့် နောက်တစ်ကြိမ်ငါးသွားရာလမ်း၏ရှေ့တွင် ယက်သဲ့ဖြင့်ထိုးကော်လိုက်ရာ အရှိန်လွန်၍ ရေထဲထိုးကျသွားသည်။ ထိုနေရာသည် ရေအနည်းငယ်နက်သည့်အပြင် ချောင်းရေကျနေသော အရှိန်မသေသေးတာကတစ်ကြောင်းကြောင့် ရေမကူးတတ်သော သူမရေထဲတွင် ယက်ကန်ယက်ကန်ဖြင့် မြုပ်လိုက်ပေါ်လိုက်ဖြစ်ကာ နောက်ဆုံးပြန်ပေါ်မလာတော့။

ငှက်ပျောလက်ခူး၍ ပြန်လာသောပန်းဝတ်မှုန်တစ်ယောက် မိခင်ကိုမတွေ့သဖြင့် ဘေးပတ်ဝန်းကျင်ကို လိုက်ရှာမိ

သည်။ ပါးစပ်မှာလည်း မိခင်နာမည် တပ်၍ အော်ခေါ်သည်။ ဘာသံမှမကြား သလို လူကိုလည်းမတွေ့ ခပ်လှမ်းလှမ်းမှ ဒိုက်တောတွင် ငြိတွယ်နေသော ယက်သဲ့ကိုမြင်တော့ အလျင်အမြန်ပြေ သွားကြည့်သည်။ ယက်သဲ့ကိုတော့ တွေ့ ပါရဲ့ လူကိုတော့ရှာမတွေ့ အမေရေမှာ မြုပ်သွားသလားဟု စဉ်းစားမိသည်။ အမေ ရေမကူးတတ်သည်ကိုတော့ သူမသိသည် ဒီလိုဆိုလျှင်။

* * * * *

တစ်နှစ်ဟူသောအချိန်သည် မည် သို့မျှမကြာလိုက်ဟု ထင်ရသည်။ ပ ဝတ်မှုန်သည်လည်း မိခင်ကြီးဒေါ်ကျေ သာဆုံးပြီးကတည်းက ခက်ခဲသော လောကစံခရီးကြမ်းကို ဆက်လျှောက် ရသည်။ ပန်းဝတ်မှုန်သည် ဘဝ ကစ်၏ရိုက်ပုတ်ဒဏ်ကို လည်စင်းခံ အပျိုဖော်ဝင်စအရွယ်သို့တိုင် ကြီး ပြောင်းလဲခဲ့သည်။ မပြောင်းလဲသည် သူမဘဝနှင့်သူ့ဖခင်၏အရက်စွဲ အိမ်မကပ်သည့် အကျင့်ပင်။

အပျိုအရွယ် သမီးတစ်ယော ကိုပင် ဂရုမစိုက်ဘဲ မိမိစိတ်ထင် အတိုင်းသာ လျှောက်လှမ်းခဲ့သ ဖေးမ ထောက်ပံ့ခြင်းလည်းမရှိ ဖြစ်သူ ဆုံးတာတောင် အိမ်ကို တဲ့သူ၊ ဒီလို လူမျိုးမှာ မိဘစိတ် မရှိသလို သားသမီးကိုချစ်ရကော မိသားစုနှင့် အတူတူ ဘဝကိုလျှေ လှမ်းဖို့ မိသားစုစိတ်ဓာတ်မရှိ သနားစရာကောင်းတဲ့ သူ့ဘဝ၊

www.burmeseclassic.com

www.burmeseclassic.com

သူမဝမ်းသူမဘာသာ ဖြေရှင်းခဲ့ရသော ပန်းဝတ်မှုန်တစ်ယောက် ရင့်ကျက်သောစိတ်၊ ခိုင်မာသောစိတ်ဓာတ်ဖြင့် သူမအမေအမွေပေးခဲ့သော ရာသီပေါ်အလုပ်ကိုသာ မျက်နှာမညှိုးစတမ်း အံကိုခဲ၍ သူမ၏ဆိုးလွန်းသောဘဝကို လည်စင်းခံခဲ့သည်။ ရာသီစက်ဝန်း၏ တစ်ပတ်လှည့်လည်ပတ်မှုသည် ပုံမှန်အတိုင်း ရွေ့လျားခဲ့ပြန်သည်။

ရွာနောက်က ချောင်းလက်တက်ကလေး၌ တက်ရောက်လာသော ငါးသိမ်းတုတ်တို့ကြောင့် ရာသီအလိုက် လိုက်လျောညီထွေစွာ ရွေ့လျားနေရသော ပန်းဝတ်မှုန်တစ်ယောက် ဝမ်းရေးအတွက် ယက်သဲ့ကို ပခုံးတွင်ထမ်းလျက် လွယ်ပလိုင်းကို ခါးတွင်ချိတ်လျက် ချီတက်လာခဲ့ပြန်သည်။

ရေနောက် မပြယ်သေးသော ချောင်းတွင် နို့နှစ်ရောင်ပြေးနေသည်။ ပွှမ်းချင်စရာ ကောင်းလောက်အောင် လည်းပတ်ဝန်းကျင်ကနိုးဆော်နေသည်။ ချောင်းရိုးတစ်လျှောက်တွင် မြက်ရိုင်းတို့ အထိန်းအကွပ်မရှိ ရှင်သန်ကြီးထွားနေကြသည်။ စိမ်းစိုသော သစ်ပင်၊ ဝါးပင်၊ မြက်ပင်တို့နှင့် ဘယ်နေရာကြည့်ကြည့် အစိမ်းရောင်ပုံရိပ်တို့ လွှမ်းခြုံထား၏။ ပန်းဝတ်မှုန်တစ်ယောက် သဘာဝပတ်ဝန်းကျင်အလှအပကို ရှုမြင်ခံစားရင်း ချောင်းရိုးကမ်းတစ်လျှောက် ငါးသိမ်းတုတ်ကယ်တက်လာ မလာ လျှောက်၍ ကြည့်နေသည်။ သူတို့ရာသီဖြစ်ပါလျက် တစ်ကောင်တလေမျှပင်မတွေ့ရ၊ ငါးများပွဲသွားပြီလားမသိ။ သို့မဟုတ် ရာသီချိန်မကိုက်၍များ မရောက်လာသေးတာလား။ ဒါလည်းမဖြစ်နိုင်ပေ၊ မနေ့က ကိုင်းမှပြန်လာသော ကိုကြီးညို့က ပြောခဲ့သေးသည်မဟုတ်လား။

“ဟဲ့ မိဝတ်မှုန် ချောင်းမှာငါးသိမ်းတုတ်တွေ တက်နေပြီလေ၊ နင်သွားမသဲ့သေးဘူးလား”

“သွားမှာကိုကြီးညို့ သမီးငါးတွေ မတက်သေးဘူးထင်လို့”

“တက်နေပြီဟေ့ ငါတွေ့ခဲ့သားပဲ သဲ့စရာမရှိလို့သာ ငါမသဲ့ခဲ့တာ နက်ဖန်နင်သွားလိုက်ဦး”

ကိုကြီးညို့ သေသေချာချာပြောသွားခြင်းဖြစ်သည်။ အခုတော့ တစ်ကောင်မှမတွေ့၊ ရေးရေးတောင်မမြင်။ ကျေးငှက်သာရကာတို့ ချိုမြသော တေးသီချင်းတို့ဖြင့် တစ်ကောင်နှင့်တစ်ကောင် ကျီစယ်နေကြသည်။ မိဝတ်မှုန်လည်း ငါးမတွေ့သဖြင့် အရိပ်ကောင်းသော အပင်အောက်တွင် အေးမြသော လေကိုရှူရှိုက်ရင်း ခေတ္တအပန်းဖြေလိုက်သည်။

သစ်ပင်ခြေရင်းတွင် ထိုင်နေရင်း အိပ်ချင်သလိုရှိလာသဖြင့် မျက်လုံးကလေးအသာမှိတ်၍ လေညင်းခံလိုက်သည်။ ရုတ်တရက် မေးကနဲအိပ်ပျော်သလိုရှိရာမှ -

“ဟဲ့ သမီး မိဝတ်မှုန် နင်ကဒီမှာအိပ်နေသလား အမေ့ကိုကယ်ပါဦး သမီးရယ် သမီးလေးမိဝတ်မှုန်ရေ အမေ့ကိုကယ်ပါ အမေမခံစားနိုင်တော့လို့ပါ”

မိခင်ကြီးဒေါ်ကျော့သာ၏ တစာစာ ခေါ်နေသောအသံကို ကြားလိုက်ရသဖြင့် မျက်လုံးကိုလက်နှင့်ပွတ်၍ ထထိုင်လိုက်သည်။

“အမေ . . . အမေဘယ်မှာလဲ အမေဘာဖြစ်နေလဲဟင်”

မိခင်ဇောဖြင့် ပန်းဝတ်မှုန် ချောင်းကမ်းပါးဆီသို့အပြေးတစ်ပိုင်းဖြင့် ရောက်လာသည်။ သူမျက်စိတွင်မြင်လိုက်ရသည်က ချောင်းစပ်တွင် လူးလိမ့်နေသောမိခင်၊ သူမကိုလည်း ငါးသိမ်းတုတ်ကယ်တို့ကဝိုင်း၍ တုပ်နေကြသည်။ ပါးစပ်ကလည်း တစာစာအော်၍ အကူအညီတောင်းနေသည်ကို မြင်ခဲ့ရသည်။ မျက်လုံးဖွင့်ကြည့်နေ[illegible] ဘာမျှမတွေ့ရတော့။ ထိုစဉ်ချောင်းက[illegible]ါးအောက်က လူညည်းသံလိုလို ကြား[illegible]ိုက်ရပြန်သည်။ ထို့ကြောင့် ပန်းဝတ်မှုန် သူမ[illegible]ခင်များပြန်နေလေသလားဟူ[illegible] အတွေးဖြင့် ချောင်းကမ်း[illegible]သို့ ပြေးဆင်းလိုက်သည်။ ရုတ်တရက် သူမလက်ကို ဆွဲ[illegible] ခံစားလိုက်ရပြီး ရေနက်ထဲသို့ ထိုးကျသွားလေသည်။ ရန်းကန်ရင်း သူမရေပေါ်သို့ ပြန်မတက်နိုင်တော့ မျက်လုံးတို့ပြာဝေ၍ အမှောင်တိုက်ထဲသို့သာ တိုးဝင်သွားလေတော့သည်။

တက္ကသိုလ်ရက္ခဗျာလ

www.burmeseclassic.com

www.burmeseclassic.com

ရှင်တော်သောဓွား၏
ဒါးကောင်းသောမျက်စိ

ဝင်းဝေ

www.burmeseclassic.com

www.burmeseclassic.com

၁၀. ၄. ၉၈ ရက်နေ့ ညနေ ၃ နာရီအချိန်ခန့်။

စစ်ကွင်းမြို့၊ ဒီတုန်းကျေးရွာအုပ်စု၊ ရှားဖြူကွင်းရွာသား၊ ကျေးရွာဥက္ကဋ္ဌဖြစ်သူ ဦးအုန်းဝင်းသည် နေအိမ်ကြမ်းပြင်တွင်ထိုင်ရင်း ရေနွေးကြမ်းသောက်နေလေ၏။ ကျေးရွာသူကျေးရွာသားများ၏သဘောတူညီချက်အရ ကျေးရွာလူကြီးလုပ်ကိုင်နေရပေမယ့် အသက်က (၄၂) နှစ်သာရှိသေး၏။ ကျေးရွာလူကြီးမိဘများက ဦးအုန်းဝင်းကို ဖျတ်လတ်တက်ကြွသူမို့ အားကိုးကြသည်။ ကျေးရွာ၏အရေးကိစ္စမှန်သမျှကို ဦးအုန်းဝင်းက ဒိုင်ခံဖြေရှင်းပေးတတ်သူလည်းဖြစ်၏။ မျိုးရိုးအစဉ်အဆက် လယ်ယာလုပ်ငန်းဖြင့် အသက်မွေးခဲ့သည့် လယ်သမားသားသမီးတွေမို့ စပါးရိတ်သိမ်းပြီးသည်နှင့် လယ်ကွက်များသို့ နွားချေးချရန် ပြင်ဆင်နေမိသည်။

စွင့်ထားသောနား အားကောင်းသောမျက်စိ

ဝင်းဇော်(သုံးဆယ်)

www.burmeseclassic.com

www.burmeseclassic.com

ညနေ (၃) နာရီဆိုပေမယ့် တန်ခူးလ၏နေရောင်က ကျောက်ခဲလောက်အောင် ပင် ပူလှ၏။ သည်နှစ်နွေရာသီက ပူပြင်းလှသည်မို့ ညနေစောင်းမှ အပြင်သို့ထွက်ခဲ့သည်။ ရွာထဲက ကလေးတွေကတော့ သစ်ပင်ရိပ်အောက်တွင် ဆော့ကစားနေကြသည်။ ဦးအုန်းဝင်းသည် ဆော့ကစားနေသော ကလေးများကိုကြည့်ကာ ခေါင်းတဆတ်ဆတ်ညိတ်နေမိ၏။ ထိုအချိန်တွင် တစ်ရွာတည်းသား လှစိုးသည် ဦးအုန်းဝင်းထံသို့ ရောက်လာလေ၏။

"ဗျို့ . . ဥက္ကဋ္ဌ။ ဘာလုပ်နေသလဲဗျ"

"ဟော့ကောင်လှစိုး . . ဘာဖြစ်လာတာလဲကွ"

"ကိုအုန်းဝင်းရေ . . စီတုန်းကျေးရွာရဲ့မြောက်ဘက် လေးဖာလုံခန့်အကွာ လှည်းလမ်းဘေးမှာ ဒဏ်ရာတွေနဲ့ သေနေတဲ့ လူသေအလောင်းတွေ့လို့ လာပြောပြတာဗျ"

"ဟင် . ."

လှစိုးစကားကြောင့် ကျေးရွာဥက္ကဋ္ဌ ဦးအုန်းဝင်း အံ့ဩသွားမိ၏။

"ဒဏ်ရာတွေနဲ့ သေနေတာ . .။ ဘယ်သူလဲကွ"

"ကျွန်တော် တစ်ခါမှမမြင်ဖူးဘူး။ ကျွန်တော်တို့အနီးတစ်ဝိုက်ရွာတွေက ရွာသားလည်း မဟုတ်ဘူး"

"ဟင် . . ဟုတ်လား"

"ဟုတ်တယ်ဗျ။ သေနေသူရဲ့ ရင်ဘတ်၊ ကျောကုန်းတွေမှာ ဒဏ်ရာတွေ မနည်းဘူးဗျ"

ကျေးရွာဥက္ကဋ္ဌ ဦးအုန်းဝင်းက အတွင်းရေးမှူးဦးဝင်းအောင်၊ အဖွဲ့ဝင်ဦးစိုးတို့နှင့်အတူ လှစိုးပြောပြသည့်နေရာသို့ လာခဲ့ကြ၏။ လူသေအလောင်းမှာ အရှေ့ဘက်သို့ ခေါင်းပြုပြီး ဝမ်းလျားမှောက်အနေအထားဖြင့် သေဆုံးနေကြောင်းကို တွေ့ရလေ၏။

"သေဆုံးနေသူဟာ အသတ်ခံထားရတာကွ။ ဒီတော့ သက်ဆိုင်ရာရဲစခန်းကို အကြောင်းကြားမှ ဖြစ်မယ်"

ကျေးရွာဥက္ကဋ္ဌဦးအုန်းဝင်းက စစ်ကွင်းရဲစခန်းသို့ ဆက်သွယ်အကြောင်းကြားခဲ့သည်။ အချိန်က ကုန်လွယ်လှ၏၊ အနောက်ဘက်မှ နေလုံးကြီးပျောက်ကွယ်သွားတော့ အမှောင်ထုက ကြီးစိုးလာ၏၊ စစ်ကွင်းရဲစခန်းမှ စခန်းမှူး ရဲအုပ်စန်းအောင်၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်မြင့်မောင်၊ နယ်ထိန်းတပ်ကြပ် ခင်မောင်သန်း၊ နယ်ထိန်းဒုတပ်ကြပ်မြဝင်း၊ နယ်ထိန်း ဒုဟပ်ကြပ်ဝင်းတင်တို့ ညအမှောင်ထဲတွင် ရောက်ရှိလာကြ၏။

"ဒီလူသေအလောင်းကို ဘယ်သူစတွေ့တာလဲ"

"ကျွန်တော်တို့ရွာသား လှစိုးကတွေ့လို့ ကျွန်တော့်ကို လာပြောတာပါဆရာ"

"ခင်ဗျားတို့ရွာသား မဟုတ်တာတော့ သေချာတယ်နော်"

"သေချာပါတယ်ဆရာ . .။ ဒီအနီးအနားကရွာသားတွေကိုလည်း ကျွန်တော်သိနေတာ။ အဲဒီရွာတွေက ရွာသားလည်း မဟုတ်ပါဘူး"

စခန်းမှူးစန်းအောင်နှင့် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်မြင့်မောင်တို့အဖွဲ့က အမည်မသိ လူသေအလောင်းကို စနစ်တကျစစ်ဆေးကြည့်ရှုသည်။ အမည်မသိ လူသေအလောင်းတွင် ဦးခေါင်းနောက်စေ့၌ ရိုက်နှက်ဒဏ်ရာ၊ လည်ပင်းနှင့်နောက်ကျောကုန်းတို့တွင် စူးရှထက်မြက်သော လက်နက်ဖြင့် ထိုးသွင်းခံထားရသော ဒဏ်ရာများကို စစ်ဆေးတွေ့ရှိရပါသည်။ စခန်း

www.burmeseclassic.com

www.burmeseclassic.com

မှူး ရဲအုပ်စန်းအောင်က အမည်မသိလူသေအလောင်းမှ ဒဏ်ရာများကို ရေတွက်၍ ရေးမှတ်နေသည်။

"အသတ်ခံထားရသူဟာ မည်သူမည်ဝါဖြစ်တယ်ဆိုတာရယ်၊ ဘယ်မှာနေသလဲဆိုတာရယ်သိရအောင် အလောင်းကို ဓာတ်ပုံရိုက်ကွာ"

နယ်ထိန်း ဒုတပ်ကြပ်မြဝင်းက မှောင်မိုက်သောညတွင် လူသေအလောင်းအား ခက်ခဲစွာ ဓာတ်ပုံရိုက်ယူနေ၏။

"ဘယ်သူမှန်းမသိတဲ့လူကို ဘယ်သူက ဘာကြောင့်သတ်သွားသလဲဆိုတာ အပင်ပန်းခံပြီး စုံစမ်းရမယ်။ အသတ်ခံရသူကို မြင်တွေ့ရတဲ့အနေအထားအရ ဒီနေရာပတ်ဝန်းကျင်မှာ အသတ်ခံရတာတော့ မဖြစ်နိုင်ဘူး"

စခန်းမှူးရဲအုပ်စန်းအောင်ကို နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်မြင့်မောင်က ပြောသည်။

"ဟုတ်တယ်. . ။ ဒီနေရာဟာ လက်ပံတန်းမြို့နယ် နယ်နိမိတ်ပိုင် စီတုန်းကျေးရွာနဲ့ ခွက်မကျေးရွာကြား သရက်ပင်မောင်နှမလှည်းလမ်းကြောင်းဘေး နှစ်ပေအကွာမှာ လူသေအလောင်းကို တွေ့ရတာပဲ"

စခန်းမှူး ရဲအုပ်စန်းအောင်က အမည်မသိလူသေအလောင်းအား ဆေးရုံပို့ရန် စီစဉ်သည်။ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်မြင့်မောင်နှင့် နယ်ထိန်းဒုတပ်ကြပ်မြဝင်းတို့က နန်းဝင်းဇာတ်သဘင်အဖွဲ့ ပွဲခင်းထဲသို့ လာခဲ့သည်။ စီတုန်းကျေးရွာ ဘုရားပွဲကို နှစ်စဉ်ကျင်းပသည်ဖြစ်၍ ပွဲဈေးတန်းက စည်ကားလှ၏။ သည်အချိန်တွင် လယ်သမားများအတွက် လယ်ယာလုပ်ငန်းသိမ်းချိန်မို့ ပွဲလမ်းသဘင်သို့ ပျော်ရွှင်စွာလာရောက်၍ အပန်းဖြေကြလေ၏။

နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်မြင့်မောင်နှင့် နယ်ထိန်း ဒုတပ်ကြပ်မြဝင်းတို့သည် ပွဲခင်းထဲသို့ ဝင်၍စုံစမ်းသည်။ ထိုအခါ ပွဲခင်းထဲတွင် ရဲတပ်ဖွဲ့ဝင်များအား ကူညီနေသော အမာခံသတင်းပေးသမားများနှင့် တွေ့လေ၏။ ဒုရဲအုပ်မြင့်မောင်က စီတုန်းကျေးရွာနှင့် ခွက်မကျေးရွာအကြားရှိ သရက်ပင်မောင်နှမလှည်းလမ်းဘေးတွင် အမည်မသိလူသေအလောင်းတစ်လောင်းတွေ့ရှိရကြောင်းကို ပြောပြလိုက်၏။

"အသတ်ခံထားရတဲ့သူမှာ ဒဏ်ရာတွေ အတော်များတယ်"

"အသတ်ခံရတဲ့သူက ဘယ်လိုရုပ်ရည်မျိုးလဲ ဆရာ"

အမာခံသတင်းပေးက မေးသည်။

"အသတ်ခံရတဲ့သူက ကုလားဆင်ကွ"

အမာခံသတင်းပေးက တွေဝေစွာ စဉ်းစားနေသည်။

"ဘာတွေစဉ်းစားနေတာလဲကွ"

"လက်ပံတန်းအပိုင် အုတ်ဖိုစုရွာက ဦးကုလားရဲ့သား လှပုရဲ့အိမ်ကို မနေ့ညနေက ကုလားဆင်ရုပ်နဲ့လူစိမ်းတစ်ဦး ရောက်လာတာ တွေ့မိတယ်။ လှပုရဲ့နေအိမ်ခြံဝင်းအတွင်းမှာ သူ့ရဲ့အစ်ကို အောင်မြင့်စိန်ရဲ့အိမ်လည်းရှိတယ်။ ညပိုင်းရောက်တော့ လှပုရဲ့အိမ်အတွင်းက 'ကယ်တော်မူကြပါ။ ကျွန်တော့်ကိုသတ်နေတယ်' လို့ အသံကြားမိတယ်။ ပတ်ဝန်းကျင်ကို အော်ဟစ်အကူအညီတောင်းတဲ့အသံမျိုး ကြားရတာ"

"ခင်ဗျားပြောတာ သေချာရဲ့လား"

"သေချာပါတယ်ဆရာ၊ ပြီးတော့ ဒီကောင်တွေညီအစ်ကိုနှစ်ယောက်ဟာ စီတုန်းကျေးရွာ ဘုရားပွဲတော်ညတွေမှာ နှစ်တိုင်း သောက်စားမူးယစ်ပြီး ပျော်ပါးနေကျကောင်တွေ ဆရာရဲ့။ ဒီညမှာ သူတို့ညီအစ်ကို ဘုရားပွဲတော်လာတာ မတွေ့မိဘူး။ အဲဒါဟာ ထူးခြားမှုပဲဆရာ"

"ခင်ဗျားပြောပြချက်အရဆိုရင် လှပုရဲ့အိမ်ကို လူစိမ်းတစ်ဦးရောက်လာတာရယ်၊ အိမ်အတွင်းက အော်ဟစ်အကူအညီတောင်းသံကြားရတာရယ်၊ အဲဒီညီအစ်ကို လာနေကျ ဘုရားပွဲတော်ကို မလာဘဲ ခြေငြိမ်နေတာရယ်ကို တွေးကြည့်ရင် စဉ်းစားစရာတွေဖြစ်နေတယ်"

"လှပုဆိုတဲ့ကောင်က ခိုးမှု၊ ရိုက်မှုတွေနဲ့ ထောင်ကျခဲ့ဖူးတယ်။ သူ့ရဲ့အစ်ကို အောင်မြင့်စိန်ကလည်း လူသတ်မှုနဲ့ ဖမ်းဆီးအရေးယူခံရပြီး တရားစွဲခံရဖူးတယ်။ ဒါပေမဲ့ အမှုတွေက မခိုင်လုံလို့ ထောင်မကျခဲ့ဘူး။ လက်ရဲဇက်ရဲရှိတဲ့ ညီအစ်ကိုတွေ ဆရာရဲ့"

"အခုလိုပြောပြတာ ကျေးဇူးတင်တယ်ကွာ"

နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်မြင့်မောင်နှင့် နယ်ထိန်းဒုတပ်ကြပ်မြဝင်းတို့က စစ်ကြောင်းရဲစခန်းမှူး ရဲအုပ်စန်းအောင်အား ရရှိလာသောသတင်းများကို ပြောပြလိုက်၏။

"ကိုမြင့်မောင်တို့ရရှိလာတဲ့သတင်းအရဆိုရင် အုတ်ဖိုစုရွာက လှပုနဲ့ အောင်မြင့်စိန်တို့ ညီအစ်ကိုရဲ့အခြေအနေကို လေ့လာကြည့်သင့်တယ်"

နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်

www.burmeseclassic.com

www.burmeseclassic.com

မြင့်မောင်၊ နယ်ထိန်းတပ်ကြပ် ခင်မောင်သန်းတို့က အမည်မသိလူသေအလောင်း၏ အမည်နှင့် နေရပ်လိပ်စာတို့ကို သိရှိနိုင်စေရန် လူသေအလောင်း၏ဓာတ်ပုံကိုယူ၍ ဥက္ကံမြို့နွားပွဲဈေး၊ မင်းလှစိန်ကန့်လန့်တို့ကို သွားရောက်စုံစမ်းခဲ့သည်။

"ဆရာပြောတဲ့လူကို ကျွန်တော်တို့မြင်ဖူးတွေ့ဖူးပါတယ်။ အဲဒီလူက ဒီနယ်သားတော့မဟုတ်ဘူးဆရာ။ ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်၊ ပြည်တော်သာရပ်ကွက်မှာနေတဲ့ ခင်ဇော်ပါဆရာ"

"အသက်ဘယ်လောက်ရှိပြီလဲ"

"အသက်က သုံးဆယ့်ခြောက်နှစ်၊ သုံးဆယ့်ခုနစ်နှစ်လောက် ရှိမယ်ထင်တယ် ဆရာ။ မျက်နှာက ကုလားဆင်"

"ခင်ဇော်က နွားပွဲဈေးကို မကြာခဏလာတတ်သလား"

"လာတတ်ပါတယ်ဆရာ။ လက်ပံတန်း၊ အုတ်ဖိုစုရွာက လှပု၊ အောင်မြင့်စိန်တို့နဲ့တွဲပြီး ခင်ဇော်က စီးပွားရေးလုပ်ငန်းအတူလုပ်ဖူးတယ်"

ကျွန်းကလေးနွားပွဲဈေးမှ ရလာသောသတင်းက လူသတ်မှုအတွက် အလွန်ပင် အရေးပါလှသည်။ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်မြင့်မောင်က စခန်းမှူးရဲအုပ်စန်းအောင်ကို ရရှိလာသောသတင်းနှင့်ပတ်သက်ပြီး အကျိုးအကြောင်းပြောပြ၏။ ထို့နောက် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်မြင့်မောင်သည် နယ်ထိန်းတပ်ကြပ် ခင်မောင်သန်း၊ နယ်ထိန်းဒုတပ်ကြပ် မြဝင်း၊ နယ်ထိန်းဒုတပ်ကြပ်ဝင်းတင်တို့ကိုခေါ်၍ အုတ်ဖိုစုရွာသို့သွားပြီး လှပုနှင့် အောင်မြင့်စိန်တို့ ညီအစ်ကိုအား လေ့လာအကဲခတ်ကြည့်သည်။ လှပုနှင့် အောင်မြင့်စိန်တို့သည် အမှုအရာများပျက်ယွင်းနေကြောင်း တွေ့ရလေ၏။ ထို့ကြောင့် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်မြင့်မောင်နှင့်အဖွဲ့က သက်ဆိုင်ရာကျေးရွာလူကြီးများကိုခေါ်၍ လှပုနှင့်အောင်မြင့်စိန်တို့၏နေအိမ်သို့ ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့သည်။

ဒုရဲအုပ်မြင့်မောင်က လှပု၏နေအိမ်အတွင်းသို့ စစ်ဆေးပြီးသည်နှင့် အိမ်အပြင်ဘက်သို့ ထွက်လာခဲ့၏။ လှပု၏အိမ်မြောက်ဘက်ဘေးတွင် နွားလှည်းအားလှည့်ပတ်ကြည့်ရှု၏။ နွားလှည်း၏ ယာဘက်လှည်းသံနှင့် ဝဲဘက်ဝက်စွယ်တိုင်ခြေရင်းတွင် သွေးဟုယူဆရသော အကွက်များကို တွေ့ရလေ၏။ ဒုရဲအုပ်မြင့်မောင်က ထိုအကွက်များကို လက်သည်းများနှင့်ခြစ်ယူပြီး နမ်းကြည့်သည်။

"ဟင်. . သွေးညှီနံ့ရပါလား"

ဒုရဲအုပ်မြင့်မောင်က တွေးမိ၏။

"ကျေးရွာလူကြီးတွေ. . ဒီနားကိုခဏလာကြပါဦး။ ဒီနွားလှည်းရဲ့ ယာဘက်လှည်းသံနဲ့ ဝဲဘက်ဝက်စွယ်တိုင်ခြေရင်းမှာ တွေ့ရတဲ့အကွက်ကို ကျွန်တော်က သွေးကွက်လို့ ယူဆမိပါတယ်။ အဲဒီပစ္စည်းတွေကို ကျေးရွာလူကြီးများရှေ့မှာ ရှာဖွေပုံစံနဲ့ သိမ်းဆည်းပါမယ်။ ဒီသက်သေခံ ပစ္စည်းတွေဟာ လူသတ်မှုအတွက် အဓိကကျတဲ့ သဲလွန်စတွေ ဖြစ်ပါတယ်"

နယ်ထိန်း ဒုရဲအုပ်မြင့်မောင်နှင့်အဖွဲ့က နွားလှည်းယာဘက်လှည်းသံနှင့် ဝဲဘက်ဝက်စွယ်တိုင်တို့အား ကျေးရွာလူကြီးများရှေ့မှောက်တွင် သိမ်းဆည်းသည်။ လှပုနှင့် အောင်မြင့်စိန်တို့ ညီအစ်ကိုအား ဒုရဲအုပ်မြင့်မောင်က စစ်ကွင်းရဲစခန်းသို့ခေါ်လာခဲ့သည်။ နွားလှည်းယာဘက်လှည်းသံနှင့် ဝဲဘက်ဝက်စွယ်တိုင်တို့အား စခန်းမှူးရဲအုပ်စန်းအောင်က ဓာတုဗေဒဝန်ရုံးသို့ပေးပို့၍ အကွက်များကို လူသွေးဟုတ်,မဟုတ် ထင်မြင်ချက်တောင်းခံခဲ့၏။

"ကဲ. . ဘယ်လိုလဲ လှပု။ စီတုန်းကျေးရွာနဲ့ ခွက်မကျေးရွာကြား သရက်နှစ်ပင်မောင်နှမလှည်းလမ်းအနီးမှာ ဒဏ်ရာတွေနဲ့ အသတ်ခံထားရတဲ့ ခင်ဇော်ဟာ တစ်နေ့ညက မင်းအိမ်ကိုလာတယ်ဆိုတာ သတင်းကြားထားတယ်။ ပြီးတော့ အဲဒီညက မင်းတို့အိမ်ထဲက 'ကယ်တော်မူကြပါဦး၊ ကျွန်တော့်ကို ကယ်ကြပါဦးဆို' တဲ့ အော်ဟစ်အကူအညီတောင်းသံကိုလည်း ကြားမိတဲ့သူက ငါတို့ကို ပြောပြထားတယ်။ အသတ်ခံရတဲ့ ခင်ဇော်နဲ့ မင်းတို့ညီအစ်ကို စီးပွားရေးလုပ်ငန်းတွေမှာ အတူလုပ်ကိုင်ဖူးတယ်ဆိုတာလည်း သိထားတယ်။ မင်းရဲ့နွားလှည်း လှည်းသံနဲ့ ဝက်စွယ်တိုင်ခြေရင်းမှာ တွေ့ရတဲ့အကွက်တွေဟာ သွေးဟုတ်မဟုတ်ကိုလည်း ဓာတုဗေဒဝန်ရုံးမှာ ထင်မြင်ချက်တောင်းထားဘယ်။ ဒီတော့ မင်းတို့ဆီက အမှန်အတိုင်းဝန်ခံတာကို ငါကြားချင်တယ်"

စခန်းမှူးရဲအုပ်စန်းအောင်က လှပုကိုပြောသည်။ လှပုက တွေဝေကာ စဉ်းစားနေ၏။ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်မြင့်မောင်က လှပု၏မျက်နှာကို အကဲခတ်နေ၏။

"ဘယ်လိုလဲ လှပု"

"ကျွန်. . ကျွန်တော် အမှန်အတိုင်းဝန်ခံပါတော့မယ် ဆရာ"

❐

www.burmeseclassic.com

www.burmeseclassic.com

"ဗျို့. . ကိုလှပု. . ကိုလှပု. ."

အိမ်ရှေ့မှခေါ်သံကြောင့် လှပုသည် အိမ်ရှေ့သို့ ထွက်လာခဲ့၏။

"ဟာ. . . ခင်ဇော်. . . မင်း. . မင်းကွာ. . အိမ်ကိုလိုက်မလာပါနဲ့။ ငါပေးပါ့မယ်လို့ ပြောထားရက်နဲ့ကွာ"

လှပုက ခင်ဇော်ကို ရုတ်တရက်မြင်လိုက်ရတော့ မျက်နှာပျက်သွား၏။

"ကျွန်တော့်မှာ ငွေသိပ်လိုနေလို့ ခင်ဗျားဆီကို ငွေလာတောင်းရတာပါဗျာ။ ငွေသာမလိုရင် ခင်ဗျားအိမ်ကို ကျွန်တော် ရောက်လာစရာ အကြောင်းမရှိပါဘူး"

လှပုက ခေါင်းကိုခါယမ်းနေသည်။ ခင်ဇော်က လှပု၏အိမ်ထဲသို့ဝင်ထိုင်လိုက်သည်။

"ငါ့မှာ ငွေရစရာတွေ အများကြီး ရှိပါတယ်ကွာ။ လောလောဆယ် ငွေမရသေးလို့ မင်းငွေကို မပေးနိုင်သေးတာပါ။ [illegible]းငွေကို ငါပေးမှာပါ။ အခုတော့ မပေး[illegible]နိုင်သေးဘူး။ တစ်ရက်နှစ်ရက် စောင့်ဦးကွာ"

လှပုက ကြမ်းပြင်ပေါ်တွင် ခြေပစ်လက်ပစ်ထိုင်ချရင်း ပြောသည်။

"ဟာ. . မဖြစ်ဘူးဗျာ။ ကျွန်တော့်မှာ ငွေတအားလိုနေလို့ ခင်ဗျားအိမ်ထိလိုက်လာရတာကိုမှ အားမနာဗျာ"

ခင်ဇော်က စိတ်ပျက်လက်ပျက် ပြောသည်။ လှပုက ခင်ဇော်၏မျက်နှာကိုကြည့်ရင်း နှုတ်ခမ်းတွန့်သည်။

"အခု. . မင်းကို ငါမပေးနိုင်သေးဘူးလို့ ပြောထားသားပဲ ခင်ဇော်ရယ်"

"ခင်ဗျားက ကျွန်တော်နဲ့တွေ့တိုင်း ငွေမရှိသေးဘူးဆိုပြီး ဟိုသည်လှည့်ပြောနေတာ ဘယ်နှခါရှိပြီလဲ။ ခင်ဗျား ကျွန်တော့်ကို ပညာပြနေတာ"

ခင်ဇော်က ဒေါသသံဖြင့် ပြန်ပြောသည်။

"မပေးနိုင်ဘူးကွာ. .။ မင်းမကျေနပ်လည်း မတတ်နိုင်ဘူး"

လှပုက စိတ်ဆိုးမာန်ဆိုးဖြင့် ပြန်ပြောသည်။

"ခင်ဗျားဟာ လူလိမ်လူညာတစ်ယောက်ပဲ။ ကတိမတည်ဘူး။ ဒီလိုလူစားမျိုးမှန်းသိရင် အစကတည်းက အကြွေးမပေးဘူး"

ခင်ဇော်၏စကားကို လှပုမကျေမနပ်ဖြစ်သွားမိသည်။

"ဘာကွ. . မင်းက ငါ့အိမ်ထဲထိလာပြီးစော်ကားတာလား"

"ကျုပ် ငွေရစရာရှိလို့ လာတောင်းတာဗျ။ ငွေသုံးထောင်ရဖို့ တောင်းနေရတာ ဘယ်လောက်ကြာပြီလဲ။ ကျုပ်ကရိုင်းသလား၊ ခင်ဗျားကရိုင်းသလား ခင်ဗျား စဉ်းစားကြည့်ပေါ့"

ခင်ဇော်ကို လှပုက သည်းမခံနိုင်၍ ထိုင်ရာမှ ဝုန်းခနဲထကာ ဝင်ထိုးသည်။ ခင်ဇော်လည်း လှပုကိုပြန်ထိုးသည်။ နှစ်ဦးသား လုံးထွေးသတ်ပုတ်နေမိကြသည်။ လှပုက အသင့်တွေ့ရသောတုတ်ဖြင့် ခင်ဇော့်ကို တအားရိုက်သည်။ ခင်ဇော်လဲကျသွား၏။ ခင်ဇော်က သူ့ခေါင်းကို လက်ဖြင့်စမ်းကြည့်သည်။ ခင်ဇော်၏ ဦးခေါင်းမှ သွေးများယိုစီးကျလာသည်။

"အမလေး. . ကယ်ကြပါဦးဗျို့။ ကျွန်တော့်ကို သတ်နေတယ်ဗျို့"

ခင်ဇော်က ဒဏ်ရာရသွားသော ဦးခေါင်းကို ကိုင်ထားရင်းမှ ပြော၏။ ခင်ဇော်၏ အော်ဟစ်အကူအညီတောင်းသံကြောင့် လှပုထိတ်ထိတ်ပျာပျာဖြစ်သွားမိ၏။ လှပုသည် သူ့အိမ်ထရံကြားတွင် ထိုးထားသောဓားမြှောင်ကို ဆွဲနုတ်၍ခင်ဇော်၏နောက်ကျောကုန်းကို အဆက်မပြတ်ထိုးလိုက်မိသည်။

"အား. ."

ခင်ဇော်သည် မြေကြီးပေါ်သို့ ပုံလျက်သားလဲကျသွား၏။ ခင်ဇော်ငြိမ်ကျသွားသည်။ လှပု၏အိမ်ထဲသို့ သူ၏အစ်ကို အောင်မြင့်စိန် ပြေးဝင်လာသည်။

"ဟာ. . လှပု။ ဘယ်လိုဖြစ်တာလဲ။ ခင်ဇော့်ကို မင်း. . မင်း. ."

အောင်မြင့်စိန်က လဲကျနေသော ခင်ဇော်ကို သွား၍ကြည့်၏။

"ခင်ဇော် အသက်မရှိတော့ဘူး လှပု"

"မတတ်နိုင် [illegible]ကို မိုက်မိုက်ရိုင်းရိုင်းဆက်[illegible]မိတာ။ တောက်. ."

လှပု၏ဒေါသ[illegible]ပြေသေး။

"ဟာ[illegible]င်. . ပေါ့ပေါ့ တန်[illegible]နဲ့ကွ။ [illegible]. . လူသတ်မှု။ ဒီအလောင်းကြီးကို. ."

"ဘာမှမခက်ပါဘူးဗျာ။ ရွာနဲ့ဝေးကွဲနေရာမှာ သွားပစ်ထားလိုက်မယ်။ ဒီကောင့်ကို ကျုပ်သတ်တာ ဘယ်သူမြင်တာမှတ်လို့။ အလောင်းကို ဖျောက်ဖျက်ပစ်လိုက်ရင် ပြီးတာပဲ"

လှပုက အမှောင်ထဲတွင် ခင်ဇော်၏အလောင်းကို နွားလှည်းပေါ်သို့တင်ပြီး သူနေသောရွာနှင့် ဝေးကွာလှသည့် စိတုန်းကျေးရွာနှင့် ခွက်မကျေးရွာအကြား ရှိ သရက်ပန်နှစ်ပင်မောင်နှမလှည်းလမ်းအနီး

www.burmeseclassic.com

www.burmeseclassic.com

တွင် မှောက်လျက်အနေအထားဖြင့် ချထားခဲ့၏။ လှပုသည် လာလမ်းအတိုင်း လှည်းကိုပြန်မောင်းလာခဲ့၏။ ခင်ဇော်၏ အလောင်းသည် အမှောင်ထုထဲတွင် ဝေး၍ကျန်ခဲ့လေ၏။

လှပုသည် လှည်းမောင်းနေရင်းမှ စိတုန်းရွာဘုရားပွဲတော်ကို သတိရမိ၏။ သည်နှစ်ဘုရားပွဲတော်တွင် နန်းဝင်းဇာတ်သဘင်အဖွဲ့ ကပြနေသည်ကို သိနေ၏။ သည်ည စိတုန်းဘုရားပွဲတော်သို့ အစ်ကိုဖြစ်သူအောင်မြင့်စိန်နှင့်အတူ သွားရောက်၍ သောက်စားမူးယစ်ကာ ပွဲကြည့်မည်ဟု လှပုစဉ်းစားထားခဲ့၏။ သည်ညနေတွင် သူ့ထံသို့ ခင်ဇော်ရောက်လာပြီး အကြွေးတောင်းရာမှ စကားများ ရန်ဖြစ်ကြသည်သာမက ခင်ဇော့်ကို သူကိုယ်တိုင် သတ်ခဲ့မိ၏။ နှစ်စဉ်ရောက်နေကျ ဘုရားပွဲတော်သို့ သွားချင်သည့်စိတ်တွေ ပျက်လွင့်သွားရသည်။

လှပုသည် အိမ်ရောက်သည်နှင့် အိမ်ထဲမှ သွေးကွက်များကို ပြာဖြူးပြီး တံမြက်စည်းလှည်းပစ်လိုက်၏။ ထို့နောက် ရေချိုးကာ ကြမ်းပြင်တွင် အရက်ထိုင်သောက်နေမိ၏။

"လှပုအလောင်းကို ဘယ်နေရာမှာ ထားခဲ့သလဲ"

"စိထုန်းနဲ့ ခွက်မအကြား လှည်းလမ်းကြောင်းဘေးမှာ ထားခဲ့တယ်။ အိမ်ထဲက သွေးကွက်တွေကိုလည်း ခြေရာလက်ရာမကျန်အောင် ဖျောက်ဖျက်ပစ်လိုက်ပြီး စိတ်ရှုပ်နေလို့ အရက်ထိုင်သောက်နေတာ"

"မင်း ကံခြွေတော့ မပျက်စေနဲ့နော်။ ဟိုကောင်အော်တာကို အိမ်နီးချင်းတွေ ကြားသွားသလား မသိဘူး"

"မကြားနိုင်ပါဘူးဗျာ"

"လှပုရေ . . ။ စိတုန်းရွာဘုရားပွဲတော်မှာ နန်းဝင်းဇာတ် ကနေတယ်ကွ။ အဲဒီကို သွားကြမလား"

"ဟာဗျာ . . အစ်ကို ကလည်း။ မသွားချင်ပါဘူး။ နောက်နေ့ညတွေကျမှ အခြေအနေကြည့်ပြီး သွားကြတာပေါ့"

ထိုညက လှပု တစ်ညလုံး အိပ်မပျော်နိုင်။ စိုးရိမ်စိတ်များ ကြီးစိုးနေ၏။ ခင်ဇော်၏မျက်နှာကို လှပုမျက်လုံးထဲတွင် မြင်ယောင်နေမိ၏။ လှပုသည် အံကိုတင်းတင်းကြိတ်လိုက်မိ၏။

နောက်တစ်နေ့ညနေတွင် စစ်ကွင်းရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက လှည်းလမ်းကြောင်းဘေးတွင် အမည်မသိ လူသေအလောင်းတစ်လောင်းအား တွေ့ရှိ၍ စစ်ဆေးနေကြသည်ဟု လှပုသတင်းကြားသည်။ လူသတ်တရားခံကို စုံစမ်းမရသေး၍ ရဲတပ်ဖွဲ့ဝင်များ ဦးနှောက်ခြောက်နေကြသည်ဟု လှပုသတင်းကြားရပြန်သည်။ သူ့အစ်ကိုအောင်မြင့်စိန်မှလွဲ၍ အခြားမျက်မြင်သက်သေမရှိသော လူသတ်မှုကို ရဲတပ်ဖွဲ့ဝင်တွေက ဘယ်လိုပင်စုံစမ်းစေဦးတော့ သူမှန်းသိလိမ့်မည်မဟုတ်ဟု လှပုလျှော့တွက်ခဲ့၏။ သူ၏လူ့ပ်ရှားမှုမှန်သမျှကိုလည်း မည်သူမှကြားသိမည်မဟုတ်ဟု လှပုထင်ခဲ့မိသည်။

□

"ငါတို့ရဲတပ်ဖွဲ့ဝင်တွေရဲ့ စုံစမ်းထောက်လှမ်းရေးကောင်းမှုကို မင်း လက်တွေ့ယုံကြည်ပြီမဟုတ်လား လှပု"

စခန်းမှူး ရဲအုပ်စန်းအောင်က လှပုကိုမေးသည်။ လှပုခေါင်းငိုက်စိုက်ကျသွားသည်။ လှပုကို တရားရုံးမှ ရိမန်ယူပြီး စစ်ဆေးနေချိန်အတွင်း ဓာတုဗေဒဝန်ရုံးသို့ ပေးပို့ထားသော နွားလှည်း၏ ယာဘက်လှည်းသံနှင့် ဝဲဘက်ဝက်စွယ်တိုင်ခြေရင်းတွင် တွေ့ရှိရသောအကွက်များကို သွေးဖြစ်နိုင်သည်ဟု ထင်မြင်ချက်ပေးသည်။ လှပုထံမှ သိမ်းဆည်းရမိသော အခင်းဖြစ်စဉ်က အသုံးပြုခဲ့သည့် ဓားမြှောင်ကလည်း လူသတ်မှုအတွက် မငြင်းနိုင်သည့် သက်သေခံပစ္စည်းဖြစ်နေသည်။

စစ်ကွင်းရဲစခန်းမှူး ရဲအုပ်စန်းအောင်က လှပု၊ (ဘ)ဦးကုလား၊ အုတ်ဖိုကျေးရွာ၊ လက်ပံတန်းမြို့နေထိုင်သူအား (ပ)၁၁၂/၉၈၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂အရ သာယာဝတီခရိုင်လက်ထောက်တိုင်းတရားသူကြီးရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ တရားရုံးမှ လက်ခံစစ်ဆေးပြီး လှပုသည် ခင်ဇော်အားသတ်ခဲ့ကြောင်း ပြစ်မှုထင်ရှားသဖြင့် အလုပ်နှင့်ထောင်ဒဏ်(၇)နှစ် အပြစ်ပေးခြင်း ခံရလေ၏။ ။

□

ဝင်းဇော်(သုံးဆယ်)

□ □ □ □ □

www.burmeseclassic.com

www.burmeseclassic.com



စိတ်ချဝီစီ

ပိုက်မင်းဝေ

"အစ်ကိုကြီး . . . ကယ်ရီသွားချင် ပြောနော်"

ဤသို့ပြောလာသူက ကျွန်တော့် ဘေးအိမ်က မောင်ဝေယံဖြစ်သည်။ သူ့ဆိုင်ကယ်ကို ကျွန်တော့်ရှေ့တွင် ရပ်ရင်း ပြောသည်။

"ဪ . . . မောင်ဝေယံ၊ မင်း ဆိုင်ကယ်ကယ်ရီ ဆွဲနေပြီလား"

"ဟုတ်တယ် အစ်ကိုကြီး။ ခုရက်ပိုင်း အလုပ်ပါးသွားလို့ ကျွန်တော့်ဆရာက သည်ဆိုင်ကယ် ခဏပေးထားတာ"

မောင်ဝေယံ၏ အလုပ်ရှင်က စက်ဆရာ ကိုမောင်မောင်ဖြစ်သည်။ မောင်ဝေယံသည် ကိုမောင်မောင့်ထံတွင် စက်ပညာဝင်သင်ရင်း ကျွမ်းကျင်လာသောကြောင့် လာပြင်သောစက်များကို အတူတွဲပြင်၍ လုပ်ခငွေကို အချိုးကျ ကိုမောင်မောင်က ခွဲပေးသည်။ အခုတော့ အလုပ်ပါးသွားသဖြင့် ဝင်ငွေမရှိသောကြောင့် ကိုမောင်မောင်သည် ရင်းဝယ်ထားသော ဆိုင်ကယ်လေးအား မောင်ဝေယံအား ခဏပေးပြီး 'ကယ်ရီ'ဆွဲခွင့် ပေးလိုက်ခြင်းဖြစ်သည်။

တစ်နေ့ ကျွန်တော်သွားစရာရှိသဖြင့် မောင်ဝေယံ ကယ်ရီကို ငှားစီးသွားခဲ့သည်။ အချိန်ရသေးသဖြင့် လက်ဖက်ရည်ဝင်သောက်ရင်း မောင်ဝေယံနှင့် စကားပြောရင်း မေးကြည့်လိုက်သည်။

"မင်းဆရာဆိုင်ကယ် ယူဆွဲတော့ တစ်နေ့ ဘယ်လောက်ပြန်ပေးရသလဲ"

"မပေးရပါဘူး အစ်ကိုကြီးရာ။ ကိုယ့်ဟာကိုယ် ဆီထည့်၊ ပျက်ရင် ကိုယ့်ဟာကိုယ်ပြင်၊ ဆွဲရင်ဆွဲသလောက်တော့ ရပါတယ်"

"မင်းဆရာ သဘောကောင်းသားပဲ"

"အစ်ကိုကလည်း ကျွန်တော့်ဆရာက သည်ဆိုင်ကယ်ကို ငါးသောင်းတည်းနဲ့ အလကားနီးပါး အချောင်ရထားတာ။ ဆိုင်ကယ်ကိုသာကြည့်"

ဟုတ်သည်။ ဆိုင်ကယ်ကား ရှေ့မီးတွေ လုံးဝမရှိ။ ဝါယာကြိုးတွေ အကုန်မြင်ရသည်။ လင်းတချို့ပေါ်[illegible]နေသ[illegible]။ ရင်းက တစ်ဆက်တည်း . . .

"ဆိုင်ကယ်[illegible]ရောင်း[illegible] စုတ်ပြတ်[illegible]။ [illegible] ကျွန်တော် ပြင်လို[illegible] ကောင်းသွားလို့ [illegible] ဆိုင်ကယ်ကိုကြည့်ပြီး မစီးချင်ကြဘူး"

ကျွန်[illegible] [illegible]င်းတဆတ်ဆတ်ညိတ်ရင်း . . .

"မင်းကလည်းကွာ။ ခုလို ကယ်ရီလေးဆွဲရတဲ့ ပိုက်ဆံလေးစုပြီး ဝယ်ထည့်လိုက်ပေါ့ကွ။ သားနားတော့ လူငှားစီးလာမပေါ့ကွ"

"ကိုယ့်ဆိုင်ကယ်မှ မဟုတ်တာဘဲဗျာ။ ကိုယ်ကပြင်ထည့်ပြီးမှ သူက သူ့ဆိုင်ကယ်ပြန်သိမ်းသွားရင် ဘယ့်နှယ်လုပ်မလဲ"

'အာ'စိသွားတာ ကျွန်တော်ရယ်ပါ။

ပိုက်မင်းဝေ

www.burmeseclassic.com

www.burmeseclassic.com

လာဘ်လွှနိုးကြောင်းနှင့် ရုပ်ပါးဝထိသောလမ်း

မောင်ရွှေ (တောင်ငူ)

www.burmeseclassic.com

www.burmeseclassic.com



လည်လွှန်းသော ဘီးနှင့် လူးပါးထိသော ပုလင်း

မောင်ဆွေ-တောင်ငူ

ဖြစ်လိုက်ပြီပေါ့ဆိုသည်နှင့် စီခနဲ ညံခနဲ။

ကျွန်တော်နေထိုင်ရာ မြို့ပေါ်မှာတော့ မသိသူခပ်ရှားရှား။ မြို့မျက်နှာဖုံး တစ်ယောက်လို့ လူသိများသော လူပေကိုး။

ထို့အပြင် အခြားသော မြို့မျက်နှာဖုံး လူသာမန်တွေထက် လူအများ စိတ်ဝင်စားခြင်းခံရသော မှုခင်းသတင်းထောက်၊ စာရေးဆရာ တစ်ယောက်ဆိုတော့ ပြဿနာ တစ်ရံတစ်ခု ဖြစ်လိုက်ပြီဆိုတာနဲ့ . . .။

"ဘယ်လိုဖြစ်ရတာလဲ ထောက်ကြီးရာ . . "လို့မေးသူတွေက တစ်မျိုး။

"ကိုဆွေကြီး ဘယ်လိုဖြစ်ရတာလဲဗျ" ဆိုပြီး စူးစမ်းသူတွေက တစ်ဖုံ ဝိုင်းအုံမေးကြတော့သည်။

အမေး ရှိလာတော့လည်း ကိုယ့်မှာ မတတ်သာ အဖြေရှိရတော့တာပေါ့။

မဖြေချင်လည်း ဖြေရ၊ မပြောချင်လည်း ပြောရ၊ ရှေ့မျက်နှာနောက်ထားပြီး မေးသမျှလူတွေကို၊ ကိုယ့်အရှုပ်ဇာတ်ထုပ်အကြောင်း စီကာပတ်ကုံး ပြန်ရှင်းပြရတာ လှုကို ဖတ်ဖတ်ကို မောလို့။

တော်တော့ တော်ပါသေးရဲ့ ကိုယ့်အကြောင်းကိုယ်တိုင် ပြန်ပြောရတော့ ကိုယ့်ပေါင်ကို ကိုယ်လှန်ထောင်းသလို သာသာထိုးထိုး လိုတိုးပိုလျှော့ ပြောခွင့်တော့ရသေးတာပေါ့။

ဖြစ်ပုံက ဒီလိုခင်ဗျ။

◆ ◆ ◆

"ကိုဆွေကြီး ငါတို့ကို ဆိုင်ကယ် တစ်စင်း လိုက်ဝယ်ပေးဦး"

လွန်ခဲ့သော တစ်နှစ်ကျော်ပြီလောက်မှာ ကျွန်တော်၏ ဇနီးဘက်မှ ဆွေမျိုးသားချင်းတော်စပ်ကြသော ညီအစ်ကို တစ်စုတ ဝိုက်ယာ ကျွန်တော့်အိမ်သို့ ပေါက်ချလာကြပြီး ဆိုင်ကယ်တစ်စင်းလိုက်ဝယ်ပေးရန် ပြောဆိုလာကြသဖြင့် . . .

"ဟား . . ရွာကလူတွေကတော့ မတ်ပဲ တွေဈေးကောင်းရပြီး တအားတောနေကြပြီပဲ။ အိမ်တွေဆောက်၊ သွပ်တွေမိုး၊ ဆိုင်ကယ်တွေ ဝယ်၊ ထော်လာဂျီတွေထောင်နဲ့ မနာလိုစရာ တောင်ကောင်းနေပြီပဲ။ ကိုကျော်သန်းတို့ မတ်ပဲတွေ ဘယ်လောက်တောင်ရလိုက်ကြတုန်း"

www.burmeseclassic.com

www.burmeseclassic.com

"ပြောသလောက်လဲ မရပါဘူး ကိုဆွေရာ ကလေးတွေက ရွာမှာ အခြားသူတွေ ဆိုင်ကယ် တဗုန်းဗုန်းနဲ့ လမ်းသလားနေကြတော့ သူတို့ကိုလည်း ဆိုင်ကယ်ဝယ်ပေးရမယ်ဆိုပြီး အတင်း ပူဆာနေကြတာနဲ့ ကိုယ်လည်းရှိတာ လေးခြစ်ကုတ်ပြီး ဝယ်ပေးရမှာ•••"

"ကောင်းပါတယ်ဗျာ•• ခေတ်ကာလအလျောက် သူ့အလိုလို အဆင့်အတန်း မြင့်မြင့်မားမားနေရတာ သူများတွေဝယ်ကြတော့လည်း ကိုယ်လည်း ဝယ်ပေးသင့်တာပေါ့၊ ဒါထက် ဘယ်လိုတီးမျိုးလိုချင်တာတုန်း၊ လိုင်စင်နဲ့လား၊ လိုင်စင်မဲ့လားပြောပါဦး••"

"အဲဒါနားမလည်လို့ ကိုဆွေကြီးကို အားကိုးတာပေါ့••"

"အေးဗျ ••• ကိုကျော်သန်းရ ကျွန်တော်က ဥပဒေသမားဆိုတော့ ဥပဒေစကားပဲပြောရမှာပဲ၊ လိုင်စင်နဲ့ဘီးဝယ်စီးရင် အန္တရာယ်ကင်းတယ်၊ လိုင်စင်မဲ့ဘီးဆိုရင် အန္တရာယ်များတယ်၊ ခင်ဗျားတို့က ရိုးရိုးအေးအေးတွေ၊ ပြီးတော့ ဟိုးအဝေးကြီး ကျေးလက်ဒေသမှာနေကြတာဆိုတော့ ခင်ဗျားတို့နဲ့ လိုင်စင်ဘီးဟာ အသင့်တော်ဆုံးပဲ•• လိုင်စင်နဲ့ပဲဝယ်ပါဗျာ••"

"ကိုဆွေကြီး ကောင်းမယ်ထင်တာသာ ဝယ်ပေးပါဗျာ၊ ကျုပ်တို့ကတော့ နားမလည်ဘူး••"

"ကဲ ဒါဆိုရင်လည်း•• ဖလမ်းမှာ ကျွန်တော်နဲ့ခင်တဲ့ပွဲစား တစ်ယောက်ရှိတယ် သူ့ဆီကို သွားကြမယ်ဗျာ••"

ပြောပြောဆိုဆိုနှင့်ပင် ဖသမ်းရှိ ဆိုင်ကယ်ပွဲစား ကိုအောင်ကျော်ဦးထံသို့ ခေါ်သွားလိုက်သည်။

"ကိုအောင်ကျော်ဦးရေ•ကျွန်တော့်ညီ အစ်ကိုတွေဗျာ လိုက်စင်ဘီးကလေး တစ်စင်းလောက်လိုချင်တယ်"

"ရတော့ ရတယ် ကိုဆွေရဲ့! ကျွန်တော့် ဆီမှာ KENBO လိုက်စင်ဘီး တစ်စင်းရှိတယ်၊ ၈ သိန်း၆ သောင်းလောက် ဈေးပေါက်မယ်"

"ဈေးက ပြင်းလွန်းအယ်ဗျာ"

"ဟုတ်တယ်ကိုဆွေရဲ့ ခင်တောင် ကျွန်တော်အရှုံးခံပြီးပြန်ရောင်းတာ•••"

"ဘယ်လိုလည်း ကိုကျော်သန်းရေ ၈သိန်း ၆သောင်းတဲ့တတ်နိုင်လား••"

"မတတ်နိုင်ဘူးဗျ ကျွန်တော်တို့က ၇ သိန်းလောက်ပဲ မှန်းလာတာ••"

"ဒါဆိုမဖြစ်သေးဘူး ကိုအောင်ကျော်ဦးရေ ဈေးကအရမ်းကွာလွန်းနေတယ် အခြားမှာရှိနိုင်သေးလား••"

"အင်း•• တစ်နေရာတော့ရှိတယ်ဗျ အဲဒီမှာတော့ဖြစ်နိုင်တယ် ကိုဆွေတို့ သွားလိုက်ကြည့်လိုက် ကျွန်တော့် ချာတိတ်တစ်ယောက် လိုက်ပို့လိမ့်မယ်•• ဟေ့ညီ••မင်းဒီ ဆရာတွေကို သကြားနောင်ထဲက ဘီးကိုလိုက် ပြလိုက်••"

"ဟုတ်ကဲ့ အစ်ကို••"

"ကဲ ကိုဆွေတို့အဖွဲ့ သူနဲ့လိုက်သွားကြည့်ကြဗျာ၊ကျွန်တော် ဒါလောက်ပဲကူညီနိုင်မယ်•• တည့်တော့လဲတည့်ပေါ့ဗျာ"

"ကျေးဇူးတင်ပါတယ် ကိုအောင်ကျော်ဦးရေ ကဲကိုကျော်သန်း ကျွန်တော်တို့သွားလိုက်ကြရအောင်•••"

ကိုအောင်ကျော်ဦး၏ ချာတိတ်တစ်ယောက်လိုက်ပြပေးမှုဖြင့် တိရစ္ဆာန်ရုံဟောင်းလမ်းဟု ခေါ်သောမြို့ရိုးပေါ်တွင် ကြီးမားသော အဆောက်အဦးကြီးများဆောက်ထားသည့် နေရာဘေးရှိလမ်းထဲသို့ ကျွန်တော်တို့အုပ်စုရောက်လာခဲ့ကြသည်။ အဆိုပါ အဆောက်အဦးကြီးများမှာ အင်္ဂလိပ်အစိုးရလက်ထပ် ကတည်းကဆောက်လုပ်ခဲ့ကြခြင်းဖြစ်ပြီး၊မီးရထားဌာနပိုင် အဆောက်အဦးများဖြစ်လျှက် မျက်နှာဖြူအရာရှိကြီးများ နေထိုင်ခဲ့ကြသဖြင့် ယခုထက်တိုင် ဘိုကုန်းဟု အမည်ခေါ်တွင်နေဆဲ ဖြစ်လေသည်။

ကျွန်တော်တို့သည် အဆိုပါဘိုကုန်းဘေးရှိ တိရစ္ဆာန်ရုံဟောင်းလမ်းအတိုင်း အနောက်ဖက်သို့ အနည်းငယ်ကျော်လွန်သွားကြပြီး မီးရထားဌာနဝန်ထမ်းငယ်များ နေထိုင်ကြသည့် မီးရထားကွာတား(ခ) မီးရထားဝန်ထမ်းလိုင်းတန်းလျားများရှိ အိမ်တစ်အိမ်အရှေ့၌ ရပ်တန့်လိုက်ကြသည်။

"အောင်သူ အောင်သူ ဆိုင်ကယ်ကြည့်မလို့တဲ့"

"ဒီအိမ်ပဲ အစ်ကို"

ကျွန်တော်တို့အား ဦးဆောင်ခေါ်လာသူ လူရွယ်မှ အိမ်ရှင်အား လှမ်းခေါ်ရင်း ရှင်းပြနေပါသည်။

"လာကြလေ••ဘာဘီးယူမှာလည်း KENBO 110ရှိတယ်၊ စူပါကပ်ရှိတယ်

www.burmeseclassic.com

www.burmeseclassic.com

"KENBO ယူမှာ·· ဘယ်လောက်လဲ"

"၇ သိန်း၂ သောင်း အစ်ကို"

"ကိုကျော်သန်း ကြိုက်လား·· စီးကြည့်ပါလား·· ဘီးအနေအထားကတော့ သိပ်မဆိုးလှဘူးထင်တာပဲ"

ကျွန်တော်မှ ကိုကျော်သန်းအား တိုးတိုးကပ်၍ ပြောလိုက်သည်···

"စီးကြည့်လို့ရလား ချာတိတ်"

"ရပါတယ် စီးကြည့်ပါ··"

"လိုက်စင်အမှန်အကန်ပါ··"

"မင်းအမည်ပေါက်လား··"

"အဲလိုတော့မဟုတ်ဘူး ကျွန်တော်တို့က ဝယ်ရောင်းဆိုတော့ ရတဲ့ဘီးကို ဝယ်ရတာ"

"အဲဒါ လိုင်စင်လဲတော့ ငါတို့က အခက်အခဲဖြစ်မှာပေါ့··"

"အဲဒီကိစ္စမပူနဲ့ ကျွန်တော် တာဝန်ယူပါတယ်"

"အေးလေ·· ငါ့လူတွေ မင်းဘီးကို အကြိုက်တွေ့လို့ ဝယ်ဖြစ်တယ်ဆိုရင်တော့ ကြည့်စီစဉ်ရမှာပေါ့··"

"ဘယ့်နယ်လဲ ကိုကျော်သန်း စီးကြည့်တာအဆင်ပြေလား··"

"အစ်ကိုကြီးကို မေးကြည့်လေ၊ အစ်ကို ကြိုက်ကြိုက်ရင် ကျွန်တော်ကြိုက်ပါတယ်··"

"ရော်··တစ်မျိုးပါလား၊ ဟုတ်ပါပြီ ကဲ အစ်ကို ဟန်ညွှန့်ရေ ဘယ်လိုသဘောရလဲ"

"အင်း·· ဘီးကတော့မဆိုးပါဘူး ဈေးကတော့ နည်းနည်းပြင်ကွာ လိုရင်းတိုရှင်းပဲပြောမယ် ၇သိန်းအတိသာ ထားလိုက်၊ ခုချက်ချင်းငွေချေမယ်···"

"ကဲ ကျွန်တော့်အတွက် အမြတ်နည်းနည်းတော့ လျော့သွားတာပေါ့။ ဒါပေမယ့်ရောင်းလိုက်ပါ့မယ်။ကျွန်တော်လည်းရောင်းရ ခင်ဗျားတို့လည်း လိုချင်တဲ့ ဘီးရသွားအောင်ပေါ့··"

"ဒါဆို အရောင်းအဝယ်ဖြစ်ပြီ၊ ဒါပေမယ့် နှုတ်တစ်ရာ စာတစ်လုံးတဲ့၊ ပွဲစားလက်ကဘီးဆိုတော့ မတော်တဆ စကားပြောရရင် အထောက်အကူဖြစ်အောင် စာချုပ်ချုပ်မှဖြစ်မယ်။ ကိုကျော်သန်းတို့ တံဆိပ်ခေါင်းနဲ့စာချုပ်တစ်စောင်သွားဝယ်ချေဗျာ၊ ရွှေနဂါးမှာ ရောင်းတယ်"

ကိုကျော်သန်းနှင့် ကိုဟန်ညွှန့်တို့ နှစ်ယောက် မြို့ထဲတက်သို့သွား၍ စာချုပ်တစ်စောင်ဝယ်လာခဲ့ပြီး ကျွန်တော်နှင့် ကိုဟန်ညွှန့်မှ သက်သေလုပ်၍ ကိုကျော်သန်းနှင့်အောင်သူတို့ အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆိုနိုင်ရေးအတွက် လိုအပ်သော အချက်အလက်စာသားများအား ကျွန်တော်မှ စိတ်တိုင်းကျဖြည့်စွက်ရေးသား၍ ချုပ်ဆိုလိုက်ပြီး ငွေ ၇ သိန်းအား အကြေပေးချေကာ ဆိုင်ကယ် အားဝယ်ယူလိုက်ကြသည်။

◆◆◆

အချိန်ကာလဟူသည် တစ်ရက်ပြီး တစ်ရက် တစ်လပြီးတစ်လ ကုန်မှန်းသိကုန်လွန်ခဲ့သည်ကို ကျွန်တော့်မှာ သတိမမူနိုင်ခဲ့ဘဲ၊ စားဝတ်နေရေးနှင့် လူမှုရေးတာဝန်များဖြင့် နေ့စဉ်လုံးချာလိုက်ကာ အချိန်တို့ကုန်လွန်သွားခဲ့လေသည်။

တစ်နေ့

"ဗျို့ ကိုဆွေကြီး"

"ဟာ ကိုကျော်သန်းတို့ပဲ အစောကြီးပေါက်ချလာပါလား။ ဘာအကြောင်းထူးလို့လည်း"

"ဆိုင်ကယ်လိုက်စင် သက်တမ်းတိုးဖို့လေ၊ ကျွန်တော်ဖာသာကျွန်တော် ရုံးကို ရောက်ခဲ့သေးတယ်၊ တစ်နေ့တည်းနဲ့ မပြတ်နိုင်ဘဲအတော် အလုပ်ရှုပ်မယ့် ကိစ္စပဲဗျို့ အဲဒါနဲ့ ကိုဆွေကြီးဆီ ကျွန်တော်လာခဲ့တာ လိုက်လုပ်ပေးပါဦး"

ရှောင်လွှဲရန်မရနိုင်သော ကိစ္စပီပီ ကျွန်တော်မှ လုပ်လက်စအလုပ်များ ရပ်တန့်လက် ခံသိမ်းလိုက်ပြီး "ကိုင်း ကြာတယ်ဗျာ၊ သွားကြမယ်။ ဒါနဲ့ အိမ်ထောင်စုစာရင်း၊ မှတ်ပုံတင်၊ ယာဉ်လိုင်စင်တွေပါရဲ့လား"

"ပါတယ်ဗျ"

"ဒါဆို ကွန်ပျူတာဆိုင် အရင်ဝင်ရမယ်ဗျို့ ကွန်ပျူတာဆိုင်မှာ မိတ္တူကူးတာတွေ တစ်ခါတည်းလုပ်သွားရမယ်"

ကျွန်တော်မှ ဆိုင်ကယ်အား မောင်းနှင် လျက်ခင်မင်သည့် မိတ္တူဆိုင် တစ်ဆိုင်သို့ ဝင်လိုက်ပြီး

"ညီလေး မင်းမင်းတိုး လိုင်စင်သက်တမ်းတိုးမယ်ကွာ မိတ္တူဘယ်နှစ်စုံကူးရမလဲ"

"ဦးဆွေရေ နှစ်စုံစီ ကူးရမယ် အမည်ပြောင်းဦးမှာလား"

www.burmeseclassic.com

www.burmeseclassic.com

> “ ဟောဒီ အင်ဂျင်နံပါတ်ကိုကြည့် မျက်နှာပြင်မှာ မူလဂဏန်းပျောက် အောင်ကျောက် စက်နဲ့ တိုက်စားထားလို့ ပြောင်ချောပြီး လိပ်ကျောကုန်းလို ဖြစ်နေတယ်တွေ့လား၊ အဲဒါ အဓိကအချက်ပဲ။ ဂဏန်းအက္ခရာစဉ်တူပေမယ့် မူလစာလုံး အရွယ်အစား ပုံသဏ္ဍာန်နဲ့ အသစ်ပြုပြင်ရိုက်ထားတဲ့ စာလုံးပုံသဏ္ဍာန်တွေ မတူညီကြဘူး။ ”

“အေးကွ၊အမည်ပါပြောင်းမှာ · ·”

“ဒါဆို အခွန်ရုံးကိုပေးဖို့ ဓါတ်ပုံ နှစ်ပုံရိုက် သွားလိုက်”

“ဟ · · သူတို့က မရိုက်ပေးဘူးလား”

“မရိုက်ပေးဘူး ဦးဆွေရ ကိုယ့်အစီအစဉ်နဲ့ ကိုယ့်ရိုက်ရတာ”

“ဒါဆိုရိုက်ကွာ”

ကွန်ပျူတာဆိုင်၌ မိတ္တူကူးခြင်း။ ဓါတ်ပုံ ရိုက်ခြင်းများ ပြုပြီးသောအခါ ကညနရုံးသို့ ဆက်သွားလိုက်သည်။ ကညနရုံး ပင်မ အဆောက်အဦးမှ စာရင်းသွင်းထားသော အုံနာဘုတ်ခေါ် ယာဉ်မှတ်ပုံတင်စာအုပ်အား ယူလျှက် အာမခံရုံးသို့သွား၍ အာမခံကြေးများ ပေးသွင်းပြီး အခွန်ဦးစီးရုံးသို့ အခွန်ငွေပေးသွင်းရန်သွားသောအခါ

“ဦးလေးကဒီမြို့နယ်က မဟုတ်တဲ့အတွက် အမည်ပြောင်းချင်ရင် ကိုယ်နေတဲ့ မြို့နယ်အခွန်ရုံးမှာဆက်သွယ်ပြီး အခွန်ဆောင်လိုက်ပါ၊ ကျွန်မတို့ဆီ ပြန်လာ စရာမလိုပါဘူး”

“လွယ်မယောင်နဲ့ ခက်ပြီဗျို့ ကဲ ကိုကျော်သန်းရေ ဘဏ်ပိတ်ချိန်နီးပြီ နောက်တစ်နေ့မှ အေးအေးဆေးဆေး ငွေသွင်းပြီးလာချင်လာခဲ့”

ကျွန်တော်က ထိုသို့ပြောလိုက်သော်လည်း ကိုကျော်သန်းက စိတ်မြန်လက်မြန်ရှိ လှပါသည်။ ထိုနေ့ နေ့ချင်းပင် ၎င်းနေထိုင်ရာ မြို့နယ်သို့ပြန်၍ အခွန်ငွေသွင်းလိုက်သည်ကို ကျွန်တော် မသိလိုက်ဘဲ၊ နေ့ခင်း ၃ နာရီလောက်တွင် ကျွန်တော့်အိမ်သို့ ပြန်ရောက်လာပြီး

“ကျွန်တော်ငွေသွင်းလိုက်ပြီ”

“ဗျာ · · ဟုတ်ရဲ့လား”

“ဟုတ်တယ် ဒီမှာအခွန်ရုံးက စာရွက်တွေ”

“အော် ဟုတ်သားပဲ၊ ကဲ ဒါဆိုလည်း ကညနရုံးသွားကြမယ်ဗျာ”

ကညနရုံး သွားသည်ဆိုသော်လည်း လွယ်လွယ်ကူကူတော့ မဟုတ်ချေ၊ သူလိုကိုယ်လို သက်တမ်းတိုးသူများနှင့် တန်းစီပြည့်ကျပ်နေသဖြင့် အလှည့်ကျစောင့်၍ ခဲခြစ်ခြင်း။ ဓာတ်ပုံရိုက်ခြင်း။ ခဲခြစ်ပြီး တာဝန်ရှိသူတို့၏ စစ်ဆေးမှုများအား ခံယူရခြင်းများအား တစ်ဆင့်ပြီး တစ်ဆင့်ပြုရလေသည်။

သူတကာတွေ အလျှိုအလျှို အလွယ်တကူပြီးသွားသော်လည်း ကိုယ့်အလှည့်၌မူ · · ·

“ခင်ဗျားတို့ ဒီဘီးဝယ်ထားတာ ကြာပြီလား”

“တစ်နှစ်ကျော်လောက်ပြီဆိုပါတော့၊ ဘာပြဿနာတွေ့လို့လည်း”

“ပြောရရင်တော့ဗျာ လိုင်စင်စာအုပ်က ခဲခြစ်နံပါတ်နဲ့ ဆိုင်ကယ် ကိုယ်ထည်ရဲ့ အင်ဂျင်မှာပါတဲ့ခဲခြစ်နံပါတ်တွေ ဂဏန်း

www.burmeseclassic.com

www.burmeseclassic.com

ချင်းတူပေမယ့် စာလုံးပုံသဏ္ဍာန်ချင်းမ
ဘူး မှုကွဲနေတယ်"

"အဲဒီတော့"

"ဦးစီးမှူးနဲ့တွေ့လိုက်ပါ"

ဆိုင်ကယ်ပိုင်ရှင် ကိုကျော်သန်း၏ မျက်နှာ မကောင်းတော့ပေ၊ ကျွန်တော် ယ်ပေးခဲ့သော ဘီးမှာ အရှုပ်အရှင်း ကင်းသော ဘီးဖြစ်နေလေပြီ။

ကညန ဦးစီးမှူးအား ကျွန်တော့် ကိုသိနေသော ရင်း၏လက်အောက် န်ထမ်းတစ်ဦးမှ ပျူငှါစွာ ကြားခံ တ်ဆက်ပေးပါသည်။

"ဆရာ ဒါကျွန်တော့်တို့ မြို့က ခင်းသတင်းထောက်ပါ"

"အော်ဟုတ်ကဲ့ တွေ့ရတာ သးစားပါတယ်ဆရာ၊ ကျွန်တော် အများ ကူညီခွင့်ရမလဲခင်ဗျာ"

"ဒီလိုပါဦးစီးရယ် အခု ဟောဒီ ျွန်တော့် ညီအစ်ကို ဆိုင်ကယ် က်တမ်းတိုးအမည် ပြောင်းတဲ့ကိစ္စ ပ်နံပါတ်တွေနဲ့ပတ်သတ်ပြီး လွဲချော် တွဖြစ်နေတယ်လို့ ဟောဒီဦးစီး ညွှ်က တင်ပြထားတဲ့ကိစ္စပါ။ ဒီဘီး ကျွန်တော်ကိုယ်တိုင် လိုက်ဝယ်ပေး တာပါ၊ လိုင်စင်မပါတဲ့ဆိုင်ကယ်ဆို သနာဖြစ်မှာစိုးလို့ လိုင်စင်နဲ့ဘီးကို မင်ရှာဝယ်ပေး ထားတာပါ"

"အခုတင်ပြထားတဲ့ အတိုင်းသာ ရင် သူတို့အနေနဲ့ ငွေလည်းသွင်းပြီး ဆိုတော့ တအားနစ်နာသွားမှာစိုး ပါခင်ဗျာ"

"စာဒကတက်တာမဟုတ်ပါဘူး။ ဦးစီးအနေနဲ့ ကျေးဇူးပြုပြီး ထပ်မံကူညီ စိစစ်ပေးဖို့ မေတ္တာရပ်ခံ တင်ပြပါရစေ ခင်ဗျာ"

"အော် ရတယ်ဆရာ ရတယ်၊ ကျွန်တော်တို့ကတော့ အတွေ့အကြုံ အများကြီးရှိ တယ်လေ၊ ဆရာတို့ ကတော့ တော်ရုံမသိနိုင်တဲ့ကိစ္စတွေမို့ ကျွန်တော်ဗဟုသုတအဖြစ် ရှင်းပြပါ့ မယ်၊ ဟောဒီ အင်ဂျင်နံပါတ်ကိုကြည့် မျက်နှာပြင်မှာ မူလဂဏန်းပျောက် အောင်ကျောက် စက်နဲ့ တိုက်စားထား လို့ ပြောင်ချောပြီး လိပ်ကျောကုန်း လိုဖြစ်နေတယ်တွေ့လား။ အဲဒါအဓိ ကအချက်ပဲ။ ဂဏန်းအကွဲရာစဉ်တူ ပေမယ့် မူလစာလုံး အရွယ်အစား ပုံသဏ္ဍာန်နဲ့ အသစ်ပြုပြင်ရိုက်ထားတဲ့ စာလုံးပုံသဏ္ဍာန်တွေ မတူညီကြဘူး နော် တွေ့လား"

"ဒီတော့ ကျွန်တော်တို့က လိုင်စင် ကို အတည်မပြုပေးနိုင်ဘူးလေ၊ မူလ လိုင်စင်ကို ကျွန်တော်တို့ ပြန်ထိန်းသိမ်း လိုက်မယ်၊ ငါးနှစ် ကြာရင် ဖျက်သိမ်း လိုက်မယ်"

"ဆိုင်ကယ်ကိုတော့ ပိုင်ရှင်နစ်နာ မှု မရှိအောင် ပိုင်ရှင်ကိုပြန်ပေးလိုက် ပါ့မယ်။ ဒါကျွန်တော်တို့ရဲ့ စေတနာ သဘောထားပါ။ နောင်တစ်ချိန် လိုက် စင်ထုတ်ပေးချိန်မှာ လိုင်စင်တရားဝင် လုပ်လိုက်ပေါ့"

"ဟုတ်ကဲ့ ဦးစီးခင်ဗျား ဒါလောက် ရှင်းပြတာကို ဝမ်းသာကျေးဇူး တင်လှ ပါပြီ ခွင့်ပြုပါဦးနော်"

"ဟုတ်ကဲ့ပါဆရာ"

ကညနရုံးမှ ပြန်ထွက်လာပြီး ကျွန်တော် တို့နှစ်ယောက်လုံး အတွေး ကိုယ်စီဖြင့် နှုတ်ဆိတ်နေကြသည်။

ကျွန်တော့်အား လူလည်အဖြစ် အားကိုး၍ ဆရာတင်ပြီး ဆိုင်ကယ် ဝယ်ခါမှ လူပါးပုလင်းထိရခြင်းလေရယ် ဟု ကျွန်တော့်မှာ ဒေါသဖြစ်ကာခံပြင်း ရလေပြီ။

"ကိုကျော်သန်းရေ ရှာပြန်ဗျာ၊ စိတ်မကောင်းမဖြစ်နဲ့၊ ကျွန်တော် လုပ်သင့်တာလုပ်ပြီး ထူးခြားရင်ဆက် သွယ်လိုက်မယ်"

"ဟုတ်ကဲ့"

ကိုကျော်သန်းကို နှုတ်ဆက်ပြီး ပွဲစားကို အောင်ကျော်ဦးနှင့် ဆက်သွယ် လိုက်သည်။

"ကိုဆွေ ကျွန်တော့်ကိုရှာတယ်ဆို"

"ဟုတ်တယ်ဗျ၊ ဟို ဆိုင်ကယ် ရောဂါတက်ပြီ"

ကျွန်တော်မှ အကြောင်းစုံ ပြောပြ လိုက်သည်။ "ကိုဆွေဘာဖြစ်ချင်သလဲ၊ ကျွန်တော် အဲဒီ လူကိုခေါ်လိုက်မယ် ခဏစောင့်"

ကိုအောင်ကျော်ဦးမှ ဖုန်းနံပါတ် တစ်ခုသို့ဆက်သွယ်လိုက်ပြီး ကျွန်တော့် အား ပြောလိုက်သည်။

"ဟိုမှာလာပြီကဲပါကွာ၊ အောင်သူ ဒီမှာမနှစ်က မင်းဆိုင်ကယ်ရောင်းလိုက် တဲ့ အစ်ကိုကြီး မင်းကိုစွမင်းရှင်းနော်၊ မပြေလည်ရင် ဒီအစ်ကိုကြီးအကြောင်း မင်းသိတယ်မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com

"ဘီးက ဘာဖြစ်လို့လည်း"

"ကညနမှာ သက်တမ်းတိုးအမည်ပြောင်းကိစ္စ ခဲခြစ်တော့မှသိရတာပဲကွ၊ ဟောဒီမှာစာချုပ်မင်းမှတ်မိ အောင်ပြန်ဖတ်ကြည့်၊ အရှုပ်အရှင်း ကိစ္စမှန်သမျှ ရောင်းသူက တာဝန်ယူ ဖြေရှင်းပေးပါ့မယ်ဆိုတာပါတယ်၊ အဲဒီ စာချုပ်ကတိကို မင်းလိုက်နာပေတော့"

"ရတယ်လေ ကျွန်တော် မနက်ဖြန်ရှင်းပေးမယ်"

"ဘယ်အချိန်လည်း"

"၁၀ နာရီပေါ့"

"ကောင်းပြီ မင်းဆက်ဆက်လာခဲ့၊ ငါမလာလည်း မင်းစောင့်၊ မင်းမလာလည်း ငါ စောင့်မယ်။ ဆိုင်ကယ်ပါ မှာလိုက်မယ်"

နောက်တစ်နေ့ အောင်သူကား မလာပေ၊ ကျွန်တော့်မှာညီအစ်ကိုတော်သူဆိုင်ကယ်သမားကို ကျော်သန်းနှင့် ကိုဟန်ညွှန့်တို့နှစ်ဦးအား မျက်နှာပျက်ရလေပြီ

"ကဲ ဆိုင်ကယ်ထားခဲ့ ကိုကျော်သန်း ရာတစ်ပတ်အတွင်း ကျွန်တော်ရှင်းမယ်"

ကိုကျော်သန်းကား မျက်နှာမကောင်းလှချေ၊ တနုံ့နုံ့နှင့် ခံစားနေရရှာပေမပေါ့ ..။

"ကိုဆွေရေ ပြန်တော့လာမှာဗျ၊ ဒီကောင်တွေ ခရီးထွက်သွားတယ်"

ကိုအောင်ကျော်ဦးမှာ ကျွန်တော့်အား ၎င်းသိသမျှပြောပြလေ၏။

"အေးဗျာ ကျွန်တော်ကလည်း ကြီးမားတဲ့အမှုကို ငယ်အောင်ပေါ့ဗျာ၊ ပြဿနာတွေ မရှုပ်ချင်လို့ လူမှုရေးကဏ္ဍအရ ဖြေရှင်းဖို့ ကြိုးစားနေတာ။ နှစ်ဖက်လုံးကောင်းဖို့ အတွက်ပေါ့ဗျာ"

"ဥပဒေအရဆိုရင်တော့ နှစ်ဖက်လုံးတစ်ဖက်ကို တစ်မျိုးစီတော့ ထိခိုက်နစ်နာမှုတွေ ရှိလာနိုင်တယ်မို့လား"

"ရပါတယ် ကိုဆွေ၊ သူတို့တွေ ပြန်လာရင် ကျွန်တော် ပြောလိုက်ပါမယ်"

သုံးရက်ခန့်အကြာ၌ ကျွန်တော့်အိမ်ရှေ့သို့ အောင်သူ အပါအဝင် လူသုံးယောက် ရောက်လာခဲ့ကြသည်။

"အစ်ကိုကြီး ဟို ဘီးကိစ္စလေး၊ ကျွန်တော်တို့ကလည်း ခရီးသွားနေတော့ နည်းနည်း နောက်ကျသွားတယ်"

"ဘီးကတော့ ဒီဘီးပဲ လိုရင်းပြောရရင် စာချုပ်စည်းကမ်းအရ ငွေပြန်ပေးကွာ မင်းတို့ ဘီးမင်းတို့ပြန်ယူသွား အဲဒါရှင်းတယ်"

"မဖြစ်နိုင်ဘူးဗျ၊ ဘီးက တအား ဟောင်းသွားပြီ"

"အဲဒါမင်းတို့ကိစ္စလေ၊ ဘီးသာမှန်ရင် ငါတို့စကားပြောစရာ အကြောင်းမရှိဘူး။ ပြီးတော့ ချိန်းတဲ့ရက်ကလည်း မင်း မလာဘူး၊ ငါတို့က လူကြီးတွေကွ၊ မလာနိုင်ရင် ကြိုပြောပေါ့ကွာ၊ ကတိမပေးနဲ့ပေါ့ ချိန်းပြီးခါမှ မလာဘဲ ရှောင်သွားတာဘယ်ကောင်းမလဲ"

"ဒီလိုလုပ်ပျာလိုင်စင်နဲ့ဘီး တစ်စင်းပြန်ဝယ်ပေးမယ်ဆိုရင်ကော"

မင်းတို့ပွဲစားတွေကို မယုံတော့ဘူး။ ငွေပဲပေး"

"ကျွန်တော်တို့က ပွဲစားမဟုတ်ဘူး ဗျ၊ ဝယ်ရောင်းသမားတွေ"

"အတူတူပါပဲကွာ၊ ဝယ်ရောင်း ပွဲစားပဲ၊ ပွဲစားလည်း ဝယ်ရောင်း အမြတ်မရဘဲ ဘယ်သူမှမလုပ်ဘူး။ ခု မင်းတို့ ငါတို့ငွေကို နှစ်ပေါက်အောင် လှည့်ထားပြီးပြီပဲ အတိုးနဲ့တွက် အတော်တောင်ရနေပြီ"

"အရောင်းအဝယ်သမားဆို မြတ်တဲ့ အခါလည်းစားလိုက်၊ ငါမင်းတို့ စကားမပြောချင်တော့ဘူး"

၎င်းတို့ သုံးယောက်အား စကား ကုန်ပြောလွှတ်လိုက်ပြီး နောက်အ ဆောင်ရွက်ဖွယ်ရာ ရှိသည်များ ဆက်လက်လုပ်ဆောင်၍ မောင်နိုင် သွားတွေ့လိုက်သည်။

"ကိုဆွေရေ ညနေ ၄ နာရီ ဆို မှာစောင့်လိုက် သူတို့လာလိမ့်မယ် ကျွန်တော်က အခြားသွားစရာရှိနေ"

"အိုကေ.. စောင့်လိုက်မယ်လေ"

"ကဲ ဗိုလ်ညွှန့်သန်းရေ လက်ဖက် ရည်သောက်ရင်း စကားစမြည်ပြော ရအောင်ဗျာ၊ ၄ နာရီဆိုတာလည်း ထိုးတော့မှာပဲ"

လက်ဖက်ရည် ဆိုင်သည်ကား မြန်မာ့ယဉ်ကျေးမှုနယ်ပယ်၌ ယ အချိန်တွင် မိတ်ဆွေ အပေါင်းအသ အချင်းချင်းညီခံစကားပြော၍ အ တော်ဆုံးနေရာ တစ်ခုအဖြစ်ထင်ရှား ရပ်တည်နေလေပြီ။

"ကဲ အစ်ကိုကြီးကျွန်တော်လို ပဲပြောမယ်ဗျာ၊ ဒီကောင် ဒလား

www.burmeseclassic.com

www.burmeseclassic.com

လိုက်ဆောင်ရွက်ပေးမယ့်သူ မရှိလို့ လူကြီးတစ်ယောက်အနေနဲ့ လိုက်လာတာပဲ"

"မနက်က နှစ်ယောက်ရော"

"အဲကောင်တွေ မပါတော့ဘူး၊ ဒီတော့ အစ်ကိုကြီးဘယ်လိုအဆင်ပြေမလဲ"

"၇ သိန်း ပြန်ရရင်အဆင်ပြေမယ်"

"လျော့ဦးအစ်ကိုကြီးရာ ၅သိန်းခွဲထား"

"မဖြစ်နိုင်ဘူးလေ၊ ကဲ ၆သိန်းနဲ့ဖြတ်လိုက်"

"အောင်သူ ဘယ်လိုလည်း မင်းနိုင်သား"

"မနိုင်ရင်လည်းရတယ်ကွာ၊ ပြန်သော့"

"မဟုတ်ပါဘူး ပေးပါ့မယ်"

"ဘယ်နှစ်ရက် စောင့်ရမှာလဲ ချက်ချင်း ပေးမှာလား"

"သဘာက်ခါပေးပါ့မယ်"

"မစောင့်နိုင်ဘူးကွာ တစ်ရက်ချိန်း၊ တစ်ရက်ချိန်းနဲ့ အချိန်ဆွဲသလိုဖြစ်နေပြီ"

"ဒါဆို မနက်ဖြန်ပေးပါ့မယ်"

"ဘယ်အချိန်လည်း"

"ညနေ ၄ နာရီပါ"

"၄ နာရီတိတိနော် တကယ်လာသလား မဟုတ်ရင်တော့ ငါသည်းခံဘူးနော်"

"တကယ်လာပါ့မယ် ၄ နာရီ မထိုးခင်လာခဲ့မယ်"

"ကောင်းပြီ မင်းစကားတည်ပါစေဟို တစ်နေ့ကလို မဖြစ်ပါစေနဲ့"

ကျွန်တော့်စကားသံက ထန်နေသည်။ ပွဲစားကိုအလျှော့ပေး ဆက်ဆံ၍မရ။ နောက်တစ်နေ့ ၄နာရီတွင် ကတိအတိုင်းငွေကချေပြီး ကျွန်တော့်ထံမှ ၎င်းထံမှ၎င်း တို့၏ဆိုင်ကယ်နှင့် စာချုပ်ကို ပြန်ယူသွားကြသည်။ ရော့ ပတ္တမြား ရော့နဂါးပင်။

"သမီး · · ဦးတို့ဆီ ဖုန်းဆက်လိုက်တော့ ငွေရထားပြီလို့"

ဖုန်း ဆက်လိုက်တော့လည်း ချက်ချင်း ရောက်မလာကြဘဲ နောက်တစ်ရက်ကျော်မှ ရောက်လာကြသည်။

"ကဲ ပိုက်ဆံတော့ရပြီ လိုင်စင်ဘီးဝယ်ရင် ၅သိန်းဝန်းကျင်နဲ့ ရမယ်တဲ့၊ ကိုကျော်သန်း ဘယ်လိုလဲ"

"တော်ပါပြီ ကြောက်သွားပြီ · · ဟဲ· ဟဲ"

ဟုတ်ပါရဲ့ ကြောက်မယ်ဆိုလည်း ကြောက်လောက်ပါတယ်၊ တော်သေးတယ် နှုတ်တစ်ရာ စာတစ်လုံးတဲ့ စာချုပ်ကယ်လိုက်လို့နော်၊ ပွဲစားကသိပ်ကြောက်စရာကောင်းတာ"

"စာချုပ်သာမပါရင် ခြေကန်ငြင်းမယ့်လူတွေ"

ဒါပေါ့ဗျာ ကိုယ်ကလည်း အဲဒီအသိစိတ်ကြောင့် စာချုပ်ကိုအရချုပ်ကိုင် လိုက်မိတာ"

"ဒါတောင် အလွန်ပါးနပ်တဲ့လူကိုပုလင်းက ထိဖြစ်အောင် ထိသွားသေးသဗျို့"

"လည်လွန်းတဲ့ ဘီးလို အလွန်လည်တဲ့ ပွဲစားလည်း ခင်ဗျားနဲ့ကျမှ အကျိုးနည်းတော့ တာပဲကိုးဗျ"

"ဟုတ်မှဟုတ်ပဲဗျို့ ဟင်ခင်ဗျားက ကျုပ် ကိုဟိုဒင်းလို့ ပြောလိုက်တာပေါ့လေ"

"မဟုတ်ရပါဘူးဗျ ဟဲ · ဟဲ"

"ကဲ ကဲထားတော့ဗျို့ ရှိစေတော့ အခု ခင်ဗျားသားအကြိုက် "ပ" နံပါတ်ကတော့ လိုင်စင်လည်းပါ၊ ကုမ္ပဏီမြေမနင်းဘီးအသစ် ၅ ခွဲပဲ ကျတယ်တဲ့ဗျို့ ဝယ်မလား"

"စက်မှုဇုန်ထုတ်ဘီးပဲဗျ ဝယ်မယ် ကျွန်တော့်သားကို ခေါ်ပြလိုက်ဦးမယ်"

"ဟော့ သားငယ် ဒီဘီးကြိုက်လား"

"ဟုတ်ကဲ့ ကြိုက်တယ် ကြိုက်တယ်"

သားငယ်ကား သဘောကျလွန်းသဖြင့် မျက်လုံးများအရောင် တဖိတ်ဖိတ်လက်နေပြီး ပါးစပ်မှာလည်း မမေ့နိုင်တော့ချေ။

ဟူး· ·ကြားထဲက အကျိုးဆောင်လုပ်ရတဲ့ ဘဝတယ်လည်း စိတ်ဒုက္ခများရပါလား။

ဘယ်သူမျှမသိလိုက်သော ရင်ထဲမှ အပူများ ယခုမှပင်အလုံးကြီး တစ်ခုကျသွားသလို ခံစားလိုက်ရပါတော့သည်။

မောင်ဆွေ(တောင်ငူ)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်နှင့် ကြို့ပင်ကောက်သည် သိပ်ဝေးလှသည်မဟုတ်သော်လည်း မိမိဇာတိမြို့ ကြို့ပင်ကောက်သို့ တစ်နှစ်တစ်ခေါက်ပင် ရောက်ခဲခဲ့ပါသည်။ ဝန်ထမ်းဘဝတုန်းကလည်း အလုပ်တာဝန်တွေ များခဲ့လို့၊ အငြိမ်းစားယူလိုက်ပြီးပြန်တော့လည်း အိမ်မှုကိစ္စတွေက များလာပြန်သည်။ တစ်ဖန် အသက်အရွယ်လေးက ထောက်လာတော့ ခရီးသွားရမှာကြောက်လာသည်။ ဤသို့ဖြင့်ပင် ဇာတိမြို့၊ ဇာတိရွာသို့ အရောက်နည်းခဲ့ရခြင်းဖြစ်သည်။

ညီမအငယ်ဆုံးလေး ခင်မိမိနိုင်ကတော့ ရန်ကုန်မှာရှိတဲ့ အစ်ကိုကြီးနှင့် အစ်မကြီးကို မမေ့မလျော့ တစ်နှစ်တစ်ခေါက် လာရောက်ကန်တော့ခဲ့သည်။

ဒီနှစ်လည်း ဝတ္တရားမပျက် သူရောက်လာသည်။ အစ်ကိုကြိုက်တတ်သော ဝက်ခေါင်းသား ပြုတ်လာသည်။ ပုစွန်ဆီလည်း ပါသည်။ ညိဇာသီးလည်း ပါလာသေးသည်။ ဒေသထွက် သီးနှံတွေလည်း စုံတကာစေ့နေတော့သည်။

သူရောက်လာပြီဆိုပါက မိသားစုတွေ ပျော်နေကြသည်။ မောင်နှမတွေ ပြောကြဆိုကြ၊ ရယ်ကာမောကာဖြင့် ကြည်နူးစရာ အတိဖြစ်နေသည်။ မြို့အကြောင်း၊ ရွာအကြောင်း၊ မိသားစုအကြောင်း၊ ဆွေမျိုးသားချင်းများအကြောင်း၊ ရွာဦးကျောင်းက ငယ်ဆရာဆရာတော်အကြောင်းပါမကျန် စုံတကာစေ့နေတော့သည်။ ငယ်သူငယ်ချင်း ဦးပဥ္စင်းဦးသာထူးတော့ ပျံလွန်တော်မူသွားပြီလို့ သိရသဖြင့် စိတ်မကောင်းဖြစ်ရပြန်သည်။ ည ၁၂ နာရီထိုးသည်အထိ ပြောစရာတွေက မကုန်နိုင်သေး။ ဒီတစ်ပတ်ကတော့ မိမိအတွက် ကုန်ကြမ်းတစ်ပုဒ် ရလိုက်သည်ဟု ဆိုပါရစေတော့။

* * * * *

www.burmeseclassic.com

www.burmeseclassic.com

ညီမငယ်လေးက သူ့သွားလေးများ ပေါ်အောင် ပြုံးရယ်လျက် ဆိုလာပါသည်။

"ဒီလို အစ်ကိုမောင်ရေ။ အကြီးမမ ဒေါ်စတီး တို့ဆေးမိတယ်ဆိုလား ငွေငါးသောင်းပါသွားပါလေရောလား"

"ဟုတ်ရဲ့လားဟယ်။ တို့ဆေးတွေ၊ ရွှေထုပ်ချလိမ်တာတွေ၊ ဖဲသုံးချပ်ကစားနည်းနဲ့ လိမ်တာတွေဟာ ဒီဘက်ခေတ်မှာ မကြားရသလောက် ဖြစ်နေပါပြီ"

"အစ်ကိုရယ် ... လူတွေကြားသိနေတာက သတင်းစာတို့၊ စာစောင်တို့၊ မဂ္ဂဇင်းတွေမှာ ပါလာမှ သိကြတာမဟုတ်လား။ တချို့ကလည်း ကိုယ်ခံလိုက်ရတာကို ရှက်ပြီး ဘယ်ကိုမှ မတိုင်တော့ဘဲ ကြိတ်ခံလိုက်ကြတာလည်း တစ်ပုံတစ်ခေါင်းကြီး အစ်ကိုရဲ့။ နောက်ပြီး သတင်းစာတို့၊ စာစောင်တို့ဆိုတာကလည်း အဖတ်နည်းကြပါသေးတယ်။ မြို့ပေါ်လူတန်းစားကတော့ တော်တော်များများ ဖတ်လေ့ရှိကြမှာပေါ့။ ညီမတို့ တောသူတောင်သားတွေက စာဖတ်နိုင်အား အတော်နည်းပါးသေးတယ်"

"အေး ... ဒါလည်းမှန်တာပဲကွ။ စာဖတ်အားနည်းတော့ ဗဟုသုတလည်း နည်းသွားတာပေါ့။ လူလိမ်၊ လူညာတွေဆိုတာကလည်း တစ်ဖက်လူရဲ့ အားနည်းချက်ကို အကဲခတ်ပြီး လိမ်သွားကြတာကွ။ ဥပမာ ... ရိုးရိုးအအ မအူမလည်လိုလူမျိုး၊ တစ်ဖက်လူကို အယုံလွယ်တဲ့လူမျိုး၊ လောဘကြီးတဲ့လူမျိုးတွေကို ရွေးပြီး လိမ်သွားတတ်ကြတာပါ။ သက်ဆိုင်ရာတာဝန်ရှိသူတွေကလည်း နှိမ်နင်းနေကြတာပါပဲ။ ဒါပေမယ့် လူရိုးလူအ အယုံလွယ်သူ၊ လောဘကြီးတတ်သူတွေ ရှိနေသရွေ့တော့ လူလိမ်တွေ ရှိနေဦးမှာပါပဲ။ တကယ်တော့ မိမိသာလျှင် ပမာနပါ။ အမြဲသတိရှိကြဖို့ လိုတယ်လေ။

ဒါထက် အစ်ကိုညီမကြီး ခံလိုက်ရပုံကို ပြောပါဦး"

"အစ်ကို ခဏခဏပြောဖူးတဲ့ စကားလိုပဲ ရှင်းရှင်းလေးနဲ့ ရှုပ်သွားတယ်ဆိုပါတော့။ အကြီးမမက ဘတ်စ်ကြွေးဆပ်ဖို့ မြို့ကိုသွားတယ်။ ငွေငါးသောင်းကို စက္ကူနဲ့ပတ်တယ်။ နောက်ပြီး ကြွပ်ကြွပ်အိတ်နဲ့ထပ်ပတ်တယ်။ ပြီးတော့ ပလတ်စတစ်လက်ဆွဲခြင်းထဲ ထည့်ထွဲ့သွားတယ်"

"ဟဲ့ ... ငွေသောင်းချီသောင်းကို ပိုက်ဆံအိတ်ထဲ ထည့်မသွားဘူးလား"

"အမယ်လေး ... အစ်ကိုညီမ အကြောင်းလည်း သိသားနဲ့ သူက ဘာကိုမှ အရေးထားတာမှ မဟုတ်ဘူး။ ဖြစ်သလိုပဲ။ မြို့သွားတော့ ဆီးမှုနေတဲ့ အဝတ်အစားနဲ့ပဲ သွားချင်သွားလိုက်တာပဲ။ ခေါင်းဖြီးဖို့ သနပ်ခါးလိမ်းဖို့ စိတ်ကူးထဲတောင် မထည့်ဘူး။ ဒီငွေငါးသောင်းလောက်ကိုတော့ ဘယ်အရေးထားမလဲ။ စက္ကူလေးနဲ့ပတ်၊ ပလတ်စတစ်နဲ့ထပ်ပတ်၊ လက်ဆွဲခြင်းတောင်းထဲ ပစ်ထည့်လိုက်ရုံပဲပေါ့"

"ဒါလည်း တစ်မျိုးကောင်းပါတယ်။ သူ့အတွက်ကတော့ ပကာသနမှန်သမျှ ခဝါချထားတာပဲ။ ဘယ်ပုံဘယ်နည်းခံလိုက်ရတာလဲ ဆက်ပြောပါဦး"

"မြို့ရောက်တော့ ဘတ်စ်မှာ လူများနေတာနဲ့ သူလည်း တန်းစီစောင့်နေသတဲ့။ အဲဒီမှာ အမျိုးသမီးကြီးတစ်ဦးက အစ်မကြီးကို မြင်ဖူးသလိုပဲ၊ ကျွန်းကုန်းကြီးကများလားလို့ မေးသတဲ့။ အကြီးမမက ဟုတ်ပါတယ်လို့ ဆိုလိုက်တော့ အဲဒီအမျိုးသမီးက ဒါဆို ဦးတင်မောင်၊ ဒေါ်ရွှေတို့ကို သိမှာပေါ့။ သူတို့က ရွာမျက်နှာဖုံးတွေပဲ။ ကျွန်မမိဘများနဲ့ သိပ်ခင်ကြတာ။ ငယ်ငယ်ကတော့ မိဘများနဲ့အတူ သူတို့အိမ်ကို ရောက်ဖူးပါတယ်။ ကျွန်မမိဘများလည်း ဆုံးသွားပြီးနောက် ကျွန်မလည်း ရှန်းကန်လှုပ်ရှားရင်း ဟိုရောက် ဒီရောက်နဲ့ ဒီဘက်ကို မရောက်တာ အတော်ကြာခဲ့ပါတယ်။ ဦးလေးဦးတင် မောင်တို့လည်း ဆုံးသွားကြပြီလို့ ကြာ ပါတယ်။ စိတ်မကောင်းပါဘူး။ သားတွေ သမီးတွေတော့ ကျန်ခဲ့မှာပါ။ ကလေးတွေ လည်း ကြီးကုန်လောက်ပြီပေါ့"

"အဲဒီအမျိုးသမီးစကားတွေက အမှန်တွေဖြစ်နေတော့ အကြီးမမက သူ့ ကိုယုံသလို၊ ခင်သလိုဖြစ်သွားတယ်တဲ့ အစ်ကိုရာ။ ဒါနဲ့ အကြီးမမကလည်း ကျွန်မက ဦးတင်မောင်၊ ဒေါ်ရွှေတို့ရဲ့ သမီး ပါလို့ ပြောလိုက်သတဲ့"

"အဲဒီအမျိုးသမီးက ဝမ်းသာအား နဲ့ တိုက်တိုက်ဆိုင်ဆိုင် အခုလို တွေ့ရ တာ အရမ်းဝမ်းသာတာပဲလို့ ဆိုပြန်သတဲ့ ဆက်ပြောတာက ကျွန်းကုန်းကြီးရွာက အုပ်ချုပ်ရေးမှူး ဦးအေးရွှေဟာ ကျွန် ဦးလေးအရင်းတော်တယ်တဲ့။ သူ့ဖ ဒေါ်အေးကြည်ဆုံးသွားတော့ သူလည် ဒုက္ခရောက်နေတယ်ကြားတယ်။ သား သမီးတွေကလည်း လိမ္မာပုံမပေါ်ပါဘူ သားလေးတစ်ယောက်က ရန်ကုန်မှာ အလုပ်လုပ်နေတယ်ဆိုလား ကြားတာပဲ ပြန်ကြည့်သလားတော့ မသိပါဘူးတဲ့"

"အစ်ကိုရယ် ... သူပြောတာတွေ က အကုန်မှန်နေတယ်။ အကြီးမမလည် ယုံနေမှာပေါ့။ အဲဒီမိန်းမ ဆက်ပြောတာ က သူလည်း လုပ်ငန်းကိုင်ငန်းလေး ကောင်းလို့ သူ့ဦးလေး ဦးအေးရွှေကို ငွေ နှစ်သောင်းကန်တော့လိုက်ချင်ပါတယ် သူ့နဲ့လိုက်ယူပါလို့ ဆိုသတဲ့"

"ဒါနဲ့ အကြီးမမက သူ့လက်ဆွဲ ခြင်းကို ဆွဲပြီး လိုက်သွားသတဲ့"

"ဘယ်မှာလိုက်ယူရမှာလဲလို့ သူ က မမေးဘူးလား"

"အဲဒါပြောတာပေါ့ အစ်ကိုရာ ကျွန်မတို့လည်း ဒေါသထွက်တာက

www.burmeseclassic.com

www.burmeseclassic.com

မိန်းမခေါ်တာကို မမေးမစမ်းဘဲနဲ့ လိုက်သွားတာ ဘယ်လိုဖြစ်တာလဲလို့ ညီမတို့က မေးတော့ သူပြောတာက အဲဒီမိန်းမက စကားပြောရင် ပခုံးလေးကိုင်လိုက်၊ လက်မောင်းလေးကိုင်လိုက်နဲ့ ပြောတာပဲ။ ငါလည်း သူပြောတာကို ငေးစိုက်နားထောင်နေမိပြီး သူက သွားမယ်ဆိုတော့လည်း လိုက်သွားမိတာပဲတဲ့''

''ဇာတ်လမ်းကတော့ လွမ်းခန်းရောက်လုပြီထင်တယ်၊ ဆက်ပါဦး''

''အဲဒီအမျိုးသမီးက ရှေ့က၊ အကြီးမမက နောက်က သူ့ခြင်းတောင်းကြီးဆွဲလို့ သွားနေကြသတဲ့။ ရုံးလမ်း၊ ပွဲစားလမ်း၊ ကျောင်းကြီးလမ်း၊ ဂါတ်သစ်လမ်း စုံနေတာပဲတဲ့။ နောက် အရှေ့လမ်းမတော်ဘက်ရောက်လာတယ်။ ကွမ်းယာဆိုင်တစ်ဆိုင်တွေ့တော့ အဲဒီအမျိုးသမီးက ကွမ်းယာဝယ်စားသတဲ့။ ပြီးတော့ အစ်ကြီးခြင်းတောင်းကြီးက ရှုပ်ပါတယ်။ ဒီဆိုင်မှာ ခဏအပ်ခဲ့မယ်၊ အပြန်မှ ဝင်ယူကြတာပေါ့ဆိုပြီး အကြီးမမလက်ထဲက ခြင်းကိုယူပြီး အဲဒီကွမ်းယာဆိုင်မှာ အပ်ခဲ့တယ်တဲ့''

''ဟဲ့ ...ကိုယ့်ငွေငါးသောင်းက ဒီခြင်းထဲမှာလေ။ သူသတိမရတော့ဘူးလား''

''ညီမတို့ ဒေါသထွက်တာလည်း အဲဒါပဲ အစ်ကို။ သူကတော့ ဘာမှသတိရဘူးလို့ ပြောတာပဲ''

''အင်း ...ဆက်ပြောစမ်းပါဦး''

''သူတို့နှစ်ယောက် ဆက်သွားကြတယ်တဲ့။ ဈေးထဲရောက်တော့ ကွမ်းရွက်နဲ့ ကွမ်းသီးရောင်းတဲ့ဆိုင်တစ်ဆိုင်တွေ့တယ်တဲ့။ အဲဒီမိန်းမက ကွမ်းရွက်တစ်ပိသာနဲ့ ကွမ်းသီးတစ်ပိသာချိန်ထားပါ။ ပြီးမှ သူလာယူမယ်ပြောပြီး အကြီးမမကို အဲဒီဆိုင်က ခဏစောင့်ပါပြောပြီး ထွက်သွားသတဲ့''

''ပြန်မလာတော့ဘူး မဟုတ်လား''

''ဟယ် ...အစ်ကိုက အတပ်ပြောနိုင်ပါလား''

''ဘာဆန်းသလဲ ညီမရယ်။ ဒါမျိုးတွေက အစ်ကိုတို့အတွက်တော့ ရိုးနေပါပြီ။ အစ်ကိုတို့ တာဝန်ထမ်းဆောင်ခဲ့စဉ်က ဒါမျိုးတွေ ခဏခဏလာတိုင်ကြလို့ ဖြေရှင်းပေးခဲ့ရတာတွေ မနည်းပါဘူး။ ကဲ ...ဆက်ပြောပါဦး''

''ဟုတ်တယ် အစ်ကို။ အဲဒီမိန်းမ ပြန်မလာတော့ဘူး။ တစ်နာရီ၊ နှစ်နာရီ လောက်ကြာတော့ အကြီးမမ မနေနိုင်တော့ဘဲ လက်ဆွဲခြင်းအပ်ခဲ့တဲ့ ကွမ်းယာဆိုင်ကိုသွားတော့ စောစောကပဲ အမျိုးသမီးတစ်ယောက် လာယူသွားပြီလို့ ပြောလိုက်သတဲ့''

''အဲဒီတော့မှပဲ အကြီးမမ ကျောချမ်းပြမ်းသွားအောင် တဇွတ်ပြီး ခံစားလိုက်ရတယ်တဲ့ ...''

''အဲဒီတော့မှပဲ အကြီးမမ ကျောချမှ တစ်ပြုမှန်းသိတဲ့ကိန်း ဆိုက်တော့တယ်။ သူ့ငွေငါးသောင်းလည်း ပါသွားပြီပေါ့။ မျက်ရည်စက်လက်နဲ့ အိမ်ပြန်ရောက်လာတယ် အစ်ကို။ သူ့အပြောကတော့ ဆေးတို့ခံလိုက်ရတာဖြစ်တယ်လို့ ပြောတာပဲ''

''အေး ...အဲဒါဟာ အလိမ်ခံလိုက်ရတဲ့သူတွေရဲ့ လက်သုံးစကားပါပဲ။ အဲဒီလို လိမ်နည်းတွေကလည်း ခေတ်ဟောင်းခေတ်သစ် မရိုးနိုင်သေးတဲ့ လိမ်နည်းတွေပါပဲ။ ဒါထက် နင့်အစ်မ ရဲစခန်းကို တိုင်မထားဘူးလား''

''မတိုင်ဖြစ်ပါဘူး အစ်ကိုရယ်။ အငယ်မမက ပြောတယ်။ တစ်ခါတုန်းက အစ်ကိုမောင် ပြောဖူးတယ်တဲ့။ လိမ်နည်းတွေက သိပ်များတယ်။ ရွှေတုအထုပ်ချလိမ်နည်း၊ ဖုံးသုံးချပ်နဲ့လိမ်နည်း၊ လက်ဖွဲ့မန္တန်တွေပြပြီး လိမ်နည်း၊ အစာထဲ အိပ်ဆေးထည့်လိမ်နည်းတွေ ဖြစ်တယ်တဲ့''

''ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် လိမ်တဲ့သူတွေမှာ ၆၀ ရာခိုင်နှုန်းလောက်ပဲ အပြစ်ပြောဖွယ်ရှိတယ်လို့ ဆိုရမှာဖြစ်တယ်။ ကျန်တဲ့ ၄၀ ရာခိုင်နှုန်းကတော့ အလိမ်ခံရသူများအပေါ် အပြစ်ပြောရမယ်။ ဘာကြောင့်လဲဆိုတော့ လိမ်တဲ့သူတွေဟာ အလိမ်ခံရမယ့်သူများရဲ့ မျှော်ကွက်ဟာကွက်ကို ကြည့်ပြီး လိမ်ယူသွားကြတာများတယ်တဲ့။ အဲဒီတော့ အလိမ်ခံရပြီဆိုရင်တော့ ကိုယ်ညံ့လို့သာ မှတ်ပါ။ ရဲစခန်းသွားတိုင်ရင်လည်း အရှက်ကွဲရုံသာ ရှိမယ်၊ ဘာမှဖြစ်လာမှာမဟုတ်ဘူးဟေ့။ အလိမ်မခံရအောင် သတိနဲ့နေကြပါ''

''အဲဒီလိုပြောဖူးတယ်တဲ့၊ ဒါကြောင့် ရဲစခန်းတွေ ဘာတွေလည်း မတိုင်ဖြစ်တော့ပါဘူး အစ်ကိုရာ''

''ကောင်းပါတယ်၊ ဒီအတိုင်းဖြစ်ရမှာပေါ့၊ ဒါအမှန်ပဲဟာ''လို့သာ ပြောလိုက်မိပါတော့သည်။

စာချစ်သူ မိတ်ဆွေများခင်ဗျား။ ရေသာခို အချောင်လိုက်၊ လက်ကြောမတင်းကြသော လူ့ဗာလတွေကတော့ လိမ်နည်းမျိုးစုံနဲ့ လိမ်နေကြသည်သာ ဖြစ်ပါသည်။ ယခုလည်း လိမ်နေကြသည်၊ နောင်လည်း လိမ်နေကြဦးမည်သာ ဖြစ်ပါသည်။

လူလိမ်တို့၏ ပစ်မှတ်သည် ရိုးသားသူ၊ ယုံလွယ်တတ်သူ၊ အားနာတတ်သူ၊ တစ်ဖက်သားကို ကူညီလိုစိတ် အမြဲရှိသူတို့ ဖြစ်သည်။ ဒါကို အသိတရားနဲ့ သတိထားကြဖို့ လိုပါမည်။ တကယ်တော့ အနာရှိရင် ဆေးရှိသည်၊ ဆေးသိရင် အနာပျောက်မည်သာ ဖြစ်သည်။

လူလိမ်တို့၏ စက်ကွင်းက လွတ်ကင်းနိုင်ရန် အသိတရားဖြင့် သတိထားကြပါစို့။

မောင်မောင်(ပိတောက်မြိုင်)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ဘာ ... ခင်ဗျားခါးကြီး ဘာ ကြောင့်စောင်းနေရသလဲ ဟုတ်လား။ ပြောပြရမှာပေါ့ဗျာ။ ဒီအကြောင်းတွေ ပြောချင်လွန်းလို့ ကျုပ် ခင်ဗျားဆီရောက် လာတာပဲ။ ကဲ ... ကျုပ်ကိုကျုပ် မိတ် ဆက်ပါရစေဦး။ ကျုပ်နာမည်က ... ကိုကောင်းလွင်။ ကျုပ်က သထုံမြို့အနား က ရွာတစ်ရွာမှာ နေတယ်။ အလုပ်က တော့ ကြုံရာကျရာပေါ့။

မိုးရာသီမှာတော့ များသောအား ဖြင့် လယ်တဲစောင့်ရတာများတယ်။ ကိုယ် ပိုင်လယ် မရှိတော့လည်း သူများလယ်ဘဲ တွေ သွားပြီးစောင့်ပေးရတာပေါ့။ ပြောရ ဦးမယ်။ ကျုပ်က သရဲတစ္ဆေဆိုတာကို နည်းနည်းမှ မယုံကြည်ဘူးဗျာ။ သူငယ် ချင်းတွေ ထန်းတောမှာဆုံလို့ စကားပြော ကြတဲ့ခါ သရဲအကြောင်း၊ မှတ်ပြီစ္ဆာ အကြောင်းတွေ ပြောကြတယ်။ ကိုယ် တွေ့ဆိုတဲ့ ခေါင်းစဉ်ကြီးတွေ တပ်ပြီး တော့ပေါ့ဗျာ။ အဲ့အခါကျရင် မဖြစ်နိုင်ဘူး။ မယုံဘူးဟော့ဆိုပြီး ခိုင်ခံငြင်းတတ်တာ ကျုပ်ပဲ။ သူတို့ကလည်း ပြန်ပြောတယ်။ မင်းကြုံရင် တို့ထက် ပိုဆိုးမယ်တဲ့။ ဟုတ် ပါတယ်။ ကျုပ်တွေ့ကြုံခဲ့တာဟာ သူတို့ တွေထက် ပိုဆိုးပါတယ် ဆိုတာကို ဒီခါး ကြီးက သက်သေခံနေပြီလေ။

• • • • •

ဖြစ်ပုံက ဒီလို ... ဒီလို။ ကျုပ်နဲ့ ဆွေမကင်း မျိုးမကင်းထဲက ဆိုပါတော့ ဗျာ။ ကျုပ်နဲ့ ညီအစ်ကိုသုံးဝမ်းကွဲတော်တဲ့ သောင်းစိန်ဆိုတဲ့သူက ကျုပ်ကို သူ့လယ် တဲ သွားစောင့်ခိုင်းတယ်။ ကျုပ်ကလည်း အလုပ်အကိုင်မဲ့နေတာနဲ့ အတော်ပေါ့။ သူကလည်း ကျုပ်အလုပ်မရှိဖြစ်နေတာ ကို မကြည့်ရက်လို့ ထင်ပါတယ်။ အရင် ကစောင့်တဲ့ လယ်တဲစောင့်ကို ခဏနား ခိုင်းပြီး ကျုပ်ကိုစောင့်ခိုင်းတာ။ ပြော် နောက်ပြီး သူကမေးသေးတယ်။

''ဖိုးကောင်း ... မင်း သရဲ ကြောက်တတ်လား''တဲ့။

ကျုပ်က ခပ်ပေါ့ပေါ့ပဲ ...

www.burmeseclassic.com

www.burmeseclassic.com

"မကြောက်တတ်ပါဘူး။ သရဲနဲ့ နပန်းတောင် လုံးရဲသေးတယ်"

လို့ ပြောပစ်လိုက်တယ်။ ကဲ ... ဒါနဲ့ပဲ ကျုပ်အလုပ်ရခဲ့ပါရော။

လယ်တဲလေးက လယ်နှစ်ကွက် ကြားမှာ ခွလျက်သားလေး ဆောက်ထား တာဗျ။ ဒီနှစ်ကွက်စလုံး ပိုင်ရှင်တစ် ယောက်တည်းဆိုတဲ့ သဘောနေမှာပေါ့။ လယ်ကွင်းဆိုတော့လည်း ဟိုဘက်ကြည့် လည်း လယ်ကင်းတွေ၊ ဒီဘက်ကြည့် တော့လည်း လယ်ကွင်းတွေချည်းပဲဆို တော့ ပျင်းစရာအကောင်းသား။ တစ် ကွက်နဲ့တစ်ကွက်လည်း အကျယ်ကြီးပဲ။ လှမ်းအော်ခေါ်တောင် မကြားရဘူး။ တစ် ကိုယ်တည်းသမား ကျုပ်လည်း ဒီမှာ လယ်တဲတစ်ပတ်နှစ်ပတ်စောင့်ပြီးသွားလို့ ပိုက်ဆံရတဲ့အခါကျရင် အသုဘာတစ်အိမ် အိမ်မှာ ဖဲသွားရိုက်ရရင်ကောင်းမယ်လို့ စိတ်ကူးယဉ်နေလိုက်တယ်။

လူ့သဘာဝအတိုင်းပေါ့ဗျာ။ ကြာ တော့လည်း တစ်ယောက်တည်းထိုင်နေ ရတာ ပျင်းတာနဲ့ ဟိုဘက်လယ်တဲဆီ တောင် အလည်သွားလိုက်သေးတယ်။ ဟိုဘက်လယ်တဲစောင့်က အဘိုးကြီးတစ် ယောက်နဲ့ ဆယ်နှစ်အရွယ် မြေးလေးတစ် ယောက် မြေးအဘိုးနှစ်ယောက် အစောင့် နေကြတယ်။ ကျုပ်လည်း သူတို့တွေနဲ့ စကားစမြည်ပြောပြီးလို့ ည ၈ နာရီ လောက်ကျတော့ ကျုပ်လယ်တဲကို ပြန်ခဲ့ တယ်။ ရောက်တာနဲ့ အရက်ကလေးတစ် ခွက်တစ်ဖလား အပျင်းပြေသဘော သောက်လိုက်တယ်။ ရာသီဥတုကလည်း ချမ်းသကိုးဗျ။ ဟဲဟဲ ... ဟုတ်တယ်ဗျာ။ သက်သက်အကြောင်းပြပြီး ကျုပ်ဘာသာ သောက်ချင်လို့သောက်တာ။ ဒီ့နောက် တော့ ဘုရားတောင် ရှိခိုးဖို့သတိမရပါဘူး။ တန်းအိပ်တော့တာပဲ။ အရမ်းအိပ်ချင်နေ ပြီလေ။

ညဉ့်နက်သန်းခေါင်ချိန်ကြီးမှာ ကျုပ်ထရံပြတင်းပေါက်ကို ဗုန်း .. ဗုန်းနဲ့ လာထုလို့ ကျုပ်လန့်နိုးသွားတယ်။ ဒီ အချိန်ကြီး ဘယ်သူများပါလိမ့်ဆိုတဲ့ အတွေးနဲ့ ကျုပ် ပြတင်းတံခါး ထဖွင့်တော့ အပြင်ဘက် ခပ်လှမ်းလှမ်းမှာ မိန်းမတစ် ယောက်။ ဆံပင်ရှည်ရှည်ကြီးကို ဖားလျား ချလို့။ ရုပ်ကိုတော့ သေချာမမြင်ရဘူး။ ကျုပ်ကြည့်နေတုန်းမှာပဲ သူက ကန်ပေါင် ပေါ်တက်သွားတယ်။ ဩော် ... ပြောရဦး

နောက်တစ်နေ့ရောက်တော့
ကျုပ် သတိမရတစ်ချက်၊ ရတစ်ချက်ပဲ။ ခေါင်းကြီးလေးပြီး
ဘာမှကို မသိတော့ဘူး။ မျက်လုံးထဲမှာလည်း
သရဲမရဲ့ တဟားဟားရယ်နေတာကြီးကိုပဲ မြင်နေရတယ်။
နောက်ပြီး ကျုပ်နောက်ကို သရဲတွေလိုက်နေလို့
ပြေးလွှားနေရသလိုမျိုး
ကျုပ်ယောင်ယမ်းနေတယ်။

မယ်။ ကျုပ်လယ်တဲနဲ့ မျက်စောင်းထိုး
ကန်တစ်ကန်ရှိတယ်။ လယ်ထဲရေသွ
နိုင်ဖို့ တူးထားတဲ့ကန် ထင်ပါရဲ့။ သိပါ
ဗျာ။ ကျုပ်က အရက်နဲ့ ဖဲကလွဲလို့ မိန်
တွေဘာတွေ သိပ်စိတ်ဝင်စားတာ မဟုတ်
ဘူး။ ဒါနဲ့ပဲ ကျုပ်လည်း အိပ်ရေးအပျ
မခံချင်တာနဲ့ ပြန်အိပ်နေလိုက်တယ်

နောက်မှ အသေအချာ ပြန်တွေ
ကြည့်မိတော့ ဒီလိုအချိန် ကျုပ်ပြတ
တံခါးကို လာခေါက်ပြီး ကန်ပေါင်
တက်သွားတဲ့မိန်းမဟာ ဘယ်လိုနည်း
လူမဖြစ်နိုင်လောက်ဘူး။ ကျုပ်တို့ရွာ
မိန်းမတွေက ဗိုင်းကောင်းကျောက်မိ
ကလက်တက်တက် နန့်တန့်တန့်အ
တွေ မဟုတ်ဘူးဆိုတာတော့ ကျုပ်ကိ
တယ်။ ဒါနဲ့ပဲ ကျုပ်စိတ်ထဲ တစ်မျိုး
ဖြစ်ပြီး ကြက်သီးတွေဘာတွေ ထ
ရော။ စဉ်းစားကြည့်လေ။ လူမဟုတ်
ဆိုကတည်းက ဘာဖြစ်တော့မလဲ။

လှဲအိပ်နေရင်း ရုတ်တရက် ေ
မလုံသလိုကြီး ဖြစ်လာတာနဲ့ ကျုပ်မျ
လုံးဖွင့်လိုက်တော့ အမလေး ... ေ
သရဲမက ကျုပ်ဘေးနားမှာ ငုတ်တုတ်
ထိုင်လို့။ ကျုပ်လည်း ကမန်းကတ
ထရပ်ပြီး ခါးတောင်းကျိုက်လိုက်တ
ကျုပ်ပြန်လှည့်ကြည့်လိုက်တော့ သရဲမ
တဲအပြင်ရောက်နေပြီ။ ကျုပ်က -

"ဟဲ့ ... နင် ငါ့ကို ပစွည်းပေး
လို့လား"

လို့ မေးလိုက်တယ်။

ဟို ... အင်္ဂလိပ်ခေတ်က ပစ္စ
စွဲပြီး သေတဲ့ သရဲတွေ ရှိတယ်ကြားဖူး
မေးကြည့်မိတာပါ။ ဒါပေမဲ့ သရဲမ
ဘာမှ ပြန်မဖြေဘဲ တဟီးဟီးနဲ့ ရယ်
တယ်လေ။ ကျုပ်လည်း ဒေါသဖြစ်
တာနဲ့ -

"ဟဲ့ကောင်မ ... နင့်ဘာ
အေးအေးဆေးဆေးမနေဘဲ ဘာ

www.burmeseclassic.com

www.burmeseclassic.com

ကို လာကမြင်းရတာလဲ။ နှင့်ဘာသာ သရဲမကလို့ ဘာကြီးပဲဖြစ်ဖြစ် အခု ငါနဲ့ နပန်းလုံးမလား''

လို့ အော်ပစ်လိုက်တယ်။ ဟုတ်တယ်လေဗျာ။ အိပ်ချင်မူးတူးနဲ့ စိတ်က မတရားတိုနေရတဲ့အထဲ ဒင်းက ဘာမှန်း ညာမှန်းမသိ ထရယ်တာကိုး။

ဒါပေမဲ့ သရဲမက ဒီတစ်ခါတော့ အသံနက်ကြီးနဲ့ အော်ရယ်လိုက်တာများ ကျုပ်လို့ မကြောက်တတ်ပါဘူးဆိုတဲ့ ကောင်တောင် ကြက်သီးတဖြန်းဖြန်းထလာတယ်။ ရယ်နေရင်း ရယ်နေရင်းမှာတင် တဖြည်းဖြည်း မြင့်မြင့်လာလိုက်တာ ထန်းပင်အမြင့်လောက် ဖြစ်သွားရော။ ကျုပ်လည်း ကြက်သေသေပြီး ကြည့်နေတုန်း နဂိုအရွယ် ပြန်ဖြစ်သွားပြီး ကန်ပေါင်ပေါ် တက်သွားပြန်တယ်။ ကျုပ်လည်း နပန်းလုံးဖို့ သတိမရတော့ဘူး။ ပြောရမှာလည်း ရှက်ပါတယ်။ ကြောက်အားလန့်အားနဲ့ ဟိုဘက်လယ်တဲကို ပြေးတော့တာပဲ။

ကျုပ်ပြေးရင်းလွှားရင်း တစ်ဝက်လောက်ရောက်လို့ လှည့်ကြည့်လိုက်တော့ လား ... လား သရဲမက ပြေးလိုက်လာတယ်ဗျ။ ကျုပ်လည်း အသည်းအသန်ပြေးနေပေမဲ့ သူက ကျုပ်ထက်မြန်တယ်။ လယ်ကန်သင်းနားရောက်တော့ သူ ကျုပ်ကို မီတော့မလို ဖြစ်နေတုန်းမှာ ကျုပ်ချော်လဲသွားသေးတယ်။ ကျုပ်လည်း နာတာကျင်တာတွေကို သတိမရအားဘူး။ ကမန်းကတန်း ကုန်းထပြီး ဟိုဘက်လယ်တဲဆီ ပြေးသားလိုက်တာပဲ။ ဒါပေမဲ့ ကျုပ်လှည့်ကြည့်လိုက်တော့ သူ လိုက်မလာတော့ဘူး။ ဟိုဘက်လယ်ကွက်အဆုံးမှာရပ်ပြီး ကျုပ်ကို မီးဝင်းဝင်းတောက်တဲ့ မျက်လုံးတွေနဲ့ လှမ်းကြည့်နေရင်း ကျန်ရစ်ခဲ့တယ်။

ဟိုဘက်တဲရောက်တော့ ကျုပ် တဲထရံကို အသည်းအသန်ထုပြီး လယ်တဲစောင့် မြေးအဘိုးကိုနှိုးပြီး သရဲမကို ပြတော့ သူတို့နှစ်ယောက်ပဲ ကံမြင့်နေသလား၊ ကျုပ်ကိုပဲ သရဲမက ပြလေသလား မပြောတတ်ဘူး။ မတွေ့ရဘူးတဲ့။ နောက်ပြီး ကျုပ်ဆီကလည်း အရက်နံ့ တထောင်းထောင်း ရနေတာကြောင့် သူတို့နှစ်ယောက်အမြင်မှာတော့ ကျုပ်က မူးမူးရူးရူးနဲ့ လျှောက်ပြောနေတယ်လို့ ထင်ပုံရတယ်။ ဒါပေမဲ့ အမောတကောနဲ့ ကတုန်ကယင်ဖြစ်နေတဲ့ ကျုပ်ကို သနားတာနဲ့ ဒီည သူတို့တဲမှာပဲ အတူအိပ်ခိုင်းကြတယ်။

နောက်တစ်နေ့ရောက်တော့ ကျုပ် သတိမရတစ်ချက်၊ ရတစ်ချက်ပဲ။ ခေါင်းကြီးလေးပြီး ဘာမှကို မသိတော့ဘူး။ မျက်လုံးထဲမှာလည်း သရဲမရဲ့ တဟားဟားရယ်နေတာကြီးကိုပဲ မြင်နေရတယ်။ နောက်ပြီး ကျုပ်နောက်ကို သရဲတွေ လိုက်နေလို့ ပြေးလွှားနေရသလိုမျိုး ကျုပ် မောဟိုက်နေတယ်။ ခါးနေရာကလည်း တဆစ်ဆစ်နဲ့ ကိုက်လို့။ ရုတ်တရက် လည်ချောင်းထဲကို အေးမြကြည်လင်တဲ့ ရေတစ်ခွက် စီးဝင်သွားပြီးတဲ့နောက်မှာတော့ ကျုပ် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတော့တယ်ဗျာ။

နောက်မှ ကျုပ်သိလိုက်ရတာက ကျုပ်အိပ်ပျော်နေတာ တစ်ရက်ရှိပြီတဲ့လေ။ ကျုပ် အဖျားတွေတက်ပြီး ယောင်ယမ်းနေတာကို ဘဘုန်းက ရေမန်းတိုက်လိုက်လို့ အိပ်ပျော်သွားတာတဲ့။ အိပ်ရာက နိုးလာတဲ့အခါမှာတော့ ကျုပ်ခါးကြီးက အရင်ကလို အကောင်းပကတိ မဟုတ်တော့ဘဲ ခုလို တစောင်းကြီးဖြစ်နေခဲ့ပြီ။

ဘုန်းဘုန်းကတော့ ကျုပ်ပြောသမျှကို ခေါင်းတညိတ်ညိတ်နဲ့ နားထောင်ပြီး

''တကာကြီးပြောတဲ့ မမြင်အပ်တဲ့ ပုဂ္ဂိုလ်၊ ဒါမှမဟုတ် ပြိတ္တာတွေကလည်း သူတို့ဘာသာသူတို့ ရှိနေကြတာပဲ။ ကံမြင့်ရင် ကိုယ့်ကို ဘာမှမလုပ်နိုင်ဘူး။ ကိုယ်လည်း မမြင်ရတော့ စိတ်မချောက်ချားရဘူးပေါ့။ ဒါကြောင့် ကံမြင့်အောင်နေ၊ ကံမြင့်အောင်နေဖို့ဆိုရင် ကံငါးပါးကို လုံအောင်ထိန်းသိမ်း။ ကြားလား .. ဒကာကြီး''

ဆိုပြီး ကျုပ်ကို ဆုံးမလို့ ကျုပ် အဲဒီနေ့ပဲ ဘဘုန်းဆီမှာ အရက်ကို အပြီးလှူလိုက်တာ ခုချိန်ထိပဲ။ လောင်းကစားဟာလည်း မကောင်းတဲ့အလုပ်၊ အကုသိုလ်ဆိုလို့ ကျုပ်မလုပ်တော့ဘူး။ ကျုပ် ကံနိမ့်မှာကို အရမ်းကြောက်သွားပြီဗျာ။

အင်း ... ပြောရရင်တော့ စိတ်ကုန်စရာကောင်းတဲ့ ရွာထဲက လူတွေ အကြောင်းပဲ ကျန်တော့တယ်။ ခါးတစောင်းကြီးနဲ့ ကျုပ်ဒုက္ခိတတစ်ပိုင်းဖြစ်နေတာတောင် ရွာထဲကလူတွေက ကိုယ့်ထမင်းကိုယ်စားပြီး ကျုပ်ကို အားမနာပဲ ပြောကြသေးရဲ့။ ဘာတဲ့ ...

''ကောင်းလွင်တို့များ ... အလုပ်အကိုင်မရှိ ထမင်းနပ်မမှန်ဖြစ်နေတာကို သနားလို့ သူ့အစ်ကိုဝမ်းကွဲက အလုပ်ပေးလိုက်မိပါတယ်။ မူးရူးပြီး လယ်ကန်သင်းပေါ်က ချော်ကျလို့ သူ့ခမျာ ခါးကြီး စောင်းသွားပြီလေ''တဲ့။

အဲ ... ဟုတ်တော့ဟုတ်သား။ အဲဒီနေ့က ကျုပ်အရက်တွေသောက်ပြီး မူးမူးနဲ့ အိပ်ပျော်နေခဲ့မိတယ်။ ဒါပေမဲ့ ကျုပ်ခါးကြီး ဘာကြောင့်စောင်းခဲ့ရသလဲဆိုတာ ကျုပ်ဘာသာ အသိဆုံး။ ကဲ ... ကျုပ်ခါးကြီး စောင်းခဲ့တဲ့ဇာတ်လမ်းက ဒါပါပဲ၊ ခင်ဗျား ယုံချင်ယုံ၊ မယုံချင်နေဗျာ၊

ဂါဦးနွန်းကို

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

အိလှည့်နုကျွတ်

ကျော်မင်းနိုင်

(တစ်)

"နောင် ‥ ဒူဝေ ‥ ဒူဝေ ‥ ဝေ"

အသုဘကြေးစည်ထုသံသည် ကိုယ့်လူစုနှင့်ကိုယ် စကားပြောနေကြသော လူအုပ်စုအကြား ပျံ့လွင့်သွား၏။

"နောင် ‥ ဒူဝေ ‥ ဒူဝေ ‥ ဝေ"

ထပ်ဆင့်ကြားလိုက်ရသော ကြေးစည်သံကြောင့် အသုဘချတော့မှာလား ဟူသော အသိသည် လူတိုင်း၏စိတ်ကို ပြန်၍ သတိကပ်စေလိုက်သည်။

အသုဘတွင် ကြေးစည်ထုခြင်းက မြန်မာလူမျိုးဗုဒ္ဓဘာသာတို့၏ အစဉ်အလာ ပင် ဖြစ်သည်။

အမှန်တော့ ကြေးစည်သံသည် ကောင်းမှုကုသိုလ်အတွက် အမျှအတန်း ပေးဝေရာတွင် အသိစိတ်ဓာတ်ကို လှုံ့ဆော်ဖော်ဆောင်ပေးရာရောက်သလို၊ မရဏာ နုသသတိပ္ပဋ္ဌာန်းများရာတွင်လည်း တစ်ခန်းတစ်ကဏ္ဍ ဖြစ်နေပေသည်။

အသုဘအခေါင်းကို အိမ်ပြင်ထုတ်၍ ပြင်ထားသည်။ အသုဘချမည့်သုသာန် က ရေဝေးသုသာန်။

www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်လို လူနေမှုစရိတ် မြင့်မားသော အရပ်တွင် နေမှုထက် သေမှုက ခက်သည်ဆိုငြားလည်း ယခု အသုဘကတော့ စည်စည်ကားကား မြိုင်မြိုင်ဆိုင်ဆိုင် ရှိလှသည်။

သေဆုံးသူ ဒေါ်ခင်ခင်ကြီးအ႒ွက်အားလုံး စိတ်တသပ်သပ်လည်း ဖြစ်နေကြရသည်။ အပျိုကြီးတစ်ဖြစ်လဲ ဒေါ်ခင်ခင်ကြီး။ အပျိုကြီးဘဝဖြင့် အသက်လေးဆယ်ကျော်အထိ နေထိုင်လာခဲ့ပြီးပါမှ ယောက်ျားရပြီး သုံးနှစ်အကြာမှာ သေဆုံးသွားခဲ့ရရှာခြင်းပင်။

● ● ● ● ●

(နှစ်)

အမှန်တော့ အပျိုကြီးဒေါ်ခင်ခင်ကြီး၏ (၄၅)နှစ်ဆိုသော အသက်မှာ ငယ်သေးသည်ဟု ပြော၍မရသလို ကြီးသွားပြီဟူ၍လည်း မဆိုနိုင်။

ပြီးတော့ ...

ထို ၄၅ နှစ်အရွယ်တွင် လင်ယူသားမွေး ကလေးယူ၍ ရနိုင်တော့သဖြင့် အသက်ကြီးမှ လင်ယူပြီး ကလေးမမွေးနိုင်၍ သေဆုံးခဲ့ရခြင်းမျိုးလည်း မဟုတ်။

သူ၏ မတ်တော်မောင် တစ်ဖြစ်လဲ ယခု သူ့ယောက်ျားဖြစ်နေသော ကိုကျော်စွာကြီးနှင့် နားလည်မှုယူကြပြီး ကလေးမရအောင်နေကြပြီးမှ သေဆုံးသွားခဲ့ရခြင်းဖြစ်၏။

ဒေါ်ခင်ခင်ကြီးရှေ့မှ သေဆုံးသွားခဲ့သော ညီမဖြစ်သူ ဒေါ်ခင်ခင်လေးနှင့် ကိုကျော်စွာကြီး သမီးသုံးယောက်မွေးခဲ့ရာ ယခု ဒေါ်ခင်ခင်ကြီးကို ဆက်ယူတော့ သားသမီးမွေးရမှာကို ရှက်ပြီး သားသမီးဆက်မယူကြခြင်းပင်။

"ညီမအငယ်ရဲ့သမီးတွေက အစ်မကြီးတွေဖြစ်ပြီး အစ်မအကြီးရဲ့ကလေးက အငယ်တွေဖြစ်နေလို့ကတော့ လူရယ်စရာ ဖြစ်နေမှာပေါ့ ကိုကျော်စွာကြီးရယ်"

ခေတ်မီနေသောသူတွေပီပီ သားသမီးမယူကြခြင်းမို့ ဒေါ်ခင်ခင်ကြီးအဖို့ အသက်ကြီး၍ သားသမီး မီးမဖွားနိုင်၍ သေဆုံးရခြင်းတော့ မဖြစ်နိုင်ပါ။

သူတို့နေထိုင်ရာမြို့နယ်မှာ ရန်ကုန်မြို့လယ်ကောင် မဟုတ်ဘဲ ဆင်ခြေဖုံးရပ်ကွက်ဖြစ်၍ သေဆုံးသူကို အခေါင်းသွင်းပြီး အိမ်ပြင်တုတ်ပြင်ဆင်ထားခွင့်ရ၍ ကျွန်တော်နှင့်အပေါင်းအသင်းများ။ သေဆုံးသူ၏ ဆွေမျိုးဉာတိများ နေအိမ်မှ နေပြီး အသုဘပို့နိုင်ကြခြင်း ဖြစ်သည်။

ဒါတောင်မှ အနီးရပ်ကွက်များက နာရေးကိစ္စ တစ်နည်းတစ်ဖုံငြိမ်းအောင် လုပ်တတ်ကြသည်။ လူတစ်ယောက်သေဆုံးသွားပြီဆိုသည်နှင့် ရေခဲသေတ္တာနှင့် သို့မဟုတ် ထိန်ပင်သုသာန်သို့ ဖုန်းဆက်ကာ အလောင်းကို သုသာန်မှ ရေခဲတိုက်ထဲသို့ ပို့ထားပေလိမ့်မည်။

ထိုသို့မဟုတ်လျှင်လည်း မိမိတို့မြို့နယ်မှာ အသင့်ဖွဲ့စည်းထားသော နာရေးကူညီမှုအသင်း အဖွဲ့တစ်ဖွဲ့ဖွဲ့အား အကူအညီတောင်းပြီး သုသာန်ရေခဲတိုက်များသို့ ပို့ဆောင်ထားတတ်ကြမည်။

အသုဘချမည့်နေ့မှ အလောင်းကို ပြင်ဆင်ပြီး အခန်းအပြင်ထုတ်ကာ ခန်းမမှနေ၍ အသုဘပို့မည့်သူများကို အလောင်းက တစ်ခါပြန်စောင့် ကြိုဆိုနေရပြန်သည်။ အသုဘချချိန်မှ ကပ်၍ အိမ်မှလူများ။ ရပ်ကွက်အတွင်းမှလူများ ကားတွေနှင့် ရောက်လာကာ မီးသဂြိုဟ်စက်အတွင်းသို့ အသုဘအလောင်းကို ထည့်သွင်းလိုက်တာ ကြည့်ပြီး ပြန်ကြမည်။ တချို့လည်း အသုဘပို့ကားပေါ်ကပင် မဆင်းဘဲ မီးသဂြိုဟ်စက်ခေါင်းတိုင်မှ မီးခိုးကို လှမ်းကြည့်ရုံ။

အမှန်တော့ အသုဘပို့ခြင်းမဟုတ်။ မီးသဂြိုဟ်တာ ကားနှင့်သွားကြည့်ခြင်းလောက်ပဲ ဖြစ်ပါသည်။

သူ့ခေတ် သူ့အခါ အခြေအနေ အရ လုပ်ဆောင်ကြရခြင်းမို့ အဆင်ပြေ မည့် နည်းလမ်းအား ရှာကြရခြင်းဖြစ်၍ ရန်ကုန်မြို့ရှိ အသုဘများ သဂြိုဟ်ခြင်း ကိစ္စ ပြောင်းလဲနေတာက ကြာချေပြီ။

● ● ● ● ●

(သုံး)

မြန်မာတို့ အသုဘတစ်ခုဖြစ်လျှင် သရဏဂုံတင်ခြင်းအမှုကိစ္စကို ပြုလုပ်လေ့ ရှိတတ်ကြသည်။

ရန်ကုန်လိုနေရာမျိုး၌ သရဏဂုံ တင်ခြင်းအမှုကိစ္စအား ကိုယ့်အရပ်ကိုယ့် ကျောင်းမှ သံဃာတို့အား ပင့်၍ အသုဘ အိမ်မှာပဲ ပြုလုပ်လေ့ရှိကြသည်။

သေသူကို သရဏဂုံတင်ခြင်း မဟုတ်တော့ဘဲ ရှင်သူများကို သရဏဂုံ တည်စေခြင်းသာဖြစ်ကြောင်း အပြော အဟောရှိထား၍ အိမ်မှာ သရဏဂုံတင် ခြင်းအား မည်သို့မျှ မပြောလိုသော်လည် မြန်မာအသုဘတွင် ဘုန်းတော်ကြီးများ ပျောက်နေလျှင် တစ်စုံတစ်ခုလိုနေသည် ထင်မိသည်။

ယခင်ကတော့ သေဆုံးသူ ထည့် သွင်းထားသော အခေါင်းကို သချိုင်း သို့ သယ်ဆောင်သွားကြပြီး သချိုင်း သံဃာစင်ရှေ့ရှိ အခေါင်းတင်အုတ် ကလေးတွင် အခေါင်းကိုတင်ကာ ဆောင်ထားသည့် သံဃာတော်များရှေ့ မှောက်၌ ငါးပါးသီလခံယူကြသည်။

သံဃာစင်ပေါ်မှ သံဃာတော်များ ကလည်း သီလပေးပြီး တရားစာများ သင့်ရာသင့်ရာရွတ်ဖတ်ကြပြီး အကြောင်း ကြုံကြိုက်ပါက တရားပင်ဟောလိုက် သေး၏။

ပြီးမှ အသုဘရှင်က အလှူဒါန ဝတ္ထုငွေကပ်၊ သင်္ကန်းကပ်နိုင်လျှင် သင်္ကန်း

www.burmeseclassic.com

www.burmeseclassic.com

ကပ်လှူ။ ထိုကောင်းမှုအစုကို့အတွက် ကွယ်လွန်သူအား ရည်မှန်းပြီး ရေစက်ချ အမျှအတန်းဝေ။

အသုဘရှင်၏ အမျှဝေသံ ကြေကြေကွဲကွဲ ဆို့ဆို့နင့်နင့် သံချိုင်းထဲ ပျံ့လွင့်ဝဲဝေ့သွားခြင်းကပင်လျှင် အသုဘ ပို့ဆောင်သူများအတွက် မျက်ရည်ဝဲစရာ ကလေ။ ထိုအချိန်မှာ အမျှဝေသံနှင့် ကပ်လျက် ကြေးစည်ထုသံမှာလည်း တကယ့်ကို ကြေကွဲစရာအသွင် ဆောင်သွားပြီး သွားလေသူကို "ကောင်းရာသုဂတိလား ပါစေ"ဟု ဆုတောင်းရန် သတိပေးလှုံ့ဆော်လိုက်သလို ဖြစ်သွားတတ်သည်။

ယခုတော့ လူဦးရေကများ၊ နေရာထိုင်ခင်းကျဉ်းကျပ်သော ရန်ကုန်လို မြို့ကြီးပြကြီးမှာ မြန်မာဆန်သော အသုဘမျိုး မတွေ့ရသလောက် ရှားပါးနေလေပြီ။

ခု ‥ ခင်ခင်ကြီး အသုဘကတော့ ရှေးရိုးစဉ်လာအတိုင်း မဟုတ်စေကာမူ အိမ်မှာပင် ပင့်သံဃာများနှင့် သရဏဂုံတင် ရေစက်ချသည်။ အမျှဝေ၊ ကြေးစည်ထုသံ၊ ပြီးတော့ အခေါင်းကိုထမ်းပြီး နာရေးကူညီမှုအသုဘကားပေါ် တင်လိုက်ကြသည်။

ထိုစဉ် တအီအီငိုသံတွေ မိန်းမသူ အသိုက်ထဲမှ ထွက်ပေါ်လာသည်။

"အမယ်လေး ခင်ခင်ကြီးရယ်၊ နင်တို့ညီအစ်မ လင်ယူတာ ကံခေါ်းလှချည်လား တူမကြီးတို့ရဲ့ ‥‥"

ငိုသံများကြားဖောက်၍ ဝမ်းပန်းတနည်း အော်ပြောငိုယိုလိုက်သော မိန်းမကြီးတစ်ယောက်၏အသံကြောင့် အသံကြားရာဆီသို့ ကျွန်တော်လှည့်ကြည့်လိုက်မိသည်။

သေဆုံးသူ ဒေါ်ခင်ခင်ကြီး၏ အဒေါ် အပျိုကြီးတစ်ယောက်၏ ယူကျုံးမရ ငိုသံဖြစ်နေသဖြင့် ဒေါ်ခင်ခင်ကြီး၏ တူမတစ်ဖြစ်လဲ သမီးတွေက ထိုအဒေါ် အပျိုကြီးကို ဖိုးဆွဲကြသည်။

"အဘွားလေး ‥‥ ဘယ်လိုငိုတာလဲ။ လူတွေကြားထဲမှာ ဒီလိုငိုတာ မကောင်းပါဘူး အဘွားလေးရယ်"

"အို ‥‥ အေ ‥‥ ငါ့တူမငယ် ခင်ခင်လေးတုန်းကလည်း နင်တို့အဖေနဲ့ ယူပြီးမှ သေရတာ။ ခု တူမခင်ခင်ကြီး လည်း နင်တို့အဖေနဲ့ယူပြီး သေရတဲ့ဟာ ငါစိတ်မကောင်းမိပြီး ငိုမိတာပေါ့"

"အဘွားလေးကတော့လေ၊ အပျိုကြီးပီပီ သိပ်အပေါက်အစပ်များတယ်။ အဖေလည်း သူ့မိန်းမနှစ်ယောက်စလုံး သေရလို့ စိတ်ထိခိုက်နေတာ။ အဖေ့ကို သနားဦးမှပေါ့ အဘွားလေးရယ်"

"အေးလေ ‥‥ မြေးတွေရယ်၊ နင်တို့အဖေ ငါ့တူကြီး ဘယ်လိုခံစားနေရမလဲဆိုတာကိုလည်း အဘွားလေး တွေးပြီး သနားတာပေါ့။ ဖြစ်ရလေ တူမကြီးတို့ရယ်။ အီး ‥‥ ဟီး ‥‥ ဟီး ‥‥ ဟီး"

"အို ‥‥ အဘွားလေးက ပြောလေ ကဲလေပါလား။ အဘွားလေး ဒီလိုပုံစံနဲ့ မသာလိုက်ပို့လို့ မဖြစ်ပါဘူး"

ဖျောင်းဖျပြောဆိုပြီး မြေးမလေးတွေက အိမ်ထဲသို့ ပြန်ဆွဲခေါ်သွားကြသည်ကို အသုဘလိုက်ပို့ရန် ကျွန်တော့်အနီးရောက်နေသော လမ်းစပီကာ ကိုဝင်းနိုင်က ကျွန်တော့်အား ခပ်တိုးတိုး ကပ်၍ ပြောသည်။

"ဒီအပျိုကြီး ငိုပုံကလည်း ဟုတ်နေတာပဲ စာရေးဆရာရဲ့။ နောက်တစ်ခါ သူ့အလှည့်လား မသိဘူး။ ဒီအပျိုကြီးက အရွယ်ရှိသေးတယ်။ သူ့တူမတွေနဲ့ မတိမ်းမယိမ်း"

ကျွန်တော့်မှာ ကာယကံရှင်တွေ ကြားသွားလျှင် မကောင်းတတ်၍ လမ်းစပီကာ ကိုဝင်းနိုင်ကြီးနှင့် ခပ်ခွာခွာနေလိုက်ရသည်။

အသုဘပို့ကားပေါ်တက်မိကြတော့ ထိုအဒေါ်အပျိုကြီးအား တခင်ချွန်ထားခဲ့သည်ကို သတိထားလိုက်မိသည်။

● ● ● ● ●

(လေး)

"ပဋ္ဌမာနိ ဘိက္ခဝေ ဥာနာနိ အဘဏ္ဍံ ပစ္စဝေက္ခိတဗ္ဗာနိ ဣတ္ထိယာဝါ ပုရိသေနဝါ ဂဟဋ္ဌေနဝါ ပဗ္ဗဇိတေနဝါ"

ရပ်ကွက်အတွင်းရှိ ဓမ္မစကြာ ဝတ်ရွတ်စဉ် အသင်းဝင်အမျိုးသမီးများနှင့် သီလရှင်များ ဦးဆောင်သောကားက အသုဘယာဉ်၏ ရှေ့မှ စတင်ထွက်ခွာသွား၏။

"ကတမာနိပဥ္စ ဇရာဓမ္မောမှိ၊ ဇရံ အနတီတောတိ၊ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ"

ရှေ့ဆုံးကားမှ အသုဘတွင် ရွတ်ဆိုနေကျဖြစ်သော အဘိဏှသုတ်တော်ကို ရွတ်ဆိုနေသဖြင့် ကျွန်တော့်မှာ အသုဘပို့ရင်း တရားဓမ္မရစေရန် အသိတရားကို နှလုံးသွင်းဆင်ခြင်လာမိသည်။

"ဘိက္ခဝေ–ရဟန်းတို့၊ ပဥ္စ–ငါးပါးကုန်သော၊ ဌာနာနိ–ဌာနာနိ–၍အကြောင်းတရားတို့ကို၊ ဣတ္ထိယာဝါ–မိန်းမသည်လည်းကောင်း၊ ပုရိသေနဝါ–ယောကျ်ားသည်လည်းကောင်း၊ အဘိဏှံ–နေ့ညမပြတ်၊ ပစ္စဝေက္ခိတဗ္ဗံ–ဆင်ခြင်အပ်ကုန်၏"

"အဟံ–ငါသည်၊ ဇရာဓမ္မော–အိုခြင်းသဘောရှိသည်၊ အမှီ–ဖြစ်၏။ ဇရံ–အိုခြင်းသဘောတရားကို၊ အနတီတော–အလွန်ဆန်နိုင်ချေ၊ ဣတိ–၍သို့၊ အဘိဏှံ–နေ့ညမပြတ်၊ ပစ္စဝေက္ခိတဗ္ဗံ–ဆင်ခြင်အပ်ကုန်၏"

"ဒေါ်ခင်ခင်ကြီးသေတာ အသေစောတယ်ဗျာ။ အသက်လေးဆယ်ဆိုတာ အရွယ်ကောင်းတုန်းဗျာ။ လူလုပ်ဖို့အချိန် အများကြီးရှိသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် တရားခမွ ဆင်ခြင်နေစဉ် ကျွန်တော့်ဘေးနားဝင်ထိုင်၍ ပြောလိုက်သော လမ်းစပီကာ ကိုဝင်းနိုင်ကြောင့် တရားမှတ်ပျက်သွား၏။ ကျွန်တော့်ဘေးနားထိုင်ခုံနေရာလွတ်နေ၍ သူက ကြုံရာဝင်ထိုင်လိုက်ခြင်း ဖြစ်ပုံရ၏။

အသုဘပို့ ဘီအမ်ဟီးနိုးကားပေါ်မှာ အသုဘပို့သူများ လိုက်ပါလာရာ နေရာရွေးထိုင်၍ မဖြစ်။ အဆင်ပြေရာ ထိုင်ကြရသည်။ ကိုယ်နှင့်အတူထိုင်မည့်သူကိုလည်း လူရွေးနေ၍ မဖြစ်။ ကြုံသလိုသာ ထိုင်လိုက်ရသည်။

ကျွန်တော်က ကားပေါ်အရင်တက်နှင့်နေ၍ ကားပြတင်းပေါက်ဘက်တွင် နေရာရပြီး ကိုဝင်းနိုင်က ကျွန်တော့်ဘေးထိုင်ခုံလျက် အတွင်းဘက်တွင် ဝင်ထိုင်လျက်ခြင်း ဖြစ်သည်။

ဒါတောင်မှ သူက ထိုင်ထိုင်ချင်း ကားထွက်၍ သိပ်မကြာ အကဲပိုလာသည်။

"စာရေးဆရာကိုတော့ အားနာပါတယ်။ ကျွန်တော်က ကွမ်းစားပြီး ကွမ်းတံတွေးထွေးရင် စာရေးဆရာကို ကျော်ကျော်ပြီး ထွေးရမှာမို့ ကွမ်းမစားတတ်တဲ့ စာရေးဆရာနဲ့ နေရာချင်းလဲကြရအောင် လားဗျာ"

အမှန်တော့ သူ့စကားက သိပ်မဟုတ်လှ။ ကွမ်းစားပြီး ကားစီးရင်း ကားပေါ်မှ ကွမ်းတံတွေးများကို လမ်းပေါ်ထွေးချချင်သည့်သဘော။ စည်းပျက်ကမ်းပျက်နိုင်လှသည်။ ကိုယ်က ကွမ်းစားတတ်သည်ပဲ ကိုယ်ထွေးမည့် ကွမ်းတံတွေးအတွက် ကိုယ်တာဝန်ယူရမည်။ ကွမ်းတံတွေးထွေးထည့်ရန် အနည်းဆုံးပလတ်စတစ်အိတ်ကလေးတော့ ဆောင်ယူလာသင့်သည်။

လမ်းမှာ ထွေးထည့်၊ ကားရပ်ပြီး ကိုယ်သွားမည့်ခရီးရောက်ပြီဆိုမှ ကိုယ့်အထုပ်ကိုယ်ယူပြီး နီးရာ အညစ်အကြေးစွန့်ရာမှာ စွန့်ပစ်။ ကျွန်တော်က ပြောချင်သည်။ သို့သော် "နေရာကလေးတစ်ခုတောင်မှ ခဏတာလေးရတာ ဖယ်မပေးချင်ဘူး"ဟူသော သဘောမျိုးရောက်မှာဆိုး၍ နေရာမှထပြီး သူနှင့်ကျွန်တော် နေရာလဲလိုက်ရသည်။

သို့နှင့် ... သူက ဘက်စကား၏ ပြတင်းပေါက်ဘက်၊ ကျွန်တော်က အတွင်းဘက် ဖြစ်သွားသည်။

အသုဘရှင်ဖြစ်သော ကိုကျော်စွာက ငွေကြေးတောင့်တင်းသူမို့ အသုဘကားအလုံအလောက်ထားနိုင်သဖြင့် အသုဘပို့သူများ ချောင်ချောင်ချိချိထိုင်ပြီး လိုက်ပို့နိုင်ကြသည်။

ကျွန်တော် ခမွကြာဝတ်အသင်းမှ တရားသံဝေဂရွှယ် ဝတ်ရွတ်စဉ်ကို နှလုံးသွင်းဆင်ခြင်ပြီး လိုက်ပါလာခဲ့သည်။

● ● ● ● ●

(ငါး)

"အဟံ–ငါသည်၊ ဗျာဓိမ္မော–နာခြင်းသဘောရှိသည်၊ အမှိုဖြစ်၏။ ဗျာဓိ–နာခြင်းသဘောတရားကို၊ အနတီတော–မလွန်ဆန်နိုင်ချေ၊ ဣတိ–ဤသို့၊ အဘိဏှံ–နေ့ညမပြတ်၊ ပစ္စဝေက္ခိတဗ္ဗံ–ဆင်ခြင်အပ်၏"

အသုဘပို့ကားပေါ်မှာက ကိုယ်တစ်ယောက်တည်း မဟုတ်၍ စကားသံမျိုးစုံကို ကြားနေရပြန်သည်။

"မခင်ခင်ကြီး သေသွားတော့ ကိုကျော်စွာကြီးချမ်းသာသမျှကို မခင်ခင်ကြီး ရမသွားဘဲ မခင်ခင်ကြီးဘက်က ချမ်းသာသမျှ ကိုကျော်စွာကြီးက ရသွားတာပဲ"

"အေးပေါ့ ...။ ကိုကျော်စွာကြီး ခင်ခင်ကြီးညီမ ခင်ခင်လေးရဲ့ယောကျ်ားပဲ။ ခင်ခင်လေးသေတော့ ချမ်းသာသမျှတွေ တခြားမိန်းမနဲ့ အိမ်ထောင်နောက်ထပ်ပြုရင် သူများလက်ထဲ ပါသွားမှာ[illegible] လို့ လူကြီးတွေက ကိုကျော်စွာရဲ့မ[illegible] အပျိုကြီးခင်ခင်ကြီးနဲ့ ပေးစားလိုက်ကြ[illegible] တာ။ ခု ကိုကျော်စွာကြီးက မသေသ[illegible] ခင်ခင်ကြီးက သေသွားရတယ်ဆိုတော[illegible] ဟင်း ... ဟင်း ..."

အသုဘပို့ကားပေါ်မှာ ဆိုပေမည့် ထိုမိန်းမအိုက်တင်က ဗီဒီယိုသရုပ်ဆောင်[illegible] တစ်ယောက် ရှုံးလိုက်သည်။

ပြောရင်း သရုပ်သကန်ပါပေမယ့်[illegible] သူက ဗီဒီယိုရှူး၊ ရုပ်ရှင်ရှူးပေပဲ။ ရုပ်ကွက်[illegible] ထဲက ခြံကြီးတစ်ခြံမှာ ဗီဒီယိုအဖွဲ့တွေ[illegible] လာရိုက်ကြလျှင် အမြဲနေမ။ အဒေါ်ခန်[illegible] ယုတ်စွအဆုံး အိမ်ဖော်ခန်းကလိုလျှင်[illegible] ဝင်ဝင်ပြီး သရုပ်ဆောင်လေ့ရှိသည့် မ[illegible] လေရာ အေးမြစန္ဒာကြီးပဲ။

အေးမြစန္ဒာကြီးကို အားကျမ[illegible] 'စကီနာ'ခေါ် တရုတ်အမဲက ...

"ခင်ခင်ကြီးက အသက်လေးဆယ်[illegible] အထိ အပျိုကြီးလုပ်နေပြီးမှပဲ"

"မတ်နဲ့မရီး တစ်အိမ်တည်းနေကြ[illegible] မှတော့ ညားကြလေသတည်းပေါ့။ ဟီး ... ဟီး"

"သူ့ညီမခင်ခင်လေးသေတာ [illegible] မှမကြာလိုက်သေးဘူး ယူလိုက်ကြ[illegible] ကိုး"

"မဆိုးဖို့နဲ့ အပျိုကြီးဆိုတော့ [illegible] တို့ချင်းကလည်း မစွမ်းရင်းကလည်း[illegible] ကန်စွန်းခင်းကလည်း ငြိကြတာ အဆ[illegible] မှမဟုတ်တာဘဲ"

"ဟီ ... ဟီ ... ဟီ ... ခစ် ... ခစ် ..."

သူတို့အပြောကို သူတို့ဘာသ[illegible] သဘောကျစွာ ကိုယ်လုံးချင်းတိုက်[illegible] ရယ်လိုက်ကြသေးသည်။ စကီနာလက်[illegible] ဝတ်ထားသော မောင်းနှံခုနှစ်ဖော် [illegible] လက်ကောက်နှင့် အေးမြစန္ဒာလက်[illegible]

www.burmeseclassic.com

www.burmeseclassic.com

ဆစ်ကြိုးလက်ကောက်တို့ပင် တိုက်မိသံ ထွက်သွားသည်။

ဝက်သားတုတ်ထိုး စကီနာသည်လည်း နှယ်နှယ်ရရမဟုတ်။ သူ့ယောက်ျားအရက်သမားတရုတ်ကြီးကို သူ့ဝက်သားတုတ်ထိုးဈေးခုံနှင့် ထိန်းထားရင်း ဆိုင်ကိုလာသမျှ လူတွေကို ရပ်ကွက်က အကြောင်းမှန်သမျှ ဒိုင်ခံအတင်းပြောလေ့ရှိသူ။

သူ့ယောက်ျားတရုတ်ကြီးက ယခင်က ဝက်သတ်ပြီး အရက်ကလေးခပ်ထွေထွေနှင့်နေရာက ဆောက်လုပ်ရေးပန်းရန်သမဖြစ်သော စကီနာနှင့် အကြောင်းပါရာက ဖာတ်တွေပျက်ပြီး ဘဝတွေပြောင်းကုန်သည်။

သူတို့အချင်းချင်း ပြောရင်းသဘောကျ၍ ရယ်လိုက်သံတွေက အသုဘပို့တာနှင့် မတူလေဘဲ အပျော်ခရီးထွက်လာသည်နှင့်ပင် တူနေသေးတော့သည်။

ရှေ့ဆုံးကားမှ ဝတ်ရွတ်သံကလည်း ပျံ့လွင့်နေဆဲ ရှိပါသေးသည်။

"အဟံ–ငါသည်၊ မရဏဓမ္မော–သေခြင်းသဘောရှိသည်၊ အမို–ဖြစ်၏။ မရဏံ–သေခြင်းသဘောတရားကို၊ အနတီတော–မလွန်ဆန်နိုင်ချေ။ ဣတိ–ဤသို့ အဘိဏှံ–နေ့ညမပြတ်၊ ပစ္စဝေက္ခိတဗ္ဗံ–ဆင်ခြင်အပ်၏"

● ● ● ● ●

(ခြောက်)

အသုဘပို့ယာဉ်တန်းသည် သက်နှင်းကျွန်းမြို့နယ်ကိုဖြတ်၍ ထောင်ဥက္ကလာပမြို့နယ်ထဲကို ဝင်ရောက်လာခဲ့၏။

နယ်မြေတွေပြောင်းဝင်လာသလိုတရားဓမ္မရွတ်သံတွေလည်း ပြောင်းလဲသွားလေပြီ။

"အနိစ္စာ သဗ္ဗသင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။ ဥပ္ပဇ္ဇိတွာ၊ နိရုဇ္ဈန္တိ။ တေသံ ဝူပသမော သုခေါ ..."

"သဗ္ဗသင်္ခါရ–အလုံးစုံသော သင်္ခါရတရားတို့သည်၊ အလုံးစုံသော ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးဝ သင်္ခါရတရားတို့သည်၊ အနိစ္စာ–ဖြစ်ပြီးလျှင် ပျက်စီးတတ်သောသဘောရှိ၍ မမြဲကြလေကုန် ..."

တရားဓမ္မရွတ်သံကို ဖောက်ထွင်း၍ နောက်ခုံမှ လူတစ်ယောက်၏အသံကို ကြားလိုက်ရပြန်သည်။

"ကိုကျော်စွာကြီးက မိန်းမအကျိုးမပေးပါဘူး။ ခင်ခင်လေးတုန်းကလည်း သေတယ်၊ ခင်ခင်ကြီးကျတော့လည်း သေတယ်။ မိန်းမရကံမကောင်းပါဘူးကွာ"

ကျွန်တော် လှည့်ကြည့်လိုက်မိတော့ ကျွန်တော့်ဘေးမှ ကိုဝင်းနိုင်အား စကားလှမ်းပြောလိုက်သော ဆောက်လုပ်ရေးကန်ထရိုက် ကိုထွန်းလှဦးကို တွေ့လိုက်ရသည်။ ကိုထွန်းလှဦးသည်လည်း ကိုဝင်းနိုင်၏အနောက်ဘက်ခုံ ပြတင်းပေါက်ဘက်တွင် ထိုင်၍ လိုက်ပါလာခြင်းဖြစ်၏။

ကိုဝင်းနိုင်ကလည်း နဂိုကတည်းက စကားပြောချင်ချင်မို့ သူ့ဘိမ္မာနှင့်သူ။ သူ့နောက်ခုံမှ ကိုထွန်းလှဦးအား ခွန်းတုံ့ပြန်သည်။

"ဟ ... ထွန်းလှဦးရေ၊ မိန်းမသေတာ ကံကောင်းတာမဟုတ်ဘူးကွ။ မိန်းမအကျိုးပေးချင်လို့ ဖြစ်လာတာ။ တစ်ယောက်သေတော့ တစ်ယောက်ထပ်ယူ။ ဒီကျော်စွာဆိုတဲ့ ကောင်ကြီးက ထပ်ယူမယ့်ကောင်ကြီးကွ။ ဟား ... ဟား .. ဟား"

ပြောပြီး သူ့ဘာသာသူ သဘောကျရယ်လိုက်ပြန်သည်။

"ဟုတ်တယ်၊ ဟုတ်တယ်။ မင်းပြောတာမှန်တယ်။ ကျော်စွာကြီးက မိန်းမကံမကောင်းတာ မဟုတ်ဘူး။ မိန်းမအကျိုးပေးတာကွ။ သူ့ပစ္စည်းတွေ ခင်ခင်ကြီးမရလိုက်တဲ့အပြင် ခင်ခင်ကြီးဆီက အတွင်းပစ္စည်းတွေတောင်မှ သူက မောင်ပိုင်စီးလိုက်နိုင်သေးတယ် ... ဟဲ ... ဟဲ ... ဟဲ"

ထွန်းလှဦးစကားကြောင့် ဝက်သားတုတ်ထိုး စကီနာက ထွန်းလှဦးရှိရာအနောက်ဘက် သမင်လည်ပြန်လှည့်ပြီး အကြောင်းသိများပီပီ စကားနာထိုးပြန်သည်။

"အမယ်လေးတော်။ မိန်းမတစ်ယောက်သေမှ မိန်းမတစ်ယောက် ထပ်ယူတာများ စကားထဲ ထည့်ပြောနေရသေးတယ်။ ကိုထွန်းလှဦးကြီးကိုကြည့်။ မိန်းမမသေသေးဘဲ မိန်းမတစ်ယောက်ပြီးတစ်ယောက် ထပ်ယူနေကြတာတွေ အများကြီး"

လော်စပီကာ ကိုဝင်းနိုင်က ကြုံတုန်းဝင်ပင့်သည်။

"ဟ ... သူက ဆောက်လုပ်ရေးလုပ်တဲ့ ကန်ထရိုက်တာကြီးလေ။ သူ့ဆိုရင် ပန်းရန်မလေးတွေက အဆင်သင့်။ သူ့နားမှာ ဝိုင်းဝိုင်းလည်နေတာ"

ပန်းရန်သမလုပ်ခဲ့ဖူးသော ဝက်သားတုတ်ထိုး စကီနာမှာ အနာပေါ်တုတ်ကျဖြစ်သွားကာ စပီကာဝင်းနိုင်ကြီး မျက်စောင်းထိုးရင်း ...

"အမယ်လေးတော်။ ပန်းရန်သမတိုင်း ရှင့်လူကြီးက ရမလား။ ငတ်ပြတ်နေတဲ့ ပန်းရန်အစုတ်ပလုတ်တွေသာ ရတော့မပေါ့"

ဟု ပြောပြီး ရှေ့ဘက်ပြန်လှည့်သွားသည်။

ဒါကို ထွန်းလှဦးကြီးက သွားကြီးဖြီးလျက် နောက်မှနေ၍ တမင်မကြားတကြား စကီနာကြားအောင် ပြောလိုက်သေးသည်။

"ရွှေလက်ကောက်တွေ တံတောင်

www.burmeseclassic.com

www.burmeseclassic.com

ဆစ်လောက်နဲ့ ပန်းရန်မမဆိုရင်လည်း ဖြစ်ပါတယ်။ ဟဲ ... ဟဲ .. ဟဲ"

စကီနာမှာ ခပ်စွာစွာမိန်းမဖြစ်သော်လည်း တကယ်ပဲ မကြားလေသလား။ ကြားသော်လည်း မကြားချင်ယောင်ဆောင်လိုက်လေသလား။ ဒါမှမဟုတ် သူကိုယ်တိုင်ကပဲ ကျေနပ်နေ၍လားမသိ။ ထွန်းလှဦးကို ဘာမျှပြန်မပြောတော့ချေ။

သူတို့စကားတွေက အနှောင့်မလွတ် အသွားမလွတ်တွေမို့ အကုသိုလ်များလှသည်။

ထို့ကြောင့် ... သတိတရားရရာရကြောင်း တရားမမ္မရှုတ်ဖတ်သံကိုပဲ ကျွန်တော်နားစွင့်အာရုံထားနေမိသည်။

"ဥပ္ပါဒဝယ မမ္မိနော-ဖြစ်ခြင်းပျက်ခြင်းလည်း သဘောရှိကုန်၏။ အရာအားလုံး မမြဲကြလေကုန် ..."

● ● ● ● ●

(ခုနစ်)

"ဥပ္ပဇ္ဇိတွာ-ရုတ်ခနဲပေါ်လာပြီးသော်၊ နိရုဇ္ဈန္တိ-လုံးဝချုပ်သိမ်း၍ ချုပ်ငြိမ်းကြရလေကုန်၏"

တရားမမ္မသံကို ဘယ်လိုနှလုံးသွင်းနားစွင့်နေမိသော်လည်း ကားတစ်စီးထဲမှာ အနီးကပ်ပြောနေသော ကိုဝင်းနိုင်နှင့် ကိုထွန်းလှဦးကြီးတို့ စကားသံတွေက နားထဲဖောက်ထွင်းဝင်ရောက်လာပြန်သည်။

"ကျော်စွာကြီးက 'ဘီလူးနက္ခတ်' ကိုပါတဲ့ကောင်ကွ။ သူနဲ့ညားတဲ့ မိန်းမသေကိန်းရှိတာပဲ။ သူနဲ့ပေါင်းမိတဲ့ စီးပွားရေးလုပ်ငန်းလုပ်တဲ့သူဆိုရင်လည်း သူကစားသလို အုပ်စီးသွားတာပဲ"

"ဟ ... ဝင်းနိုင်ရ၊ ငါက သူ့စီးပွားရေးကိစ္စကို စိတ်မဝင်စားပါဘူး။ ဒီခေတ်မှာ လုပ်ပိုင်ခွင့်ရှိသူတွေနဲ့ပေါင်းပြီး စီးပွားတွေတက်၊ ခရိုနီဖြစ် ကြီးပွားချမ်းသာတာ မဆန်းပါဘူး။ ငါက သူ့မိန်းမများတာပဲ စိတ်ဝင်စားတယ်"

"မင်းကတော့ ဒါပဲ စိတ်ဝင်စားမှာပေါ့။ သေတာတောင် ဒါမျိုးနဲ့သေမယ့်ကောင်ပဲ ထွန်းလှဦးရဲ့။ ကျော်စွာကြီး ဘီလူးနက္ခတ် ဘယ်လောက်ခိုက်တယ်၊ မခိုက်ဘူးဆိုတာ ငါပြောပြမယ်။ ဒီကောင် ခင်ခင်လေးနဲ့ ညားတာက ဒုတိယအိမ်ထောင်ကွ။ တို့သာကေတ လယ်ရွာသုသာန်ကို အဲဒီတုန်းက သူ့ပထမမိန်းမကို လိုက်ပို့ခဲ့ရပါပကော"

"အေး ... အေး ... ဟုတ်တယ်၊ ခင်ခင်လေးနဲ့ကျမှ သမီးတွေဘာတွေရခဲ့တာ။ အဲဒီ ပထမမိန်းမနဲ့တုန်းက သားသမီးမရဘဲ သေသွားခဲ့ရတာ"

"ဘီလူးနက္ခတ်ဟာ အင်မတန်ခိုက်တတ်တာပဲဗျာ။ ဘီလူးနက္ခတ်ပါတဲ့လူဟာ မိန်းမဖြစ်နေပြန်ရင်လည်း သူနဲ့ပေါင်းတဲ့ ယောကျ်ားသေရတယ်။ ဘီလူးနက္ခတ်ပါတဲ့သူ ယောကျ်ားဖြစ်နေရင် သူနဲ့ပေါင်းလာတဲ့မိန်းမ သေရတယ်လို့ပြော"

"ဝုန်း ... ဒိုင်း"

"သေပါပြီဗျာ ... အမယ်လေး"

"အောင်မယ်လေးရှင့်၊ ကယ်ကြပါဦး"

"ဒုန်း .. ဂျိုင်း"

"တိုက်ကုန်ပြီ ... တိုက်ကုန်ပြီ"

ခဏချင်းမှာ အစီစီပွက်သလို ဆူညံသွား၏။ ကျွန်တော်တို့စီးလာသော အသုဘပို့ကားမှာ ဖောက်ထိုးမှောက်ခုံ့ တုံးလုံးပက်လက်။ သွေးသံရဲရဲ၊ ဟစ်အော်ညည်းတွားသံတွေ ဗလောင်ဆူ၊ ပွက်ပွက်ညံ။

စောစောက အမနာပပြောသံတွေ ပျောက်သွားသည်။ ရုတ်ခြည်းပင် ထိုအသံတွေအစား ထင်မှတ်မထားသော အသံတွေ၊ မတွေးတော မစဉ်းစားသားသော အဖြစ်တွေနှင့် ကြုံလိုက်ရပြီ။

ကျွန်တော်တို့ စီးနင်းလိုက်ပါလာသော အသုဘပို့ယာဉ်မှာ မြောက်ဥက္က[...] လာပ လမ်းဆုံတစ်ခုသို့အရောက် ဘေး[...] ဝင်လာသော ကုန်တင်ခြောက်ဘီးကား[...] ကြီးက အရှိန်ပြင်းစွာ ဝင်၍တိုက်မိလိုက်[...] သဖြင့် တိမ်းမှောက်သွားတာကိုပဲ သိ[...] လိုက်သည်။

တိုက်လိုက်သောအရှိန်က ပြင်[...] ထန်လွန်းသဖြင့် ကမ္ဘာတစ်ခုပျက်သွား[...] သည့်အလားဆူညံ၍ အမင်္ဂလာမြင်ကွင်[...] ဆိုးကြီး ဖြစ်သွား၏။

ကျွန်တော့်မှာ ကျွမ်းထိုးမှောက်[...] ဖြစ်ပြီး ပွန်းပဲ့သွားရုံသာ ရှိသည်။ ကျွ[...] တော့်နံဘေးက လိုက်ပါလာသော ကိုဝင်[...] နိုင်နှင့် ကားတစ်စီးထဲ ပါလာခဲ့ကြသော[...] ကိုထွန်းလှဦး၊ ဝက်သားတုတ်ထိုး စကီနာ[...] တို့ ဒဏ်ရာအပြင်းအထန်ရပြီး သွေးသံရဲ[...] မရှုမလှ အသက်ပျောက်နေကြသည့်[...] အဖြစ်ကို မျက်ဝါးထင်ထင် မြင်လိုက်ရ၍[...] သွေးပျက်ခမန်း တုန်လှုပ်ချောက်ချားသွား[...] ရလေပြီ။

ကျွန်တော် ကုန်းရုန်းထရင်းမှ နား[...] ထဲမှာ ကိုဝင်းနိုင်နှင့် ကိုထွန်းလှဦးတို့[...] မသေခင် အချိန်ပိုင်းအတွင်းကလေးမှာ[...] ပြောဆိုခဲ့ကြသော စကားလုံးတစ်ခု[...] မှတ်မှတ်ရရ ကြားနေဆဲရှိပါသေးသည်။

"ဘီလူးနက္ခတ် ..."

"ဘီလူးနက္ခတ် ..."

ကျော်မင်းနိုင်

www.burmeseclassic.com

www.burmeseclassic.com



နေရာ

ကိုကိုသန်းဝင်း(တမာရွှက်ပြုတ်)

မိတ်ဆွေတစ်ယောက်ရဲ့ နာရေးကြော်ငြာသတင်းကို သတင်းစာထဲမှာဖတ်လိုက်ရကတည်းက စိတ်ထဲက မကောင်း။ ထိုမိတ်ဆွေသည် သာရေး၊ နာရေး၊ လူမှုရေး အင်မတန်ကျေပွန်သူ ဖြစ်သည်။

မိမိနှင့်လည်း အရမ်းခင်မင်ရင်းနှီးသည်။ ဆိုတော့ ထိုနာရေးကို မိမိပို့ဖြစ်အောင် ပို့ရမည်။

နံနက် (၁၁)နာရီမှာ အိမ်ရှေ့က ကားထွက်မည်ဆိုတော့ မိမိသည် ကားမထွက်မီ (၁၀း၃၀)နာရီလောက်ကတည်းက အိမ်ရှေ့ကိုရောက်နှင့်နေသည်။ ကားပေါ်မှာလည်း အသိမိတ်ဆွေတချို့ ထိုင်နေကြသည်။ မိမိသည် မိမိနှင့်သက်ဆိုင်သော ဆွေမျိုးသားချင်းရော၊ သူငယ်ချင်းမိတ်ဆွေတွေရော၊ အသိအကျွမ်းရော အားလျှင်အားသလို အသုဘပို့ဖြစ်သည်။

သွားလေသူအတွက် သတိရတာရော၊ သံယောဇဉ်ရှိတာရော၊ အသုဘပို့ရင်း ဖြစ်ပျက်သဘောကို စဉ်းစားဆင်ခြင်၍ အသိတရားလေးရချင်၍ မိမိဆန္ဒအရ မိမိလိုက်ပို့သည်။ မည်သူမျှ တိုက်တွန်း၍တော့မဟုတ်။ မိမိလိုပဲ အသုဘပို့သူအားလုံးသည် တစ်စုံတစ်ယောက်က မဖြစ်မနေ ပို့ရန်တိုက်တွန်းသောကြောင့် ပို့ခြင်းတော့မဟုတ်နိုင်။ မပို့လည်း ဘာမှမဖြစ်၊ ပို့လည်းဘာမှမဖြစ်။ မိမိဆန္ဒအရပဲဟု မိမိယူဆသည်။ အသုဘပို့ခြင်းသည် ပို့သူအတွက် လွတ်လပ်သော အလုပ်တစ်ခုဟု မိမိမှတ်ယူသည်။

၁၁ နာရီ ထိုးခါနီးသောအချိန့်ကားများပေါ်တွင် လူများတော်တော်ရောက်နေကြပြီ။ မိမိသည် ထိုင်စောင့်ရသောအလုပ်ကို စိတ်မဝင်စားသောကြောင့် စောင့်နေသောအချိန်တွင် ဟိုနားမတ်တတ်၊ ဒီနားမတ်တတ်လုပ်ကာ အသိမိတ်ဆွေများနှင့် စကားပြောတတ်သည်။

ထို့ကြောင့် အသုဘပို့လျှင် မကြာခဏနေရာမရတတ်သောကြောင့် မကြာခဏပင် မတ်တတ်လိုက်ပို့ရဖူးသည်။ ယခုလည်း ကားများပေါ်တွင် လူများအတော်ရောက်နေသောကြောင့် နေရာရပါဦးတော့မလားဟု တွေးကာ နီးရာကားတစ်စီးပေါ်သို့ တက်လိုက်သည်။

တော်ပါသေးသည်။ ကွက်တိကွက်ကျား နေရာလွတ်များ ကျန်သေးသောကြောင့် ယာဉ်မောင်းနောက်နားက နေရာလွတ်တစ်ခုတွင် ဝင်ထိုင်လိုက်သည်။ ၁၁ နာရီလည်းထိုးတော့မည်။ ကားများလည်းထွက်တော့မည်။ ထိုင်ပြီးသိပ်မကြာလိုက်၊ လူတစ်ယောက်က မိမိအား -

"ဒီနေရာက ကော်မတီဝင်တွေအတွက် နေရာဗျ။ တခြားလူတွေ မထိုင်ပါနဲ့"

"ဗျာ ..."

မိမိအံ့သြသွားသည်။ မိမိအားပြောနေခြင်းဖြစ်သည်။ သူက မထိုင်ပါနှင့်ဟု ဆိုသောကြောင့် ကပျာကသီပင် မိမိနေရာပြောင်းထိုင်လိုက်သည်။ တခြားနေရာလွတ်များလည်း ရှိသောကြောင့်ဖြစ်သည်။ သိပ်မကြာမီ အသုဘပို့ကားများ ထွက်လာကြသည်။ မိမိနေရာဖယ်ပေးရသည်ကို စိတ်မကွက်မိ။ ဖယ်ပေးရလည်း အခြားနေရာလွတ်များ ရှိနေသောကြောင့် ဖြစ်သည်။

ဖယ်ပေးရပြီး တခြားထိုင်စရာနေရာ မရှိရင်တော့ မိမိစိတ်ထဲမှာ တစ်မျိုးဖြစ်ကောင်းဖြစ်မည်။ ဘာဖြစ်လို့လဲဆိုတော့ မိမိလည်း ပုထုဇဉ်ပဲလေ။

တရိပ်ရိပ်ပြေးနေသော ကားပေါ်တွင် မိမိစဉ်းစားလာသည်။ လွတ်လွတ်လပ်လပ်ပို့ရသော အသုဘကားပေါ်မှာပင် ကော်မတီဝင်တွေအတွက်နေရာဆိုတော့ ကော်မတီဝင်သည် အသုဘကားပေါ်မှာပင် သူတို့အတွက် နေရာဦးထားတာဆိုလျှင် ယခုသွားကြတော့မည့် သုသာန်လိုနေရာမှာပင် သူတို့အတွက် နေရာဦးထားဦးမှာလားဟု မိမိကြံကြံဖန်ဖန် တွေးလိုက်မိသည်။

နောက်တစ်ခါ မိမိထပ်တွေးပြန်သည်။ မိမိလည်း အချိန်ကျလျှင် သုသာန်ကိုရောက်ရမှာပဲ။ ရှောင်လွှဲနေလို့မရ။ ထိုအခါတွင် မိမိအတွက် ဘယ်သူမှ နေရာဦးမထားလည်း၊ တစ်နေရာတော့ မိမိရမှာပဲဟု တွေးကာ စိတ်အေးသွားရသည်။

စိတ်အေးသွားတော့ ဒေါသလည်းကင်းသွားသည်။ တွေးကြည့်တော့ အသုဘပို့ရတာ စိတ်ချမ်းသာစရာပါ။

ကိုကိုသန်းဝင်း(တမာရွှက်ပြုတ်)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

နေကာမျက်မှန်နဲ့ လူ

မင်းက စာရေးစရာရှာနေတဲ့ စာရေးဆရာဆိုတော့ ပြောပြရဦးမယ်၊ ပြောသာပြောရမှာ ငါ့မှာက ငါ့အလုပ်တွေနဲ့ အချိန်အားရှိလှတာမဟုတ်ဘူး။ မင်းကတော့ အသက်မွေးဝမ်းကျောင်းအလုပ်အတွက် အကျိုးအမြတ်ရဦးမှာ၊ သည်တော့ ငါ့စကားမဆုံးခင် ကြားဖြတ်ဝင်မမေးနဲ့ စကားစပြတ်လို့ အစကို ပြန်ပြန်ကောက်နေရရင် ဟန်မကျဘူး။ အချိန်ကုန်မယ်၊ လေကုန်တယ်၊ ကဲငါ ပြောမယ် မင်းနားထောင်· · ·

ဒီလိုကွ· · ·လွန်ခဲ့တဲ့ ဆယ်ရက်လောက်က ထင်ပါရဲ့အေ · ·အဲဒီနေ့ မနက် ၉ နာရီ လောက်မှာပေါ့ ငါ တစ်ယောက်တည်း အေးအေးလေး လက်ဖက်ရည်ထိုင်သောက်နေခဲ့တာ · အဲ··အဲ ဆိုင်နာမည်က "ပန်းခရေ"တဲ့ ဟိုလေကွာ· · ·ဘို ရွှေပေါက်ကံဘက် လမ်းခွဲတဲ့ ခြောက်ကွေ့လမ်းဆုံမှာလေ အင်းမမှတ်မိလို့ပါ။ မင်းနဲ့ငါတောင် နှစ်ခါလား။ သုံးခါလား အဲဒီဆိုင်မှာ ထိုင်ဖူးသားပဲဟ၊ ခရီးသည်တင် ယာဉ်ကြီး ယာဉ်လတ်၊ ယာဉ်ငယ် လိုင်းမျိုးစုံ၊ အငှားယာဉ်မျိုးစုံ၊ ကယ်ရီလိုက်တဲ့ မော်တော်ဆိုင်ကယ်တွေ · · ·အနေးယာဉ်ဂိတ်တွေနဲ့ လူတွေထူထပ်လွန်းတဲ့ နေရာပဲဟ၊ ရုံးချိန်၊ ကျောင်းချိန်ကလည်းဖြစ်တော့ ရုံးဆင်းရုံးပြန်နဲ့ သာမန်ခရီးသွားသူတွေနဲ့ ရှုပ်ထွေးနေတာ၊ ပုရွက်ဆိတ်အုံကို တုတ်နဲ့ထိုးဆွထားသလိုပေါ့· · ·

ဟော့ကောင် မရယ်နဲ့ နောက်တာပြောင်တာကတခြား··· ဘယ့်နှယ်ကြောင့် ငါက ကောင်မလေးတွေ သွားထိုင်ကြည့်နေရမှာလဲ စိတ်ကုန်လွန်းလို့ ငါအတည်ပြောနေတာ · · ·စကားစတောင် ဘယ်ရောက်သွားပါလိမ့် မင်းဝင်လျှာမရှည်ပါနဲ့ ပြောထားပါရဲ့ အေးအဲဒီလိုကွ· · ·

အဲဒီလိုပါ တစ်ယောက်တည်း ထိုင်ပြီး တောင်တွေး မြောက်တွေး တွေးဆေးဒီကြည့် ဘာရယ်လို့တော့မဟုတ်ဘူးပေါ့

www.burmeseclassic.com

တရားရစရာလေးတွေတော့ ဖြစ်ရတယ်၊ မိုးလည်းမိုးချုပ် စားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှားနေကြရတဲ့ ဘဝတွေ အဲဒီနေရာလေး တစ်ဝိုက်မှာတွင် တွေ့ခဲ့ရတာလား…ဂျာနယ်လက်ပွေ့ရောင်းတဲ့သူ၊ စလေဆီးသီး၊ မရန်းမဆလာ၊ သရက်ပြားတုတ်ထိုး ထမ်းပိုးရောင်းတဲ့သူ၊ အညာစောင်၊ အညာဖျင်စ၊ အညာဒေသထွက် ဆီးယို၊ ဆီးပေါင်း၊ ကရေကရာမုန့်သည်နဲ့ တွန်းလှည်းဈေးသည်၊ ခေါင်းရွက်ဗျပ်ထိုးဈေးသည်…စသည်စသည် တွေနဲ့ အိုး…စုံလို့…စုံလို့ ဒီနေရာ ဒီမြင်ကွင်းတွေထဲမှာ ထူးထူးခြားခြား သတိပြုမိတာရှိတယ်၊အသက် ၆၀ ကျော်လောက်ရှိမယ် ထင်ပါ့၊ အမျိုးသမီးကြီးတစ်ယောက်နဲ့ အသက် ၁၂နှစ်လောက်အရွယ် မိန်းကလေးတစ်ယောက် မြေးအဖွားနဲ့တူပါရဲ့…အမျိုးသမီးကြီးက ကောက်ညှင်းပေါင်းတောင်းကိုရွက်လို့ ကောင်မလေးက စာကလေး အိမ်တွဲကလေး နှစ်လုံး၊ သုံးလုံးကို လက်ကဆွဲလို့ အရပ်ထဲလှည့်ရောင်းကြတာ ဖြစ်မှာပေါ့…ကောင်မလေးက "စာကလေးတွေအိမ်ဝယ်ပြီး လွှတ်နိုင်ကြပါတယ်ရှင်" အမျိုးသမီးကြီးက "ကောက်ညှင်းငချိတ်ပေါင်းပူပူလေးရမယ်" စသဖြင့် ဟိုလူဝယ်နိုး၊ ဒီလူကခေါ်နိုးနဲ့ ငါ့မျက်စိအောက်ကပျောက်တဲ့ထိတော့ ခေါ်သံမကြားမိ၊ ဝယ်တာလည်း မမြင်မိဘူး၊ ဟောဒီဘက်လာပြန်ပြီ အစ်ကိုကြီးတစ်ယောက် အသက် ၆၀ ကျော်လောက်ပဲဖြစ်မယ်၊ ခေါက်ထီးစုတ်အစည်းကြီးကို ပခုံးမှာထမ်းလို့ ကချင်လုံချည်ကွက်ကျဲ ခါးမှာဝတ်လို့ အထက်ပိုင်းကတော့ တို့မြန်မာတိုက်ပုံအင်္ကျီကို တတောင်ဆစ်အောက်က ပြတ်ကာအနားလုံးပြီး ဝတ်ထားတာ မူလအရောင်က ဘာမှန်းအောင်မှန်းလို့ မရတော့ဘူး ချေးအလွှာအထပ်ထပ်လို့ သူ့အောက်ကတော့ ခပ်ပြာရောင်လို့မှန်းရတဲ့ စွပ်ကျယ်ညစ်ထေးထေးကို ဝတ်ထားတာ… ဖိနပ်ကျတော့ ဘယ်ညာနှစ်ဖက်စလုံးရဲ့ ခြေမရာမှာ ပေါက်နေပြီ…ဖနောင့်ပိုင်း အသားတွေကတော့ ပါးသမှ မရှိတော့လောက်အောင် မှတ်ဆိတ်၊ ပါးသိုင်းမွေးနဲ့ ဆံပင်တွေကလဲ ညှင်းသိုးသိုးကြီးဟာ…

အောင်မာ မင်းကများ ပြောရသေးတယ်…အဘိုးကြီးက ငါတို့ထိုင်နေတဲ့ ရှေ့မြေကွက်လပ်ကလေးမှာ ခဏတဖြုတ် ထိုင်နားတုန်း…သူ့ကို သေချာကြည့်နေလေရဲ့ ခလုတ်ထီး၊ ခေါက်ထီးပြင်ပါတယ်၊ ထီးရွက်အသစ်လဲ ပေးပါတယ်၊ ဈေးသက်သက်သာသာနဲ့ ဘကြီးကလုပ်ပေးမှာပါ…ဘကြီးမှာ ပြုစုမယ့်သူမရှိလို့ ကိုယ့်ဝမ်းကို ကိုယ်ကျောင်းနေရတာပါ…ဘကြီးကို အလုပ်အပ်ကြပါ…အားပေးကူညီကြပါတဲ့၊ မြင်ရကြားရတာများ မကောင်းပါဘူး၊ ငါကရော ဘာများ တတ်နိုင်မှာလည်း၊ အားပေးကူညီဖို့ကျတော့လည်း ငါ့မှာက ထီးပါခဲ့ရင်အကောင်းသား…ဆိုးတော့ မဆိုးလှဘူးဟာ… ကျောင်းသူလေးတစ်ယောက် အမျိုးသမီးကြီးတစ်ယောက်ကတော့ သူတို့ထီးကလေးတွေကိုပြ အဘိုးကြီးက ဟိုလှန်ဒီကြည့်ပြီး လိုအပ်တာကိုပြောတယ်… အဲဒီနှစ်ယောက်စလုံးကလဲ ကြည်ကြည်ဖြူဖြူနဲ့ အလုပ်အပ်ကြပါတယ်…ကျသင့်ငွေကိုလဲ မတွန့်မတိုပေးသွားကြတယ်၊ ဒါကျတော့ လဲဝမ်းသာရပြန်ရော သူ့ရဲ့ကံအကြောင်းတရားပဲပေါ့လေ…

ခဏလောက်ကြာတော့ ငါ့ရှေ့ကလူရွယ်တစ်ယောက် သုတ်သုတ်သုတ်နဲ့ ဝေဘာဂီလမ်းမကြီးဘက်ကို လျှောက်သွားတယ်၊ လူကအခန့်သားကွာ…ဘာရှိဦးမှာလဲ…ရှိလှ ၂၅/၃၀ နှစ်လောက်ပဲရှိဦးမှာ…ပလေကပ်လုံချည်နဲ့ ရှပ်ပြာကော်လံကတုံးနဲ့ နေကာမျက်မှန်တပ်လို့ လက်ထဲမှာလဲ ဟန်းဖုန်းနဲ့ ဘာနဲ့… စတိုင်ကတော့မိတယ် တကယ့်လူကြီးလူကောင်းပုံစံနဲ့…သူ သွားတဲ့ဘက်က ဓါတ်ငွေ့ရောင်းတဲ့ဆိုင်ကြီး ဘယ်လိုဟာ…ငါလဲစားပြီးသောက်ပြီး ငွေရှင်းနေတုန်းမှာ မိန်းမငယ် တစ်ယောက် အမျိုးသားကြီးနှစ်ယောက် တို့က ပျာယီပျာယာနဲ့ တို့ခုံရှေ့ရောက်လာ… ဟိုငေးဒီကြည့်ပေါ့… မိန်းမငယ်ကတော့ တော်တော် စိ

www.burmeseclassic.com

လှုပ်ရှားနေပုံရတယ်၊ ဟိုလူနှစ်ယောက်ကတော့ အမဲဖျက်မယ့်ပုံပေါက်နေတယ်···ဘာကြောင့်မှန်းတော့ မသိဘူး···နောက်တော့မှ တွေ့ပြီ တွေ့ပြီ ဟိုမှာ·· ဟိုမှာဆိုပြီး မီးပွိုင့်ကားတန်းတွေကြားကပဲ မကြောက်မလန့် ဖြတ်ပြေးဝင်လိုက်သွားကြတာ အို···ဘုရား···ဘုရား ဘုရားရယ်လို့ ငါ့မှာတမိသေးတယ်···

ဘယ်ကလာ ငါ့ဆီမှာလည်းငါ့ဘာသာငါ အေးအေးဆေးဆေး ထိုင်နေတာပါဆို နောက်ကျတော့မှ အနီးနားက လူတချို့ အမျိုးမျိုးပြောကြ ဝေဖန်ကြတာကြားရတယ်၊ နေကာမျက်မှန်နဲ့ ဖုန်းကိုင်ထားတဲ့ကောင်ဗျ၊ ကျွန်တော်ထင်သားပဲ ဒီငနဲက ကောင်မလေးနားကို ပူကပ်နေတာ···ဒီလိုကောင်မျိုးကတားနေကျကြောင်ဖားဗျ··· လူအထင်ကြီးယုံကြည်အောင် လူရည်သန့်ပုံဖမ်းထားတာ··· ဒါမျိုးယုံလိုက်တော့ စုံလုံးကန်းပြီဗျ"·· "မိန်းကလေးကနယ်ကလာတာတဲ့ ကားပေါ်က အဆင်းမှာ သူလက်ဆွဲခြင်းကို ဟစ်ကောက်ကောက်က ဆွဲလိုက်သလို ထင်လို့ကြည့်တော့ ပိုက်ဆံအိတ်ကမရှိတော့ဘူးတဲ့···ငွေနှစ်သိန်းကျော်နဲ့ နိုင်ငံသားမှတ်ပုံတင်ကဒ်လဲပါသွားတယ်၊ အိုးစုံလို့ခုံလို့ပဲ··· ကြားရသမျှ မြင်ရသမျှ ဒီနေ့မနက်အဖို့ စိတ်ကို မချမ်းသာရဘူးဟာ··ဆိုင်ရာ ဆိုင်ရာတွေကလည်း သုတ်သင်ရှင်းလင်း နေပါရဲ့နဲ့ ဒုစရိုက်ကောင်တွေကလည်း အတင်းရဲလွန်းတယ်၊ ကိုယ်ချင်းလည်း မစာဘူး၊ လူစိတ်လည်းမရှိဘူး။ အဲ့ဒီအချိန်နဲ့ မရှေးမနှောင်းမှာ အသက် ၂၅နှစ်နဲ့ ၃၀ ကြားအရွယ် လူငယ်သုံးလေးယောက် ဟိုမျက်မှန်နဲ့ကောင်ကို ဝိုင်းသမကြဖို့ ဆိုပြီးတော့ လမ်းကိုဖြတ် ကူးပြေးသွားတယ်၊ ငါကိုယ်တိုင်ကလည်း မကြားချင် မမြင်ချင်တော့တာနဲ့ ဘုမ္မာလမ်းမဘက်ကို ဆက်လျှောက်လာခဲ့တယ်၊ နောင်တစ်ချိန် ကြားရတာက မျက်မှန်နဲ့ ငနဲကို ဖမ်းမိတယ်တဲ့၊ သူကလည်း ဝန်ခံတယ်တဲ့၊ ဆိုင်ရာကလည်း ထိထိရောက်ရောက် အရေးယူလိုက်တယ်တဲ့ ကောင်းမှုကောင်းပေါ့ မင်္ဂလာသတင်းပဲ။

ဇော်ို···ငလစ်တွေကလည်း သူတို့အသက်အရွယ် သူတို့ကျန်းမာရေးနဲ့ကောင်းရောင်းကောင်းဝယ် လုပ်ပါလား။ ရိုးရိုးသားသား ရှာဖွေစားသောက်၊ မိခိုသူတွေကို ကျွေးမွေးထောက်ပံ့ရင် ဘယ်လောက်မင်္ဂလာရှိလိမ့်မလဲ သူတစ်ဖက်သားပိုင် ဥစ္စာကိုမှ အညွန့်ခူးချင်ကြတယ်၊ လက်ရှိကာလရော နောင်တမလွန်မှာပါ ဝဋ်လည်လိမ့်မယ်···စောစောက ငါ ပြောခဲ့တဲ့ မြေအဘွားတို့လို···ထီးပြင်တဲ့အဘကြီးလို ကောင်းရောင်း ကောင်းဝယ်လုပ်ကိုင်စားသောက်ပါတော့လား။ ကိုယ့်ဝန်ကိုယ့်ထမ်း ကိုယ်လမ်းကိုယ် လျှောက်ပေါ့···မဟုတ်ဘူးလား··· တစ်ဖက်ကကြည့်ရင်လည်း ခရီးသည်တွေဘက်ကပေါ့လျော့တာမျိုးလည်း ရှိတယ်၊ လိုင်းပေါင်းစုံခရီးသည် ကားတွေရဲ့ အများမြင်သာတဲ့ နေရာတွေမှာ သတိပေးတဲ့စာတွေ ရေးကပ်ထားတယ်၊ မင်းလည်း မြင်နေတွေ့နေမှာပါ၊ လူတော်တော်များများလည်း ဖတ်ကြည့် မှတ်မိနေကြမှာပါ···"မီးပွိုင့်တွင်အတက်အဆင်းမလုပ်ရ"၊ "ကွမ်းမစားရ"၊ "ဆေးလိပ်မသောက်ရ"၊ "ခါးပိုက်နှိုက်သတိပြု" "ကျေနပ်မှုမရှိလျှင်တိုင်ကြားရန် ဖုန်းအမှတ်များ"၊ "လက်မထုတ်ရ၊ ခေါင်းမပြူရ" စတာတွေကို သက်ဆိုင်ရာက အမြော်အမြင်ရှိရှိ သတိပေးထားတာပဲ···ဒါလေးတွေကိုလည်း ပေါ်ပေါ်လွင်လွင်မြင်သာ ထင်သာအောင် စာထဲမှာထည့်ရေးကွာ မင်းကစာရေးဆရာဆိုတော့ ပရိသတ် ဖတ်ကောင်းအောင်အသိပညာရအောင် ရေးနိုင်မှာပါ၊ ရေးတတ်မှာပါ၊ ငါလည်း လျှာရှည်လိုက်ရတာမောပြီ···မင်းက ရေးဖြစ်ဖို့ပဲလို တော့တယ်၊ ရေးဖြစ်အောင်တော့ ရေးပါ သူငယ်ချင်းရယ်···

အဂ္ဂမျိုး

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

လက်သို့းသေနတ်နဲ့ပစ်ပြီးတော့ အနုကြမ်းစီးသွားခဲ့တဲ့

ဝီညာဉ်ပူးကပ်ခံ လူဆန်းကြီး

ထုံပါးလုံ

(William Bankier ရေးခဲ့တဲ့ What Happened in Act One Bar)

ဝတ္ထုကို ဆီလျော်အောင် ဘာသာပြန်ဆိုထားပါသည်။

ကိုင်း . . လာ . . အထဲကို ဝင်ခဲ့လေ။ ဟုတ်ပြီ။ ဟိုမှာ ကုလားထိုင်တစ်လုံးတွေ့လား။ အဲဒါ ယူခဲ့။ ဟောဟို ဘားကောင်တာထိပ်က စားပွဲမှာ သွားထိုင်လိုက်။ ပြီးရင် . . ကျုပ်လိုပဲ ခင်ဗျားလည်း ပွဲ ကြည့်တဲ့လူတစ်ယောက်အနေနဲ့ စောင့်သာကြည့်ပေတော့ဗျို့။

ဩော် . . မေ့လို့၊ မေ့လို့။ ပြောရဦးမယ်။

ခင်ဗျားကြိုက်တဲ့အရက်ကို ခင်ဗျား စိတ်ကြိုက်မှာပြီး စိတ်ကြိုက်သာသောက်။ ဒီဆိုင်က အရက်ရော၊ အစားအသောက်ရော တော်တော်ကောင်းတဲ့ဆိုင်ဗျ။

အခုအချိန်က နယူးယောက်မြို့ကြီးရဲ့ နွေရာသီလေ။

ခင်ဗျားလိုချင်တာတွေ အကုန်ရနိုင်ပြီး ခင်ဗျားစိတ်ထဲရှိသမျှ ဆန္ဒတွေကိုပုံအောပြီး ချပစ်လိုက်နိုင်တဲ့ ပါရာဒိသုခဘုံဟာ ဒီနေရာပါပဲ။

ကိုင်း . . အခုအချိန်ကစပြီး ခင်ဗျားရဲ့မျက်လုံးတွေကို ဟောဟိုအဝင်ပေါက်ကို ပို့ထားလိုက်ပေတော့။ တော်နေကြာ လူတစ်ယောက် ဝင်လာလိမ့်မယ်။ မဟုတ်ဘူး၊ မဟုတ်ဘူး။ အခုဝင်လာမှာမဟုတ်ဘူး။ ခင်ဗျား သိပ်ပြီးမစောင့်ရပါဘူး။ ခဏလေးပါ၊ ခဏကလေးရယ် . . ။

www.burmeseclassic.com

www.burmeseclassic.com

ခင်ဗျားကြည့်ခဲ့တဲ့ ဘိုင်စကုတ်ထဲမှာ နောက်ကြောင်းကို ပြန်ပြောပြတဲ့အခန်းလိုမျိုး။

ခင်ဗျားနားလည်အောင် ကျုပ်ပြောပြရမယ်ဆိုရင်တော့ ကျုပ် ပထမဦးဆုံး မြင်ခဲ့ရတဲ့ အတွေ့အကြုံက စပြီးပြောရ လိမ့်မယ်ဗျ။

နေပါဦး . . ၊ ခင်ဗျားကို ကျုပ် မေးရဦးမယ်။

ခင်ဗျားရော ဒီနေရာကို ဘာလာလုပ်တာတုန်း။

တစ်ဆိတ်ဗျာ . . ၊ စပ်စုတယ်လို့ မထင်လိုက်ပါနဲ့။ ကျုပ် ခင်ဗျားကို ကြည့်ရတာ တော်တော့်ကို ကြီးတဲ့ ကုမ္ပဏီတစ်ခုခုကနေ တာဝန်နဲ့ရောက်လာတဲ့ ရာထူးကြီးကြီး ပုဂ္ဂိုလ်တစ်ယောက်ပဲဖြစ်လိမ့်မယ်လို့ ထင်တယ်။ ခင်ဗျားဟာ အထက်က ပေးလိုက်တဲ့တာဝန်နဲ့ လုပ်စရာကိုင်စရာတွေကို ခပ်မြန်မြန်ရှင်းပြီး ခင်ဗျားအတွက် ရတဲ့အချိန်ပိုတွေကို အကျိုးရှိနိုင်အောင် အသုံးချနေတဲ့ လူတစ်ယောက်ပဲ ဖြစ်ရမယ်။

“ဒါကလည်း ကျုပ်အဖြစ်နဲ့ နှိုင်းပြီး ပြောရတာပါ။

အခုဆို နယူးယောက်တစ်ခွင် ကျုပ် ပြံပြံစင်အောင် ရောက်ခဲ့ပြီးပြီ။ ရောက်စရာရှိတဲ့နေရာတွေ အကုန်လုံးလည်း စုံအောင်ရောက်ခဲ့ပြီးပြီ။ မနည်းလှတော့တဲ့ လှပတဲ့ညနေခင်းတွေကိုလည်း ကျော်လွန်ခဲ့ပြီးပြီ။

အခု ခင်ဗျားရောက်နေတာက နယူးယောက်မြို့ရဲ့ ဆင်ခြေဖုံးရပ်ကွက်ထဲက နာမည်မကြီးတကြီး “အက်ဝမ်းဘား”လို့ခေါ်တဲ့ ယမကာဆိုင်ပေါ့။

ခင်ဗျား ဆင်ခြေဖုံးကဆိုင်မို့လို့ အထင်သေးနေတာလား။ အထင်မသေးလိုက်နဲ့ဗျို့။ ဒီဆိုင်မှာက အဖိုးတန်ပြီး ရှားပါးလှတဲ့ အရက်မျိုးစုံကို အကုန်ရတယ်ဗျ။

အခန်းပြင်ဆင်ထားတာကလည်း အမြင်တစ်မျိုးဖြစ်စေပြီး ဆန်းပြားလှတယ်။ စိတ်ကိုလည်း ရွှင်လန်းသွားစေလိမ့်မယ်။ အခန်းတစ်ခုလုံးကို သစ်သားတွေနဲ့ပဲ ဖွဲ့စည်းထားပြီး မဟော်ဂနီရောင်ဆေးသုတ်လို့ထားတယ်။

ထိုင်ခုံနဲ့ စားပွဲတွေကတော့ ကြက်သွေးရောင်၊ ဟိုအပေါ် မျက်နှာကျက်မှာ ထွန်းထားတဲ့ မီးရောင်တွေကလည်း ခပ်မှိန်မှိန်။ အခန်းနံရံတစ်ဖက်မှာတော့ ရွှေဟောင်းနာရီအိုကြီးတစ်လုံး ချိတ်ကပ်ထားတယ်။

ကောင်းမွေ့ဆိုတဲ့ အရက်ပုလင်းတွေ အများကြီးကိုလည်း နံရံကပ်ဗီရိုကြီးထဲမှာ အစီအရီထည့်ထားတယ်။ ပြည့်သိပ်ကျပ်ညပ်နေတာပဲ။

စိတ်ချ . . စိတ်ချ . . ။ ခင်ဗျားရဲ့အိမ်ကိုရော၊ ခင်ဗျားရဲ့မယားကိုရော၊ ခင်ဗျားရဲ့ အလုပ်တာဝန်တွေရော အားလုံး . . အားလုံး ခင်ဗျားမေ့သွားစေရမယ်။ စိတ်သာချနေ။

ခင်ဗျား သောက်ရင်း၊ စားရင်းနဲ့ “အဂ္ဂနယူးပါလာဘာ”ရောက်လာမှာကို စောင့်လိုက်ပါဦး။

အခု လောလောဆယ်တော့ ခင်ဗျား ဘီယာကို တစိမ့်စိမ့်အရသာခံစုပ်နေရင်း ဘားကောင်တာ အနောက်ဘက်တည့်တည့်က နံရံမှာ ချိတ်ထားတဲ့ အရောင်တွေပြယ်နေတဲ့ဓာတ်ပုံကြီးကို လှမ်းကြည့်လိုက်ပါဦး။ ဓာတ်ပုံကြီးထဲမှာတော့ ကြိုးဝိုင်းထဲက ဘောက်ဆင်သမားတစ်ယောက်ရှိနေတယ်လေ။

ညာလက်ကို မြှောက်ပြီး အောင်ပွဲခံနေတဲ့ပုံပေါ့။ သူ့နှာခေါင်းထဲက သွေးတွေကျပြီး ညာဘက်မျက်ခုံးကွဲနေတဲ့ ကြားထဲက အောင်မြင်မှုသရဖူကို အရယူနိုင်ခဲ့လို့ ဂုဏ်ယူဝင့်ကြွားနေတဲ့ မျက်နှာကိုလည်း ခင်ဗျား မြင်မိမှာပါ။

အဲဒီလူက တခြား မဟုတ်ပါဘူး။

အခု ဒီဆိုင်ဖွင့်ထား လူ . . ။

“တယ်ရီအိုးဗစ်ကို”ပေါ့

အဆီပြန်နေတဲ့မျက် ခပ်မွဲမွဲမျက်လုံးတွေနဲ့ ပါးစပ် က သွားတုတွေ အဖွေးသ ပေါ်အောင် ပြုံးပြီး ကော် ရှိုင်းဝတ်စုံဝတ်ထားလို့ ကော တာမှာ မိန့်မိန့်ကြီးထိုင်နေ ပုဂ္ဂိုလ်ကြီးပေါ့။

ကိုင်း . . ထားလိုက် တော့။ ဒီအဘိုးကြီး တယ် ဓာတ်ပုံထဲကလူငယ်ဘော ဆင်သမားကလေးက အ ခင်ဗျားကို ကျုပ်ပြောပြ အကြောင်းနဲ့ ဘယ်လိုမှ မ သက်ပါဘူး။

ဟော . . နားထော နားထောင်ကြည့်စမ်း။

ကျုပ်နားထဲမှာ အခန်းအပြင်ဘက်က ခပ် သွက်နင်းပြီး လျှောက်လာ တဲ့ ခြေသံကို ကြားနေရတ ပြီးတော့ ဆင်နားရွက်တံခါ “ကျွီ”ခနဲ တွန်းဖွင့်လိုက်တဲ့အ က ကျုပ်နားဆီကို ရိုက်ခ ဝင်ရောက်သွားတယ်။

ဟုတ်ပြီ . . ဟုတ်

www.burmeseclassic.com

www.burmeseclassic.com

ဇာတ်လမ်းက အခုမှ စ တာဗျို့။

အင်္ဂါနယူးပါလာဘာ တစ်ယောက် ဇာတ်စင်ပေါ်ကို တက်လာတဲ့ ကတ္တီပါကားလိပ်ကြီးအဖွင့်ပေါ့။

တစ်ဆိတ်လောက်ဗျာ၊ တစ်ဆိတ်လောက် . .။

ဘားကောင်တာက . . အဘိုးကြီးရေ . .၊ ခင်ဗျားရဲ့ ဓာတ်စက် နည်းနည်းလောက် အသံတိုးပေးပါလား။အင်း . . အဆိုတော်ကြီး "ချာလီပါကာ" ရဲ့ "ဖြစ်သမျှအကြောင်း အကောင်းချည်းပါပဲ"ဆိုတဲ့ သီချင်ကိုကျုပ်လည်းပဲ ခင်ဗျားလိုမျိုး ကြိုက်ပါတယ်။ ဒါပေမယ့် အခု ကျုပ်နဲ့ ခင်ဗျား မြင်ရတွေ့ရတော့မယ့် မြင်ကွင်းက ပိုပြီးတော့ စိတ်ဝင်စားစရာကောင်းနေလို့ဗျ။

❋

အင်း . . အမှန်ပဲ။

စောစောတုန်းက ကျုပ် ခင်ဗျားပြောခဲ့သလို ဒါဟာ အင်္ဂါနယူးပါလာဘာဆိုင်ထဲကို ဝင်လာတာပါပဲ။ ပိုပြီးတိတိကျကျ ပြောရရင် ကျုပ်ရဲ့ အရှေ့ကို သူရောက်လာတာ ဒါ ပထမဦးဆုံး အကြိမ်ပဲ။ ဒါပေမယ့် ကျုပ်က ဒီဆိုင်ကို ဒီတစ်ခေါက်ပဲ ရောက်ဖူးတဲ့ လူစိမ်းသက်သက်ဗျ။

အင်္ဂါနယူးပါလာဘာက တော့ ဒီဆိုင်ကို ဟိုးအရင်ကတည်းက အကြိမ်ပေါင်းမရေတွက်နိုင်အောင် ရောက်ခဲ့ဖူးပြီးသား။ ခဏလောက်၊ ခင်ဗျား စောင့်ကြည့်ဦးဗျာ။

ဆင်နားရွက်တံခါးက စပရိန်တွေ ရှေ့တိုးနောက်ယမ်းတွန်းကန်နေကြတုန်းကပဲ ဆိုင်ထဲကလူတွေရဲ့ စကားပြောနေကြသံတွေ လုံးဝတိတ်သွားပါတယ်။ အာလုံးလည်း ငြိမ်ကျသွားတယ်။ သူတို့တတွေရဲ့ မျက်လုံးတွေဟာ တံခါးဝဆီကို အာရုံစူးစိုက်လို့ နေကြလေရဲ့။ သူတို့အမြင်အာရုံထဲကို ခုန်ဝင်လာတဲ့သူကတော့ အင်္ဂါနယူးပါလာဘာပါပဲ။ မျှော်လင့်နေတုန်းမှာ ရောက်လာလို သူတို့ဆန္ဒပြည့်ဝသွားကြပါပြီ။

ခင်ဗျား စိတ်ပျက်သွားပြီလား။ အကြောင်းမသိသေးတဲ့ လူဆိုတော့ အင်္ဂါနယူးပါလာဘာရဲ့ ပုံစံက အထင်ကြီးစရာ တစ်ခုမှမရှိဘူးလို့ မြင်မိမှာပါပဲ။ လူပုံစံက တစ်ချက်ကလေးမှ ယောကျ်ားပီသပုံမရှိဘူး။ ဒါ သူ့ကို ပထမဦးဆုံးမြင်လိုက်ကြရတဲ့ သူတိုင်းရဲ့ ကောက်ချက်ချမှု၊ ထင်မြင်မှုပါပဲ။

ဝတ်စားထားတာကိုလည်း ကြည့်လိုက်ပါဦး။

ကော်ကျွန်ုင်းဘောင်းဘီရှည်၊ အရောင်ကအစိမ်း။ စိမ်းလိုက်တာမှ မြရောင်တောက်လို့နေလေရဲ့။ ဒီကြားထဲမှာ ခါးပတ်တစ်ဝိုက်မှာလည်း ဖုထုံးလေးတွေ တို့လို့တွဲလောင်းချိတ်ထားလိုက်သေးတယ်။

အဲ . . လူကောင်သေးပေမယ့်လည်း ခေါင်းကတော့ ကြီးမှကြီးပဲ။ အဲဒီခေါင်းပေါ်မှာ ခပ်တိုတိုညှပ်ထားတဲ့ ပြောင်းဖူးမွေးအရောင်နဲ့ ဆံပင်တိုနံ့နံ့။ ဆံပင်ကလည်း မဖြီးထားတော့ ထိုးထိုးထောင်ထောင်နဲ့။ အထူးခြားဆုံးကတော့ သူ့ရဲ့မွဲတဲတဲနဲ့ အပြာရောင်မျက်လုံးတွေပါပဲ။ နှုတ်ခမ်းတွေကလည်း ရှေ့ကို စူထွက်နေကြပြီး မေးစေ့ကလည်း ချွန်ထွက်နေပါတယ်။

ဟော . . ကျုပ်တို့ကြည့်နေတုန်းမှာ အမူးလွန်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ သူ့စားပွဲကနေထလာပြီး ပါလာဘာရဲ့ ရှေ့မှ လမ်းပိတ်ပြီး ရပ်လိုက်တယ်။ ပြီးတော့ သူ့အိတ်ထဲက လက်ကိုင်ပဝါကို ဆွဲထုတ်ပြီး ဖြန့်းကနဲ ပါလာဘာရဲ့ မျက်နှာကို ဖြတ်ရိုက်လိုက်ပါတယ်။

ဟာ . . ပါလာဘာရဲ့ လှုပ်ရှားမှုကလည်း မြန်မှမြန်။ သွက်မှသွက်သလားမပြောနဲ့တော့။ လေထဲမှာ ဝဲလာတဲ့ လက်ကိုင်ပဝါကို လက်နဲ့ဖမ်းဆွဲလိုက်ပြီး အမူးသမားရဲ့ နောက်ဘက်ကို ဆတ်ခနဲ ခုန်အုပ်ပြီး ဝင်လိုက်တယ်။ သူ့လက်ထဲက လက်ကိုင်ပဝါဟာ အမူးသမားရဲ့ လည်ပင်းမှာ ပတ်မိလျက်သားကြီး ဖြစ်သွားတယ်။

ပါလာဘာကို ကြည့်ရတာ ဘာမှ အားမစိုက်ရဘဲနဲ့ အမူးသမားကို ကြမ်းပြင်ပေါ်ကို ကိုင်ပေါက်ချလိုက်ပါတယ်။ ပြီးတာနဲ့ သူဝင်လာခဲ့တဲ့ ဆင်နားရွက်တံခါးပေါက်ဆီ အမူးသမားရဲ့ ခြေထောက်ကနေ တရွတ်တိုက်ပြီး ဆွဲထုတ်သွားလိုက်တာ ဆိုင်အပြင်ဘက်က ပလက်ဖောင်းပေါ် ရောက်သွားတဲ့အထိဗျို့။

ပလက်ဖောင်းက အမူးသမားက လူးလဲပြီး ကုန်းထလိုက်သေးတယ်။ ပါလာဘာက သူ့မျက်ကို ဖြတ်ရိုက်ထည့်လိုက်တာ အမူးသမား ပလက်ဖောင်းပေါ်မှာ မျက်နှာအပ်ပြီး မှောက်လျက်မေ့ပြီး ကျန်ခဲ့ပါတော့တယ်။

ပါလာဘာရဲ့ လှုပ်ရှားမှုတွေကတော်တော့်ကို သေသပ်လိုက်တာမပြောပါနဲ့တော့ဗျာ။

ပါလာဘာဟာ ဆိုင်ထဲ

www.burmeseclassic.com

www.burmeseclassic.com

ကို ကြွန်ရရပဲ ပြန်ဝင်လာပါတယ်။

ဒီတော့မှ သူဟာ လေးဆယ့်ရှစ်လမ်းဘက်ကနေလမ်းလျှောက်ပြီးလာတာကို ကျုပ်သတိရလိုက်ပါတော့တယ်။ သူက ဘာမှမဖြစ်သလိုဘဲ ဆိုင်ထဲမှာ ရှိနေကြတဲ့လူတွေကို လက်ဝှေ့ယမ်းပြီး ပြုံးလို့ နှုတ်ဆက်နေပါတယ်။

သူဟာ ဆိုင်ရှင်တယ်ရီအိုးဗစ်ဂိုး ထိုင်နေတဲ့ ကောင်တာဆီကို တည့်တည့်မတ်မတ်ပဲ လျှောက်သွားပါတော့တယ်။ အကြောင်းသိနေတဲ့ တယ်ရီက ဖန်ခွက်တစ်လုံးထဲကို ဂျင်လေးပက်ထည့်၊ ပြီးတော့ သံပရာသီးတစ်စိတ်နဲ့အတူတူ ပါလာဘာထိုင်မယ့်စားပွဲပေါ် ချပေးလိုက်ပါတယ်။ ပါလာဘာက အရက်တစ်ကျိုက်မော့သောက်လိုက်ပြီး သံပရာခြမ်းကို အခွံရော၊ အသားပါ တစ်ခါတည်းဝါးစားရုံတင်မကဘဲ မျိုတောင်ချပစ်လိုက်ပါသေးတယ်။

အဲဒီအချိန်မှာ ဆိုင်မျက်နှာကျက်က ပန်ကာဗိုဗိုကြီးရဲ့ အားကုန်လည်ပတ်နေတဲ့ မောပန်းသံကြီးကလွဲပြီး တိတ်ဆိတ်ငြိမ်သက်လို့နေပါတယ်။

အင်္ဂလိနယူးပါလာဘာဟာ ဖန်ခွက်ထဲက အရက်လက်ကျန်ကို အပြန်မော့ချလိုက်ပြီး သူ့နှုတ်ခမ်းတွေ ပြုံးယောင်သမ်းပြလိုက်ပါတယ်။ ပြီးတော့ ဘောင်းဘီအိတ်ထဲက စာအုပ်တစ်အုပ်ကို ဆွဲထုတ်ပြီး အေးအေးဆေးဆေးပဲ ဖတ်လို့နေပါတော့တယ်။

တယ်ရီကြီးက ကောင်တာကို နောက်ပြန်ထိုင်လိုက်တဲ့ အချိန်မှာတော့ ဆိုင်ထဲမှာ စကားပြောသံတွေ ညံစီစီနဲ့ ထွက်ပေါ်လာပါတော့တယ်။ ဒီတော့မှ ဒီဆိုင်ထဲကလူတွေဟာ ပါလာဘာ့အပေါ် ဘယ်လောက်အထိ စိတ်ဝင်တစားရှိကြတယ်ဆိုတာကို ရိပ်စားမိလာတယ်။

အဲဒီလိုနဲ့ မိနစ်သုံးဆယ်လောက်အချိန်ကြာသွားတယ်။ ကျုပ်တောင် ဘီယာသုံးခွက်ကုန်သွားပြီလေ။

ဘာရယ်မှမဟုတ်ဘဲနဲ့ ကျုပ်ရဲ့ မျက်လုံးတွေက ပါလာဘာဆီကို အကြည့်ရောက်သွားတယ်။ သူက ကုလားထိုင်နောက်ကျောမှီပေါ်မှာ ခပ်လျှောလျှောထိုင်နေပြီး သူ့ခေါင်းက ရင်ဘတ်ပေါ် ငိုက်စိုက်လုပ်ထားတယ်။ သူ့ခန္ဓာကိုယ်ကြီးဟာ သူ့ပါးစပ်က ခပ်တိုးတိုးညည်းနေတဲ့တေးသွားကို လိုက်ပြီး ရှေ့တိုးနောက်ငင်ဖြစ်နေလေရဲ့။

"ကျုပ်မိတ်ဆွေကြီးတော့ ဒေါင်းသွားပြီနဲ့တူတယ်"

လို့ ကျုပ်က ပြောလိုက်တော့ တယ်ရီကြီးက သူ့နှုတ်ခမ်းပေါ်ကို လက်ညှိုးကန့်လန့်ဖြတ်တင်ပြီး . . .

"ရှူး တိုးတိုး . . တိုးတိုးပြော။ ဒါ . . ဒေါင်းသွားတာမဟုတ်ဘူး။သူ့ကိုယ်ထဲ ဝိညာဉ်တစ်ခုခု ဝင်ပူးနေတာဗျ။ သူက ဒီလိုမျိုးခဏခဏ ဖြစ်တတ်တယ်"

"ဘယ်လို . . ဘယ်လိုဗျ။ ဝိညာဉ်တစ်ခုခု ဝင်ပူးနေတာ ဟုတ်လား"

"ဟုတ်တယ်၊ ခင်ဗျား နားလည်အောင် ကျုပ် လွယ်လွယ်ပဲ ပြောလိုက်တာ . .။ တကယ့် တကယ်က သူ့ကိုယ်ထဲကို သေသွားကြတဲ့လူတွေရဲ့ ဝိညာဉ်တွေက ဝင်ပူးကြတာ။ ဒါပေမယ့် သိပ်အချိန်အကြာကြီးတော့မဟုတ်ဘူးလေ။ ကျုပ်တို့ကတော့ ဒါမျိုး ခဏခဏ မြင်ဖူးနေတယ်လေ"

"ကျုပ်တော့ ဒါမျိုး မမြင်ဖူးသေးဘူး'

"အေး . . မြင်ရတော့မှာပါ။ ခင်ဗျားတိတ်တိတ်လေး နေဖို့ပဲလိုတယ်။ ယောင်ပြီးတော့များ ခင်ဗျား သူ့ကို အနှောင့်အယှက်မပေးလိုက်လေနဲ့။ သူ့အခုလို ဝိညာဉ်ပူးနေတုန်းသွားနှောင့်ယှက်လိုက်ရင် သူသေသွားလိမ့်မယ်။ ကိုင်း . . အသာလေးသာ စောင့်ကြည့်နေပေတော့"

တယ်ရီကြီး ပြောတဲ့အတိုင်း ကျုပ်ဟာ ငြိမ်ငြိမ်လေး စောင့် ကြည့်နေမိပါတယ်၊ တော်တော်ကလေး ကြာလာတော့ ပါလာဘာ့ခန္ဓာကိုယ်ကြီးဟာ ရှေ့တိုးနောက် ငင်ဖြစ်နေရာကနေ ရုတ်တရက်ကြီး ထရပ်လိုက်ပါတော့တယ်။

ထူးဆန်းတာက သူ့ရဲ့မျက်နှာဟာ စောစောတုန်းကနဲ့ မတူတော့တာပါပဲ။ မတူတာမှ လုံးဝကို မတူတော့တာနော်။

သူ့မျက်နှာက တစ်ခုခုကို အမိန့်ပေးခိုင်းတော့မယ့်မျက်နှာမျိုးဗျ။

အဲဒီအချိန်မှာ သူ့ပါးစပ်က စကားလုံးတွေ ထွက်လာတယ်။

ဒီဘာသာစကားမျိုး ကျုပ်တစ်ခါမှ မကြားခဲ့ဖူးပါဘူး။

"သူ ဘာပြောနေတာတုန်း"

တယ်ရီကြီး မေးလိုက်တော့ အခန်းထောင့်အစွန်ဆုံး

www.burmeseclassic.com

www.burmeseclassic.com

းပွဲမှာထိုင်နေတဲ့ လူတစ်
ယာက်က . . .

"ကျုပ်သိရသလောက်
တော့ သူပြောနေတာ ပိုလန်
ဘာသာစကားပဲ။ အဓိပ္ပာယ်
စန္ဒရားဘယ်မှာရှိလဲတဲ့"

ဒီတော့မှ ဟိုဘက်က
ခန်းထောင့်မှ စန္ဒရားတစ်
ုံးရှိနေတာကို ကျုပ် သတိရ
တယ်။ စန္ဒရားက အသုံးမပြု
က ကြာပြီနဲ့တူတယ်။

အဲဒီအချိန်မှာပဲ ပါလာ
ာ . . အဲ . . ပါလာဘာ
ဟုတ်တော့ဘူးဗျ။

သူ့ကိုယ်ထဲ ဝင်ပူးနေတဲ့
ညာဉ်ကလည်း စန္ဒရားကို
တွ့သွားပြီး စန္ဒရားရှိနေတဲ့
ရာကို တည့်တည့်မတ်မတ်
လျှောက်သွားပါတော့တယ်။

စန္ဒရားခုံရှေ့က ခုံပုက
လေးပေါ်မှာ သူဟာ ထိုင်ချ
က်ပါတယ်။

အဲဒီအချိန်မှာပဲ ဆိုင်တစ်
ုံး ငြိမ်ကျသွားလိုက်တာ
ပ်ကျရင်တောင် ကြားရမ
တ်ပါပဲဗျာ။

သူက စန္ဒရားအဖုံးကို
လိုက်ပြီး စန္ဒရားခလုတ်တွေ
အကြာကြီး စိုက်ကြည့်နေ
တယ်။ ပြီးတော့မှ သူ့လက်
ချောင်းတွေက စန္ဒရားခလုတ်
တွေရဲ့အပေါ်မှာ ခေါက်တုံ့လူး

လာ ပြေးလွှားလှုပ်ရှားနေပါတော့တယ်။

ကျုပ် စကားအပိုပြောတာ မဟုတ်ပါဘူး။ တကယ်လို့များ ကျုပ်နောက်ထပ်နှစ်ပေါင်းနှစ်ထောင်လောက် အသက်ရှင်နေထိုင်ရဦးမယ်ဆိုရင်တောင်မှ ဒီလိုစန္ဒရားလက်သံမျိုးကို နောက်ထပ်နားထောင်ခွင့်မရနိုင်တော့ဘူးလို့ ပြောရင် ပိုတယ်လို့ ခင်ဗျားတို့ ပြောကြဦးမလား။

တကယ်ပြောတာပါဗျာ။

စန္ဒရားခလုတ်တွေကနိမ့်တုန်မြင့်ခါ ပြေးလွှားရာကနေ ထွက်ပေါ်လာတဲ့ ဂီတသံစဉ်ဟာ နိုင်ဂါရာရေတံခွန်ကြီးက ရေစီးကျသံအတိုင်းပါပဲ။ တေးသွားက ကျုပ်တစ်ကိုယ်လုံးမှာရှိနေကြတဲ့ အာရုံကြောတွေကို ဖမ်းယူချုပ်ကိုင်ထားကြပါတယ်။

စန္ဒရားသံကို နားထောင်ရင်းနဲ့ စန္ဒရားလက်သံရှင် ဘယ်သူလဲဆိုတာကို ကျုပ်အဖြေရှာကြည့်နေမိပါတယ်။

ဟာ ... ဟုတ်ပြီ။

ဒါ . . ဒါ . . ဒါဟာ ရှိုပင်ရဲ့လက်ရာပဲ။

ကျုပ်တပ်အပ်သေချာမပြောနိုင်ပေမယ့် ဖြစ်နိုင်တယ်ဆိုတာတော့ ကိုးဆယ့်ကိုးရာခိုင်နှုန်းရဲ့အထက်မှာ ရှိပါတယ်။ အချိန်က သိပ်မကြာလိုက်ပါဘူး။ ငါးမိနစ်လောက်ကြာမှာပေါ့။ တေးသွားရဲ့နောက်ဆုံး တီးလုံးက အခန်းထဲမှာ ပဲ့တင်လှိုင်းခတ်နေတုန်းမှာပဲ ပါလာဘာဟာ သူ့နဖူးကို လက်ဖမိုးပေါ်မှာ မှောက်ချလိုက်ပါတယ်။

ဒီနောက် သူ့ခန္ဓာကိုယ်ကြီးဟာ တဆတ်ဆတ်တုန်လာပြီး သူ့မျက်လုံးတွေ ပွင့်လာတယ်။ ပြီးတော့ ဆိုင်ပတ်ပတ်လည် ဝေ့ကြည့်လိုက်ပါတယ်။ သူက ကျုပ်တို့ဘက်အကြောင်သား ငေးကြည့်နေတယ်လေ။

"ကျုပ် . . စန္ဒရား တီးမိသလား"

လို့ သူ့ရဲ့ မေးသံအဆုံးမှာတော့ ဩဘာလက်ခုပ်သံတွေ သောသောညံသွားပါတော့တယ်။

ပါလာဘာက ခေါင်းကို ခပ်ဖြည်းဖြည်း ခါလိုက်ပြီး . .

"ကျုပ်ကိုယ်တိုင် ဂီတနဲ့ပတ်သက်တာဆိုလို့ ဘာမှမသိ၊ ဘာမှ နားမလည်တဲ့အကောင်၊ နေပါဦး၊ ဒီတစ်ခါ ရောက်လာတဲ့ ပုဂ္ဂိုလ်က ဘယ်သူများတုန်း"

စောစောက အခန်းထောင့်အစွန်းဆုံးစားပွဲမှာထိုင်နေပြီး ဘာသာပြန်ပြခဲ့တဲ့လူကပဲ . .

"ခင်ဗျားက ပိုလန်စကားနဲ့ စန္ဒရားဘယ်မှာရှိသလဲလို့မေး . ."

သူ့စကားမဆုံးခင် ကျုပ်က အတင်းကြားဖြတ်ပြီး . .

"သိပ်တော့မသေချာဘူးနော်။ ကျုပ်ထင်တာတော့ ရှိုပင်ရဲ့ တေးသွားတစ်ပုဒ်ပဲဗျ။ ရှိုပင်က ပိုလန်လူမျိုးမဟုတ်လား"

လို့ ပြောလိုက်တော့ လူတွေရဲ့ တအံ့တဩမှတ်ချက်ချသံတွေ သောသောညံသွားပါတော့တယ်။ ပါလာဘာ ထိုင်နေရာက မတ်တတ်ရပ်လိုက်ပြီး သူ့လက်နှစ်ဖက်ကို ဆန့်ထုတ်လိုက်ပါတယ်။

"အဲဒီလိုဖြစ်တိုင်း သူ့တစ်ကိုယ်လုံး ပျော့ခွေသွားတတ်တယ်"

ဆိုင်ရှင် တယ်ရီကြီးက ကျုပ်ကို ခပ်တိုးတိုးပြောပြပါတယ်။

ပါလာဘာဟာ ကောင်တာကို ရောက်လာပြီး ငွေစက္ကူတစ်ရွက်ကို တယ်ရီကြီးရှေ့ချပေးရင်း . . .

"ကျုပ်သောက်ခဲ့တဲ့အရက်ဖိုး"

လို့ပြောပြီး ပေးတော့ တယ်ရီကြီးက ငွေစက္ကူကို . .

www.burmeseclassic.com

www.burmeseclassic.com

ပါလာဘာ့ဘက် ပြန်တွန်းပို့ရင်း ခေါင်းခါပြလိုက်တဲ့အခါမှာ ပါလာဘာက -

"ဒီမှာတယ်ရီ၊ ကျုပ်ဟာ အရပ်တကာလှည့်လည်ပြီး တောင်းစားနေတဲ့ သူတောင်းစားမဟုတ်ဘူး။ ကျုပ်သောက်ခဲ့တဲ့ အရက်ဖိုးကို ကျုပ်ပေးတာ ခင်ဗျားယူလိုက်ပါ"

တယ်ရီကြီးက ငွေစက္ကူကို ကောက်ယူလိုက်တာနဲ့ ပါလာဘာဟာ ဆိုင်ထဲက ပြန်ထွက်သွားပြီး ညရဲ့အမှောင်ထဲသို့ တိုးဝင်ပျောက်ကွယ်သွားပါတော့တယ်။

အဲဒီတော့မှ တအံ့တဩနဲ့ ပြောလိုက်ကြ၊ ဆိုလိုက်ကြတဲ့ စကားသံတွေဟာ ဆိုင်ထဲမှာ ညံညံစီသွားပါတော့တယ်။

"ခင်ဗျား အဲဒီလိုအဖြစ်မျိုး အတော်များများ ကြုံခဲ့ဖူးလား တယ်ရီ"

လို့ ကျုပ်က တယ်ရီကို မေးကြည့်လိုက်တော့ . .

"ပြောလောက်အောင်တော့မများသေးဘူးဗျ။ တွေ့လား . . ဟောဟိုကောင်တာပေါ်က ပန်းချီကားကို"

လို့ မေးငေါ့ပြလိုက်တာကြောင့် ကျုပ်လည်း ကောင်တာအပေါ်က နံရံကို လှမ်းကြည့်လိုက်တဲ့အခါမှာ စုတ်ချက်ကြမ်းကြမ်းနဲ့ ရေးထားတဲ့ ဆီဆေးပန်းချီကားတစ်ချပ်ကို တွေ့လိုက်ရပါတယ်။

လီမွှော်ရောင်တောက်တောက်နဲ့ အနက်ရောင်တွေကို အများဆုံးအသုံးပြုထားတဲ့ တော့်ကိုလက်ရာမြောက်လှတဲ့ ရှုမျှော်ခင်းပုံ ဆီဆေးပန်းချီကားပါပဲ။

❋

"တစ်ညမှာပေါ့ဗျာ . .

ပါလာဘာက ပြင်သစ်ဘာသာစကားနဲ့ ပြောတယ်ဗျ။ ကံကောင်းချင်တော့ သူပြောတဲ့ ပြင်သစ်စကားကို နားလည်တဲ့ လူတစ်ယောက် ဆိုင်ထဲမှာ အဆင်သင့်ရောက်နေတယ်ဗျို့။ သူက ပန်းချီဆေးတွေနဲ့ စုတ်တံတောင်းတာလို့ ဘာသာပြန်ပေးတာနဲ့ ဟိုဘက်ခန်းမှာနေတဲ့ အမျိုးသမီးတစ်ယောက်က သူ့အခန်းကို အပြေးအလွှားပြန်ပြီး ဆေးတွေနဲ့ စုတ်တံတွေ ယူလာပေးတယ်လေ။

အခု ခင်ဗျားမြင်နေရတဲ့ ပန်းချီကားကို ပါလာဘာက ဆယ်မိနစ်လောက်နဲ့ အပြီးဆွဲပြခဲ့တယ်"

ဆိုင်ရှင် တယ်ရီကြီးရဲ့ စကားအဆုံးမှာတော့ ကျုပ်ဟာ အတော့်ကို အံ့ဩသွားပါတော့တယ်။ ကမ္ဘာကျော် ပြင်သစ် ပန်းချီဆရာကြီးတူးလောက်စ်လေးထရက်ရဲ့ဝိညာဉ်က လေးဆယ့်ရှစ်လမ်းထဲက သာမန်လူတစ်ယောက်ဖြစ်တဲ့ ပါလာဘာရဲ့ ကိုယ်ခန္ဓာထဲ ဝင်ပူးပြီး ရေးဆွဲခဲ့တယ်ဆိုတဲ့ ပန်းချီကားပါလား။ ကျုပ်က ပန်းချီကားကို နောက်တစ်ကြိမ် ထပ်ကြည့်ရင်း . . .

"ခင်ဗျား သိပ်ကံကောင်းတာပဲ တယ်ရီ။ ဒီလို အစီအစဉ်မျိုးကို ငွေမကုန်ဘဲ ရထားတာ"

"ဟာ . . အမြဲတမ်း ဒီလိုချည်းပဲ နှစ်ခြိုက်သဘောကျစရာအဖြစ်မျိုးချည်းပဲ ဖြစ်နေတာ မဟုတ်ဘူးဗျ။ ကျုပ်ပြောပြမယ် နားထောင်။

တစ်ညမှာပေါ့ဗျာ . .။

အင်္ဂါနေ့ယူပါလာဘာ့ကိုယ်ထဲကို ဘယ်သူ့ဝိညာဉ်ဝင်ပူးတယ်ထင်လို့လဲ။

ဟား . . ဝင်ပူးခဲ့ပုဂ္ဂိုလ်ကို ခင်ဗျားသိရရင် တုန်သွားမယ် ကစ်ကိုယ်လုံး။

ဘယ်သူမှတ်လို့လဲ။

ဟစ်တလာဗျို့ . . ဟစ်တလာ့ဝိညာဗျ"

ကျုပ်ဟာ တယ်ရီကြီးရဲ့ စကားကို နားထောင်ရင်း ကျုပ်သောက်နေတဲ့ ဘီယာ သီးမတတ်ဖြစ်သွားရပါတော့တယ်။ တယ်ရီက ဆက်ပြီးတော့ . .

"ဟောဒီက ဟော
ကောင်တာပေါ်ကို တက်မတ
တပ်ရပ်ပြီး တရားဟောလိုက
တာများ ဟစ်တလာမှတကယ
ဟစ်တလာပဲဗျို့။ ဒေါ်နဲ့ မော
ဌာန်နဲ့ အာပေါင်အာရင်းသ
သန် ကျုပ်တို့ကို တရားဟော
နေလိုက်တာဟာ ဒုတိယကမ္ဘ
စစ်တုန်းက သတင်းကားတွေ
ထဲကအတိုင်းဟစ်တလာတ
ဟောနေတဲ့ပုံနဲ့ထပ်တူထပ်မျ

"အေးဗျာ . . အဲဒါ
တောင့်ကြုံခဲ့ အခွင့်အရေး
တစ်ခုပါပဲ"

"ကျုပ်ပြောခဲ့ သား
မစွတာဘန်ကီရာရယ်။ ပါ
ဘာ့ကိုယ်ထဲမှာ ဟစ်တလာ
ဝိညာဉ်ပူးနေတုန်းမှာ ဆို
လွှန်းဆိုတဲ့ ကားဒရိုင်ဘာ
ယောက်ဟာ ဆိုင်ထဲဝင်လာ
ဟစ်တလာ့ဝိညာဉ်ဝင်ပူး
ပါလာဘာကို မယုံကြည်
မျိုးနဲ့ စော်ကားမော်ကား
တင်မကဘူး။ လက်သီးနဲ့
ထိုးတော့တာပဲဗျို့။ ပါလ
ဟာ ခံနိုင်ရည်ရှိတဲ့လူပဲ၊
မယ့် သူ့မျက်လုံးကြီးတွေ
ထွက်လာကြပြီး ကြမ်း
ဝုန်းကနဲ လဲကျသွားလို
တော်တော်နဲ့ သတိပြန်
ဖြစ်သွားတယ်"

www.burmeseclassic.com

www.burmeseclassic.com

စာနာတဲ့စိတ်နဲ့ ကျုပ်လည်း ခေါင်းကို ခါယမ်းပြလိုက်မိပါတယ်။ ဒါနဲ့ တယ်ရီကြီးက ဆက်ပြီး . .

"အဲဒီနောက်မှာတော့ ပါလာဘာက ကျုပ်တို့ကို ဘာပြောသလဲဆိုတော့ အခုလိုမျိုး ဝိညာဉ်ဝင်ပူးနေတုန်းမှာ သူ့ကို မနှောင့်ယှက်ကြဖို့နဲ့ တကယ်လို့ နှောင့်ယှက်ခဲ့ရင် သူ့အတွက် အသက်အန္တရာယ်ရှိနိုင်တယ်လို့ ပြောပြပါတယ်။ သူ့ကို ဒီအတိုင်းပဲ လွှတ်ပေးထားပါ။ သူ့အဖြစ်က အိပ်ပျော်နေရင်း လမ်းထလျှောက်သလိုမျိုး"

လို့ ပြောပြခဲ့ပါတယ်။

❋

အဲဒီညက ကျုပ် ကောင်းကောင်း အိပ်မပျော်ခဲ့ပါဘူးဗျာ။

တစ်ညလုံး သေသွားခဲ့ပြီးကြတဲ့ လူတွေရဲ့ ဝိညာဉ်တွေ ဝင်ပူးကပ်တာကိုခံရတဲ့ အဂ္ဂါနယူးပါလာဘာရဲ့ ထူးထူးဆန်းဆန်း ဖြစ်ရပ်တွေကိုပဲ တွေးနေမိပါတယ်။ နောက်ပြီးတော့ ပါလာဘာရဲ့ ကိုယ်ထဲဝင်ပူးခဲ့ကြတဲ့ ဝိညာဉ်တွေဆိုတာကလည်း လူကောင်းတွေရော၊ လူဆိုးတွေရော ထင်ရှားကျော်ကြားသူတွေပါသလို မထင်မရှားနဲ့ သာမန်လူတွေပါသေးတယ်။

နောက်နေ့ညမှာတော့ ကျုပ် လုပ်ဖော်ကိုင်ဖက်အယ်ဒီတာတစ်ယောက်က မမျှော်လင့်ဘဲ ညစာဖိတ်ကျွေးလို့ "အက်ဝမ်းဘား"ကို ကျုပ်မရောက်ဖြစ်တော့ဘူးလေ။

တစ်ခါ နောက်တစ်နေ့ည "အက်ဝမ်းဘား"ကို ကျုပ်ရောက်သွားတော့ ညဆယ့်တစ်နာရီတောင်ခွဲနေပြီ။ အဲဒီညကတော့ အလကားညဖြစ်သွားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဂ္ဂါနယူးပါလာဘာဟာ ထုံးစံအတိုင်း ဂျင်တစ်ခွက်ကို သံပရာသီးတစ်စိပ်နဲ့ မှောချပြီး အခြားသူတွေလိုပဲ ပြန်သွားလို့ပဲပေါ့။

❋

အဲ . .

နောက်တစ်နေ့ည . .

အဲဒီညကတော့ စောင့်ရကျိုးနပ်တယ်လို့ ပြောရမှာပဲဗျို့။

ဖြစ်ပျက်ပုံကတော့ ကျုပ်ပြောတဲ့အတိုင်း အရင်လိုပဲပေါ့၊ ပါလာဘာဟာ ဂျင်တစ်ခွက်သောက်တယ်။ သံပရာသီးတစ်စိတ်ကို ဝါးတယ်။ စာထိုင်ဖတ်တယ်။ အဲဒီနောက် ရင်ဘတ်ဆီကို ခေါင်းငိုက်စိုက်ကျသွားပြီး တေးသွားညည်းသံတိုးတိုးကလေး ထွက်လာတဲ့အခါ သူ့ခန္ဓာကိုယ်ကြီး ယိမ်းထိုးလှုပ်ခါလာပါတယ်။

သူ့ထိုင်ရာထလိုက်တော့ သူ့ဆီကို မျှော်လင့်ချက်အပြည့်အဝနဲ့ စိုက်ကြည့်နေကြတဲ့ မျက်လုံးတွေက မနည်းမနော။

ချက်ချင်းပဲ ပြောင်းသွားတဲ့ သူ့ပုံစံက မယုံကြည်နိုင်လောက်အောင်ပါပဲဗျာ။

ကြည့်ဗျာ . .။ ခင်ဗျား သေသေချာချာကြည့် . . . ကြည့်။

မျက်နှာက ဖြူဖတ်ဖြူလျော်။ ပါးတွေက ခွက်ဝင်နေပြီးမျက်လုံးတွေကလည်းအဖျားတက်နေတဲ့လူတစ်ယောက်ရဲ့ မျက်လုံးတွေလို ရဲရဲနီလို့ . .။

ကျုပ်ကြည့်နေတုန်းမှာ ပါလာဘာရဲ့ပါးစပ်က . .

"ငါ ဘယ်ကိုရောက်နေတာတုန်း"

"ဟာ . . လူကြီးမင်းက အင်္ဂလိပ်လိုပြောနေပါလား"

လို့ တယ်ရီကြီးက ပြောလိုက်ပြီး ပါလာဘာ့ကို . .

"ကျုပ်က တယ်ရီအိုးဗစ်ကီးပါခင်ဗျာ။ ဟောဒီအက်ဝမ်းဘားအရက်ဆိုင်ရဲ့ ပိုင်ရှင်ပါ။ အက်ဝမ်းဘားအရက်ဆိုင်က လူကြီးမင်းကို [illegible] ကြိုဆိုနေပါတယ်ဗျာ"

လို့ [illegible] ပြောလိုက်တော့ ပါလာဘာ့ကိုယ်ထဲက ဝိညာဉ်က . .

"ကျုပ်က . . ပိုး။ အဂ္ဂါအယ်လင်ပိုး"

"ဗျာ . . စာရေးဆရာကြီး အဂ္ဂါအယ်လင်ပိုး . . ဟုတ်လား"

"ဟုတ်ပါတယ်၊ ဒီမှာ ဘရန်ဒီကောင်းကောင်းရနိုင်မလား။ အင်း . . ကျုပ်က သိပ်ပြီးကျန်းမာရေးကောင်းလှတာ မဟုတ်ဘူးဗျာ။ဘရန်ဒီကောင်းကောင်းလေး နှစ်ပက်လောက်ပေးဗျာ"

လို့ပြောရင်း လက်ထဲက လက်ကိုင်ပဝါနဲ့ သူ့နှာခေါင်းနဲ့ ပါးစပ်ကိုအုပ်ပြီး ချောင်းတစ်ချက်ဆိုးလိုက်ပါတယ်။ ကျုပ်မှာလည်း သောက်ထားတဲ့ ဘီယာ တန်ခိုးနဲ့ ရဲစိတ်တင်းလိုက်ပြီး-

"လူကြီးမင်းဟာ တကယ်ပဲ စာရေးဆရာကြီး အဂ္ဂါအယ်လင်ပိုး ဟုတ်ပါတယ်နော်"

လို့မေးလိုက်တဲ့အခါမှာ သူက ကျုပ်ကို ဆတ်ခနဲ လှည့်ကြည့်လိုက်ပြီး မျက်နှာပြန်လွှဲသွားပါတယ်။

ပြီးမှ . . .

www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်စာရေးဆရာ အဂ္ဂါအယ်လင်ပိုးပါပဲ။ ဝတ္ထုတွေရေးခဲ့တယ်။ ဒါပေမယ့် ကျုပ်နာမည်ဟာ ဒီလောက်ထိအောင် ကျော်ကြားနေလိမ့်မယ်လို့ မထင်ထားမိခဲ့ဘူးဗျ"

တယ်ရီကြီးက သဘောထား သိပ်ကောင်းနေပြီး ဘရန်ဒီတွေကို ဖန်ခွက်အပြည့်အလျှံကြီးထည့်ပြီး အဂ္ဂါအယ်လင်ပိုး ဝိညာဉ်ပူးနေတဲ့ ပါလာဘာ့ရှေ့မှာ ချပေးလိုက်ပါတယ်။ သူက ဖန်ခွက်ကို ကောက်ယူလိုက်ပြီး တစ်ချက်တည်း ဂွပ်ကနဲ မော့သောက်ပစ်လိုက်ပါတော့တယ်။

ဘရန်ဒီပုလင်းကြီးကိုလည်း တစ်ခါတည်း ဆွဲကိုင်ယူလာခဲ့တဲ့ တယ်ရီကြီးက ဘာမှ ရှိတော့တဲ့ သူ့ဖန်ခွက်ထဲကို ဖန်ခွက်ပြည့်လုနီးပါး ထပ်ထည့်ပေးလိုက်ပြန်ပါတယ်။

အဂ္ဂါအယ်လင်ပိုးရဲ့ ဝိညာဉ်ဝင်ပူးနေတဲ့ ပါလာဘာဟာ ပြန်ပြီး ရှင်သန်လာစေတဲ့ ဘရန်ဒီတန်ခိုးနဲ့ သူ့ဖန်ခွက်ကို ယူပြီး ကျုပ်ရဲ့စားပွဲမှာ လာထိုင်လိုက်ပါတယ်။ ပြီးတော့ ကျုပ်ကို ကြည့်ပြီး . . .

"ခင်ဗျားက ကျုပ်ဝတ္ထုတွေကို ဖတ်ဖူးထားတယ်ပေါ့။ လုပ်စမ်းပါဦးဗျ. . ၊ ကျုပ်က အမြောက်ကြိုက်တယ် ထင်တယ်"

လို့ ပြုံးပြရင်း လက်ထဲက သူ့ဖန်ခွက်ကို မြှောက်ပြလိုက်ပါတယ်။ ကျုပ်လည်း . . .

"ကျုပ်ဖတ်ခဲ့ဖူးတာတွေက "မစ္စတာရှားလ်ရဲ့ အိမ်ကြီးမာယာ"ရယ်၊ "တွင်းနက်ကြီးနဲ့ ချိန်သီး"ဝတ္ထုရယ်။ အဲ . . နေဦးဗျ။ နောက်တစ်ပုဒ်က . . ဟုတ်ပြီ ဟုတ်ပြီ။ ဟို . . "တောကျီးကန်းကြီး"ဝတ္ထုရယ် . . "

သူက ခေါင်းတဆတ်ဆတ်ညိတ်ပြပြီး ဘရန်ဒီတစ်ကျိုက်ချင်း အရသာခံသောက်နေပါတယ်။ အဲဒီနောက်မှာတော့ သူပြောတာက ကျုပ်တစ်ယောက်တည်းကို ရည်စူးပြီး ပြောတာမျိုးမဟုတ်တော့ဘဲ ဆိုင်ထဲကလူတွေအကုန်လုံးကို ပြောနေတဲ့ ပုံစံမျိုးနဲ့ . .

"ကျုပ် အခုပဲ ဝတ္ထုတစ်ပုဒ်ရေးပြီးသွားခဲ့တယ်။ ခင်ဗျားတို့ ကျုပ်ဝတ္ထုရဲ့အကြောင်းကို ကြားချင်ကြလိမ့်မယ်ထင်ပါတယ်၊ ဟုတ်လား"

ဆိုင်ထဲက လူတွေအားလုံးဟာ တညီတညွတ်တည်း "ကြားချင်ပါတယ်ဗျို့"လို့ ပွဲတောင်းလိုက်ကြပါတယ်။

ဒါနဲ့ သူက . . .

"ကောင်းပြီ . . ဒါဆိုလည်း ကျုပ်ပြောပြရတော့မှာပေါ့။ ကျုပ်ဝတ္ထုရဲ့ နာမည်က "မော့ဂ်လမ်းက လူသတ်မှုတွေ"တဲ့။ အဲဒီ ဂန္ထဝင်ဝတ္ထုကို လူကြီးမင်းတို့ ဖတ်ဖူးကြမလားတော့ မသိဘူး။ တကယ်တော့ ဒီဇာတ်လမ်းဟာ စာဖတ်သူတွေရဲ့ စိတ်ကို ထိတ်လန့်ချောက်ချားမှုကို အမြင့်ဆုံးရောက်အောင် ဆွဲခေါ်နိုင်စွမ်းရှိတဲ့ ဝတ္ထုတစ်ပုဒ်ပဲ။ ဇာတ်လမ်းကတော့ ဒီလိုဗျ . . . "

အဲဒီ"မော့ဂ်လမ်းက လူသတ်မှုတွေ"ဝတ္ထုဇာတ်လမ်းကို ပါလာဘာက ပြန်ပြီးပြောပြနေလိုက်ပုံက နားထောင်နေကြတဲ့ လူတွေကိုနေရာကမထနိုင်လောက်အောင် ဆွဲ ဆောင်မှုရှိလွန်းလှပါတယ်။ သူ့အသံနဲ့ သူ့ဟန်က ကျုပ်တို့တစ် တွေကို နည်းနည်းလေးတောင် မှ မလှုပ်နိုင်အောင် ချုပ်ကိုင်ဖမ်းစားထားပါတယ်။ ဆိုင်ထဲက လူတွေဟာ အသက်ရှူဖို့တောင် မေ့နေကြပြီလားလို့ ထင်ရပါတယ်။ သူ့ဇာတ်လမ်း အဆုံးသတ်မှာတော့ လက်ခုပ်ဩဘာသံတွေပေးပြီး လက်ခေါက်မှုတ်ကြလို့ . . .

"ရှူး . . တိုး . . တိုးဗျို့။ တိုးတိုးသက်သာလုပ်ကြ။ သူ့ကို မနှောင့်ယှက်ကြပါနဲ့"

လို့ တယ်ရီကြီးက တား ယူရပါတော့တယ်။

ဒီတစ်ခါတော့ ပါလာဘာဟာ မူလပုံသဏ္ဌာန်ကို ပြ မဖန်တီးနိုင်တော့ဘဲ သော ထားတဲ့ ဘရန်ဒီတန်ခိုးကြော ခေါင်းနေပါပြီ။ ကျုပ်နဲ့ တယ် ကြီးကို ခေါင်းညိတ်ပြပြီး ဆို ထဲကနေ ထွက်သွားလေရဲ့။

ကြည့်ရတာ အဂ္ဂါအယ် လင်ပိုးရဲ့ ဝိညာဉ်ကလည်း သ နဲ့အတူ လေးဆယ့်ရှစ်လမ်းထ က အမှောင်ရိပ်ထဲကို တိုးဝ ဝင်ရောက်သွားတယ်နဲ့တူပ တယ်။

တယ်ရီကြီးက ကျုပ်ကို ပြောပါတယ်။

"ဟိုတစ်ခါတုန်းကလည် ဂျွန်တယ်ရီဖိုးရဲ့ဝိညာဉ် ဝင်ပူ တော့လည်း သူဒီလိုပဲ ဆိုင်ထဲ ကနေ ထွက်သွားခဲ့တယ်။ အန ပညာသမားတွေရဲ့ ဝိညာဉ်တွေ ဟာ ဒီလိုချည်းပဲနဲ့ တူပါတယ်"

✻

အဂ္ဂါနယူးပါလာဘာကို နောက်တစ်ခါထပ်တွေ့ရဖို့ သုံ ရက်လောက် အချိန်ပေးလိုက် တယ်။

အဲဒီနေ့က စနေနေ့။ ည မှာပေါ့ဗျာ . . ။

အက်ဝမ်းဘားဆိုင်

www.burmeseclassic.com

တစ်ဆိုင်လုံးလာနေကျဖောက်သည်တွေနဲ့ပြည့်လို့နေပါတယ်။

အင်း . . ဘာလိုလိုနဲ့ ကျုပ်တောင် နောက်တစ်ပတ်ဆိုရင် အလုပ်တာဝန်တွေပြီးသွားလို့ အနောက်အလယ်ပိုင်းက အိမ်ကို ပြန်ရတော့မှာပါလား။ ဒါကြောင့်လည်း အချိန်ရတုန်းရခိုက် အပန်းဖြေပစ်မယ်ဆိုတဲ့ စိတ်ကူးနဲ့ ဒီဆိုင်ကို ခြေဦးလှည့်လာခဲ့တာ။

ဆယ်နာရီထိုးခါနီးလောက်မှာ ပါလာဘာရောက်လာပါတော့တယ်။

သူ့ခန္ဓာကိုယ်ထဲ ဝိညာဉ်တစ်ခုခု ဝင်မပူးခင်ထိအချိန်နာရီဝက်လောက်ကြာသွားပါတယ်။

အစကတော့ ကျုပ်သတိမထားမိလိုက်ဘူး။ ဘာသိဘာသာပဲ နေမိခဲ့လိုက်တယ်။

သူက အခန်းပတ်ပတ်လည်ကို မျက်စိဝေ့ကြည့်လိုက်ပြီး သံပရာသီးစိတ်ကို တမြုံ့မြုံ့ဝါးနေတယ်။ ကျုပ်က နောက်တစ်ခါ သူ့ကို လှမ်းကြည့်လိုက်တော့ သူက ခေါင်းငိုက်စိုက်ကျလို့နေနေပြီလေ။ ခန္ဓာကိုယ်ကြီးကလည်း ယိမ်းထိုးခါယမ်းနေတယ်။ ပါးစပ်ကလည်း မပီမသ ဗလုံးဗထွေးရေရွတ်လို့နေတယ်။

အခန်းထဲရှိသမျှ ဖောက်သည်တွေရဲ့ အာရုံက ပါလာဘာ့ဆီမှာ စုပြုံရောက်နေကြတာမို့ တစ်ခန်းလုံး ငြိမ်သက်နေပါတယ်။ ကြာကြာတော့ မစောင့်လိုက်ကြရပါဘူး။

ပါလာဘာဟာ ထိုင်ရာကနေ ဆတ်ခနဲ ထလိုက်ပါတော့တယ်။

သူ့ခေါင်းကို နည်းနည်းစောင်းလိုက်ပြီး တစ်ခန်းလုံးကို တဖြည်းဖြည်းချင်းလှည့်ပတ်ပြီး ကြည့်ပါတော့တယ်။ သူ့ပုံသဏ္ဌာန်က ထူးထူးခြားခြားကြီး ပြောင်းလဲသွားပါတော့တယ်။

ရန်လိုနေတဲ့ ခြင်္သေ့တစ်ကောင်ရဲ့ ပုံသဏ္ဌာန်မျိုးဗျ။ မျက်လုံးတွေကလည်း သံမဏိသားလို ပြာလဲ့နေပြီး သွေးအေးအေးနဲ့ ရက်စက်တတ်တဲ့ လူတစ်ယောက်ရဲ့ မျက်လုံးမျိုးတွေ။ အေးစက်မာကျောတဲ့ အဲဒီမျက်လုံးတွေနဲ့ အခန်းကို ပတ်ကြည့်ပစ်လိုက်ရုံနဲ့ သူ့အတွက် လုံလောက်သွားပြီထင်ပါရဲ့။

ဆိုင်ထဲက လူတွေအားလုံးကတော့ ရင်တမမနဲ့ ဖြစ်လို့နေကြတယ်။ ကျုပ်အပါအဝင် ပါလာဘာဟာ နဂိုကထက်ပိုဖြူရော်နေပြီး တင်းတင်းစေ့ထားတဲ့နှုတ်ခမ်းတွေကို လျှာနဲ့လျက်လိုက်ပြီး ထိုင်ခုံပေါ်နေ လျှောကနဲဆင်းလာပြီးအခန်းအလယ်တည့်တည့်ကို လျှောက်လာပါတယ်။

သူလျှောက်လာနေပုံက ဖြည်းဖြည်းချင်းဆိုမှ တကယ့်ကို ဖြည်းဖြည်းချင်း၊ တစ်လှမ်းချင်းဆိုမှ တစ်လှမ်းချင်း . . လျှောက်နေတာ။

ထူးခြားတာက သူလမ်းလျှောက်နေရင်းနဲ့ သူ့လက်နှစ်ဖက်ကို ဘေးနှစ်ဖက်ကို ကားထုတ်ထားပြီး နောက်ဘက်တင်ပါးတွေပေါ်ကို မဆိုစလောက်လေး ရောက်နေကြတာပါပဲ။ လက်ချောင်းတွေကိုလည်း သူဖြန့်ပြီး ကားထားတယ်။

သစ်သားပါကေးခင်းထားတဲ့ ကြမ်းပြင်ပေါ်မှာ ခပ်ပြင်းပြင်းနင်းလျှောက်နေတဲ့ သူ့ရဲ့ ဖိနပ်သံက တဒေါက်ဒေါက်နဲ့။

ဒီလိုနဲ့ . . တယ်ရီကြီးရဲ့ ကောင်တာဘေးကို သူရောက်လာပြီး ဆတ်ခနဲ ရပ်လိုက်တယ်။

"ခုအချိန်ကစပြီးဘယ်အကောင်မှ လှုပ်မယ်မကြံနဲ့"

လို့ ပါလာဘာ့ကိုယ်ထဲ ဝင်ပူးနေတဲ့ဝိညာဉ်က ဟောက်လိုက်ပါတယ်။

အဲဒီအချိန်မှာ အခန်းဆောင် ခပ်လှမ်းလှမ်းက စားပွဲမှာထိုင်နေတဲ့ ပိုလန်စကားကို ကောင်းကောင်းကြီးကျွမ်းကျင်တဲ့ပုဂ္ဂိုလ်ရဲ့ ကျိတ်ရယ်လိုက်တဲ့အသံ ထွက်လာပါတယ်။

ပါလာဘာဟာ အသံကြားရတဲ့ဆီကို ကျားရိုင်းတစ်ကောင်လိုမျိုး လှည့်ခနဲ ခုန်အုပ်လိုက်ပါတယ်။

သူ့ခန္ဓာကိုယ်ကို ခပ်ကိုင်းကိုင်း အနေအထားနဲ့ ဒူးတွေက ညွတ်လို့။

တစ်ချိန်တည်းမှာပဲ မယုံနိုင်လောက်အောင် မြန်ဆန်သွက်လက်လွန်းလှတဲ့ လှုပ်ရှားမှုတွေက ဘောင်းဘီနောက်နားဆီ ဝေ့ခနဲ ရောက်သွားပါတယ်။

ဆတ်ခနဲ ပြန်ထွက်လာကြတဲ့ လက်ညှိုးနှစ်ချောင်းက စောစောက သူ့ကို လှောင်ပြောင်ရယ်မောခဲ့တဲ့ ပိုလန်စကားကျွမ်းကျင်သူကြီးရဲ့ နဖူးတည့်တည့်ကို သူ့လက်ညှိုးနဲ့ တည်တည်ငြိမ်ငြိမ်ပဲ ချိန်ရွယ်ထားလေရဲ့။

"ဘာရယ်စရာတွေ့လို့ မင်းက ရယ်ရတာလဲ"

လို့ ပိုလန်စကားပြန်ကြီးကို မေးလိုက်တဲ့ ပါလာဘာ့ရဲ့

www.burmeseclassic.com

www.burmeseclassic.com

အသံက နည်းနည်းလေး လေးတွဲ့တွဲ့ဖြစ်နေပါတယ်။

"ဒီနေရာမှာ ရယ်စရာ တစ်ခုခုကိုများ မင်းတွေ့လိုက်လို့လား။ ဒါဆိုရင်တော့ မင်းကို ငါသတိပေးလိုက်မယ်။ ဟောဒီ ငါ့လက်ထဲက သေနတ်နှစ်လက်ထဲမှာ ကျည်အပြည့်ရှိနေတယ်ဆိုတာပဲ။ ဒီအခန်းထဲက လူတွေအတွက်တော့ လုံလောက်ပါလိမ့်မယ်"

ကျုပ် တယ်ရီကြီးဘေးနားကပ်ထိုင်ရင်း တယ်ရီကြီးကို ကြည့်ပြီး သူ့ဘက်ကိုလှည့်လို့ မျက်ခုံးတွေကို ဟန်ပါပါ ပင့်ကြည့်လိုက်ပါတယ်။ တယ်ရီကြီးရဲ့ မျက်နှာက ဖြူဖတ်ဖြူရော်ကြီး ဖြစ်နေပါတယ်။ ဒါပေမယ့် သူက ကျုပ်ကို မျက်မှောင်ကြုတ်ပြလိုက်ပြီး သတိပေးတဲ့အနေနဲ့ ခေါင်းကို ခပ်ဖြည်းဖြည်း ယမ်းပြပါတယ်။ နေပါစေ၊ ပါလာဘာ့ကို ဒီအတိုင်းပဲ လွှတ်ထားလိုက်ပါဆိုတဲ့ သဘောမျိုးပေါ့ဗျာ။

ပါလာဘာရဲ့ အပြုအမူတွေက ဆိုးသထက်ဆိုးလာပါတော့တယ်။ သူ့ပင်ကိုယ်စိတ်နဲ့ ကွာသထက် ကွာလာပါတယ်။ ပါလာဘာက တယ်ရီကြီးဘက်ကို ချာခနဲလှည့်လာပြီး . .

"ကဲ . . မိတ်ဆွေကြီးရေ၊ ခင်ဗျားခါးမှာ ဝတ်ထားတဲ့ ခါးစည်းအဝတ်ကိုချွတ်ပြီး ကောင်တာပေါ်မှာ ဖြန့်ခင်းထားလိုက်ပါ"

"ဟုတ်ကဲ့ . . ကောင်းပါပြီခင်ဗျာ"

လို့ တယ်ရီကြီးက ပြောလည်းပြော၊ ကောင်တာပေါ်က ဖန်ခွက်တွေ၊ အရက်ပုလင်းတွေကို ဖယ်လိုက်ပြီး သူ့ခါးက ခါးစည်းအဝတ်ကို ချွတ်ခါလိုက်ပြီး ကောင်တာပေါ်မှာ ဖြန့်ဖြန့်ပြူးပြူး ခင်းလိုက်ပါတယ်။ အဲဒီလိုလုပ်အပြီးမှာတော့ တယ်ရီကြီးက ပါလာဘာ့ဘက်လှည့်ပြီး . .

"ဒါနဲ့ စကားမစပ် မေးရဦးမယ်။အခု ကျုပ်ဟာ ဘယ်သူ့ရဲ့ အမိန့်ကို နာခံနေရတာပါလဲ"

လို့ မေးလိုက်တော့ ပါလာဘာ့ရဲ့ ဖြူဖတ်ဖြူရော် နှုတ်ခမ်းထောင့်စွန်းကလေးနှစ်ဖက် ကွေးတက်သွားတယ်ဆိုရုံလေး ကွေးလို့ ပြုံးပြလိုက်ပြီး . .

"ကျုပ်နာမည်ရင်းက ဘွန်းနေပါ။ ဒါပေမယ့်လူတွေက ကျုပ်ကို ဘီလီသာကစ်ဒ်လို့ ခေါ်ကြတယ်ဗျ"

ပြောလိုက်တဲ့ ပါလာဘာရဲ့ စကားအဆုံးမှာ ဆိုင်ထဲက လူတွေရဲ့ သက်ပြင်းချလိုက်သံသဲ့သဲ့တွေကို ကျုပ်ကြားလိုက်ရပါတယ်။ ပါလာဘာက တယ်ရီရဲ့ နဖူးကို သူ့လက်ညှိုးနဲ့ ချိန်လိုက်ပြီး . . .

"ကောင်းပြီ၊ ခင်ဗျား ဒီနေ့ည ရောင်းလို့ရသမျှ ပိုက်ဆံတွေအကုန်လုံး အဲဒီခါးစည်းအဝတ်ပေါ် တင်လိုက်ပါ"

လို့ ပြောတော့ အခန်းထဲက သက်ပြင်းချသံတွေက ပိုပြီး ကျယ်လာတာကိုကြားလိုက်ရပါတယ်။ အဲဒါကို တယ်ရီကြီးက အသံပြတ်ကြီးနဲ့ . .

"အားလုံးတိတ်တိတ်နေကြပါဗျာ။ ခင်ဗျားတို့ ဟောဒီက မစ္စတာဘွန်းနေပြောတဲ့ အတိုင်း အတိအကျလိုက်နာကြစမ်းပါ။ သူ့ကိုဘယ်သူမှ လက်ဖျားနဲ့မတို့ကြပါနဲ့။ ဘာမှလည်း အနှောင့်အယှက်မပေးကြပါနဲ့။ ခင်ဗျားတို့ သိချင်တာတွေ မကြာခင် အဖြေမှန်ကို နားလည်သဘောပေါက်လာပါလိမ့်မယ်"

လို့ ဟန့်တားလိုက်ပါတယ်။ ပြီးတာနဲ့ ကောင်တာက အံဆွဲကိုဆွဲဖွင့်ပြီး တယ်ရီကြီးက အထဲက ငွေစက္ကူတွေနဲ့ အကြွေတွေကို ကောင်တာပေါ် တင်လိုက်ပါတယ်။

"မဆိုးဘူး . . ခင်ဗျား အသိဉာဏ်ရှိသားပဲဗျ"

လို့ ဘွန်းနေမိညာဉ်ဝင်ပူ နေတဲ့ ပါလာဘာက ပြောလိုက် ပြီး အခန်းပတ်ပတ်လည်ကို သူ့ လက်ညှိုးနှစ်ချောင်းနဲ့ လှည့် ပတ်ချိန်ရွယ်လိုက်ပါတယ်။

"ကိုင်း . . ခင်ဗျားတို့ အထဲက တစ်ယောက်စီ ရှေ့ ထွက်လာပြီး ဟောဒီခါးစည်း အဝတ်ပေါ်ကို ပိုက်ဆံအိတ် တွေလာတင်ကြစမ်း"

အဲဒီအချိန်မှာပဲ အလ တကြားအော်လိုက်တဲ့ အသံ တစ်ခု လူအုပ်ထဲက ထွက်ပေါ် လာပါတယ်။ ပြီးတော့ တော တော်ကလေး ကြာသွားတဲ့ အထိ ငြိမ်သက်လို့ သွားပြန်ပါ တယ်။ ဒါပေမယ့် တိုးတိုး တိုး တိုးနဲ့ လေသံကလေးတွေ စကားပြောသံတွေကတော့ ထွက်ပေါ်လို့ နေပါတယ်။

တယ်ရီကြီးက စိတ် မရှည်တော့တဲ့ အသံကြီးနဲ့ မာမာပဲ . .

"ကိုင်း . . ကိုင်း . . ခင်ဗျားတို့ အကုန်လုံး ကျု ပြောတဲ့အတိုင်းလုပ်ကြစ ဗျာ။ ဒီပုဂ္ဂိုလ်ကို မနှောင့်ယှ ချင်ကြပါနဲ့။ အခု သူပြော အတိုင်းသာ လုပ်ပေးလိုက် ပါ။ ဘယ်သူမှ ဘာပစ္စည်း မဆုံးစေရပါဘူး"

လို့ပြောလိုက်တော့

www.burmeseclassic.com

www.burmeseclassic.com

လူတွေအကုန်လုံး တယ်ရီကြီး စကားအတိုင်း လိုက်နာခဲ့ကြပါတော့တယ်။

ငါးမိနစ်တောင် မကြာလိုက်ပါဘူး။

ကျုပ်ဘေးကလူကတော့ သူ့ပိုက်ဆံအိတ်ကို ခါးစည်းအဝတ်ပေါ်မှာ သွားတင်ရင်း-

"တော်ပါသေးရဲ့ မောင်မင်းကြီးသား ဘွန်းနေရဲ့ လက်ညှိုးက မောင်းမတင်ထားလို့"

လို့ ပြောင်ချော်ချော်နဲ့ ပြောလိုက်ပါတယ်။

မြင်ကွင်းကတော့ စိတ်လှုပ်ရှားစရာအကောင်းသားဗျ။

အားလုံးပြီးတာနဲ့ ဘွန်းနေဆိုတဲ့ ပုဂ္ဂိုလ်က အဲလေ . . ပါလာဘာက ခါးစည်းအဝတ်ရဲ့ ထောင့်တွေကို စုစည်းချည်လိုက်ပြီး ဘားကောင်တာကနေ နောက်ကို တဖြည်းဖြည်းဆုတ်သွားပါတယ်။

သူ့လက်ညှိုးကတော့ ဟိုဘက်လှည့်ချိန်လိုက်၊ ဒီဘက်လှည့်ချိန်လိုက်နဲ့ပေါ့။ သူ့ဘယ်ဘက်လက်ထဲမှာ စုချည်းထားတဲ့ ခါးစည်းအဝတ်ထုပ်။

အဲဒီနောက် ဆင်နားရွက်တံခါးနှစ်ချပ်ကို ဖြန်းခနဲနေအောင် ဆွဲဖွင့်ပြီး အခန်းထဲက လူတွေအကုန်တစ်မိနစ်လောက် ငြိမ်နေကြတယ်။

အဲဒီအချိန်မှာ တယ်ရီကြီးရဲ့ . . .

"ခဏနေရင် သူပြန်လာပါလိမ့်မယ်"

ဆိုတဲ့ အသံကြီး ထွက်ပေါ်လာပါတယ်။

ဒါနဲ့ တယ်ရီကြီးပြောတဲ့ "ခဏနေရင်"ကို ကျုပ်တို့ ထိုင်စောင့်နေလိုက်ကြပါတယ်။ ရောက်တတ်ရာရာစကားတွေ ကောင်းနေလိုက်ကြတာ ဘာလိုလိုနဲ့ ဆယ့်နှစ်နာရီတောင် ထိုးတော့မှာပါလား။ နောက်ဆုံးမှာ ပါလာဘာ ပြန်လာ၊ မလာငြင်းကြ၊ ခုန်ကြနဲ့ အသံတွေ ပွက်လောညံအောင်ထွက်ပေါ်လာပါတော့တယ်။

တယ်ရီကြီးကတော့ ပုလိပ်ကိုအကြောင်းကြားဖို့ အပြင်းအထန်ကိုပဲ ငြင်းဆန်လို့နေပါတယ်။

"ကျုပ်မိတ်ဆွေကြီး ပါလာဘာ ဒုက္ခရောက်မယ့်အလုပ်ဆို ကျုပ်လာမှမလုပ်ဘူး"

တဲ့။

❋

နောက်တစ်နေ့ . . ။

တနင်္ဂနွေနေ့ နေ့လယ်ဆိုင်ဖွင့်ချိန်မှာ ကျုပ်တို့တတွေ အက်ဝမ်းဘားကို ရောက်ခဲ့ကြတယ်။ အဲဒီမှာ အမှန်တရားက ကျုပ်တို့ကို စောင့်ကြိုနေလေရဲ့။

တယ်ရီကြီးဟာ မနက်မိုးလင်းလို့ ဆိုင်တံခါးကိုလည်း ဖွင့်လိုက်ရော သပ်သပ်ရပ်ရပ်ထုပ်ပိုးထားတဲ့ အထုပ်တစ်ထုပ်ကို တံခါးကြားကနေ ထိုးသွင်းထားတာတွေ့လိုက်ရပါတယ်။ အထဲမှာတော့ ကျုပ်တို့ရဲ့ ပိုက်ဆံအိတ်တွေ၊ စာရွက်စာတမ်းတွေ၊ ကားလိုင်စင်တွေ၊ ပတ်စ်ပို့တွေ။

ဒါဆိုရင် ပိုက်ဆံတွေကရော . . .

မပါလာပါဘူး။

ပါသွားတဲ့ ငွေအရေအတွက်သိချင်လို့ တစ်ယောက်ချင်းရဲ့ငွေတွေကို မေးကြည့်လိုက်တော့ . . .

ဟား . . မနည်းမနောပါလားပဲလား။ ပိုက်ဆံချည်းပဲ ဒေါ်လာ တစ်သောင်းကျော်တယ်ဗျို့။

ဒါပေမယ့် . . အံ့ဩစရာကောင်းတာကတော့ ကျုပ်တို့တစ်တွေထဲကဘယ်သူမှ ခံပြင်းဒေါသထွက်တာတွေမရှိကြတာပါပဲ။

အင်းလေ . . ကျုပ်တို့တစ်တွေဟာ တခြားဘယ်သူမှ မကြုံတွေ့ဖူးသေးတဲ့ အံ့မခန်းအဆန်းတကြယ် ဖျော်ဖြေမှုတစ်ခုနဲ့ တွေ့ကြုံလိုက်ကြရတာပဲ မဟုတ်လားဗျာ။

ဘယ်လိုပဲပြောပြောပေါ့နော်။

ကျုပ် အတွက်တော့ ဝိညာဉ်ပူးတယ်ဆိုတာ ဘယ်လိုဟာလဲဆိုတဲ့ အဖြေမှန်ကိုရရှိလိုက်ပါတယ်။ ဒါမျိုးဆိုတာက တကယ်ရှိရင်လည်း ရှိမှာပေါ့။ ဒါက ကျုပ်တို့လို လူသာမန်တွေ ဉာဏ်မမှီနိုင်တဲ့ ကိစ္စလေ။ ထားလိုက်ပါတော့။

အစစ်တစ်ခုဆိုတာ ရှိကောင်းမှာဖြစ်ပေမယ့်လည်း အတုတွေကတော့ ရာ၊ ထောင်၊ သောင်း၊ သိန်း . . ။

အဲဒီအထဲမှာ အဂ္ဂါနယူး ပါလာဘာရဲ့ အတုကတော့ လက်ဖျားခါလောက်အောင်ကိုပဲ ပိရိသေသပ်လှတဲ့ အတုပဲဖြစ်ပါတော့တယ်ခင်ဗျာ။ ။

ထုံပါးလုံ

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းစိုးမိုး

(နိုင်ငံခြားဘာသာသိပ္ပံ)

ဖြောင့်မတ်တဲ့ . . . ဖေဖေ

A Righteous Father by Claudia Cornwall.

အလွန်အံ့ဩ ထူးခြားဖွယ်ကောင်းလှသည့် 'ဖန်ရှန်ဟို' ၏ စွမ်းရည်သတ္တိများက
'ဆယ်စုနှစ်ခြောက်စု' နီးပါးခန့် လျှို့ဝှက်စွာ၊ ကြွင်းကျန်နေရစ်ခဲ့၏
ထို့နောက် . . . လူသားနှစ်ဦးက အမှန်တရားကို ဖော်ထုတ်ရန် အပြင်းအထန်
ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

*** * ** ***

(တစ်)

"မန်လီဟို" သည် တောင်ကုန်းကလေးတစ်ခုပေါ်မှ ဆီး၍ ကြည့်လျှင်မြင်နေရသည့် " ဂျေရုဆလင်မြို့ " အနောက်ပိုင်းမှ"ယဒ်ဗက်ရှမ်" ရပ်ကွက်ဆီသို့ ဦးတည်လျှောက်လာနေခိုက် မိုးက သဲကြီးမဲကြီးရွာတော့မည့်ဟန် ငြိမ်းခြောက်လာနေသည်။

သူမ၏ အောက်တွင် သစ်ပင်တွေ ဖုံးလွှမ်းနေသည့် သစ်တောအုပ်လေးက "ဂျာမာန်နာဇီ" တွေလက်ထဲမှ "ဂျူး" များကို ကယ်တင်ခဲ့ကြသော ယောက်ျားများနှင့် မိန်းမများ၏ အသက်ဇီဇိန်များကို အမှတ်ရနေစေရန် ဒုံ့ဆိုင်းညို့မှိုင်းနေသည်။

"ရိုဝယ် ဝေါလင်ဘာတ်" နှင့် "အော်စကာ ရှင်းဒလား"တို့၏ နာမည်များကို ဂုဏ်ပြုအပ်သည့် သူရဲကောင်းများအဖြစ် ကျေးပြားပေါ်တွင် စာလုံးထွင်း၍ ကမ္ပည်းတင်ထားကြသည်။ သူမ၏ ဖခင်သည်လည်း မကြာမီ၌အောင်မြင်ကျော်ကြားသူများအနက် တစ်ဦးအပါအဝင်ဖြစ်လာလိမ့်မည်ဟု သူမယုံကြည်သည်။

"ယဒ်ဗက်ရှမ်" ရှိအောင့်မေ့ဖွယ်ခန်းမကြီးထဲ၌ လူတွေပြည့်လျှံနေသည်။ ရှေ့ဆုံးတန်းရှိ အုပ်စုအဖွဲ့ထဲမှ "မန်လီ" လည်း ရောက်ရှိနေခဲ့သည်။ သွယ်သွယ်လှလှ နှင့်ချစ်စရာကောင်းသော အမျိုးသမီးက သူမ၏ ကိုယ်ကျပ်အင်္ကျီအောက်၌ အနက်ရောင်ပိုးဂါဝန်ကို ဝတ်ဆင်ထားကာ ခန်းမထဲမှ မျက်နှာပင်လယ်ပြင်ကြီးဆီ လှမ်းမျှော်ကြည့်လိုက်သည်။ ရာထူးအဆင့်အတန်းကြီးမားသည့် ဂုဏ်သရေရှိ လူကြီးလူကောင်းအထက်တန်းလွှာမှ ပုဂ္ဂိုလ်များကြားတွင်

www.burmeseclassic.com

www.burmeseclassic.com

တရုတ်နိုင်ငံမှသံအမတ်ကြီး "ပန်ဇံလင်း" အပြင် "ဩစတေလျ မှ သံအမတ်ကြီး "ဝူလ်ဖ်ဝင်းပေါ်" နှင့် အစ္စရေးလ် အငြိမ်း စား တရားရေးဝန်ကြီး "ယာ့းကော့ဗ် မားဇ်"တို့လည်း တက်ရောက်လာကြ သည်။

တရားရေးဝန်ကြီးမားဇ်က "ဖန်ရှန်ဟို" အား အမျိုးသားအက်ဆိုင်ရာ "ဖြောင့်မတ်ခြင်းဘွဲ့ဘူးကို ရွေးချယ်ပေးအပ်ခြင်းဖြစ်ကြောင်း ကြေညာခဲ့သည်။ ထို့နောက်...မန်လီနှင့်သူမ၏အစ်ကို "မွန်တို"ကိုလည်း ဆုတံဆိပ်တစ်ခု ချီးမြှင့်ခဲ့သည်။ ထိုတံဆိပ်၏တစ်ဖက်တွင် သူမ ဖခင်၏ အမည်ကိုရေးထိုးထားပြီး အခြားတစ်ဖက်တွင် "ဂျူးစကားပုံ" တစ်ခုကို ရေးထားသည်။

"မည်သူမဆို လူတစ်ဦး၏အသက်ကို ကယ်ဆယ်ခဲ့လျှင်..."

"ထိုသူသည်... တစ်ကမ္ဘာလုံးကို ကယ်ဆယ်ခဲ့သည်နှင့် တူသည်"

မန်လီက သူမ၏ဖခင် သိပ်ထိတ်လန့်အံ့ဩသွားလိမ့်မည်ဟု ကြွရောက်လာသည့် ပရိသတ်များကို ပြောပါသည်။ သူက သူဆောင်ရွက်ခဲ့သည့် အရာတွေအတွက် မည်သည့်အခါမှ ချီးမြှောက်ခြင်းခံရဖို့ မမျှော်လင့်ခဲ့ပါဟု သူမကဆိုသည်။ ပြီးနောက် မန်လီက "ရိုတ်စပီးယား" ၏ စကားအချို့နှင့် ကိုးကားပြခဲ့သည်။

"လူတွေဟာ...သူတို့သေဆုံးသွားပြီးနောက် အသက်ရှင်နေကြတဲ့ မကောင်းဆိုးဝါးတွေဖြစ်ကယ်။ သူတို့ရဲ့ ကောင်းမှုတွေကတော့၊ သူတို့ရဲ့ အရိုးတွေနဲ့အတူ ရှင်ကျန်နေရစ်ခဲ့ကြတယ်"

ပြီးနောက်တွင် ထိုတစ်ချိန်တည်းမှာပင် ဖြစ်ပျက်ခဲ့သည့် ထင်ရှားသော အဖြစ်အပျက်များမှ တစ်ပါး၊ ရိုးသားဖြောင့်မတ်သည့် "ဖန်ရှန်ဟို"သည် သူ့ဘဝသမိုင်းကိုလည်း၊ ပျောက်ဆုံးခံခဲ့ရသည်ထိ သူဆောင်ရွက်ခဲ့သည်။

*** *** ***

"ဒီအချိန်ဟာ ငါ့အတွက် ငါသွားရတော့မယ့်အချိန်ပါပဲ"

၁၉၉၇ ခုနှစ်၊ ဇွန်လ၏ နေ့တစ်နေ့မှာ ဖန်ရှန်ဟိုက ထိုသို့ပြောခဲ့သည်။ မန်လီ၏ မျက်လုံးတွေထဲက မျက်ရည် တွေပြည့်လျှံနေသည်။

သူမ၏ ဖခင်သည် အမြဲတမ်း ကျန်းမာသန်စွမ်းနေခဲ့သည်။ သူ့အသက် ရှစ်ဆယ်ပတ်ဝန်းကျင်ထဲ၌ပင်လျှင် သူသည် ခရီးဝေးများသို့ လမ်းလျှောက်သွားနေခဲ့သည်။ သူသည် ပင်လယ်ကမ်းခြေသဲသောင်ခုံများကိုပင် ပင်ပင်ပန်းပန်း ခဲခဲယဉ်းယဉ်းဖြတ်သန်းလျှောက်သွားလာနေခဲ့လေသည်။ သူသည် ပစိဖိတ်ကမ်းခြေရှိ ရောမလှိုင်းလုံးကြီးတွေနှင့် နာမည်ကျော် ရှုခင်းများထဲမှ တစ်ခုဖြစ်သော ... "ဆန်ဖရန်စစ္စကို" သမုဒ္ဒရာကမ်းခြေများအထိ လျှောက်သွားနေခဲ့သည်။ သို့သော် ယခု..သူ၊ အသက်(၉၆) နှစ်အရွယ်ရောက်ရှိခဲ့ပြီး၊ သူ့အိပ်ရာထဲမှာလဲနေပြီ။ ဖန်ရှန်ဟို သူသေတော့မည်။ သည့်နောက်... သုံးလအကြာ စက်တင်ဘာလ (၂၈) ရက်နေ့တွင် ဖန်ရှန်ဟို ငြိမ်းချမ်းစွာ သူ၏ အိပ်ရာပေါ်မှာ အနိစ္စရောက်ခဲ့သည်။

မန်လီ။ တစ်ချိန်ကတော့ သူမသည်သတင်းစာတစ်စောင်မှ "သတင်းထောက်တစ်ဦး" ဖြစ်ခဲ့သည်။ သူမ၏ ဖခင်၏ စားပွဲမှာ သူမထိုင်ချလိုက်သည်။ စားပွဲပတ်ပတ်လည်မှာ သူ၏ စာအုပ်တွေက ဝိုင်းရံနေပါသည်။ ထို့နောက် သူကွယ်လွန်အနိစ္စရောက်ခြင်း အကြောင်းကို အပြီးသတ်ရေးချလိုက်သည်။

သူကို "ဟူနန်"ဒေသတွင် ၁၉၀၁ ခုနှစ်၌ မွေးဖွားခဲ့သည်။ ထိုစဉ်က တရုတ်နိုင်ငံကို "ချင်" မင်းဆက်အုပ်စိုးနေချိန်ဖြစ်သည်။ "ဟို"ခုနှစ် နှစ်သားအရွယ်တွင် သူ၏ဖခင်သေဆုံးခဲ့သည်။ သူ...မိသားစုကို ခွဲခွာဖို့ဖန်တီးလာခဲ့၏။ သို့သော် "နော်ဝေဂင် လူသာရင်သာသနာ" အသင်းတော်မှ ထိုလူငယ်ကို ကျွေးမွေးတင်ရမည်။ သူ့နာမည်က "တောင်တန်းပေါ်မှ ဖိုးနစ်ငှက်" ဟု အဓိပ္ပါယ်ရသည်။

တရုတ်ပြည် "ယာလီကောလိပ်" မှာ "ဟို"နေရာတစ်နေရာ တစ်နေရာ တက်ရောက်ခွင့်ရမည်။ ၁၉၂၆ ခုနှစ်တွင် သူ (ဘီအေ) ဘွဲ့ဆွတ်ခူးရရှိခဲ့ပြီးနောက်တစ်ဖန် "ဂျာမနီနိုင်ငံ၊ မြူးနစ်

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်"မှ နိုင်ငံရေးဆိုင်ရာ စီးပွားရေး၊ ပီအိပ်ချ်ဒီ(ဒေါက်တာဘွဲ့)တက်ရောက်သင်ယူခွင့်ရခဲ့သည်။ ထို့နောက် ၁၉၃၅ ခုနှစ်မှာ သူ သံတမန်ဝန်ထမ်းတစ်ဦးအဖြစ် စတင်ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ အနှစ် ၄၀ နီးပါးခန့် သူရေရှည်တာဝန်ထမ်းဆောင်ခဲ့သည်။ ပထမတွင် သူ တရုတ်နိုင်ငံအတွက် တာဝန်ထမ်းရွက်ခဲ့ပြီးနောက် "ထိုင်ဝမ်" အတွက် ထမ်းဆောင်ခဲ့သည်။

မန်လီကလည်း သူ၏မြောက်များလှသည့် သံတမန်ရေးရာလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့၏။ အထူးသဖြင့်...အီဂျစ်၊ မက္ကဆီကို၊ ဘိုလီးဗီးယားနှင့် ကိုလံဘီယာ နိုင်ငံများကိစ္စတို့၌ သူမ ပါဝင်ဆောင်ရွက်ခဲ့သည်။ ထို့အပြင် "ဆန်ဖရန်စစ္စကို"ရှိ တရုတ်လူသာရင်ဘုရားကျောင်း တည်ဆောက်ရေးတွင်လည်း သူမည်သို့ ကူညီဆောင်ရွက်ခဲ့သည်တို့ကို ထုတ်ဖော်ပြောခဲ့သည်။

ထို့နောက် သူမက မကြာမြင့်မီအတိတ်ကာလတစ်ခုက အဖြစ်အပျက်တစ်ခုကိုလည်း ပြန်သတိရ လိုက်မိသည်။ သူမ၏ ဖခင် ဒုတိယကမ္ဘာစစ်ကြီး မတိုင်ခင်က "ဗီယင်နာ" တွင် ရှိနေခဲ့ပြီး ဂျူးအမြောက်အများ ညှဉ်းဆဲသတ်ဖြတ် ခံရမှုများကို သက်သေခံခဲ့သည်။

တစ်နေ့တွင် သူကပြောသည်။ နာဇီတွေ သူ့ကို ရက်စက်ညှဉ်းပမ်းမှာ သူကြောက် သည့်ဟုဆိုသည်။ သူက သူ့ သူငယ်ချင်း၊ ဂျူးမိတ်ဆွေများ၏ အသက်ကို ကယ်ဆယ်ခဲ့ရပြီး သူတို့ကို ပြည်ဝင်ဗီဇာများ ပြုလုပ်ပေးခဲ့သည်။ ထို့ကြောင့် သူတို့ ထိုနိုင်ငံထဲမှ ထွက်ခွာသွားနိုင်ခဲ့ကြသည်။

မန်လီသည် အသေးစိတ်နေရာအတိုင်းအတာအကျယ်အဝန်း အတိအကျမရှိခဲ့သော်လည်း "ဂက်စတာပို"များနှင့်တွေ့ဆုံ စည်းဝေးခဲ့သည်။ အဖွဲ့အစည်းနေရာများကို ထုတ်ဖော်ပြောပြနိုင်ခဲ့သည်။

ထို့နောက် သူမက "ဆန်ဖရန်စစ္စကို ခရော်နီကယ်" သတင်းစာတိုက်နှင့် "ဘော်စတွန်ဂလုပ်" သတင်းစာတိုက်များသို့ လျှို့ဝှက်မှတ်တမ်းသတင်းများပေးပို့ခဲ့သည်။ ထိုသတင်းစာတိုက်များသည် သူမ...တစ်ချိန်က အလုပ်လုပ်ခဲ့သည့်နေရာများဖြစ်သည်။

ယခု ဤအတွေ့အကြုံ အဖြစ်အပျက်များက အံ့ဩစရာများပြန်ဖြစ်လာခဲ့သည်။ သတင်းစာများက "စက္ကရာမင်းတိုတီး" အပါအဝင်အကြောင်းအရာအဖြစ်အပျက်များကို နိုင်ငံအနှံ့ဖြန့်ဝေခဲ့သည်။ ထိုအထဲတွင် "အဲရစ်ဆိုးလ်"၏ အမြင်များကို မြင်တွေ့လာရသည်။

ဆိုးလ် ၄၇ ခုနှစ်သည် "ဆန်ဖရန်စစ္စကို"တွင် ဓါတ်ပုံဘောင်လုပ်ငန်းဆိုင်တစ်ဆိုင်၏ ပိုင်ရှင်ဖြစ်သည်။

သို့သော် သူသည် ပြတိုက်မြောက်များစွာတို့၌ အလုပ်လုပ်ခဲ့သည့် "သမိုင်းပညာရှင်" တစ်ဦးလည်းဖြစ်၏။ ထိုနေရာ၌ သူသည် "ရှမန်သံတမန်" တစ်ဦးဖြစ်သည့် "နိုယွန်ဆူဂီဟာရ"၏ သမိုင်းမှတ်တမ်းကို တွေ့ရှိလာခဲ့ရသည်။ ဆူဂီဟာရသည် ၁၉၄၀ ခုနှစ်တွင် "ပိုလန်ဂျူး"ထောင်ပေါင်းများစွာကို ကယ်တင်ခဲ့သူဖြစ်သည်။

လူသားတစ်ဦး၏ သူရဲကောင်း ဝီရိယစိတ်ကူးယဉ်မှုဖြင့် ဆိုးလ်သည် သူ့ဘဝ၏ လုံခြုံမှုကိုသုတေသနလုပ်ငန်းထဲ၌ နှစ်မြှုပ်ထားခဲ့သည်။

ယင်း အဖြစ်အပျက်များတွင် ဒုတိယကမ္ဘာစစ်ကြီးအတွင်းမှ ဂျူးလူမျိုးများကို အကူအညီပေးခဲ့ကြ သည့် အခြားအခြားသော သံတမန်များ၏ သမိုင်းဖြစ်စဉ်များ ရင်ဖွင့်ချက်များ စာရွက်စာတမ်းများ၊ အများအပြားပါဝင်ကြသည်။ သို့သော်...ဖန်ရှန်ဟို၏ အကြောင်းကိုတော့ သူတစ်ခါမျှ မကြားသိခဲ့ရချေ။

ဆိုးလ်က မြို့ပြမြေပုံဗျာနမှ လက်ထောက်အရာရှိကို ဖုန်းဆက်ပြီး "ရစ်ချ်မွန်ခရိုင်"အတွင်းမှ ကီလိုမီတာ အနည်းငယ်ခန့်သာကွာဝေးသည့် ရေိယာထဲမှ "ဖန်ရှန်ဟို"၏ သတင်းကို စုံစမ်းကြည့်လိုက်သည်။ သူတုန်လှုပ်ထိတ်လန့်သွားသည်။ ထိုလူသည် အရင်က ဤလမ်းထဲတွင် နေခဲ့သူဖြစ်သည်ကို သူပြန်အမှတ်ရလိုက်မိသည်။ သူထိုဖုန်းနံပါတ်ကို ပြန်ခေါ်ကြည့်လိုက်သည်။ မန်လီဟိုက သူ့ကို ပြန်ဖြေကြားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

တစ်ပတ်ခန့်ကြာလျှင် သူတို့သည် ဂျူးလူမျိုးတစ်ဦး ပိုင်ဆိုင်သည့် နာမည်ကြီး "ဒေးဗစ်"၏ စားသောက်ဆိုင်တွင် တွေ့ဆုံခဲ့ကြသည်။ စားသောက်ဆိုင်တစ်ခုလုံးက ဆူညံနေသည်။ ဂျူးစားပွဲထိုးမလေးများ၏ စကားပြောသံ၊ ရယ်မောသံ၊ အစားအသောက် ပန်းကန်တွေကို သယ်ယူနေကြသံ။ ဂီတသံစဉ်မျိုးစုံတွေက လွင့်ပျံ့နေသည်။ ဆိုးလ်က မန်လီကို သူမ၏ အဖေကူညီခဲ့သည့် လူတွေအကြောင်းကို သူမ မည်မျှထိ သိရှိခဲ့သနည်းဆိုသည်ကို နိုက်နိုက်ချွတ်ချွတ်မေးသည်။

သို့သော် သူမက ဘာမှ သိပ်ထပ် မပြောနိုင်ခဲ့ပါ။ ဂက်စတာပို အကြောင်း တစ်ခုတည်းကိုသာ ပြန်ပြောပြနိုင်ခဲ့သည်။

ယင်းအဖြစ်အပျက်က ၁၉၃၈ ခု၊ နိုဝင်ဘာလ ၁၀ ရက်နေ့တွင် "ခရစ္စတောနတ်"အကြား ဖြစ်ပျက်ခဲ့ခြင်းဖြစ်သည်။ အလွန်ကောက်ကျစ် ဆိုးဝါးယုတ်မာသည့် "ကျိုးပျက်ကြေမွသော မှန်စများ၏ည" ဖြစ်ခဲ့ရသည်။ ထိုအချိန်က "ဂျာမနီနှင့် ဩစတေလျ"နိုင်ငံတို့တွင် ဂျူးဘာသာရေး ဝတ်ပြုကိုးကွယ်သည့် မီးထွန်းပွဲတော်ကျင်းပနေသည့် အချိန်ဖြစ်သည်။ ထိုညတွင် ဂျူးလူမျိုးများ၏ ဆိုင်များမှ မှန်ပြတင်းပေါက်တွေ ကြေမွစွာရိုက်ခွဲခံခဲ့ကြရသည်။ ပြီးနောက် ဂျူးလူမျိုးထောင်ပေါင်းများစွာ မတရား နှိပ်စက်ဖမ်းဆီးခံခဲ့ကြရသည်။

"ဟို"သည်"ဗီယင်နာ"တွင် တရုတ်ပြည်၏ အထွေထွေ ကောင်စစ်ဝန် ဖြစ်ခဲ့သည်။ သူက လုယက်တိုက်ခိုက်ဖျက်ဆီးခြင်းခံခဲ့ရသော၊ "ရိုဇင်ဘာတ်"၏ မိသားစုအကြောင်းများကို စုံစမ်းစစ်ဆေးနေခဲ့သည့် အချိန်ဖြစ်သည်။

ထို့နောက် သူနှင့် ထိုရိုဇင်ဘာတ်ဂျူးမိသားစုသည် မိတ်ဆွေသူငယ်ချင်းများ ဖြစ်သွားကြသည်။

မစ္စတာရိုဇင်ဘာတ်ကို စစ်ဆေးမေးမြန်းရန် အတင်းအကြပ်ဆွဲခေါ်သွားကြသည်။

ထိုစဉ်က"ဟို"သည် မစ္စစ်ရိုဇင်ဘာတ်နှင့်အတူရှိနေခဲ့သည်။ လူနှစ်ယောက်က ကုတ်အင်္ကျီအစင်းများ ဝတ်ဆင်ထားကြပြီး၊ ဒေါသနှင့် သူတို့ ဤအိမ်ကို ရှာဖွေကြရလိမ့်မည် ဟု အော်ဟစ် ပြောဆိုခဲ့ကြသည်။

မန်လီက သူမကို သူမ၏ ဖခင်က ပြောပြခဲ့သည့်အတိုင်း ထိုလူများကို သူမည်ကဲ့သို့ ပညာပြခဲ့သည်ကို ပြန်သတိရမှတ်မိနေသည်။ သူက သူ၏ မျက်လုံးတွေပေါ်ကို တကာယ်မရှိသည့် ဦးထုပ်တစ်လုံးကို ဆွဲချပြီး ဖုံးအုပ်လိုက်ဟန်ပြုကာ မျက်နှာကို အောက်သိုးသိုး လုပ်ပစ်လိုက်၏။

ပြီးနောက် သူ၏ ကုတ်အင်္ကျီအိတ်ထဲ၌ သေနတ် တစ်လက်ရှိနေဟန်· · ·ဟန်ဆောင်ကာ လူဆိုးတစ်ယောက်ကို သူက သေနတ်နှင့်ချိန်ပြီး ပြောလိုက်သည် ပြီးနောက် သူက "သူဘယ်သူလဲဆိုတာ သိလား" ဟုမေးလိုက်သည်။

ခဏအကြာတွင် "ဟို"ကထပ်ပြီး တုံ့ပြန်လိုက်၏။

"မင်း ဘယ်သူလဲ"

ဤတွင် ဂက်စတာပိုအဖွဲ့ဝင်တစ်ဦးက မစ္စစ်ရိုဇင်ဘာတ်ကို သူမ၏ဧည့်သည် မည်သူမည်ဝါဖြစ်သည်ကို ပြောရန် အမိန့်ပေးလိုက်၏။

"တရုတ်နိုင်ငံရဲ့ · · · အထွေထွေကောင်စစ်ဝန်"

သူမက ပြန်ပြောလိုက်သည်။

"ဘုရားသခင် · · ·သေပါတော့။ ခင်ဗျား· · ·ဘာဖြစ်လို့ ကျွန်တော်တို့ကို စောစောက မပြောတာလဲ"

အဖွဲ့ဝင်တစ်ယောက်က ခပ်ညည်းညည်းအော်ပြောလိုက်ပြီးနောက် သူတို့ ပြန်လွှတ်ပေးလိုက်ကြသည်။ မန်လီက သူမ၏ ဖခင် ရိုဇင်ဘာတ်တို့ကို တရုတ်နိုင်ငံအတွက် ပြည်ဝင်ဗီဇာလုပ်ပေးခဲ့သည်ဟု ထပ်ရှင်းပြခဲ့သည်။ ထိုဗီဇာက ဩစတေးလျနိုင်ငံမှ ထွက်ခွာသွားရန် သူတို့အသုံးပြုခဲ့ကြသည်။

"ဘာကြောင့်သူဒီလိုလုပ်ခဲ့တာလဲ" ဆိုးလ်ကမေးသည်။

"ရှင် · · ·ကျွန်မအဖေရဲ့ စိတ်ကို သိရင်၊ ဒီမေးခွန်းကို ရှင်မေးမှာမဟုတ်ဘူး။ ဂျူးလူမျိုးတွေ ဘယ်လို အနှိပ်စက်ခံနေရတယ်ဆိုတာကို သူတွေ့မြင်သိရှိရပြီးတဲ့နောက်မှာ လူသားတိုင်းကြင်နာသနားတတ်တဲ့ ကရုဏာနဲ့ ခံစားချက်

www.burmeseclassic.com

www.burmeseclassic.com

မျိုး၊ သဘာဝအတိုင်း သူလည်းခံစားခဲ့ရတာပဲ။ ပြီးနောက်တော့ ကူညီချင်တဲ့ ဆန္ဒတွေ သူ့ရင်ထဲမှာ ဖြစ်ပေါ်လာရတယ်" မန်လီက ပြန်ရှင်းပြသည်။

ဆိုးလ်က ပြုံးလိုက်လေသည်။

ထိုအကူအညီများက "ရိုင်ဘတ်" မိသားစုများအတွက် မကုန်ဆုံး။ မခန်းခြောက်နိုင်အောင်ရှိခဲ့မည်ဟု သူ့စိတ်ထဲက ယုံမှားသံသယမရှိ ယုံကြည်လိုက်သည်။

နောက်တစ်လခန့်ကြာလျှင် . . .

ဆိုးလ်က "ဝါရှင်တန်ဒီစီ"ရှိ အမေရိကန်ပြည်ထောင်စု "ဟိုလိုကော့စ် အောင့်မေ့ဖွယ်ပြတိုက်" မှ ပြတိုက်မှူး "ဂျန်ယာမင်္ဂကွန်"ကို စကားပြောခဲ့သည်။ သူမသည် "တရုတ်နိုင်ငံဗီဇာ" သက်ဝယ်ရှိသည့် ဗီယင်နာမှ မိသားစုတစ်စုစုကို သိရှိခဲ့ဖူးသလား၊ မတ်ကွန်ဘာမှပြန်မမှတ်မိတော့။

သို့သော် သူမ၏ စာရွက်စာတမ်းနှင့် မှတ်တမ်းများကို ပြန်ရှာကြည့်ပေးမည်ဟု ကတိပေး၏။

ထို့နောက် မကြာမီ သူမက ဆိုးလ်ကို ပြန်ဆက်သွယ်လာသည်။ သူမက သူမ၏ မှတ်တမ်းများထဲ၌ တစ်စုံတစ်ယောက်ကိုရှာတွေ့ခဲ့သည်။ "အဲရစ်ဂိုးလ်တတ်" ဆိုသူတစ်ဦးဖြစ်သည်။ သူက အသက်"ခုနစ်ဆယ်"ထဲ တစ်ဝက်စွန်းနေပြီ။ ကနေဒါနိုင်ငံ၊ "အိုရွန်တိုမြို့"အနီးတွင် နေထိုင်သည်။ သူမဆီမှာ အောင် ဖုန်းနံပါတ်တစ်ခုရှိသေးသည်။

ဆိုးလ် . . . စိတ်တွေလှုပ်ရှားနေသည်။ သူတို့သတင်းတွေနှင့်အတူ မန်လီထံဖုန်းဆက်လိုက်သည် သူမချက်ချင်း သူ့ဆိုင်သို့ အပြေးရောက်ရှိလာသည်။

"ဟာ . . .မင်းသိလား။ ဒါ . . . တို့ရဲ့ ကံတရားပဲပေါ့"

သူက ဆီး၍ပြောလိုက်သည်။ ကံတရားဆိုသည့်စကားကို သူက ဂျူးဘာသာနှင့်တွဲ၍ဆိုလိုက်သည်။

ပြီးနောက် ဆိုးလ်က တိုရွန်တိုသို့ ဖုန်းပြန်ခေါ်လိုက် ၏။ ဖုန်းပြန်ဖြေသူ၏ အသံက စူးရှရှ အသံဖျော့ဖျော့ယဲ့ယဲ့လေးသာရှိသည်။

ဆိုးလ်ကသူ အဘယ်ကြောင့် ဖုန်းခေါ်ရသည့်အကြောင်းကို ရှင်းပြလိုက်သည်။ ထို့နောက် "ဂိုးလ်စတပ်" က သူဘယ်တုန်းကမှ "တရုတ်ကောင်စစ်ဝန်" ကို မတွေ့ခဲ့ဖူးကြောင်းနှင့် သူဘယ်သူလဲ ဆိုတာကိုလည်း မသိကြောင်းပြောပါသည်။

ဆိုးလ်က သူ့ကို . . .သူ့နာမည် "ဖန်ရှန်ဟို"ဖြစ်ကြောင်း ပြောပြသည်။

"ဒီမှာ . . .အခု၊ ကျွန်တော်နဲ့အတူတူ သူ့သမီးလည်း ပါလာတယ်။ ခင်ဗျား သူမနဲ့ စကားပြောချင်လား"

ဂိုးလ်စတပ် ရုတ်တရက်ထိတ်လန့်အံ့ဩသွားသည်ဟု ထင်သည်။ မန်လီနှင့် သူစကားပြောသည်။

"ငါ . . .မင်းအဖေနဲ့ စကားပြောဖို့ အခွင့်အရေးတစ်ခါမှ မရခဲ့ဘူး။ ငါ သူ့ကို အင်မတန့်ကို ကျေးဇူးတင်တယ်"

သူက ဝမ်းပန်းတသာနှင့် မန်လီကို ပြန်ပြောသည်။

ထို့နောက်တွင် ဂိုးလ်စတပ်က သူ၏ ဇာတ်လမ်းကို စတင်ထုတ်ဖော်ပြောလာသည်။

သူက သူ့ဘဝကို နိဒါန်းပျိုးလိုက်သည်။

သူ . . .အသက် ၁၇ နှစ်တွင် ကံတရားက ပျော်ရွှင်ကြည်နူးဖွယ်ရာ ပြောင်းလဲပေးခဲ့သဖြင့် "ဗီယင်နာ"တွင် အလယ်တန်းကျောင်းသားလေးဖြစ်လာခဲ့ကာ။ သူ့ကမ္ဘာကလေးက ၁၉၃၈ ခုတွင် ကြေမွပျက်စီးသွားခဲ့ရသည်။ သူ့ကို လမ်းများပေါ်တွင်ဝက်မှင်ဘီးတစ်ချောင်းနှင့် ဖိနပ်တိုက်ပေးရန် အတင်းအကြပ်ခိုင်းစေခဲ့သည်။

ပြီးနောက် ကျောင်းတွင် လည်း "ဟိုင်း . . .ဟစ်တလာ"ဟု အသံကျယ်ကျယ်ဆိုပြီး ဖနောင့်ဆောင့်၍ ဆလုရိုက်အရိုအသေးပေးရသည်။ ဂျူးလူမျိုး ကျောင်းသူကျောင်းသားတွေအားလုံးကို ကျောင်းတွင် ငြိမ်ငြိမ်သက်သက်နေကြရန် တင်းကျပ်စွာအမိန့်ထုတ်ထားပြီးနောက် ဂိုးလ်စတပ်သည် သံရုံးများသို့ တစ်ခုပြီးတစ်ခုလျှောက်သွားလျက် သံရုံးအမှုထမ်းတွေနှင့်တစ်ယောက်ပြီး တစ်ယောက်သွားတွေ့ခဲ့သည်။ လွတ်မြောက်ဖို့လမ်းကို သူရှာဖွေခဲ့သည်။

သို့သော် မည်သူကမျှ သူ့ကို ဗီဇာတစ်ခုခု လုပ်မပေးခဲ့ကြပါ။

www.burmeseclassic.com

www.burmeseclassic.com

"ဂျူးတွေကို ဘယ်နေရာမှာမှ အလိုမရှိကြဘူး"

ဂိုးလ်စတပ်ကပြောသည်။ထို့နောက် သူ "ဘီသိုဗင်ပလေ့စ်"ရှိ တရုတ်ကောင်စစ်ဝန်ရုံးထဲသို့ဝင်လာခဲ့သည်။

"ကျွန်တော်ဘယ်တုန်းကမှ တရုတ်ပြည်ကို သွားရလိမ့်မယ်လို့ မတွေးမိခဲ့ဘူး"

သူ့အလွန်အံ့အားသင့်သွား၏ ဗီဇာတစ်ခုရရှိဖို့ ဘာပြဿနာမှ မရှိချေ။ ထို့ကြောင့် သူက သူ့မိဘများနှင့်သူ့အတွက်အပြင် သူ၏ဆွေမျိုးသားချင်းအချို့အတွက်ပါ၊ လူ ၂၀ စာသူတောင်းခံခဲ့သည်။

ဂိုးလ်စတပ်သည် ၁၉၃၈ ခု၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ထွက်မည့် "အီတာလျံ" သင်္ဘောတစ်စီးနှင့် ရေကြောင်းခရီးစဉ်တွင်လိုက်ပါရန် ကြိုတင်စာရင်းသွင်းလိုက်သည်။ ထို့နောက်… နိုဝင်ဘာလ ၁၀ ရက်နေ့ ထိုနေ့တွင် တိုက်တိုက်ဆိုင်ဆိုင် ဖန်ရှန်ဟိုက ဂက်စတာပိုအဖွဲ့နှင့် ထိပ်တိုက်ရင်ဆိုင်တွေ့ခဲ့ကြသည့်နေ့ဖြစ်သည်။ ဂိုးလ်စတပ်နှင့် သူ၏ အဖေတို့ အဖမ်းခံခဲ့ကြရသည်။

"ဒါပေမယ့် ကျွန်တော်တို့ ကံကောင်းသွားတယ်။ ကျွန်တော်တို့မှာ ဗီဇာတွေနဲ့ သင်္ဘောလက်မှတ်တွေရှိနေခဲ့ကြတယ်။ သူတို့ကျွန်တော်တို့ကို ပြန်လွှတ်ပေးလိုက်တယ်။ ဒီဗီဇာတွေက ကျွန်တော်တို့ရဲ့ အသက်ကို ကယ်လိုက်တာပဲ" ဂိုးလ်စတပ်က ရှင်းပြသည်။

သူတို့ ဖုန်းစကားပြောခွက်တွေကို မချလိုက်ခင်မှာ ဆိုးလ်က… ထိုဗီဇာတွေထဲက ဗီဇာတစ်ခုလောက် မရှိဘူးလားဟု ဂိုးလ်စတပ်ကို မေးသည်။ ဂိုးလ်စတပ်က ဗီဇာတစ်ခု သူ့ပို့လိုက်မည်ဟု ကတိပေးသည်။

*** * ** ***

(နစ်)

နောက်…တစ်လခန့်အကြာတွင်။

အထုပ်ကြီးတစ်ထုပ် ကနေဒါမှ ဆန်ဖရန်စစ္စကိုသို့ ရောက်ရှိလာခဲ့သည်။ အထဲတွင် ဩစတေလျ "ပတ်စပို့" နိုင်ငံကူးလက်မှတ်တစ်ခု အပါအဝင် "အော်စကာဖီးဒလား"၊ ဂိုးစတပ်၏ ဦးလေး ပတ်စပို့လည်း တွေ့ရပြီး ဂျေ(J) များ သူ့ကို ဂျူးလူမျိုးဟု ရည်ညွှန်းခြင်းဖြစ်သည်။

မန်လီ ပထမဦးစွာ သတိတားမိလိုက်သည့်အချက်တစ်ခုက "အော်စကာဖီးဒလား"သည် ၁၉၀၁ ခုစက်တင်ဘာလ ၁၀ ရက်နေ့တွင် မွေးဖွားခဲ့သည်။ သူမ၏ဖခင်၏ မွေးနေ့နှင့်တစ်ရက်တည်း ထပ်တူဖြစ်နေသည်။

အဝါရောင်စာမျက်နှာများကို သတိထားပြီး လှန်ကြည့်လိုက်သည်။ သူ၏ တရုတ်ပြည်သို့သွားသည့် ဗီဇာကို သူမ တွေ့ရသည်။ ၁၉၀၃ ခု ဇူလိုင်လ ၂၀ ရက်နေ့ နေ့စွဲတပ်ထားသည်။ပြီးနောက် ၎င်း၏ အမှတ်စဉ်နံပါတ်မှာ ၁၁၉၃ ဖြစ်သည်။

အဲရစ်ဆိုးလ်က မန်လီကို သူတို့ တခြားလူတွေကိုလည်း ရှာဖွေကြရလိမ့် မည်ဟုဆိုသည်။ ပြီးနောက်သူတို့ရှာတွေ့ ခဲ့ကြသည်။ အားလုံးက တစ်ကမ္ဘာလုံး ပြန့်ကြဲနေကြသည်။

၁၉၉၉ ခု ဇူလိုင်လ၌ သူတို့ ကာလီဖိုးနီးယားပြည်နယ်၊ "ဆန်တာရိုဆာ" တွင် "ဟောဒီဒါးလက်စတား" ကိုတွေ့ ကြသည်။ သူမ၏ မိဘများ "ဗီယင်နာ" သို့လေယာဉ်နှင့် ထွက်ခွာသွားခဲ့ကြစဉ် က သူမတို့ သုံးဦးဖြစ်သည်။

မန်လီက သူမ၏ဖခင် "ကိုယ်တိုင် ရေး အတ္ထုပ္ပတ္တိ" မှ လေ့လာသိရှိခဲ့ သည်က "ဘာလင်"ရှိ တရုတ်သံအမတ် ကြီး "ချန်ဂျီး"က သူမ၏ ဖခင်ကို ဂျူး များအား ဗီဇာမထုတ်ပေးရန် အမိန့် ထုတ်ထားခဲ့သည်ဟု သိရသည်။ သူက မူ ဂျာမဏီနိုင်ငံနှင့်အတူ ခင်မင်ရင်းနှီး သည့်ဆွေမျိုးသားချင်းများကို အန္တရာယ် မှ ကင်းလွတ်စေချင်သည်။

သို့ရာတွင် "ဟို"က ထိုအမိန့်ကို သိပ်သဘောမကျချင်။ သူမ၏ ဖခင်က "ဒါလက်စတား"၏ ဖခင်ကို ထုတ်ပေး ခဲ့သော ဗီဇာမှာ "အဲရစ်ဂိုးလ်စတပ်"၏ ဦးလေးက ဗီဇာလက်ခံမရရှိမီ တစ်လ တိတိ၏နေ့စွဲကိုတပ်ထားသည်။

ထိုဗီဇာ နှစ်ခု၏ အမှတ်စဉ်နံပါတ် များကိုနှိုင်းယှဉ် ကြည့်လိုက်သောအခါ ထိုတစ်လအတွင်း၌ ထုတ်ပေးခဲ့သည့် ဗီဇာမှာ ၉၀၀ ရှိသည်ကို မန်လီတွေ့ သည်။

www.burmeseclassic.com

www.burmeseclassic.com

နောက်ထပ်တစ်ဖန် သူမ၏အစ်ကို "မွန်တို"ကလည်း မှတ်တမ်းတစ်ခုကို ရှာတွေ့ခဲ့ပြန်သည်။

သူမဖခင်၏ လက်ထောက်တစ်ဦးက ထိုဗီဇာတွေအကြောင်းရေးသားထားခြင်းဖြစ်သည်။ ၁၉၄၀ ခုနှစ်မေလတွင် "ဟို""ဗီယင်နာ"မှ ထွက်ခွာလာခဲ့သည်အထိ။ ထိုတရုတ်ကောင်စစ်ဝန်ရုံးမှ တစ်လတည်း၌ ပျမ်းမျှ ဗီဇာ ၄၀၀ မှ ၅၀၀ ခန့်ထုတ်ပေးခဲ့သည်။ သူမ၏ ဖခင်သည် လူထောင်ပေါင်းများစွာ မဟုတ်ခဲ့လျှင်တောင်မှ လူရာပေါင်းများစွာ၏ အသက်များကို ကယ်တင်ခဲ့သူ ဖြစ်သည်။

BURMESE CLASSIC .com

ထိုသူများအနက် တစ်ဦးဖြစ်သော "ဟန်းစ်ခရော့စ်"သည်ရက်ပေါင်းများစွာ "တရုတ်သံရုံး"အပြင်ဘက်တွင် တန်းစီကာ အချည်းနှီးစောင့်နေခဲ့ရရှာသည်။ တစ်နေ့ မျှော်လင့်ချက်ကင်းမဲ့စွာနှင့် သူ "ဟို"၏ကားကိုတွေ့လိုက်ရသည်။ သူ၏ စာရွက်များကို ပွင့်နေသော ကားပြတင်းပေါက်ထဲသို့ထိုးသွင်း ထည့်လိုက်သည်။ နောက်ရက်သိပ်များမကြာမီ "ခရော့စ်" သည် ဗီဇာတစ်ခု လက်ခံရရှိခဲ့သည်။

နောက်တစ်ဦးက "ကယ်လ်မင် ဆင်းဂါး"သူ၏ မိသားစု၏ ဗီဇာကို "ဟို" သဘောတူလက်ခံခွင့်ပြုခဲ့သည့်အချိန်ထိ အခြားသော နိုင်ငံ ၆၂ နိုင်ငံကလူတို့ကို ပြည်ဝင်ခွင့်ငြင်းဆိုခြင်းခံခဲ့ရသည်။ သူတို့မိသားစုသည် ဥရောပမှ အမေရိကန်ပြည်ထောင်စုသို့ နောက်ဆုံးထွက်မည့် သင်္ဘောဖြင့်ထွက်ခွာလာခဲ့ကြရသည်။ သို့သော် သူတို့၏ ဆွေမျိုးများအားလုံးကတော့ အသက်ခံခဲ့ကြရသည်။ "ကယ်လ်မင်"၏သား "အစ္စရေး ဆင်းဂါး"သည် ယခု "နယူးရော့ခ်"တွင် "ကမ္ဘာ့ဂျူးအမျိုးသားကွန်ဂရက်"တွင် "အထွေထွေအတွင်းရေးမှူး" ဖြစ်သည်။

"ဒါ···ခင်ဗျားတို့ကို ဖွင့်ပြလိုက်တာပဲ။ လူတစ်ယောက်ဟာ တကယ့်လိုသူဘာလုပ်နိုင်သလဲဆိုတာ ပြလိုက်တာပဲ။ အဲဒါကတော့ အသက်တစ်ချောင်းကိုကယ်တင်ပေးခဲ့ပြီး မျိုးဆက်သစ်တစ်ခုကို ဖန်ဆင်းပေးခဲ့တယ်" အစ္စရေး ဆင်းဂါးက ထုတ်ဖော်ပြောခဲ့သည်။

လွန်ခဲ့သည့် ဇန်နဝါရီလက "ယဒ်ဗက်ရှမ်"မှ မြို့တော်ခန်းမထဲရှိ လူထုပရိသတ်တွေကြားထဲတွင် ထိုင်နေသော "ဆီဇီမာဂါလင်" အသက် ၇၆ နှစ်သည် ဂုဏ်ပြုချီးမြှင့်ခံရသည့် တရုတ်အမျိုးသားအကြောင်းကို စဉ်းစားနေသည်။ သူမ၏ ဖခင်သည် "ဒါချူး" စစ်ပြေးဒုက္ခသည်များစခန်းတွင် ထောင်ကျနေခဲ့သည်။ သူမ၏ မိခင်က သူ တစ်နည်းနည်းနှင့် ပြန်လွတ်လာလိမ့်မည်ဟုဆိုသည်။

သူ ၂၄ နာရီအတွင်းမှာ ထိုနိုင်ငံမှ ပြန်ထွက်ခွာလာလိမ့်မည်။ "ဗယင်နာ" တွင် သူ့ကို ကူညီမည့် "ကောင်စစ်ဝန်" တစ်ဦးရှိသည်။

သူ့နာမည်က "ဖန်ရှန်ဟို"ဖြစ်သည်ဟု ဆိုသည်။

စစ်ကြီးပြီးဆုံးပြီးနောက် "ဆုဇီမာ ဂါလစ်"သည်"အစ္စရေးနိုင်ငံ"သို့ထွက်ခွာ လာခဲ့ပြီး "ဂျူးပြန်လည် ထူထောင်ရေး အဖွဲ့" တစ်ဖွဲ့ကို ကူညီဆောင်ရွက်ပေး နေခဲ့သည်။

ထိုနေရာတွင် သူမသည် သူမ၏ သားသမီး သုံးဦးအနက် နှစ်ဦး နှင့် သူမ၏ မြေးဆယ်ယောက်အနက် မြေးရှစ်ယောက်တို့နှင့်အတူ နေထိုင်လျက်ရှိသည်။ သူမက မန်လီကို ဤဂုဏ်ပြုပွဲအခမ်းအနားပြီးလျှင် သူတို့ဆီ အလည်လိုက်ခဲ့ရန် ဖိတ်ခေါ်ခဲ့သည်။

"အမြဲတမ်းလိုလို သူ ကူညီခဲ့တဲ့ အခြားလူတစ်ယောက်ယောက်နဲ့ ကျွန်မ အမြဲတွေ့တယ်။

ဒါဟာ သူတို့ဘဝ တစ်လျှောက်လုံးမှာ သူဟာ အမြဲ အသက်ရှင်နေတဲ့ သဘောပဲပေါ့"

ဟု မန်လီကဆိုသည်။ သူမက ထိုလူများ ကို ဂျူးဘာသာနှင့် သူမ၏ "မိသားစု" ဟု တင်စားခေါ်ဝေါ်ခဲ့သည်။

"မောင့်တာဘို" တောင်ခြေရင်းရှိ "ဂါလီလီးပင်လယ်" အနီးတွင် မန်လီ၏ မိသားစုသည် ယခုထိတိုင် တည်ရှိနေကြဆဲဖြစ်သည်။

နန်းထိုက်စိုး
(နိုင်ငံခြားဘာသာသို့)

www.burmeseclassic.com

www.burmeseclassic.com

မင်္ဂလာနိမိတ်ကောင်း

ဒေါက်တာမင်းသိန် ၏ နည်းစနစ်အတိုင်း ပြောသည်

ဒေါက်တာစောယုနွယ်

တကယ်ဆိုတော့…

ဒီမိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို မိမိဘာသာ မိမိအသိဆုံးပါ။ ဒါပေမယ့် ပွဲမစခင် ပြည်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ မွေ့တာပါပဲ။ ပြည်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါ တစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါ တစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေသည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည်ဖုံးကားကို သုစ်ခနဲသာ ဖွင့်လှစ်ပြလိုက်ရတာကြောင့် ဒီစာမျက်နှာများမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝ အပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့်…

■ အမှတ်(၂၀၅/က)၊
ပီတောက်(၅)လမ်း၊
မြို့သစ်(ဂ)၊
ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၁-၆၄၃၀၃၀

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလအတွက် ဟောစာတမ်း

တနင်္ဂနွေ သားသမီး

သင်သည် ယခုကာလတွင် အတိုက်အခံ အနည်းငယ် ရှိတတ်ပါတယ်။ မထင်မှတ်ဘဲ အလုပ်တစ်ခု ပူးတွဲလုပ်ရတတ်တယ်။ အိမ်အသစ်ရခြင်း၊ အိမ်နေရာ ပြင်ဆင်မွမ်းမံရခြင်း၊ ပြောင်းရွှေ့ရခြင်းများ ကြုံရတတ်တယ်။ယခု ရောက်ရှိနေတဲ့ကာလတွင် ဝါခေါင်လ၊ ကဆုန်လများ ပါနေရင်တော့ မြေကိစ္စ၊ အမွေကိစ္စ စကားပြောရခြင်း၊ မိန်းမနှင့်ပတ်သက်၍ အမှုအခင်းများ ဖြစ်တတ်တယ်။ သူများ အထင်ကြီး ချီးကျူးမှု ခံရတတ်တယ်။ ဝန်ထမ်းဖြစ်ပါက ရာထူးတိုးခြင်း၊ ရပိုင်ခွင့်များ တိုးဘတ်တယ်။ မထင်မှတ်ဘဲ ပညာတစ်ခုသင်ကြားရခြင်း၊ သင်တန်းတစ်ခု တက်ရတတ်တယ်။ ခရီးတို၊ ခရီးရှည်များ သွားနေရလိမ့်မယ်။ ထိုခရီးများသည်လည်း သင့်အတွက် အကျိုးထူးစေပါလိမ့်မယ်။ ငွေများထွက်ခြင်း၊ ငွေအတွက် ပြောဆိုဖြေရှင်းရခြင်မျိုး ကြုံရတတ်တယ်။ ဒါပေမဲ့ တနင်္ဂနွေ၊ သောကြာ အမည်ပါသော ဆွေမျိုးသားချင်းက မထင်မှတ်ဘဲ အကူအညီကောင်းပေးလိမ့်မယ်။ ကျန်းမာရေးညံ့သော သက်ကြီးရွယ်အိုများ အိမ်သို့ လာရောက်တည်းခိုလျှင် ဆုံးပါးသွားတတ်သည်။ လက်မခံပါနှင့်။ ကျန်းမာရေးအနေဖြင့် ခြေထောက်တွင် ထိခိုက်ဒဏ်ရာ ဖြစ်တတ်သည်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါး(၄)ညွှန့်၊ ပေါက်ပန်းဖြူ(၅)ညွှန့်၊ ထီးနီ(၁၀)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

ကံကောင်းသောရက်

တနင်္ဂနွေ၊ သောကြာ

ညံ့သောရက်

အင်္ဂါ၊ စနေ

ကံကောင်းသောနံပါတ်

၁၆၊ ၆၄၊ ၆၁

အထူးသတိပြုရန်

ယခုကာလအတွင်း လူမျိုးခြား ဒုက္ခပေးတတ်သည်။ ငါးကျည်းဆူး ဆူးမိလျှင်သော်လည်းကောင်း၊ ရေမြွေတွေ့လျှင်သော်လည်းကောင်း စွပ်စွဲပြောဆိုခံရတတ်သည်။

ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် အုန်းသီးစိတ်(၆)စိတ်ကို ကြေးလင်ပန်းထဲထည့်ပြီး လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလအတွက် ဟောစာတမ်း

တနင်္လာ သားသမီး

သင်သည် ယခုကာလတွင် စိတ်ပျော်ရွှင်စရာတွေ ဆက်တိုက်ကြုံတွေ့ရမှာ ဖြစ် ပါတယ်။ စက်ပစ္စည်းအကောင်းစားများ ဝင်လိမ့်မယ်။ ဆိုင်ဖွင့်ရန် ကြံရွယ်ထား က ဖွင့်ရလိမ့်မယ်၊ မိမိအိမ်ကို ပြုပြင်ခြင်း၊ အဖီချခြင်းမျိုး ပြုလုပ်ရတတ်တယ် လုပ်ငန်းသစ်လုပ်ချန် အကြံအစည်ကောင်းများ၊ အဆက်အသွယ်ကောင်းမျ ပေါ်လာလိမ့်မယ်။ ဤကာလအတွင်း ပစ္စည်းများကို ထုခွဲရောင်းချ၍ လုပ်င သစ် ကြီးကြီးမားမားစရန် မကောင်းသေးပါ။ ယခုကာလတွင် ထီမထိုးသင့်ပါ ထီပေါက်လျှင် မိသားစုအတွင်း ကျန်းမာရေး ဆိုးဆိုးဝါးဝါး ညံ့သွားတတ်တယ် စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လိမ့်မယ်။ လုပ်လျှင် အောင်မြင်မယ်။ မိမိခင်မ သူ၊ ချစ်သူကြောင့် စိတ်ညစ်ရတတ်တယ်။ မိတ်ဆွေအပေါင်းအသင်းများနှ မမျှော်လင့်ဘဲ လမ်းခွဲရတတ်တယ်။ မသွားချင်သောခရီး၊ စိတ်ညစ်စရာခရီးမျ သွားရတတ်တယ်။ မိသားစုအတွင်း ဗုဒ္ဓဟူးသားသမီး ရှိပါက အိမ်မှထွက်သွ တတ်တယ်။ ဘိုးတော်တု၊ ဆရာတုများ ရောက်လာတတ်တယ်။ ငွေလိမ်ခံရတတ်တယ်။ အထက်လူကြီး၊ ဆွေမျိုးအကြီးအ တို့က မိမိအပေါ် အထင်လွဲတတ်တယ်။ မိမိအိမ်မှာ ကိုယ်ဝန်ဆောင်သည် ရှိပါက အိမ်မှာ မမွေးပါနှင့်။ ကလေး(သို့မဟု လူကြီး အန္တရာယ်ဖြစ်တတ်တယ်။ အပြင်မှ ကိုယ်ဝန်ဆောင်သည် အိမ်မှာ လာမွေးပါက ကောင်းပါတယ်။ မိမိလုပ်နေသ အလုပ်ကိုပဲ ဆက်လုပ်ပါ။ မတိုးချဲ့ပါနှင့်ဦး။ အလုပ်လည်း မပြောင်းပါနှင့်။ ယခုကာလတွင် အမှုကိစ္စ မဖြေရှင်းရပါ။ မဖြစ်မ ဖြေရှင်းရမယ်ဆိုလျှင် တတ်နိုင်သလောက် အချိန်ဆွဲထားပါ။ ကျန်းမာရေး အနည်းငယ်ညံ့တတ်တယ်။ အလိုလိုနေ စိတ်တိုနေတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက် (၉း၀၀)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ မွေးနံထောင့်၌ ဆီး(ဇီး)ညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၁)ညွန့်၊ ကုက္ကား(၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေ ဆုတောင်းပါ။

ကံကောင်းသောရက်

တနင်္ဂနွေ၊ အင်္ဂါ

ညံ့သောရက်

တနင်္လာ၊ ကြာသပတေး

ကံကောင်းသောနံပါတ်

၁၅၊ ၁၃၊ ၃၁၊ ၃၇

အထူးသတိပြုရန်

ဘာသာရေးဆိုင်ရာစာအုပ် လက်ခံရရှိပါက(သို့မဟုတ်)အိမ်ခေါင်းရင်း အိမ်သစ်ဆောက်ခြင်း၊ အိုးစည်ဗိုင်းများ ပျော်ရွှင်စွာ တီးခတ်နေသော နိမိတ်တွေ့ပါက အလုပ်သစ်ရတတ်တယ်။ ကားပွတ်တိုက်မိတတ်သဖြင့် အထူးသတိထားပါ။

ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် အင်္ဂါနေ့တိုင်း အုန်းနို့ခေါက်ဆွဲ(၄)ပန်းကန် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလအတွက် ဟောစာတမ်း

အင်္ဂါ သားသမီး

သင်သည် ယခုကာလတွင် လုပ်ငန်းသစ်များ စကောင်ရတတ်တယ်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာအကျိုးပေးအောင်မြင်မယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ အမှုအခင်းဖြစ်နေသူကို ငွေမချေးပါနှင့်။ အာမခံ မလိုက်ပါနှင့်။ သတိပြု၍ ရှောင်ကြဉ်ပါ။ ယခုကာလတွင် ငွေဝင်နည်းနေပါလိမ့်မယ်။ ထွက်နေတဲ့ လက်ဝတ်ရတနာပစ္စည်းတွေ ယခုအချိန်တွင် ပြန်ဝင်တတ်တယ်။ ကွဲကွာနေတဲ့ ဆွေမျိုးဟောင်း၊ မိတ်ဆွေဟောင်းတွေနဲ့ ပြန်တွေ့ရတတ်တယ်။ အိမ်မှာ သားပျို သမီးပျိုများ ရှိပါက အိမ်ထောင်ကျခြင်း၊ အိမ်မှခွဲထွက်သွားတတ်တယ်။ မိသားစုချင်း စိတ်ဝမ်းကွဲစရာတွေ ဖြစ်တတ်တယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဘက်နှင့် အဆင်မပြေ ဖြစ်တတ်တယ်။ သွပ်၊ သံ၊ သစ် တစ်ပတ်ရစ်ပစ္စည်း လက်မခံပါနှင့်။ အောက်လက်ငယ်သားတွေက ဒုက္ခပေးတတ်တယ်။ အမှုတွေလည်း သယ်သာတတ်တယ်။ ဆရာသမားကဲ့သို့သော ပုဂ္ဂိုလ်များနှင့် အဆင်မပြေ ဖြစ်တတ်တယ်။ နာရေးကိစ္စကို အကြောင်းပြု၍ ခရီးသွားရတတ်တယ်။ ကျန်းမာရေးအနေဖြင့် လေထိုးလေအောင့် ဝေဒနာ၊ အစာအိမ်နှင့် ပတ်သက်သောဝေဒနာ ခံစားရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက် (၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေညွန့်(၆)ညွန့်၊ နှင်းဆီ(၇)ပွင့်၊ ယပ်အဖြူရောင်(၁၂)ချောင်းတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

ကံကောင်းသောရက်

တနင်္လာ၊ ဗုဒ္ဓဟူး

ညံ့သောရက်

အင်္ဂါ၊ သောကြာ

ကံကောင်းသောနံပါတ်

၄၆၊ ၆၄၊ ၄၂၊ ၂၄

အထူးသတိပြုရန်

မိမိအိမ်သို့ ဘုရားတစ်ဆူကြွသော နိမိတ်တွေ့ပါက ငွေအစုလိုက် အပုံလိုက် ရတတ်တယ်။ မြောက်အရပ်သို့ ရေလမ်းခရီးမသွားရ။

ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္လာနေ့နှင့် ဗုဒ္ဓဟူးနေ့တိုင်း ကြံရည်(၆)ခွက် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလအတွက် ဟောစာတမ်း

သောကြာ သားသမီး

သင်သည် ယခုကာလတွင် ကံကောင်းတယ်ဆိုပေမယ့်လည်း မပြောပလောက်တဲ့ အညံ့လေးတွေ ကြုံရတတ်တယ်။ မထင်မှတ်သော ခရီးများ၊ မရည်ရွယ်သော ခရီးများ သွားရတတ်တယ်။ သူများကိစ္စအတွက် ခရီးသွားရတတ်တယ်။ ဘုရားဆင်းတုတော်၊ ပုံတော်၊ ရဟန္တာပုံတော်များ ကြွလာတတ်တယ်။ လူမျိုးခြားက ကူညီခြင်း၊ နိုင်ငံရပ်ခြားနှင့်ပတ်သက်သော ကိစ္စများ အောင်မြင်မယ်။ ပညာအသစ်တစ်ခု သင်ရတတ်တယ်။ လုပ်ငန်းများ အောင်မြင်တော့မလိုလိုနှင့် အခက်အခဲကြီးစွာ ကြုံရတတ်တယ်။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေရင်းများနှင့်လည်း စိတ်ဝမ်းကွဲတတ်ပါတယ်။ မနာလိုသူလည်း ပေါ်လိမ့်မယ်။ မိမိထက် မြင့်သူ နိမ့်သူ နှစ်ဦးလုံးက ဒုက္ခပေးတတ်တယ်။ ကြီးကဲသူ၊ အထက်လူကြီးများကြောင့် စိတ်ညစ်ရတတ်တယ်။ ပျိုရွယ်သူတွေအဖို့ မင်္ဂလာပွဲအစီအစဉ်များ အထစ်အငေါ့ ကြုံခြင်း၊ ရက်ရွှေ့ရခြင်းများ ဖြစ်တတ်တယ်။ ငွေပျောက်ခြင်း၊ ကြွေးတင်ခြင်း၊ ငွေအတွက် ပြောဆိုဖြေရှင်းရတတ်တယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်နေသူတွေအဖို့ အလုပ်တွင် အပျက်အစီး၊ အဆုံးအရှုံး၊ အလေအလွင့် များနေလိမ့်မယ်။ အိမ်ထောင်သည်တွေအဖို့ အိမ်ထောင်ရေး အဆင်မပြေ ဖြစ်တတ်တယ်။ အိမ်ထောင်ဘက် ကျန်းမာရေးညံ့တတ်တယ်။ ခါးအောက်ပိုင်း ဒုက္ခပေးတတ်တယ်။ ကျန်းမာရေးအနေဖြင့် ကျောက်ကပ်နှင့်ပတ်သက်သော ဝေဒနာ သတိထားပါ။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သီဟိုဠ်ညွန့်(၆)ညွန့်၊ နှင်းဆီ(၇) ပွင့်၊ ကြက်လျှာ(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

ကံကောင်းသောရက်

ကြာသပတေး၊ စနေ

ညံ့သောရက်

တနင်္လာ၊ သောကြာ

ကံကောင်းသောနံပါတ်

၅၄၊ ၅၇၊ ၇၅၊ ၇၆

အထူးသတိပြုရန်

မိမိအိမ်သို့ ဘိုးတော်တစ်ပါး ကြွလာလျှင်လည်းကောင်း၊ စွယ်တော်ဓာတ် ဖူးရလျှင်သော်လည်းကောင်း ထီပေါက်တတ်တယ်။

ယခုကာလတွင် အမှုအခင်း မဖြစ်စေရန် အထူးဂရုစိုက်ပါ။

ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း ပေါင်မုန့် ယောပတ်သုတ်၍(သကြားမထည့်ရ) လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

စနေ သားသမီး

သင်သည် ယခုကာလတွင် ကောင်းကျိုးပေးတဲ့အချိန်ဖြစ်လို့ ဝီရိယစိုက်ထုတ်ပါက ချမ်းသာသုခ ရမှာဖြစ်ပါတယ်။ ဒါပေမဲ့လည်း အတိုက်အခံအပြိုင်အဆိုင်တွေတော့ ရှိနေတတ်တယ်။ အောင်မြင်မှု ရပါလိမ့်မယ်။ ဆွေမျိုးအပေါင်းအသင်းတွေကိုလည်း ကိုယ်က အများဆုံး ကူညီနေရလိမ့်မယ်။ အိမ်နေရာ ပြင်ဆင်ရခြင်း၊ ပြောင်းရွှေ့ရခြင်းများ ပြုလုပ်ရတတ်တယ်။ ဝန်ထမ်းတွေအဖို့ လုပ်ငန်းနှင့်ပတ်သက်၍ နာမည်ကောင်းရခြင်း၊ နေရာကောင်းရခြင်းများ ဖြစ်တတ်တယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်နေသူတွေအဖို့ လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရတတ်တယ်။ အိမ်ထောင်မရှိသေးသူများ အိမ်ထောင်ကျတတ်တယ်။ ကွဲကွာနေသော ဆွေမျိုးသားချင်းများနှင့် ပြန်ဆုံရတတ်တယ်။ ရပ်ဝေးမှ ဆွေမျိုးသားချင်းများ ရောက်လာတတ်တယ်။ ခရီးအကျိုးပေးသော ကာလဖြစ်တယ်။ ဘုရားဖူးခရီး သွားရတတ်တယ်။ ယခုကာလတွင် စကားအပြောအဆို မှားတတ်သောကြောင့် နှုတ်စောင့်စည်းပါ။ ယခုအချိန်တွင် လောဘတကြီးဖြင့် စီးပွားမရှာသင့်ပါ။ စိတ်ထင်ရာ တစ်ဇွတ်ထိုးလုပ်လျှင် ဂုဏ်သိက္ခာ ကျခြင်းမျိုးခံရတတ်တယ်။ ကိုယ်က ကျေးဇူးပြုဖူးသူက ကိုယ့်ကို ဒုက္ခပေးတတ်တယ်။ ကျန်းမာရေးအနေဖြင့် ခါးမျက်ခြင်း၊ ခြေထောက်တွင် သွေးထွက်သံယို ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက် (၉:၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေညွန့်(၆)ညွန့်၊ နှင်းဆီဖြူ (၇)ပွင့်၊ ငှက်ပျောရှပ်စုံ (၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

ကံကောင်းသောနံပါတ်

၆၂၊ ၆၄၊ ၄၆၊ ၄၇

အထူးသတိပြုရန်

မိမိအိမ်ကိုပေါင်ပြီး မည်သည့်လုပ်ငန်းမျှ မလုပ်ပါနှင့်။
သူများအိမ်လာပေါင်လျှင်လည်း လက်မခံပါနှင့်။

ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တိုင်း သရက်သီး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလအတွက် ဟောစာတမ်း

ရာဟု သားသမီး

သင်သည် ယခုကာလတွင် မထင်မှတ်သော ခရီးများ၊ မရည်ရွယ်သော ခရီးများ သွားရတတ်တယ်။ သူတစ်ပါးကိစ္စအတွက်လည်း ခရီးသွားရတတ်တယ်။ ဘုရားဆင်းတုတော်၊ ပုံတော်၊ ရဟန္တာပုံတော်များ ကြွလာတတ်တယ်။ လူမျိုးခြား ကူညီခြင်း၊ နိုင်ငံရပ်ခြားနှင့်ပတ်သက်သောကိစ္စများ အောင်မြင်လိမ့်မယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်နေသူတွေအဖို့ ယခုကာလတွင် လုပ်ငန်းတိုးချဲ့ဖို့ မကြိုးစားပါနှင့်ဦး။ ဝန်ထမ်းတွေအဖို့လည်း လက်ရှိအလုပ်အကိုင်မှ ပြောင်းချင်စိတ် ပေါ်မယ်။ မပြောင်းပါနှင့်ဦး။ ပြောင်းလျှင် ပိုဆိုးသွားတတ်တယ်။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေရင်းများနှင့်လည်း လမ်းခွဲရတတ်တယ်။ မိသားစုအတွင်းမှာ တစ်ယောက်နှင့်တစ်ယောက် အယူအဆ ကွဲလွဲ၍ စိတ်ရှုပ်စရာများ ဖြစ်နေတတ်တယ်။ ယခုကာလတွင် မည်သည့်အခက်အခဲနှင့် ကြုံသည်ဖြစ်စေ အားကိုးမရှာပါနှင့်။ ဒုက္ခပေးမည့်သူသာ ပေါ်လာတတ်တယ်။ အိမ်ထောင်ရှိလျှင် အိမ်ထောင်ဘက် ကျန်းမာရေးညံ့၍ ဆေးရုံ ဆေးခန်းများသို့ သွားရတတ်တယ်။ မိမိကိုယ်တိုင် ကျန်းမာရေးအနေဖြင့် ကျောဒုက္ခပေးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေညွန့်(၆)ညွန့်၊ ထန်းညွန့်(၇)ညွန့်၊ ကြက်လျှာ အစိမ်းရောင်(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

BURMESE CLASSIC .com

ကံကောင်းသောရက်

ကြာသပတေး၊ စနေ

ညံ့သောရက်

ဟနင်္လာ၊ သောကြာ

ကံကောင်းသောနံပါတ်

၃၆၊ ၅၇၊ ၇၁၊ ၇၅

အထူးသတိပြုရန်

ယခုကာလအတွင်း အိမ်ပြင်ခြင်း၊ အိမ်ပြောင်းရွှေ့ခြင်းများ မပြုလုပ်ပါနှင့်။ အပျော်ခရီး မသွားရပါ။

ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း ယာဂုဆွမ်း လှူဒါန်းပေးပါ။

www.burmeseclassic.com